www.burmeseclassic.com

လင်းယုန်မောင်မောင်
( မြန်မာပြန် )

# အက်ဖ်ဘီအိုင်ပွဲခင်းများ



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**အကယ်ဒမီအိုင်မှုခင်းများ**

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် (၁၄၄၄/၂၀၀၃) (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၂၈၃/၂၀၀၃) (၁၁)

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ်

(ဇန်နဝါရီလ - ၂၀၀၄)

အုပ်ရေ (၅၀၀)

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် ၁၇၃၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဦးလှသိန်း (လှသိန်းဦးပုံနှိပ်တိုက်) (၀၅၃၇၀)

အမှတ် ၁၂ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးဝင်းကျော်မိုး (သုခမစာပေတိုက်) ယာယီ (၇၅၅)

အမှတ် ၇(၆-လွှာ)၊ ဗိုလ်မင်းခေါင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းဖလင်** ရွှေရေး

**မျက်နှာဖုံးပန်းချီ**

Graphic. Mg Thein Win & Win Kyaw Moe

ဒီဇိုင်းဖွဲ့စည်းသည်။

**ကွန်ပျူတာစာစီ**

**Future World**

အမေရိကန်ပြည်ထောင်စုကြီးတွင် ရာဇဝတ်မှုသည် လူမျိုး တစ်မျိုးလုံးနှင့်ချီ၍ ရိုးတွင်းချဉ်ဆီအထိ စွဲကပ်နေသည့် ရောဂါဆိုးကြီးတစ်ခု ဖြစ်နေခဲ့ပေပြီ။

**ဂျွန်ဆင်**

**အမေရိကန် သမ္မတဟောင်း**

www.burmeseclassic.com

www.burmeseclassic.com

## အကိုးအကား အထောက်အထားပြုခဲ့သော စာအုပ်များ

| | |
|---|---|
| HOW THE FBI GETS THEIR MAN | DAVID SENTENER |
| THE FBI MOST FAMOUS CASES | ANDREW TULLY |
| ATTACK ON TERROR | DON WHITEHEAD |
| A MATTER OF COLOUR | LORRAINE HANSBERRY |
| INFORMATION PLEASE ALMANAC | 1970 |
| TIME CAPSULE | 1933 |

## စာရေးသူ၏အမှာ

လွန်ခဲ့သော ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကျွန်တော်သည် "အက်ဘီအိုင် အတွင်းရေး" ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ပါသည်။

ယင်းစာအုပ်တွင် အကြောင်းအားလျော်စွာ အက်ဖ်ဘီအိုင် ထောက်လှမ်းရေးအဖွဲ့ကြီးက တာဝန်ယူစုံစမ်းထောက်လှမ်းခဲ့ရသော ကမ္ဘာကျော် အမေရိကန်လူဆိုးကြီး ဒီလင်ဂျာ၏အမှု၊ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ဟစ်တလာ၏ နာဇီသူလျှိုများအမှု၊ အသက်အာမခံငွေကို လို ချင်သည့် လောဘရမ္မက်ဖြင့် မိခင်အရင်းခေါက်ခေါ်သူကို သေကြောင်းကြံ၍ လေယာဉ်ပျံပေါ်တွင် "ချိန်ကိုက်ဗုံး" တစ်လုံး ထည့်လွှတ်လိုက်ရာမှ မိခင်နှင့်အတူ အခြားခရီးသည်ပေါင်း ၃၀

www.burmeseclassic.com

www.burmeseclassic.com

ယောက်နှင့် လေယာဉ်အမှုထမ်း ၅ ဦးပါ လေယာဉ်ပေါက်ကွဲ၍ သေဆုံးခဲ့ကြရသည့် လူသတ်မှုကြီးနှင့် လူမည်း ခေါင်းဆောင် ဒေါက်တာမာတင် လူသာကင်းအား ချောင်းမြောင်းပစ်ခတ်ခဲ့သည့် လုပ်ကြံမှုကြီး . . . စသည့် ထင်ရှားသောမှုခင်းများကို ထည့်သွင်း ဖော်ပြခဲ့ပါသည်။

သို့ဖော်ပြခဲ့ရာ၌ ကျွန်တော်၏ စာဖတ်ပရိသတ် အချို့ထံမှ အဆို ပါမှုခင်းများကဲ့သို့ အက်ဖ်ဘီအိုင်ထောက်လှမ်းရေးအဖွဲ့ ကြီးက စုံစမ်းထောက် လှမ်းဖော်ထုတ်ခဲ့ရသည့် မှုခင်းများကို ရှာဖွေစုဆောင်း၍ စာတစ်အုပ် ရေးသားပြုစုပါရန် အကြံပေးတိုက်တွန်းသည့် စာများ လက်ခံရရှိခဲ့ပါသည်။ ယခု "အက်ဖ်ဘီအိုင် မှုခင်းများ" ဟူသော အမည်ဖြင့် ရေးသားထုတ်လိုက်သည့် ဤစာအုပ်သည် အဆိုပါ စာဖတ်သူ မိတ်ဆွေ ရဲဘော်များ၏ တိုက်တွန်းချက်အရဖြစ်ပေါ်လာ ခြင်း ဖြစ်ပါသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော်သည် ရာဇဝတ် မှုခင်းဆိုင်ရာ စာအုပ်များကို ရေးသားပြုစုရန် စိတ်အားထက်သန်လှ သည် မဟုတ်ပါ။ ကျွန်တော်၏ စိတ်ဆန္ဒမှာ မြန်မာလူငယ် စာဖတ်ပရိသတ်များအတွက် တစ်ဖက်တစ်လမ်းမှ တစ်စုံတစ်ခုသော သင်ခန်းစာနှင့် အတွေ့အကြုံ ဗဟုသုတများ ရရှိရေးအတွက် နိုင်ငံ တကာမှ ထင်ရှားကျော်ကြားသည့် ခေါင်းဆောင်ကြီးများ၏ ဘဝ အတ္ထုပ္ပတ္တိများကိုသာ အစဉ်တစိုက် ရေးသားပြုစုရန် ရည်ရွယ်ရင်းစွဲ ရှိခဲ့ပါသည်။

သို့သော် ယင်းသို့သော ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ ဘဝ အတ္ထုပ္ပတ္တိများကို နိုင်ငံခြားစာအုပ်တစ်အုပ်ထဲမှ "တိုက်ရိုက်ဘာသာပြန် ဆိုခြင်းမဟုတ်ဘဲ" ကျွန်တော် ရေးနေကျ "ရေးဟန်" မျိုးအတိုင်း ရေးသားပြုစုရန်မှာ အချိန်ယူရသည်နှင့်အမျှ "လက်ဝင်" လှပါသည်။ ထို့ပြင် သက်ဆိုင်ရာမှ ချမှတ်ထားသည့် စည်းကမ်းနည်းလမ်းများအရ ယင်းသို့သော အတ္ထုပ္ပတ္တိစာအုပ်များကို နိုင်ငံရေးဆိုင်ရာ စာပေခွင့်ပြု ချက်ရရှိရန်အတွက် တင်ပြရသည်များလည်း ရှိနေပါသေးသည်။

သို့ဖြင့် ကျွန်တော်သည် တစ်နှစ်လုံးနေမှ စာအုပ်တစ်အုပ် နှစ်အုပ်မျှသာ ရေးသားထုတ်ဝေနိုင်ခဲ့ပါသည်။ (လွန်ခဲ့သည့် ၁၉၇၀ ခုနှစ်အတွင်းက "ဟိုချီမင်း" အတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ်တည်းသာ ရေးသားထုတ်ဝေနိုင်ခဲ့သည်ကို စာဖတ်သူများ သတိပြုမိပါလိမ့်မည်) ယခု ၁၉၇၁ ခုနှစ်တွင် ကျွန်တော်သည် ကွယ်လွန်သူ အီဂျစ်သမ္မတ ကြီး နပ်ဆာ၏ ဘဝအတ္ထုပ္ပတ္တိကို ရေးသားပြုစုရန် စီစဉ်ပြင်ဆင်လျက် ရှိပါသည်။ သို့သော် အထက်တွင် ကျွန်တော် ဖော်ပြခဲ့ပြီးဖြစ်သည့် အခြေအနေနှင့် အခက်အခဲများကြောင့် အဆိုပါ "နပ်ဆာအတ္ထုပ္ပတ္တိ" စာအုပ်မှာ နောက် ၆ လခန့်ကြာမှ စာအုပ်အဖြစ် ရောက်ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။

သို့ဖြစ်ရာ ဤအတောအတွင်း ကျွန်တော်၏ စာဖတ်ပရိသတ် အချို့၏ အကြံပေးတောင်းဆိုချက်အရ ဤ "အက်ဖ်ဘီအိုင်မှုခင်းများ" စာအုပ်ကို ကြားဖြတ် ရေးသားထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

သို့သော် ယခု ဤ "အက်ဖ်ဘီအိုင် မှုခင်းများ စာအုပ်ကို ရေးသားပြုစုရာ၌ပင် ကျွန်တော်သည် ကျွန်တော်၏ "စာပေနှင့် ပတ်သတ်သည့် ယုံကြည်ချက်" အရ စာဖတ်သူများအား အပျော် သက်သက် အပျင်းပြေ ဖတ်ရှုရန်အတွက် မဟုတ်ဘဲ တစ်စုံတစ်ရာ သော သင်ခန်းစာနှင့် အတွေ့အကြုံ ဗဟုသုတများ ရရှိစေရန်

www.burmeseclassic.com

ရည်ရွယ်ပြုစုထားပါသည်။ အထူးသဖြင့် ဤစာအုပ်တွင် ဖော်ပြထားသည့် မှခင်းများမှာ ရိုးရိုးသာမန်စိတ်ဝင်စားဖွယ်ရာ မှုခင်းများသာ မဟုတ်ပါ။ ဤမှုခင်းများကို ဖတ်ရှုရခြင်းအားဖြင့် အမေရိကန် လူနေမှုစနစ်ကိုလည်းကောင်း၊ အမေရိကန် ရာဇဝတ်မှုများ၏ အခြေခံ ဇစ်မြစ်ကိုလည်းကောင်း၊ စာဖတ်သူများ တစ်စေ့တစ်စောင်း ရိပ်စားမိစေရန် ရည်ရွယ်ပါသည်။ ယင်းရည်ရွယ်ချက်အရ အက်ဖ်ဘီအိုင်၏ မှုခင်းများအနက် "လက်ရွေးစင်" အမှုများကိုသာ ရွေးချယ်ဖော်ပြထားပါသည်။

ဤစာအုပ်တွင် စာရေးသူ ကျွန်တော့်အနေဖြင့် အလေးအနက်ထား၍ ဖော်ပြလိုသည်မှာ "အသားအရောင် ခွဲခြားမှုနှင့် ရက်စက်လှသော လူသတ်မှုကြီး"ပင်ဖြစ်ပါသည်။ ဤအမှုတွင် လူသတ်သမားများ၏ အပြုအမူမှာ ရက်စက်လှသည့်နှင့်အမျှ အသတ်ခံရသူ လူငယ် ၃ ယောက်၏ အဖြစ်မှာ ရင်နာစရာကောင်းလှပါသည်။ အထူးသဖြင့် အဖက်ဖက်က တိုးတက်လှပါသည်ဆိုသော ဤ ၂၀ ရာစုနှစ် အမေရိကန်ပြည်ထောင်စုကြီးတွင် ပခုံးနှစ်ဖက်ကြားမှ ခေါင်းပေါက်သည့် လူချင်းအတူတူ "လူဖြူလူမည်း" ဟူ၍ အသားအရောင် ကွဲပြားမှုတစ်ခုတည်းကြောင့် ဤမျှ ဆိုးဝါးရက်စက်လှသည့် လူသတ်မှုကြီးများ ဖြစ်ပွားနေသေးသည်မှာ ယုံနိုင်ဖွယ် မရှိသည်နှင့်အမျှ ကြေကွဲစရာလည်း ကောင်းလှပါသည်။ ဤအမှုကြီး၏ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ဖတ်ရှုရခြင်းအားဖြင့် အသားအရောင်ခွဲခြားမှု စနစ်သည် မည်မျှဆိုးဝါးလှကြောင်း စာဖတ်သူများသဘောပေါက် ခံစားမိကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထို့ပြင် မကြာမီက "ယခု ၁၉၇၁ ခုနှစ်ကို အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးနှစ်" အဖြစ် ကမ္ဘာ့ကုလသမဂ္ဂကြီးက သတ်မှတ်ပြဋ္ဌာန်းလိုက်သည်ဖြစ်ရာ မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင် ဤစာအုပ်တွင် အဆိုပါ လူသတ်မှုကြီးအကြောင်းကို မြန်မာစာပရိသတ်များ သိရှိစေရန် ဖော်ထုတ်ရေးသားလိုက်ရသည့်အတွက် စာရေးသူအနေဖြင့် ဂုဏ်ယူမိပါသည်။

အလားတူပင် ဤစာအုပ်တွင် ဖော်ပြပါရှိသည့် အမှုများအနက်မှ ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီး ဖရင့်ဆင်နာထရာ၏ သားဖြစ်သူအား ပြန်ပေးဆွဲသည့်အမှုကို ဖတ်ရှုရခြင်းအားဖြင့် ယနေ့ စီးပွားရေးကြပ်တည်းမှုဒဏ်ကို ခံနေကြရသော အမေရိကန်လူငယ်များ၏ ဘဝကိုလည်းကောင်း၊ ခရီးသည် ၇၃ ယောက် စီးနင်းလိုက်ပါလာသည့် ဒေါ်လာ ၅ သန်းကျော်တန် ဂျက်လေယာဉ်ကြီးအား ကောင်းကင်တွင် အပိုင်စီး၍ ကျူးဘားနိုင်ငံသို့ ထွက်ပြေးရန်ကြံသည့် သားအဖနှစ်ယောက်အကြောင်းကို ဖတ်ရှုရခြင်း အားဖြင့် အမရိကန်ပြည်သူများအတွက် ဘဝအာမခံချက်မရှိသည့် အဖြစ်ကိုလည်းကောင်း၊ ရာဇဝတ်ဘေးမှ လွတ်ရာလွတ်ကြောင်း မိုင်ပေါင်း ၂၅,၀၀၀ ကျော်အောင် ပြေးလွှားတိမ်းရှောင်ခဲ့သည့် "မိုးပျံ ဘဏ်ဓားပြ"၏ ဇာတ်လမ်းကို ဖတ်ရှုရခြင်းအားဖြင့် အမေရိကန် ပြည်ထောင်စုကြီးတွင် ရာဇဝတ်မှုများ ထူပြောလှသည့် အခြေအနေကိုလည်းကောင်း၊ "စက်သေနတ်ကယ်လီ"၏ ဖြစ်ရပ်များနှင့် ကျဆုံးလေပြီးသော "အက်ဖ်ဘီအိုင် အာဇာနည်များ" အကြောင်းကို ဖတ်ရှုရခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုကြီးတွင် လက်နက်အားကိုးဖြင့် တရားလက်လွတ် ပြုမူနေကြပုံများကို အတော်အတန်နားလည် သဘောပေါက်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် စာဖတ်သူများအတွက် အတွေ့တွေ့ ဗဟုသုတအဖြစ် အမေရိကန်ပြည်ထောင်စုကြီးတွင် ယနေ့ကျင့်သုံးနေသည့် တရားဥပဒေများ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံများနှင့် စီရင်ထုံးများကိုလည်း အကြောင်း တိုက်ဆိုင်သည့် နေရာများတွင် ထည့်သွင်းဖော်ပြထားပါသည်။

သို့သော် ဤနေရာတွင် အထူးဖော်ပြလိုသော အချက်မှာ ဤစာအုပ်တွင် ကာမရာဂနှင့်ပတ်သက်သည့် မုဒိမ်းမှုများအကြောင်းကို လုံးဝ ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ စင်စစ်အားဖြင့် အမေရိကန်ပြည်ထောင်စုကြီးတွင် လူသတ်မှု၊ ဓားပြမှုနှင့် လုယက်မှုကြီးများအပြင် မုဒိမ်းမှုများမှာ လည်း ကြောက်ခမန်းလိလိ ဖြစ်ပွားလျက်ရှိနေပါသည်။ ၁၉၆၉ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုစာရင်းဇယားများအရ အမေရိကန်ပြည်ထောင်စုကြီး တွင် ၄ မိနစ်လျှင် အမျိုးသမီး ၃ ယောက်ကျ မတရားအဓမ္မ အကျင့်ခံနေရသည်ဟု သိရပါသည်။ (၁၉၆၉ ခုနှစ်အတွက် ရာဇဝတ်မှုစာရင်းဇယားများကို ဤစာအုပ်တစ်နေရာတွင် အသေးစိပ် ဖော်ပြထားပါသည်။)

သို့သော် အဆိုပါမုဒိမ်းမှုများအကြောင်းကို ဤစာအုပ်တွင် ထည့် သွင်းဖော်ပြခြင်းအားဖြင့် စာဖတ်သူများအဖို့ တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းသည်ထက် လမ်းမှားသို့ ရောက်သွားမည်ကို အထူးပင် စိုးရိမ်မိပါသည်။ တစ်နည်းဆိုရလျှင် ဤသို့သော ကာမရာဂအမှုများကို အဖြစ်မှန်အတိုင်း ခရေစေ့တွင်းကျ တစ်တစ်ခွခွ ရေးသားဖော်ပြခြင်းအားဖြင့် စာရေးသူ၏ "စေတနာ" သည် စာဖတ်သူများအတွက် "ဝေဒနာ"ဖြစ်နိုင်ဖွယ်ရာ ရှိနေသည်ကို ရိပ်စားမိသဖြင့် ဤစာအုပ်တွင် ယင်းသို့သော ကာမရာဂမှုခင်းများကို လုံးဝထည့်သွင်း ဖော်ပြခြင်း မပြုဘဲ ချန်လှပ်ထားခဲ့ပါသည်။

ဤစာအုပ်နှင့် စပ်လျဉ်း၍ စာဖတ်သူများအား အစီရင်ခံလိုသည့် အချက်တစ်ချက် ရှိပါသေးသည်။ ယင်းမှာ အခြားမဟုတ်ပါ။ ဤစာအုပ်တွင် ရေးသားထားသည့် ကျွန်တော်၏ ရေးဟန်နှင့် ပတ်သက်၍ဖြစ်ပါသည်။ ဤစာအုပ်တွင်ပါဝင်သည့် "အက်ဖ်ဘီအိုင် မှုခင်းများ" မှာ လူသတ်မှု၊ ပြန်ပေးဆွဲမှု၊ လုယက်မှု၊ လေယာဉ်အပိုင်စီးမှု စသည်ဖြင့် အမှုမျိုးစုံပါဝင်သကဲ့သို့ ဤအမှုများကို ကျူးလွန်ခဲ့ကြသည့် တရားခံများ၏စိတ်နေသဘောထားများနှင့် အပြုအမူများမှာလည်း တစ်ဦးနှင့်တစ်ဦး မတူကြသလို အမှုများကို ကျူးလွန်ကြရာ၌ သူတို့၏ရည်ရွယ်ချက်များမှာလည်း တစ်ယောက်နှင့် တစ်ယောက် မတူကြပါ။

သို့ဖြစ်ရာ ကျွန်တော်သည် ဤမှုခင်းများကို မြန်မာစာဖတ် ပရိသတ်များအတွက် မြန်မာဆန်ဆန်ရေးသားပြုစုရာ၌ အမှုတစ်ခုနှင့် တစ်ခု ရေးဟန်ခြင်း မတူရလေအောင် အတတ်နိုင်ဆုံးချယ်မှုန်းထားပါသည်။ ဥပမာ ဖရင့်ဆင်နာတရာဂျူနီယာအား ပြန်ပေးဆွဲမှုတွင် အလုပ်လက်မဲ့ဘဝဖြင့် စီးပွားရေးအကြပ်အတည်း တွေ့နေရာမှ ကြံမိကြံရာ ပြန်ပေးဆွဲရန် ကြံစည်ခဲ့ကြရသော တရားခံ ၃ ဦး၏ သနားစရာနှင့် ရယ်စရာဘဝကို လည်းကောင်း၊ အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေး ဝါဒကြောင့် အသတ်ခံကြ ရရှာသော လူငယ် ၃ ယောက်၏ရင်နာစရာနှင့် ကြေကွဲစရာအဖြစ်ကို လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုကြီးနှင့် အမေရိကန်လူမျိုးများအပေါ် စိတ်အနာကြီး နာခဲ့ရာမှ ဂျက်လေယာဉ်ကြီးကို အပိုင်စီး၍ ကျူးဘားသို့ ထွက်ပြေးရန် ကြိုးစားခဲ့ကြသည့် သားအဖနှစ်ယောက်၏ "မရဲဘဲ

www.burmeseclassic.com

ကျွဲပြကြီးစီး"ခဲ့ကြသည့် အဖြစ်အပျက်များကိုလည်းကောင်း . . . စသည်ဖြင့် အကြောင်းအရာကိုလိုက်၍ စာဖတ်သူများအတွက် "ရသ" မြောက်အောင် အတတ်နိုင်ဆုံး ကြိုးစားရေးသားခဲ့ပါသည်။ သို့သော် ကျွန်တော်သည် စာပေနှင့်ပတ်သက်၍ "ရသ သမားသက်သက်" မဟုတ်ပါ။ စာဖတ်သူများအတွက် တစ်စုံတစ်ခုသော အတွေးအခေါ်နှင့် ခံယူချက်ကို ပေးလိုသူဖြစ်ရာ အကယ်၍ ကျွန်တော်၏ အရေးအသားနှင့် စပ်လျဉ်း၍ လိုအပ်ချက်များနှင့် အားမလို အားမရဖြစ်စရာများ တွေ့ရှိကြပါက စာရေးသူအား ခွင့်လွှတ်ကြပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

ထို့ပြင် ဤစာအုပ်တွင် စာဖတ်သူများအတွက် အထောက်အကူ ဖြစ်စေရန် သက်ဆိုင်ရာ ဓာတ်ပုံများကို ရှာဖွေဖော်ပြထားပါသည်။ သို့သော် အချို့သော မှုခင်းများအတွက် ကျွန်တော်အလိုရှိသည့် ဓာတ်ပုံများကို ရုတ်တရက် ရှာဖွေမရဘဲ ဖြစ်နေသဖြင့် ရသလောက် ဓာတ်ပုံများကိုသာ ဖော်ပြလိုက်ရပါသည်။ ဤအတွက်လည်း စာဖတ်သူများအနေဖြင့် ခွင့်လွှတ်ကြ စေလိုပါသည်။

ဤအမှာကို အဆုံးမသတ်မီ ဤစာအုပ် ရေးသားပြုစုရာတွင် အကိုးအကား စာအုပ်စာတမ်းများ ရှာဖွေပေးခြင်းနှင့် အခြားလိုအပ်သည့် အကူအညီများ ပေးခဲ့ကြသော စာရေးဆရာ မောင်ညစ်ကျယ်၊ ဆရာစိုးမြိုင်၊ ဆရာ ဦးသော်ဇင်၊ ဦးအောင်ကြီး (တသက်တာစာပေ)၊ ဦးစု (မိတ္တဂုဏ် ရောင်ပုံနှိပ်တိုက်) နှင့် ဆရာမောင်ဇနီယတို့အား အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

လင်းယုန်မောင်မောင် ၂၄-၃-၇၁

# မာတိကာ


၁။ "ကြမ္မာငင်"သောလေနှင့်
အလောင်းပျောက်နေသောလူသတ်မှု ၂၃
၂။ "အဖြစ်ဆိုး"လှသောတရားခံများနှင့်
ငွေတစ်သန်းကျော်တန်ပြန်ပေးဆွဲမှုကြီး ၅၃
၃။ အသားအရောင်ခွဲခြားမှုနှင့်
ဆိုးဝါးရက်စက်လှသောလူသတ်မှုကြီး ၁၁၃
၄။ စိတ်မနှံ့သည့် "အရှုး" တစ်ယောက်နှင့်
လေယာဉ်အပိုင်စီးမှုတစ်ခု ၁၄၃
၅။ လက်ပြောင်းလက်လွှဲများခဲ့ရသော
၁၅သိန်းတန်စိန်ကြီးတစ်လုံး ၂၂၉
၆။ "စက်သေနတ်ကယ်လီ"နှင့်
"ဂျီမင်း" ဟူသောအမည် ၂၆၆
၇။ မိုင်ပေါင်း ၂၅,၀၀၀ဝေးအောင်
အပြေးသန်လှသော "မိုးပျံ"ဘဏ်ဓားပြ ၃၀၃
၈။ ကျဆုံးလေပြီးသောအက်ဖ်ဘီအိုင်
"အာဇာနည်များ" ၃၃၂


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာ ၂ သိန်း ၄ သောင်းဖြင့် ပြန်ပေးအဆွဲခံခဲ့ရသော လူငယ်အဆိုတော် ဖရင့်ဆင်နာထရာ ဂျူနီယာအား သူ့ဖခင် ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီး ဖရင့်ဆင်နာထရာ နှင့်အတူ တွေ့မြင်ရပုံ







ဖရင့်ဆင်နာထရာ ဂျူနီယာအား ပြန်ပေးဆွဲခဲ့ကြသည့် တရားခံများဖြစ်ကြသော အာဝင်၊ ကီးနန်း နှင့် အမ်စလာ

www.burmeseclassic.com

www.burmeseclassic.com



ဖရင့်ဆင်နာထရာ ဂျူနီယာအား ပြန်ရွေးယူရန်အတွက်
ပြန်ပေးများလက်သို့ ပေးလိုက်ရသော ဒေါ်လာ ၂ သိန်း ၄ သောင်း



ပြန်ပေးများလက်မှ လွတ်လာခဲ့သော ဖရင့်ဆင်နာထရာ ဂျူနီယာ (အလယ်)
အား သတင်းစာကွန်ဖရင့်တွင် သူ့မိခင် နန်စီဆင်နာထရာနှင့်အတူ
တွေ့မြင်ရပုံ


F

www.burmeseclassic.com

www.burmeseclassic.com




အမေရိကန်ပြည်တောင်ပိုင်း မစ္စစပီပြည်နယ်မှ ဤသို့သော ရဲအရာရှိများကိုယ်တိုင်က နီဂရိုးလူမဲများအပေါ် ဖိနှိပ်ညှဉ်းဆဲရန် အသင့်ရှိနေကြသည်။



အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေးနှင့် ပြည်သူ့အခွင့်အရေး အတွက် စည်းရုံးလှုံ့ဆော်ခဲ့ကြသော လူငယ် ၃ ယောက်အား ကေသုံးလုံးအဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြသော လူသတ်မှုကြီးနှင့်စပ်လျဉ်း၍ ညွှန်ပြသောမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



အက်ဖ်ဘီအိုင်စုံထောက်များအား 'ဂျီမင်း'( G-Men ) ဟူ၍
အမည်ပေးခဲ့သော ဝရမ်းပြေးလူသတ်သမား
'ဇက်သေနတ် ကယ်လီ' အား လက်ထိပ်တန်းလန်းဖြင့်
အချုပ်ခန်းထဲတွင် တွေ့မြင်ရပုံ

## "ကြမ္မာငင်သော" လေနှင့်
## အလောင်းပျောက်နေသော လူသတ်မှု

ဤလူသတ်မှုသည် သာမန်ဖြစ်ရိုးဖြစ်စဉ် တိုက်တာနေအိမ် အဆောက်အဦးတစ်ခုခုအတွင်း၌သော်လည်းကောင်း၊ မီးရထားပေါ်၊ မော်တော်ကားပေါ် စသည်တို့၌သော်လည်းကောင်း ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ၊ ညအမှောင်ထုအတွင်း ပင်လယ်လှိုင်းတံပိုးများအကြား ခုတ်မောင်းသွားလာနေသည့် ပင်လယ်ကူးသင်္ဘောတစ်စင်းပေါ်၌ ထူးထူးခြားခြား ဖြစ်ပွားခဲ့ခြင်းဖြစ်၏။ အမှုဖြစ်ပွားရာ ဒေသမှာလည်း အမေရိကန်ပြည်ထောင်စုကြီးနှင့် ဗိုင်ပေါင်းသုံးထောင်ကျော် လေးထောင်နီးပါးမျှဝေးကွာသည့်မြင် မှုခင်းဖြစ်ပွားစဉ်ကလည်း မျက်မြင်သက်သေဟူ၍ တစ်ယောက်မှမရှိခဲ့၊ ထို့ထက်ပို၍ ဆန်းကြယ်သည်မှာ ဤလူသတ်မှုတွင် အသတ်ခံရသူ၏အလောင်းကို လုံးဝအစအနမှ ရှာမရဘဲ ပျောက်ဆုံးနေခြင်းပင်ဖြစ်၏။ ဤမျှထူးခြားဆန်းကြယ်၍ လျှို့ဝှက်နက်နဲသည့် လူသတ်မှုကြီးကို အက်ဖ်ဘီအိုင်စုံထောက်များက စိတ်ရှည်လက်ရှည် စုံစမ်းထောက်လှမ်းကြပုံများမှာ . . .

www.burmeseclassic.com

# FBI
# အက်ဖ်ဘီအိုင် မှုခင်းများ



၁၉၅၈-ခု ဒီဇင်ဘာလ ၂၁ ရက် နံနက်စောစောအချိန် ဖြစ်သည်။

အသဲခိုက်အောင် အေးချမ်းလှသည့် ဆောင်းရာသီ၏ နံနက်ခင်းနှင်းများ တဖွဲဖွဲကျနေသည့်အကြားမှ သက္ကလပ် ကုတ်အင်္ကျီ၊ သက္ကလပ်ဘောင်းဘီများကို သေသေသပ်သပ်၊ ချပ်ချပ် ရပ်ရပ် ဝတ်ဆင်ထားကြ၍ သက္ကလပ်ဦးထုပ်များကို ကိုယ်စီဆောင်းထားကြသော ခပ်ရှုယ်ရှုယ် လူတစ်စုသည် အမေရိကန် ပြည်ထောင်စု နယူးယောက်ဆိပ်ကမ်း ဗွာရှင်တိုင် ဘူတာရုံအနီးတွင် ဆိုက်ကပ်ထားသည့် ကုန်တင်သင်္ဘောတစ်စင်း ပေါ်သို့ ခပ်သုတ်သုတ် တက်လာကြသည်။ အအေးဓာတ် လွန်ကဲလှသဖြင့် သူတို့အားလုံးမှာ မေးများ ခိုက်ခိုက်တုန်နေကြသလို ရာသီနှင့်လိုက်ဖက် ခပ်ပြင်းပြင်းကလေး တိုက်ခတ်နေသော ဆောင်းလေ၏ ဒဏ်ကြောင့် သူတို့ ဝတ်ထားကြသော သက္ကလပ်ကုတ်အင်္ကျီများ၏ အောက်နားစွန်းများ

www.burmeseclassic.com



မှာ တဖျတ်ဖျတ် ရွေရုပ်လှုပ်ရှားလျက် ရှိနေကြသည်။

သူတို့လူစုကို အသေအချာ ရေတွက်ကြည့်မည်ဆိုပါက အားလုံး ဆယ့်ထက်ယောက်တိတိ ရှိသည်ကို တွေ့ကြရမည် ဖြစ်သည်။

အသက်အရွယ်အားဖြင့်လည်း မတိမ်းမယိမ်းရှိကြ၍ ကိုယ်လုံးကိုယ်ပေါက်နှင့် အရုပ်အမောင်းအားဖြင့်လည်း သိပ်မကွာလှသည့် ဤလူရွယ်တစ်ဆယ့်ယောက်အနက် ဆယ်ယောက်တို့မှာ နယူးယောက်မြို့တော် အက်ဖ်ဘီအိုင်ဌာနခွဲမှ အထူးစုံထောက် အရာရှိများဖြစ်ကြ၍ ကျန်တစ်ယောက်မှာမူ ဝါရှင်တန်မြို့တော် အက်ဖ်ဘီအိုင် ဌာနချုပ်မှ "လက်ထွေပါရဂူ" တစ်ဦးပင်ဖြစ်သည်။

နံနက်စောစော ချမ်းချမ်းစီးစီးဖြင့် နယူးယောက် ဆိပ်ကမ်းရှိ ကုန်သင်္ဘောတစ်စင်းပေါ်သို့ အက်ဖ်ဘီအိုင် စုံထောက်များ ယခုကဲ့သို့ အစုလိုက် အပြုံလိုက် တက်ရောက်လာကြခြင်းမှာ အခြားကြောင့်မဟုတ်။ အက်ဖ်ဘီအိုင် ဌာနချုပ်မှ စုံထောက် ညွှန်ကြားရေးဝန်ချုပ် ဂျွန်၊ အက်ဂါဟူးဗား၏ တာဝန်ပေးချက်အရ "ထူးခြားဆန်းကြယ်" လှသည့် လူသတ်မှု တစ်ခုကို စုံစမ်းထောက်လှမ်းစစ်ဆေးရန် ရောက်ရှိလာကြခြင်းပင်ဖြစ်သည်။

ဤလူသတ်မှုကို "ထူးခြားဆန်းကြယ်သည်" ဟူ၍ ဝိသေသပြုလိုက်ရခြင်းမှာ ပြုသင့် ပြုထိုက်၍ ပြုလိုက်ရခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤလူသတ်မှုသည် အမေရိကန် ရာဇဝတ်မှုသမိုင်းတွင် မရေမတွက်နိုင်အောင် ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အခြားအခြားသော လူသတ်မှုများကဲ့သို့ လမ်းပေါ်တွင်လည်းကောင်း၊ တိုက်တာ၊ နေအိမ်အဆောက်အဦ တစ်ခုခုထဲတွင်လည်းကောင်း၊ အရက်ဆိုင်၊ ပျော်ပွဲစားရုံ ညကလပ် စသည့်နေရာများတွင် လည်းကောင်း ဖြစ်ပွားကျူးလွန်ခဲ့ခြင်း မဟုတ်ပဲ၊ ဤလူသတ်မှုသည် ပင်လယ်ရေပြင်တွင် ခုတ်မောင်းသွားလာနေသည့် သင်္ဘောတစ်စင်းပေါ်၌ ဖြစ်ပွားခဲ့သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင်





ဤလူသတ်မှု၏ အခြားသော ထူးခြားချက်မှာ ဤလူသတ်မှု ဖြစ်ပွားခဲ့သည့် သင်္ဘောကို အမေရိကန်ရေတပ်မှပိုင်ဆိုင်၍ အမေရိကန်ကပ္ပတိန်နှင့် အမေရိကန်သင်္ဘောသားများသာ ပဲ့ကိုင် မောင်းနှင်ခဲ့ပြီး အသတ်ခံရသူမှာလည်း အမေရိကန်လူမျိုး သင်္ဘောသားတစ်ဦးပင် ဖြစ်သော်လည်း လူသတ်မှုဖြစ်ပွားသည့် အရပ်ဒေသမှာမူ အမေရိကန်ပြည်ထောင်စုပိုင် နယ်မြေပေါ်တွင် မဟုတ်ပဲ၊ အမေရိကန်ပြည်ထောင်စုနှင့် မိုင်ပေါင်း သုံးထောင်ကျော် ဝေးထောင်နီးပါးမျှ ကွာဝေးသည့် အာရေဗီယန်(အာရေဗျ) ပင်လယ်အတွင်း၌ ဖြစ်ပွားခဲ့သောကြောင့်ပင် ဖြစ်သည်။ ယင်းသို့သော ထူးခြားချက်များအပြင် ဤလူသတ်မှုတွင် အခြား အခြားသော လူသတ်မှုများထက် ပိုမိုဆန်းကြယ်သော အချက်တစ်ချက် ကျန်ရှိနေသေးသည်။ ယင်းအချက်ကား အခြားမဟုတ်၊ ဤလူသတ်မှုတွင် အသတ်ခံရသူ၏ အလောင်းမှာ လုံးဝ ရှာမတွေ့ဘဲ ပျောက်ဆုံးနေခြင်းပင် တည်း။

မှန်သည်။ ဤလူသတ်မှုတွင် အသတ်ခံရသူ ဂျိမ်းစ်ဟာစ်လ်၏ အလောင်းကို အသတ်ခံရပြီးနောက် လုံးဝ အစအနမျှ ရှာမတွေ့ဘဲ ဖြစ်ခဲ့ရသည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။ သို့သော် အချင်းဖြစ်ပွားပုံနှင့် အမှုသွားအမှုလာများကို ထောက်ရှု၍ အလောင်းပျောက်ဆုံးနေသော ဤလူသတ်မှုသသည် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ညတွင် ဖြစ်ပွားခဲ့သည်ဟု ယူဆရသည်။

ထိုညက ဂျိမ်းစ် ဟာစ်လ်လိုက်ပါလာသော အမေရိကန်ရေတပ်ပိုင် "ကရိတ်"အမည်ရှိ ကုန်တင်သင်္ဘောသည် ည၏အမှောင်ထုကို ထိုးဖောက်၍ ထွင်းကာ အာရေဗီယန်ပင်လယ်၏ လှိုင်းထမ်းပိုးများအကြားတွင် ဖြတ်သန်း ခုတ်မောင်းလျက် ရှိနေခဲ့သည်။ အာရေဗီယန်ပင်လယ်အတွင်း ထိုညက ထိုကုန်တင်သင်္ဘော ခုတ်မောင်းဖြတ်ကျော်နေသော နေရာဒေသမှာ "မှုန်" ခေါ် ငါးမန်းများ အလွန်ပေါများသည်ဟူ၍ နာမည်ကြီးနေသော ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းတစ်ခိုက်တင် ဖြစ်သည်။

အသက်ခံရသူ ဂျိမ်းစ်ဟာစ်လ်မှာ အသက် ၅၁ နှစ်ရှိပြီဖြစ်၍ ဖင်ထယ်ရေကြောင်း လျှပ်စစ်ဘက်ဆိုင်ရာ သင်္ဘောသားအမှုထမ်း တစ်ဦးဖြစ်သည်။ သူ့သက်တမ်းတစ်လျှောက်လုံးမှာ ပင်လယ်ကူး သင်္ဘောသားဘဝဖြင့်သာ အချိန်ကုန်ဆုံးခဲ့၍ ဝါရင့်သော သင်္ဘောသားကြီးတစ်ဦး ပင်ဖြစ်သည်။

အဲဒီပါ အောက်တိုဘာလ ၂၉ ရက်နေ့က ဟာစ်လ်သည် ကရိတ်သင်္ဘောပေါ်တွင် စားသောက်ခန်းထဲ၌ ညနေ ၆နာရီ မိနစ် ၃၀ အထိ ရှိနေခဲ့သည်။ သို့သော် သူသည် ထိုညက သူ့"အိပ်စင်"တွင် ပြန် အိပ်သည်ကို မတွေ့ရှုံမှုမက နောက်တစ်နေ့နံနက်တွင်လည်း သူ တာဝန် ကျသည့်နေရာသို့ ရောက်မလာဘဲ ဖြစ်နေသည်။ သို့တိုင်အောင် သင်္ဘော ပေါ် တစ်နေရာရာတွင် အရက်မူးလဲနေလေသလော သို့မဟုတ် တခေါင့် ခေါင့်တွင် မမာမကျန်းဖြစ်၍ ခွေအိပ်နေလေသလောဟူ၍၊ သို့လော သို့ လော တွေးတောကာ သင်္ဘောပေါ်တွင် မြုံပြစင်အောင် နေရာအနှံ့ ရှာ၊ ကြည့်ကြသည်။ လုံးဝရှာမတွေ့သည့်အဆုံး အောက်တိုဘာလ ၃၀ ရက်နေ့ မွန်းတည့်ချိန်လောက်ကျမှ ရေကြောင်း လျှပ်စစ်ဘက်ဆိုင်ရာ သင်္ဘောသား ကြီး ဂျိမ်းစ်လ်ဟာစ်လ် တစ်ယောက် ထူးဆန်းစွာ ပျောက်ဆုံးနေသည်ကို သင်္ဘောသားအားလုံးနှင့်တကွ ကပ္ပတိန်ကပါ တရားဝင် အစည်ပြုလိုက်ကြသည်။

သို့နှင့်ပင် ကရိတ်သင်္ဘောမှ ကပ္ပတိန်သည် တာဝန်ရှိသည့် အလျောက် သူ့လက်အောက်မှ "ဂျိမ်းစ်ဟာစ်လ်မည်ရှိ သင်္ဘောသားတစ် ယောက် သင်္ဘောပေါ်တွင် ထူးဆန်းစွာပျောက်ဆုံးသွားကြောင်း" ကို အမေရိကန်ပြည်ထောင်စု ရေတပ်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေး ဌာနသို့ ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့ အစီရင်ခံလိုက်သည်။ ယင်းဌာနမှတစ်ဆင့်





ဤသတင်းသည် အက်ဘီအိုင်ဌာနချုပ်သို့ နိဝင်ဘာလ ပထမပတ်အတွင်း မှာပင် ရောက်ရှိလာခဲ့သည်။

အက်ဖ်ဘီအိုင် ဌာနချုပ်သို့ ဤအမှုနှင့်စပ်လျဉ်း၍ ယင်းသို့ ပထမ ဆုံး "တိုင်ချက်"ရောက်ရှိလာချိန်တွင် ကုန်တင်သင်္ဘော "ကရိတ်" သည် ဆော်ဒီအာရေးဗီးယား ကျွန်းဆွယ်ကြီး၏ တောင်ဘက်အစွန်းမှ ဗြိတိသျှ အစောင့်ရှောက်ခံ အေဒင်မြို့ကလေးသို့ ကုန်တင်ကုန်ချရန် ရောက်ရှိဆိုက် ကပ်နေခဲ့ပြီ ဖြစ်သည်။

ကရိတ်သင်္ဘောမှ ကပ္ပတိန်သည် ပင်လယ်ကူးသင်္ဘောများ၏ ထုံးတမ်းစဉ်လာအရ အေဒင်မြို့ဆိပ်ကမ်းသို့ ဆိုက်လျှင်ဆိုက်ခြင်း သက် ဆိုင်ရာ ဆိပ်ကမ်းလုံခြုံရေးနှင့် အုပ်ချုပ်ရေးဌာနသို့ ဤလူပျောက်မှုကို သတင်းပို့ တိုင်ကြားရပြန်သည်။

ဤတွင် အေဒင်ဆိပ်ကမ်းမှ ဗြိတိသျှလုံခြုံရေး အရာရှိများနှင့် ရေကြောင်းဘက်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ဝင်များသည် ကရိတ် သင်္ဘောပေါ်သို့ တက်ရောက်၍ ပဏာမစုံစမ်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြ ရာ ဤလူပျောက်မှုမှာ သွေးရိုးသားရိုးမဟုတ်ဘဲ ရာဇဝတ်မှုတစ်ခုအဖြစ် တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် သင်္ဘောကုန်းပတ်ပေါ်တွင် လည်းကောင်း၊ အထက်ထပ်သို့တက်သည့် လှေကားထစ်များပေါ်တွင် လည်းကောင်း ခြောက်နေသည့် သွေးစက်များ ကို တွေ့ရှိကြရာ အေဒင်မြို့မှ သွေးစစ်ဆေးစမ်းသပ်သည့် ပါရဂူတစ်ဦး၏ စစ်ဆေးချက်အရ ယင်းသွေးစက်များသည် လူ့သွေးစက်များဖြစ်ကြောင်း အခိုင်အမာ သိကြရသောကြောင့်တည်း။

ယင်းသို့ အေဒင်မြို့တွင် ပဏာမ စစ်ဆေးတွေ့ရှိချက်များအရ ပျောက်ဆုံးသွားသော သင်္ဘောသား ဟာစ်လ်မှာ ထိုညက ပြင်းထန်စွာ ရိုက်နှက်ခြင်းခံရ၍ ဒဏ်ရာရပြီးမှ ပင်လယ်ထဲသို့ ပစ်ချခြင်းခံခဲ့ရသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



အနိုင်အမာ ယူဆဖွယ်ရာဖြစ်လာခဲ့သည်။

ဤယူဆချက်အရ အက်ဖ်ဘီအိုင်ဌာနချုပ်သည် အဆိုပါ အမှုကို လူသတ်မှုအဖြစ် လိုအပ်သော စုံစမ်းထောက်လှမ်းမှုများကို စတင်ပြုလုပ်ခဲ့ရသည်။

ရှေဦးစွာ အက်ဖ်ဘီအိုင် စုံထောက်များသည် ဝါရှင်တန်မြို့ရှိ ရေတပ်အက်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးဌာနမှ တစ်ဆင့် အချင်းဖြစ်ပွားသည့်အချိန်က ကရိုက်သင်္ဘောပေါ်တွင် ရှိနေကြသည့် လူအားလုံး၏အမည် နေရပ်လိပ်စာများနှင့် ကိုယ်ရေးရာဇဝင်များကို တောင်းယူ၍ အသေးစိပ် လေ့လာမှုများ ပြုလုပ်ခဲ့ရသည်။

ကုန်တင်သင်္ဘော ကရိုက်ပေါ်တွင် ကပ္ပတိန်အပါအဝင် သင်္ဘောသားပေါင်း ၄၉ ယောက်တိတိ လိုက်ပါခဲ့ကြရာ အလောင်းရှာမတွေ့ရဘဲ အသတ်ခံရသည်ဟု ယူဆရသော သင်္ဘောသား ဟာစ်လ်ကို ဖယ်လိုက်မည်ဆိုပါက ကျန်လူဦးရေမှာ ၄၈ ယောက်ဖြစ်သည်။ အက်ဖ်ဘီအိုင် စုံထောက်များသည် အဆိုပါ ၄၈ ယောက်စလုံး၏အမည် နေရပ်လိပ်စာများနှင့် ကိုယ်ရေးရာဇဝင်များသာမက၊ ၎င်းတို့၏ စိတ်နေသဘောထားများ၊ အကျင့်စာရိတ္တများနှင့် စရိုက်ဝါသနာများကိုပါ အသေးစိပ် စုံစမ်းထောက်လှမ်းလေ့လာခဲ့ကြသည်။ တစ်နည်းဆိုလျှင် ဤ ၄၈ ယောက်စလုံးကို "မသင်္ကာဖွယ်ရာ စာရင်း" ထဲသို့ထည့်၍ ပဏာမ စုံစမ်းထောက်လှမ်းမှု များ ပြုလုပ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကမ်းခြေနှင့်ကွာဝေးလှသော ပင်လယ်ရေပြင်တွင် ညအချိန် ခုတ်မောင်းနေသည့် သင်္ဘောပေါ်၌ ဖြစ်ပွားသော လူသတ်မှုတွင် အသတ်ခံရသူမှတစ်ပါး ကျန်လူအားလုံးထဲမှ တစ်ယောက်ယောက် (သို့မဟုတ် - လူအများ) သည် မုချလူသတ်တရားခံဖြစ်ရမည် မဟုတ်ပါလော။

ပို၍ ရှင်းအောင်ဆိုရလျှင် လက်သည် တရားခံမပေါ်သည့် ရာဇ





ဝတ်မှုများကို စုံစမ်းထောက်လှမ်းသည့် စုံထောက်အတတ်ပညာဟူသည် အဓိကအားဖြင့် "မသင်္ကာစရာ လူများစုကြီး" ထဲမှ "ပို၍မသင်္ကာစရာ လူနည်းစု" ကို ရှာဖွေ၍ နောက်ဆုံး၌ "မသင်္ကာစရာ အကောင်းဆုံး လူတစ်ယောက်" ကို အချက်အလက် အထောက်အထားများဖြင့် "ရွေးထုတ်"ခြင်းပင် မဟုတ်ပါလော။

ယင်းစုံထောက်အတတ်ပညာ အခြေခံ သဘောတရားအရ အက်ဖ်ဘီအိုင် စုံထောက်များသည် ကရိုက်သင်္ဘောပေါ်မှ လူအားလုံးကို "ကျောသား ရင်သား" မခွဲခြားဘဲ ပဏာမစုံစမ်း ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြရာ ၎င်းတို့၏နောက်ကြောင်း ရာဇဝင်များကို အတော်အတန် သိခဲ့ကြရသည်။

အဆိုပါ ၄၈ ယောက်ထဲမှ သင်္ဘောသား တော်တော်များများ မှာ အသေးအဖွဲ့ပြစ်မှုများကြောင့် ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ကြရသည်များ ကို တွေ့ရှိကြရသည်။ အချို့မှာ အထက်အရာရှိ၏ အမိန့်ကို မနာခံဘဲ ကလန်ကဆန်လုပ်ခဲ့ကြ၍လည်းကောင်း၊ အချို့မှာမူ တန်ဖိုးသိပ်မများလှသည့် နာရီ၊ ဖောင်တိန်၊ လက်စွပ် စသည်များကို ခိုးယူမှုဖြင့်လည်းကောင်း၊ အချို့မှာလည်း အရက်မူးလွန်၍ အချင်းချင်း ရိုက်နှက်ထိုးကြိတ်မှုများဖြင့်လည်းကောင်း၊ အချုပ်အနှောင်ခံခဲ့ကြရသည်များကို တွေ့ရှိရသည်။ ၎င်းတို့အနက် သင်္ဘောသားတစ်ယောက်မှာ အရက်အလွန်အကျွံမူး၍ ရန်ဖြစ်ရာမှ အခြားသင်္ဘောသားတစ်ယောက်ကို ဓားဖြင့်ထိုးသတ်ရန် ကြိုးစားခဲ့ဖူးသည်ကို တွေ့ရသည်။ အခြားတစ်ယောက်မှာမူ ရဲအရာရှိတစ်ဦးအား ထိုးကြိတ်ရိုက်နှက်မှုဖြင့် အချုပ်ခံခဲ့ရဖူးသည်ကို တွေ့ရသည်။

ယင်းသို့ ပဏာမစုံစမ်းထောက်လှမ်းရေးများ ပြုလုပ်နေစဉ် အတွင်းမှာပင် ကုန်တင်သင်္ဘောကရိုက်သည် ၁၉၅၈ ခုနှစ် နိုဝင်ဘာလ [illegible] ရက်နေ့တွင် အေဒင်မြို့မှ ခွာလာခဲ့၍ အီတလီပြည် နေ[illegible]ကြီးသို့



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ဆောင်းလာပြီဖြစ်ကြောင်း သတင်းရရှိခဲ့သည်။

ဤအစောအတွင်းမှာပင် အက်ပ်ဘီအိုင် စုံထောက်များသည် ရှေတစ်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးဌာန၏ အကူအညီဖြင့် အခြား အရေးကြီးသော အချက်အလက်များကို ရှာဖွေ လေ့လာခဲ့ကြသည်။ ယင်း တား အခြားမဟုတ်၊ အသတ်ခံရသည်ဟု ယူဆရသော သင်္ဘောသားကြီး ဟစ်လ်၏ ကိုယ်ရေးရာဇဝင်၊ စိတ်နေသဘောထားများနှင့် အကျင့်စာရိတ္တ၊ ဓနိုက်ဝါသနာများကို ထောက်လှမ်းလေ့လာခဲ့ကြခြင်း ဖြစ်သည်။

သို့ဖြင့် ဟစ်လ်သည် အလောင်းအစား ဝါသနာကြီးသူတစ် ယောက်ဖြစ်၍ ဖဲကစားရာတွင်လည်း အလွန်လျှင်သည့်ပြင် ဝိုင်းကြီးလျှင် ကြီးသလောက် ပုံအောတတ်သူတစ်ဦးဖြစ်ကြောင်း သိခဲ့ကြရသည်။

ထို့ပြင် ဟစ်လ်သည် ကရိုတ်သင်္ဘောပေါ်သို့ သင်္ဘောသားအဖြစ် ၁၉၅၈ ခု၊ ဩဂုတ်လနောက်ပိုင်းတွင်မှ ဝင်ရောက် လုပ်ကိုင်ခဲ့သူဖြစ်၍ ထို စဉ်က ထိုသင်္ဘောမှာ အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေ နယူးဂျာစီပြည်နယ်အတွင်းရှိ ပက်တီကျွန်းကလေးတွင် ဆိုက်ကပ်ထားခဲ့ သည်ဟု သိရသည်။

ဟစ်လ်သည် ကရိုတ်သင်္ဘောပေါ်သို့ ရောက်ပြီးနောက် အခြား သင်္ဘောသားများနှင့် အဆင်ပြေအောင် ဆက်ဆံနေထိုင်ခဲ့သော်လည်း မည် သူတစ်ဦးတစ်ယောက်နှင့်မှ အလွန်အကျွံ ရင်းရင်းနှီးနှီး ရောနှောပေါင်း သင်းခြင်းမပြုဘဲ ခပ်မှန်မှန် ခပ်အေးအေး နေခဲ့သည်။ အလုပ်တာဝန် ထမ်းဆောင်ချိန်နှင့် ဖဲကစားချိန်များမှအပ ကျန်အချိန်များတွင် သူ တစ် ယောက်တည်း သီးခြားနေလေ့ရှိသည်။

ကရိုတ်သင်္ဘောပေါ်တွင် သင်္ဘောဥပဒေအရ လောင်းကစားခြင်း များကို မပြုလုပ်ရန်တားမြစ်ထားသည်။ သို့သော် တကယ့်တကယ်တွင်မူ "သိသာသိစေ မမြင်စေနှင့်" ဟူသော စကားအတိုင်း အကြီးဆုံးတာဝန်ခံ





အရာရှိဖြစ်သော ကပ္ပတိန်၏ မျက်ကွယ်တွင် အကြာခဏဆိုသလို "ကြိတ် ဝိုင်း"များ ရှိနေခဲ့သည်။

အဆိုပါ "ကြိတ်ဝိုင်း" များတွင် များသောအားဖြင့် ဟစ်လ်နှင့် ကစားဖော်ကစားဖက်များမှာ သင်္ဘောသား စမစ်တီ၊ ကြမ်းတိုက်သမား ကာလောစ်၊ သင်္ဘောအရာရှိ ရေးနှင့် လျှပ်စစ်ဘက်ဆိုင်ရာ အရာရှိချုပ် ရော်ဘင်ဆင်တို့ ဖြစ်ကြသည်။ ၎င်းတို့အနက် ရော်ဘင်ဆင်မှာ ဟစ်လ်၏ အကြီးအကဲ အထက်အရာရှိဖြစ်သည်။

အထက်ဖော်ပြပါ အခြေအနေ အချက်အလက်များအရ ဟစ်လ် သည် ကရိုတ်သင်္ဘောပေါ်သို့ လွန်ခဲ့သည့် ၂လခန့်ကမှ ရောက်ရှိလာသူ တစ်ဦးဖြစ်ခြင်း၊ အခြားသင်္ဘောသားများနှင့် ရန်ငြိုးဒေါသမဖြစ်ခဲ့ဖူးခြင်း အလောင်းအစား ဖဲကစား ဝါသနာကြီးသူတစ်ဦးဖြစ်ခြင်း၊ ဖဲကစားချိန်မှအပ ကျန်အချိန်များတွင် ဖာသိဖာသာ တစ်ကိုယ်တည်း အေးအေးဆေးဆေး နေတတ်သူဖြစ်ခြင်း စသည်စသည်တို့ကို ထောက်ရှု၍ ဤအမှုတွင် ဖဲဝိုင်း မှစတင်၍ ခြေရာခံစရာရှိတော့သည်ကို တွေ့ကြရသည်။

သို့ဖြင့် ကရိုတ်သင်္ဘောပေါ်တွင် ဤ ၂လတာမျှ အစောအတွင်း ဟစ်လ်နှင့်အတူ "အရုပ်ကြည့်ဖော် ကြည့်ဖက်များ" ဖြစ်ကြသည့် စမစ် တီ၊ ကာလောစ်၊ ရေးနှင့် ရော်ဘင်ဆင်တို့ ၄ဦးအား ကရိုတ်သင်္ဘော အီတလီတွင် ဝင်ရောက် ဆိုက်ကပ်ထားစဉ် နိုဝင်ဘာလ ၂၂ ရက်နေ့၌ သင်္ဘောပေါ်မှ ဆင်းစေပြီး အမေရိကန်ပြည်ထောင်စုသို့ လေကြောင်းမှ ခေါ် ဆောင်လာခဲ့ကြသည်။

"ခင်ဗျားတို့ ၄ယောက်ကို အခုလို ပြန်ခေါ်ရတာကတော့ ဒီမှာ ဟစ်လ် အသတ်ခံရတဲ့အမှုနဲ့ပတ်သက်ပြီး ခင်ဗျားတို့ တစ်ယောက်ဆီ တစ် ယောက်စီမှာ မသင်္ကာစရာတွေ ရှိနေလို့ပါပဲ"

နယူးယောက်မြို့တော် အက်ဖ်ဘီအိုင်ဌာနခွဲရုံး၏ အသောက်အဆို



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ရောက်ရှိလာကြသော ကရိတ်သင်္ဘောမှ လူ၄ယောက်တို့အား အထူးခုံသောက်အရာရှိတစ်ယောက်က အထက်ပါအတိုင်း ပဏာမအဖြစ် တောအပ္ပြင်ခဲ့လိုက်သည်။ သူနှင့်အတူ အခြားအရာရှိများလည်း စားပွဲတွင် ဝိုင်း၍ထိုင်လျက်ရှိနေကြသည်။

"အဲဒီတော့ ဒီအမှုနဲ့ပတ်သက်လို့ ခင်ဗျားတို့အနေနဲ့ ရှေ့နေတွေ ဘာတွေထားမယ်ဆိုရင်လဲ ထားနိုင်ပါတယ်၊ ပြီးတော့ အခု ကျွန်တော်တို့က စစ်ဆေးမေးမြန်းတဲ့အခါမှာလည်း ခင်ဗျားစိတ်ထဲ ဖြေချင်မှဖြေပါ။ မေးတာကို မဖြေချင်ရင်လည်း နေနိုင်ပါတယ်။ အဲ…တစ်ခု ခင်ဗျားတို့ကို သတိပေးချင်တာကတော့ ခင်ဗျားတို့ အခု ဒီမှာအစစ်ခံတာတွေ မှန်သမျှ ရုံးတင်တရားစွဲတဲ့အခါ ဒါတွေကို ကျွန်တော်တို့ကတော့ တရားဝင် တင်ပြရလိမ့်မယ်"

အက်ဖ်ဘီအိုင် စုံထောက်အရာရှိ၏ လိမ္မာပါးနပ်လှသော အထက်ပါ စကားများအရ ဤအမှုနှင့် စပ်လျဉ်း၍ ပထမဆုံး "သဲလွန်စ" ဖော်ပေးသူမှာ သင်္ဘောသား စမစ်တီပင်ဖြစ်သည်။

မျက်နှာ သွယ်သွယ်၊ ကိုယ်လုံးကိုယ်ထည် ပိန်ပိန်ပါးပါးဖြင့် အသက် ၃၂ နှစ်အရွယ်ရှိ သင်္ဘောသားစမစ်တီက "ကျွန်တော့်အနေနဲ့ အခု ပုံးကွယ်နေစရာ မလိုပါဘူး…ကျွန်တော့်သဘောနဲ့ ကျွန်တော် မှန်တဲ့အတိုင်း အစစ်ခံပါ့မယ်" ဟုဆိုကာ အောက်ပါအတိုင်း ထွက်ဆိုခဲ့သည်။

---

* အမေရိကန်ပြည်ထောင်စုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ပေးအပ်ထားသည့် အခွင့်အရေးအရ ရာဇဝတ်မှုများတွင် မသင်္ကာ၍ စမ်းသီးစစ်ဆေးခြင်းခံရသူများသည် ရဲနှင့်စုံထောက်များ၏ မေးခွန်းများကို လုံးဝမဖြေဘဲ နေလိုကနေနိုင်ခွင့်ရှိကြသည်။

စာရေးသူ





"မှန်ပါတယ်၊ ကျွန်တော်ဟာ ကရိတ်သင်္ဘောပေါ်မှာ ဟစ်လ်နဲ့ ဖဲကစားခဲ့ဖူးပါတယ်။ ဒါပေမယ့် သူပျောက်ဆုံးနေတဲ့ ကိစ္စနဲ့ပတ်သက်လို့တော့ ကျွန်တော် ဘာမှမသိရပါဘူး။ ကျွန်တော် မှတ်မိသလောက် ကျွန်တော် သူနဲ့ ဖဲကစားခဲ့တာဟာ အောက်တိုဘာလ ၂၉ ရက်နေ့ကပါ အဲဒီတုန်းက ကျွန်တော်တို့ သင်္ဘောဟာ ကရာချီမြို့ကထွက်လာခဲ့တဲ့အချိန်ပါပဲ။ အဲဒီဖဲဝိုင်းမှာ ကာလော့စ်နဲ့ ရော်ဘင်ဆင်တို့လည်း ပါပါတယ်။ အဲဒီညက ဟစ်လ်ဟာ အတော်ကံကောင်းနေပုံရပါတယ်။ တစ်ဝိုင်းလုံး သူ တစ်ယောက်တည်းလို လိုနိုင်ပါတယ်…ဒါနဲ့ အဲဒီညက ဝိုင်းအစောကြီး သိမ်းလိုက်ကြပါတယ်"

စမစ်တီက အထက်ပါအတိုင်း အစဖော်ပေးလိုက်ရာ နောက် တစ်ယောက်ဖြစ်သော ကာလော့စ်ကလည်း စမစ်တီ၏ အစစ်ခံချက်ကို ထောက်ခံ၍ ထွက်ဆိုသွားခဲ့သည်။

"ဟုတ်ပါတယ်၊ ဟစ်လ်ဟာ အဲဒီညက အတော်ပဲနိုင်လိုက်ပါ တယ်။ ဒါပေမယ့် သူဘယ်လောက်နိုင်တယ်ဆိုတာတော့ ကျွန်တော်လည်း မသိပါဘူး။ လောင်းကြေးကတော့ တော်တော်များပါတယ်၊ ကျွန်တော်တို့ ကရာချီဆိပ်ကမ်းကို ကပ်တော့၊ သူ တော်တော်နိုင်နေပါတယ်…"

သင်္ဘောကြမ်းခေးသမား ကာလော့စ်၏ အထက်ပါထွက်ဆိုချက် အပြီးတွင် သင်္ဘောအရာရှိတစ်ဦးဖြစ်သူ ရေးက သင်္ဘောပေါ်တွင် ဟစ်လ် နှင့် ဖဲကစားခဲ့ဖူးသည်မှာ မှန်ကြောင်း ဟစ်လ်နေရာတွင် ပိုကာကစားကြ စဉ်က မိမိမှာ ဒေါ်လာ ၃၀၀ ခန့် ရှုံးခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုခဲ့ သည်။ "အဲဒီလို ရှုံးပြီးတဲ့နောက် ကျွန်တော်လည်း နောင်တရပြီး နောက် ထပ် မကစားတော့ဘဲနေခဲ့တာ ကရာချီမရောက်ခင် တော်တော်စောစော ကတည်းကပါပဲ…"

ရေးသည် ဖဲဝိုင်းနှင့်ပတ်သက်၍ ယင်းသို့ထွက်ဆိုခဲ့သည်။ သို့သော် ဟစ်လ်ပျောက်ဆုံးမှုနှင့် စပ်လျဉ်း၍ စမစ်တီနှင့် ကာလော့စ်တို့ကဲ့သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ မိမိ မသိကြောင်း၊ ဘယ်သူကိုမှလဲ မိမိမစွပ်စွဲတတ်အောင် မြင်မိကြောင်းဖြင့် ပြောဆိုသွားခဲ့သည်။ သို့သော် နောက်ပိုင်းတွင်မူ သူ ထွက်ဆိုချက်မှာ စိတ်ဝင်စားစရာ ပါလာသည်ကို တွေ့ကြရသည်။ သူက

"ဒါပေမယ့် တစ်ခု ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ သင်္ဘော ဒီနိုင်ငံကို ပြန်ရောက်လာရင်တော့ တချို့သင်္ဘောသားတွေဆီက သဲလွန်စ နည်းနည်းပါးပါးတော့ ရစရာရှိပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်လ်တစ်ယောက် သင်္ဘောပေါ်က ပျောက်သွားပြီးတဲ့နောက်ပိုင်း သင်္ဘော ပေါ်မှာ သတင်းတွေက အမျိုးမျိုး ထွက်လာတာကြားခဲ့ရတယ်။ ဥပမာ ဆို ပါတော့ ကပ္ပတိန်ကိုယ်တိုင်က ဟာစ်လ်ပျောက်သွားတဲ့ အောက်တိုဘာလ ၂၉ ရက် ညဦးပိုင်းမှာ ရော်ဘင်ဆင်ကို တစ်နေရာမှာ မြင်လိုက် တွေ့ လိုက်ရတယ်လို့ ဆိုပါတယ်။ အဲဒီနေရာဟာလည်း နောက်ပိုင်းကျတော့ သွေးစက်တွေ တွေ့ရတဲ့နေရာပဲလို့ သိရပါတယ်။ အဲဒီတုန်းက ရော်ဘင် ဆင်ဟာ သံပုံးတစ်ပုံးလက်ကဆွဲလာတာကို ကပ္ပတိန်က သေသေချာချာ မြင်လိုက်ရတယ်လို့ ဆိုပါတယ်။ ဖြစ်နိုင်တယ်လို့ ယူဆစရာရှိတာက ရော် ဘင်ဆင်ဟာ သွေးစက်တွေ ပေနေတဲ့ ကုန်းပတ်နဲ့ သင်္ဘောနံရံတွေကို ဆေးပစ်ဖို့ သံပုံးနဲ့ ရေဆွဲလာတဲ့သဘောမျိုး ဖြစ်နိုင်ပါတယ်…"

သင်္ဘောအရာရှိဖြစ်သူ ရေးသည် ထိုမျှဖြင့် မပြီးသေးဘဲ နောက် ထပ် အရေးကြီးသော အချက်များကို ထပ်မံဖြည့်စွက်၍ ပြောပြန်သေးသည်။

"နောက်ပြီးတော့ တခြားသင်္ဘောသားတစ်ယောက် ပြောပြလို့ ကျွန်တော် သိရတာကတော့ သင်္ဘောပေါ်က ဟာစ်လ်ပျောက်သွားတဲ့ အကြောင်း သိရပြီးတဲ့နောက် ဘာမှ မကြာခင်မှာဘဲ ရော်ဘင်ဆင်ဟာ ဘောင်းဘီတိုတစ်ထည် ဝတ်ထားတာ တွေ့ရတယ်တဲ့။ ဒါပေမယ့် အဲဒီ ဘောင်းဘီဟာ ရိုးရိုးဘောင်းဘီတို မဟုတ်ဘဲ ဘောင်းဘီရှည်တစ်ထည်ကို အောက်ပိုင်းက နှစ်ဖက်စလုံး ဖြတ်ထားတဲ့ ဘောင်းဘီတိုဖြစ်နေတယ်တဲ့။





ကရိုက်သင်္ဘောပေါ်မှာ ရော်ဘင်ဆင် ဘောင်းဘီတိုဝတ်တာ ဒီတစ်ခါပဲ မြင် ဖူးတွေ့ဖူးကြပါတယ်။ ဒီအရင်ကဆိုရင် သူဟာ ဘောင်းဘီရှည်ပဲ အမြဲ ဝတ်ထားတာတွေ့ရပါတယ်။ ဒါနဲ့ ပတ်သက်လို့လည်း ကောလဟာလတစ်ခု ဖြစ်လာတာက သူ အခုလို ဘောင်းဘီရှည်ကို ဖြတ်ပြီး ဘောင်းဘီတို လုပ်ဝတ်တာဟာ အဲဒီဘောင်းဘီရှည်မှာ ဟာစ်လ်ရဲ့သွေးစက်တွေ ပေနေလို့ ပဲဆိုပြီး တချို့ကပြောကြပါတယ်…"

ဤနေရာတွင် အက်ဖ်ဘီအိုင် စုံထောက်များက သင်္ဘောပေါ်မှ ဟာစ်လ် ပျောက်သွားပြီးနောက် ရော်ဘင်ဆင်ထံတွင် လည်းကောင်း သို့ မဟုတ် အခြားသင်္ဘောသား တစ်ယောက်ထံတွင်လည်းကောင်း၊ ငွေ အပြောက်အမြားတွေ့မိ မတွေ့မိ ရေးအား ကြားဖြတ်၍ မေးမြန်းကြည့်ရာ ရေးက မတွေ့မိကြောင်းဖြင့် ပြန်ဖြေသည်။ "ဒါနဲ့ ပတ်သက်လို့ ရော်ဘင် ဆင် ပြောပြချက်အရ ကျွန်တော် သိရသလောက်တော့ အမေရိကန်ပြည် ပြန်ရောက်တဲ့အချိန်မှာ သူ့လက်ထဲ ရှစ်ဒေါ်လာပဲ ကျန်တော့တယ်လို့ ပြောတာပဲ" ဟု သူက ပြန်ဖြေခဲ့သည်။

ယင်းသို့ သဲလွန်စများ တစ်စပြီးတစ်စ ပေါ်လာခဲ့ပြီးနောက် စုံ ထောက်များသည် မသင်္ကာစရာ လူ၄ယောက်အနက်မှ နောက်ဆုံးနှင့် အရေးအကြီးဖြစ်နေသော ရော်ဘင်ဆင်အား ခေါ်ယူစစ်ဆေးမေးမြန်းကြ တော့သည်။

"ဂျိမ်းစ်ဟာစ်လ်ဟာ လျှပ်စစ်ဘက်မှာ တော်တော် ကျွမ်းကျင်တဲ့ လူတစ်ယောက်ပါပဲ။ ဒီသင်္ဘောမှာ ကျွန်တော်က သူ့အထက်အရာရှိအဖြစ် နဲ့ တာဝန်ယူရပါတယ်။ သူ့လိုကျွမ်းကျင်ပြီး စိတ်ချရတဲ့ အလုပ်သမားတစ် ယောက်နဲ့ လုပ်ရတာဟာ ကျွန်တော့်အတွက် အတော်ပဲနေရာကျပါသတဲ့"

အသက် ၃၆နှစ်အရွယ်ရှိ မြောက်ကာရိုလီနာပြည်သို့ရောက်ရှိလာသူ ရော်ဘင်ဆင်က အက်ဖ်ဘီအိုင် စုံထောက်များအား မေးမှာတစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအတိုင်းစောင်၍ ခပ်အေးအေး ခပ်မှန်မှန်ပင် အစစ်ခံခဲ့သည်။ ထို့နောက် အမှုနှင့်စပ်လျဉ်း၍ သူက သူသိသလောက် ဆက်၍ ထွက်ဆိုသွားသည်။

"ကျွန်တော် သူ့ကိုနောက်ဆုံး တွေ့မြင်လိုက်ရတာကတော့ အောက်တိုဘာလ ၂၉ ရက်နေ့ ညနေ ၄နာရီလောက်ကပါပဲ။ အဲဒီအချိန်က သူမှာ အရေးပေါ်တာဝန်တစ်ခုနဲ့ အလုပ်များနေပါတယ်။ အဲဒီတာဝန်ကြောင့် ရက်အတော်ကြာကြာကတည်းက မအားအောင် ဖြစ်နေတယ်လို့ ကျွန်တော် သိထားပါတယ်။ ဒါကြောင့်မို့ အောက်တိုဘာလလ ၃၀ရက်နေ့ မက်ပိုင်းမှာ သူ့ကိုမတွေ့ရပေမယ့် ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှ စနိုးစနောင့်မဖြစ်မိပါဘူး။ ဒီလိုနဲ့ သူပျောက်နေတာကို ဘယ်သူမှ ဂရုမပြုမိဘဲ အမှုမဲ့အမှတ်မဲ့ နေခဲ့ကြရင်းက မွန်းတည့်ချိန်လောက်ကျမှ သူပျောက်ဆုံးသွားတဲ့အကြောင်း သေသေချာချာ သိကြရပါတယ်…"

ခပ်အေးအေး မှန်မှန်ဖြင့် တန်ပျက်ပြောနေသော ရော်ဘင်ဆင်အား စုံထောက်တစ်ယောက်က ကောက်ကာ ငင်ကာ "ပိုကာဝိုင်း" အကြောင်းကို ရုတ်တရက် ဖြတ်မေးလိုက်သည်။

"ဟုတ်ပါတယ် ဖဲဝိုင်းမှာ သူနိုင်တာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော်လည်း သူ့လိုပဲ ကံကောင်းတာပါပဲ။ မရှုံးပါဘူး။ ဒါပေမယ့် သူ့ ကို ကျွန်တော်က ဖလင်တစ်လိပ်ဖိုးနဲ့ ကိုကာကိုလာ (ဘိလိပ်ရည်)ဖိုး ၆ ဒေါ်လာနဲ့ ၂၅ဆင့်ပဲ ပေးစရာ အကြွေးကျန်နေပါတယ်၊ ဒါလောက်ပါပဲ"

ရော်ဘင်ဆင်၏စကားအဆုံးတွင် အခြားစုံထောက်တစ်ယောက် က ဟစ်လ် ပျောက်ဆုံးသွားခဲ့သော အောက်တိုဘာလ ၂၉ ရက်နေ့ညက သင်္ဘောပေါ်တွင် ဘယ်နေရာမှာ ဘာတွေလုပ်ခဲ့ကြောင်းဆက်၍ မေးခွန်းထုတ်ပြန်သည်။

ရော်ဘင်ဆင်က သင်္ဘောပေါ်တွင် ထိုနေ့ည ညဥ့်ဦးပိုင်းတစ်ချိန်





လုံးလိုလို အပန်းဖြေ ခန်းထဲတွင် ရှိနေခဲ့ကြောင်း၊ မိမိ၏ အလုပ်တာဝန် အပြင် အပိုအလုပ်အဖြစ် သင်္ဘောသားများအား အဖျော်ယမကာများ ရောင်းသည့် အလုပ်ကိုလည်း လုပ်ရသေးကြောင်း၊ ညနေစာစားပြီးနောက် အဝတ်အစားများ လဲကာ အပန်းဖြေခန်းထဲတွင် ၃၅ မိနစ်ခန့်မျှ နေသေးကြောင်းများကို ပြောကြားပြီးနောက်…

"အဲဒီနောက် ကျွန်တော် ရေချိုးပါတယ်။ ရေချိုးပြီး ၇နာရီခွဲက နေ ၈နာရီ မိနစ် ၅၀လောက်အထိ အဖျော်ယမကာရောင်းတဲ့ နေရာမှာ ရှိနေပါသေးတယ်။ အဲဒီကပြီးတော့ အင်ဂျင်နီယာချုပ်နဲ့ သူ့လက်ထောက် အင်ဂျင်နီယာချုပ်ရှိတဲ့ဆီသွားပြီး သူတို့နဲ့ တစ်နာရီ၊ တစ်နာရီနီးပါးလောက် စကားပြောခဲ့ပါတယ်။ နောက်ည ၁၀ နာရီလောက်ကျတော့ အိပ်တော့မယ်ဆိုပြီး အိပ်ရာဝင်ခဲ့ပါတယ်"

ရော်ဘင်ဆင် ပြောပြချက်အရ ထိုညသည် အလွန်ပူအိုက်သော ညတစ်ညဖြစ်သည်ဟု ဆိုသည်။ သို့ဖြစ်ရာ သူနှင့်တကွ အခြားသင်္ဘောသား အတော်များများသည် ပူလွန်းအိုက်လွန်းလှသဖြင့် ကိုယ့်အိပ်ရာတွင် ကိုယ် မအိပ်နိုင်ကြဘဲ အပြင်သို့ထွက်၍ သင်္ဘောကုန်းပတ်ပေါ်တွင် အိပ်ခဲ့ကြရသည်ဟု ပြောပြပြီးနောက်…

"ဒါကြောင့်မို့လဲ ကျွန်တော်တို့တတွေဟာ အဲဒီ အောက်တိုဘာ ၂၉ ရက်နေ့ညက ဟစ်လ်တစ်ယောက် သူ့အိပ်ရာသူ ပြန်မအိပ်ဘူးဆိုတာ သိရပေမယ့် စိုးရိမ်စိတ် သိပ်ပြီး မရှိခဲ့ကြပါဘူး။ ရာသီဥတုပူပြင်းတဲ့ ညတွေမှာ အခုလို အပြင်ထွက်ပြီး ကုန်းပတ်ပေါ်မှာ အိပ်ကြတာမျိုးက ရှိနေပါပြီ။ မဆန်းတော့ပါဘူး" ဟု ရှင်းပြသည်။

ထို့နောက် ရော်ဘင်ဆင်သည် ပျောက်ဆုံးသွားသော ဟစ်လ်နှင့် စပ်လျဉ်း၍ သူ့ထင်မြင်ချက်တစ်ခုကို လွတ်လွတ်လပ်လပ် ထုတ်ဖော်လိုက် သည်။ သူ့ထင်မြင်ချက်မှာ အခြားမဟုတ် ဟစ်လ် ပျောက်ဆုံးခဲ့ခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်၏ လုပ်ကြံသတ်ဖြတ်ခြင်းကြောင့်ဟူ၍ လုံးဝမယုံကြည်၊ ရေထဲခုန်ချပြီး သူကိုယ်သူ အဆုံးစီရင်သွားခြင်းသာ ဖြစ်မည်ဟူသော ထင်မြင်ချက်ထင် ဖြစ်သည်။ ဤအချက်မှာ ဖြစ်နိုင်စရာရှိသည်ဟု သူက ဆိုသည်။ အဘယ့်ကြောင့်ဆိုသော်...

"ဟာစ်လ်ဟာ သူတစ်ယောက်တည်းနေရင်း အမြဲတမ်း စကားတွေ ပြောနေတတ်ပါတယ်။ ပါးစပ်က တောင်စဉ်ရေမရ ရွတ်ဖတ်နေတာလည်း တွေ့ရပါတယ်၊ သူ့အနားမှာ ဘယ်သူမှ မရှိပေမယ့် ဘာတွေပြောမှန်းမသိဘူး။ တတွတ်တွတ်နဲ့ အမြဲပြောနေပါတယ်။ တချို့သင်္ဘောသားတွေ ပြောပြချက်အရ သူဟာ ဆေးခြောက်ရှူလွန်းလို့ ဦးနှောက်ခပ်ချောင်ချောင်ဖြစ်နေတာယ်လို့တောင် ထင်နေကြပါတယ်။ ကျွန်တော်တို့က သူ့ကို 'ဆတ္တာသည်' လို့ ပြောင်ပြီး ခေါ်ကြပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ တစ်ခါတစ်ခါ သူ့ဆံပင်ကိုမညှပ်ဘဲ အကြာကြီးနေပြီး ရှည်အောင်ထားတတ်လို့ပါပဲ။ လူကတော့ တော်တော်ဆန်းတဲ့လူပါ..."

ဤနေရာတွင် ရော်ဘတ်ဆင်၏ ထွက်ဆိုချက်ကြောင့် အက်ဖ်ဘီအိုင် စုံထောက်များအဖို့ စိတ်ထဲတွင် တစ်မျိုးတစ်မည် ဖြစ်သွားမိကြသည်။ အဘယ့်ကြောင့်ဆိုသော် ဟာစ်လ်တစ်ယောက် ပျောက်ဆုံးခဲ့ရခြင်းနှင့် စပ်လျဉ်း၍ မသင်္ကာစရာ လူ၄ယောက်ကို စစ်ဆေးကြရာ၌ ဟာစ်လ်အား "ဆေးခြောက်ရှူတတ်သည်၊ ဦးနှောက်ချောင်၍ ရူးကြောင်ကြောင်ဖြစ်နေသည်။ ကိုယ့်ကိုယ်ကို သတ်သေဟန်တူသည်" ဟူ၍ လူ ၃ယောက်စလုံးက အရိပ်အမြွက်မျှ မပြောခဲ့ကြဘဲ ယခုနောက်ဆုံးလူ ရော်ဘင်ဆင်ကျမှ ဤသို့ထူးထူးဆန်းဆန်း ကြားနေရသောကြောင့်ဖြစ်သည်။

သို့ဖြင့် စုံထောက်များသည် ရော်ဘင်ဆင်အား နောက်ထပ်ပြောစရာများ ကျန်ရှိနေပါက ဆက်လက်ပြောကြားရန် တိုက်တွန်းကြသည်။ သို့သော် ရော်ဘင်ဆင်က "ဒါလောက်ပဲ ပြောစရာရှိပါတယ်။ ဒါထက်ပိုပြီး





ပြောစရာမရှိပါဘူး" ဟု ဆိုသည်။

ဤတွင် စုံထောက်များသည် "ပြောစရာမရှိပါ" ဟုဆိုသော ရော်ဘင်ဆင်အား "မေးစရာရှိသည်" များကို ပွင့်ပွင့်လင်းလင်း မေးကြတော့သည်။ သူတို့မေးကြသော မေးခွန်းများမှာ "အချင်းဖြစ်ပွားသည့် အောက်တိုဘာလ ၂၉ ရက်နေ့ညက ဂုနာရီလောက်တွင် ရော်ဘင်ဆင်အား သင်္ဘောပဲ့ပိုင်းနှင့် ကပ်သည့်ကုန်းပတ်တစ်နေရာတွင် ရေပုံးတစ်ပုံး ဆွဲလာသည်ကို ကပ္ပတိန်ကိုယ်တိုင် မြင်လိုက်ရသည်ဆိုခြင်းမှာ 'ဟုတ်၊ မဟုတ်၊ မှန်, မမှန်' ဟူသော မေးခွန်းပင်ဖြစ်သည်။

"ဒါ လုံးဝမဟုတ်ပါဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ အေဒင်မြို့ရောက်ကတည်းက ကပ္ပတိန်က ကျွန်တော့်ကို ဒီအတိုင်း စွပ်စွဲပြီး မေးခဲ့ပါတယ်။ ဒါဟာ ကျွန်တော့်အပေါ်မှာ သူ့အထင်မှားတာပါ။ သူ့ကိုလည်း ကျွန်တော် အကျိုးအကြောင်း ပြန်ရှင်းပြခဲ့ပါတယ်။ အမှန်ကတော့ အဲဒီတုံးက ကျွန်တော်ဟာ ပစ္စည်းတွေထားတဲ့ စတိုခန်းထဲက သေတ္တာတစ်လုံးကို ယူလာတာပါ။ အဲဒါကို ကပ္ပတိန်က ရေပုံးတစ်ပုံး ဆွဲလာတယ်လို့ ထင်တာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော် စောစောက ပြောခဲ့တဲ့အတိုင်း အဲဒီည ဂုနာရီလောက်က ကျွန်တော်ဟာ အပန်းဖြေခန်း မှာ ရှိနေခဲ့ပါတယ်။ အဲဒီအခန်းကလည်း သင်္ဘောကမ်းကပ်တဲ့ ကုန်းပတ်ဘက်မှာရှိနေပါတယ်"

ရော်ဘင်ဆင်သည် သူ့အပေါ်တွင် ကပ္ပတိန်က အထင်မှားအမြင်မှားဖြစ်ခဲ့ဟန်တူကြောင်းဖြင့် စုံထောက်များအား အထက်ပါအတိုင်း ပြန်ရှင်းခဲ့သည်။

သို့နှင့်ပင် သင်္ဘောပေါ်မှ လူတစ်ယောက် ပျောက်ဆုံးခဲ့သည့် "လျှို့ဝှက်သည်းဖိုဇာတ်လမ်းမှာ" ဤတွင် တစ်ခန်းရပ်သွားခဲ့သည်။

အက်ဖ်ဘီအိုင် စုံထောက်များက ကရိတ်သင်္ဘောပေါ်မှ "မြို မသင်္ကာစရာကောင်းသော" လူ ၄ယောက်အား ခေါ်ယူ၍ ထင်သို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆေးခြောက်နေခိုက် ထိုသင်္ဘောမှာ အီတလီမှ နယ်သာလင်နိုင်ငံများသို့ ထွက်ခွာလာခဲ့သည်။ ထိုမှတစ်ဆင့် ဒီဇင်ဘာလလယ်လောက်တွင် အိုက်စ်လန်ကျွန်းသို့ ခေတ္တဝင်ရောက် ရပ်နားခဲ့ပြီး ဆက်လက်ခုတ်မောင်းခဲ့ရာ ဒီဇင်ဘာလ ၂၃ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေမှ နယူးယောက်ဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ်ရောက်ရှိလာခဲ့သည်။

ဤဇာတ်လမ်း၏ အစတွင် ဖော်ပြပါရှိသည့်အတိုင်း နယူးယောက်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်လျှင်ဆိုက်ခြင်း အက်ဖ်ဘီအိုင် စုံထောက်ဆယ့်တစ်ယောက်တို့သည် နံနက်စောစော ချမ်းချမ်းစီးစီးတွင် နှင်းများတဖွဲဖွဲကျနေခိုက် သင်္ဘောပေါ်သို့ ခပ်သုတ်သုတ် တက်လာခဲ့ကြသည်။

စုံထောက်အရာရှိများသည် သင်္ဘောပေါ်သို့ ရောက်လျှင်ရောက်ချင်း မှုခင်းဖြစ်ပွားခဲ့သည့်ညက အဖြစ်အပျက်နှင့် အခြေအနေများကို အသေးစိတ်လေ့လာကြည့်ရှုကြသည်။ ပျောက်ဆုံးခဲ့သော သင်္ဘောသား ဂျိမ်းစ်ဟာစ်လ်၏ အိပ်စင်နေရာ၊ သူနှင့်အခြားသင်္ဘောသား ၄ယောက်တို့ ဖဲကစားခဲ့ကြသည့် နေရာများနှင့် အထူးသဖြင့် သွေးစက်များ ကျကျန်ရစ်ခဲ့သည်ဆိုသော နေရာများအပြင် ထိုညက ရော်ဘင်ဆင်အား ရေပုံးတစ်ပုံး ဆွဲလာသည်ကို မြင်လိုက်ရသည်ဆိုသော နေရာများကိုပါ အသေးစိပ် စစ်ဆေးကြည့်ရှုကြသည်။

မှုခင်းဖြစ်ပွားသည်ဟု ယူဆရသောနေရာများတွင် လက်ဗွေပုံစံ များ တစ်ခုတစ်လေမှ မတွေ့ရ။ သို့သော် ခြောက်သွေ့နေသော သွေးစက် အစအနများကိုမူ တွေ့ကြရသေးသည်။ ထိုသွေးစက် အစအန အကြွင်းအကျန်များကို ခြစ်ယူ၍ အက်ဖ်ဘီအိုင်ဓာတ်ခွဲခန်းသို့ အမြန်ဆုံးပို့ကာ စစ်ဆေးကြည့်ရှုကြသည်။ မှန်သည်။ ဤသွေးစက်အခြောက်များသည် လူ့သွေးစက်များဖြစ်ကြောင်း ဓာတ်ခွဲခန်းမှ ချက်ချင်းပင် အဖြေပေးခဲ့သည်။

ယင်းသို့ သက်သေခံ အထောက်အထားပစ္စည်းများကို တွေ့လို





တွေ့ခြင်း ရှာဖွေနေဆဲတွင် အချို့သော စုံထောက်များက သင်္ဘောပေါ်တွင်ပါလာကြသည့် လူပေါင်း ၄၄ယောက်တို့ကို လူစုခွဲ၍ စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်ကြသည်။

ဤတွင် သင်္ဘောကပ္ပတိန်က အဓေဒင်မြို့တွင် သူထွပ်ခွဲခဲ့သည့် အတိုင်း ရော်ဘင်ဆင်အား ယခင်အမှုဖြစ်ပွားသည့် အောက်တိုဘာလ ၂၉ ရက်နေ့ညဥ့်နက်ပိုင်းလောက်က သင်္ဘောပဲ့ပိုင်း၊ ယခုသွေးစက်များ ကျနေ သည့်နေရာတွင် ထင်ထင်ရှားရှား တွေ့မြင်လိုက်ရကြောင်း အခိုင်အမာ ထပ်မံအစစ်ခံသည်။

"အဲဒီတုန်းက သူညာဘက်လက်ထဲမှာ ရေပုံးတစ်ပုံး ဆွဲလာတာ တွေ့ရလို့ သူဘာများ လုပ်မလို့ပါလိမ့်လဲဆိုပြီး ကျွန်တော့်စိတ်ထဲ အံ့ဩသလိုတောင် ဖြစ်မိပါသေးတယ်။ နောက် ဒီကိစ္စကို သူ့မေးကြည့်တော့ သူကိုင်လာတာ သံပုံးမဟုတ်ပါဘူးတဲ့ သေတ္တာတလေးတစ်လုံးပါလို့ ပြောပါတယ်။ ကျွန်တော်လည်း ဒါလောက် မျက်စိမှုန်သေးတာ မဟုတ်ပါဘူး။ သူ ကိုင်လာတာဟာ သံပုံးမှ တကယ့်သံပုံးဆိုတာ ကျွန်တော် ရဲရဲကြီး ပြောဝံ့ပါတယ်။ ဒါအတွက်ကတော့ ဘာမှ သံသယဖြစ်စရာ မရှိပါဘူး…"

စုံထောက်များက တစ်ဖန် ကပ္ပတိန်အားလည်းကောင်း၊ ဟာစ်လ်နှင့် တစ်ခန်းတည်းနေသည့် သင်္ဘောသားအားလည်းကောင်း၊ ဟာစ်လ်သည် ကရိတ်သင်္ဘောပေါ်၌ ဆေးခြောက်များ ရှု၊မရှု၊ ရှုကြောင်းကြောင်း ဖြစ် မဖြစ် သူ့ကိုယ်သူ သတ်သေမည့်လက္ခဏာများ တွေ့ရ၊မတွေ့ရ စသည် များကို မေးမြန်းကြည့်ကြသည်။ ဤနေရာတွင်လည်း ကပ္ပတိန်ကရော၊ ဟာစ်လ်နှင့် တစ်ခန်းတည်း အတူနေသည့် သင်္ဘောသားကပါ ယင်းသို့ အဖြစ်မျိုး အခြေအနေမျိုးကို မတွေ့မိ၊ မမြင်မိကြောင်း အတိအလင်း ထွက်ဆိုကြသော် မိမိတို့ မတွေ့မမြင်မိကြသလို အခြားသင်္ဘောသား တစ်ယောက် အနေဖြင့် ဟာစ်လ်အား ဆေးခြောက်ရှုသည်ကိုလည်း ကောင်း၊ ဦးနှောက်ချောက်၍ ရူးကြောင်ကြောင် ဖြစ်နေသည်ကိုလည်းကောင်း၊ ကိုယ့်ကိုယ်ကို သတ်သေရန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားသည်ကိုလည်းကောင်း၊ တစ်ခါဖူးမှ တွေ့ဖူး မြင်ဖူးသည်ဟု ပြောသံမကြားစီကြောင်းများကိုပါ ဖြည့်စွက်၍ အစစ်ခံခဲ့ကြသည်။

ထို့နောက် စုံထောက်အရာရှိများသည် သင်္ဘောအနေအထားနှင့် ကော်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ အပန်းဖြေခန်း စသည်များကို စာရွက်ပေါ်တွင် ပုံစံတစ်ခုရေးဆွဲ၍ အချင်းဖြစ်ပွားခဲ့သည့် အောက်တိုဘာလ ၂၉ ရက်နေ့နှင့် ၃၀ရက်နေ့ အကူး ထိုညကသင်္ဘောသားများ၏ သွားလာ လှုပ်ရှားမှုများကို တစ်ဦးစီ တစ်ဦးစီ မေးမြန်း၍ ပုံစံစာရွက်ပေါ်တွင် "ကျား ကွက်ရွှေ့သလို" ချ၍ ကြည့်ကြသည်။ ဤတွင်လည်း လျှပ်စစ်ဘက်ဆိုင်ရာ အရာရှိချုပ်ဖြစ်သူ ရော်ဘင်ဆင်သည် ထိုညက ၇နာရီခန့်လောက်တွင် သေွးစက်များတွေ့ရသည့် သင်္ဘောပဲ့ပိုင်း ကုန်းပတ်တစ်နေရာတွင် ရှိနေ ကြောင်း အခိုင်အမာ တွေ့ကြရပြန်သည်။

ရော်ဘင်ဆင်အပေါ်တွင် ထိုသို့ မသင်္ကာစရာကောင်းသည့် အချက်အလက်များအပြင် ပို၍ မသင်္ကာစရာကောင်းသည့် အပြုအမူများ ကိုလည်း အခြားသင်္ဘောသားများထံမှ ကြားရပြန်သည်။

အခြားသင်္ဘောသားများ၏ ပြောပြချက်အရ ရော်ဘင်ဆင်သည် ပျောက်ဆုံးသွားသော ဟစ်လ်နှင့်ပတ်သက်၍ သတင်းမှန်များကို ဖုံးကွယ် ရန် ကြိုးစားခဲ့သည်ဟု သိရသည်။ သို့ကြိုးစားပုံမှာ အမှုဖြစ်ပွားပြီးနောက် အေဒင်မြို့သို့ သင်္ဘောကပ်ချိန်တွင် သင်္ဘောပေါ်၌ ပါကစားခဲ့ကြသည့် အကြောင်းကို ဘယ်သူ့မှ ဖွင့်မပြောရန် ရော်ဘင်ဆင်က အခြားသင်္ဘော သားများအား ပိတ်ပင်ခဲ့ခြင်းပင်ဖြစ်သည်။

ထို့ပြင် ရော်ဘင်ဆင်သည် သာမန်အားဖြင့် ခေါင်းအေးအေးထား ၍ ပျော်ပျော်ပါးပါး နေတတ်သူတစ်ယောက် ဖြစ်သော်လည်း အေဒင်မြို့သို့ အောက်တိုဘာ ၃၁ ရက်နေ့တွင် သင်္ဘောဆိုက်ပြီး ဗြိတိသျှလုံခြုံရေးအရာ ရှိများ သင်္ဘောပေါ်သို့ တက်လာသည့်အချိန်မှစ၍ မှုမမှန်ဘဲ ဂဏှာမငြိမ်





ခဲ့သည်ဟု ဆိုသည်။ ထိုမျှမက အခြားသင်္ဘောသားအားလုံးက ဘည်သို့မျှ မပြောဘဲ သူတစ်ယောက်တည်းက ဟစ်လ်အား ဆေးခြောက်သမားဟူ၍ လည်းကောင်း၊ ဦးနှောက်ချောင်၍ ရူးကြောင်ကြောင်ဖြစ်နေသည်ဟူ၍ လည်းကောင်း၊ သူ့ကိုယ်သူ သတ်သေရန် ကြံစည်နေပုံရသည်ဟူ၍လည်း ကောင်း၊ ထပ်ခါထပ်ခါ စွပ်စွဲပြောဆိုခဲ့သည်ဟု သိရသည်။

နောက်ဆုံး၌ ဤလို့ချက်ဆန်းကြယ်သည့် လူပျောက်မှုနှင့် စပ် လျဉ်း၍ "မသင်္ကာစရာအကောင်းဆုံး လူတစ်ယောက်" အဖြစ် ကိုယ့်ကိုယ် ကို ဖော်ကောင်လုပ်မိသည့် အစစ်ခံချက် တစ်ခုသည် ရော်ဘင်ဆင်၏ ပါးစပ်က အမှတ်မထင် ထွက်လာတော့သည်။ တစ်နည်းဆိုရလျှင် သူသည် အတွေ့အကြုံရှိ၍ ဝါရင့်သော သင်္ဘောသားလက်ဟောင်းတစ်ယောက် ဖြစ် ပါလျက် ပင်လယ်အကြောင်း မသိနားမလည်သူတစ်ယောက်ပမာ မရိုး မသားဖြင့် အမှားတစ်ချက်ကို ကျူးလွန်ထွက်ဆိုလိုက်မိသည်။

"အဲဒီညက ၆ နာရီခွဲလောက်မှာ ကျွန်တော်ဟာ ပဲ့ပိုင်းက ကုန်းပတ်ပေါ်မှာ ရှိနေပါတယ်။ အဲဒီနေရာမှာ ပစ္စည်းထားတဲ့ စတိုခန်းကို စောင့်ရင်းနဲ့ ၇ နာရီ ၅မိနစ်လောက်အထိ နေပါတယ်။ အဲဒီလို စတိုခန်း စောင့်နေတုန်းက ကျွန်တော့်လက်ထဲမှာ သေတ္တာကလေးတစ်လုံးကိုင် ထားပါတယ်။ ကပ္ပတိန်က ကျွန်တော့်လက်ထဲမှာ သံပုံးတစ်ပုံး မြင်လိုက် ရတယ်ဆိုတာ သံပုံးမဟုတ်ပါဘူး. . .အဲဒီသေတ္တာကလေးပါ။ ကျွန်တော် ဟာ အဲဒီသေတ္တာကို ကျွန်တော့်အခန်းထဲယူလာပါတယ်။ ဒီလို ယူလာ တာကလည်း ခရီးလမ်းတစ်လျှောက် ဆိပ်ကမ်းမြို့တွေမှာ ကျွန်တော် ဝယ်ခြမ်းလာတဲ့ တိုလီမိုလီ ပစ္စည်းတွေထည့်ရအောင်ပါပဲ။ ဒါပေမယ့် သေတ္တာက သိပ်သေးနေတာနဲ့ သင်္ဘောရဲ့ နောက်ကျောဘက်ကနေပြီး သေတ္တာကို ပင်လယ်ထဲပစ်ချလိုက်ပါတယ်။ အဲဒီနောက် အစတိုခန်းထဲ သွားပြီး အလုပ်ပြီးအောင် ဆက်လုပ်နေခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်များသည် ဤနေရာတွင် ရော်ဘင်ဆင်အား သေတ္တာအလေးကို သင်္ဘော၏နောက်ကျောဘက်က ပစ်ခဲ့သည်ဆိုခြင်းမှာ သေချာ, သေချာ ထပ်၍မေးကြသည်။ နောက်ကျောဘက်မှ မဟုတ်ဘဲ ရှေ့မျက်နှာစာဘက်မှ ပစ်ချခြင်း ဟုတ်,မဟုတ် သေချာအောင် မေးကြည့်ကြသည်။ ခင်းလင်းကူးသင်္ဘောများတွင် ဆိပ်ကမ်းသို့ ဆိုက်ကပ်ရန်အတွက် ကုန်းပတ်တစ်ဖက်ကို အမြဲတမ်း ပုံသေပြုလုပ် တည်ဆောက်ထားရာ ယင်းသို့ ဆိပ်ကမ်းသို့ကပ်သည့်ဘက်သည် မျက်နှာစာဘက်ဖြစ်၍ ကျန်တစ်ဘက် သည် နောက်ကျောဘက်ဖြစ်သည်။

စုံထောက်များ၏ အတိအကျ မေးမြန်းချက်အရ ထိုညက သေတ္တာကလေးကို ပစ်ချခဲ့သည်မှာ သင်္ဘော၏ ရှေ့မျက်နှာစာဘက်မှ မဟုတ်။ နောက်ကျောဘက်မှဖြစ်ပါသည်ဟူ၍ ရော်ဘင်ဆင်က အခိုင်အမာထွက်ဆိုခဲ့သည်။

သို့နှင့်ပင် စုံထောက်အရာရှိများသည် သင်္ဘောကပ္ပတိန်ထံမှ သင်္ဘောခရီးစဉ် တစ်လျှောက်လုံး မှတ်သားထားလေ့ရှိကြသည့်(Log Book) ခေါ် နေ့စဉ် ရေကြောင်း လေကြောင်း မှတ်တမ်းစာအုပ်ကို တောင်းယူကြည့်ကြရာ အဆိုပါ အချင်းဖြစ်ပွားသည့် ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ ညဦးပိုင်းက ပင်လယ်ရေပြင်လေသည် သင်္ဘော၏ နောက်ကျောဘက်မှ တိုက်ခတ်ခဲ့ကြောင်း တွေ့ရှိကြရသည်။

ဤသည်ပင်လျှင် ရော်ဘင်ဆင်အတွက် "တစ်ချက်မှား" သွားခဲ့ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပင်လယ်ကူးသင်္ဘောသားတိုင်းသည် ပင်လယ်ထဲတွင် သင်္ဘော ခုတ်မောင်းနေနိုက် တစ်စုံတစ်ရာ အသုံးမဝင်သည့် တိုလီမိုလီပစ္စည်း အသေးအဖွဲ့များကို ပင်လယ်ထဲသို့ ပစ်ချလိုပါက လေတိုက်နေသည့်ဘက်ကို ပစ်ရိုးထုံးစံမရှိ၊ လေမတိုက်သည့်ဘက်တွင်သာ ပစ်ချရိုး ထုံးစံရှိကြသည်။ တစ်နည်းအားဖြင့်ပြောရလျှင် "လေ





ဆန်"တွင် ပြန်မပစ်ရ၊ လေညာကိုသာ စုန်၍ပစ်ချကြရစမြဲ ဖြစ်သည်။ ဤသည်မှာ သင်္ဘောသားတိုင်း လိုက်နာရမည့် အခြေခံစည်းကမ်းတစ်ခု ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသို့ အသုံးမဝင်တော့သည့် ပစ္စည်းအသေးအဖွဲ့တစ်ခုခု၊ (ဥပမာ - စက္ကူစုတ်၊ အဝတ်စုတ်၊ ဘူးခွံ၊ သေတ္တာခွံစသည်များ)ကို လေညာကိုစုန်၍ မပစ်ဘဲ၊ လေဆန်တွင် ပြန်၍ပစ်ချခဲ့ပါက ယင်းပစ္စည်းများသည် ပင်လယ်ထဲသို့ မရောက်ဘဲ လေအဟုန်ဖြင့် ပျံလွင့်လာပြီး သင်္ဘောပေါ်သို့ ပြန်ကျတတ်သည့် သဘာဝရှိသောကြောင့် ဖြစ်သည်။

ယခုအတိုင်းသာဆိုပါက ထိုညက ရော်ဘင်ဆင်သည် သေတ္တာဘူးခွံကလေးတစ်ခုကို သင်္ဘော၏နောက်ကျောဘက်သို့ ပစ်ချခဲ့ရှိမှန်ပါက ထိုညက တိုက်သည့် လေကြောင်းအရ သူသည် ထိုသေတ္တာခွံကလေးကို လေဆန်တွင်ပြန်၍ ပစ်ချခဲ့သည်ဟု ဝန်ခံရာ မရောက်ပါသလော။ သို့ဖြစ်လျှင် မှုမှုနွေးနွေး သင်္ဘောသား လက်သစ်ကလေးများပင် သိရှိနားလည်ထားကြသည့် သင်္ဘောသား အခြေခံစည်းကမ်းကို ဝါရင့်နေသော သင်္ဘောသား လက်ဟောင်းကြီး ရော်ဘင်ဆင်သည် အဘယ့်ကြောင့် မလိုက်နာဘဲ မေ့လျော့ပေါ့ဆခဲ့ရပါသနည်း။ ယင်းသို့ မေ့လျော့ ပေါ့ဆနိုင်ဖွယ်ရာမရှိဟု ဆိုပါက "သေတ္တာခွံကလေးကို သင်္ဘော၏နောက်ကျောဘက်သို့ လေဆန်တွင် ပြန်၍ချခဲ့ပါသည်" ဆိုသော ရော်ဘင်ဆင်၏ဇာတ်လမ်းသည် မဟုတ်မမှန် လုပ်ကြံသည့် "လံကြုတ်" ဇာတ်လမ်း မဖြစ်နိုင်ပါသလော?

၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်နောက်ပိုင်းမှ ၁၉၅၉ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့အထိ ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးပွဲတော်ရက်များအတွင်း နယူးယောက်မြို့သူမြို့သားများ အားလုံးလိုလို စားလား သောက်လားဖြင့် ပျော်ပျော်ပါးပါး လည်ပတ်သွားလာနေကြသော်လည်း နယူးယောက်မြို့ အက်ဖ်ဘီအိုင်ဌာနခွဲမှ စုံထောက်အရာရှိများမှာ မပျော်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်နိုင်ကြတဲ့ ဇာရိတ်သဘောပေါ်မှ အလောင်းပျောက်ဆုံးနေသော လူသတ်မှုအတွက် သဲလွန်စ ကွင်းဆက်များကို တစ်ခုစီတစ်ခုစီ ကောက်၍ ဆက်စပ်ထောက်လှမ်းနေခဲ့ကြရသည်။

ဤမှုခင်းတော်ရက်များ အတွင်းတွင် သူတို့တစ်တွေသည် အဆိုပါ လူသတ်မှုနှင့်စပ်လျဉ်း၍ "မသင်္ကာစရာ အကောင်းဆုံး" ဖြစ်နေသော ရော်ဘင်ဆင်၏နောက်ကြောင်းရာဇဝင်ကို စုံစုံလင်လင် စုံစမ်းသိရှိခဲ့ကြရသည်။

ရော်ဘင်ဆင်သည် ဇာတိအားဖြင့် မြောက်ကာရိုလိနားပြည်နယ်သား တစ်ဦး ဖြစ်သော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ခန့်က သူ့အသက် ၁၆ နှစ်သားအရွယ်ကပင် နယူးယောက်မြို့ဆီက ဘရွတ်ကလင်ရပ်ကွက်သို့ ရောက်ရှိနေထိုင်လာခဲ့သူ ဖြစ်သည်။ ထိုအချိန်ကာလကပင် စတင်၍ သင်္ဘောသားဘဝဖြင့် ကျင်လည်ကျက်စားခဲ့သည့် လက်ဟောင်းသင်္ဘောသားတစ်ဦး ဖြစ်သည့်ပြင် ယခုနောက်ဆုံး ကုန်တင်သင်္ဘောကရိတ်တွင် လျှပ်စစ်ဘက်ဆိုင်ရာ အရာရှိချုပ်အဖြစ် တင့်တောင်းတင့်တယ်နေနိုင်သူ တစ်ဦးဖြစ်သည်။ ဘရွတ်ကလင်မြို့မှ သူ့နေအိမ်တွင် သူ့ဇနီးနှင့် ကလေး ၆ယောက်တို့ရှိကြရာ သူ့သားသမီးများအနက် အငယ်ဆုံးမှာ အခါလယ်သားသာရှိ၍ အကြီးဆုံးမှာ ၁၇ နှစ်သား ဖြစ်သည်။

ရော်ဘင်ဆင်သည် သူရသည့်လစာဖြင့် သူ့အိမ်ထောင်ကို လူတန်းစေ့အောင် ထားနိုင်သူတစ်ဦး ဖြစ်သော်လည်း မိန်းမကိစ္စတွင် စိတ်အလို လိုက်လွန်းအားကြီးသဖြင့် အမြဲတမ်း ငွေလိုနေသူတစ်ဦး ဖြစ်သည်။ ထို့ပြင် ကမ္ဘာလှည့် သင်္ဘောသားပီပီ "ရောက်လေရာ အိမ်ထောင်ကျရပါစေရဲ့" ဟူသော ရှေးရှေးဘဝက ဆုတောင်းပြည့်ခဲ့လေသလားမသိ၊ အမေရိကန်ပြည် ဘရွတ်ကလင်မှ မယားကြီး "နံပါတ်ဝမ်း"အပြင် ဂျာမနီတွင် "နံပါတ်တူး" တစ်ယောက်၊ ပြင်သစ်တွင် "နံပါတ်သရီး" တစ်ယောက် စသည်ဖြင့် ရှိနေသေးသည်။ ထိုမျှမက ဤကိစ္စမျိုးတွင် ဘဝဘဝက အထုံ





ပါခဲ့ဟန်တူသော ရော်ဘင်ဆင်သည် နယူးယောက်မြို့တော်မှာပင် တိတ်တိတ်ပုန်း နှစ်ယောက် ရှိနေပြန်သေးရာ "မယားတွေ မှိုလိုပေါက်" နေသူမှာ သူလိုလူစားမျိုးကို ဆိုလိုဟန်တူသည်။ အဆိုပါ "တိတ်တိတ်ပုန်း" နှစ်ယောက်အနက် တစ်ယောက်မှာ သားကလေးတစ်ယောက်ရနေပြီး ရော်ဘင်ဆင်နှင့် ထို"တိတ်တိတ်ပုန်း" တို့သည် ဘဏ်တိုက်တစ်ခုတွင် နှစ်ယောက်တွဲ လက်မှတ်ထိုး၍ ငွေသွင်းငွေထုတ်နိုင်သည့် ဘဏ်စာရင်း တစ်ခု ဖွင့်ထားကြသည်ဟု သိရသည်။

ရော်ဘင်ဆင်နှင့် ပတ်သက်၍ ထိုမျှစုံစုံလင်လင် "အတွင်းရေးအပြင်ပါ" သိရှိနေကြရပြီးနောက် ၁၉၅၉ ခု၊ ဇန်နဝါရီလ ၅ရက်နေ့ နံနက် ၁၀ နာရီတိတိတွင် နယူးယောက် အက်ဖ်ဘီအိုင်ဌာနခွဲမှ ဆင့်ခေါ်ချက်အရ ရော်ဘင်ဆင်သည် ပင်လယ်ထဲမှ လူသတ်မှုအတွက် နောက်တစ်ကြိမ် အစစ်အဆေး အမေးအမြန်းခံရန် ရောက်ရှိလာရပြန်သည်။

"ကဲ…မစ္စတာရော်ဘင်ဆင် လွန်ခဲ့တဲ့ တစ်ပတ်နှစ်ပတ်လောက် အတွင်းမှာပဲ ခင်ဗျားနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ တော်တော်များများ စုံစမ်းလို့ သိထားရတာတွေ ရှိနေတယ်။ အဲဒါတွေက ဘာတွေလဲဆိုတော့"

အလောင်းပျောက်နေသော ဤလူသတ်မှုအတွက် နောက်ဆုံး တာဝန်ပေးခြင်းခံရသည့် အထူးစုံထောက်အရာရှိသည် နယူးယောက် အက်ဖ်ဘီအိုင်ဌာနခွဲ ရုံးခန်းအတွင်း တစ်ခုသော စားပွဲတွင်ထိုင်ရင်းက သူ့ရှေ့တွင် ရောက်ရှိနေသည့် ရော်ဘင်ဆင်အား အထက်ပါအတိုင်း တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရဖြင့် စကားစလိုက်သည်။

"အဲ…အဲဒါတွေက ဘာတွေလဲဆိုတော့၊ ဥရောပတိုက်မှာရှိတဲ့ ခင်ဗျားရဲ့ မယားငယ်တွေအကြောင်းနဲ့ ဒီနယူးယောက်မှာ တိတ်တိတ်ပုန်း ထားတဲ့ ခင်ဗျားရဲ့ မယားငယ်တွေ အကြောင်းပါပဲ။ အဲဒီထဲက တစ်ယောက် ဟာ ခင်ဗျားနဲ့ သားကလေးတစ်ယောက် ရနေတာရော၊ ဘဏ်တိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ခင်ဗျားနဲ့ နှစ်ယောက်တွဲဘာဏ်စရင်း ဖွင့်ထားကြတာတွေပါ ကျွန်တော် စုံစမ်းလို့ သိထားကြပါပြီ။ ဒါတွေနဲ့ပတ်သက်ပြီး ဟိုတလောက ခင်ဗျား အစစ်ခံသွားတဲ့ ခင်ဗျားရဲ့ထွက်ဆိုချက်တွေ အတော်များများဟာ ချော်နေတာတွေ များနေတယ်။ အဲဒီတော့ အဲဒါတွေအတွက် ခင်ဗျားနဲ့ ထပ်ဆွေးနွေးချင်လို့ ထပ်မေးချင်လို့ ခေါ်တာပါပဲ…"

သည်တစ်ချီတွင်မူ ရော်ဘင်ဆင်နှင့် စုံထောက်အရာရှိတို့သည် တစ်နာရီ ကျော်ကျော်ကြာသည်အထိ မေးကြမြန်းကြ ပြောကြဆိုကြသည်။ စုံထောက်အရာရှိက ရော်ဘင်ဆင်၏ ယခင်အစစ်ခံချက်များသည် များသောအားဖြင့် မမှန်ကန် မရိုးသားဘဲ ဖုံးကွယ်လုပ်ကြံပြောဆိုသည့် အထောက်အထားများ အခိုင်အမာ တွေ့နေရကြောင်းများကို စိတ်ရှည်လက်ရှည် ပြောပြသည်။

အစပထမတွင် ရော်ဘင်ဆင်သည် စုံထောက် အရာရှိပြောသမျှ မေးသမျှကို ဝေ့လည်ကြောင်ပတ်လုပ်၍လည်းကောင်း၊ "ဘူး"တစ်လုံးဆောင်၍လည်းကောင်း၊ ဖြေကြားသည်။ ဖုံးကွယ်သည်။

သို့သော် တစ်နာရီကျော်မျှ ကြာသောအခါတွင်မူ စုံထောက်အရာရှိ၏ စိတ်ရှည်မှု၊ လိမ်မာပါးနပ်မှုနှင့် အချက်အလက် ခိုင်မာတိကျမှုများကြောင့်၊ ရော်ဘင်ဆင်မှာ တဖြည်းဖြည်း လေသံပြောင်းလာသည်ကို တွေ့ရသည်။ စောစောကလောက် ဝေ့လည်ကြောင်ပတ် မလုပ်နိုင်တော့ဘဲ သွယ်ဝိုက်၍ ဝန်ခံလာရသည်။ စောစောကလို ဘူးတစ်လုံး မဆောင်နိုင်တော့ဘဲ အမှန်ကို တစ်စတစ်စ ဖော်လာရတော့သည်။

နောက်ဆုံးတွင်မူ ရော်ဘင်ဆင်မှာ ရာဇဝတ်ဘေး ပြေးမလွတ်တော့သည်ကို အလေးအနက် သဘောပေါက်လာဟန်ဖြင့် အဖြစ်မှန် အမှုမှန်ကို ဝန်ခံရင်း ဖြောင့်ချက်ပေးမှန်း မသိ ပေးလာတော့သည်။

"ဟုတ်…ဟုတ်ပါတယ်…ကျွန်တော်ဟာ အဲဒီအောက်တိုဘာ





၂၉ရက်နေ့ညက ၇ နာရီမထိုးခင်ကလေးမှာဘဲ ဂိုမ်းစ်တစ်လ်နဲ့ သဘော်ရဲ့ရှေ့မျက်နှာစာ ကုန်းပတ်ပေါ်မှာ တွေ့ပါတယ်… ကျွန်တော်ဟာ သူနှင့်အတူ သဘော်ရဲ့ ပဲ့ပိုင်းဘက်ကို လျှောက်လာကြရင်း တစ်ယောက်နဲ့ တစ်ယောက် စကားများရာက ဒေါသထွက်ပြီး သံတုတ်နဲ့ခေါင်းကို နှစ်ချက်သုံးချက် ဆင့်ရိုက်မိပါတယ်။ အဲဒီနေရာတင်ပဲ သူလဲကျသွားလို့ ကြည့်လိုက်တော့ သူ့ခေါင်းက သွေးတွေစီးကျပြီး အသက်ရှုရပ်သွားတာကို တွေ့ရပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ကြောက်အားလန့်အားနဲ့ သူ့အလောင်းကို ဒရွတ်တိုက်ဆွဲပြီး သဘော်လက်တန်းပေါ်ကတစ်ဆင့် ပင်လယ်ထဲ ပစ်ချလိုက်မိတာပါပဲ…"

နယူးယောက် အက်ဖ်ဘီအိုင်ဌာနခွဲတွင် ၁၉၅၉ ခု ဇန်နဝါရီလ ၁၅ ရက်နေ့က အထက်ပါအတိုင်း ဖြောင့်ချက်ပေးခဲ့သော ရော်ဘင်ဆင်သည် နောက် ၃လမျှအကြာ ၁၉၅၉ ခု ဧပြီလ အတွင်းမှာပင် နယူးယောက်ပြည်နယ် တရားရုံးတော်မှ "ဖြစ်မှုထင်ရှားသည်" ဟူသော စီရင်ချက်ဖြင့် ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးခြင်းခံခဲ့ရသည်။

သို့ဖြင့် ထူးခြားဆန်းကြယ်လှသည့် လူသတ်မှုကြီးတစ်ခုမှာ ဤတွင် ဇာတ်လမ်း နိဂုံးချုပ်ခဲ့ရတော့သည်။

အထူးသဖြင့် သာမန်ဖြစ်ရိုးဖြစ်စဉ် တိုက်တာနေအိမ် အဆောက်အဦတစ်ခုခုအတွင်း၌သော်လည်းကောင်း၊ သို့မဟုတ် မီးရထားပေါ် မော်တော်ကားပေါ်တွင်လည်းကောင်း၊ ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ ပင်လယ်ရေပြင်ပေါ်တွင် ခုတ်မောင်း သွားလာနေသည့် ပင်လယ်ကူးသဘော်တစ်စင်းပေါ်တွင် ဖြစ်ပွားခဲ့သည့်အပြင် အမှုဖြစ်ပွားရာ ဒေသမှာလည်း အမေရိကန်ပြည်ထောင်စုနှင့် မိုင်ပေါင်းသုံးထောင်လေးထောင်ခန့် ဝေးကွာခဲ့ပြီး အမှုဖြစ်ပွားစဉ်က မျက်မြင်သက်သေ တစ်ဦးတစ်ယောက်မှ မရှိခဲ့သော အသတ်ခံရသူ၏ အလောင်းကြီးတစ်ခုလုံး ပျောက်ဆုံးနေသည့် ဤလူသတ်



www.burmeseclassic.com

www.burmeseclassic.com



ရှုပြီးကို နောက်ဆုံး၌ တရားခံကိုယ်တိုင် ဖြောင့်ချက်ပေးဝန်ခံရသည်အထိ နှံ့စပ်အောင်ထောက်လှမ်းနိုင်ခဲ့သည်မှာ အက်ဖ်ဘီအိုင်ခေါ် အမေရိကန် ပြည် ထောင်စု နှံ့စပ်အောင်ထောက်လှမ်းရေးအဖွဲ့ကြီး၏ အစွမ်းအစနှင့် တိကျသေချာ မှုကို မှတ်တမ်းတင်ရမည့် မှုခင်းတစ်ခုဖြစ်လာခဲ့သည်။

သို့သော် ဤအမှုတွင် အရေးကြီးသော "ဟာကွက်" တစ်ခု ကျန်ရှိနေသည်ကို တွေ့ရသည်။ ယင်းမှာ အခြားမဟုတ်၊ ရော်ဘင်ဆင် သည် ထိုညက ဟစ်လ်အား အသေရိုက်သတ်ပြီးနောက် ရော်ဘင်ဆင်ထံ တွင်ရှိနေသည့် ဖိနှိပ်ထားသော ငွေများကို ယူ့မယူ ဟူသော ပြဿနာပင် ဖြစ်သည်။ ဤပြဿနာနှင့်စပ်လျဉ်း၍ ရော်ဘင်ဆင်သည် အက်ဖ်ဘီအိုင် ရုံးခန်းတွင် ဖြောင့်ချက်ပေးစဉ်ကလည်းကောင်း၊ တရားရုံးတွင် အစစ်ခံ စဉ်ကလည်းကောင်း၊ "ကျွန်တော်ဟာ အသတ်ခံရတဲ့ ဟစ်လ်ဆီက ဘာ ပစ္စည်းတစ်ခုမှ မယူပါဘူး" ဟူ၍ ကျမ်းကြိမ်ထွက်ဆိုခဲ့သည်။

ယင်းထွက်ချက်နှင့်ပတ်သက်၍ ဟစ်လ်ထံမှ ငွေများကို ရော် ဘင်ဆင် ယူ့မယူ၊ သို့မဟုတ် ပင်လယ်ထဲသို့ ဟစ်လ်နှင့်အတူ ပါသွား၊ မသွား စသည်များကိုမူ လူသတ်တရားခံ ရော်ဘင်ဆင်နှင့် ဟစ်လ်၏ အလောင်းမြှုပ်နှံရာဖြစ်သော အာရေဗီယန် ပင်လယ်ပြင်ကြီးကသာလျှင် အမှန်အတိုင်း သိကြပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ဤအလောင်း ပျောက်ဆုံးခဲ့ရသော လူသတ် မှုတွင် တရားခံ ရော်ဘင်ဆင်သည် အချင်းဖြစ်ပွားသည့်ညက ပင်လယ် ရေပြင်လေကို သတိမထားမိဘဲ စကားတစ်ချက် အမှတ်တမဲ့မှားသွားရာမှ စ၍ သဲလွန်စပေါ်သွားခဲ့ခြင်း ဖြစ်ရာ၊ အဆိုပါ ၁၉၅၈-ခု အောက်တိုဘာလ ၂၉ ရက်နေ့ ညက အာရေဗီယန် ပင်လယ်တွင် တိုက်ခတ်ခဲ့သည့် ရေ ပြင်လေသည် ရော်ဘင်ဆင်အတွက် "ကြမ္မာငင်သောလေ" ပင် ဖြစ်ခဲ့ရ သည်တကား။





"အဖြစ်ဆိုး"လှသော တရားခံများနှင့်
ကျပ်ငွေ ၁,၀၀၀,၀၀၀ဝ ကျော်တန် ပြန်ပေးဆွဲမှုကြီး

ဤအမှုတွင် ပြန်ပေးဆွဲခံရသူမှာ ကမ္ဘာကျော် အဆိုတော် အမေရိကန်ရုပ်ရှင်မင်းသား ဖရင့်ဆင်နာ ထရာ၏သား ဖရင့်ဆင်နာထရာဂျူနီယာ (အသက် ၁၉)နှစ် ဖြစ်၏။ သူ့ကို ပြန်ရွေးရန်အတွက် ပြန်ပေး သမားများက တောင်းသည့် ငွေမှာ ဒေါ်လာ နှစ်သိန်း လေးသောင်း (၂၄၀,၀၀၀) ဖြစ်၍ မြန်မာငွေဖြင့်ဆိုလျှင် ကျပ်တစ်သန်း(၁,၀၀၀,၀၀၀) ကျော် ဖြစ်၏။ သို့သော် ပြန်ပေးဆွဲသူများသည် ဒေါ်လာ ၂သိန်း ကျော်ရပြီးမှ ဒေါ်လာ ၁၅၀ လောက်သာ သုံးလိုက်ရပြီး ကျန်ငွေ အားလုံးနှင့်အတူ ပြန်ပေးဂိုဏ်းဝင်အားလုံး အဖမ်းခံခဲ့ ကြရ၏။ အဆိုပါ ပြန်ပေးဂိုဏ်းဝင်၏ ခေါင်းဆောင်မှာ လည်း အသက် ၂၃ နှစ်မျှသာ ရှိသေးသည့် လူငယ် တစ်ဦးဖြစ်ရာ ဤပြန်ပေးဆွဲမှုကြီးသည် အက်စ်ဘီအိုင် ၏ မှတ်တမ်းဝင် မှုခင်းတစ်ခုဖြစ်ရုံမျှမက အမေရိကန် လူငယ်များ၏ဘဝကို တစ်ရေးတစ်စောင်း မီးမောင်း ထိုးပြလိုက်သည့် မှုခင်းကြီးတစ်ခုအဖြစ် သင်ခန်းစာ ယူကြမည်ဆိုပါက . . .။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့အဖို့ရာ၌ နှင်းများ တဖွဲဖွဲကျနေခဲ့သည်မှာ တစ်နေ့လုံးလိုလိုပင်ဖြစ်သည်။ နံနက်စောစော မိုးမလင်းတလင်း အချိန်မှစ၍ အခုပ်လိုက် အခဲလိုက် တဖွဲဖွဲကျနေသည့် နှင်းပွင့်များသည် ယခု ညနေစောင်း၍ အလင်းရောင်ကွယ်ပျောက်သည့်အချိန်အထိ မစဲနိုင်သေးဘဲ ဖွာခနဲ ဖွာခနဲ ကျမြဲကျနေဆဲပင် ရှိသေးသည်။

အမေရိကန် ပြည်ထောင်စုကြီး၏ အနောက်ပိုင်း ကာလီဖိုးနီးယားနှင့် နီဗားဒါးပြည်နယ်နှစ်ခု၏ နယ်စပ်အကြားရှိ ဆီးယားရက်ဗ် တောင်တန်းပေါ်မှ "တာဟို" ကန်ကြီးတစ်ဝိုက်တွင် ထိုနေ့ ထိုရက်က နှင်းများဖြင့် ဖုံးလွှမ်း၍ မြင်မြင်သမျှ အရာဝတ္ထုတိုင်းမှာ ဖွေးဖွေးဖြူနေကြသည်။ တဖွဲဖွဲကျနေသည့် နှင်းခဲ နှင်းပွင့်များနှင့် တောင်ခါးပန်းကိုပတ်၍ ဖောက်လုပ်ထားသည့် အဝေးပြေးကားလမ်းမကြီး အမှတ် ၃၉၅ အတိုင်း တိုက်ခတ်လာသည့် ဆောင်းလေသည် လမ်းဘေးတစ်လျှောက် သစ်ပင်ကြီး





ငယ်များကို တရှဲရှဲမြည်အောင် ဝှေ့ရမ်းပစ်ခဲ့ပြီးနောက် တောင်ပေါ် မြို့ငယ်လေး တစ်နေရာရှိ "ဟာရာ" ကလပ်မှ ယာယီထိုးထားသည့် ရွက်ထည်တဲကြီးကိုပင် ကိုင်လှုပ်လျက်ရှိနေခဲ့သည်။

တဖြည်းဖြည်း မှောင်စပျိုးလာပြီဖြစ်ရာ ဟာရာကလပ် အဆောက်အဦ၏ မုခ်ဝမျက်နှာစာတွင် "ဖရင့်ဆင်နာထရာ, ဂျူနီယာ" ဟူသော နီယွန်မီးချောင်းဖြင့် ထွန်းထားသည့် စာလုံးများကို အမှောင်ထုအတွင်းမှ ဖောက်ထွင်း၍ အထင်းသား မြင်နေရသည်။

အဆိုပါနီယွန်မီးချောင်းဖြင့် ထွန်းထားသည့် စာလုံးများကို ဖတ်ရှုတွေ့မြင်ရခြင်းအားဖြင့် ယနေ့ညအဖို့ရာ၌ အမေရိကန်တက်သစ်စ လူငယ်အဆိုတော် "ဖရင့်ဆင်နာထရာ" သည် ဤမည်သော "ဟာရာ" ကလပ်၌ ရွှေပွဲလာ မင်းပရိသတ်များအား ညှို့ခံသီဆို ဖြေဖျော်လိမ့်မည်ဖြစ်ကြောင်း ဗေဒင်မေးစရာမလိုဘဲ တထစ်ချ သိနိုင်သည်။

ယနေ့ည ဆိုသည်မှာ ၁၉၆၃-ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ညပင်ဖြစ်သည်။

မှန်သည်။ အမေရိကန် လုံမပျိုများ၏ အသဲစွဲ ကမ္ဘာကျော် ရုပ်ရှင်မင်းသား အဆိုကျော် ဖရင့်ဆင်နာထရာ၏ သားဖြစ်သူ အသက် ၁၉ နှစ်အရွယ်ရှိ တက်သစ်စ လူငယ်အဆိုတော် "ဖရင့်ဆင်နာထရာဂျူနီယာ" သည် ယနေ့ည ဤကလပ်၌ သီဆိုအသုံးတော်ခံရန် ရောက်ရှိနေပြီဖြစ်သည်။ သူသည် ကလပ်အဆောက်အဦ၏ တောင်ဘက် အစွယ်မှ တည်းခိုခန်းတစ်ခန်းတွင် သံစုံခရာမှုတ်သည့် ဂျွန်ဖော့စ်ဆိုသူနှင့်အတူ တည်းခိုလျက်ရှိကြသည်။

အပြင်တွင် ရာသီဥတုကလည်း ပြင်းထန်နေ၍ အချိန်ကလည်း စောသေးသဖြင့် ဖရင့်ဆင်နာထရာဂျူနီယာသည် ညစာစားပြီး တည်းခိုခန်းထဲမှာပင် အဖော်ဖြစ်သူ ဖော့စ်နှင့် စကား စမြည် ပြောဆိုနေခဲ့သည်။

www.burmeseclassic.com



"ထလင်…ကလင်"

ရုတ်တရက် ထွက်ပေါ်လာသော တယ်လီဖုန်းခေါ်သံကြောင့် ရှေ့ဆင်နာထရာသည် ထိုင်ရာမှ ထလာပြီး တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့…ပြောပါခင်ဗျာ…"

သူကပင် စ၍မေးလိုက်သည်။

သို့သော် တခြားတစ်ဘက်မှ ရုတ်တရက် ဘာအသံမှ မကြားရဘဲ ဖြစ်နေပြီး တအောင့်လောက်ကြာမှ "ဩော်…ဆောရီးဗျာ…ဝမ်းနည်းပါတယ်။ ဖုန်းနံပါတ် မှားခေါ်မိလို့ပါ" ဟူသောအသံ ထွက်ပေါ်လာပြီး တစ်ဘက်မှ တယ်လီဖုန်းခွက်ပြန်ချသံကို ကြားလိုက်ရသည်။

ဆင်နာထရာသည် တယ်လီဖုန်းခွက်ကို ပြန်ချရင်း သူ့မိတ်ဆွေဖော့စ်အား လှမ်းပြောလိုက်မိသည်။

"လူရှုပ်တွေနဲ့ တူတယ်၊ ဒီမှာနေတုန်းတော့ ခင်ဗျား ဒီလိုလူရှုပ်တွေနဲ့ ခဏခဏ တွေ့ရမှာပဲ"

တစ်ဘက်မှ တယ်လီဖုန်း"မှား"ခေါ်သူကို "လူရှုပ်တွေ" ဟု ဆင်နာထရာက အမှတ်တမဲ့ ကင်းပွန်းတပ်လိုက်သည်မှာ သူ့ပါးစပ်တွင် "နတ်စောင့်" သလို ဖြစ်သွားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် တစ်ဘက်မှ တယ်လီဖုန်းခေါ်သူသည် သာမန်လူရှုပ်တစ်ယောက်မျှမကဘဲ သူ့ကို ပြန်ပေးဆွဲရန် အကြံဖြင့် တယ်လီဖုန်းဆက်ပြီး ဤတည်းခိုခန်းတွင် သူ ရှိ,မရှိ တစ်ဘက်လှည့်ဖြင့် စုံစမ်းလိုက်ခြင်းပင် ဖြစ်သည်။ ဤသည်မှာ ပြန်ပေးဆွဲသည့် လူဆိုးများ လုပ်နေကျ "နည်းဗျူဟာ" တစ်ခုဖြစ်သည်။ သူတို့ ပြန်ပေးဆွဲရန် ကြံစည်ထားသူသည် သူနေသည့်နေအိမ် သို့မဟုတ် သူ တည်းခိုသည့် ဟော်တယ်ဧည့်ခန်း စသည်များတွင် လောလောဆယ် ရှိ,မရှိ၊ ယင်းသို့ တယ်လီဖုန်း "မှား"ခေါ်သည့်ဟန်ဖြင့် ကြိုတင်စုံစမ်းလေ့ရှိကြသည်။





သို့ဖြင့် ဆင်နာတရာက "လူရှုပ်တွေ" ဟု အမှတ်မထင် ထင်ပွန်းတပ်ခြင်းခံရသူများသည် ရိုးရိုးသာမန်လူရှုပ်များသာ မဟုတ်၊ သူ့ကို ပြန်ပေးဆွဲရန် အကြံကြီးကြံနေသူများဖြစ်ကြောင်း မိနစ်အနည်းငယ်အတွင်းမှာပင် သူသိလိုက်ရသည်။

တယ်လီဖုန်း "မှား"ခေါ်သံကြားရပြီးနောက် မိနစ်အနည်းငယ်အကြာတွင် "ဒေါက်…ဒေါက်…"ဟူသော အခန်းတံခါးခေါက်သံနှင့် အတူ အခန်းအပြင်မှ အသံတစ်ခု ကြားလိုက်ကြရသည်။

"အခန်းသန့်ရှင်းရေးအတွက်ပါ ခင်ဗျာ…"

"ဝင်ခဲ့ပါ။ သော့ခတ်မထားပါဘူး…"

ဟိုတယ်များ၊ တည်းခိုခန်းများတွင် အမြဲထားရှိသည့် အခန်းသန့်ရှင်းရေး အလုပ်သမားတစ်ယောက်ဟူ၍ ထင်မှတ်ကာ ဆင်နာတရာက ခပ်အေးအေး ပြန်ပြောလိုက်သည်။

သို့သော် သူ့စကားအဆုံးတွင် တံခါးကိုတွန်း၍ အခန်းထဲသို့ ဝင်လာသူမှာ အဝတ်ဖြူတစ်ခုကို ဘယ်ဘက်လက်မောင်းပေါ်တင်၍ ဝင်လာလေ့ရှိသည့် သန့်ရှင်းရေး အလုပ်သမားမဟုတ်ဘဲ ပွိုင့် ၃၈ ခြောက်လုံးပြူးတစ်လက်ကို ညာဘက်လက်ဖြင့် ကိုင်ကာ အသင့်ချိန်၍ ဝင်လာသော လူဆိုးတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ရုတ်တရက် ဖြူန်းခနဲဝင်လာသည့် အဆိုပါ လူဆိုး၏နောက်မှ အခြားတစ်ယောက် ကပ်ပါလာပြီး နှစ်ယောက်စလုံး အခန်းထဲသို့ရောက်သည်နှင့်တစ်ပြိုင်နက်၊ နောက်မှကပ်ပါလာသူက တံခါးကို ချက်ချင်းပြန်ပိတ်လိုက်ပြီး ဂလန့်ချလိုက်သည်။

"ဘယ်သူမှ ဘာမှမဖြစ်စေရဘူးကိုယ့်လူ၊ စိတ်ချ၊ ငါတို့ပြောတဲ့အတိုင်းသာ နားထောင်ပြီးလုပ်၊ အားလုံး အဆင်ပြေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ဖြင့် ချိန်ထားသူက ဆင်နှာထရာနှင့် ဖော့စ်တို့ကို လေသံခပ်တတ ခပ်အေးအေးဖြင့် လှမ်းပြောလိုက်သည်။

ဆင်နှာထရာသည် အိမ်ခန်းထဲတွင် ဝတ်နေကျ ခါးစီးဝတ်ရုံအရှည်ကြီးကို ဝတ်ဆင်ထားရာ လူဆိုးများ၏ စေခိုင်းချက်အရ အဝတ်အစားများလဲရသည်။ သူ အဝတ်လဲနေစဉ်အတွင်း သူ့မိတ်ဆွေ ဖော့စ်မှာ လူဆိုးများ၏ အမိန့်အတိုင်း ကြမ်းပြင်ပေါ်တွင် အလျားမှောက်၍ မျက်နှာကို အောက်သို့ငုံ့ထားရသည်။

လူဆိုးတစ်ယောက်က ဆင်နှာထရာအား "အပေါ်က အနွေးထည်ထပ်ဝတ်ခဲ့ဦး" ဟု သတိပေးသဖြင့် သူပြောသည့်အတိုင်း အနွေးထည်တစ်ခု ထပ်၍ဝတ်ရပြန်သည်။ ထိုအခိုက်မှာပင် အခြားတစ်ယောက်က ကြမ်းပေါ်တွင် အလျားမှောက်နေသည့် ဖော့စ်အား အသင့်ယူလာသည့် ကော်ပါသော တိတ်ပြားများဖြင့် ခြေထောက်များ လက်ဖျားများကို ပတ်၍တုပ်နှောင်သည်။ ထို့နောက် မျက်စိများကိုပါ တိတ်ပြားဖြင့် ပိတ်၍ ကပ်ပြန်သည်။

လူဆိုးနှစ်ယောက်သည် ဆင်နှာထရာအား အဝတ်အစားလဲပြီးလျှင်ပြီးခြင်း အခန်းပြင်ဘက်သို့ ဆွဲ၍ခေါ်ထုတ်သွားကြသည်။ ထိုမှတစ်ဆင့် အပြင်ဘက် စင်္ကြံလမ်းကလေးအတိုင်း ခေါ်ဆောင်သွားပြီး ထိုမှတစ်ဖန် ကုန်းဆင်းလှေကားအတိုင်း ဆင်းကာ လမ်းပေါ်တွင် အသင့်စက်နှိုးထား သည့် ချက်ပလက်ကားကြီးပေါ်သို့ အတက်ခိုင်းသည်။

ဆင်နှာထရာသည် သေနတ်ကိုင်ထားသည့် လူဆိုး၏ အမိန့်အရ ကားနောက်ပိုင်းသို့ ဝင်လိုက်ရပြီး ထိုင်ခုံကူရှင်ပေါ်တွင် လှဲအိပ်နေရသည်။ ကားမထွက်မီ အခြား လူဆိုးတစ်ယောက်က ဆင်နှာထရာအား မျက်လုံးများကို အဝတ်တစ်ခုဖြင့် ပတ်၍ စီးလိုက်သေးသည်။

"ငြိမ်ငြိမ်နေနော် ကိုယ့်လူ၊ လှုပ်လည်း မလှုပ်နဲ့ ဘာသံမှလဲ





မထွက်စေနဲ့၊ ဒီအတိုင်းလိုက်ရင် မောင်ရင် ဘာမှမဖြစ်စေရဘူး"

ပြောပြောဆိုဆိုဖြင့် စောစောက သေနတ်ကို ကိုင်ထားသည့် လူဆိုးသည် ဒရိုင်ဘာနေရာတွင် ဝင်ထိုင်လိုက်သည်။ အခြားတစ်ယောက်က သူ့ဘေးတွင် နေရာယူလိုက်သည်။ ခဏအကြာတွင် တက်သစ်စ လူငယ် အဆိုတော် ဖရင့်ဆင်နှာထရာ ဂျူနီယာအား တင်ဆောင်ထားသည့် ချက်ပလက်ကားကြီးသည် သေတဂုဏ်ဂုဏ်တိုက်၍ နှင်းတဖွဲဖွဲကျနေသည့် ညဥ့်၏အမှောင်ထုကို ဖောက်ထွင်းကာ နီဗားဒါးပြည်နယ်ရှိရာ အရှေ့ဘက်ဆီသို့ ဆူညံသော စက်သံဖြင့် တဟုန်ထိုး မောင်းနှင်ထွက်ခွာသွားတော့သည်။

ဤသို့ဖြင့် အက်ဖ်ဘီအိုင်အဖွဲ့ကြီး၏ အရေးကြီးသော မှတ်တမ်းဝင် မှုခင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် တက်သစ်စ အဆိုတော် ဖရင်ဆင်နှာထရာ ဂျူနီယာအား ပြန်ပေးဆွဲသည့် အမှုကြီးသည် ဇာတ်လမ်းပမာ စတင်ဖြစ်ပွားလာခဲ့သည်။

ဖခင်ဖြစ်သူ ဖရင့်ဆင်နှာထရာကလည်း ကမ္ဘာနှင့်အဝှမ်း ကျော်ကြားသည့် အဆိုတော်ရုပ်ရှင်မင်းသား တစ်ယောက်ဖြစ်သည့်ပြင် သူကိုယ်တိုင်ကလည်း အမေရိကန် မြို့ကောင်ပေါက်မကာလေးများ၏ အသည်းစွဲ လူငယ်အဆိုတော်တစ်ဦး ဖြစ်နေသည့်အလျောက် ဤပြန်ပေးဆွဲမှုကြီးမှာ ကြားရသူတိုင်းအဖို့ စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့ရသည်။

သို့သော် ဤပြန်ပေးဆွဲမှုကြီးသည် ပြန်ပေးအဆွဲခံရသည့် လူငယ်အဆိုတော်ကို အကြောင်းပြု၍ စိတ်ဝင်စားဖွယ်ရာ ကောင်းနေသည့်ပြင် ပြန်ပေးဆွဲသည့် လူဆိုးများ၏ ကြံမိကြံရာ ကြံစည်ခဲ့ပုံများနှင့် မရှုမလှ မပါးမနပ်ဖြင့် "ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်မိပြီး" ခုက္ခရောက်ကြရပုံ များမှာလည်း စိတ်ပါဝင်စားစရာ ကောင်းလှသည်။

ဤပြန်ပေးဆွဲသည့်ဂိုဏ်း၏ ခေါင်းဆောင်မှာ ဘာရီ ကီးနန်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်၍ ဇရင့်ဆင်နာထရာ၏ အခန်းထဲသို့ ခြောက်လုံးပြူးကိုင်၍ ဝင်လာသူမှာ သူပင်ဖြစ်သည်။

ဘာရီကီးနန်းသည် အမှုဖြစ်ပွားစဉ်က အသက် ၂၇ နှစ်မျှသာရှိသေးသည်။ ထိုစဉ်က သူသည် လော့စ်အိန်ဂျလီးစ်မြို့တွင် "ခြေသလုံးအိမ်တိုင်" ဘဝသို့ ရောက်ရှိနေသော်လည်း ၁၉၅၈-ခုနှစ်တွင် တက္ကသိုလ်မှ ဘွဲ့ရခဲ့သူတစ်ယောက်ပင် ဖြစ်သည်။ ကီးနန်းသည် ဘွဲ့ရပြီးနောက် အဆောက်အဦ ဆောက်လုပ်သည့် ကုမ္ပဏီတစ်ခုတွင် အတော်ကြာအောင် လုပ်ကိုင်ခဲ့ဖူးသည်။ ထို့မှတစ်ဆင့် ကုန်မာပစ္စည်းများ ဝယ်ယူထောက်ပံ့သည့်ကုမ္ပဏီတစ်ခုတွင်လည်း တစ်နှစ်ကျော် နှစ်နှစ်နီးပါးမျှ ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးသေးသည်။

သို့သော် သူ့လိုလားချက်မှာ အလုပ်နည်းနည်းလုပ်ပြီး ငွေများများရသည့် အလုပ်မျိုးကို ပို၍သဘောကျသည်။ ပို၍လုပ်ချင်သည်။ ဖြစ်နိုင်လျှင် လုံးဝအလုပ်မလုပ်ဘဲ ငွေများများရလေ ကောင်းလေဟု သူ့စိတ်ထဲက "ရိုးသားစွာ" ယူဆသည်။ ပို၍ရှင်းအောင်ပြောရလျှင် သူသည် အလုပ်လုပ်ရမည်ကို ပျင်းလည်းပျင်း ကြောက်လည်းကြောက်သူ တစ်ဦးဖြစ်သည်။

ဤသို့အနည်းဆုံးလုပ်ပြီး အများဆုံးလိုချင်သည့် ဆန္ဒဖြစ်ပေါ်လာသည်မှာလည်း စင်စစ် သူ့အပြစ်မဟုတ်၊ ဤသို့ "ရေသာခို အချောင်လိုက်" လိုသည်မှာ သူ့ဘဝပတ်ဝန်းကျင်မှ ရရှိသည့် ခံယူချက်တစ်ခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူ့အထက်တန်း ကျောင်းသားဘဝက သူ့ဖခင်သည် စက်ရုံအလုပ်ရုံကြီးများနှင့် ဆက်သွယ်၍ ကုန်သည်ကြီးများထံ ကုန်ပစ္စည်းများကို တစ်ဆင့်ခံ ရောင်းချပေးသည့် ပွဲစားအကြီးစားကြီး တစ်ဦးပင်ဖြစ်သည်။ သူ့ဖခင်သည် ထိုလုပ်ငန်းတွင် ငွေလည်းမစိုက်ရ၊ လူလည်းမဝင်ပန်းလှဘဲ ကုန်သည်ကြီးများနှင့် စက်ရုံအလုပ်ရုံကြီးများကို ပါးစပ်ဖြင့် ဆက်သွယ်ပေးရုံမျှနှင့် နေ့စဉ်ဝင်ငွေ သိန်းချီ၍ ရရှိခဲ့သည်။ ဤသို့ ခေါင်း





ပုံဖြတ်၍ အမြတ်ကြီးစားသည့်အလုပ်ဖြင့် ကြီးပွားချမ်းသာလာသော ဖခင်ဖြစ်သူအား မြင်တွေ့နေရသည့် သားဖြစ်သူ ကီးနန်းသည် သူ့ဖခင်ကဲ့သို့ပင် အသက်သာဆုံးနှင့် ဝင်ငွေအများဆုံးရသည့် အလုပ်မျိုးကိုသာ လုပ်ချင်စိတ်ပေါ်ပေါက်လာခဲ့သည်။ ဤသည်ပင်လျှင် ဤပြန်ပေးဆွဲမှုကြီး ဖြစ်ပွားခြင်း၏ အခြေခံအကြောင်းရင်းတစ်ရပ် ဖြစ်သည်။

ဤအခြေခံအကြောင်းရင်းကို ပိုမိုလှုံ့ဆော်သလို ဖြစ်လာရပုံမှာ ကီးနန်းသည် ရေသာခို၍ ဖြတ်လမ်းလိုက်လိုသည့်စိတ်ဖြင့် အလုပ်မှထွက်လိုက်ပြီး ခြေသလုံးအိမ်တိုင် ဘဝတွင် ကျက်စားနေထိုင်လာခဲ့ရာမှ ၁၉၆၃ ခုနှစ် အစပိုင်းလောက်တွင် အကြွေးများ လည်ပင်းခိုက်အောင် တက်လာခဲ့သည်။

သို့ဖြင့် ၁၉၆၃ ခုနှစ် တစ်နှစ်လုံး အကြွေးများဖြင့် နပမ်းလုံး၍ နေလာခဲ့ရသော ကီးနန်းသည် အောက်တိုဘာလ၏ တစ်ခုသော ညတစ်ညတွင် စန်တာမိုနီကာမြို့ကလေးမှ အရက်ဆိုင်တစ်ဆိုင်တွင် ကျောင်းနေဖက်သူငယ်ချင်းဟောင်း တစ်ဦးဖြစ်သူ အမ်စလာနှင့် အမှတ်မထင် တွေ့ဆုံခဲ့သည်။

အမ်စလာသည် ကီးနန်းနှင့် ရွယ်တူသက်တူဖြစ်၍ ကျောင်းမှထွက်ပြီး ငါးဖမ်းလုပ်ငန်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသူတစ်ဦး ဖြစ်သည်။ လက်ဝှေ့ဝါသနာပါသူလည်း ဖြစ်၍ တစ်ခါက လက်ဝှေ့ပြိုင်ပွဲတစ်ခုတွင် ဆုတံဆိပ်များပင် ရခဲ့ဖူးသည်။

"ထန်းရည်မူး ကျွဲခိုးပေါ်" ဆိုသကဲ့သို့ ကီးနန်းသည် အမ်စလာနှင့် အရက်အတူသောက်ရင်း "ရေချိန်" ကိုက်လာသည်နှင့် သူ့စိတ်ထဲရှိသမျှ*ဖွင့်အံ၍ ပြောပြတော့သည်။ ကျောင်းသားဘဝကပင် ဝေဝေဆာဆာနှင့် ချမ်းသာလိုစိတ်ရှိခဲ့သော ကီးနန်းသည် ကျောင်းနေဖက်သူငယ်ချင်းဟောင်းကို တွေ့ရသည်နှင့် ရောဂါဟောင်း ပြန်ထကာ ပင်ပင်ပန်းပန်း မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရဘဲ သက်သက်သာသာဖြင့် နေ့ချင်းညချင်း ကြီးပွားချမ်းသာနိုင်သည့် အလုပ်တစ်ခုကို အတူလုပ်ကြရန် ဖွင့်ဟ၍တိုင်ပင်တော့သည်။ ယင်းအလုပ်ထား အခြားမဟုတ်၊ ငွေကြေးချမ်းသာ၍ နာမည်ကြီးနေသော လူတစ်ယောက်ကို ပြန်ပေးဆွဲရန်ပင်ဖြစ်သည်။

အမ်စလာမှာမူ မမျှော်လင့်ဘဲ တွေ့ရသည့် သူငယ်ချင်းဟောင်းထံမှ မမျှော်လင့်သည့် စကားကို ကြားလိုက်ရသဖြင့် ရုတ်တရက် ခေါင်းညိတ်ရအခက်၊ ခေါင်းခါရအခက် ဖြစ်သွားခဲ့သည်။ သို့သော် ဤအလုပ်မျိုးမှာ ချက်ချင်းလက်ငင်း ဆလုပ်၍ဖြစ်သည့်အလုပ်မျိုးလည်း မဟုတ်သည့်ပြင် ကီးနန်းကိုယ်တိုင်က ဤအလုပ်တွင် ဘယ်လောက်အထိ စိတ်ပါဝင်စား၍ ကြံစည်ပြင်ဆင်မှုများ ရှိနေသည်ကိုလည်း မသိရသေးသဖြင့် "အေးပေါ့ကွာ၊ ကြည့်သေးတာပေါ့၊ ဒီကိစ္စအတွက် ငါမင့်ကို အကြောင်းပြန်ပါ့မယ်၊ မင်းနဲ့ ငါနဲ့လည်း နောက်တွေ့ဦးမှာပဲ" ဟူ၍ မတင်တကျ ပြောထားခဲ့သည်။

နောက်ရက် အနည်းငယ်အကြာတွင် အမ်စလာသည် သူနှင့် ကီးနန်းတို့ အရက်ဆိုင်တွင်တွေ့၍ စကားပြောခဲ့ကြပုံများကို ငါးဖမ်းလုပ်ငန်းမှ သူမိတ်ဆွေ ဟန်ဆွန်ဆိုသူအား တစ်ဆင့်ပြန်၍ ဖောက်သည်ချခဲ့သည်။

"ဒီ ကီးနန်းဆိုတဲ့အကောင်ရဲ့ အဖေက အရင်တုံးကတော့ သန်းကြွယ်သူဌေးတစ်ယောက်ပဲ၊ ဒါပေမယ့် အခုတော့ မွဲပြီး အထည်ကြီးပျက်ဖြစ်နေပါပြီကွာ၊ ဒါနဲ့ ဒီကောင်လည်း စိတ်ညစ်ပြီး ကြံမိကြံရာ ကြံတာထင်ပါရဲ့၊ ငါနဲ့တွေ့တော့ ငွေရပေါက်တစ်ခု လုပ်ရအောင်ဆိုပြီး ပြန်ပေးဆွဲဖို့ အစီအစဉ်တစ်ခု ပြောပြတယ်ကွ၊ အဲဒါဘယ့်နှယ်လဲ"

အမ်စလာသည် သူ့မိတ်ဆွေ ဟန်ဆွန်အား အကြံဉာဏ်တောင်းသလိုလို၊ သူ့ခိုးသေဖော် ညှိသလိုလိုဖြင့် မသိမသာ စကားခေါ်ကြည့်သည်။ သို့သော် ဟန်ဆွန်က သည်နေရာတွင် စကားကို အပြတ်ပြောလိုက်သည်။





"အေးအေး နေစမ်းပါကွာ . . . မအူမလည်နဲ့ တော်တော်ကြာ ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေပါဦးမယ်"

အမ်စလာနှင့် ဟန်ဆွန်တို့ ထိုသို့အပေးအယူ မတည့်ဘဲ ဖြစ်နေကြစဉ် ဤဇာတ်လမ်းကို "စီစဉ်ညွှန်ကြား၍ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်မည့်" ကီးနန်းသည်လည်း သူနှင့်ခင်မင်ရင်းနှီးလာသော ရောက်ရင့်စ်ဆိုသူအား ဤကိစ္စကို အတိုက်အခွေးနွေးပြန်သည်။ တောရင့်စ်မှာ "ရှေ့အင်ရိုး" ခေါ် အရှေ့ချိုးပန်းအကအဖွဲ့တစ်ခုတွင် ခေါင်းဆောင်အဖြစ် ပါဝင် ကပြနေသူတစ်ဦး ဖြစ်၍ ကီးနန်းနှင့် သောက်ဖော်စားဖက် တေဖော်တေဖက်ဖြစ်သည်။

"ငါ့အစီအစဉ်တွေက အင်မတန်သေချာတယ်ကွ၊ ဘာတစ်ခုမှ ချောက်ကျစရာမရှိဘူး၊ အားလုံးကွက်တိပဲ"

ကီးနန်းက ပြန်ပေးဆွဲရန် အဖက်ဖက်က လိုလေသေးမရှိ ကွက်တိ စီစဉ်ထားပုံများကို အရှုးချိုးပန်းဆရာတော့ရင့်စ်အား အသေးစိတ် ပြောပြသည်။ သို့သော် တော့ရင့်စ်က သိပ်စိတ်ပါပုံမရ လောလောဆယ် သူ့အလုပ်နှင့်သူ စိတ်ရှုပ်နေပုံရသည်။

"ကဲကွာ . . ဒီလိုဆိုရင်လဲ မင်းစဉ်းစားဦးပေါ့၊ ဒါပေမယ့် ဒီအတောအတွင်း ငါဘိုင်ကျနေလို့ ငါ့ကိုဒေါ်လာ ၆၀၀ လောက်တော့ ခဏချေးကွာ ငါကိစ္စအောင်မြင်ရင် မင်းငွေကို တစ်ခါတည်း လုံးခနဲပြန်ဆပ်ပါ့မယ် . . ."

ကီးနန်းသည် လတ်တလော ပြန်ပေးဆွဲသည့်အလုပ် မဖြစ်သေးသော်လည်း သူရောင်းရင်းတော့ရင့်စ်ထံမှ ဒေါ်လာ ၆၀၀ တော့ အလုပ်ဖြစ်အောင် ကြိုးစားကြည့်သည်။ တော့ရင့်စ်သည် ကီးနန်း၏ ပြန်ပေးဆွဲ၍ ငွေရှာမည့်အလုပ်ကို အခိုက်အတန့်တွင် စိတ်မဝင်စားသော်လည်း တစ်ဘက်က အရှုးချိုးပန်း အကဖြင့် ဝင်ငွေကောင်းနေသလောက် ကီးနန်း အပေါ်တွင် မိတ်ဆွေကောင်းတစ်ယောက်ပီပီ ဒေါ်လာ ၆၀၀ ကို ချက်ချင်း ရှုရှု ထုတ်ချေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကီးနန်သည် ရိုးရိုးသားသား သမ္မာအာဇီဝ လုပ်ငန်းများကို လုပ်ကိုင်ရန် စိတ်ဝင်စားသော်လည်း မကောင်းမှုဒုစရိုက်အလုပ်ကိုမှ စိတ်ရှည်လက်ရှည် ကြိုးစားသူဖြစ်သည်။ တောရင့်စ်ထံမှ ငွေ ၆၀၀ ရသော်လည်း ထိုငွေကို အလဟဿ ဖြုန်းမပစ်ဘဲ ပြန်ပေးဆွဲမည့် စီမံကိန်းတွင် တတ်နိုင်သလောက် အသုံးပြုခဲ့သည်။ ထိုငွေဖြင့် ပြန်ပေးဆွဲရမည့် "သားကောင်" ကို လိုက်လံရှာဖွေခဲ့သည်။ ပြန်ပေးဆွဲရာတွင် လိုအပ်မည့် မော်တော်ကား၊ အိမ်၊ တယ်လီဖုန်း စသည်တို့ငှားရန် စီစဉ်ခဲ့သည်။

ကီးနန်သည် ဤကိစ္စတွင် တစ်ဦးတည်း တစ်ကိုယ်တော် သူ့ရဲ့ကောင်းလုပ်၍ မဖြစ်သည်ကို သိထားသဖြင့် အမ်စလာနင့် တောရင့်စ်ကို သူ့ရှိသေဖော်ညှိကြည့်ခြင်းဖြစ်သည်။ သူတို့နှစ်ယောက်က အင်းမလှုပ် အဲမလှုပ်ဘဲရှိနေသဖြင့် အလုပ်မဖြစ်သော်လည်း စိတ်မပျက်ဘဲ အခြားတစ်ယောက်ကို "ဆွယ်" ကြည့်သည်။

ထိုအခြားတစ်ယောက်မှာ ရော်နယ်ဘာရေးဆိုသူ ဖြစ်သည်။ ရော်နယ်ဘာရေးနှင့် ဆွေးနွေးရာတွင်မူ ကီးနန်းသည် အမ်စလာနင့် တောရင့်စ်တို့ကို ဆွေးနွေးခဲ့စဉ်ကထက်ပို၍ အလုပ် သဘောပါသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကီးနန်းက သူပြန်ပေးဆွဲရန် ရွေးချယ်ထားသူမှာ လောလောဆယ် ရေပန်းစား၍ ဝင်ငွေကောင်းနေသည့် လူငယ်အဆိုတော် ဖရင့်ဆင်နာထရာ ဂျူနီယာပင်ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောခဲ့သည်။ သို့ပြောခဲ့ရုံမျှမက ဤပြန်ပေးဆွဲသည့်ကိစ္စတွင် ရော်နယ်ဘာရေးသာ ပါဝင်ကူညီမည်ဆိုပါက ဒေါ်လာတစ်သောင်း (၁၀၀၀၀) တိတိပေးမည်ဟူ၍ပင် အခိုင်အမာ ကတိပြုလိုက်သေးသည်။

လောလောဆယ်ဆယ် မိမိတွင် အကြီးအကျယ် ဘိုင်ကျနေသဖြင့် စိတ်ဆွေဖြစ်သူ တောရင့်စ်ထံမှ ဒေါ်လာ ၆၀၀ ကိုပင် တောင်းတောင်းပန်ပန် ချေးခဲ့ရသော ကီးနန်းသည် စိတ်ကူးထဲတွင် တိုက်အိမ်ဆောက်သလို





ပြန်ပေးဆွဲ၍ရမည့်ငွေထဲက ရော်နယ်ဘာရေးအား ဒေါ်လာတစ်သောင်း ပေးမည်ဟူ၍ ရဲရဲကြီး ကတိပေးနေသည်မှာ "ထီမပေါက်ခင်က အလှူကြီး အတန်းကြီး ပေးနေသည်" နှင့် ပမာတူနေလှသည်။

သို့သော် ရော်နယ်ဘာရေးဆိုသူမှာလည်း အခြေကျအနေကျ မဟုတ်ဘဲ ကလေကဝ "လမ်းဘေးပျက်စီးမယ့် လူတန်းစား" တစ်ယောက်ဖြစ်ရာ နောင်အခါ ငွေတစ်သောင်းရသည် မရသည် အပထား၊ လောလောဆယ်ဆယ် လက်ထဲတွင် ခြူးတစ်ပြားမှ မရှိသော မိမိထက် ဒေါ်လာ ၆၀၀ တိတိပို၍ ချမ်းသာနေသော ကီးနန်း၏ အလှူအတန်းကို သဒ္ဓါတတ်အားနည်းများမဆို လက်ခံလိုသည့်အတွက် ကီးနန်းနှင့်အတူလိုက်ပါ၍ ပြန်ပေးစီမံကိန်းကြီး၏ ပဏာမ ပြင်ဆင်မှုများကို လုပ်ကိုင်ပေးခဲ့သည်။

သို့နှင့်ပင် ကီးနန်းနှင့် ဘာရေးတို့သည် ပြန်ပေးဆွဲသည့်နေရာတွင် မပါလျှင် မဖြစ်သည့် "ပရိက္ခရာ" တစ်ပါးဖြစ်သော သေနတ်များ ဝယ်ရန် မက္ကဆီကိုနိုင်ငံဘက်သို့ ခရီးထွက်ခဲ့ကြသည်။

သို့သော် သူတို့၏ပဏာမ ပြင်ဆင်မှုမှာ "ဗေထိ" ဆိုသည်နှင့် နဖူးကွဲသွားရာသည့် လက်ဖွေ့သမားလို "ချီကတည်းက ယဉ်သကို" ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် မက္ကဆီကိုတွင် တိတ်တိတ်ပုန်း လက်နက်များ ရောင်းသည့် အိမ်တစ်အိမ်၌ လက်နက်မျိုးစုံတို့ကို ကြည့်ရှုရွေးချယ် ဝယ်ယူနေစဉ်မှာပင် ရဲအဖွဲ့ဝင်များ အိမ်ပေါ်သို့ ဖြန်းခနဲ တက်လာပြီး ရောင်းသူရော ဝယ်သူပါ အဖမ်းခံကြရသောကြောင့် ဖြစ်သည်။

အဆိုပါ လက်နက်ရောင်းဝယ်မှုတွင် နောက်ဆုံး၌ နှစ်ယောက်စလုံး ပြန်လွတ်လာကြ၍ ငွေနှင့်လက်နက်များသာ အစိုးရဘဏ္ဍာတော်အဖြစ် အသိမ်းခံလိုက်ကြရသော်လည်း ရော်နယ်ဘာရေးမှာ "သွေး" လန့်သွားသဖြင့် ကီးနန်းနှင့် အဆက်ပြတ်ကာ နောက်ထပ် အတွေ့မခံရဲတော့ဘဲ ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတုသိုလ်ခုစရိုက်လုပ်ငန်းတွင် မလျော့သောလုံ့လဖြင့် ငွေနဲ့ဘဲ ကြီးလှသော ကီးနန်းသည် ရော်နယ်ဘရေးတစ်ယောက် သေးလန့်သွားသဖြင့် သူထံမလာခဲ့တော့ဘဲ ဖြစ်သွားသော်လည်း စိတ်မပျက် အားမငယ်ဘဲ “တော်သော ရှေ့ရှာဦးမည်” ဟူသော စိတ်ဓာတ်ဖြင့် နောက်တစ်ယောက်ကို ထပ်ခံစည်းရုံးခဲ့ပြန်သည်။ ထိုတစ်ယောက်မှာ ဂျွန်အာဝင်ဆိုသူဖြစ်၍ အိမ်များကို ဆေးသုတ်သည့်အလုပ်ဖြင့် ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူဖြစ်သည်။

ဂျွန်အာဝင်မှာ ကီးနန်းထက် အသက်နှစ်ဆမျှ ကြီး၍ ၄၂ နှစ်ပင် ရှိပြီဖြစ်ရာ အသက်ကြီးမှ ပိုပြီးပိုက်ချင်၍လား မသိ၊ ကီးနန်း၏ ပြန်ပေးဆွဲမည့် စီမံကိန်းကို ရောရောရှရှ ထောက်ခံသည့်ပြင် စိတ်ရောကိုယ်ပါ “ထားရာနေ စေရာသွား” ရန် အသင့်ရှိကြောင်း ကတိပေးလိုက်သည်။ သို့ဖြစ်ရာ စီစဉ်ညွှန်ကြားသူ ကီးနန်း၏နေရာချထားမှုအရ ပြန်ပေးဆွဲ၍ ငွေတောင်းရာတွင် အာဝင်သည် “ဆက်သွယ်ရေး အရာရှိ” အဖြစ် ဆောင်ရွက်ရန် သဘောတူခဲ့သည်။

နောက်ဆုံး၌ ကီးနန်းသည် သဘောတရားမှ လက်တွေ့လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ရန် လိုအပ်ပြီဟု ဆုံးဖြတ်၍ ပြန်ပေးဆွဲမည့် “သားကောင်” ဖရင့်ဆင်နာထရာအား မည်သည့်နေ့ရက် မည်သည့်နေရာတွင် ပြန်ပေးဆွဲရန် သင့်တော်မည်ကို နေ့ကောင်းရက်သာ ရွေးချယ် သတ်မှတ်လိုက်သည်။

သူရွေးချယ်လိုက်သည့်နေရာမှာ အာရီဇိုးနားပြည်နယ်၏ ဗဟိုချက်မဖြစ်သော ဖီးနစ်မြို့တော်တွင် ဖြစ်သည်။ မကြာမီ အာရီဇိုးနားပြည်နယ်မှ နယ်သူနယ်သားအားလုံး အုံးအုံးကြွက်ကြွက် တစ်ခဲနက် ပါဝင် ဆင်နွှဲကြမည့် “စတိတ်ဖဲယား” ခေါ် ပြည်နယ် ပွဲတော်ကြီး ကျင်းပတော့မည်ဖြစ်သည်။ ထိုပွဲတော်ကြီးတွင် လူငယ်အဆိုတော် ဖရင့်ဆင်နာ





ထရာ တက်ရောက်၍ ရှုပွဲလာ မင်းပရိသတ်များအား သီဆိုဖျော်ဖြေမည်ဖြစ်ရာ ထိုနေ့ ထိုရက် ထိုအချိန်အခါသည် ပြန်ပေးဆွဲရန် အကောင်းဆုံး မင်္ဂလာအခါတော်ဖြစ်သည်ဟု ကီးနန်းနှင့် အာဝင်တို့နှစ်ယောက်စလုံးက တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။

သို့နှင့်ပင် ကီးနန်းနှင့် အာဝင်တို့သည် အာရီဇိုးနားပြည်နယ် ပွဲတော်ကြီးကို ဆင်နွှဲရန် ဖီးနစ်မြို့တော်သို့ လက်တွဲ၍ ရောက်ရှိလာခဲ့ကြသည်။ ဤပြည်နယ်ပွဲတော်ကြီးသည် သူတို့အတွက် “ပွဲကြီး ပွဲကောင်း” တစ်ခုပင် မဟုတ်ပါလော...။

သူတို့နှစ်ယောက်သည် ဖီးနစ်မြို့သို့ ပွဲတော်ရက်မတိုင်မီကပင် ကြိုကြိုတင်တင် ရောက်ရှိနေကြ၍ “မိုတယ်” ခေါ် ယာယီတည်းခိုခန်း တစ်ခုကို ကြိုကြိုတင်တင် ငှားရမ်းတည်းခိုခဲ့ကြသည်။ တစ်ချိန်တည်းတွင် မြို့အစွန်အဖျား ချောင်ကျကျတစ်နေရာမှ အိမ်အလွတ်တစ်လုံးကိုလည်း ကြိုကြိုတင်တင် ငှားရမ်းထားကြသည်။ ထိုအိမ်တွင် အလွန်အရေးကြီးလှသည့် ပစ္စည်းတစ်ခုဖြစ်သော တယ်လီဖုန်းကိုလည်း ကြိုကြိုတင်တင် အလျှင်အမြန် တပ်ဆင်ခဲ့ကြသည်။ ဤအိမ်နှင့် ဤတယ်လီဖုန်းမှာ ဖရင့်ဆင်နာထရာအား ပြန်ပေးဆွဲပြီးနောက် “ဂုက်”ထားရန်နှင့် ငွေတောင်းရန် ဖြစ်သည်။

ယင်းသို့ သူတို့တည်းခိုရန် တည်းခိုခန်းနှင့် ပြန်ပေးဆွဲရာတွင် အသုံးပြုရန် အိမ်အလွတ်တစ်လုံးကို ကြိုကြိုတင်တင် ငှားရမ်းခဲ့ကြရာ၌ သူတို့သည် လာမည့်အန္တရာယ်ကိုလည်း ကြိုကြိုတင်တင် ကာကွယ်သောအားဖြင့် နာမည်ရင်းများကို မသုံးဘဲ၊ ပြောင်းထားသော နာမည်များကို အသုံးပြုခဲ့ကြသည်။ စီမံကိန်းရေးဆွဲစဉ်က အသေးစိပ် ချမှတ်စီစဉ်ထားသည့် အတိုင်း နာမည်ပြောင်းရာ၌ပင် တည်းခိုခန်းကို ငှားသည့်နာမည်က တစ်မျိုး၊ အိမ်အလွတ်ကို ငှားသည့်နာမည်က တစ်မျိုး စသည်ဖြင့် “အနိုင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ကြသည်။ သို့မှသာ ဤအမှုတွင် ရဲနှင့်စုံထောက်များ "ယုန်တောင် မြှောက်လိုက်" ဖြစ်ကြမည် မဟုတ်ပါလော…။

သို့သော်…

ဤ "သို့သော်" မှာ ကီးနန်းအတွက် သေးသေးကွေးကွေး မဟုတ်ဘဲ ရောမ "သို့သော်ကြီး" ဖြစ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အစစအရာရာ အဖက်ဖက်က လိုလေသေးမရှိ "ကွက်တိ" ပြင်ဆင်စီစဉ်ပြီးကာမှ ဤ "သို့သော်ကြီး" က ကန့်လန့်ခံနေခဲ့သည်။

ဖြစ်ပုံမှာ ဤပြည်နယ်ပွဲတော်ကြီးသည် တစ်နှစ်မှ တစ်ခါ ကျင်းပ၍ နတ်ဘုံနတ်နန်းတမျှ ခမ်းနားကြီးကျယ်လှသည့် အလျောက် အာရီဇိုးနားပြည်နယ် တစ်ခုလုံးသာမက အခြားပြည်နယ်များကပါ အုံးအုံးကျွက်ကျွက် တစ်ခဲနက် လာရောက်ကြ၍ ကြက်ပျံမကျ စည်ကားလှသည်ဖြစ်ရာ ထောင်မက၊ သောင်းမက၊ သိန်းမက ကြိတ်ကြိတ်တိုးနေကြသည့် လူအုပ်ကြီးထဲတွင် လူတစ်ယောက်ကို ပြန်ပေးဆွဲရန်မှာ လုံးဝ စဉ်းစားမရဘဲ "တွေးရခက်ကြီး" ဖြစ်နေခဲ့သည်။ ကျောချင်းကပ်၍ လူလူချင်းထပ်ကာ ကြပ်ညပ်နေသည့် ရောမ လူအုပ်ကြီးထဲတွင် ကိုယ့်ကိုယ်ကိုပင် လိုရာခရီး တစ်ထောက်ရောက်အောင် မနည်းကြီး တိုးဝှေ့နေရသည့် အထဲက အခြားလူတစ်ယောက်ကို အသာတကြည်မဟုတ်ဘဲ သေနတ်ပြင့်စော့၍ ခြိမ်းခြောက်ကာ ပြန်ပေးဆွဲရန်အလုပ်မှာ "ပတ္တမြားနကင်းနှင့် သကြားမင်းကြီး" ကိုယ်တိုင်ဆင်း၍ လုပ်သည့်တိုင်အောင် မဖြစ်နိုင်၍ လက်မှိုင်ချရမည်မှာ သေချာသည်။

သည့်ထက်သည် ပို၍ ခက်လိုက်ပုံမှာ အဖေက နာမည်ကြီး အဆိုတော် ရုပ်ရှင်မင်းသားဖြစ်နေသည့်ပြင် သားကလည်း အသက်ငယ်ငယ် ၁၉ နှစ်အရွယ်တွင် အဖေ့ခြေရာနင်း၍ တက်သစ်စလူငယ်အဆိုတော် အဆိုကျော်ဖြစ်နေပြန်ရာ "သကောင့်သား" ဖရင့်ဆင်နာထရာ ဂျူနီယာမှာ





သွားလေရာရာ လူအုပ်ကြီးက ဝိုင်းလိုက်နေကြခြင်းပင် ဖြစ်သည်။ သည့်အထဲတွင် ဆံတိုလည်ရစ်နှင့် ဆံတိုဂုတ်ဝဲ "မိန်းကလေး" များနှင့် "ဒီကောင်မလေး" တွေက ပို၍သဲကြသည်။ ပြည်နယ်ပွဲတော် ပွဲခင်းကြီးအတွင်း "ရွှေမင်းသားလေး" ဖရင့်ဆင်နာထရာ သွားလေရာသို့ "တော်သလင်းပွဲတော်ကြီးပမာ" သူတို့တတွေ တဝုန်းဝုန်း တရုန်းရုန်းဖြင့် ဝိုင်းအုံစုပြုံ၍ လိုက်နေကြရာ ပြန်ပေးစီမံကိန်းဆရာများ ဖြစ်ကြသော ကီးနန်းနှင့် အာဝင်တို့မှာ ဖရင့်ဆင်နာထရာအား ပြန်ပေးဆွဲရန် မဆိုထားဘိ သူ့အနားရောက်အောင်ပင် ဘယ်လိုက ဘယ်လိုလုပ်သွားရမှန်း မသိအောင် ဖြစ်နေကြသည်။

ပွဲခင်းကြီးထဲတွင် ယင်းသို့ ကြုံရမရ အခြေမလှ ဖြစ်ခဲ့ရသလို အပြင်မှာလည်း ကီးနန်းအတွက် လက်တွေ့တွင် အခက်တွေ့နေကြရသည်။ တွေ့ကြပုံမှာ ပြန်ပေးဆွဲပြီးနောက် ငွေတောင်းခံရာတွင် အသုံးပြုရန် တပ်ဆင်ထားသော တယ်လီဖုန်းမှာ အခြားမြို့ကြီးများမှာကဲ့သို့ ချက်ချင်းပြော၍ မရဘဲ၊ တယ်လီဖုန်းပြောမည့်သူ၏ ဖုန်းနံပါတ်ကို အရင်ကြိုတင်ပြောကြရသည်။ ဤသည်မှာ တယ်လီဖုန်းပြောသည့် အခကြေးငွေများကို တောင်းခံရာ၌ ပိုမိုလွယ်ကူအောင် တယ်လီဖုန်းကုမ္ပဏီက တီထွင်ထားသည့် စနစ်ဖြစ်သည်။

သို့ဖြစ်ရာ ဤကိစ္စတွင် ကိုယ့်တယ်လီဖုန်းနံပါတ်ကို ကြိုတင်ပြောရန်မှာ ကီးနန်းနှင့် အာဝင်တို့အတွက် ကိုယ့်စရိတ်နှင့် ကိုယ် ထောင်ထဲသွားရမလို ဖြစ်နေသည်။

ထို့ပြင် ပထဝီအနေအထားအရ ဖိုးနစ်မြို့သည် အာရီဇိုးနားပြည်၏ အလယ်ဗဟိုတည့်တည့်လောက်တွင် သီးခြားတည်နေပြီး အခြားမြို့ကြီးမြို့ငယ်များနှင့် အလှမ်းကွာဝေးလှသည်။ ဤသည်မှာလည်း ကီးနန်းတို့အတွက် အခက်တစ်ခုပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အကယ်၍

www.burmeseclassic.com



ပြီးတွင်မှ ရာဇဝတ်မှုတစ်ခုတစ်ခု ဖြစ်ပွားပါက ရဲနှင့်မော်တော်ယာဉ်ဌာနတို့က အဝင်အထွက် လမ်းများကို ကြိုတင်ပိတ်ဆို့၍ စောင့်ကြပ်စစ်ဆေးနိုင်သောကြောင့် ဖြစ်သည်။ သို့နှင့် မိမိတို့နှစ်ယောက်မှာ ပြေးပေါက်မရှိဘဲ "ချွေးနှစ်ကောင် ချောင်ပိတ်မိသလို" ကားခနဲ အမိခံကြရမည်ဟူ၍ ကီးနန်းတို့ တွေးမိကြသည်။

သို့ဖြစ်ရာ အစစ အရာရာ အဆင်မပြေ အခြေမလှဖြစ်နေကြသည့်အဆုံး ကီးနန်းနှင့် အာဝင်တို့နှစ်ယောက်သည် ဖရင့်ဆင်နာထရာကို အဝေးကပင် မချိုသွားဖြဲကြည့်ကာ ဖိုးနစ်မြို့ ပြည်နယ်တော်ကြီးမှ "အောင်မြင်စွာ" ဆုတ်ခွာလာခဲ့ကြသည်။

ထိုအချိန်မှာ ၁၉၆၃ ခု နိုဝင်ဘာလ စောစောပိုင်းဖြစ်သည်။

ထိုအချိန်မှာပင် ကီးနန်းသည် မှုလလက်ပေါင်း ရောင်းရင်းကြီးဖြစ်သော ကျောင်းနေဖက်သူငယ်ချင်း အမ်စလာကို ထပ်မံတွေ့ဆုံ၍ ထပ်မံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရသည်။

သည့်တစ်ချီတွင်မူ အမ်စလာသည် ကီးနန်း၏ ဖြန်ပေးဆွဲရန် အစီအစဉ်ကို ယခင်ကလို မတင်မကျဖြင့် "ထောက်ကွက်" မလုပ်တော့ဘဲ အလေးအနက် အပြည့်အဝထောက်ခံခဲ့သည်။ သို့ထောက်ခံရုံမျှမက ဤဖြန်ပေးဆွဲမည့် အလုပ်ကြီးတွင် အကယ်၍ လိုအပ်ပါက ဖြန်ပေးအဆွဲခံရသူအား ပြန်ရွေးမည့်ငွေထုပ်ကို မိမိကိုယ်တိုင် သွားယူမည်ဟူ၍ပင် ရဲရဲတောက် တာဝန်ယူလိုက်သေးသည်။ သို့သော် ဆရာကြီး ကီးနန်းက သူ့အပေါ်တွင် တစ်ဝက်တစ်ပျက် မကျေနပ်သည့်လေသံဖြင့် ဝေဖန်လိုက်သည်။

"ငါက မင်းကိုဖြန်ပေးဆွဲတဲ့နေရာမှာကို ပါစေချင်တယ်ကွာ။ ဘာဖြစ်လို့လဲဆိုတော့ မင်းက ဒီဖြန်ပေးဆွဲတဲ့ အလုပ်ကို မဖြစ်နိုင်ဘူးလို့ ထင်နေတယ် မဟုတ်လား။ ဘာပဲဖြစ်ဖြစ် စောင့်ကြည့်သေးတာပေါ့ကွာ..."





ကီးနန်းသည် သည့်တစ်ခါတော့ မဖြစ်ဖြစ်အောင် ကြိုးစားမည်ဟူသော စိတ်ဓာတ်ဖြင့် အခြေအနေကို တစ်ရက်နစ်ရက် စောင့်၍ အခက်ခတ်နေခဲ့သည်။

ဤအတောအတွင်း ဖရင့်ဆင်နာထရာသည် ဖိုးနစ်မြို့ ပြည်နယ်ပွဲတော်မှပြန်လာ၍ လော့စ်အိန်ဂျဲလီးစ် မြို့တွင် ခေတ္တ အနားယူအပန်းဖြေနေခိုက်ဖြစ်သည်။ ဤဖြန်ပေးဆွဲမှုကြီး၏ "သူရဲကောင်း သုံးယောက်" ဖြစ်သော ကီးနန်း၊ အမ်စလာနှင့် အာဝင်တို့သည် လော့စ်အိန်ဂျဲလီးစ်မြို့တွင် ဖရင့်ဆင်နာထရာ၏ လှုပ်ရှားမှုများကို အလှည့်ကျ စောင့်ကြည့်ခဲ့ကြသည်။ အကယ်၍ အခါသင့်ပြီး အခွင့်သာပါက ဤမြို့မှာပင် "အလုပ်" စကြရန်ဖြစ်သည်။

သို့သော် တကယ့်တကယ် အလေးအနက်တွေးကြည့်ပါက ဤလော့အိန်ဂျယ်လီးစ် မြို့တွင်လည်း "အလုပ်"မဖြစ်နိုင်ကြောင်း သူတို့အားလုံးသဘောပေါက်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဤမြို့ကြီးမှာ လူဦးရေ သုံးသန်းနီးပါးမျှဖြင့် စည်ကားလှသလောက် အမျိုးမျိုးသော မော်တော်ယာဉ်များမှာ တစ်စင်းနှင့်တစ်စင်း ရှေ့နောက်ကပ်၍ ရှုပ်ယှက်ခတ်နေသောကြောင့်ဖြစ်သည်။ ဤမြို့ကြီးအတွင်း မော်တော်ကား အသွားအလာများ ရှုပ်ထွေးလှ၍ လမ်းအန္တရာယ်များလှသောကြောင့် အခြားမြို့များမှ ကားမောင်းသူများပင် တော်ရုံတန်ရုံဖြင့် မလာဘဲနေခဲ့ကြသည်။

သို့ဖြစ်ရာ ဤမျှ မော်တော်ကားများဖြင့် ရှုပ်ထွေးနေပြီး လမ်းအန္တရာယ် များလှသည့် ဤမြို့ကြီးတွင် ဖြန်ပေးဆွဲရန်မှာ ရဲကာမမိခင် ကားမှောက်၍ ဆေးရုံရောက်မှာ စိုးရသည်။

သို့နှင့်ပင် ဖြန်ပေးအဖွဲ့ဝင်သူရဲကောင်းသုံးယောက်တို့သည် လော့အိန်ဂျယ်လီးစ်မြို့ကြီးတွင် ဖရင့်ဆင်နာထရာအား ဖြန်ပေးဆွဲရန် အကြံအစီ ဒုတိယမ္ပိနှစ်ကြိမ်မြောက် လက်လျှော့လိုက်ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့အတွက် ရုတ်တရက် မမျှော်လင့်ဘဲ တကယ့်ဖော်လာအခါတော်နှင့် မိုက်လာရက်မြတ်ကို သတ်မှတ်ရန် မကြာမီကြုံကြိုက်ခဲ့ရောက်လာခဲ့သည်။

ဖရင့်ဆင်နာထရာ၏ အသွားအလာ အနေအထိုင်များကို မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုနေကြရာမှ မကြာမီ သူသည် ကာလီဖိုးနီးယားနှင့် နီဗားဒါးပြည်နယ် နှစ်ခုအကြားရှိ ဆီယားရက်တောင်တန်းပေါ်မှ သာယာလှပသည့် "တာဟို" ကန်တော်ကြီးတစ်ဝိုက်သို့ ခရီးယာယီသွားမည် ဖြစ်ကြောင်း အနိုင်အမာ သိကြရသည်။

ဤသတင်းကို ကြားလျှင်ကြားခြင်း ကီးနန်းသည် နေ့မဆိုင်း ညမဆိုင်းဘဲ "လုပ်ငန်းခွင်" ကို ဝင်တော့သည်။ သူသည် လော့စ်အိန်ဂျယ်လီးစ်မြို့တွင် သူနေထိုင်သည့် တိုက်ခန်းရှိနေသော်လည်း အာဝင်၊ အမ်စလာတို့နှင့် တိတ်တဆိတ် တွေ့ဆုံတိုင်ပင်ရန် ယာယီတည်းခိုခန်းတစ်ခုကို ငှားရမ်းထားသည်။ ယခုတစ်ဖန် လုပ်ငန်းစတော့မည်ဖြစ်ရာ ပြန်ပေးဆွဲပြီးနောက် အသုံးပြုရန်တွက် ကန်နိုဂါအမည်ရှိ တောအုပ်ကလေးထဲမှ အိမ်အလွတ်ကလေးတစ်လုံးကို ၁၉၆၃ ခု နိုဝင်ဘာ ၁၅ရက်နေ့တွင် ငှားရမ်းလိုက်သည်။ တစ်ချိန်တည်းတွင် ထိုအိမ်အတွက် တယ်လီဖုန်းလိုင်းတစ်လိုင်းကိုလည်း နေ့ချင်းညချင်း ဆက်ခိုင်းခဲ့သည်။ ကီးနန်းသည် ထိုသို့ ပြန်ပေးဆွဲရန် အိမ်ငှားခြင်းနှင့် တယ်လီဖုန်းလိုင်း ဆက်သွယ်ခြင်းများ ပြုလုပ်ရာ၌ ထုံးစံအတိုင်း အခြားနာမည်တစ်ခုကို အသုံးပြုခဲ့သည်။ ထိုအမည်မှာ "ဖရင့်လောင်း အသက် ၂၃နှစ်" ဟူ၍ ဖြစ်သည်။

ထို့နောက် ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကီးနန်းနှင့် အမ်စလာတို့သည် တာဟိုကန်တော်ကြီးဘက်ဆီသို့ ခရီးထွက်ခဲ့ကြသည်။ အာဝင်မှာမူ လော့စ်အိန်ဂျယ်လီးစ်မြို့တွင် ကျန်နေရစ်သည်။ သူသည် ပြန်ပေးဆွဲပြီးနောက် ငွေတောင်းရာတွင် အဆက်အသွယ်ပြုရန် တမင် ချန်ရစ်ခဲ့





ခြင်းဖြစ်သည်။

ကီးနန်းနှင့် အမ်စလာတို့သည် တာဟိုကန်တော်ကြီးရှိရာအရပ်သို့ ရောက်ရှိခဲ့ကြပြီးနောက် ထိုဒေသမှ ဟိုတယ်တစ်ခုတွင် "အယ်လန်နှင့် ဂါဒနာ" ဟူသော အမည်များဖြင့် အခန်းတစ်ခုကို ငှား၍ တည်းခိုကြသည်။ နောက်တစ်နေ့ နံနက်တွင် နံနက်စာ စားချိန်၌ ကီးနန်းသည် သူတို့၏ "ဘဏ္ဍာရေးအခြေအနေ" ကို စစ်ဆေးကြည့်လိုက်သောအခါ မျက်လုံးပြူးသွားမိသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် သူလက်ထဲ၌ ဒေါ်လာ ၅၀ မျှသာ ကျန်ရှိတော့သောကြောင့်ဖြစ်သည်။

ယင်းသို့ လက်ကျန်ငွေ ကုန်လုနီးပါး ဖြစ်နေသည့်အတွက် ဣန္ဒြေမရ ဖြစ်နေကြရသည်ထက် ပြန်ပေးဆွဲမည့် ရာဇဝတ်မှုကြီးကို စိတ်ကူးထဲတွင် မဟုတ်တော့ဘဲ တကယ်လက်တွေ့ ကျူးလွန်ကြတော့မည်ဖြစ် သောအခါ နှစ်ယောက်သား မျက်စိပျက် မျက်နှာပျက်ဖြစ်ကာ စိတ်ဓာတ် ချောက်ချားနေကြသည်။

သို့နှင့် ဒီဇင်ဘာလ ၈ရက်နေ့တွင် ကီးနန်းနှင့် အမ်စလာတို့သည် အထိတ်ထိတ် အလန့်လန့်ဖြင့် ဤလုပ်ငန်းကြီးကို ဆက်လုပ်သင့် မလုပ်သင့်ကို တိုးတိုးတိတ်တိတ် အကြိတ်အနယ် အချေအတင် ပြောကြရင်းက မွန်းလွဲပိုင်းလောက်တွင်မူ ဤမျှလောက် အန္တရာယ်များ၍ ထိတ်လန့်ချောက်ချားစရာကောင်းလှသည့် အလုပ်ကြီးကို ဆက်မလုပ်သင့်ဟုယူဆကာ လော့စ်အိန်ဂျယ်လီးမြို့သို့ပြန်ရန် နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြတော့သည်။

အရေးထဲ၌ ပါသမျှငွေကလည်း ကုန်သလောက် [illegible] နောက်ဆုံး မတတ်သာသည့်အဆုံး ဟိုတယ်အခန်းခ [illegible] ကိုပင် မပေးတော့ဘဲ နောက်ဖေးပေါက်မှ လစ်ပြေးကြရန် [illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် "ကြံစည်တိုင်းလည်း မဖြစ်၊ မကြံစည်ဘဲနဲ့လည်း ဖြစ်တတ်၏" ဟူသော လောကဓံတရား၏ လှည့်စားမှုအတိုင်း ဟိုယခင် ဖိုးနစ်မြို့ ပြည်နယ်ပွဲတော်နှင့် လော့စ်အိန်းဂျလီစ်မြို့များတွင် ပြန်ပေးဆွဲရန် သေချာပေါက် အကြံကြီးကြံခဲ့ပြီးမှ နစ်ကြိမ်စလုံး မျက်၍ လက်လျှော့ခဲ့ရသော်လည်း မှာခုတစ်ကြိမ် တာဟိုကန်တော်ကြီးတစ်ဝိုက်တွင် မဟန်၍ လှည့်ပြန်ရန် သန္နိဋ္ဌာန်ချပြီးမှ "မုတ်ဆိတ်ပျားစွဲ"သည့် အဖြစ်မျိုးနှင့်တိုးခဲ့ရသည်။

ဖြစ်ပုံမှာ ဟိုတယ်အခန်းခပင် ပေးစရာမရှိတော့သဖြင့် ကိုယ့်အဝတ်အစားသေတ္တာ ကိုယ်ဆွဲကာ ဟိုတယ်နောက်ဖေးပေါက်မှ အသာအယာ "ချွတ်" နင်း၍ ဆင်းလာကြသော ကီးနန်းနှင့် အမ်စလာတို့မှာ နောက်ဖေးခန်းဝတွင် အခြားကိစ္စတစ်ခုဖြင့် စောင့်နေသော စုံထောက်တစ်ယောက်နှင့် ပက်ပင်းပါသွားခနဲ သွားတိုးမိကြသည်။ စုံထောက်က သူတို့နှစ်ယောက်အား "ဒီနေရာမှာ ဘာလာလုပ်ကြတာလဲ" ဟု ဆီးဟောက်လိုက်သဖြင့် "ဟိုလိုလို ဒီလိုလို" မအူမလည်ဖြေရင်းက ဟိုတယ်ထဲသို့ လှုံးမြှေမပျက် ခပ်တည်တည် ပြန်ဝင်လာခဲ့ကြရသည်။

ဤတွင် ကီးနန်းသည် "ဒါလောက်တောင်ရှိလှတာ ဖြစ်ချင်ရာဖြစ်တွာ" ဟူ၍ သဘောထားကာ "ကဲမထူးတော့ဘူးဟေ့၊ တို့နှစ်ယောက် ဒီဟိုတယ်က ထွက်မရတဲ့အတူတူ လုပ်စရာရှိတာ ဆက်လုပ်ဖို့ပဲ ရှိတော့တယ်။ ဘာပဲဖြစ်ဖြစ် အရှုံးတော့မရှိနိုင်ပါဘူးကွာ…" ဟု ပြောပြောဆိုဆို ဖရင့်ဆင်နာထရာ တည်းခိုနေသည့် ဟာရာကာလပ်သို့ တယ်လီဖုန်းကောက်ဆက်ကြည့်လိုက်သည်။

ဇာတာစန်းလက် တက်လာချိန်ရောက်၍လားမသိ၊ ဖရင့်ဆင်ထရာတစ်ယောက် ဘယ်မှမသွားသေးဘဲ ဟာရာကာလပ်တွင် အသင့်ရှိနေကြောင်း သိရသည်နှင့်တစ်ပြိုင်နက် ကီးနန်းနှင့် အမ်စလာတို့သည် အဆင်သင့်ဗုံး





လာသော ချက်ပလက်ကားကြီးကို ခပ်သွက်သွက်ကလေး မောင်းထွက်ခဲ့ကြသည်။

နာရီဝက်ခန့်အကြာတွင် သူတို့နှစ်ယောက်သည် ကာလပ်၏ တောင်ဘက်အဆွယ်မှ ဖရင့်ဆင်နာထရာ တည်းခိုသည့် အခန်းတံခါးသို့ ရောက်သွားကြ၍ အခန်းတံခါးကို တခေါက်ခေါက်မည်အောင် ခေါက်လိုက်သည်။

နောက်နာရီဝက်ခန့်အကြာတွင်မူ အိပ်မက်ပမာ သူတို့ကိုယ် သူတို့ မယုံနိုင်လောက်အောင်ပင် ဖြစ်မိကြသည်။ အဘယ်ကြောင့်ဆိုသော် ရက်ပေါင်း လပေါင်းများစွာ အကြိမ်ကြိမ် ကြံစည်၍ အခါခါ ကြိုးစားခဲ့ကြရသည့် ပြန်ပေးဆွဲမှုကြီးမှာ သေးမသိ ရန်မခဘဲ အောင်မြင်ထမြောက်လာခဲ့၍ သူတို့အလိုရှိနေသည့် "ရွှေမင်းသားကလေး" ဖရင့်ဆင်နာထရာသည် ကာလီဖိုးနီးယားနှင့် နီဗားဒါးပြည်နယ်တို့ကို ဆက်သွယ်ထားသည့် အဝေးပြေး လမ်းမကြီးပေါ်တွင် မိမိတို့နှင့်အတူ မော်တော်ကား နောက်ထိုင်ခုံ၌ မျက်နှာကို အဝတ်စီးကာ မလှုပ်မယှက်ငြိမ်သက်စွာ ပါလာခဲ့ပြီဖြစ်သော ကြောင့်တည်း…။

×××

ပြန်ပေးဆွဲသည့် လူဆိုးများ ထွက်သွားပြီးနောက် မိနစ်အတော်ကြာမှ အခန်းထဲတွင် ကြမ်းပေါ်၌ မှောက်လျက်သား ကျန်နေခဲ့သော ဇော့ခ်သည် သူ့ဖာသူ ပလာစတာတိတ်ကြိုးများကို ခြေထောက်မှလည်းကောင်း လက်မှလည်းကောင်း၊ ပါးစပ်မှလည်းကောင်း ခွာပစ်နိုင်ခဲ့သည်။ ထို့နောက် အခန်းတွင်းရှိ တယ်လီဖုန်းမှတစ်ဆင့် အနီးဆုံးရဲစခန်းကို အကြောင်းကြား၍ တိုင်ချက်ပေးလိုက်သည်။

ချက်ချင်းဆိုသလိုပင် ဝိုင်ယာလက်ရဲကားများနှင့် ဆိုင်ကယ်စီး



www.burmeseclassic.com

www.burmeseclassic.com



ရဲသားများသည် ဟာရာကလပ် ပတ်ဝန်းကျင် တစ်ဝိုက် လမ်းမကြီး လမ်းငယ်အသွယ်သွယ်တို့ကို လမ်းဆုံလမ်းခွများမှနေ၍ ပိတ်စောင့်နေကြသည်။

သို့သော် ဝိုင်ယာလက်ရဲနှင့် ဆိုင်ကယ်စီးရဲအဖွဲ့ဝင် အားလုံးမှာ ကြောင်းစိတ အဆိုတော် ဖရင့်ဆင်နာထရာအား လူဆိုးများက ပြန်ပေးဆွဲသွားကြောင်းကိုသာ သိကြရလေသည်။ ပြန်ပေးဆွဲရာတွင် လူဆိုး ဘယ်နှစ်ယောက်ပါဝင်၍ ဘယ်လိုကားအမျိုးစားနှင့် ဘယ်အရပ်သို့ မောင်းပြေးသည်ကို ဘာတစ်ခုမှ အတိအကျမသိရသေးဘဲဖြစ်နေသည်။

ညနေ ၉နာရီ မိနစ် ၄၀ အချိန်အတွင်းမှ နီဗားဒါးပြည်နယ် အဝေးပြေး မော်တော်ယာဉ်ရဲအဖွဲ့မှ ရီနိုမြို့ရှိ အက်ဖ်ဘီအိုင် စုံထောက်အရာရှိထံသို့ တယ်လီဖုန်းဖြင့် ပေးပို့လိုက်သော သတင်းအရ အဖြစ်မှန်ကို အတော်အတန် အသေးစိတ်သိကြရသည်။ ဤသတင်းသည် တစ်ချိန်တည်းတွင် ထိုဒေသတစ်ဝိုက်ရှိ ရဲစခန်းအားလုံးသို့လည်း တစ်ပြိုင်နက် ရောက်ရှိသွားခဲ့သည်။

"ဒေါက်ဂလပ်ခရိုင် လုံခြုံရေးစခန်းက သတင်းပို့ချက်အရ အဆိုတော် ဖရင့်ဆင်နာထရာဂျူနီယာဟာ လွန်ခဲ့တဲ့ နာရီဝက်လောက်က ဟာရာကလပ် အဆောက်အဦထဲကနေပြီး ပြန်ပေးဆွဲခံသွားရတယ်၊ ပြန်ပေးဆွဲရာမှာ လူဆိုးနှစ်ဦးပါဝင်ပြီး ကားတစ်စီးနဲ့ မောင်းပြေးကြတယ်လို့ သိရပါတယ်။ အဝေးပြေးလမ်းမကြီးနဲ့ လမ်းတွေအားလုံးကို စောင့်ကြပ်စစ်ဆေးနေပြီ ဖြစ်ပါတယ်..."

အထက်ပါသတင်းကို ပထမဆုံး လက်ခံရရှိသော ရီနိုမြို့မှ အက်ဖ်ဘီအိုင် စုံထောက်အရာရှိသည် ချက်ချင်းပင် ဝါရှင်တန်မြို့ အက်ဖ်ဘီအိုင် ဌာနချုပ်သို့ "တယ်လီတိုက်" ခေါ် ကြေးနန်းလက်နှိပ်စက်ဖြင့် ထပ်ဆင့်သတင်းပို့လိုက်သည်။





ဖရင့် ဆင်နာထရာအား တင်၍ မောင်းလာသည့်ကားသည် ဝိုင်ယာလက် ရဲကားများနှင့် ရဲဆိုင်ကယ်များ အထပ်ထပ်စောင့်ကြပ်နေကြသည့်ကြားမှ တစ်နေရာတွင် သီသီကလေး လွတ်လာခဲ့သည်။ ထိုနေရာမှာ အဝေးပြေးလမ်းမကြီး အမှတ် ၃၉၅ နှင့် အမှတ် ၅၀တို့ ဖြတ်ကျော်သည့် လမ်းဆုံလမ်းတွင်ဖြစ်သည်။

ထိုလမ်းဆုံသို့ ကီးနန်းမောင်းလာသော ပြန်ပေးဆွဲသည့် ကားရောက်မလာမီ မိနစ်အနည်းငယ်လောက်က ဝိုင်ယာလက် ရဲကားများနှင့် ဆိုင်ကယ်များ ကြိုတင်ရောက်ရှိ၍ လမ်းများကို ပိတ်ဆို့စစ်ဆေးလျက်ရှိနေကြသည်။

ကီးနန်းသည် မိုတ်ချေ လင်းချေဖြစ်နေသော ဝိုင်ယာလက်ရဲကားများမှ မီးနီရောင်ကို ခပ်လှမ်းလှမ်းနှစ်ဖာလုံခန့်ကပင် လှမ်းမြင်လိုက်ရ၍ ရုတ်တရက် ထိတ်ခနဲဖြစ်သွားသည်။ သို့သော် ဟာရာကလပ်မှ ဖရင့်ဆင်နာထရာအား အလွယ်တကူပြန်ပေးဆွဲလာနိုင်ခဲ့သည့်အချိန်မှစ၍ အတော်ကလေး "ရဲသွေး" ဝင်လာပြီဖြစ်ရာ ချက်ချင်း သတိထား၍ ကားကို လမ်းဘေးသို့ မောင်းချပြီး စက်ရပ်လိုက်သည်။ ပြီးမှ သူသည် ဖရင့်ဆင်နာထရာ၏ မျက်နှာတွင် မျက်လုံးများကိုပိတ်၍ စီးထားသော အဝတ်ကို ဖြေပေးလိုက်ပြီး ကားနောက်ပိုင်းမှာပင် တံခါးဘောင်ပေါ်သို့ လက်တဖက်တင်ကာ ခေါင်းငုံ့ထား၍ အိပ်ပျော်ဟန်ဆောင်နေရန် ဆင်နာထရာအား အမိန့်ပေးလိုက်သည်။ တစ်ဖန် အမ်စလာကိုလည်း ကားပေါ်မှ အမြန်ဆင်းပြီး လမ်းမကြီး ဘေးတစ်လျှောက် ကာထားသော တန်းများကိုကျော်၍ အောက်အနိမ့်ပိုင်းတွင် ဆင်း၍ပုန်းနေရန် ညွှန်ကြားပြန်သည်။

ဆင်နာထရာနှင့် အမ်စလာတို့သည် ကီးနန်း၏ အမိန့်အတိုင်း လိုက်နာကြရသည်။ အရေးထဲတွင် အမ်စလာမှာ ကားလမ်းဘေးမှ တန်းကို ကျော်၍ ကတိုက်ကရိုက် ခုန်ချလိုက်ရာမှ တန်းနှင့် မလွတ်ဘဲ အမိ



www.burmeseclassic.com

www.burmeseclassic.com



ခေါက်တွေး အောက်သို့တူးသွားပြီး အတော်ကလေး ခံလိုက်ရသေးသည်။

ကီးနန်းသည် ကားကိုဆက်မောင်းမသွားတော့ဘဲ လမ်းဘေးတွင် ထိုးရပ်ထားလိုက်ရာ ခဏအကြာတွင် ကားမီးရောင်ကို လှမ်းမြင်ရသော ရဲများသည် လမ်းဆုံမှနေ၍ ဗိုင်ယာလက်ကားဖြင့် အကျိုးအကြောင်း စုံစမ်းရန် ရောက်လာတော့သည်။ ရဲကားလာသည်ကို မြင်လျှင်မြင်ခြင်း ကီးနန်းသည် ကားပေါ်မှဆင်းကာ သူ့လက်ထဲမှ ခြောက်လုံးပြူးကို လမ်းဘေးမှ သစ်သားတန်း၏ နောက်ဘက်ရှိ အုတ်ခုံပေါ်သို့ အသာတင်ထားလိုက်သည်။ ပြီးမှ ကားဘီးတစ်ခုခုဖြစ်နေဟန်ဖြင့် တာယာကို လက်ဖြင့်ဖိစမ်းကာ ဟိုလုပ် သည်လုပ် လုပ်နေလိုက်သည်။ ဤအတောအတွင်းကလေးမှာပင် ရဲများ ရောက်မလာမီ သူသည် ဆင်နှာထရာအား အသံခပ်အုပ်အုပ်ဖြင့် လှမ်းပြောလိုက်သေးသည်။

"ခွေးမသား ငြိမ်ငြိမ်နေနော် ကြားလား။ တစ်ခုခုဖြစ်လို့ ပစ်လား ခတ်လားလုပ်ရင် မင်းအရင်သေမှာ၊ ငါကတော့ ဘာမှဖြစ်မှာ မဟုတ်ဘူး"

ရဲများရောက်လာသည့်အခါ ဖရင့်ဆင်နှာထရာသည် ကီးနန်း အမိန့်ပေးထားသည့်အတိုင်း လက်မောင်းတစ်ဘက်ကို တံခါးဘောင်ပေါ် တင်၍ ခေါင်းကိုဝှက်ကာ အိပ်ပျော်ဟန်ဆောင်နေရသည်။ သူ့စိတ်ထဲတွင် ဤရဲသားများသည် သူ့ကို ပြန်ပေးဆွဲသွားသည့် အမှုအတွက် ယခုလို လမ်းဆုံလမ်းခွများမှ စောင့်ကြပ်စစ်ဆေးနေကြသည်ဟု မထင်မိ၊ လုံခြုံရေးနှင့် လမ်းအန္တရာယ် ကာကွယ်ရေးအတွက် လုပ်ရိုးလုပ်စဉ် မော်တော်ယာဉ်များကို စည်းကမ်းအတိုင်း လိုက်နာကြရန် စောင့်ကြပ် သတိပေးနေကြခြင်း ဖြစ်သည်ဟူ၍သာ ထင်မိသည်။ မိမိ ပြန်ပေးဆွဲခံခဲ့ရသည်မှာ နာရီဝက် ကျော်ကျော်မျှသာ ရှိသေးသည်ဖြစ်ရာ ဤအချိန်အတွင်း ရဲအဖွဲ့က ဤမျှ မြန်မြန်ဆန်ဆန် သိလိမ့်ဦးမည်မဟုတ်ဟု တစ်ထစ်ချ ယူဆမိသည်။

ဆင်နှာထရာအနေဖြင့် ထိုသို့ယူဆမိ၍ တစ်စုံတစ်ရာ မပြုလုပ်





ဘဲ ငြိမ်နေခဲ့သည်ကို အပြစ်ဆိုဖွယ်ရာ မရှိသော်လည်း ပြန်ပေးဆွဲမှုကို ဖမ်းဆီးရန်တာဝန်ဖြင့် မော်တော်ယာဉ်များကို စောင့်၍ စစ်ဆေးနေကြရသည့် ရဲများအတွက်မူ ထိုညက ပေါ့ပေါ့ဆဆနိုင်လွန်းလှသည်ဟု ဆိုရမည်ဖြစ် သည်။

အဘယ့်ကြောင့်ဆိုသော် ရဲသားများသည် ကီးနန်း၏ ကားဆို အသေအချာ တစ်စုံတစ်ရာ စစ်ဆေးခြင်းမရှိရုံမျှမက ကားနောက်ပိုင်းတွင် အိပ်ပျော်နေသော ဆင်နှာထရာကိုပင် တစ်ချက်ကလေးမှ လှည့်မကြည့် ကြဘဲ ကားဘီးကို ငုံ့၍ ဟိုလုပ်သည်လုပ် လုပ်နေသည့် ကီးနန်းကိုသာ "ဘာဖြစ်တာလဲ" ဟူ၍ ဝတ်ကျေဝတ်ကုန် တစ်ခွန်းနှစ်ခွန်းမေးပြီး ပြန်ထွက် သွားကြသောကြောင့် ဖြစ်သည်။

သို့သော် တစ်ခုဖြစ်နိုင်သည်မှာ ရဲများသည် ထိုအချိန်က ဖရင့် ဆင်နှာထရာအား ပြန်ပေးဆွဲသွားကြောင်းလောက်သာ သိရပြီး လူဆိုး ဘယ်နှစ်ယောက်ပါဝင်၍ ဘယ်လိုကားမျိုးဖြင့် ထွက်ပြေးကြသည်ကို အတိအကျ မသိရသေးသောကြောင့် ဤမျှပေါ့ပေါ့ဆဆ ဖြစ်သွားဟန် တူ သည်။

ဤသည်မှာလည်း ကီးနန်းအတွက် ဇာတာစန်းလက်တက်နေ သောကြောင့် ဘေးမသီရန်မခဖြစ်ခဲ့ရသည်ဟု ဆိုပါက ဆိုနိုင်ဖွယ်ရှိသည်။

ရဲများ ပြန်ထွက်သွားပြီးနောက် ကီးနန်းက အချက်ပေးလိုက်ရာ လမ်းဘေးအောက်ဘက်မှ အမ်စလာသည် လမ်းပေါ်သို့ ပြန်တက်လာပြီး ယခင်အတိုင်း ကားရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။ ချက်ချင်းဆိုသလိုပင် ချက်ပလက် ဂျာကြီးသည် စက်ကုန်ဖွင့်ကာ ခရီးဆက်လာခဲ့သည်။

ကီးနန်းနှင့် အမ်စလာတို့သည် မူလသတ်မှတ်ရွေးချယ်ထားသည့် စန်ဖါးနန်ဒိုတောင်ကြားထဲမှ ကနိုဂါတောအုပ်ကလေးအတွင်းရှိ ခိုအောင်း ဆီသို့ ဖရင့်ဆင်နှာထရာအား ခေါ်ဆောင်လာနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကလေးမှာ တစ်ထပ်အိမ်ကလေးဖြစ်၍ အခန်းသုံးခန်း ဖွဲ့ထားသည်။ ရှင်းတို့အနက်မှ အခန်းနှစ်ခန်းတွင် မွေ့ယာခင်းထားသော ကုတင်နှစ်လုံး ရှိသည်။ သို့သော် မွေ့ရာပေါ်တွင် အိပ်ရာခင်းများ မရှိဘဲ ဖြစ်နေသည်။ ကျန်အခန်းတစ်ခန်းထဲတွင်မူ သစ်သားခုံတစ်ခု၊ ကုလားထိုင် သုံးလုံးနှင့် စားပွဲတစ်လုံး ရှိသည်။ စားပွဲပေါ်တွင်မူ မကြာမီကမှ တပ်ဆင်ထားသည့် တယ်လီဖုန်းတစ်လုံး အဆင်သင့်ရှိနေသည်။

ကီးနန်းနှင့် အမ်စလာတို့သည် ပြန်ပေးဆွဲလာကြသည့် ဆင်နာထရာအပေါ်တွင် လူလူချင်း စာနာစိတ်များ ရှိ၍လား၊ သို့မဟုတ် ယနေ့မဟုတ်ညလုပ်ငန်းတွင် အတွေ့အကြုံနည်းသေး၍လား မသိ အဆိုပါအိမ်ကလေးသို့ ရောက်လျှင်ရောက်ချင်း အိမ်ရှေ့မျက်နှာစာတွင် အညောင်းပြေ အညာ ဖြေ ခေတ္တ လမ်းလျှောက်ခွင့်များ ပေးလိုက်ကြသေးသည်။ ပြီးမှ အခန်းထဲသို့သွင်းလိုက်ပြီး အိပ်ရာခင်းမရှိသည့် မွေ့ရာပေါ်တွင် အအိပ်ခိုင်းကြသည်။

"ကဲ…ကိုယ့်လူ စိတ်ချလက်ချသာ အိပ်ပေတော့၊ ဒီမှာ တခြားဘာမှလုပ်စရာမလိုတော့ဘူး"

နောက်တစ်နေ့ နံနက် လင်းလျှင်လင်းချင်း ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့မှ အက်ဖ်ဘီအိုင်တာဝန်ခံ စုံထောက်အရာရှိသည် တာဟိုကန်တော်ကြီးသို့ ကားဖြင့်ရောက်လာသည်။ သူသည် အမှုဖြစ်ပွားသည့် ဟာရာကလပ် အဆောက်အဦနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဤအတောအတွင်း လတ်စ်ဗေးဂတ်စ်မြို့ အက်ဖ်ဘီအိုင်ဌာနခွဲမှ တာဝန်ခံစုံထောက်အရာရှိသည် ပြန်ပေးဆွဲခံရသည့် ဖရင့်ဆင်နာထရာ ဂျူနီယာ၏ ဖခင်ဖြစ်သူ အဆိုတော်ရုပ်ရှင်မင်းသား ဖရင့်ဆင်နာထရာနှင့် တွေ့ဆုံရန် ရီနိုမြို့ကလေးသို့ ရောက်ရှိလာခဲ့သည်။

သားဖြစ်သူ ပြန်ပေးဆွဲခံရကြောင်း ရေဒီယို တယ်လီဗေးရှင်းများ





မှတစ်ဆင့် ကြားသိရသော ဖခင် ဆင်နာထရာသည် သားအသက် အန္တရာယ်မဖြစ်စေရန်နှင့် ပြန်ပေးများလက်မှ အမြန်ဆုံး ပြန်ရွေးရန်အတွက် အချင်းဖြစ်ပွားရာ တာဟိုကန်တော်ကြီးနှင့် အနီးဆုံးမြို့ကလေးဖြစ်သော ရီနိုမြို့သို့ ညတွင်းချင်းပင် အပြေးအလွှား လာခဲ့သည်။

တစ်ချိန်တည်းတွင် ကာလီဖိုးနီးယားပြည်နယ် ဘဲလ်အဲယားမြို့မှ အက်ဖ်ဘီအိုင် စုံထောက်များကလည်း ထိုမြို့တွင် နေထိုင်လျက်ရှိသော မစ္စက်နန်စီဆင်နာထရာအား သွားရောက်တွေ့ဆုံ၍ ပြန်ပေးဆွဲမှုနှင့် စပ်လျဉ်းသည့် သတင်းထူး တစ်စုံတစ်ရာ ရှိ၊မရှိ စုံစမ်းမေးမြန်းခဲ့ကြသည်။ မစ္စက်နန်စီဆင်နာထရာမှာ ပြန်ပေးဆွဲခံရသည့် ဖရင့်ဆင်နာထရာ ဂျူနီယာ၏ မိခင်ဖြစ်ရာ၊ ပြန်ပေးဆွဲသွားသည့် လူဆိုးများသည် သားအတွက် မိခင်ထံ ငွေတောင်းသည့် စာများ ပို့လိုပို့ငြား စုံစမ်းကြည့်ကြခြင်း ဖြစ်သည်။

မစ္စက်ဆင်နာထရာကလည်း သားတွက် ရတက်မအေးဘဲ ဖြစ်နေရှာရင်းက အကယ်၍ ဤအမှုနှင့် စပ်လျဉ်းပြီး တစ်စုံတစ်ရာ ထူးခြားလာပါက စုံထောက်များကို အကြောင်းကြားပါမည်ဟု တုန်တုန်ရီရီဖြင့် ပြောရှာသည်။

ဖရင့်ဆင်နာထရာဂျူနီယာအား ပြန်ပေးဆွဲမှုသည် ဝါရှင်တန်မြို့တော်၏ အက်ဖ်ဘီအိုင်ဌာနချုပ်သို့လည်း နာရီပိုင်းအတွင်း သတင်းရောက်ရှိခဲ့ပြီဖြစ်ရာ ကမ္ဘာကျော် နာမည်ကြီး အဆိုတော် ရုပ်ရှင်မင်းသားကြီး တစ်ယောက်၏သားဖြစ်သည့်အလျောက် ပိုမို စိတ်ဝင်စားလျက် အမှုသွား အမှုလာကို ဂရုတစိုက် လေ့လာချက်ရှိကြသည်။ သို့လေ့လာရုံမျှမက အက်ဖ်ဘီအိုင် "ဘုရား" ဟူ၍ ထင်ရှားနေသည့် အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးချုပ် အက်ဂါဟူးဗားကိုယ်တိုင် ဖခင်ဖြစ်သူ ဖရင့်ဆင်နာထရာထံ ရီနိုမြို့ကလေးသို့ ဝါရှင်တန်မှ တိုက်ရိုက် တယ်လီဖုန်းဆက်ကာ အားပေးစကားပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စနဲ့ပတ်သက်လို့ အကောင်းဆုံးကတော့ ဘယ်သူ့ကိုမှ ဘာမှမပြောဘဲ ပါးစပ်ပိတ်နေဖို့ပဲ၊ အထူးသဖြင့် ခင်ဗျား အသိုင်းအဝိုင်းက ရုပ်ရှင်ဆင်းသား မင်းသမီးတွေနဲ့ အဆိုတော်တွေကို ဘာတစ်ခုမှ မပြောတာ အကောင်းဆုံးပဲ၊ ခင်ဗျားလူတွေက ပါးစပ်လုံတာမဟုတ်ဘူး" ဟူ၍ အက်ဂါ ဟူးဗားက ဆင်နာထရာကြီးအား ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး အကြံပေး ခဲ့သည်။ ယင်းသို့ အကြံပေးနိုင်လောက်အောင်လည်း သူတို့နှစ်ယောက်မှာ လူချင်း သိကျွမ်းနေကြသူများ ဖြစ်သည်။

ဝို၍ စိတ်ချရစေရန်နှင့် အကြောင်းရှိက အမြန်ဆုံးအကူအညီ ပေးရန်အတွက် အက်ဂါဟူးဗားကိုယ်တိုင် အက်ဖ်ဘီအိုင်စုံထောက် တစ်ယောက်ကို ဆင်နာထရာနှင့် အမြဲရှိနေစေရန် အထူးတာဝန်ပေးထား လိုက်သည်။ ဆင်နာထရာကလည်း ဟူးဗား၏ အစီအစဉ်ကို သဘောတူလက်ခံ ခဲ့သည့်ပြင် ဤအမှုအတောအတွင်း သူ့ထံသို့လာသမျှ စာများနှင့် တယ်လီဖုန်းခေါ်သံများကို အဆိုပါအထူးစုံထောက်အရာရှိအား လွှဲပေးထားသည်။

ဟူးဗားသည် ဖရင့်ဆင်နာထရာ ဂျူနီယာအား ပြန်ပေးများလက်မှ လွတ်အောင် ငွေပေးပြီး ရွေးရေးနှင့်စပ်လျဉ်း၍မူ ဖခင် ဆင်နာထရာအား တစ်စုံတစ်ရာ တိုက်တွန်းခြင်း၊ ဟန့်တားခြင်းများ မပြုလုပ်ဘဲရှိခဲ့သည်။

"ဒါကတော့ ခင်ဗျားသဘောပဲ၊ ကျွန်တော်ကတော့ ခင်ဗျားသား ပြန်လွတ်ဖို့အတွက် ပြန်ပေးတွေကို ငွေပေးဖို့လည်း မတိုက်တွန်းချင်ဘူး၊ မပေးပါနဲ့လို့လည်း မပိတ်ပင်ချင်ဘူး၊ ခင်ဗျားဘာသာ ကြည့်ပြီး ဆုံးဖြတ်စေချင်တယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ကိစ္စအားလုံးပြီးသွားရင်တော့ ခင်ဗျားငွေအားလုံး ပြန်ရအောင် အစွမ်းကုန်ကြိုးစားပေးပါ့မယ်။ ဒါပါပဲ"

"ကျွန်တော်ကလည်း ဒီလို လူရှုပ်လူပွေတွေကို ငွေပေးဖို့ စိတ်မကူးပါဘူး၊ ပေးခြင်းပေးရင် ဒီငွေကို တစ်နေရာရာမှာ လျှပစ်လိုက်မှာပေါ့"

ထိုသို့ ဝါရှင်တန်မြို့တော်မှ ဟူးဗားနှင့် ရီနိုမြို့ကလေးမှ ဆင်နာ





ထရာတို့ တယ်လီဖုန်းဖြင့် အပြန်အလှန် စကားပြောနေကြခိုက်၊ တာဟို ကန်တော်ကြီးတစ်ဝိုက်တွင်လည်း စုံထောက်များသည် ခြေချင်းလိမ်နေကြ သည်။ သူတို့သည် ပြန်ပေးအဆွဲခံရသည့် ဖရင့်ဆင်နာထရာ ဂျူနီယာ ပါ ဝင်သီဆိုခဲ့သည့် "တော်မီဒိုစီ" တီးဝိုင်းမှ အဖွဲ့ဝင်အားလုံးကို တစ်ယောက် မကျန် စစ်ဆေးမေးမြန်းကြသည်။ ထို့ပြင် စုံထောက်များသည် ပြန်ပေးဆွဲ စဉ်က ဖရင့်ဆင်နာထရာနှင့်အတူ အခန်းထဲတွင်ရှိနေပြီး တိတ်ပြားများဖြင့် အတုပ် အနှောင်ခံခဲ့ရသည့် သံစုံခရာမှုတ်သူ ဂျွန်ဖော့စ်ကိုလည်း အဖြစ် အပျက်ကို အသေးစိတ်မေးမြန်း စုံစမ်းကြသည်။

အဆိုပါ တိတ်ပြားမှာ အရေးကြီးသော သဲလွန်စတစ်ခုပင်ဖြစ်ရာ၊ စုံထောက်များသည် တာဟိုကန်တော်ကြီးဒေသတစ်ဝိုက်နှင့် ပြည်နယ် အဝေးပြေးလမ်းမကြီးတစ်လျှောက်ရှိ ဆေးဆိုင်များနှင့် ကုန်မျိုးစုံဆိုင်များသို့ သွားရောက်၍ ယခုရက်ပိုင်းအတွင်း တိတ်ပြားလာရောက် ဝယ်သွားသူများ ရှိ,မရှိ၊ ရှိလျှင်လည်း ဝယ်သွားသူ၏ အမည်ပုံပန်းသဏ္ဍာန်နှင့် ကိုယ်တန် အနေအထားများကို မှတ်မိ, မမှတ်မိ စသည်ဖြင့် လိုက်လံစုံစမ်းမေးမြန်း ကြည့်ကြသည်။ သို့သော် ဂျွန်ဖော့စ်ပြောပြသည့် ပုံပန်းသဏ္ဍာန်မျိုးဖြင့် ယခု ရက်အတွင်း ဤနေရာတစ်ဝိုက်မှ ဆိုင်များတွင် တိတ်ပြားများ လာရောက် ဝယ်ယူသူ လုံးဝမရှိဘဲ ဖြစ်နေသည်။

ထို့ပြင် ပြန်ပေးဆွဲခံရသည့်အခန်းထဲတွင်လည်း ဆင်နာထရာနှင့် ဂျွန်ဖော့တို့၏ လက်ဗွေပုံစံများမှတစ်ပါး အခြား လက်ဗွေပုံစံ တစ်ခုတလေ မှ မတွေ့ကြရဘဲ ဖြစ်နေသည်။

စုံထောက်များသည် ပြန်ပေးဆွဲမှုများကို စုံစမ်းထောက်လှမ်းနေ ကျအတိုင်း "သိုသိုသိပ်သိပ်" ဖြင့် ပိပိရိရိဖြင့် လုပ်ကိုင်နေကြရသည်။ အဘယ့်ကြောင့်ဆိုသော် ဤအမှုမျိုးတွင် ဖုတ်ပူမီးတိုက် [illegible] လံစူးစမ်း စုံထောက်လုပ်ခြင်းများ ပြုလုပ်မိပါက ပြန်ပေးသမား[illegible] ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ဖြစ်သော မြန်ပေးဆွဲ ခံရသူ၏ အသက်အန္တရာယ်ကို စိုးရိမ်ရသော ကြောင့် ဖြစ်သည်။

ယင်းသို့ "သိုသိုသိပ်သိပ်" စုံစမ်းထောက်လှမ်းနေကြရင်းဖြင့် "ယုန်ထောင် ကြောင်မိ" ဆိုသလို မသင်္ကာဖွယ်ရာ အိမ်တစ်အိမ်အတွင်းမှ လူဆိုးဂိုဏ်းတစ်ဂိုဏ်းကို ဖမ်းမိလိုက်ကြသေးသည်။ ထိုအိမ်ကလေးအတွင်း မှ လူဆိုး ၆ ယောက်ကို လက်နက်မျိုးစုံ ၁၅ လက်မှုဖြင့် လက်ရဖမ်းဆီး မိလိုက်သည်။ ဤအထဲတွင် လူဆိုးနှစ်ယောက်မှာ ဘဏ်ဓားပြတိုက်မှုဖြင့် ထောင်ကျနေရာမှ ထောင်က ထွက်ပြေးခဲ့ကြသည့် ဝရမ်းပြေးများဖြစ်နေ သည်။ သို့သော် သူတို့အားလုံးမှာ ယခုပြန်ပေးဆွဲမှုနှင့် လုံးဝမပတ်သက် ကြောင်း အတိအကျသိကြရသည်။

သို့ဖြင့် ဤပြန်ပေးဆွဲမှုကြီး၏ ဇာတ်လမ်းတစ်ဝက်လောက်တွင် အရေးကြီးသော ဇာတ်ကောင်တစ်ယောက် အခန်းသို့ ရောက်လာခဲ့သည်။ ယင်းဇာတ်ကောင်မှာ ဇာတ်ကောင်အသစ် မဟုတ်။ ဇာတ်ကောင်ဟောင်း ပင်ဖြစ်သည်။ သူကား ပြန်ပေးဆွဲပြီး ငွေတောင်းရန် ခပ်စောစောက လော့စ် အိန်ဂျယ်လီးစ်မြို့တွင် ကျန်ရစ်နေခဲ့သည့် အာဝင်ပေတည်း။

အာဝင်သည် လော့စ်အိန်ဂျယ်လီးစ်မြို့တွင် တယ်လီဖုန်းနားမှ မခွာဘဲ ဒီဇင်ဘာ ၅ ရက်မှ ၉ရက်နေ့အထိ စောင့်နေခဲ့ရာ ဤအတော အတွင်း သူ့လူများထံမှ တယ်လီဖုန်းနှစ်ကြိမ် နားထောင်လိုက်ရသည်။ ပထမအကြိမ်မှာ ဒီဇင်ဘာလ ၇ ရက်နေ့ကဖြစ်၍ သူ့လူတွေ တာဟို ကန် တော်ကြီးဒေသသို့ ချောမောစွာ ရောက်ရှိကြောင်း အကြောင်းကြားခြင်းဖြစ် သည်။

နောက်တစ်ကြိမ် တယ်လီဖုန်းဆက်သံမှာ ဒီဇင်ဘာ ၉ ရက်နေ့ တွင် ကြားရခြင်းဖြစ်သည်။ ဤတစ်ကြိမ်တွင် ကြားရသော သတင်းမှာမူ သူ့အတွက် "မင်္ဂလာသတင်း" ပင်ဖြစ်သည်။ ထိုနေ့က အမေရိကန်ပြည်





ထောင်စု တစ်ဝှမ်းလုံးရှိ သန်းပေါင်းများစွာသော လူထုကြီးသည် ထင်ရှား ကျော်ကြားသော ရုပ်ရှင်မင်းသား အဆိုတော် ဖရင့်ဆင်နာထရာ၏ သား ဆင်နာထရာ ဂျူနီယာအား ပြန်ပေးဆွဲသွားသည့်သတင်းကို သတင်းစာ ရေဒီယိုများမှ တစ် ဆင့် ဖတ်ရှုနားထောင်၍ စိတ်ပါဝင်စားစွာ ထင်မြင်ချက်အမျိုးမျိုးပေးနေချိန် လော့စ်အိန်ဂျယ်လီးစ်မြို့ တစ်ခုသော တည်းခိုခန်းကလေးတွင်ရှိ အာဝင် သည် အဆိုပါ ပြန်ပေးဆွဲမှုကြီးနှင့်စပ်လျဉ်း၍ ဘယ်သူမှမရသည့် အတွင်း ကျကျသတင်းကို တယ်လီဖုန်းမှတစ်ဆင့် ရရှိခဲ့သည်။

"သူတော့ တို့လက်ထဲရောက်နေပြီ၊ အဲဒီတော့ စီစဉ်ထားတဲ့ အတိုင်း တယ်လီဖုန်း ဆက်စရာ ရှိတာတွေသာ အမြန်ဆက်ပေတော့..."

အာဝင်ရရှိသည့် တယ်လီဖုန်းသတင်းမှာ ဒါပဲဖြစ်သည်။

သို့သော် ဤသတင်းပုဒ်တိုကလေးသည် သူ့အတွက် ရောမ သတင်းကြီးတစ်ပုဒ် ဖြစ်ရုံမျှမက အလုပ်လည်း အတော်များသွားခဲ့ရသည်။

သတင်းစာနှင့် ရေဒီယိုသတင်းများအရ ဖခင်ဖြစ်သူ ဖရင့်ဆင် နာထရာသည် "သားအတွက် စိုးရိမ်တကြီးဖြင့် ရီနိုမြို့ကလေးသို့ ကိုယ်ပိုင် လေယာဉ်ဖြင့် ချက်ချင်းလိုက်သွားကြောင်းနှင့် ရီနိုမြို့သို့ရောက်လျှင် ရောက် ခြင်း သတင်းထောက်များနှင့် တွေ့ဆုံရာ၌ သူက သူ့သား လွတ်မြောက် ရေးအတွက် "တစ်စုံတစ်ယောက်က ဆက်သွယ် ဆောင်ရွက်ပေးမည် ဆို ပါက လက်ခံရန် အသင့်ရှိကြောင်း" ဖြင့် ပြောကြားခဲ့သည်ဟု ဆိုသည်။

ဤသတင်းကို ကြားသိထားရသော အာဝင်သည် အဆိုပါ "တစ် စုံတစ်ယောက်" မှာ အခြားသူမဟုတ်ဘဲ မိမိပင်ဖြစ်ကြောင်း ချက်ချင်း သိ ရလိုက်သည်။

သို့နှင့်ပင် အာဝင်သည် ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့ပြီး နောက်တစ်နေ့ ဒီဇင်ဘာ ၉ရက်နေ့ ညနေ ၄နာရီ ၄၅ မိနစ်တိတိအချိန်တွင် အလျဉ် မဖော်လိုသော "တစ်စုံတစ်ယောက်" အဖြစ် ဖရင့်ဆင်နာထရာ ထည့်နိုး



www.burmeseclassic.com

www.burmeseclassic.com



သည့် ဟော်တယ်သို့ ဖုန်းလှမ်းဆက်လိုက်သည်။

"အခုစကားပြောနေတာ ဖရင့်ဆင်နာ့ထရာလား"

အာဝင်က စ၍ မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဖရင့်ဆင်နာ့ထရာ စကားပြောနေပါတယ်"

ဖရင့်ဆင်နာ့ထရာသည် တယ်လီဖုန်းခွက်ကို ရုပ်ရှင်ပိတ်ကားပေါ်မှ တန်အတိုင်း ခပ်တည်တည်ကိုင်ရင်းက စကားပြန်လိုက်သည်။ သို့သော် သူ့အသံမှာ ရုပ်ရှင်ကားထဲတွင် "စိုးရိမ်ကြောင့်ကျသည့် လေသံ" ထက် ပို၍ သဘာဝကျသည်ဟု တစ်ဘက်ခန်းမှ အခြားတယ်လီဖုန်းခွက်ကိုကိုင်ရင်း ကြားဖြတ် နားထောင်နေသော စုံထောက်၏စိတ်ထဲတွင် မှတ်ချက်ချမိသည်။

"အသံက ဖရင့်ဆင်နာ့ထရာရဲ့ အသံနဲ့ မတူပါလား"

ရုပ်ရှင်ကားများနှင့် တီးဝိုင်းများတွင် ဤအဆိုကျော် ရုပ်ရှင်မင်းသား၏အသံကို ကြားနေကျဖြစ်၍ "ကျက်"မိနေသော အာဝင်က မယုံသင်္ကာဖြင့် ပြန်"အစ်"လိုက်သည်။

"ဟုတ်ပါတယ်၊ ဖရင့်ဆင်နာ့ထရာကိုယ်တိုင် ပြောနေတာပါ"

"ကောင်းပြီလေ...ဒီလိုဆိုရင် နက်ဖြန်မနက် ၉ နာရီတိတိမှာ တစ်ခါခေါ်ကြည့်မယ်၊ ခင်ဗျားရှိပါ့မလား"

"ရှိပါတယ်...ခေါ်ပါ"

"ကိုင်း...ဒါဖြင့် ဒါပါပဲ၊ ခင်ဗျားသား အခြေအနေကတော့ အားလုံး ကောင်းပါတယ်၊ ဘာမှမစိုးရိမ်ပါနဲ့"

အာဝင်သည် ကမ္ဘာကျော် ရုပ်ရှင်မင်းသား တစ်ယောက်နှင့်စကားပြောနေရသည့်အလျောက် သူကိုယ်တိုင်လည်း ရုပ်ရှင်ထဲက "လူဆိုး" တစ်ယောက်၏ လေသံနှင့် မတူ့တူအောင် ပြောလိုက်သည်။ တယ်လီဖုန်းခွက်ကို ချကာနီးမှာပင် သူက ဖရင့်ဆင်နာ့ထရာအား ခပ်တည်တည်ဖြင့်





"မထိတထိ" လုပ်လိုက်သေးသည်။ "ခင်ဗျားအနေနဲ့ ဖြစ်နိုင်မယ်ဆိုရင်တော့ လမ်းတွေမှာ ပိတ်ပြီး စစ်ဆေးနေတာကို ကြည့်ပြောပါဦး"

တယ်လီဖုန်းခွက် ချလိုက်သည့်အသံသည် ကျောက်ခဲနှင့်ပေါက်ထွက်လာသည်။ ဘာပဲဖြစ်ဖြစ် ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီးမှာ သည်းတစ်ချီခံလိုက်ရသည်။

နောက်တစ်နေ့ ဒီဇင်ဘာ ၁၀ ရက်၊ နံနက် ၉နာရီ ၅ မိနစ်တိတိတွင် ဖရင့်ဆင်နာ့ထရာထံသို့ "တစ်စုံတစ်ယောက်"က ဖုန်းဆက်ပြန်သည်။

သို့သော် ဤ"တစ်စုံတစ်ယောက်" မှာ ထို "တစ်စုံတစ်ယောက်" မဟုတ်၊ အခြား "တစ်စုံတစ်ယောက်" ဖြစ်သည်။ ပို၍ရှင်းအောင် ပြောရလျှင် ယခုတစ်ကြိမ် ဖရင့်ဆင်နာ့ထရာထံ ဖုန်းဆက်သူမှာ အာဝင်မဟုတ်တော့ဘဲ ကီးနန်းပင်ဖြစ်သည်။

အာဝင်သည် ယမန်နေ့က ဆင်နာ့ထရာနှင့် ဖုန်းဆက်၍ ယနေ့ နံနက် ၉ နာရီချိန်းထားပြီး ယင်းသို့ အချိန်းအချက်လုပ်ထားသည့် သတင်းကို လော့အိန်ဂျယ်လီးစ်မြို့မှနေ၍ ကနိုဂါ တောအုပ်ကလေးအတွင်းမှ အိမ်ကလေးတွင် ရှိနေကြသည့် သူ့လူများထံ အကြောင်းကြားလိုက်ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ယခုတစ်ကြိမ် ဖုန်းဆက်သော "တစ်စုံတစ်ယောက်" မှာ အာဝင်မဟုတ်တော့ဘဲ ကီးနန်းပင်ဖြစ်သည်။

နံနက်တစ်ချိန်လုံး တယ်လီဖုန်းဘေးနားတွင် ထိုင်စောင့်နေသော ဆင်နာ့ထရာသည် ၉နာရီ ၅ မိနစ်တိတိတွင် ဖုန်းသံကြားလျှင် ကြားခြင်း ဖြတ်ခနဲကောက်ကိုင်လိုက်သည်။

"ဟယ်လို...ပြောပါ"

ဖရင့်ဆင်နာ့ထရာက စတင်၍ ထူးလိုက်ရာ တစ်ဘက်က "ဆင်နာ့ထရာလား" ဟူ၍ ပြန်မေးသံထွက်ပေါ်လာသည်။

"ဟုတ်ပါတယ်" ဟူသော ဆင်နာ့ထရာ၏ကြော်ငြာသံ ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာပြီးနောက် တစ်ဘက်မှ စကားပြောသူသည် တခြားအခန်းတစ်ခုထဲမှ လူတစ်ယောက်ကို အမိန့်ပေးသည့်အသံဖြင့် "ဟေ့ကောင် တယ်လီဖုန်းကို ကိုင်ထားလေကွာ" ဟူ၍ ကြားလိုက်ရသည်။

ချက်ချင်းဆိုသလိုပင် ဖရင့်ဆင်နာထရာ၏ နားထဲသို့ သူကြားနေကျ အသံတစ်သံဝင်လာသည်။

"ဟယ်လို၊ ဖေဖေလား..."

"အေး ဟုတ်တယ် ဖရင့်ကီလား..."

"ဟုတ်တယ် ဖေဖေ ..."

"သား ဘယ့်နဲ့လဲ၊ ကျန်းကျန်းမာမာပဲလား"

"ဟုတ်ကဲ့ နေကောင်းပါတယ်"

"မင်းမှာ အနှေးထည်ဝတ်စရာမှရှိရဲ့လား သားရယ်"

ဖရင့်ဆင်နာထရာသည် "မိဘမေတ္တာ" ၏ စေစားချက်အရ သားအတွက် စိုးရိမ်စိတ်ဖြင့် ပါးစပ်က လွှတ်ခနဲ ထွက်သွားမိသည်။

သို့သော် တစ်ဘက်က ဘာသံမှ ပြန်မကြားရတော့ဘဲ ဖြစ်သွားသည်။ ဖရင့်ဆင်နာထရာသည် သူ့သားအသံကို ထပ်မံကြားရနိုးနိုးဖြင့် တအောင့်လောက် စောင့်နားထောင်နေမိသေးသည်။ ဘာသံမှ မကြားရသည့်အဆုံးတွင်မှ တစ်စုံတစ်ခုကို ရိပ်မိပြီး စကားပြောခွက်ထဲသို့ ခပ်ကျယ်ကျယ် အော်ပြောလိုက်ရသည်။

"ဒီမယ်...စောစောက စကားပြောတဲ့လူ...ကျွန်တော်နဲ့ စကားပြောတဲ့လူ..." ဟူ၍ ဖုန်းထဲမှ လှမ်းခေါ်လိုက်ရာ ဤတွင်မှ ခပ်စောစောက လူ၏အသံကို ကြားရသည်။

"ဟုတ်ကဲ့ ပြောပါ..."

"ဩော်...အင်း...ဒါထက် နေပါဦး။ ခင်ဗျားတို့ ကျွန်တော့်ကို ဟို...ဟိုကိစ္စ၊ အဲ...အဲ...ဒီကိစ္စကို အဆင်ပြေအောင် လုပ်ချင်တယ်





မဟုတ်လား"

"အား ...ဟုတ်တာပေါ့။ ဒါပေမယ့် နေဦးလေ၊ အခုထုတ်ထို့ မဖြစ်သေးဘူး..."

"ဘာလို့မဖြစ်တာလဲ"

"နေ့ခင်း ၂ နာရီလောက်အထိ စောင့်ပါဦး..."

"ထားပါတော့၊ ခင်ဗျားတို့ ဘာလိုချင်တယ်ဆိုတာလဲ ပြောပါဦး"

"အို...ဒါကတော့ ထုံးစံအတိုင်း ငွေလိုချင်တာပေါ့..."

"ကောင်းပြီလေ...ခင်ဗျားတို့ ဘယ်လောက်လိုချင်တယ် ဆိုတာလဲ ပြောဦးမှပေါ့..."

"အင်း...ဒါတော့ ကျုပ် ကျုပ် အခုမပြောနိုင်သေးဘူးလေ"

"နေပါဦး။ အဲဒါ ဘာဖြစ်လို့ အခုမပြောနိုင်ရတာလဲ၊ အခု ပြောလိုက်တော့ ကျွန်တော့်အနေနဲ့ ခင်ဗျားတို့ လိုချင်တာကို ကြိုတင်ပြီး အဆင်သင့်လုပ်ထားနိုင်တာပေါ့..."

"ကျုပ်ကလည်း အဲဒါစိုးရိမ်တာပဲ၊ ရှင်းရှင်းပြောရရင် အဲဒီလို ကြိုတင်ပြီး အဆင်သင့်လုပ်နိုင်လောက်အောင် ခင်ဗျားကို အချိန်အများကြီး ပေးမထားချင်လို့ဘဲ"

"ဒီလိုဆိုလဲ ရှိစေတော့ပေါ့၊ ဒါပေမယ့် ကျွန်တော့်ကို အချိန်နည်းနည်းပါးပါးတော့ ပေးဖို့လိုလိမ့်မယ် ထင်တယ်"

"ဟုတ်ပါတယ်၊ ဒါတော့ ကျုပ် သဘောပေါက်ပါတယ်။ ဒါပေမယ့် ခင်ဗျားတစ်ခု သိထားဖို့က ကျုပ်ကိုတော့ တစ်ပတ်ရိုက်မယ်မကြံနဲ့နော်၊ ဒါပဲ၊ ၂ နာရီကျရင် တစ်ခါပြန်ဆက်မယ်၊ ဟုတ်လား..."

"ခဏနေပါဦး...ဒီ့ထက်စောပြီး မဆက်နိုင်ဘူးလား"

"မဆက်နိုင်ဘူးဗျာ...ကဲ ဒါပဲ၊ ဖုန်းချလိုက်တော့မယ်"

"ကျွန်တော့်သားနဲ့ စကားထပ်မပြောရတော့ဘူးလား..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်က ဘာသံမှ မကြားရတော့ဘဲ ဖုန်းချသွားသဖြင့် ဖရင့်ဆင်နာထရာလည်း စကားပြောခွက်ကို အသာအယာ ပြန်တင်လိုက်ရသည်။

သို့သော် သိပ်ကြာကြာမစောင့်ရတော့ဘဲ နေ့ခင်း ၁ နာရီမထိုးမီ၊ ဝင်းနောက်ထပ် တယ်လီဖုန်းသံကို ကြားရပြန်သည်။ သည်အခါတွင်မူ ပြန်ပေးဆွဲသူများသည် သူတို့အလိုရှိသည့် ငွေအရေအတွက်ကို အတိအကျပြောခဲ့မှုမက ဘယ်ပုံစံမျိုးဖြင့် လိုချင်သည်၊ ဘယ်လိုအိတ်မျိုးနှင့် ထည့်၍ ပေးရမည် စသည်များကိုပါ အသေးစိတ် "ညွှန်ကြားချက်" ပေးကြသည်။

သူတို့တောင်းသည့်ငွေမှာ နည်းနည်းပါးပါး မဟုတ်၊ ဒေါ်လာငွေ နှစ်သိန်းလေးသောင်း (၂,၄၀၀,၀၀) ဖြစ်၍ မြန်မာငွေနှင့် တန်ဖိုးတွက်လျှင် ကျပ်တစ်သန်း နှစ်သိန်း (၁,၂၀၀,၀၀၀) နီးပါးခန့်ရှိသည် ဖြစ်သတည်း။

သူတို့၏ အသေးစိတ်ညွှန်ကြားချက်မှာ အဆိုပါဒေါ်လာ၂၄၀,၀၀၀ ကို ဖြစ်ကတတ်ဆန်း မပေးရ၊ ဘဏ်တိုက်နှင့် အသေအချာ စီစဉ်၍ ဒေါ်လာ ၁၀၀ တန် ငွေစက္ကူရွက်ရေ ၇၀၀၊ ဒေါ်လာ ၅၀ တန် ငွေစက္ကူရွက်ရေ ၇၀၀၊ ဒေါ်လာ ၂၀ တန်ရွက်ရေ ၄၀၀၀၊ ဒေါ်လာ ၁၀ တန် ရွက်ရေ ၄၀၀၀ နှင့် ၅ ဒေါ်လာတန် ရွက်ရေ ၃၀၀၀ ပေးရမည်ဟူ၍ဖြစ်သည်၊ ထို့နောက် ပြန်ပေးများ၏ အခြားအရေးကြီးသော တောင်းဆိုချက်နှစ်ခုမှာ ထိုအရေအတွက် အချိုးအစားဖြင့် ပေးရမည့် ဒေါ်လာ ၂ သိန်း၊ ၄သောင်းတန် ငွေစက္ကူများသည် အသစ်စက်စက် "ထောင်မလဲ သဲကော်များ" မဖြစ်စေရ၊ သုံးပြီးသားငွေစက္ကူ တစ်ပတ်ရစ်များဖြစ်စေရမည်၊ ထို့ပြင် ငွေစက္ကူများ နံပါတ်များသည် အများဆုံး ၈ ရွက်ထက်ပို၍ အစဉ်အလိုက်မဖြစ်စေရ၊ ဆိုလိုသည်မှာ ဥပမာ - ငွေစက္ကူနံပါတ်များသည် ၁၀၁ မှ ၁၀၉-၁၁၀ အထိ နံပါတ်စဉ်အတိုင်း မဖြစ်စေရ၊ အများဆုံး နံပါတ်စဉ်ထပ်လျှင် ၁၀၁ မှ ၁၀၈ အထိသာ ဖြစ်စေရမည်ဟူ၍ အတိအကျ အသေးစိတ်ညွှန်ကြားထားသည်။ ‥ကမ္ဘာက အသိအမှတ်ပြုထားကြရသော "အမေရိကန်တို့၏ စေ့





စပ်သေချာမှု" သည် ပြန်ပေးဆွဲသည့် ရာဇဝတ်မှုတွင်ပင် တွေ့နေရသည် တကား။

"အမေရိကန်တို့၏ စေ့စပ်သေချာမှု" သည် ဤမျှဖြင့် မပြီးဆုံးသေး၊ ထို "ငွေစက္ကူရောင်စုံ အထပ်လိုက်" များကို ထည့်သည့်လက်ဆွဲသားရေအိတ်သည် အလျားလက်မ ၂၀ ထက်ပို၍ မကြီးစေရဟူ၍ပင် နောက်ဆက်တွဲ ပါလိုက်သေးသည်။

ထိုငွေများကို ဘယ်နေ့ဘယ်ရက်တွင် ဘယ်နည်း ဘယ်ပုံ ပေးရမည်ဟူသော အချက်နှင့်ပတ်သက်၍မူ ပြန်ပေးများက ဖရင့်ဆင်နာထရာအား ယခုရောက်ရှိနေသော ရီနိုမြို့ကလေးမှ သူငန်းဟောင်းဖြစ်သူ မစ္စတာ နန်စီဆင်နာထရာ (ဖရင့်ဆင်နာထရာဂျူနီယာ၏ မိခင်ဖြစ်သူ) ရှိရာ ဘဲလ်အဲယားမြို့သို့ ယနေ့ပင် အမြန်ဆုံးသွားရောက်၍ ထိုအိမ်မှ စောင့်နေရမည်၊ မိမိတို့က ထိုအိမ်သို့ ယနေ့ည ၉ နာရီတိတိတွင် တယ်လီဖုန်း နောက်တစ်ကြိမ် ထပ်ဆက်မည် စသည်ဖြင့် အသေးစိတ်ညွှန်ကြားသည်။ ပြန်ပေးဆွဲသည့်အလုပ်သည် ဆွဲသူရော အဆွဲခံရသူအတွက်ပါ အမြင်လွယ်သလောက် တကယ်လုပ်တော့ အဟုတ်ခက်၍ ရှုပ်ရှုပ်ယှက်ယှက် နိုင်လှသည် တကား။

မည်သို့ပင်ဖြစ်စေ ဖခင်ဖြစ်သူ ဖရင့်ဆင်နာထရာကြီးမှာ သားအတွက် ငယ်ထိပ်မြွေပေါက်ခံရသလို ဖြစ်နေသည်ကတစ်ကြောင်း ပြန်ပေးများ တောင်းသည့် ဒေါ်လာ နှစ်သိန်းကျော်မှာ သူ့အတွက် ရုပ်ရှင်ကား[illegible] သရုပ်ဆောင်ခလောက်ပင် မရှိသည်က တစ်ကြောင်း စသည့်အကြောင်းများကြောင့် သူတို့တောင်းသမျှ လျှောလျှောရှူရှူပေးရန် သဘောတူလိုက်သည်။

ထို့ကြောင့် ဖရင့်ဆင်နာထရာသည် သူ့အတွက် အမြဲတမ်း[illegible] နေအဖြစ် ဆောင်ရွက်ပေးနေသော ရှေ့နေကြီး ရုဒင်မှတစ်ဆင့်[illegible] နီးယားပြည်နယ် အမျိုးသားဘဏ်တိုက်ကြီးသို့ သူ့အစ်[illegible] တရင်းထဲမှ ပြန်ပေးများတောင်းသည့် ဒေါ်လာ ၂ သိန်း၄ သောင်းအပြီး



www.burmeseclassic.com

www.burmeseclassic.com



တို့ ညွှန်ကြားသည့် ငွေစက္ကူအရေအတွက် အချိုးအစားအတိုင်း အဆင်သင့် ဘဲလ်အဲယားမြို့သို့ပို့ပေးပါရန် ချက်ချင်းပင်တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်သည်။ သည့်နောက် သူသည် ပြန်ပေးများ၏ အမိန့်အတိုင်း သူနေခဲ့သော နန်စီဆင်နာထရာရှိရာ ဘဲလ်အဲယားမြို့သို့ လေယာဉ်ဖြင့် အတိုက်အရိုက် ထွက်လာခဲ့ရသည်။

ထိုညက ဘဲလ်အဲယားမြို့ရှိ နန်စီဆင်နာထရာ၏ နေအိမ်သို့ ပြန်ပေးများက ဖုန်းဆက်သောအခါ အချိန်မှာ ည ၉ နာရီ ၂၆ မိနစ်တိတိ ရှိခြင်းဖြစ်သည်။ ဖရင့်ဆင်နာထရာသည် ပြန်ပေးများနှင့် တယ်လီဖုန်းပြောပြီးနောက် သူတို့ညွှန်ကြားသည့်အတိုင်း စန်တာမိုနီကာ လမ်းမကြီးတစ်နေရာရှိ ဓါတ်ဆီဆိုင်တစ်ဆိုင်သို့ ကားဖြင့် ထွက်လာခဲ့ရသည်။ တစ်ဖန် ဓါတ်ဆီဆိုင်မှတစ်ဆင့် လူဆိုးများက တယ်လီဖုန်းဖြင့်ထပ်၍ ညွှန်ကြားချက်အရ ဟော့စ်အိန်ဂျဲလီးစ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မောင်းလာခဲ့ရပြန်သည်။

သူတို့နှင့်အတူ ကားပေါ်တွင် အမျိုးသားဘဏ်ကြီးမှ အချိန်မီရောက်ရှိလာသည့် ဒေါ်လာ ၂ သိန်း ၄ သောင်းပါလာသည့်ပြင် သူကိုယ်စား လူဆိုးများထံ ငွေသွားပေးရမည့် အဖော်ကိုယ်စားလှယ်တစ်ယောက်လည်း လိုက်ပါလာသည်။ ဤကိုယ်စားလှယ်မှာလည်း လူဆိုးများ၏ အမိန့်အရ ခေါ်လာခဲ့ရခြင်းဖြစ်သည်။

လူဆိုးများ၏ အချိန်းအချက်မှာ အဆိုပါကိုယ်စားလှယ်သည် ဟော့စ်အိန်ဂျဲလီးစ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အဦးအတွင်းရှိ အနောက်ဥရောပလေကြောင်းဌာန တယ်လီဖုန်းရုံအနီးသို့ ည ၁၁ နာရီတွင် ရောက်ရမည်ဖြစ်သည်။ သူနှင့်အတူ ဒေါ်လာ ၂ သိန်း ၄ သောင်း ထည့်ထားသည့် လက်ဆွဲသားရေအိတ်ပါရမည်။ ထိုနေရာ ထိုအချိန်တွင် လူဆိုးများ၏ "ကိုယ်စားလှယ်" က အမှတ်တမဲ့ ထိုငွေအိတ်ကို လာယူ





မည်။ သို့လာယူရာ၌ လူဆိုးများ၏ "ကိုယ်စားလှယ်" အမည်သည် "ရွှန်အေဒမ်" ဟူ၍လည်းကောင်း၊ ဖရင့်ဆင်နာထရာ၏ "ကိုယ်စားလှယ်" အမည်ကို "ပက်ထရစ်ဟင်နရီ" ဟူ၍လည်းကောင်း အသီးသီး နာမည်ဝှက်များကို အသုံးပြုရမည် ဖြစ်သည်။

ဤနေရာတွင် ဖရင့်ဆင်နာထရာနှင့်အတူ ငွေအိတ်ကိုကိုင်၍ လိုက်ပါလာသည့် "ကိုယ်စားလှယ်" မှာ အခြားသူမဟုတ်၊ အက်ဖ်ဘီအိုင် စုံထောက်အရာရှိ တစ်ဦးပင်ဖြစ်သည်။ ဖရင့်ဆင်နာထရာအား ဤအတောအတွင်း လူဆိုးများက အမြဲဆက်သွယ်နေကြသလို၊ ဝါရှင်တန်မှ စုံထောက်ညွှန်ကြားရေးဝန်ချုပ် ဟူးဗားကလည်း တယ်လီဖုန်းဖြင့် အဆက်မပြတ်ညွှန်ကြားနေခဲ့သည်။ ငွေပေး ငွေယူ ကိစ္စအတွက် ကိုယ်စားလှယ်တစ်ဦး ခေါ်လာရန် လူဆိုးများက အမိန့်ပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဟူးဗားက ဖရင့်ဆင်နာထရာအား အရပ်သား သူ့မိတ်ဆွေများထဲက ရင်းနှီးသူတစ်ယောက်ကို ခေါ်လိုက ခေါ်သွားရန် ခွင့်ပြုခဲ့သည်။ အကယ်၍ အရပ်သားထဲက ခေါ်မသွားလိုပါက စုံထောက်တစ်ယောက်ကို ထည့်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဤတွင် ဖရင့်ဆင်နာထရာက "ခင်ဗျားလူထဲက တစ်ယောက်ယောက် ထည့်လိုက်တာပဲ ကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အရပ်သားထဲက ကျွန်တော့်မိတ်ဆွေတစ်ယောက်ယောက် ခေါ်သွားလို့ မလည်မဝယ်နဲ့ တစ်ခုခု အမှားမှား အယွင်းယွင်းဖြစ်သွားရင် ကြားထဲက ကျွန်တော့်သား ဒုက္ခရောက်မှာစိုးလို့ပါ" ဟူ၍ အကြောင်းပြန်လိုက်သည်။ သို့နှင့်ပင် အထူးစုံထောက်အရာရှိတစ်ယောက်သည် ဟူးဗား၏ ညွှန်ကြားချက်အရ ဖရင့်ဆင်နာထရာ၏ "ကိုယ်စားလှယ်" အဖြစ် ငွေအိတ်ကို ပိုက်ကာ လိုက်ပါလာခြင်းဖြစ်သည်။

ပြန်ပေးဆွဲခံနေရသည့် ဖရင့်ဆင်နာထရာအား ပြန်သွားရန် ဖြိုညက သားရေအိတ်ဖြင့် ထည့်ထားလာသည့်ငွေမှာ အသေအချာ ရေတွက်



www.burmeseclassic.com

www.burmeseclassic.com



အချည့်ထည့်ဆိုပါက ၂ သိန်း ၄ သောင်းမပြည့်တဲ့ ၁၅ ဒေါ်လာလျော့၍ စုစုပေါင်း ၂၉၉,၉၈၅ ဒေါ်လာသာရှိနေခဲ့သည်။ သို့ဖြစ်ရသည်မှာလည်း ၅ ဒေါ်လာတန် အထုပ်များအတွင်း ငွေစက္ကူ ၃ ရွက်လျော့နေသောကြောင့် ဖြစ်သည်။ ဤသို့ ၁၅ ဒေါ်လာ လျော့နေသည်ကို ဘဏ်အရာရှိများက သိကြသော်လည်း အချိန်လု၍ လုပ်ရသဖြင့် လိုနေသော ငွေကို ထပ်မထည့်တော့ဘဲ ကာယကံရှင် ဖရင့်ဆင်နာထရာကိုသာ ဤအကြောင်းကို ကြိုတင်ပြောပြထားခဲ့ကြသည်။

လူဆိုးများက "အမေရိကန်တို့၏ စေ့စပ်သေချာမှု"ဖြင့် တစ်ပတ်ရစ်ငွေစက္ကူများကို ဘယ်လောက်တန်က ဘယ်နှစ်ရွက် ထည့်ပေးရမည်ဟူ၍ အတိအကျ စေခိုင်းသလို၊ သက်ဆိုင်ရာ ဘဏ်တိုက်ကလည်း "အမေရိကန်တို့၏ စေ့စပ်သေချာမှု" အရ ဤငွေစက္ကူအားလုံးကို တစ်ရွက်မကျန် ဘဏ်တိုက်တွင် အသုံးပြုသည့် အထူးကင်မရာဖြင့် မိနစ်ပိုင်းအတွင်း ဓာတ်ပုံရိုက်မိအောင် ရိုက်ယူထားလိုက်ကြသည်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်လျှင် ရောက်ခြင်း ဖရင့်ဆင်နာထရာ၏ "ကိုယ်စားလှယ်" သည် ကားပေါ်မှဆင်း၍ လူဆိုးများ ချိန်းထားသည့် အနောက်ဥရောပနိုင်ငံများဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရေးဌာနသို့ တောက်လျှောက် တန်းဝင်သွားသည်။

သို့သော် ပြန်ပေးများသည် အစီအစဉ်ကြီးနေကြဟန် တူသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လေဆိပ်အဆောက်အဦထဲတွင် ငွေလာယူမည်ဟု ပြောထားပြီးမှ လာမယူသေးဘဲ အခြားတစ်နေရာသို့ ထပ်ချိန်းပြန်သည်။

၁၁ နာရီ ၁၂ မိနစ်အချိန်တွင် တယ်လီဖုန်း ဆက်သွယ်ရေးဌာနအနီး၌ စောင့်နေသည့် ဖရင့်ဆင်နာထရာ၏ "ကိုယ်စားလှယ် ပက်ထရစ်ဟင်နရီ" အား တစ်နေရာမှ "ဂျွန်အောဒမ်" ဆိုသူက စကားပြောလို





သည်ဟု အကြောင်းကြားသဖြင့် နာမည်အတုဖြင့် ကိုယ်စားလှယ် အတုလုပ်နေရသော အက်ဖ်ဘီအိုင် စုံထောက်သည် တယ်လီဖုန်းကို ကောက်ကိုင်၍ နားထောင်ရသည်။

တစ်ဘက်မှလူဆိုးများ၏ ကိုယ်စားလှယ် "ဂျွန်အောဒမ်" က "ပက်ထရစ်ဟင်နရီ" အား လင်ကွန်းလမ်းမကြီးနှင့် ဂျက်ဖါဆင်လမ်းမကြီးတို့ ဆုံရာလမ်းထောင့် အရှေ့ဘက်နားမှ ဓါတ်ဆီဆိုင်သို့ ဆက်၍လာခဲ့ရန် ထပ်မံချိန်းပြန်သည်။

သို့နှင့်ပင် နာမည်တုနှင့် ကိုယ်စားလှယ်အတုအဖြစ် ဟန်ဆောင်နေရသော စုံထောက်အရာရှိသည် အဆိုပါလမ်းဆုံမှ ဓါတ်ဆီဆိုင်သို့ ဆက်လက်ထွက်ခွာလာခဲ့ရသည်။ ဤနေရာတွင်မူ ဖရင့်ဆင်နာထရာသည် သူကိုယ်တိုင် စုံထောက်နှင့်အတူ လိုက်မလာတော့ဘဲ မိတ်ဆွေတစ်ယောက်ကို ထည့်လိုက်သည်။

လူဆိုးများ ထပ်မံချိန်းဆိုသည့် ဓါတ်ဆီဆိုင်သို့ "ကိုယ်စားလှယ်" စုံထောက်အရာရှိ ရောက်သွားလျှင် ရောက်သွားခြင်း ဓါတ်ဆီဆိုင်ရှေ့ရှိ တယ်လီဖုန်းရုံထဲမှ ဖုန်းခေါ်သံကို ကြားရသည်။ စုံထောက်အရာရှိသည် တယ်လီဖုန်းရုံထဲသို့ ခပ်သွက်သွက်ကလေး ပြေးဝင်သွားကာ စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။ ချက်ချင်းဆိုသလိုပင် တစ်ဘက်မှ စကားပြောသံ ထွက်ပေါ်လာသည်။

"ကျုပ်တို့ ကောင်ကလေးကို ဒီနေ့ညတွင်းချင်းပဲ ပြန်လွှတ်ပေးမယ်... ဒါပေမယ့် ခင်ဗျားဆီကငွေ ကျုပ်တို့လက်ထဲရောက်ပြီး ၄ နာရီလောက်ကြာမှ လွှတ်ပေးနိုင်မယ်၊ ဘာလို့လဲဆိုတော့ ကျုပ်တို့ ဒီငွေတွေ ရှောင်ဖို့တိမ်းဖို့ အချိန်ယူရဦးမယ်"

"ကောင်းပါပြီ...၊ ဒါထက် ဖရင့်ဆင်နာထရာ ကျွန်တော်တို့ ကျွန်တော် စကားမပြောရဘူးလား..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မှန်နေပါတယ် သည်းခံပါ။ သူလည်း အခု ဒီမှာ ရှိပါရဲ့ … အခြားတစ်နေရာရောက်နေလို့ပါ … "

ထို့နောက် ပြန်ပေးများ၏ ကိုယ်စားလှယ်သည် ဖရင့်ဆင်နာထရာ၏ ကိုယ်စားလှယ်စုံထောက် အရာရှိအား သူနှင့်ပါလာသော ငွေအိတ်ကို ဓါတ်ဆီဆိုင်နှင့် မလှမ်းမကမ်းတွင် ရပ်ထားသည့် အဝါရောင်ကျောင်းကား နှစ်စင်းကြားတွင် ချထားခဲ့ပြီး ထိုနေရာမှ အမြန်ဆုံးပြန်ထွက်သွားရန် ညွှန်ကြားလိုက်သည်။

တစ်ဘက်မှ တယ်လီဖုန်းချလိုက်လျှင် ချလိုက်ခြင်း စုံထောက်အရာရှိသည် တယ်လီဖုန်းရုံထဲမှ ထွက်ကာ ခပ်လှမ်းလှမ်းတွင် မြင်နေရသည့် ကျောင်းကားနှစ်စီးရှိရာသို့ ခပ်မှန်မှန် လျှောက်သွားသည်။ ထို့နောက် ရပ်ထားသော ကားနှစ်စင်းကြားသို့ ဝင်သွားပြီး အလယ်တည့်တည့် အရောက်တွင် သူ့လက်ထဲမှ ပါလာသော ငွေအိတ်ကို အသာချပစ်ခဲ့သည်။

ကားနှစ်စင်းကြား မှောင်ရိပ်ထဲမှ ချက်ချင်းပြန်ထွက်လာပြီးနောက် စုံထောက်အရာရှိသည် ဓါတ်ဆီဆိုင်ရှေ့ရှိ မီးရောင်ကိုအားပြုကာ သူ့လက်မှ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ညသန်းခေါင်ကျော် ၁၂ နာရီ ၂၅ မိနစ်တိတိရှိပြီဖြစ်၍ ဒီဇင်ဘာလ ၁၁ရက်နေ့သို့ပင် ကူးပြောင်းလာပြီ ဖြစ်သည်။

နောက် ၂ နာရီခွဲမျှအကြာ နံနက် အရုဏ်မတက်မီ ၃ နာရီထိုးရန် ၅ မိနစ်အလိုတွင် ဘဲလ်အဲယားမြို့တော် မော်တော်ယာဉ်ဌာနမှ ရဲအရာရှိ ရော့ဂျ်ဂျုံးစ်သည် မြို့နှင့် မလှမ်းမကမ်း အဝေးပြေးလမ်းမကြီးအတိုင်း ဝိုင်ယာလက်ရဲကားတစ်စီးကို မောင်းလာခိုက် နောက်နားဆီမှ "ဟေး" … ဟူသော အသံတစ်သံကို ကြားလိုက်ရသဖြင့် ကားကို စက်ရှိန်သတ်၍ ရပ်လိုက်သည်။ ထို့နောက် ကားရှေ့ရှိ နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်လိုက်ရာ နောက်ဘက် တစ်ခေါ်လောက်အကွာမှ လူငယ်တစ်ယောက် သူ့ကို





လှမ်း၍ လက်ပြရင်း လမ်းမကြီးအတိုင်း ပြေးလာနေသည်ကို မြင်ရသည်။

မော်တော်ယာဉ် ရဲအရာရှိ ဂျုံးစ်သည် ကားကို အနည်းငယ် နောက်ပြန်ဆုတ်ရင်း အနားသို့ရောက်လာသော လူငယ်ကို အသေအချာ ကြည့်လိုက်မိသည်။ ထိုလူငယ်မှာ အဝတ်အစား ဖိုသီဖတ်သီဖြင့် သူ့ခေါင်းမှဆံပင်များ ဖိုရို့ဖားယားဖြစ်နေသော်လည်း ရဲအရာရှိဂျုံးစ်သည် သူ့ကို မြင်လျှင် မြင်ခြင်း မှတ်မိသည်။

သူကား၊ ဖရင့်ဆင်နာထရာ ဂျူနီယာပင်တည်း … ။

နောက် တစ်နာရီခန့်အကြာတွင် ဘဲလ်အဲယားမြို့ တစ်ခုသော အိမ်တစ်အိမ်၏ ဧည့်ခန်းထဲ၌ ဖရင့်ဆင်နာထရာ ဂျူနီယာအား ဖခင်ဖြစ်သူ ဖရင့်ဆင်နာထရာနှင့် မိခင်နန်စီဆင်နာထရာတို့ အလယ်တွင် ရယ်ရယ် မောမောဖြင့် စကားပြော၍ မဆုံးအောင် ဖြစ်နေသည်ကို တွေ့ကြရသည်။

×××××

အက်ဖ်ဘီအိုင် စုံထောက် အဖွဲ့ကြီးသည် ဤပြန်ပေးဆွဲမှုကြီးကို ပထမပိုင်းက တရားခံလူဆိုးများကို အမိဖမ်းရေးထက် ပြန်ပေးအဆွဲခံရသူ ဖရင့်ဆင်နာထရာ လွတ်ရေးကိုသာ အဓိကထား၍ ပိပိရိရိ သိုသိုသိပ်သိပ်ဖြင့် ဆောင်ရွက်ခဲ့ရသည်။ အထူးသဖြင့် ပြန်ပေးများလက်တွင်းသို့ ရောက်ရှိနေသော ဖရင့်ဆင်နာထရာ၏ အသက်မဆုံးရှုံးရလေအောင် တတ်နိုင်သမျှ ကြိုးစားရသဖြင့် ကြံ့ကြံ့ခံခဲ့ကြသည်။ ယုတ်စွအဆုံး လူဆိုးများ တောင်းသည့် ငွေကိုပင် "မပေးပါနှင့်" ဟူ၍ မပိတ်ပင်ဘဲ သက်ဆိုင်သူတာဝန်ရှင်များ၏ ဆန္ဒအတိုင်း လိုက်လျောခွင့်ပြုခဲ့သည်။

ယခုသော်မူ သူတို့ဦးတည်ရည်ရွယ်သည့်အတိုင်း ဖရင့်ဆင်နာထရာသည် ပြန်ပေးများလက်ထဲမှ ဘေးမသီရန်မခ ဆလုတ်ကင်း သူ့မိဘများထံ ပြန်လည်လွတ်မြောက်လာခဲ့ပြီဖြစ်ရာ ဘီလူးစီးလူစီး ပြန်ပေးသမားများကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးသူနှင့် အက်ဖ်ဘီအိုင်တို့ တစ်ပွဲတစ်လမ်း အကဲစမ်းရန် အချိန်ကျရောက်လာပြီ မဟုတ်ပါလော· · ·။

သို့ဖြစ်ရာ ရှေဦးစွာ အက်ဖ်ဘီအိုင် စုံထောက်များသည် ပြန်ပေးခွဲခံခဲ့ရသည့် ဖရင့်ဆင်နာထရာ ဂျူနီယာအား ချက်ချင်းလာရောက်တွေ့ဆုံ၍ ဖြစ်ပုံဖြစ်ပုံ အလုံးစုံကို အကုန်အစင်အသေးစိပ် မေးမြန်းခဲ့ကြသည်။ ဒီဇင်ဘာ ၈ ရက်နေ့ ည ၉နာရီလောက်က ဟာရာကာလပ်၏ တည်းခိုခန်းထဲသို့ လူဆိုးနှစ်ယောက် ဝင်လာပြီး ပြန်ပေးဆွဲသွားသည့်အချိန်မှစ၍ ပြန်လွှတ်လာသည့် ဒီဇင်ဘာ ၁၁ ရက်နေ့ နံနက် ၃ နာရီခန့်အထိ နာရီပေါင်း ၅၄ နာရီ၊ ရက်အားဖြင့် ၂ ရက်ကျော်ကျော်အတွင်း တွေ့ခဲ့သမျှ မြင်ခဲ့သမျှ ကြုံခဲ့သမျှ ကြားခဲ့သမျှတို့ကို တစ်ခုစီတစ်ခုစီ ခရေစေ့တွင်းကျ စုံစမ်း မေးမြန်းခဲ့ကြသည်။

၎င်းတွင် ဖရင့်ဆင်နာထရာ၏ ပြောပြချက်အရ လူဆိုးများ အသုံးပြုသည့်ကားမှာ ၁၉၆၃ ခုနှစ်လုပ် ချက်ပလက်အမျိုးအစားဖြစ်ကြောင်း၊ သူ့အခန်းထဲသို့ ဝင်လာပြီး ပြန်ပေးဆွဲကြသည့် လူဆိုးနှစ်ယောက်စလုံးမှာ အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေးကြောင်း၊ တစ်ယောက်မှာ ပိန်ပိန်ပါးပါး အရပ်ရှည်ရှည် အသားလတ်လတ် မျက်လုံးပြာပြာဖြင့် သူ့အမည်ကို "ဘာရီ" ဟူ၍ခေါ်သံကြားရကြောင်း၊ အခြားတစ်ယောက်မှာ အသားညိုညို ကိုယ်လုံးတောင့်တောင့်၊ ဆံပင်နက်နက်ဖြင့် သူ့နာမည်ကို "ဂျိုး" ဟူ၍ မှတ်မိကြောင်း၊ သူ့ကိုဝှက်ထားသည့်အိမ်ကလေး၌ ဒီဇင်ဘာလ ၁၀ ရက်နေ့က တွေ့ခဲ့ရသည့် တတိယလူမှာ ထိုစဉ်က မိမိမျက်နှာကို အဝတ်ဖြင့် စီးထားသောကြောင့် လူပုံပန်းသဏ္ဌာန်ကို မမြင်လိုက်ရသော်လည်း သူ့အသံကို ကြားရခြင်းဖြင့် အသက်လေးဆယ်၊ လေးဆယ်ကျော်ခန့်ရှိမည်ဟု မှန်းရကြောင်း စသည် စသည်များကို ရှေဦးစွာ သိကြရသည်။

ထို့ပြင် မိမိအား ပြန်ပေးဆွဲ၍ ကားဖြင့်ခေါ်သွားကြစဉ်က လူဆိုး





များသည် "စကာရာမန်တိုမြို့" နာမည်ကို အကြိမ်ကြိမ်ပြောသံ ကြားရပြီး မိမိကိုလည်း ဥက္ကလန်လေဆိပ်မှတစ်ဆင့် ပြန်လွှန်ရန် တိုင်ပင်သည်ကို ကြားခဲ့ရကြောင်း၊ အဆိုပါ စကာရာမန်တိုမြို့မှာ မိမိအား ပြန်ပေးဆွဲသွားသည့် နေရာနှင့် ၂ နာရီ၊ ၃ နာရီမျှသာ ကားမောင်းရမည်ဖြစ်ကြောင်း၊ သို့သော် ပြန်ပေးဆွဲသွားသည့် တာဟိုကန်တော်ကြီးအနီးမှ မိမိအား ဝှက်ထားသည့် အိမ်ကလေးရှိရာသို့ ၁၂ နာရီခန့်ကြာအောင် ကားမောင်းရသည်ကို တွေ့ရှိကြောင်း၊ ထို့ပြင် အဆိုပါအိမ်ကလေးသို့ မရောက်မီ ကားပေါ်တွင် ပါသည့် ရေဒီယိုမှတစ်ဆင့် လော့စ်အိန်ဂျယ်လီးစ်မြို့က အသံလွှင့်ချက်များကို နားထောင်ခဲ့ရပြီး နောက်တစ်နေ့ ဒီဇင်ဘာ ၉ ရက်နေ့တွင်လည်း အဆိုပါ အိမ်ကလေး၌ရှိနေစဉ် လော့စ်အိန်ဂျယ်လီစ် ရေဒီယိုအသံလွှင့်တစ်ခုမှ သတင်းများကို ကြားခဲ့ရကြောင်း၊ သို့ဖြစ်ရာ မိမိအား ဝှက်ထားခဲ့သည့် အိမ်ကလေးမှာ လော့စ်အိန်ဂျယ်လီးစ်မြို့၏ မြောက်ဘက်ဒေသတစ်နေရာတွင် ရှိမည်ဟု ယုံကြည်မိကြောင်း စသည်များကိုလည်း ဖရင့်ဆင်နာထရာက အသေးစိတ် ပြန်ပြောပြခဲ့သည်။

"ကျွန်တော့်ကို ပြန်လွှတ်ဖို့ ကားနဲ့ခေါ်လာတော့လည်း ကားမောင်းလာတဲ့ ပြန်ပေးတစ်ယောက်က လမ်းတစ်နေရာမှာ အခြားကားသမားတစ်ယောက်ကို လှမ်းပြီး မေးသံကြားရတယ်၊ သူက "ဗင်တူရာလမ်းမကြီးကိုရောက်အောင် ဘယ်ကနေ မောင်းရမလဲလို့ မေးပါတယ်။ အဲဒါကို ထောက်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ လော့စ်အိန်ဂျယ်လီးစ်မြို့နားကပ်နေတယ်ဆိုတာ သိရပါတယ်"

ဆင်နာထရာက သူ့အား ပြန်လွှတ်ရန်ခေါ်လာစဉ်က မျက်နှာကို အဝတ်ဖြင့် စီးထားသော်လည်း လူဆိုးများ ပြောစကားအရ သူတို့ရောက်နေ၍ ဘယ်နေရာလောက်မှာ လူဆိုးများလက်က လွတ်လာကြောင်းများကို မှန်း၍ ပြန်ပြောပြနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်နာထရာက သူ့ထင်မြင်ချက်- မှန်ကန်ကြောင်းကို သူ့အား ပြန်လွှတ်ထည့်နေ့က အတိအကျသိခဲ့ရကြောင်း။ အဘယ်ကြောင့်ဆိုသော် ထိုနေ့က မီးနေခဲ့ရသည့် အိမ်ကလေးမှ ထွက်ခွာမလာမီ လူဆိုးတစ်ယောက်၏စကားအရ ထိုနေရာသည် လော့စ်အိန်ဂျယ်လီးစ်မြို့၏ မြောက်ဘက်မိုင် ၃၀ ခန့်အကွာတွင် ရှိသည်ဟု သိခဲ့ရကြောင်းကိုလည်း အနိုင်အမာပြောပြသည်။

သို့နှင့်ပင် အက်ဖ်ဘီအိုင် စုံထောက်တစ်ယောက်သည် မြေပုံတစ်ခုကိုချ၍ ဆင်နာထရာပြောသည့် ခန့်မှန်းချေ အတိုင်းအတာ အကွာအဝေးများအရ မြေပုံပေါ်တွင် တိုင်းထွာကြည့်လိုက်ရာ လူဆိုးများ အသုံးပြုခဲ့သည့် အိမ်ကလေးမှာ လော့စ်အိန်ဂျလီးစ်မြို့၏ မြောက်ဘက် တောင်တန်းနှင့် သစ်တောအုပ်ကလေးများ အကြားတွင် ရှိမည်ဟု ခန့်မှန်းရသည်။

ဆင်နာထရာသည် သူ့အား လူဆိုးများက ဖွက်ထားသည့် အိမ်ကလေး၏ အနေအထားနှင့် ပတ်ဝန်းကျင်ကိုလည်း တော်တော်ကလေး စုံစုံစေ့စေ့ တိတိကျကျ ပြောပြနိုင်ခဲ့သည်။ ထိုအိမ်ကလေးမှာ လမ်းမကြီးမှ အတွင်းဘက်သို့ ကားဖြင့် တော်တော်ကြာအောင် ဝင်ရသည့်ပြင် ကားရပ်သည့်နေရာနှင့် အိမ်တံခါးဝမှာ ၂၆ ပေကျော်ကျော် ၇ပေ ၈ပေ ခန့်ကွာသည်ဟု သိရသည်။ အိမ်ထဲတွင် ကော်ဇောလုံးဝ ခင်းမထားဘဲ အခန်း ၃ ခန်း ဖွဲ့ထားသည်ကိုပါ အသေးစိတ်ပြန်၍ ပြောပြနိုင်ခဲ့သည်။

ထို့နောက်တွင်မူ အက်ဖ်ဘီအိုင် စုံထောက်များသည် အဘက်ဘက်က တွက်ချက်လေ့လာ တိုင်းထွာရှာဖွေစမ်းကြပြီးနောက် ကြာကြာမဆိုင်းဘဲ ဒီဇင်ဘာလ ၁၁ ရက်နေ့ နံနက်မှာပင် လော့စ်အိန်ဂျယ်လီးစ်မြို့၏ မြောက်ဘက် "ဗင်ကျူရာ" လမ်းမကြီးအနီးရှိ တောအုပ်နှင့် တောင်ကုန်းကလေးများရှိရာသို့ လက်တွေ့ ကွင်းဆင်း၍ "တောနင်း" ကြတော့သည်။

စုံထောက်များသည် ထိုဒေသတစ်ဝိုက်အတွက် တာဝန်ယူနေရ





သော လျှပ်စစ်ဓါတ်အားပေးဌာနသို့ သွားရောက်၍ ဤနေရာတစ်ဝိုက်တွင် မကြာမီရက်ပိုင်းအတွင်းက လျှပ်စစ်မီးနှင့် ဓါတ်အားလိုင်းအသစ်များ တပ်ဆင်ပေးခဲ့ရသည့် အိမ်များ၏စာရင်းကို တောင်းယူကြည့်ခဲ့ကြသည်။ ထို့ပြင် တယ်လီဖုန်းဆက်သွယ်ရေးရုံးသို့လည်း သွားရောက်၍ ဤအတောအတွင်း တယ်လီဖုန်းလိုင်း အသစ်ဆွဲပေးရသည့်အိမ်များ ရှိ,မရှိ စုံစမ်း၍ ထိုအိမ်များ၏လိပ်စာကို တောင်းယူခဲ့ကြသည်။

တစ်ချိန်တည်းတွင် စုံထောက်များသည် ဤဒေသတစ်ဝိုက်မှ စာပို့သမားများ၊ နေ့စဉ်အချိန်မှန် ဖြတ်သန်းသွားလာနေကြသည့် ခြေလျင်သမားနှင့် မော်တော်ကားပိုင်ရှင်များ စသည့် ပုဂ္ဂိုလ်အသီးသီးနှင့်လည်း တွေ့ဆုံ၍ ဒီဇင်ဘာလ ၈ ရက်နေ့ညမှ ၁၁ ရက်နေ့နံနက် အရုဏ်တက်ချိန်အတွင်း သူတို့တွေ့ သွားရင်းလာရင်း မြင်ခဲ့တွေ့ခဲ့ရသမျှကို အသေးစိတ် မေးမြန်းထောက်လှမ်းခဲ့ကြသည်။

သို့နှင့်ပင် ဤဒေသတစ်ဝိုက်သို့ ပိုက်စိပ်တိုက်ကာ အဘက်ဘက်က ရရှိသည့်သတင်းအစအနနှင့် ဆင်နာထရာ၏ ထွက်ဆိုချက်များကို ပေါင်းစပ်၍ တောနင်းခဲ့ကြရာ ထိုနေ့မွန်းလွဲပိုင်းလောက်တွင် ထနိဂါ တောအုပ်ကလေးအတွင်းမှ မေဆင်လမ်းမကြီးနှင့် ခပ်လှမ်းလှမ်းတစ်နေရာတွင် အိမ်အမှတ် ၈၁၄၃ ဦး တစ်ထပ်အိမ်လွတ်ကလေး တစ်လုံးကို သွားခနဲ သွားတွေ့ကြသည်။

စုံထောက်များနှင့်အတူ ဖရင့်ဆင်နာထရာ ဂျူနီယာလည်း လိုက်ပါလာသည်ဖြစ်ရာ ဤအိမ်ကလေး၏ အနေအထားနှင့် အခန်းများဖွဲ့စည်းထားပုံ၊ အခန်းတွင်းရှိ ပစ္စည်းများကိုကြည့်၍ မိမိအား ပြန်ပေးများက ခေါ်လာသည့် အိမ်ကလေးမှာ ဤအိမ်ကလေးပင် မုချဖြစ်ရမည်ဟု အနိုင်အမာ ပြောပြခဲ့သည်။

ဤအိမ်ကလေး၏ ပိုင်ရှင်မှာ မလှမ်းမကမ်းတွင် အခြားအိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးဖြင့် နေထိုင်လျက်ရှိကြရာ ၎င်းတို့၏ အစစ်ခံချက်အရ ထိုအိမ်အလေးကို လွှန်ခဲ့သည့် နိုဝင်ဘာလ ၁၅ ရက်နေ့ကပင် မစ္စတာဖရင့်လောင်းဆိုသူတစ်ယောက်လာ၍ ငှားရမ်းခဲ့ကြောင်း၊ အိမ်လခတစ်လခွဲအတွက် ကျသင့်ငွေ ဒေါ်လာ ၁၆၀ ကို ထိုသူက လက်ငင်းပေးသွားခဲ့ကြောင်း စသည်များကို သိကြရသည်။ အဆိုပါ မစ္စတာလောင်း၏ ပုံပန်းသဏ္ဍာန်မှာ အိမ်ရှင်များ၏ ပြောပြချက်အရ ဖရင့်ဆင်နာထရာ၏ အခန်းထဲသို့ ဝင်လာကြသည့် လူဆိုး နှစ်ယောက်အနက် ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်လူဖြစ်ကြောင်း အနိုင်အမာ သိကြရသည်။ ပို၍သေချာသည်မှာ အိမ်ရှင်က အဆိုပါ အိမ်ငှားသည့် မစ္စတာလောင်းသည် သူထံသို့ အိမ်လာငှားစဉ်က "၁၉၆၃ ခုနှစ်လုပ်ချက်ပလက်ကားကြီး"ကို အခန့်သားစီးလာသည်ဟူသောအချက်ပေတည်း။

သို့ဖြစ်ရာ အက်ဖ်ဘီအိုင် စုံထောက်များသည် ရာဇဝတ်မှုများကို စုံစမ်းထောက်လှမ်း၍ တရားခံလူဆိုးများကို ရှာဖွေဖမ်းဆီးရာ၌ သူတို့အသုံးပြုနေကျ "နည်းဗျူဟာ" တစ်ခုကို ချက်ချင်းပင် လုပ်ဆောင်ခဲ့ကြသည်။ တစ်နည်းဆိုရလျှင် အဆိုပါ "နည်းဗျူဟာ" မှာ စိတ်ဓာတ် စစ်ဆင်ရေးသဘောမျိုးပင် ဖြစ်သည်။

သူတို့၏လုပ်ဆောင်ချက်မှာ အဆိုပါပြန်ပေးဆွဲမှုနှင့် စပ်လျဉ်း၍ "အက်ဖ်ဘီအိုင်အဖွဲ့ကြီးက အပူတပြင်းလိုက်လံ စုံစမ်းထောက်လှမ်းနေပြီဖြစ်ကြောင်း၊ ယခုအခါ လူဆိုးများ အသုံးပြုခဲ့သည့် အိမ်ကလေးကိုပင် ထောက်လှမ်းတွေ့ရှိကြပြီဖြစ်၍ လူဆိုးများ၏ ပုံပန်းသဏ္ဍာန် လက္ခဏာများကိုလည်း အတိအကျ သိကြရပြီဖြစ်ကြောင်း" စသည်များကို သတင်းစာ၊ ရေဒီယိုနှင့် တယ်လီဗီးရှင်းများမှတစ်ဆင့် "ပြူးခနဲ ပြဲခနဲ" ဖြစ်အောင် ဖော်ပြပေးကြခြင်းပင် ဖြစ်သည်။

ဤသည်မှာ ပြန်ပေးဆွဲသည့် လူဆိုးများအတွက် အထိတ်တလန့်ဖြစ်ကာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်အောင် "စိတ်ဓာတ် စစ်ဆင်ရေး"





လုပ်လိုက်ခြင်းပင်ဖြစ်သည်။

စုံထောက်များ၏ "စိတ်ဓာတ်စစ်ဆင်ရေး" သည် သူတို့မျှော်လင့်သည်ထက် ထိရောက်အောင်မြင်လာသည်ကို ရက်ပိုင်းအတွင်းမှာပင် အထင်အရှား တွေ့လာကြရသည်။

တွေ့ရပုံမှာ ပြန်ပေးမှုတွင် တစ်ခါက ဇာတ်ကောင် ၃ယောက်အနက် လော့စ်အိန်ဂျယ်စ်လီးမြို့တွင် ကျန်နေရစ်ခဲ့ပြီး ဖရင့်ဆင်နာထရာ၏ သားထံမှ ဒေါ်လာ ၂ သိန်း ၄ သောင်း တောင်းရာ၌ တယ်လီဖုန်းဆက်ခဲ့သည့် ဂျွန်အာဝင်သည် "အက်ဖ်ဘီအိုင် အဖွဲ့ကြီး၏ ကြိုးပမ်းမှုကြောင့် ပြန်ပေးတရားခံများ မကြာမီ လက်ရမိတော့မည်" ဟူသော သတင်းများအရ စိတ်ဓာတ်ချောက်ချားကာ နောက်ဆုံး၌ အညံ့ခံလက်နက်ချလာခြင်းပင်ဖြစ်သည်။

သတင်းစာများတွင် မျက်နှာဖုံးမှ စာလုံးမဲကြီးဖြင့် ဖော်ပြနေကြ၍ ရေဒီယိုနှင့် တယ်လီဗီးရှင်းများကလည်း "လူဆိုးများကို ခြေရာခံမိပြီ" ဟူ၍ ရုပ်မြင်သံကြား အသံလွှင့်ချက်များကို နေ့စဉ်ဖတ်ရှု ကြားသိနေရသော အာဝင်သည် ပြန်ပေးများလက်မှ ဖရင့်ဆင်နာထရာ လွတ်မြောက်လာပြီး နှစ်ရက်အကြာ၊ တစ်နည်းဆိုရလျှင် ပြန်ပေးဆွဲမှုကြီး ပေါ်ပေါက်ခဲ့ပြီး ငါးရက် အကြာ ဒီဇင်ဘာ ၁၃ ရက် ဗုဒ္ဓဟူးနေ့ နံနက်တွင် ဆန်ဒီယာဂိုမြို့အနီးရှိ သူ့အစ်ကိုဖြစ်သူ ဂျိမ်းစ်ထံသို့ ပေါက်ချလာခဲ့သည်။

"ကျွန်တော်တော့ ဒီကိစ္စနဲ့ပတ်သက်လို့ စိတ်လည်ညစ်လှပါပြီ အစ်ကိုရာ၊ အက်ဖ်ဘီအိုင်က ကျွန်တော်တို့ကို အခုလောလောဆယ် ချက်ချင်း ဖမ်းမမိပေမယ့် တစ်နေ့နေ့တော့ သေချာပေါက်မိမှာပဲ။ စောစောမိတာနဲ့ နောက်မှမိတာပဲ ကွာမယ်၊ အဲဒီတော့ မထူးတော့ပါဘူး ... ချက်ချဖို့သာ ကျွန်တော့်အတွက် စီစဉ်ပေးပါတော့..."

သို့နှင့်ပင် အာဝင်၏အစ်ကိုဖြစ်သူက ဆန်ဒီယာဂို အက်ဖ်ဘီအိုင်



www.burmeseclassic.com

www.burmeseclassic.com



ဌာနခွဲသို့ အကျိုးအကြောင်း ပြောကြားလိုက်ရာ စုံထောက်အရာရှိများသည် မိနစ်ပိုင်းအတွင်းမှာပင် ထိုအိမ်သို့ ရောက်လာကြတော့သည်။

အာဝင်သည် သူပါဝင် ကျူးလွန်ခဲ့သည့် ဒေါ်လာ ၂ သိန်းကျော်တန် ပြန်ပေးဆွဲမှုကြီးအကြောင်း အစမှအဆုံး "ဖော်ကောင်" လုပ်တော့သည်။ "ပေါက်တဲ့နဖူး မထူးတော့ဘူး" ဟူ၍ သဘောထားလိုက်ပြီး ဖြစ်သော အာဝင်သည် အမှုနှင့်ပတ်သက်၍ သူသိသလောက် တစ်လုံးမကျန် အစစ်ခံရုံမျှမက ပြန်ပေးဆွဲရာတွင် ရရှိခဲ့သည့် ငွေများထဲမှ သူ့အတွက် ဝေစုရခဲ့သော ဒေါ်လာ လေးသောင်းကျော်ကိုပါ စုံထောက်များလက်သို့ ပြန်အပ်ခဲ့သည်။ သူပြန်အပ်သည့်ငွေမှာ အတိအကျအားဖြင့် ၄၇,၉၃၀ ဒေါ်လာ (မြန်မာငွေ ကျပ်နှစ်သိန်းကျော်) ဖြစ်သည်။ ထိုမျှမက အာဝင်သည် ပြန်ပေးဆွဲခံရသည့် ဖရင့်ဆင်နာထရာထံမှ သူချွတ်ယူထားခဲ့သည့် လက်စွပ်ကိုပါ ပြန်ပေးခဲ့သည်။ လက်စွပ်မှာ ဖရင့်ဆင်နာထရာ၏ လက်စွပ်ဖြစ်ကြောင်း သေချာသည်။ အဘယ့်ကြောင့်ဆိုသော် လက်စွပ်ပေါ်တွင် ဖရင့်ဆင်နာထရာ၏ နာမည် အတိုကောက် "F.S" ဟူ၍ ပါရှိနေသောကြောင့်တည်း။

အာဝင်က စုံထောက်များအား ဖြောင့်ချက်ပေးရာ၌ ဤအမှုတွင် မိမိသည် ဖရင့်ဆင်နာထရာအား ပြန်ပေးဆွဲခဲ့စဉ်ကလည်းကောင်း၊ ကနိုဂါ တောအုပ်ကလေးထဲမှ အိမ်ကလေးရှိရာသို့ ကားဖြင့် ခေါ်ဆောင်သွားခဲ့စဉ်တလည်းကောင်း မိမိပါဝင်ခဲ့ခြင်း မရှိကြောင်း၊ ဤအမှုတွင် မိမိပါဝင် "အသုံးတော်ခံ" ခဲ့ရသည့်အပိုင်းမှာ တယ်လီဖုန်းဖြင့် ငွေတောင်းခြင်း၊ ငွေရပြီးနောက် ဖရင့်ဆင်နာထရာအား တောအုပ်ကလေးထဲမှ ဘဲလ်အဲယားမြို့ဘက်သို့ ကားဖြင့် ပို့ဆောင်ပေးခဲ့ရခြင်း စသည်လောက်သာ ဖြစ်ကြောင်းဖြင့် ဝန်ခံပြောဆိုခဲ့သည်။

"ဒီအမှုမှာ အစအဆုံး ခေါင်းဆောင်တာကတော့ ကီးနန်းပါပဲ၊ သူ





က လွန်ခဲ့တဲ့နှစ်လကျော် သုံးလလောက်ကတည်းက ကြံစည်ပြီး စီစဉ်လာခဲ့တာပါ" ဟူ၍ "ဖော်ကောင်အာဝင်" က ဖြောင့်ချက်ပေးသွားခဲ့သည်။

မိမိတို့၏ "စိတ်ဓာတ်စစ်ဆင်ရေး" ထောင်ချောက်ထဲသို့ အရေးကြီးသည့် တရားခံတစ်ယောက် အလိုအလျောက် အမိခံခဲ့ပြီဖြစ်ရာ စုံထောက်များသည် အဆိုပါ တရားခံအာဝင်၏ ထုတ်ဖော်အစစ်ခံချက်အရ ကျန် နှစ်ယောက်နောက်သို့ အမဲလိုက်သလို အနံ့ခံလိုက်ကြရတော့သည်။

ဖော်ကောင် အာဝင်၏ လက်ထောက်ချမှုဖြင့် စုံထောက်များသည် ပြန်ပေးဂိုဏ်းခေါင်းဆောင် ကီးနန်းကို မကြာမီ ခြေရာခံမိကြသည်။

ကီးနန်းသည် ကာလီဖိုးနီးယား ပြည်နယ်အတွင်းမှ လာကနေဒါ အမည်ရှိ မြို့ကလေးတစ်မြို့တွင် သူ့အဆက် "မိန်းကလေး တစ်ယောက် ရှိသည်။ ထိုနေ့က ကီးနန်းသည် ည ၉နာရီ ၃၅ မိနစ်တိတိတွင် "သူ့အဆက်" ကို ညသန်းခေါင်ယံ ရုပ်ရှင်ကြည့်ရန် တယ်လီဖုန်းဖြင့် ချိန်းလိုက်သည်။

ဤသတင်းကို အက်ဖ်ဘီအိုင် စုံထောက်များက အတိအကျ သတင်းရထားကြသည် ဖြစ်ရာ၊ ထိုညက စုံထောက်များသည် "ဒီကောင်မလေး" အိမ်ရှေ့မှောင်ရိပ်မှ ချောင်း၍ စောင့်နေကြသည်။ ချိန်းထားသည့်အတိုင်း ကီးနန်းသည် ည ၁၀ နာရီ မိနစ် ၅၀ တွင် ထိုအိမ်ရှေ့သို့ လေကလေးတချွန်ချွန်ဖြင့် ရောက်လာသည်။ ဤတွင် မှောင်ရိပ်ထဲမှ စုံထောက်များက ပြုန်းခနဲ ထွက်၍ ကီးနန်း၏လက်နှစ်ဖက်ကို "ဂျောက်" ခနဲ လက်ထိပ်ခတ်လိုက်ရာ ကီးနန်းခမျာမှာ ထိုညက ရုပ်ရှင်ရုံထဲ မရောက်တော့ဘဲ အချုပ်ထဲသို့ ရောက်သွားရတော့သည်။

"ဖော်ကောင် အာဝင်" က အစအဆုံး တစ်လုံးမကျန် ဖြောင့်ချက်ပေးသွားခဲ့ပြီးဖြစ်ရာ ဤပြန်ပေးမှုကြီး၏ အကြီးအကဲ "သူကောင်" ဖြစ်သူ ကီးနန်းမှာ ဘာတစ်ခုမှ "လေကုန်ခံ" ၍ ပြည်ဖုံးမနေတော့ဘဲ "အာ



www.burmeseclassic.com

www.burmeseclassic.com



ဝင် ပြေးသွားတဲ့အတိုင်းပါပဲ" ဟု၍သာ အတိုချုံးပြီး "သဘာပတိ နဂုံးချုပ်" မိန့်ခွန်းကို ခြွေကြရတော့သည်။

စုံထောက်များသည် ကီးနန်းကို ဖမ်းမိရုံမျှမက သူ၏ထုတ်ဖော် ချက်အရ ကာလ်ဗာမြို့ရှိ သူ့မိတ်ဆွေတစ်ယောက်ထံတွင် အပ်နှံထားသည့် ဒေါ်လာ တစ်သိန်းကျော်ကိုပါ အထပ်လိုက် ပြန်လည်ရရှိခဲ့ကြသည်။

"ဖော်ကောင် အာဝင်" က လက်ထောက်ချ၍ မိမိ အဖမ်းခံရ သည်ကို မခံချိမခံသာဖြစ်ခဲ့ရသော ကီးနန်းသည် "ခံစရာရှိမှတော့ အားလုံး အတူတူခံကြတာကောင်းပါတယ်" ဟု၍ သဘောရကာ နောက်ဆုံးကျန် နေသော အဖွဲ့ဝင် အမ်စလာကို စုံထောက်များအား လက်ညှိုးထိုးပြလိုက် သည်။ သို့နှင့်ပင် ကာလ်ဗာမြို့ တစ်နေရာမှ ဇော်ဂျာဒိုင်ယာဆိုသူ၏ နေ အိမ်၌ နောက်ဆုံးလူဖြစ်သော အမ်စလာမှာ စစ်တုရင်ကစားနေစဉ် "မြင်း ကွက်" တစ်ကွက် တက်မည့်ဆဲဆဲ စုံထောက်များလက်ထဲသို့ "ကွိ" ခနဲ ပါသွားခဲ့ရသည်။

စုံထောက်များသည် အမ်စလာထံမှလည်း ဒေါ်လာ ၆ သောင်း ကျော် ပြန်လည် သိမ်းဆည်းရမိခဲ့သည်။

ဤတွင် ပြန်ပေးသမားသုံးဦးအတွက် "အသည်းနာ" စရာ အချက် မှာ ပြန်ပေးဆွဲ၍ရရှိခဲ့သည့် ငွေပေါင်း ၂၃၉,၉၇၅ ဒေါ်လာအနက် သူတို့ သုံးယောက်ထံမှ ပြန်မိသည့်ငွေမှာ စုစုပေါင်း ၂၃၉,၇၃၂ ဒေါ်လာနှင့် ၂၉ ဆင့်တိတိ ရှိနေရာ ပြန်ပေးဆွဲ၍ ရသည့်ငွေများထဲမှ သူတို့ ၃ယောက်စလုံး သုံးလိုက်ရသည့်ငွေမှာ အတိအကျအားဖြင့် စုစုပေါင်း ၁၅၃ ဒေါ်လာ ၇၁ ဆင့်သာ ရှိနေခြင်းပင် ဖြစ်သည်။

ထိုသို့ ဒေါ်လာ နှစ်သိန်းကျော်လက်ထဲရောက်ပြီးမှ ဒေါ်လာ တစ်ရာကျော်ကျော်သာ သုံးလိုက်ရသည်ကို ယခုမှ "တွေးမိတိုင်း မျက် ရည်တောက်တောက်ကျစရာ" ကောင်းလှသော်လည်း အဆိုပါ ဒေါ်လာ





နှစ်သိန်းကျော် ရခဲ့သည့်ညကမူ သူတို့တတွေမှာ ဝမ်းသာလုံးဆို့ပြီး မူး မတတ် ဖြစ်ခဲ့ကြရသည်ဟု ဆိုသည်။

ထိုည (ဒီဇင်ဘာ ၁၁ ရက်) က ကီးနန်းနှင့် အမ်စလာတို့သည် ဖရင့်ဆင်နာထရာ၏ ကိုယ်စားလှယ် စုံထောက်အရာရှိထံမှ ရရှိခဲ့သည့် ဒေါ် လာ ၂ သိန်းကျော်ပါသော ငွေအိတ်ကို ပိုက်ကာ ကာလ်ဗာမြို့မှ သူတို့၏ အခြားမိတ်ဆွေတစ်ဦးဖြစ်သော ဒင်းနစ္စဂရေးဆိုသူ၏ နေအိမ်သို့ ရောက်ရှိ လာကြသည်။ ထိုအိမ်တွင် သူတို့နှစ်ယောက်သည် အခန်းတစ်ခုထဲသို့ဝင်၍ ငွေစက္ကူများကို ရင်ခုန်ခုန် လက်တုန်တုန်ဖြင့် ရေတွက်နေခဲ့ကြသည်။

ခဏအကြာတွင် အိမ်ရှင်မ မစ္စက်ဂရေးသည် ကိစ္စတစ်ခုဖြင့် ထိုအခန်းထဲသို့ အမှတ်တမဲ့ဝင်ရောက်လာခဲ့ရာ အခန်းထဲတွင် တွေ့မြင် လိုက်ရသည့် မြင်ကွင်းကြောင့် သူမ မျက်နှာမှာ "ငို၍ ရယ်၍ မရသော မျက်နှာ" မျိုး ဖြစ်သွားခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် အခန်းထဲတွင် ကီးနန်းနှင့် အမ်စလာတို့သည် နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ဒေါ်လာ တစ်ရာတန် ငွေစက္ကူများဖြင့် ပေါက်တမ်းကစားကာ တဟီးဟီး တဟားဟားဖြင့် ဝမ်းသာအားရ အူမြူးနေကြသည်ကို တွေ့မြင်လိုက်ရ သောကြောင့် ဖြစ်သည်။ ထိုမျှမက ကီးနန်းနှင့် အမ်စလာတို့သည် ဝမ်း အသာကြီးသာလှသဖြင့် တစ်ရာတန် ငွေစက္ကူများ ပြန့်ကြဲနေသည့် အခန်း ကလေးထဲတွင် တစ်ယောက်ခါးကို တစ်ယောက်ဖက်၊ တစ်ယောက်လက် ကို တစ်ယောက်ဆွဲကာ ငွေစက္ကူများပေါ်တွင် "တွစ်" အကကို အားရပါးရ က၍ "အရူးထ" နေလိုက်ကြသေးသည်။

ယခုသော်မူ သူတို့သုံးယောက်စလုံး အချုပ်ခန်းထဲတွင် [illegible] ၍ မကနိုင်ကြတော့ဘဲ မျက်ရည်တောက်တောက်ကျနေကြရပြီ ဖြစ်သည်။

ဤဒေါ်လာ ၂ သိန်းကျော်တန် ပြန်ပေးဆွဲမှုကြီး [illegible] ဤအမှုနှင့် ပတ်သက်၍ သတင်းစာလောကအတွင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖော်ပြရန် လိုပေလိမ့်မည်။

ထထခ ထွက်ပေါ်လာသော ဂယက်မှာ ဖရင့်ဆင်နာထရာအား လူဆိုးများက ပြန်ပေးဆွဲသွားကြပြီးနောက်၊ သတင်းစာများက စာလုံးမဲကြီးကြီး ဖော်ပြကြရာ ဤသတင်းနှင့်ပတ်သက်၍ ကမ္ဘာကျော် ဟောလီးဝုဒ် ရုပ်ရှင်ရုပ်တွက်မှ ရုပ်ရှင်သတင်းထောက် တစ်ယောက်က ထူးထူးခြားခြား သတင်းခေါင်းပါးတစ်ပုဒ်ကို ရုပ်ရှင်စာစောင်တစ်ခုတွင် ရေးသားဖော်ပြလိုက်သည်။ သူ့သတင်းခေါင်းပါး၏ အဓိက ဆိုလိုချက်မှာ "ဤပြန်ပေးဆွဲသည့် သတင်းသည် တကယ့်အဖြစ်အပျက်မှန် မဟုတ်ဘဲ ဖရင့်ဆင်နာထရာ ဂျူနီယာနှင့် သူ့အသိုင်းအဝိုင်းများက တမင်လုပ်ကြံ၍ ဖန်တီးသည့် သတင်းဖြစ်ကြောင်း။ ဖခင်ဖြစ်သူ ရုပ်ရှင်မင်းသား အဆိုတော်ကြီး ဖရင့်ဆင်နာထရာကြောင့် နာမည်ကျော်ကြားနေသော တက်သစ်စလူငယ် အဆိုတော် ဖရင့်ဆင်နာထရာ ဂျူနီယာသည် သူ့ကိုယ်သူ ပို၍ ပရိသတ်က စိတ်ဝင်စားလာပြီး ပို၍နာမည်ကြီးလာအောင် ပြန်ပေးဆွဲခံရသည်ဟု မဟုတ်မဟတ် လုပ်ဇာတ်ခင်းကြခြင်း ဖြစ်ကြောင်း" စသည်ဖြင့် "ဆော်ထည့်"လိုက်ရာ သူ့သတင်းခေါင်းပါးကို ဖတ်ရသူတိုင်း ယုံရအခက် မယုံရခက်နှင့် "အူကြောင်ကြောင်" ဖြစ်သွားခဲ့ကြသည်။

သို့သော် ဤသတင်းခေါင်းပါး၏ ဂယက်မှာ တစ်ရက်နှစ်ရက်မျှသာ ရိုက်ခတ်ခဲ့ပြီးနောက် အက်ဖ်ဘီအိုင် စုံထောက်များက ပြန်ပေးဆွဲသည့် လူဆိုးများအား ငွေအမြောက်အများနှင့်တကွ လက်ရ ဖမ်းမိလိုက်ကြသောအခါ ဤအဖြစ်အပျက်သည် လုပ်ဇာတ်မဟုတ်ဘဲ တကယ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း "လူထုက သိကုန်ကြသည်"။ ထို့ပြင် အထက်ဖော်ပြပါ ရုပ်ရှင်သတင်းထောက်၏ သတင်းခေါင်းပါးကြောင့် ဤပြန်ပေးဆွဲမှုကြီးကို သဲကြီးမဲကြီး လိုက်လံစုံစမ်းထောက်လှမ်းခဲ့ကြရသည့် အက်ဖ်ဘီအိုင် စုံထောက်များမှာလည်း "အရှုး" ဖြစ်ရတော့မည့် ဘဝမျိုး ရောက်ရှိနေခဲ့ရာ





လူဆိုးများအား လက်ရဖမ်းဆီးမိခဲ့ပြီးနောက် အက်ဖ်ဘီအိုင် စုံထောက်များ ကိုယ်တိုင်က ဤအမှုသည် ဖရင့်ဆင်နာထရာနှင့် သူ့အသိုင်းအဝိုင်းများ ကိုယ်တိုင်က လုပ်ကြံဖန်တီးသည့် ဇာတ်လမ်းမဟုတ်ဘဲ မိမိတို့ စုံစမ်းထောက်လှမ်းရရှိသမျှနှင့် တရားခံများ၏ ဖြောင့်ချက်များအရ တကယ့် အဖြစ်မှန်ဖြစ်ကြောင်း သတင်းထောက်များအား ရှင်းလင်းပြောပြခဲ့ကြရသေးသည်။

သို့နှင့်ပင် ဟောလီးဝုဒ်ရုပ်ရှင် သတင်းထောက်၏ သံသယနှင့် စွပ်စွဲချက်မှာ လုံးဝရှင်းလင်းသလောက် ဖြစ်သွားခဲ့သည်။

သို့သော် နောက်တစ်ကြော့ တစ်ဖန် ဂယက်ရိုက်လာပြန်သည်မှာ လူဆိုးများအား ပြန်ပေးဆွဲမှုဖြင့် အက်ဖ်ဘီအိုင်က ရုံးတင်တရားစွဲ၍ အမှုစစ်ဆေးနေခိုက် လော့စ်အိန်ဂျယ်လီးစ်မြို့မှ ထုတ်ဝေသည့် "တိုင်း" သတင်းစာကြီးက "ဤပြန်ပေးဆွဲမှုကြီးမှာ စောစောက ဟောလီးဝုဒ်ရုပ်ရှင် သတင်းထောက် ရေးသားခဲ့သည့်အတိုင်း အဖြစ်မှန် မဟုတ်ဘဲ လုပ်ဇာတ်ကြီး ဖြစ်နေကြောင်း။ ပြန်ပေးဆွဲမှုတွင် တစ်တရားခံဖြစ်သူ ကီးနန်သည် ဖရင့်ဆင်နာထရာဂျူနီယာ၏ အသိုင်းအဝိုင်း တပည့်တပန်းတစ်ယောက် ဖြစ်၍ ယင်းတို့အချင်းချင်း "လက်ဝါးချင်းရိုက်"ပြီး လုပ်ဇာတ်ခင်းခဲ့ကြခြင်း ဖြစ်ကြောင်း။ ကျန်တရားခံနှစ်ယောက်ဖြစ်သော အမ်စလာနှင့် အာဝင်တို့မှာ ဘာမသိဘာမသိဘဲ တကယ် ပြန်ပေးဆွဲရသည်ထင်၍ ကီးနန်း နိုင်းသမျှ လုပ်ခဲ့ရခြင်း ဖြစ်သည်ဟု ကြားသိရကြောင်း" ဘာကြောင်း ညာကြောင်း စသည်ဖြင့် သတင်းစာတို့ ထုံးစံအတိုင်း ၁၂ လိုင်း စာလုံးမည်းကြီးများဖြင့် ပြုံးခနဲ ပြခနဲ ခေါင်းတပ်ကာ ရေးသားထားပြန်ရာ ဤအမှုတွင် စိတ်ဝင်စားနေကြသူများမှာ ဒုတိယမို့ ဦးနှောက်ခြောက်သွားကြရပြန်သည်။

သို့သော် ဤ "တိုင်း" သတင်းစာကြီး၏ ရေးသားချက်ကြောင့် ရိုက်ခတ်လာသည့် ဂယက်မှာလည်း အချိန်ကာလအားဖြင့် ဥရက်မျှသာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဘယ့်ကြောင့်ဆိုသော် အမှုစစ်ဆေးနေဆဲ ၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် "တိုင်း" သတင်းစာက ထိုသို့ရေးသားဖော်ပြခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် ဤပြန်ပေးဆွဲမှုကြီးသည် တကယ်ဖြစ်ပွားခဲ့၍ အမှုမှန်ဖြစ်ကြောင်း ခိုင်လုံသည့် သက်သေခံ အထောက်အထားတစ်ခုကို ဓမ္မောလင့်ဘဲ ဘွားခနဲ တွေ့ကြရသောကြောင့် ဖြစ်သည်။

အဆိုပါ သက်သေခံ အထောက်အထားမှာ တစ်တရားခံ ကီးနန်း ကိုယ်တိုင် အမှုမဖြစ်ပွားမီက ရေးသားထားခဲ့သည့် စာတစ်စောင် ဖြစ်သည်။

ထိုစာကို တွေ့ရသည့်နေရာမှာ ဘဏ်တိုက်တစ်ခုအတွင်းရှိ အာမခံသေတ္တာတစ်ခုထဲမှဖြစ်၍ ထိုအာမခံသေတ္တာမှာလည်း ဘာရီကီးနန်းနှင့် သူ့ရောင်းရင်း ဒင်းတောရင့်စ်တို့ အမည်ဖြင့် သူတို့နှစ်ယောက်တွဲ၍ ဘဏ်တိုက်သို့ လုံခြုံအောင် အပ်နှံထားသည့် အာမခံသေတ္တာကလေးပင် ဖြစ်သည်။

အဆိုပါစာကလေးမှာ "**ချစ်လှစွာသော မိဘနှစ်ပါးသို့**" ဟူ၍ ခေါင်းစဉ်တပ်ထားပြီး စာထဲတွင် ဤစာရေးသူသည် မကြာမီ "ရာဇဝတ်မှုတစ်ခုကို ကြီးကြီးကျယ်ကျယ် ကျူးလွန်ရန်ကြံစည်နေကြောင်း" ရေးသားဖော်ပြထားသည် တွေ့ရသည်။

ဤပြန်ပေးဆွဲမှုကြီးတွင် အရေးပါလှသော ထိုစာကလေး၏မူရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

"ချစ်လှစွာသော မိဘနှစ်ပါးသို့…"

ဒီစာကို အဖေနဲ့အမေတို့ ဖတ်ရတဲ့အချိန်မှာ ကျွန်တော်ဟာ သေရင်လည်း သေပြီ၊ မသေရင်လည်း အင်မတန်ကြီးကျယ်တဲ့ ရာဇဝတ်မှုကြီးနဲ့ အဖမ်းခံနေရပါလိမ့်မယ်။

ကျွန်တော့်မှာ ဆပ်စရာရှိတဲ့ အကြွေးတွေနဲ့ လူနေမှု စရိတ်





ကြီးလေးတဲ့ဒဏ်ကို မခံနိုင်တော့တဲ့အတွက် ကျွန်တော်ဟာ ရာဇဝတ်မှုကြီးတစ်ခုကို သေသေချာချာ စီမံကိန်းချပြီး စွန့်စွန့်စားစား လုပ်ရပါတော့မယ်။ တကယ်လို့ ဒီအလုပ်သာအောင်မြင်သွားရင် ကျွန်တော့်အနေနဲ့ ဒေါ်လာ ၁၀၀,၀၀၀ လောက်တော့ ရလိမ့်မယ်ထင်ပါတယ်။ ကျွန်တော့်အတွက်ကတော့ ဒါလောက်ငွေများများရနိုင်ဖို့ဆိုရင် လူပြန်ပေးဆွဲတဲ့အလုပ်ဟာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

ကျွန်တော် ရေးတဲ့စာကို ဖတ်ပြီး မရှင်းရင်လည်း ကျွန်တော့်ကို ခွင့်လွှတ်ကြပါ။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီစာကို အဖေတို့အမေတို့ ဘယ်တော့မှ ဖတ်ရလိမ့်မယ်လို့ မထင်ပါဘူး။ တကယ်လို့ ဖတ်ရရင်လည်း ကျွန်တော့်အတွက် စိတ်ဆင်းရဲမနေကြပါနဲ့…

ချစ်လှစွာသောသား

ဘာရီ

ဤ "ဘာရီ" ကား အခြားမဟုတ် ပြန်ပေးခေါင်းဆောင် "ဘာရီကီးနန်း" ပင်တည်း။

ဤသို့ဖြင့် အမေရိကန် ရုပ်ရှင်ဝါသနာအိုးများနှင့် ဂီတဝါသနာအိုးများအတွင်း မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ယုံရခက်ကြီးဖြစ်နေခဲ့သော အဆိုတော် ဖရင့်ဆင်နာထရာ ဂျူနီယာ ပြန်ပေးဆွဲခံရသည့်အမှုကြီးမှာ နောက်ဆုံးတွင်မှ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဖြစ်သွားရသည်။

ပြည်သူလူထုအတွင်း ဤအမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြတ်သားသွားကြရသလို တရားခံ "သူ့ရဲကောင်း သုံးယောက်" ဖြစ်ကြသော ကီးနန်း၊ အမ်ဗလာနှင့် အာဝင်တို့မှာလည်း ၁၉၆၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် တရားရုံးမှ အပြစ်ပေးခြင်းခံရ၍ "ကိစ္စရှင်း" သွားကြသည်။ ကီးနန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် အမ်ပလာတို့မှာ ထောင်ဒဏ် ၂၅ နှစ်၊ အာဝင်မှာ ထောင်ဒဏ် ၁၆ နှစ်နှင့် ဝေဘ အသီးသီး အပြစ်ပေးခြင်းခံကြရသည်။

အမှုစီရင်ချက် ချသည့်နေ့က တစ်တရားခံ ကီးနန်းသည် ရုံးပေါ်၌ ထင်းနည်းကြေကွဲဖွယ်ရာ "မှာတမ်း"တစ်ခု ပြောကြားသွားရာသေးသည်။ သူက "ကျွန်တော်တစ်ယောက် အခုလို မိုက်မဲတဲ့အတွက် ကျွန်တော့်မိဘနှစ်ပါးနဲ့ မိတ်ဆွေများသာမကဘဲ ဖရင့်ဆင်နာထရာ ဂျူနီယာနဲ့ သူ့မိဘတွေပါ စိတ်မချမ်းမသာ ဖြစ်ရတာကို ကျွန်တော် အများကြီး ဝမ်းနည်းပါတယ်" ဟူ၍ မှာကြားသွားသည်။

တကယ့်တကယ်အားဖြင့် ကီးနန်းနှင့်တကွ သူ့"ရဲဖက်" နှစ်ယောက်၏အပြစ်မှာ အသည်းနာစရာ ကောင်းလှသည်။ အတယ့်ကြောင့်ဆိုသော် ပြန်ပေးဆွဲ၍ ဒေါ်လာ ၂ သိန်းကျော် လက်ထဲရောက်လာပြီးမှ ဒေါ်လာ တစ်ရာကျော်ကလေးသာ သုံးလိုက်ကြရသည့်အပြင် အာဝင်က ကီးနန်းအား လက်ထောက်ချ၍ ကီးနန်းက တစ်ဖန် အမ်ပလာအား လက်ညှိုးထိုးပြကြပြီး နောက်ဆုံး၌ အချင်းချင်း "ဘက်ကန်" မှုဖြင့် သုံးယောက်လုံး ထောင်ထဲ ရောက်ကြရသည်အထိ "အပြစ်ဆိုး" လှသောကြောင့်တည်း။

မည်သို့ပင်ဖြစ်စေ ဤအမှုသည် ပြန်ပေးဆွဲခံရသည့် အဆိုတော်၏ "ဂုဏ်ပကာသန အရှည်အချင်း" နှင့် ပြန်ပေးများကတောင်းသည့် "ငွေ အသပြာဓန အရေအတွက်" ကြောင့် အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကြီး၏ သမိုင်းဝင်မှုခင်းတစ်ခု ဖြစ်လာခဲ့သည်နှင့်အမျှ ကီးနန်းက သူ့မိဘနှစ်ပါးထံ ရေးထားခဲ့သည့် စာအရ "ကျွန်တော့်မှာ ဆပ်စရာရှိတဲ့ အကြွေးတွေနဲ့ လူနေမှုစရိတ်ကြီးလေးတဲ့ဒဏ်ကို မခံနိုင်တော့တဲ့အတွက်..." ဟူသော စာပိုဒ်ကလေးကို ထောက်ရှု၍ ဤအမှုသည် အမေရိကန် အရင်းရှင်လောကမှ လူငယ်များ၏ဘဝကို တစ်စေ့တစ်စောင်း မီးမောင်းထိုးပြသည့်ဖြစ်ရပ်တစ်ခု ဟူ၍ မှတ်တမ်းတင်သင့်လှသည် မဟုတ်ပါလော။



F 8 (A)



## အသားအရောင်ခွဲခြားမှုနှင့် ဆိုးဝါးရက်စက်လှသည့် လူသတ်မှုကြီး

ဤလူသတ်မှုကြီးသည် အက်ဖ်ဘီအိုင်အဖွဲ့ကြီး၏ သမိုင်းဝင် မှုခင်းများအနက် ထိပ်တန်းမှပါဝင်ခဲ့သည့် ရာဇဝတ်မှုကြီးတစ်ခုဖြစ်၏။ အထူးသဖြင့် ဤအမှုဖြစ်ပွားခဲ့စဉ် (၁၉၆၄-ခုနှစ်)က အမေရိကန်သမ္မတဂျွန်ဆင်နှင့်တကွ တရားဝန်ကြီးချုပ် ရောဘတ်ကနေဒီတို့ကိုယ်တိုင် တရားခံလူသတ်သမားများကို အမြန်ဆုံး ဖမ်းဆီးနိုင်ရေးအတွက် လိုအပ်သောအမိန့် ညွှန်ကြားချက်များကို ထုတ်ပြန်ကြေညာခဲ့ရခြင်းဖြင့် ဗည်မျှ အရေးကြီးသည့် ရာဇဝတ်မှုကြီးဖြစ်ကြောင်း သိသာနိုင်၏။ အက်ဖ်ဘီအိုင်စုံထောက်များကလည်း ဤလူသတ်မှုတွင် ရေကာတာတစ်ခု၏ တာရိုးအတွင်း၌ ရက်စက်စွာ မြှုပ်နှံဖျောက်ဖျက်ထားသည့် အလောင်းများကို ခက်ခက်ခဲခဲရှာဖွေဖော်ထုတ်နိုင်ခဲ့ကြသည့်ပြင် တရားခံ လူသတ်သမားများကိုလည်း စိတ်ရှည် လက်ရှည် စုံစမ်းထောက်လှမ်း၍ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြ၏။ သို့သော် ဤလူသတ်မှုကြီးသည် အမေရိကန်ပြည်ထောင်စုကြီး၏ သမိုင်းအဆက်ဆက်တွင် ဖျောက်ဖျက်၍မရနိုင်သည့် အမဲကွက်ကြီးအဖြစ် မှတ်တမ်းတင်၍ ရှိ ရစ်ဖွယ်ရှိ၏။ အကြောင်းသော်ကား...



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည် ထောင်ပိုင်း မစ်စီစစ်ပီပြည်နယ်၏ အလယ်ဗဟိုလောက်တွင် တည်ရှိသည့် ရာလေးမြို့ကလေးနှင့် မလှမ်းမကမ်း မော်တော်ကား လမ်းကြီး၏လမ်းဘေး တစ်နေရာတွင် ကားတစ်စီးရပ်ထားသည်ကို တွေ့ကြရသည်။ ထိုကား၏ အမိုးပိုင်း ရှေ့မျက်နှာစာ "ကိုကာကိုလာ" ဟူသော အဖျော်ယမကာ ကြော်ငြာဆိုင်းဘုတ်တစ်ခု တပ်ဆင်ထားသည်ကို ခပ်လှမ်းလှမ်းကပင် တွေ့မြင်နေရသည်။

မကြာမီ ကားလမ်းမကြီးအတိုင်း အခြား မော်တော်ကား လေးငါးစီးသည် တန်းစီ၍ မောင်းလာကြရာမှ အဆိုပါ "ကိုကာကိုလာ" ဆိုင်းဘုတ်တပ်ထားသည့် မော်တော်ကားဆိုက်ထားသော နေရာသို့ အရောက်တွင် လမ်းခွဲကလေးအတိုင်း ယာဘက်သို့ ချိုးဝင်လာခဲ့ကြသည်။

လမ်းမကြီးမှ ခွဲ၍ဝင်လာသော အဆိုပါလမ်းခွဲကလေးမှာ နှဘေးတစ်ဘက်တစ်ချက်တွင် ဝက်သစ်ချပင်များ အစီအရီပေါက်လျက် နေပျောက်





မထိုးဘဲ အုပ်အုပ်ဆိုင်းဆိုင်း ရှိလှသည်။ တန်းစီ၍မောင်းလာကြသော မော်တော်ကားများသည် တစ်နေရာတွင် ရွံ့ဗွက်အနည်းငယ်ကို အလွယ်တကူဖြတ်ကျော်လာခဲ့ကြပြီး ခဏအကြာတွင် လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်လာကြပြန်သည်။

ဤလမ်းဆုံတွင်လည်း ဝဲဘက်မှ ဝက်သစ်ချပင်ငုတ်အား၌ "ကိုကာကိုလာ" ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ကြရပြန်သည်။ ကားတန်းကြီးသည် ဆိုင်းဘုတ်ချိတ်ထားသည့် ဝဲဘက်လမ်းအတိုင်း တစ်ဆစ်ချိုးကွေ့၍ မောင်းလာခဲ့ကြပြန်ရာ ရှေ့နားအရောက်တွင် "ရပ်" ဟူသော အလန့်တကြား အော်သံကို ကြားလိုက်ရပြီး လမ်းဘေးတစ်ဘက်တစ်ချက်မှ ရိုင်ဖယ်ပြောင်းတိုသေနတ်များ ကိုင်ထားသည့် လူနှစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ကြရသည်။

သေနတ်ကိုင် လူနှစ်ယောက်သည် ရှေ့ဆုံးမှ မောင်းလာသော ကားအနီးသို့ ချဉ်းကပ်သွားပြီး ကားမောင်းသူအား တစ်ယောက်က ကားလိုင်စင်နံပါတ်များ တောင်းကြည့်၍ အခြားတစ်ယောက်ကမူ "ခင်ဗျား ဘယ်ခရိုင်ကလဲ၊ အဖွဲ့ဝင်အမှတ် ဘယ်လောက်လဲ" ဟူ၍ မေးလိုက်သည်။ သူတို့နှစ်ယောက်သည် စီတန်း၍ရပ်နေသော မော်တော်ကားအားလုံးကို တစ်ကားပြီး တစ်ကား၊ ယင်းသို့ စစ်ဆေးမေးမြန်းကြပြီးနောက်၊ ကျေနပ်သည့် အမူအရာဖြင့် ခေါင်းညိတ်ကာ သွားခွင့်ပြုလိုက်ရာ ရပ်နေသော ကားတန်းကြီးသည် ဘီးများ တရွေ့ရွေ့လိမ့်ကာ ဆက်လက်ခွာလာကြသည်။

"ခင်ဗျား ဘယ်ခရိုင်ကလဲ၊ ခင်ဗျားအဖွဲ့ဝင်အမှတ်က ဘယ်လောက်လဲ"

လက်နက်ကိုင် လူနှစ်ယောက်သည် ကားပေါ်မှ ပါလာသူ အားလုံးကို နာမည်မမေးဘဲ၊ အထက်ပါအတိုင်း "အဖွဲ့ဝင် အမှတ်" များကိုသာ မေးမြန်း စစ်ဆေးခဲ့သည်။ အဘယ့်ကြောင့် အမည်မေးဘဲ ထိုတဲ့သို့ "အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝင်အမှတ်" များကိုသာ မေးရပါသနည်း။ ဤသည်မှာ အခြားအကြောင်း ကြောင့်ပေတည်း။ ဤလက်နက်ကိုင်နစ်ယောက်နှင့်တကွ သူတို့မေးမြန်း စစ်ဆေးခဲ့ကြသည့် ကားများပေါ်မှ လူအားလုံးတို့သည် အမေရိကန် ပြည်ထောင်စုသမိုင်းတွင် အထူးပင် ထင်ရှားကျော်ကြားလှ၍ တစ်ကမ္ဘာလုံးကပင် သိရှိနေကြသည့် "ကေသုံးလုံး" ခေါ် "ကူကလပ်ကလန်" (K K K: Ku Klux Klan) အဖွဲ့ကြီးမှ အဖွဲ့ဝင်များဖြစ်ကြသောကြောင့်တည်း။ ဤ အဖွဲ့ကြီးသည် အလွန်ပြင်းထန်လှသည့် အသားအရောင် ခွဲခြားရေး ဝါဒကို လက်ကိုင်ထား၍ အသားမည်း နီဂရိုးလူမျိုးများအား နည်းအမျိုးမျိုးဖြင့် စော်ကားနှိပ်စက်ရန်အတွက် အမေရိကန် "လူဖြူ"များက ကြီးမှူးဖွဲ့စည်းထားသည့် လျှို့ဝှက်အဖွဲ့ကြီးတစ်ခု ဖြစ်ရာ ဤအဖွဲ့ဝင်များသည် တစ်ဦးနှင့်တစ်ဦး အဖွဲ့ဝင်အချင်းချင်း နာမည်ကို ခေါ်ဝေါ်ခြင်းမပြုရဘဲ "အဖွဲ့ဝင်အမှတ်များ" ဖြင့်သာ ဆက်သွယ်အသုံးပြုကြရမည်ဟူ၍ တင်းတင်းကြပ်ကြပ် "စည်းကမ်း" သတ်မှတ်ထားရှိခဲ့ကြသည်။

သို့ဖြစ်ရာ လက်နက်ကိုင် လူနှစ်ယောက်သည် အဆိုပါ "သံမဏိစည်းကမ်း" အရ၊ ကားပေါ်မှ လူများအား အမည်မမေးဘဲ အဖွဲ့ဝင်အမှတ်များကိုသာ မေးမြန်းစစ်ဆေးခဲ့ကြခြင်း ဖြစ်သည်။

"ခင်များတို့အားလုံး ဟိုရောက်ရင် ဘုရားရှိခိုးကျောင်းထဲကို လက်နက်တွေ ယူမသွားကြပါနဲ့၊ ကားပေါ်မှာပဲ ထားပစ်ခဲ့ကြပါ"

ကားဘီးများ တဖြည်းဖြည်းလိမ့်၍ ထွက်ခွာလာစဉ်၊ အဆိုပါ လက်နက်ကိုင် အစောင့်နှစ်ယောက်သည် ကားပေါ်မှလူများကို လှမ်း၍ အမိန့်ပေးလိုက်သည်။

ထိုနေ့ ထိုရက်မှာ ၁၉၆၄ ခု၊ ဇန်နဝါရီလ ၇ရက်၊ တနင်္ဂနွေနေ့ ပင်ဖြစ်ရာ "ဘုရားရှိခိုးကျောင်း" ဟူသော စကားကြောင့် ရုတ်တရက်အားဖြင့် ဤလူများသည် တနင်္ဂနွေနေ့ ဘုရားဝတ်ပြုရန် လာရောက်ကြခြင်း

သုခမစာပေတိုက်



ဖြစ်သည်ဟု ထင်မှတ်များစရာရှိသည်။ သို့သော် အမှန်စင်စစ်မှာမူ ထိုသို့ မဟုတ်ဘဲ မစ်စစ်စီပီ ပြည်နယ်တစ်နယ်လုံးဆိုင်ရာ ကေသုံးလုံးအဖွဲ့ကြီး၏ လျှို့ဝှက်ဌာနချုပ်အဖြစ် ပြုလုပ်ထားသည့် ဘုရားရှိခိုးကျောင်း တစ်ခုရှိရာသို့ အဖွဲ့ဝင်များ မျက်နှာစုံညီ အစည်းအဝေးတက်ရောက်ရန် ခရိုင်မြို့နယ် အသီးသီးမှ ချီတက်လာကြခြင်း ဖြစ်သည်။

လက်နက်ကိုင်လူနှစ်ယောက်၏ စစ်ဆေးမေးမြန်းခြင်း ခံရသည့် နေရာမှ ထွက်ခွာလာခဲ့၍ နောက်ထပ်တစ်မိုင်ခန့် မောင်းမိကြသောအခါ စောစောကပြောသည့် "ဘုရားရှိခိုးကျောင်း" ရှိရာသို့ ရောက်ရှိလာခဲ့ကြသည်။ ဘုရားရှိခိုးကျောင်း ပတ်ပတ်လည်ရှိ သစ်ပင်များအောက်တွင် အရင်ရောက် နေကြသည့်ကားများ အစီအရီ ထိုးဆိုက်ထားကြသည်ကို တွေ့ရသည့်ပြင် အဆိုပါ သစ်ပင်ရိပ်များတွင် လူများ ၄ ယောက်တစ်တွဲ ၅ ယောက်တစ်တွဲ စသည်ဖြင့် စကားပြောနေကြသည်ကို တွေ့ကြရသည်။

သို့နှင့်ပင် နောက်ရောက်လာသူများသည် မိမိတို့ကားများကို သင့်တော်ရာ သစ်ပင်ရိပ်များတွင် ထိုးရပ်ကာ ကားပေါ်မှဆင်း၍ အရင်ရောက်နှင့်နေကြသူများထံ သွားရောက် နှုတ်ဆက်ကြသည်။

ဤမည်သော ကေသုံးလုံးအဖွဲ့ကြီးသည် အမည်ခံအားဖြင့် လျှို့ဝှက်အဖွဲ့အစည်းဟု ဆိုသော်လည်း လူဖြူလူမဲ ခွဲခြားရေးတွင် ပြင်းထန်လှသည့် ဤမစ်စီစစ်ပီကဲ့သို့သော အမေရိကန် တောင်ပိုင်းဒေသတွင် ဩဇာအာဏာ ကြီးမားလှသည်ဖြစ်ရာ ဥပဒေပြင်ပမှ လုပ်ငန်းများကို ပြောင်ပြောင်ကျကျပင် လုပ်ကိုင်လျက်ရှိခဲ့ကြသည်။

ယခုလည်း ပြည်နယ်လုံးဆိုင်ရာ ကေသုံးလုံး ညီလာခံကြီးကို လျှို့ဝှက်ကျင်းပသည်ဟု ဆိုသော်လည်း အဖွဲ့ဝင်များသည် လက်နက် ကိုင်ဆောင်၍ အထင်အရှား မော်တော်ကားများဖြင့် တစ်ဝုန်းဝုန်းလာရောက်ခဲ့ ကြသည့်ပြင်၊ အဖွဲ့ကြီး၏ လုံခြုံရေးအတွက် ဤနေရာဒေသတစ်ဝိုက်သို့

www.burmeseclassic.com

www.burmeseclassic.com



ထက်နှုတ်ထိုင် အဖွဲ့ဝင် ၆ဦးတို့က မြင်းများဖြင့် ကင်းလှည့်လျက်ရှိနေကြသည်။ ထိုမှုတစ် ဖောင်းကင်တွင်လည်း ကိုယ်ပိုင်လေယာဉ်နှစ်စင်းဖြင့် ပျံဝဲစောင့်ကြပ်ကာ မိုင်အနည်းအတွင်း အသုံးပြုနိုင်သည့် WALKIE TALKIE ဝိုင်ယာလက် စကားပြောကိရိယာဖြင့် လေယာဉ်နှင့် မြေပြင်မှ အဖွဲ့ဝင်အချင်းချင်း ဆက်သွယ်သတင်းပို့လျက် ရှိနေခဲ့ကြသည်။

နံနက် ၁၀နာရီလောက်တွင် အဖွဲ့ဝင်ပေါင်း ၃၀၀ နီးပါးခန့် ရောက်ရှိလာကြပြီဖြစ်ရာ ခေါင်းဆောင်ဖြစ်သူ၏ ညွှန်ကြားချက်အရ ဘုရားရှိခိုးကျောင်းထဲသို့ တန်းစီ၍ ဝင်ရောက်ခဲ့ကြသည်။

ပြည်နယ်လုံးဆိုင်ရာ ကေသုံးလုံးအဖွဲ့ကြီး၏ ခေါင်းဆောင်မှာ အသက် ၃၉ နှစ်အရွယ်ရှိ ဆမ်ဘောင်းဝါးဆိုသူဖြစ်သည်။ သူသည် ဤနယ်တွင် ဤအဖွဲ့ကြီးကို စတင်တည်ထောင်ခဲ့သည့်သူတစ်ဦး ဖြစ်သည့်ပြင် နီဂရိုးလူမည်းများအပေါ် ခါးခါးသီးသီး မုန်းတီး၍ ရက်ရက်စက်စက် လုပ်ဆောင်ခဲ့သဖြင့် "ကျက်သရေဆောင်" ဘွဲ့ထူးကို ရရှိထားသူဖြစ်သည်။

"ကေသုံးလုံးအဖွဲ့ဝင်အပေါင်းတို့…"

အဖွဲ့ခေါင်းဆောင် ဆောင်းဝါးသည် ဘုရားရှိခိုးကျောင်းထဲသို့ အဖွဲ့ဝင်အားလုံး စုရုံးရောက်ရှိသည်နှင့် တစ်ပြိုင်နက် တရားဟောစင်မြင့်ပေါ်မှနေ၍ မိန့်ခွန်းစတင်ပြောကြားသည်။

"ကျုပ်တို့ အခုလိုဒီနေရာမှာ လာရောက်စုဝေးကြတာကတော့ ကျုပ်တို့ရဲ့ မစ်စီစစ်ပီပြည်နယ်ထဲကို ထိုးဖောက်ဝင်ရောက်လာကြတဲ့ နီဂရိုး "ငမည်း" တွေနဲ့ ကွန်မြူနစ်တွေရဲ့ ကျူးကျော်မှုကို အခု မကြာခင်ရက်ပိုင်းအတွင်းမှာ ဘယ်လိုတုံ့ပြန်ကြမလဲဆိုတာ တိုင်ပင် ဆွေးနွေးကြဖို့ပဲ၊ ဒါနဲ့ ပတ်သက်လို့ ကျုပ်ဆီမှာ အထက်တာဝန်ခံတွေဆီက အမိန့်ထုတ်ပြန်ချက်တစ်စောင် ရောက်နေပါတယ်၊ အဲဒါကို အခု ဖတ်ပြပါမယ်၊ အားလုံး ဂရုစိုက်နားထောင်ကြပါ…"





လေသံပြင်းသလောက် မျက်နှာထား တင်းမာလှသော ဆောင်းဝါးသည် သူ့လက်ထဲတွင် အသင့်ကိုင်ထားသည့် စာရွက်တစ်ရွက်ကို မြှင့်ကာ အသံနေအသံထားဖြင့် ဖတ်ပြလိုက်သည်။

"ယခုလာမည့် နွေရာသီတွင် ရန်သူများသည် မစ်စီစစ်ပီပြည်နယ်တွင် အောင်ပွဲခံရန်အတွက် နောက်ဆုံးတိုက်ပွဲကို အစွမ်းကုန် ဆင်နွှဲကြလိမ့်မည်၊ ၎င်းတို့၏ တိုက်စစ်တွင် အဓိကအားဖြင့် လုပ်ငန်းစဉ်နှစ်ရပ်ပါဝင်လိမ့်မည်၊ ပထမလုပ်ငန်းစဉ်မှာ လူထုအင်အားဖြင့် ဆန္ဒပြချီတက်ပွဲများ ပြုလုပ်ခြင်း၊ လူများအား လှုံ့ဆော်နှုိးဆွပေးခြင်း၊ လူမြူများ၏တန်ပြန်ဆန္ဒပြမှုများကို စော်ကားရန်စ၍ လမ်းများပေါ်တွင် ရုန်းရင်းဆန်ခတ်ဖြစ်အောင် ပြုလုပ်ခါ ပြည်သူလူထုအတွင်း အခြေအနေဆိုးဝါး ပျက်ပြားအောင် လုပ်ဆောင်ခြင်းများပါဝင်သည်၊ ဒုတိယလုပ်ငန်းစဉ်အဖြစ် ကွန်မြူနစ်အာဏာပိုင်များ၏ အမိန့်အရ တိုင်းပြည်တွင် အတိအလင်းပုန်ကန်ထကြွမှုများ ပြုလုပ်ခါ ပြည်နယ်များကို သိမ်းပိုက်၍ အစိုးရအာဏာကို ထူထောင်ခြင်းများပါဝင်သည်…"

ဆောင်းဝါးက အသံနေအသံထားဖြင့် စိတ်ပါဝင်စားစွာ ဖတ်ကြားပြနေသလို၊ သူ့လူများသည် အလေးအနက် အာရုံစူးစိုက်၍ နားထောင်နေကြသည်။ ထိုသို့နားစိုက်ထောင်နေခိုက် သူတို့ကိုယ်သူတို့ တကယ့်မျိုးချစ်ပုဂ္ဂိုလ်တစ်စုပမာ၍ သဘောပေါက်ကာ "အမျိုးသား သစ္စာဖောက်များကို တကယ်တန်း အသက်ပေး၍ ခုခံကာကွယ်ကြမည့်သူများ" အသွင် ထင်မှတ်နေကြသည်။

ထို့နောက် ခေါင်းဆောင် ဆောင်းဝါးသည် အထက်ပါ "ကျူးကျော်မှုကြီး" ကို တုံ့ပြန်တိုက်ခိုက်ရန်အတွက် နည်းလမ်းဟာများ ... ပြန်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို အကြမ်းအားဖြင့် ... အပေါ်ယံအားဖြင့် မိမိတို့ အဖွဲ့ဝင်များသည် ဒေသဆိုင်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေး အဖွဲ့ဝင်များနှင့်လည်းကောင်း မှုခင်း ဆောင်ရွက်ကြရန် ဖြစ်သည်။

"ဒါပေမယ့် နေရာတိုင်းမှာ ကျုပ်တို့အဖွဲ့ဝင်တွေဟာ နောက်ပိုင်းက အဖွဲ့ကလေးတွေ ဖွဲ့ထားကြဖို့ အရေးကြီးတယ်၊ ဒီအဖွဲ့ကလေးတွေဟာ ရှန်းရင်းဆန်ခတ်ဖြစ်တဲ့ နေရာတွေမှာ ဝင်မပါဘဲ နောက်ပိုင်းက လှုပ်ရှားဖို့ လက်နက်ကိုင်ပြီး အသင့်ရှိနေကြရမယ်…လိုအပ်လာတဲ့အချိန်မှာ အမြန်ဆုံးနဲ့ အပြင်းထန်ဆုံး အကြမ်းဖက်ပြီး ရန်သူကို ချောင်းပစ်ကြဖို့ ပြင်ဆင်ထားရမယ်…"

ဘောင်းဝါးသည် သူကိုယ်သူ တကယ့် တပ်မှူးကြီးပမာ "စစ်ဆင်ရေး" အစီအစဉ်များကို တင်ပြနေသည်။

ဤနေရာတွင် သူသည် "ရန်သူ" ဟူသော စကားကို ထပ်ခါတလဲလဲ ပြောကြားသွားသည်။ ဤ "ရန်သူ" မှာ အခြားမဟုတ် နီဂရိုးများ၏ အခြေခံလူ့အခွင့်ရေးများ ရရှိရေးအတွက် ၁၉၆၃ ခုနှစ်က ဖွဲ့စည်းခဲ့သည့် စီအိုအက်ဖ်အို* (COFO)ခေါ် "ပြည်နယ်အဖွဲ့အစည်းများ ကောင်စီ" ကိုလည်းကောင်း၊ စီအိုအာရ်အီး× (CORE) ခေါ် "လူမျိုးအချင်းချင်း တန်းတူညီမျှရေး ကွန်ဂရက်"ကိုလည်းကောင်း၊ အဲန်အေအေစီပီ+ (NAACP)ခေါ် "လူမည်းများ တိုးတက်ရေးအမျိုးသားအစည်းအရုံးကြီး" နှင့် နီဂရိုး အခွင့်အရေးရရှိရေးအတွက် ဆောင်ရွက်နေကြသည့် အခြားအခြားသော အဖွဲ့အစည်းများကိုလည်းကောင်း ဆိုလိုသည်။

ဤအဖွဲ့အစည်းများကို "ရန်သူ" ဟူ၍ ဘောင်းဝါးက သတ်မှတ်

---

* COFO: Counil of Federated Organizations

× CORE: Congress of Racial Equality,

\+ NAACP: National Association for The Advancement of Colored People.





ခေါ်ဝေါ်နေခြင်းမှာလည်း အကြောင်းရှိသည်။ အဘယ့်ကြောင့်ဆိုသော် ၁၉၆၂ ခု နှင့် ၆၃ ခုနှစ်များအတွင်းက ဤမစ်စီစစ်ပီပြည်နယ်သည် နီဂရိုးများ၏ အခြေခံလူ့အခွင့်အရေး ရရှိရေးတိုက်ပွဲဖြစ်ပွားရာ အချက်အချာနယ်မြေဒေသ (ဝါ) အဓိက "စစ်မြေပြင်" ဖြစ်ခဲ့သည်။ အထူးသဖြင့် နီဂရိုးလူမျိုးများ မဲပေးခွင့်ရရှိရေးအတွက် ဤဒေသသည် အတက်ကြွဆုံးနှင့် အလှုပ်ရှားဆုံးဖြစ်ခဲ့သည်။ ပြည်နယ်တစ်ခုလုံးတွင် မဲပေးနိုင်သူဦးရေ စုစုပေါင်း ၄၀၀,၀၀၀ ခန့်ရှိသည့်အနက် ထိုစဉ်က အရွယ်ရောက်၍ မဲပေးနိုင်သည့် အသားမည်း နီဂရိုးလူဦးရေမှာ ၂၄,၀၀၀ ခန့်ရှိနေခဲ့သည်။ အဆိုပါ နီဂရိုးများ လွတ်လပ်စွာ မဲပေးခွင့် ရရှိရေးအတွက် စီအိုအက်ဖ်အိုခေါ် "ပြည်နယ်အဖွဲ့အစည်းများ ကောင်စီ" က လာမည့်နွေရာသီတွင် လှုံ့ဆော်မှုများ ပြုလုပ်ရန် တိုးတက်သော လူဖြူလူမည်းများ အပါအဝင် လူငယ်ပေါင်းမြောက်မြားစွာ ကွင်းဆင်း၍ စည်းရုံးရန် ပြင်ဆင်စိုင်းပြင်းလျက် ရှိနေသည်။

သို့ဖြစ်၍လည်း ဤအဖွဲ့အစည်းများနှင့် ဤပုဂ္ဂိုလ်များကို ကေ သုံးလုံးအဖွဲ့ကြီးက "ရန်သူများ၊ ကျူးကျော်သူများ၊ ကွန်မြူနစ်များ" ဟူ၍ သတ်မှတ်ခေါ်ဝေါ်ခြင်းဖြစ်သည်။

"အဲဒီတော့ အခုအချိန်ကစပြီး လက်နက်နဲ့ ခဲယမ်းမီးကျောက်တွေကို တတ်နိုင်သမျှ စုဆောင်းကြပါ။ အဖွဲ့ဝင်တွေကို အချိန်မှန်မှန် ... ပညာ သင်ပေးကြပါ။ ဝါဒဖြန့်ချိရေးနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ပစ္စည်း ... ယာတွေကို ရှာဖွေထားကြပါ။ အဖွဲ့ဝင်တွေအားလုံး ခိုင်မာပြတ်သားတဲ့ ... စိတ်နဲ့ ခရစ်ယာန်အမျိုးသားတွေရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းကာကွယ်ဖို့ အစွမ်းကုန်ကြိုးပမ်းကြပါ…"

အဖွဲ့ခေါင်းဆောင် ဘောင်းဝါး၏ နိဂုံးချုပ် မိန့်ခွန်းပြောကြား ... အစည်းအဝေး ရုတ်သိမ်းလိုက်သောအခါ အချိန်မှာ ညနေ ... လုဆဲဆဲပင် ရှိနေပြီဖြစ်သည်။ အစည်းအဝေးကျင်းပရာ ...



www.burmeseclassic.com

www.burmeseclassic.com



ထားများ တစ်စင်းပြီး တစ်စင်း ပြန်ထွက်သွားကြရာ နေဝင်၍ မှောင်စပျိုးချိန်တွင် ထားများအားလုံး ရှင်းသွားခဲ့ပြီဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လူမဲများ သုတ်သင်ရေးကေသုံးလုံးအဖွဲ့ကြီးသည် လျှို့ဝှက် အဖွဲ့အစည်းတစ်ခု ဖြစ်သော်လည်း ပြောင်ကျကျလုပ်ကိုင်နေသည်ဖြစ်ရာ ထိုနေ့က ကျင်းပခဲ့သည့် လျှို့ဝှက်အစည်းအဝေးမှာလည်း တကယ့်တကယ်အားဖြင့် လျှို့ဝှက်သည်ဟု မဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့က နေ့ပိုင်းတွင် အဆိုပါလျှို့ဝှက်အစည်းအဝေး၌ အဖွဲ့ခေါင်းဆောင် ဘောင်းဝါးကိုယ်တိုင် ဖတ်ကြားခဲ့သည့် "အမိန့်ကြေညာချက်" နှင့်အတူ အခြေအနေအရပ်ရပ်ကို ဖော်ပြထားသည့် အစီရင်ခံစာတစ်စောင်ကို ထိုနေ့ညမှာပင် မစ်စီစစ်ပီပြည်နယ် အက်ဖ်ဘီအိုင်ဌာနခွဲသို့ အပြည့်အစုံရောက်ရှိလာသောကြောင့်တည်း။

အက်ဖ်ဘီအိုင် စုံထောက်အရာရှိထံသို့ ရောက်ရှိသည့် အဆိုပါအစီရင်ခံစာ၏ တစ်နေရာတွင် "ဘောင်းဝါးက အစည်းအဝေးတက်ရောက်လာသူများအား လူထုဆန္ဒပြပွဲများနှင့် ပတ်သက်၍ ရန်ရင်းဆန့်ခတ်ဖြစ်မှုများတွင် မပါဝင်ဘဲ ရှောင်ရှားကြရန် ပြောကြားခဲ့သည့်ပြင် "ဒီကောင်တွေကို ဥပဒေဘောင်က လွတ်တဲ့အချိန်ကျမှ အမိအရဖမ်းပြီး ဆော်ကြ၊ အဲဒီလိုသာဆိုရင် မစ်စီစစ်ပီမှာ ရှိတဲ့ တရားဥပဒေအရ ခင်ဗျားတို့မှာ သူတို့ကို သတ်ပစ်နိုင်တဲ့ အခွင့်အရေးရှိတယ်" ဟူ၍ ပြောကြားခဲ့ကြောင်း" ဖော်ပြပါရှိခဲ့သည်။

စင်စစ်အားဖြင့် ကေသုံးလုံးအဖွဲ့သည် နီဂရိုးများ၏ အခြေခံ လူ့အခွင့်အရေးအတွက် အရေးဆိုခဲ့ကြသော အဖွဲ့အစည်းများအား ယခုမှ ဆန့်ကျင်ခဲ့ကြသည်မဟုတ်။ သူတို့သည် လွန်ခဲ့သည့် ဆယ်နှစ်တာကာလအတွင်း အမေရိကန် ကွန်ဂရက်လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို တစ်လျှောက်လုံး အမြဲတမ်း ဆန့်ကျင်





လာခဲ့ကြရုံမျှမက၊ လိုအပ်ပါက လူသတ်မှုများကိုပင် ကျူးလွန်ရန် ဝန်မလေးသူများ ဖြစ်ကြသည်။

သို့ဖြစ်ရာ ဤနေရာတွင် အကြောင်းတိုက်ဆိုင်၍ အဆိုပါ လူမည်းသုတ်သင်ရေး ကေသုံးလုံးအဖွဲ့ကြီး စတင်ပေါ်ပေါက်လာပုံ သမိုင်းကြောင်းနှင့် လုပ်ဆောင်ချက်များကို အကြမ်းအားဖြင့် ဖော်ပြရန် လိုပေလိမ့်မည်။

××××

ကေသုံးလုံးအဖွဲ့ကြီး စတင်ပေါ်ပေါက်လာသည်မှာ ၁၈၆၁ ခုနှစ်မှ ၁၈၆၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ပွဲကြီး အပြီးတွင် ဖြစ်သည်။ အတိအကျအားဖြင့်ဆိုရလျှင် အဆိုပါ ပြည်တွင်းစစ်ကြီးအပြီး ၁၈၆၅ ခုနှစ် ဒီဇင်ဘာလအတွင်း (လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၅ နှစ်ခန့်) က စတင်ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။

ဤအဖွဲ့ကြီး စတင်ဖွဲ့စည်းခဲ့ကြခြင်း၏ အခြေခံအကြောင်းရင်းမှာ ဤသို့ဖြစ်သည်။

နှစ်ပေါင်းများစွာ လူဖြူများ၏ ငွေဝယ်ကျွန်ဘဝသို့ ကျရောက်နေခဲ့ကြရရှာသော အသားမည်း နီဂရိုးလူမျိုးများအား ကျွန်အဖြစ်မှ လုံးဝလွတ်လပ်ခွင့်ပေး၍ လူလူချင်း တန်းတူအခွင့်အရေးများ ပေးအပ်လိုကြသည့် အမေရိကန်ပြည်ထောင်စု မြောက်ပိုင်းသားများနှင့် လူမည်းများအား သားစဉ်မြေးဆက် ထာဝရ ကျွန်သားပေါက်ဘဝတွင် နှိမ့်ချထားလိုကြသည့် တောင်ပိုင်းသားတို့ လက်နက်ကိုင် တိုက်ခိုက်ကြရာမှ ကမ္ဘာကျော် အမေရိကန်ပြည်တွင်းစစ်ကြီး စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က လူမည်းများ ကျွန်ဘဝမှ လုံးဝလွတ်မြောက်ရေးအတွက် မြောက်ပိုင်းသားများကို ခေါင်းဆောင်၍ တိုက်ခိုက်ခဲ့သူမှာ အမေရိကန်သမိုင်းတွင် ထင်ရှားကျော်ကြားလှသည့် သမ္မတကြီး အေဘရာဟင်လင်ကွန်း ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ၁၈၆၅ ခုနှစ်တွင် လူမည်းများ ကျွန်ဘဝမှ လွတ်မြောက်ရေးကို ပေးအပ်မည့် မြောက်ပိုင်းသားများက အနိုင်ရကာ ပြည်တွင်းစစ်ကြီး ပြီးဆုံးခဲ့သည်။ ဤတွင် တောင်ပိုင်းသားများအနက်မှ အသားအရောင်ခွဲခြားရေးနှင့် လူမျိုးမုန်းတီးရေးဝါဒကို ပြင်းပြင်းထန်ထန် သက်ဝင်ယုံကြည်နေကြသည့် လူဖြူအချို့က လူမည်းများအား နည်းအမျိုးမျိုးဖြင့် ခေါ်ကား နှိပ်စက်ကြရန်အတွက် ဤမည်သော "ကူကလပ်ကလန်" ခေါ် ကေသုံးလုံးအဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

"ကူကလပ်ကလန်" ဟူသော အမည်၏မူရင်းမှာ ရှေးဟောင်းဓေါ်ခ(ဂရိတ်) ဘာသာစကားဖြစ်သည့် Kyklos မှ ဆင်းသက်လာပြီး ကာလရွှေ့လျားလာသည်တွင် Ku Klux ဟူ၍ ပြောင်းလာခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ "စက်ဝိုင်း" သို့မဟုတ် "အဝိုင်း" ဟူ၍ရသည်။

ဤအဖွဲ့ကြီးကို ပထမဆုံး စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသူများမှာ အမေရိကန်ပြည်ထောင်စုကြီး၏ (အရှေ့) တောင်ပိုင်း တင်နက်ဆီပြည်နယ်မှ လူငယ် ၆ ဦးပင်ဖြစ်သည်။

မူလ စတင်ဖွဲ့စည်းခဲ့ကြစဉ်က ဤလူငယ် ၆ ယောက်တို့သည် အသားမည်း နီဂရိုးလူမျိုးများအား စိတ်ဓာတ်ချောက်ချား၍ ကြောက်လန့်စေရန်သာ ဖြစ်ဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် မှောင်မိုက်သည့် ညအချိန်အခါများ၌ ဝတ်ရုံအဖြူကြီးများကို တစ်ကိုယ်လုံးခြုံ၍ ဦးခေါင်းတွင်လည်း မျက်လုံးနှစ်လုံးနေရာ၌ အပေါက်နှစ်ပေါက်ဖောက်ထားသည့် ခေါင်းစွပ်အဖြူကြီးများ စွပ်ကာ အသားမည်းလူမျိုးများ နေထိုင်ရာ ကျေးရွာများ၊ ရပ်ကွက်များသို့ မြင်းကိုယ်စီစီး၍ လှည့်လည်ခြောက်လှန့်ခဲ့ကြသောကြောင့်ဖြစ်သည်။ သူတို့သည် မြင်းများကို ဒုံးစိုင်းကာ "တောင်ပိုင်းစစ်သား တစ္ဆေတွေလာပြီဟေ့" ဟူ၍ အသံနက်ကြီးများဖြင့် အော်ကြီးမဲမဲတွင် အော်ဟစ်စီးနင်းသွားကြရာ ထိုစဉ် (လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀





ကျော်လောက်)က ခေတ်နောက်ကျပြီး အသိဉာဏ်ခေါင်းပါး၍ အယူသည်းလှသော အသားမည်းနီဂရိုးများမှာ ပြည်တွင်းစစ်အတွင်းက သေဆုံးခဲ့ကြသော တောင်ပိုင်းစစ်သားများ တကယ့် တစ္ဆေသရဲများ ဖြစ်ကာ သူတို့အားလာရောက် ခြောက်လှန့်ကြသည်ဟု ယုံကြည်ကာ ထိတ်လန့်ချောက်ချားခဲ့ကြသည်။

ယင်းသို့ မူလပထမ အသားမည်း နီဂရိုးများအား ကြောက်ရုံလန့်ရုံမျှ ခြောက်လှန့်ခဲ့ကြသော်လည်း နောက်ပိုင်းတွင်မူ ပြည်တွင်းစစ်အတွင်းက မနိုင်၍ အရှုံးပေး အညံ့ခံလိုက်ကြရသော်လည်း လူမည်းများအပေါ် အခဲမကျေဖြစ်နေကြသည့် တောင်ပိုင်းဒေသမှ စစ်သား စစ်ဗိုလ်ဟောင်းများနှင့် အရပ်သားများကပါ ဤအချက်ကို အကွက်ယူ၍ ကေသုံးလုံးအဖွဲ့ဝင်များအဖြစ် ပါဝင်ကာ အသားမဲနီဂရိုးများအား ခြောက်လှန့်ရုံမျှမက အကြမ်းဖက်ကာ ရိုက်နှက်ခြင်း၊ သစ်ပင်တွင် ကြိုးဆွဲချ၍ သတ်ဖြတ်ခြင်း၊ နေအိမ်များကို မီးရှို့ခြင်း စသည်များကို ပြုလုပ်လာကြတော့သည်။

ဤသို့ဖြင့် ကူကလပ်ကလန်ခေါ် ကေသုံးလုံးအဖွဲ့ကြီးသည် တစ်စတစ်စ ကြီးထွားလာခဲ့ရာမှ တောင်ပိုင်းတစ်ခုလုံးသို့ ပျံ့နှံ့လာခဲ့ပြီး ၁၈၆၇ ခုနှစ်၊ ဧပြီလလောက်တွင်မူ တောင်ပိုင်းတစ်ခုလုံးရှိ ပြည်နယ်အားလုံးမှ ကေသုံးလုံး အဖွဲ့များ ပူးပေါင်းဖွဲ့စည်းလိုက်သည့် ကေသုံးလုံး အဖွဲ့ချုပ်ကြီးပင် ပေါ်ပေါက်လာခဲ့သည်။

တောင်ပိုင်းတစ်ခုလုံးရှိ ပြည်နယ်အားလုံးမှ ခရိုင်မြို့ကြီး မြို့ငယ်များနှင့်တကွ ကျေးလက်တောရွာများပါ မကျန် လူမည်းများအပေါ် ကေသုံးလုံးအဖွဲ့ဝင်များက ရက်ရက်စက်စက် အကြမ်းဖက်မှုများ ယင်းသို့ တစ်နေ့တခြား ကြီးထွားကျယ်ပြန့်လာခဲ့ရာ၊ နောက်ဆုံး ၁၈၇၉ ခုနှစ် ဧပြီလတွင် ပြည်ထောင်စုအစိုးရ ကွန်ဂရက်လွှတ်တော်မှနေ၍ အဖွဲ့ကြီးအား "မတရားသင်း" အဖြစ် ကြေညာကာ ပိတ်ပင်ပစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တကယ်လက်တွေ့တွင်မူ ကွန်ဂရက်မှ ပြဋ္ဌာန်းလိုက်သော အဓိပ္ပာယ် ပိတ်ပင်ချက်မှာ ထိရောက်မှုမရှိလှဘဲ တောင်ပိုင်းဒေသရှိ ခရိုင်မြို့နယ်များတွင် ကေသုံးလုံးအဖွဲ့ဝင်များသည် မြေအောက် လျှို့ဝှက်အဖွဲ့အဖြစ် ဆက်လက်တည်ရှိနေခဲ့၍ အသားမည်းနီဂရိုးများအပေါ် အကြမ်းဖက်မှုများမှာလည်း ဆက်လက် ပေါ်ပေါက်နေခဲ့သည်။ ထိုမှတစ်ဆင့် မြေအောက် ကေသုံးလုံး အဖွဲ့ကြီးသည် "လူဖြူများ ကြီးစိုးရေး" ဟူသော ကြွေးကြော်သံဖြင့် အုပ်ချုပ်ရေးကိစ္စအဝဝတွင် ရွေးကောက်ပွဲ မှန်သမျှ ဘယ်ရွေးကောက်ပွဲတွင်မှ နီဂရိုးများ မဲမပေးနိုင်အောင် အကြမ်းဖက်၍ ပိတ်ပင်တားဆီးခဲ့ကြသည်။ နောက်ဆုံး၌ ၁၈၇၀ ခုနှစ် မေလနှင့် ၁၈၇၁ ခုနှစ် ဧပြီလများတွင် ကွန်ဂရက်လွှတ်တော်မှနေ၍ လူမဲများအား မဲမပေးနိုင်အောင် ပိတ်ပင်တားဆီးခြင်းများနှင့် လူမဲများအပေါ် လက်နက်ကိုင် အကြမ်းဖက်နှိပ်စက်ခြင်းများကို ပြင်းပြင်းထန်ထန် အရေးယူသည့် ဥပဒေ (Force Bill) များ ပြဋ္ဌာန်းကာ တင်းတင်းကြပ်ကြပ် ဆောင်ရွက်လာခဲ့ရသည်။ ဤတွင်မှ ကေသုံးလုံးအဖွဲ့ကြီး၏ လှုပ်ရှားမှုများသည် တဖြည်းဖြည်း အရှိန်လျော့ကာ တစ်စတစ်စ "ပျောက်ကွယ်သလို" ဖြစ်သွားခဲ့သည်။

သို့သော် ယင်းသို့ "ပျောက်ကွယ်သလို" ဖြစ်နေခဲ့သော လှုပ်ရှားမှုများသည် လုံးဝ ပျောက်ကွယ်မသွားခဲ့ဘဲ ပထမကမ္ဘာစစ်ကြီးအတွင်း ၁၉၁၅ ခုနှစ်တွင် ထပ်မံဖွဲ့စည်း၍ လှုပ်ရှားလာခဲ့ကြပြန်သည်။ ဤအကြိမ်တွင်မူ ကေသုံးလုံးအဖွဲ့ကြီး၏ "အခြေခံ ဝါဒနှင့် လုပ်ငန်းစဉ်"များမှာ နီဂရိုးဆန့်ကျင်ရေးသာမကတော့ဘဲ လူမျိုးခြား မုန်းတီးရေး၊ ဘာသာခြား ပိုင်းဖယ်ရေးနှင့် တိုးတက်သော အဖွဲ့အစည်းများ အမြှုတ်တိုက်ရေး စသည်များပါ ပါဝင်လာခဲ့သည်။ ယင်းသို့ လုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက် ကျယ်ပြန့်လာသည်နှင့်အမျှ ယခုတစ်ကြိမ် ထပ်မံပေါ်ပေါက်လာသည့် ကေသုံးလုံး အဖွဲ့ကြီး၏ ဩဇာအာဏာသည် တောင်ပိုင်းတွင်သာမကတော့ဘဲ မြောက်ပိုင်း





ပြည်နယ်များတွင်ပါ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ ထိုစဉ်အခါ ၁၉၂၀ ခုနှစ်လောက်က ဤအဖွဲ့ကြီး၏ အဖွဲ့ဝင်ဦးရေမှာ လူပေါင်း ၄,၀၀၀,၀၀၀ အထိ ကြောက်ဖွယ်လိလိရှိလာခဲ့သည်။

သို့သော် ဤအဖွဲ့ကြီး၏ လှုပ်ရှားမှုများသည် ကံအားလျော်စွာ ၁၉၂၉-၃၀-၃၁ ခုနှစ်တစ်ဝိုက်တွင် ကမ္ဘာ့နိုင်ငံ အားလုံး၌ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် "အထွေထွေ စီးပွားရေးကပ်" ကြီးဆိုက်ရောက်လာချိန်၌ သူ့အလိုလို မှေးမှိန် ပျောက်ကွယ်သွားခဲ့ရပြန်သည်။

သို့နှင့်ပင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့၍ စစ်ကြီးအပြီးတွင် ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ပေါက်ကာ တိုင်းပြည်အချင်းချင်း၊ လူမျိုးအချင်းချင်း၊ လူသားအချင်းချင်း တန်းတူရည်တူ အခွင့်အရေး ပြဋ္ဌာန်းချက်များ ပေါ်ပေါက်လာခဲ့ပြန်ရာ အသားမည်း နီဂရိုအမျိုးသားများသည် လူ့အခြေခံ အခွင့်အရေးများကို ဘယ်တုံး ဘယ်အခါကနှင့်မျှမတူအောင် တိုးတက်ရရှိလာခဲ့ကြသည်။

သို့သော် လူဦးရေ သန်းပေါင်း ၂၀၀ ကျော်ရှိနေသော အမေရိကန်ပြည်ထောင်စုကြီးတွင် ယနေ့ထက်တိုင် ဖောက်ပြန်၍ ခေတ်နောက်ကျနေသည့် အယူအဆ အစွဲအလန်းဟောင်းများကို မစွန့်လွှတ်နိုင်သေးဘဲ ဖက်တွယ်နေသူများမှာလည်း အရေအတွက်အားဖြင့် ကြီးမားများပြားလှသေးသည်ဖြစ်ရာ လူဖြူလူမဲ ပြဿနာမှာ ငုတ်လျှိုး ပေါ်လျှိုးဖြင့် ရှိလာခဲ့သည်။ သို့နှင့်ပင် ၁၉၅၄ ခုနှစ်တွင် လူဖြူသားသမီးများနှင့် လူမည်းသားသမီးများ စာသင်ကျောင်းတစ်ကျောင်းတည်းတွင် အတူယှဉ်တွဲ၍ ပညာသင်ကြားခွင့် ပေးသင့်၊မပေးသင့်ဟူသော ပြဿနာကို အကြောင်းပြု၍ မီးခိုးငွေ့ဖြစ်နေသော "အသားအရောင်ခွဲခြားရေး" စိတ်ဓာတ်သည် ဟုန်းခနဲ ထ၍ တောက်လောင်လာခဲ့ပြန်သည်။ အထူးသဖြင့် လူမဲများ တစ်စတစ်စ အခွင့်အရေးရ၍ "လူရာဝင်လာသည်"ကို နဂိုကပင် မနာလိုမရှုစိမ့်ဖြစ်နေကြသည့်



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းအယူအဆရှိသူများအား နိုင်ငံရေးအရ ဖောက်ပြန်သည့် အယူအဆနှင့် ဖောက်ပြန်သည့် ဝါဒလမ်းစဉ်ကို လက်ကိုင်ထားနေကြသူများက ခေတ်တက်လူညီဖြင့် စည်းရုံးသိမ်းသွင်းခဲ့ကြရာမှ လူအချင်းချင်း အခြေခံလူ့အခွင့်အရေး ပြည်သူ့အခွင့်အရေးများ ရရှိရေးအတွက် ကြိုးပမ်းလာကြသော နီဂရိုးအမျိုးသားများနှင့် တိုးတက်သည့် လူဖြူအမေရိကန် အမျိုးသားများအပေါ် "ကွန်မြူနစ် လက်ကိုင်တုတ်များ" ဟူသော စွပ်စွဲချက်ဖြင့် ပြင်းထန်စွာ ထိုးနှက်တိုက်ခိုက်လာခဲ့ကြပြန်သည်။

ဤတွင် "အသားအရောင်ခွဲခြားရေး" ဝါဒသည် ဖောက်ပြန်သည့် နိုင်ငံရေးအယူအဆနှင့် ပူးပေါင်းမိကြသည့် အခြားမဲ့၌ ကူကလပ်ကလန်ခေါ် ကေသုံးလုံးအဖွဲ့ကြီး၏ လူမည်းဆန့်ကျင်ရေး လှုပ်ရှားမှုကြီးသည် အဘက်ဘက်က တိုးတက်၍ ယဉ်ကျေးလှပါသည်ဆိုသော အမေရိကန် ပြည်ထောင်စုကြီး၏ ၂၀ ရာစုခေတ်နှောက်ပိုင်းတွင် တားမနိုင် ဆီးမရအောင် ကြီးထွားလာခဲ့ပြန်သည်။ သို့နှင့်ပင် ကြမ္မာဆိုးလှသည့် နီဂရိုးအမျိုးသားများမှာ လူသားတစ်ယောက်အနေဖြင့် ဘာတစ်ခုမှ အပြစ်တစ်စုံတစ်ရာ မရှိပါဘဲလျက် "အသားမည်းသည်" ဟူသော မျိုးရိုးသဘာဝ၏ "အပြစ်" သည်ပင်လျှင် ရောမ "အပြစ်" ကြီးဖြစ်ကာ အရိုက်အနှက်ခံရခြင်း၊ အနှိပ်စက်ခံရခြင်း၊ အလုအယက်ခံရခြင်း၊ အသတ်အဖြတ်ခံရခြင်း စသည့်အသည်းနာဖွယ်ရာ ဖြစ်ရပ်များကို နေ့စဉ်ရင်ဆိုင် ခံစားလာခဲ့ကြရပြန်သည်။

အမေရိကန် ပြည်ထောင်စု တောင်ပိုင်းအားလုံး၌ ယင်းသို့သော အဖြစ်မျိုးများ ပေါ်ပေါက်နေခဲ့မှာပင် ၁၉၆၃ ခုနှစ် စောစောပိုင်းလောက်က မစ်စီစပီပြည်နယ်တွင် ဆမ်ဘောင်းဝါးဆိုသူသည် အသားအရောင် ခွဲခြားရေး သမားများကို စနစ်တကျ စုစည်း၍ ပြည်နယ်လုံးဆိုင်ရာ ကေသုံးလုံးအဖွဲ့ကို စတင်ဖွဲ့စည်း တည်ထောင်လာခဲ့ခြင်းဖြစ်သည်။

ဘောင်းဝါးသည် အညတြအမျိုးအနွယ်မှ ဆင်းသက်လာသူ တစ်





ဦးမဟုတ်၊ သူ့အဘိုးဖြစ်သူမှာ တစ်ခါက မစ်စီစပီပြည်နယ်မှ အရွေးခံရသည့် ကွန်ဂရက်လွှတ်တော် အမတ်တစ်ဦးဖြစ်သည့်ပြင် သူ့တိုးဆွေး ဘိုးဘေးများသည် ဟာရီနီးယားပြည်နယ်တွင် ပထမဆုံး စတင်၍ အခြေစိုက်ခဲ့ကြသူများ ဖြစ်သည်ဟူ၍လည်း သူက ဂုဏ်ယူဝင့်ကြွားခဲ့သည်။ စင်စစ်အားဖြင့်လည်း ဘောင်းဝါးသည် ကေသုံးလုံးအဖွဲ့ဝင်များအနက် ရှားရှားပါးပါး ပညာတတ် လူငယ်တစ်ဦးပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကေသုံးလုံးအဖွဲ့ဝင်များမှာ များသောအားဖြင့် အထက်တန်း ပညာကိုပင် ဆုံးခန်းတိုင်အောင် သင်ကြားခဲ့ရသူများ မဟုတ်ဘဲ၊ အသိဉာဏ် ပညာခေါင်းပါး၍ ခေတ်နောက်ကျသည့် အတွေးအခေါ် အစွဲအလမ်းများဖြင့် အယူသီးနေသူများသာ ဖြစ်ကြသည်။ ဘောင်းဝါး တစ်ယောက်သာလျှင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမေရိကန် ရေတပ်မတော်တွင် ဝင်ရောက် အမှုထမ်းခဲ့ဖူးသည့်အပြင် ကာလီဖိုးနီးယား တောင်ပိုင်း တက္ကသိုလ်အထိ တက်ရောက် ပညာသင်ကြားခဲ့ဖူးသူ ဖြစ်သည်။ သို့ဖြစ်၍လည်း ဘောင်းဝါးသည် "အနုတောတွင် လူချော" ဖြစ်၍ ဉာဏ်ပညာနည်းပါးသူများ အပေါ်တွင် ခေါင်းဆောင်တက်ဖြစ်နေခြင်းဖြစ်သည်။

ထိုအပြင် ကေသုံးလုံးအဖွဲ့ဝင် ဘောင်းဝါးသည် သူ့တပည့် တပည်းများနှင့် နောက်လိုက်များအကြားတွင် စကားပြောရာ၌ ရံဖန်ရံခါ သမ္မာကျမ်းစာထဲမှ စာပိုဒ်များကို အလွတ်ရွတ်ဆို၍ ကိုးကားပြောဆိုခြင်းဖြင့် အများတကာ၏ အထင်ကြီးခံနေရသူဖြစ်သည်။ သို့သော် နိုင်ငံရေး အယူဝါဒနှင့် ပတ်သက်၍မူ ကေသုံးလုံး အဖွဲ့ဝင် ဘောင်းဝါးသည် ဂျာမဏီအာဏာရှင် ဟစ်တလာကို ကြည်ညိုကိုးကွယ်သူဖြစ်သည်။ တစ်ခါကဆိုလျှင် သူသည် လက်မောင်းတွင် စကြာတံဆိပ် လက်ပတ်ကို တပ်ဆင်၍ သူ့မွေးထားသည့် ခွေးတစ်ကောင်အား နာဇီအလေးပြုနည်း အတိုင်း လက်မြှောက်ဆိုင်းငံ့ကာ "ဟေး · · ဟစ်တလာ" ဟူ၍ ဟစ်အော်အလေးပြုဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



နာဇီဝါဒကို သဘောကျနှစ်မြို့က်လှသော ဘောင်းဝါးသည် အမေရိကန်လူမည်းများ၏ ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုများနှင့် တိုက်ပွဲများကို "ကွန်မြူနစ်နှင့် ဂျူးများ၏ ပူးပေါင်းလုပ်ဆောင်မှု" ဟူ၍ တစ်ထစ်ချမှတ်ယူထားခဲ့သည်။ ထို့အပြင် ကျူးဘားတွင် တော်လှန်ရေးအောင်ပွဲခံ၍ ကပ်စထရိုအာဏာရ လာပြီးနောက် ကွန်မြူနစ်များသည် အမေရိကန်ပြည်ထောင်စုကြီးအား ကျူးကျော် ဝင်ရောက်တိုက်ခိုက်ရန် အသားမည်း နီဂရိုးလူမျိုးများကို တပ်ဖွဲ့၍ ကျူးဘားနိုင်ငံတွင် စစ်သင်တန်းများ ပေးနေသည်ဟူ၍ပင် မိုက်မဲစွာ ယုံကြည်နေသူတစ်ဦးဖြစ်သည်။

၁၉၆၄ ခုနှစ်ဦးပိုင်းသို့ ရောက်သောအခါ မစ်စီစပီပြည်နယ်ထုတ် သတင်းစာများတွင် "လာမည့်နွေရာသီ၌ လူမည်းများအခွင့်အရေးတိုက်ပွဲနှင့် မဲပေးခွင့်ရရှိရေး ဆန္ဒပြပွဲများ တခဲနက်ပြုလုပ်ကျင်းပရန်အတွက် မစ်စီစပီပြည်နယ်တစ်ဝှမ်းလုံးသို့ တိုးတက်သော လူဖြူလူမည်းများ ထောင်နှင့်ချီ၍ လာရောက်လှုံ့ဆော် စည်းရုံးကြလိမ့်မည်ဖြစ်ကြောင်း" မျက်နှာဖုံးမှနေ၍ စာလုံးမဲကြီးများဖြင့် နေ့စဉ်ရက်ဆက် ဖော်ပြခဲ့ကြသည်။ ဤသတင်းကို ဖတ်ရှုကြရသော ကေသုံးလုံးအဖွဲ့ခေါင်းဆောင် ဘောင်းဝါးသည် နီဂရိုး "မည်း" များနှင့် ကွန်မြူနစ်နောက်လိုက် သစ္စာဖောက် လူဖြူ" များအား မစ်စစ်စပီပြည်နယ်မြေပေါ်မှ မောင်းထုတ်၍ သုတ်သင် ဖယ်ရှားပစ်ရန် စီမံစိုင်းပြင်းလျက်ရှိနေခဲ့သည်။

ယင်းအစီအစဉ်အရ မကြာမီဘောင်းဝါးနှင့် သူ့နောက်လိုက် ကေသုံးလုံးအဖွဲ့ဝင်များသည် မစ်စီစပီပြည်နယ် အရှေ့ဖျား၌ မဲရီဒီယန်မြို့ကလေးသို့ သွားရောက်၍ လူမည်းဆန့်ကျင်ရေး လှုပ်ရှားမှုများအတွက် လှုံ့ဆော်စည်းရုံးခဲ့ကြသည်။

ထိုအချိန်တွင် အဆိုပါ မဲရီဒီယန်မြို့ကလေးသို့ စီအိုအက်ဖ်အိုခေါ် "ပြည်နယ်အဖွဲ့အစည်းများကောင်စီ" မှ လူမည်းအခွင့်အရေး တိုက်ပွဲ





များအတွက် ကြိုတင်ပြင်ဆင်ရန် တိုးတက်သော အမေရိကန် "လူဖြူ" တစ်ယောက်ရောက်ရှိနေပြီဖြစ်သည်။

ထို "လူဖြူ" မှာ အသက် ၂၄ နှစ်မျှသာ ရှိသေးသည့် လူငယ်တစ်ဦးဖြစ်၍ နယူးယောက်မြို့သား ရှဝါးနားဆိုသူပင်ဖြစ်သည်။ ရှဝါးနားသည် သူ့ဇနီးသည်ကလေး ရီတာနှင့်အတူ မဲရီဒီယန်မြို့ကလေးသို့ ဆောင်းတွင်းကပင် ရောက်ရှိနေခဲ့သည်။ ရှဝါးနားတို့ ဇနီးမောင်နှံသည် ဤမြို့ကလေး၏ တစ်ခုသော နီဂရိုးရပ်ကွက် အစွန်အဖျားမှ အိမ်စုတ်ကလေးတစ်လုံးတွင် ဖြစ်သလို နေခဲ့ကြသည်။

သူတို့အိမ်ကလေးမှာ အနေစုတ်သော်လည်း "ရွှေထုပ်သည့် မြပဝါ" လို အဖိုးတန် "ရတနာများ" ဖြင့် ပြည့်လျက်ရှိသည်။ ထိုအဖိုးတန် "ရတနာများ" မှာ အခြားမဟုတ်၊ လူမည်းများ အသိဉာဏ်တိုးပွားရေးအတွက် သူ့မိတ်ဆွေများထံမှ အလှူခံ၍ ရရှိလာခဲ့သော စာအုပ်ပေါင်း ၁၀,၀၀၀ တို့ပင်ဖြစ်သည်။

ရှဝါးနားတို့ ဇနီးမောင်နှံသည် သူတို့၏အဓိက ရည်မှန်းချက် ဖြစ်သော လူမည်းများ အခွင့်အရေးတိုက်ပွဲ၏ ပထာမစည်းရုံးရေး လုပ်ငန်းစဉ်အဖြစ် အဆိုပါစာအုပ်တစ်သောင်းကို စာကြည့်တိုက်အဖြစ် ဖွင့်လှစ်ပေးထားသည့်ပြင် ရပ်ကွက်ထဲမှ လုံးဝစာမတတ်သော နီဂရိုးလူငယ်လူရွယ်များနှင့် သက်ကြီးရွယ်ကြီးများကိုလည်း "အသုံးလုံး" သင်တန်းများ ပေးခဲ့ကြသည်။ အဆိုပါ သင်တန်းတွင် တိုးတက်သောမြို့ခံလူငယ်များနှင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများက စေတနာ့ဝန်ထမ်း သင်ကြားပေးလျက် ရှိနေသည်။

အသား အရောင် ခွဲခြားမှုကို လုံးဝလက်မခံတဲ့ လူလူချင်းသူ့တာ ထောက်ထားသည့် မွန်မြတ်သန့်စင်သော ရှဝါးနားတို့ ဇနီးမောင်နှံအား အဘက်ဘက်မှ အစွမ်းကုန် ကူညီဆောင်ရွက်ပေးနေသူတစ်ယောက်ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသူမှာ မဲရီဒီယန်မြို့ခံ အသာမည်း နီဂရိုးလူမျိုး ချာနေဆိုသူဖြစ်၍ သူ့အသက်မှာလည်း ၂၀ မျှသာ ရှိသေးသည်။ နီဂရိုးကလေးချာနေသည် ဓားတိုလူမဲများ အပေါ်တွင် ဖြူစင်သန့်ရှင်းသည့် အရင်းခံစေတနာဖြင့် အပင်ပန်းအဆင်းရဲခံကာ လာရောက်ဆောင်ရွက်ပေးနေရှာကြသည့် "နလုံးလု ဓားမောင်နှံ" တို့၏ စာကြည့်တိုက် လုပ်ငန်းနှင့် အသုံးလုံး သင်တန်းများ အောင်မြင်ထမြောက်ရေးအတွက် မိမိတို့သွေးရင်းသားရင်း ဘဝတူ နီဂရိုးများကိုပါ လှုံ့ဆော်စည်းရုံး၍ ဝိုင်းဝန်း ကူညီရန် ကြိုးပမ်းခဲ့သည်။

သို့ဖြင့် အဆိုပါ "အသုံးလုံး" သင်တန်းသည် နီဂရိုးရပ်ကွက်တွင် ရေပန်းစား၍ ထင်ရှားကျော်ကြားလာခဲ့ရာမှ မကြာမီ ရှဝါးနား၏ "အသုံးလုံး" သည် ဘောင်းဝါး၏ ကေသုံးလုံးနှင့် ထိပ်တိုက်ရင်ဆိုင် တိုးမိတော့သည်။

ဘောင်းဝါး၏နောက်လိုက်များ ဖြစ်ကြသော မဲရီဒီယန်မြို့မှ မြို့ခံ ကေသုံးလုံး အဖွဲ့ဝင်များက အဆိုပါ အသုံးလုံး သင်တန်းဆရာ ရှဝါးနားအား မိမိတို့မြို့သို့ တမင်သက်သက် လာရှုပ်နေသူဟူ၍ မျက်စိစပါးမွေးစူး နေကြသည်။ သူတို့က ရှာဝါးနားအား နာမည်မခေါ်ဘဲ "ဆိတ်သိုး" ဟူ၍ ပြောင်ခေါ်ကြသည်။ ဤသည်မှာ ရှဝါးနား၏ မေးဖျားတွင် မုတ်ဆိတ်များ ရှိနေသောကြောင့် ဖြစ်သည်။

မကြာမီစာကြည့်တိုက်နှင့် သင်တန်းဖွင့်ထားသော ရှဝါးနား၏ နေအိမ်သို့ တယ်လီဖုန်းဖြင့် ခြိမ်းခြောက်မှုများ ရှိလာခဲ့သည်။

"ဟေ့…ခွေးမသား ကွန်မြူနစ်"

"ဟေ့…ဓမ္မရာယ်ကောင်"

"မင်း ဒီမြို့က ထွက်သွားရင်သွား၊ မသွားရင် သေဖို့သာ ပြင်ပေတော့…"

ရှဝါးနားထံသို့ တယ်လီဖုန်းထဲမှနေ၍ ဆဲသံဆိုသံ ခြိမ်းခြောက်သံများ အထက်ပါအတိုင်း နေ့စဉ်နှင့်အမျှ ကြားနေရသည်။ ဤဇာတ်လမ်း





အစတွင် ဖော်ပြခဲ့သည့် ဘုရားရှိခိုးကျောင်းအတွင်း ကျင်းပသော ကေသုံးလုံး အစည်းအဝေးကြီး မတိုင်မီ တစ်လကျော်နှစ်လလောက်က မဲရီဒီယန်မြို့မှ ကေသုံးလုံး အဖွဲ့ဝင်များသည် အသုံးလုံးဆရာ ရှဝါးနားနှင့် ပတ်သက်၍ ဘယ်လို"ရှင်း"ပစ်ရမည်ကို လျှို့ဝှက်ဆွေးနွေးပွဲတစ်ခု ကျင်းပ၍ တိုင်ပင်ခဲ့ကြသည်။

"ဒီကောင်က စီအိုအက်ဖ်အိုအဖွဲ့ရဲ့ ခေါင်းဆောင်တစ်ယောက်ကွ။ အဲဒီတော့ ဒီကောင်ကို "ဖြောင်" ပစ်မှဖြစ်မယ်"

ကေသုံးလုံးတစ်ယောက်က အဆိုသွင်းလိုက်သည်။

သို့သော် သူ့အဆိုမှာ နောက်ကျနေပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါလျှို့ဝှက် ဆွေးနွေးပွဲသို့ တက်ရောက်လာသော အခြားခရိုင်မှ ကိုယ်စားလှယ်တစ်ဦးက ဤသို့ ဝင်ပြောလိုက်သောကြောင့် ဖြစ်သည်။

"ခင်ဗျားတို့ ဒီဆိတ်သိုးအတွက် ဘာမှပူမနေကြပါနဲ့၊ မကြာခင် ဒီကောင့်အကြောင်း ကြားရပါလိမ့်မယ်၊ သူ့ကို ပြည်နယ်အဖွဲ့ချုပ်က "အပျောက်ရှင်း" ပစ်ဖို့ ဆုံးဖြတ်ပြီးပြီ၊ ဒါပေမယ့် ဒီဆုံးဖြတ်ချက်ကိုတော့ အဖွဲ့တစ်ခုက တာဝန်ယူပြီး အကောင်အထည်ဖော်သွားလိမ့်မယ်…"

ဤသို့ဖြင့် ကေသုံးလုံးဆရာကြီး ဘောင်းဝါးသည် အသုံးလုံး ဆရာကလေး ရှဝါးနား၏ နောက်ဆုံးနေ့ရက်ကို သတ်မှတ်ခဲ့ပြီဖြစ်သတည်း။

xxxxx

၁၉၆၄ ခု ဇွန်လလယ်လောက်တွင် ပြည်နယ် အဖွဲ့အစည်းများ ကောင်စီ (စီအိုအက်ဖ်အို) မှ လူအင်အား ၂၀၀ ပါဝင်သည့် စေတနာ့ ဝန်ထမ်းအဖွဲ့တစ်ဖွဲ့သည် အိုဟိုင်ယိုပြည်နယ်၊ အောက်ဇ်ဖို့ဒ်မြို့ကြီး

www.burmeseclassic.com



အနောက်ပိုင်း အမျိုးသမီး ကောလိပ်တွင် စုရုံး၍ လူမည်းများ မဲပေးခွင့်ရရှိရေးနှင့် ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုကြီးအတွက် သဘောတရားနှင့် လက်တွေ့သင်တန်းတစ်ခုကို ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းမှာ တနင်္ဂနွေတစ်ပတ်တိတိ ကြာမည်ဖြစ်ရာ ရာဝါးနားတို့ ဝနီးမောင်နံ့နှင့် နီဂရိုးက လေးချာနေသည့် ပထမသုံးရက်သင်တန်းသို့ တက်ရောက်ရန် မဲရီဒီယန်မြို့ကလေးမှ ကားဖြင့် ထွက်လာခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ တက်ရောက် လာကြသူများမှာ များသောအားဖြင့် အသက် ၁၈ နှစ်မှ ၂၅ နှစ် ပတ်ဝန်းကျင်ရှိ တက္ကသိုလ် ကောလိပ်ကျောင်းသား ကျောင်းသူများပင် ဖြစ်ကြသည်။ သင်တန်းသား လူများစုကြီးမှာ ကွန်မြူနစ်များ လုံးဝ မဟုတ်ရုံမျှမက "စိတ်ဝါဒီ" များဖြစ်၍ တောင်ပိုင်းပြည်နယ်များမှ နီဂရိုးများ၏ ဘဝအခြေအနေ တိုးတက်မြင့်မားရေး တစ်ခုတည်းအတွက် ရည်ရွယ်ချက်ရှိကြသူများသာ ဖြစ်ကြသည်။

တနင်္ဂနွေ တစ်ပတ်မျှသာ ကြာသည့် အဆိုပါ သင်တန်းတွင် ပြည်သူ့အခွင့်အရေး တိုက်ပွဲကို လိုလား ထောက်ခံကြသည့် ပုဂ္ဂိုလ်ပေါင်း ၈၀ တို့က "သင်တန်းဆရာ" များအဖြစ် သင်ကြားပို့ချခဲ့ကြသည်။ ဆရာများက သင်တန်းသားများ မကြာမီ "ကွင်းဆင်း" ကြရမည့် မစ်စီစပီပြည်နယ်၏ ဓလေ့ထုံးစံများ ဝတ်စားဆင်ယင်ပုံများနှင့် သွားလာနေထိုင်ပုံများကို အသေးစိတ်ပို့ချပေးကြသည်။

"မြောက်ပိုင်းမှာ ခင်ဗျားတို့တတွေ အမှတ်တမဲ့ သွားနေကျ လာနေကျ၊ လုပ်နေကျ ကိုင်နေကျ အသေးအဖွဲကလေးတစ်ခုဟာ . . . ဆိုပါတော့ ဥပမာ နီဂရိုးတစ်ယောက်နဲ့ ပခုံးဖက်ပြီး စကားပြောတာမျိုး . . . လက်တွဲပြီး လမ်းလျှောက်သွားတာမျိုး . . . အဲဒီလို အနေအထိုင် အပြုအမူမျိုးဟာ မြောက်ပိုင်းမှာ ဘာမှအရေးမကြီးပေမဲ့ တောင်ပိုင်းက မစ်စီစစ်ပီပြည်နယ်လို နေရာမျိုးမှာတော့ ဒါမျိုးဟာ အင်မတန်ဆိုးဝါးပြီး မလုပ်သင့် မလုပ်





ထိုက်တဲ့ အပြုအမူတစ်ခုအနေနဲ့ ယူဆထားကြတယ် . . ."

မစ်စီစစ်ပီပြည်နယ်မှ လူဖြူများ၏ ပြင်းထန်ကြီးမားသော အသားအရောင်ခွဲခြားရေး စိတ်ဓာတ်အကြောင်းကို သင်တန်းဆရာတစ်ဦးက မြွက်ကြားပို့ချသွားခဲ့သည်။

အက်စ်အဲန်စီစီ* (SNCC) ခေါ် "ကျောင်းသားများ အကြမ်းမဖက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ" ၏ အမှုဆောင်အတွင်းရေးမှူးဖြစ်သူ သင်တန်းဆရာ ဂျိမ်းစ်ဖိုမင်ကမူ "ခင်ဗျားတို့ အဲဒီမှာ အဆင်မသင့်ရင် အသတ်ခံချင်လည်း ခံရလိမ့်မယ်" ဟူ၍ အတိအလင်း သတိပေးခဲ့သည်။

အခြားသင်တန်းဆရာ တစ်ဦးဖြစ်သော တရားရေးရာဌာနမှ ပြည်သူ့ အခွင့်အရေးဌာနခွဲတွင် အမှုထမ်းနေသည့် ဂျွန်ဒိုးဝါးဆိုသည့် ပုဂ္ဂိုလ်ကလည်း "ခင်ဗျားတို့ကို ကာကွယ်ဖို့အတွက် မစ်စီစစ်ပီပြည်နယ်မှာ ပြည်ထောင်စု ရဲအဖွဲ့မရှိဘူးဆိုတာ သိထားဖို့ လိုလိမ့်မယ်၊ ဒီအချက်ကို သိထားရင် ခင်ဗျားတို့ရဲ့ လုပ်ငန်းမှာ ဘယ်လိုစခန်းသွားရမယ်ဆိုတာ ခင်ဗျားတို့ဘာသာ စဉ်းစားချင့်ချိန်နိုင်ပါလိမ့်မယ် . . ." ဟူ၍ ဩဝါဒပေးခဲ့သည်။

သင်တန်းဆရာများ၏ အထက်ပါကိုယ်တွေ့မှုများ သတိပေးချက်များနှင့် ဩဝါဒများသည် လွန်လွန်းသည်ဟု မဆိုနိုင်ရုံမျှမက သွေးထွက်အောင် မှန်လှသည်ဟု ဆိုရန်သာ ရှိသည်။ အဘယ့်ကြောင့်ဆိုသော် လူမည်း အခွင့်အရေးရရှိရေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆိုပါသင်တန်း ပို့ချနေဆဲ ကာလဖြစ်သော ဇွန်လ ၁၆ ရက်နေ့မှာပင် မစ်စီစစ်ပီပြည်နယ်မှ ကေသုံးလုံးအဖွဲ့ဝင်များသည် "ပမာဏလုပ်ငန်းစဉ်" အဖြစ် ဘုရားရှိခိုးကျောင်းတစ်ကျောင်းထဲမှ ထွက်လာသော နီးဂရိုးမိသားစုများကို အကြီးအထန် ဒဏ်ရာရအောင် ရိုက်နက်ထိုးကြိတ်ခဲ့ကြရုံမျှမက ဘုရားရှိခိုးကျောင်းကိုပါ မီးတင်ရှို့လိုက်ကြသောကြောင့် ဖြစ်သည်။

* SNCC : Student Noviolent Co, ordinatein Committee



www.burmeseclassic.com

www.burmeseclassic.com



ထိုညက ဖြစ်ပုံဖျက်ပုံ အလုံးစုံမှာ ဤသို့ဖြစ်သည်။

မစ်စီစစ်ပီပြည်နယ် နီရှိုဘားနှင့် လောက်ဒါးဒေးလ် ခရိုင်များမှ ကေသုံးလုံးအဖွဲ့ဝင်များသည် ထိုညက ဗီလာဒ်လ်ဖီးယားမြို့၏ အရှေ့ဘက် ၄ မိုင်ကွာအရပ်ရှိ စာသင်ကျောင်း တစ်ကျောင်းတွင် အရေးပေါ်ကိစ္စဖြင့် စုရုံးကြသည်။ သူတို့၏ အရေးပေါ်ကိစ္စမှာ အခြားမဟုတ်၊ ဤအနီးအနားတွင်ရှိနေသော နီးဂရိုး ရွာကလေးတစ်ရွာမှ ဘုရားရှိခိုးကျောင်းကို ရှဝါးနားက လူမည်း အခွင့်အရေးတိုက်ပွဲ "ဌာနချုပ် ရုံးခန်း" အဖြစ် အသုံးပြုရန် စီစဉ်နေသည်ဟု သတင်းရရှိခဲ့သောကြောင့် ဖြစ်သည်။

"ဟေ့…ဒီလိုဆိုရင် အဲဒီ ဆိတ်သိုးဆိုတဲ့အကောင်နဲ့ တို့သွားတွေ့ကြမယ်…"

"ကောင်းတယ်၊ ဒီကောင် အခုပဲ အဲဒီဘုရားရှိခိုးကျောင်းမှာ ငမည်းတွေနဲ့ အစည်းအဝေးလုပ်နေတယ်လို့ ကြားတယ်၊ လာဟေ့ အားလုံးသွားကြမယ်…"

"ဒီကောင်ကို အဲဒီမှာ တွေ့လိုက်ရင်တော့လား…တကယ့်ပွဲကြီးပွဲကောင်းပေါ့ကွာ…"

"အချိန်ကုန်တယ်ဟေ့…စကားများမနေကြနဲ့ လာ သွားကြမယ်"

အင်မတန် ဆိုးသွမ်းလှသည့် တောရွာတစ်ရွာမှ ကာလသား လူမိုက်များပမာ ဆင်ခြင်တုံတရား ကင်းမဲ့လှသော ကေသုံးလုံးအဖွဲ့ဝင်များသည် အထက်ပါအတိုင်း တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောဆိုကာ ရှဝါးနားနှင့် နီဂရိုးများ စည်းဝေးနေကြသည်ဆိုသော လောင်းဒေးလ်မြို့ကလေးနှင့် ဘုရားရှိခိုးကျောင်းရှိရာသို့ ထွက်လာခဲ့ကြသည်။

သူတို့အားလုံးမှာ စုစုပေါင်း လူ ၂၀ နီးပါးမျှရှိ၍ ရိုးရိုးကား သုံးစီး ထရပ်ကားတစ်စီးနှင့် လက်နက်များပါ တစ်ပါတည်းယူလာခဲ့ကြသည်။





အမှန်စင်စစ် ထိုနေ့ ထိုရက်၊ ထိုအချိန်က အသုံးလုံး ဘာမှ ရှဝါးနားမှာ မစ်စီစစ်ပီပြည်နယ်ထဲတွင် မရှိဘဲ အိုဟိုင်ယိုပြည်နယ်သို့ သွားရောက်ကာ အထက်တွင်ဖော်ပြခဲ့သည့် သင်တန်းတက်နေနိုက် ဖြစ်သည်။

သို့ဖြစ်ရာ ထိုညက ကံဆိုးမိုးမှောင် ကျသူများမှာ ရှဝါးနား မဟုတ်ဘဲ နီးဂရိုးမိသားစုများပင်ဖြစ်သည်။

ကေသုံးလုံးလူမိုက်များ ကားဖြင့် ထွက်လာချိန်တွင် အဆိုပါ ဘုရားရှိခိုးကျောင်း၌ အသားမည်းနီးဂရိုးများ ရှိနေကြသည်။ သူတို့သည် ထိုညက အဆိုပါဘုရားရှိခိုးကျောင်းအတွင်း၌ ဘာသာရေးနှင့်ပတ်သက်၍ အလှူငွေ ကောက်ခံရေးများကို ဆွေးနွေးတိုင်ပင်နေကြခြင်းဖြစ်သည်။

ည ၉ နာရီသာသာလောက်တွင် ကိစ္စများ ပြီးပြတ်သွား၍ မိန်းမများနှင့် ကလေးများပါ စုစုပေါင်း လူ ၁၀ ယောက်ပါဝင်သော နီးဂရိုး မိသားစုများသည် ဘုရားရှိခိုးကျောင်းထဲမှ ထွက်ကာ ကားများဖြင့် အိမ်ပြန်လာခဲ့ကြသည်။

မစ္စတာစတီးသည် သူ့ဇနီးနှင့် ကလေးနှစ်ယောက်ကို တင်ထားသူပိုင်ထရပ်ကားကို မောင်းလာခဲ့ရာ သူ့နောက်မှ မစ္စတာမစ်လားဆိုသူက ကားငယ်လေးတစ်စီးဖြင့် ကပ်လိုက်လာခဲ့သည်။

ဘုရားရှိခိုးကျောင်းမှအထွက် ကိုက်အနည်းငယ်အရောက်တွင် မျက်နှာချင်းဆိုင်မှ အခြားထရပ်ကားတစ်စီးနှင့် ကားကလေးတစ်စီး လာ၍ ကြမ်းမောင်းချလာသည်ကို တွေ့ကြရသည်။ ချက်ချင်းဆိုသလိုပင် အဆိုပါ ကားနှစ်စီးနှင့် မစ္စတာစတီးတို့ ကားနှစ်စီးတို့သည် လမ်းအလယ်ခေါင်တွင် ဆိုင်မိကြရာ၊ တစ်ဘက်မှ မောင်းလာသော မစ္စတာစတီးသည် ဘရိတ်ကို သပ်၍ ရပ်ပေးသည်။

ဤတွင် အခြားတစ်ဘက်မှ ထရပ်ကားသည် သောချင်းလျက် မြန်းခနဲထိုးရပ်လိုက်ပြီး ကားပေါ်မှ လူ ၅ ယောက် ပြောင်းတိုက်ခုင်သေနတ်များ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖွတ်တိုသေနတ်များကိုင်ကာ ဆင်းလာကြသည်ကို တွေ့ရသည်။

"လူဖြူတွေကော···ဘယ်မှာကျန်ရစ်ခဲ့သလဲ···"

လက်နက်ကိုင် ကေသုံးလုံးအဖွဲ့ဝင် ၅ ယောက်ထဲမှ တစ်ယောက်က မစ္စတာစတီးအား လှမ်း၍ လေသံခပ်တင်းတင်းဖြင့် မေးလိုက်သည်။ အခြေအနေကို အနည်းငယ်ရိပ်မိပြီဖြစ်သော မစ္စတာစတီးသည် အတတ်နိုင်ဆုံး ညင်သာသောလေသံဖြင့် မိမိတို့ဘုရားရှိခိုးကျောင်းမှ အလှူငွေ ကိစ္စ ဆွေးနွေးပြီးပြန်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ညအဖို့ လူဖြူများနှင့် လုံးဝမတွေ့မိကြောင်းများကို ရှင်းလင်းပြောပြသည်။

"ကောင်းပြီ···ဒီလိုဆိုရင်လည်း ဆက်မောင်းကြ၊ တကယ်လို့ လူဖြူတွေနဲ့ မင်းတို့ရောရောထွေးထွေး လုပ်တယ် ဆိုရင်တော့ မသက်သာဘူးသာ မှတ်လိုက်ကြ···ကြားလား"

ကေသုံးလုံး လူမိုက်များသည် ကြိမ်းဖြစ်အောင် ကြိမ်းလိုက်ပြီးမှ မစ္စတာစတီးတို့ကို သွားခွင့်ပြုလိုက်သည်။

သို့ဖြင့် ပထမကားနှစ်စီးမှာ သီသီကလေး လွတ်သွားခဲ့သော်လည်း နောက်ဆုံးနှစ်စီးမှာမူ "ရေရေလယ်လယ်" ခံလိုက်ရသည်။

နောက်ဆုံးကားများမှာ မစ္စတာရှပ်ရှီနှင့် မစ္စတာကိုးလ်တို့၏ ကားများဖြစ်သည်။ မစ္စတာရှပ်ရှီ၏ ဇနီးနှင့်သားများ ကားပေါ်သို့တက်ရန် ဟန်ပြင်နေဆဲမှာပင် ကေသုံးလုံးအဖွဲ့ဝင်များ၏ ကားများသည် ထိုနေရာသို့ ထိုးဆိုက်လာကြပြီး ကားပေါ်မှ စုပြုံဆင်းလာကြသည်။

မစ္စတာရှပ်ရှီသည် "လူဖြူတွေဘယ်မှာလဲ" ဟူသော ကေသုံးလုံး လူမိုက်များ၏ မေးခွန်းကို အမှန်အတိုင်းဖြေသည်။ သို့သော် သူ့စကားကို ဆုံးအောင် နားမထောင်ဘဲ "ဟော့ကောင်···တိတ်" ဟု တစ်ယောက်က လှမ်းအော်လိုက်ပြီး အခြားတစ်ယောက်က ဘာမပြော ညာမပြောနှင့် ကားတံခါးကို ဆွဲဖွင့်ပြီး သူ့ကိုကားပေါ်မှ ဆွဲချသည်။





မစ္စတာရှပ်ရှီမှာ တောင်းပန်ချိန်ပင် မရလိုက်မီ သူ့မျက်နှာပေါ်သို့ လက်သီးများ တစ်လုံးပြီးတစ်လုံး ကျလာသည်ကိုသာ သိလိုက်ရသည်။ သည်ကြားထဲက ဘယ်သူ့လက်ချက်ဟူ၍ မသိလိုက်ရဘဲ ခွပ်ခနဲ မြည်သံနှင့်အတူ သူ့ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားသည်။

ကေသုံးလုံး လူမိုက်များသည် မစ္စတာရှပ်ရှီ၏ ဇနီးကိုလည်း ရှိ စရာမရှိအောင် ဆဲဆိုကာ သေနတ်ဒင်ဖြင့် ခေါင်းကိုတစ်ချက်ရိုက်လိုက်သေးသည်။

ရှေ့ကားပေါ်မှလူများကို တပုန်းဖုန်းနှင့် ရိုက်နက်ထိုးကြိတ်ကြသလို နောက်ကားပေါ်မှ မစ္စတာကိုးလ်တို့ မိသားစုမှာလည်း အလူးအလဲခံ လိုက်ရသည်။

မစ္စတာကိုးလ်၏ ဇနီးမှာ သူ့ယောက်ျားကားပေါ်မှ ဆွဲချခံရပြီး တိရစ္ဆာန်တစ်ကောင် နှိပ်စက်သလို ဝိုင်းနှိပ်စက်နေကြသည်ကို မြင်ရသည်တွင် လမ်းပေါ်၌ ဒူးထောက်ကာ "ကျွန်မယောက်ျားကို သေအောင် မသတ်ကြပါနဲ့၊ ရှိကြီးခိုးပါရဲ့···အမယ်လေး ဘုရား ကယ်ပါ···"ဟူ၍ ရင်မတုန် စည်တီးငိုကြီးချက်မဖြင့် သနားစဖွယ် တောင်းပန်ရှာသည်။

အတော်ကလေးကြာမှ "ဟော့ကောင်တွေ···တော်လောက်ပြီ" ဟူ၍ တစ်ယောက်က ပြောလိုက်သဖြင့် အရိုက်အနှက် အကန်အကျောက်များ ရပ်သွားကြသည်။ ဤတွင်မှ မစ္စတာကိုးလ်၏ ဇနီးသည် လမ်းပေါ်တွင် ခွေးသေကောင်တစ်ကောင်လို ပုံလဲနေသော သူ့ယောက်ျားထံပြေးပြီး ပွေ့ ထူရသည်။ ထိုအချိန်မှာပင် ကေသုံးလုံးလူမိုက်များသည် [illegible] ပြန်တက်ကာ မောင်းထွက်သွားကြသည်။

တိုညက သူတို့လူသိုက်၏ "ပထာမလုပ်ငန်းစဉ်" မှာ မပြီးဆုံးသေးဘဲ နောက်ဆက်တွဲ ကျန်ရှိနေသေးသည်။

ည သန်းခေါင်ယံ အချိန်လောက်တွင် နီဂိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယောက်သည် သူ့အိမ်ရှေ့ ကားလမ်းပေါ်မှ ကားတစ်စီး ဘုရားရှိခိုးကျောင်းဘက်သို့ အရှိန်ဖြင့် မောင်းသွားသည့်အသံကို ကြားလိုက်ရသည်။ ခဏအကြာတွင် တစ်စုံတစ်ခု မသင်္ကာသဖြင့် ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာ အဆိုပါဘုရားရှိခိုးကျောင်းဘက်ဆီမှ မီးရောင်များ ကောင်းကင်သို့ ထိုးထွက်လာနေသည်ကို နောက်ခံမိုးကုပ်စက်ဝိုင်းတွင် ထင်းထင်းကြီး မြင်နေရသည်။ ချက်ချင်းဆိုသလိုပင် ထိုနေရာမှ သစ်ပင်ထိပ်ဖျားများပေါ်တွင် မီးတောက် မီးလျှံများ တက်လာသည်ကို တွေ့ရသည်။

နောက်တစ်နေ့ နံနက်လင်းလျှင် လင်းခြင်း "မနေ့ညက နီဂရိုးရပ်ကွက်နားမှာရှိတဲ့ ဘုရားရှိခိုးကျောင်းကြီး မီးလောင်လို့ ပြာကျသွားပြီတဲ့" ဟူသော သတင်းသည် တစ်ဆင့်စကား တစ်ဆင့်နား ပျံ့နှံ့သွားခဲ့သည်။

မှန်သည်။ ယမန်နေ့ညက မစ္စတာစတီးတို့လူစု ဘာသာရေးအလှူငွေ ကောက်ခံရန် တိုင်ပင်ဆွေးနွေးခဲ့ကြသော "မောင့်ဇီယွန်" ဘုရားရှိခိုးကျောင်း တစ်ကျောင်းလုံး ပြာကျ၍ မြေခခဲ့ရပြီဖြစ်သည်။ မနေ့ညက ထီးထီးမားမား ရှိနေခဲ့သေးသော အဆောက်အဦကြီးမှာ ယနေ့နံနက်တွင် မီးအထဲကြောင့် မည်းနေသော အုတ်ခုံများနှင့် ပြာပုံကိုသာ တွေ့ရတော့သည်။ မီးမကျွမ်းဘဲ မပျက်မစီးတွေ့ရသည့် ပစ္စည်းမှာ မျှော်စင်ပေါ်မှ ပြုတ်ကျခဲ့သည့် ခေါင်းလောင်းကြီးသာရှိသည်။

သို့သော် မီးလောင်ပြာကျသွားသည့် ဘုရားရှိခိုးကျောင်းနှင့် မလှမ်းမကမ်းတစ်နေရာ၌ အခြားပစ္စည်းတစ်ခု တွေ့ကြရသေးသည်။ ထိုပစ္စည်းမှာ အခြားမဟုတ်၊ မဖြစ်စလောက် ရေနံဆီ အနည်းငယ် ကျန်ရှိနေသည့် ရေနံဆီပုံးတစ်ပုံးပင်တည်း။

×××××





ဇွန်လ ၂၀ ရက်၊ စနေနေ့တွင် ရှဝါးနားသည် သင်တန်းပြီးဆုံး၍ မဲရီဒီယန်မြို့ကလေးသို့ ပြန်ရောက်လာခဲ့သည်။

ခရီးရောက်မဆိုက်ပင် သူသည် ၁၆ ရက်နေ့ညက "ရိုက်နှက်မှုနှင့် မီးရှို့မှု" သတင်းများကို ကြားရသည်။

"ဒီလိုဆိုမှ မဖြစ်ဘူး။ အဲဒီနေရာကို သွားကြည့်ပြီး တစ်ခုခုတော့ လုပ်ဦးမှဖြစ်မယ်"

သူက စိတ်မချမ်းမသာဖြင့် သူ့ရဲဘော်များအား ပြောမိသည်။

သို့သော် သူသည် ထိုနေ့က အချိန်မရှိတော့သဖြင့် မသွားနိုင်တော့ဘဲ အိပ်ရာဝင်လိုက်ရပြီး နောက်တစ်နေ့တွင်မှ အချင်းဖြစ်ပွားသည့် "လောင်းဒေးလ်" ခေါ် နီဂရိုးမြို့ကလေးနှင့် မီးရှို့ခံရသည့် ဘုရားရှိခိုးကျောင်းရှိရာသို့ ကားဖြင့် ထွက်ခွာလာခဲ့သည်။

ရှဝါးနားနှင့်အတူ အင်ဒရူးဆိုသူ "လူဖြူ" တစ်ယောက်လည်း လိုက်ပါလာသည်။ အင်ဒရူးသည် အသက် ၂၀ ခန့်မျှသာရှိသေး၍ နယူးယောက်မြို့တော် ကွင်းစ်ကောလိပ်မှ မနုဿဗေဒ အဓိကကျောင်းသားတစ်ဦးဖြစ်သည်။ ရှဝါးနား၏ ဇနီးဖြစ်သူ ရီတာမှာမူ အခိုက်အတန့်တွင် အိုတိုင်ယိုးပြည်နယ်၌ ခေတ္တကျန်နေရစ်ခဲ့သည်။ ဤလူဖြူလူငယ်နှစ်ယောက်နှင့် လိုက်ပါလာသူတစ်ဦး ရှိသေးသည်။ ထိုသူမှာ ရှဝါးနား၏ "လက်စွဲ" နီဂရိုးကလေး ချာနေးပင်ဖြစ်သည်။

ရှဝါးနားသည် ထိုနေ့နံနက်က ခရီးမထွက်မီ လိုလိုမယ်မယ် ဗျူ၍ သဘောထားကာ အိမ်တွင် ကျန်ရစ်ခဲ့သည့် အခြားလုပ်ဖော်ကိုင်ဖက် ရဲဘော်တစ်ဦးအား မိမိတို့သွားမည့်ကိစ္စနှင့် သွားမည့် ခရီးစဉ်ကို [illegible] ပြောကြားထားခဲ့သည်။

"ကိုယ့်တို့ ညနေ ၄နာရီလောက် ရောက်အောင် ပြန်လာခဲ့မယ်၊ တကယ်လို့ အဲဒီအချိန်မှ ပြန်မရောက်ရင် ကိုယ့်တို့သတင်း [illegible]

www.burmeseclassic.com



ဆိုထာ တစ်နည်းနည်းနဲ့စုံစမ်းဖို့ မမေ့နဲ့"

ရှဝါးနားသည် ထုံးစံအတိုင်း "သတိဆိုသည် ပိုသည်မရှိ" ဟူသော စကားအရ ယင်းသို့မှာကြားခဲ့ပြီး ရဲဘော် ၂ ယောက်နှင့်အတူ အချင်းဖြစ်ပွားရာ "လောင်းဒေးလ်" မြို့ကလေးဘက်သို့ ထွက်လာခဲ့သည်။

နီဂရိုးမြို့ကလေးဖြစ်သော "လောင်းဒေးလ်"မှာ နီရိုးဘား ခရိုင်အတွင်း၌ရှိသည်။ ဤခရိုင်တွင် လူဦးရေ ၂ သောင်းကျော်ရှိသည့်အနက် အသားမည်း နီဂရိုးများမှာ ၅ ထောင်ကျော်မျှသာရှိသည်။ လောင်းဒေးမြို့ကလေး အပါအဝင် ဤခရိုင်တစ်ခုလုံးမှာ အလွန် "ခေါင်" လှသည့် အရပ်ဖြစ်၍ ခေတ်နောက်ကျလှသည်ဖြစ်ရာ ပြည်သူ့အခွင့်အရေးအတွက် တောင်းဆိုလှုပ်ရှားမှုများ တစ်ခါဖူးမျှ မပေါ်ပေါက်ခဲ့ဘူးသည့် ဒေသဖြစ်သည်။ ဤအရပ်မှ ဩဇာအာဏာရှိသည့် "ရပ်မိရပ်ဖ၊ မြို့မိမြို့ဖ" များကလည်း ထိုသို့ လူမည်းများအား "ပစားပေး လူရာသွင်း" သည့် အုံကြွလှုပ်ရှားမှုများ မိမိတို့ရပ်ရွာတွင် ဘယ်သောအခါမှ မပေါ်ပေါက်စေရဟူ၍ သန္နိဋ္ဌာန် ချထားကြသည်။ သည်လို ပုဂ္ဂိုလ်များထဲတွင် ရဲအဖွဲ့မှ လုံခြုံရေးမှူး ရိန်းနေးဆိုသူလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

"အဲဒီလို လူမည်းတွေ လှုပ်လှုပ်ရှားရှားနဲ့ အုံကြွလာမယ်ဆိုရင် အဲဒီအခြေအနေကို နိုင်အောင် ထိန်းနိုင်မယ့်လူဟာ ကျုပ်တစ်ယောက်တည်းပဲရှိတယ်" ဟူ၍ ရိန်းနေးသည် လုံခြုံရေးမှူးရာထူးအတွက် အရွေးခံခဲ့စဉ်က အထက်ပါအတိုင်း အတိအလင်း ကြေညာခဲ့သည်။ တခြားဘာတစ်ခုမှ နောက်ထပ်ပြောစရာမလိုဘဲ ဤကြေညာချက်တစ်ခုတည်းနှင့်ပင် သူသည် လုံခြုံရေးမှူး ရာထူးကို ပြိုင်ဘက်မရှိ အရွေးခံခဲ့ရသည်။

ရှဝါးနား၊ အင်ဒရူးနှင့် ချာနေးတို့ သုံးယောက်သည် ရှေးဦးစွာ ၁၆ ရက်နေ့ညက မီးတင်ရှို့ခြင်းခံခဲ့ရသည့် "မောင့်ဇီယွန်" ဘုရားရှိခိုးကျောင်း မီးလောင်မြေသို့ သွားကြည့်ကြသည်။ ထိုမှတစ်ဖန် ထိုညက အရိုက်အနက်





ခံကြရ၍ ဒဏ်ရာ အပြင်းအထန်ရခဲ့ကြသူများထံ အကျိုးအကြောင်း သွားမေးကြသည်။

မျက်နှာတွင် ဒဏ်ရာဒဏ်ချက် မပျောက်သေးဘဲ ဖူးယောင်နေရှာသေးသည့် အသားမည်း နီဂရိုး မစ္စတာကိုးလ်က "ပြည်သူ့အခွင့်အရေး တိုက်ပွဲဝင် ရဲဘော်သုံးယောက်" အား ဆီးကြိုညည်းခံ၍ အဖြစ်အပျက် အကျိုးအကြောင်းကို ရှင်းလင်းပြောပြသည်။ သူပြောသမျှကို ရှဝါးနားတို့ လူစုသည် နာကျည်းခံပြင်းသော မျက်နှာများဖြင့် နားထောင်မိကြသည်။ အချို့အချက်အလက်များကို စာရွက်တစ်ရွက်ဖြင့် ရေးမှတ်ယူကြသည်။

"လာမယ့် အင်္ဂါနေ့လောက် ကျွန်တော်တို့ စီအိုအက်ဗ်ဒိုရုံးကို မလာနိုင်ဘူးလား? အဲဒီမှာ ဒီကိစ္စကို ကျွန်တော်တို့ တရားဝင်စစ်ချက်ယူပြီး နီရိုးဘားမြို့မှာ အမှုဖွင့်ချင်လို့ပါ"

ရှဝါးနားက "ပြည်သူ့အခွင့်အရေး ကော်မတီ" ဝင်တစ်ယောက် အနေဖြင့် မစ္စတာ ကိုးလ်အား မေးကြည့်သည်။

"ကျွန်တော့်ဒဏ်ရာတွေကလည်း ကောင်းကောင်း မပျောက်သေးဘဲ ဖြစ်နေပါတယ်၊ အဲဒီတော့ ဒဏ်ရာသက်သာမှပဲ လာပါရစေ"

လူဖြူလူမည်း ခွဲခြားရေးသမားများကို ကြောက်စိတ်မကုန်သေးဟန်တူသော မစ္စတာကိုးလ်က အထက်ပါအတိုင်း အလိမ္မာဖက်၍ ပြန်ပြောရှာသည်။

သို့နှင့်ပင် ရှဝါးနားတို့ လူသိုက်သည် မစ္စတာစတီးနှင့် မစ္စတာရပ်ရှ်တို့ အိမ်များသို့ ခေတ္တခဏ ဝင်ရောက်မေးမြန်း စုံစမ်းပြီး အချိန်မရှိတော့သဖြင့် လှည့်ပြန်ခဲ့ကြသည်။

သူတို့သည် အပြန်တွင် ဖီလာဒဲလ်ဖီးယားမြို့ဘက်မှ ဖြတ်၍ ပြန်ခဲ့ကြသည်။ မဲရီဒီယန်မြို့သို့ သတ်မှတ်ထားသည့် အချိန်ထက်ပင် စော၍ ပြန်ရောက်ကြလိမ့်မည်ဟု စိတ်ချလက်ချ ပြန်လာခဲ့ကြစဉ် ဓါးထောင်သို့

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မြို့အလွန် တစ်မိုင်ခန့်အရောက်တွင် မြို့နယ် ဒုလုံခြုံရေးမှူး ပရိုက်စ် ဆိုသူသည် သူတို့ကားနောက်မှ မော်တော်ဆိုင်ကယ်ဖြင့် လိုက်လာပြီး ကားမောင်းသူ နီဂရိုးလေး ချာနေးအား "မိုင်ပိုမောင်းသည်" ဟူသော စွပ်စွဲချက်ဖြင့် အရေးယူဖမ်းဆီးတော့သည်။

ဤတွင် အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းလုံး တုန်လှုပ်ချောက်ချား၍ ရင်နာစရာကောင်းလှသည့် အမှုကြီးသည် ဤနေရာမှစတင် ဖြစ်ပွားလာခဲ့သည်။

ဒု-လုံခြုံရေးမှူး ပရိုက်စ်သည် ဆိုင်ကယ်စီး ယာဉ်ထိန်းရဲ ၂ ဦး၏ အကူအညီဖြင့် ချာနေးအား ဖီလာဒဲလ်ဖီးယားမြို့ထဲသို့ ပြန်ခေါ်လာခဲ့သည်။ ကားပေါ်တွင် ပါလာသော ရှဝါးနားနှင့် အင်ဒရူးတို့သည်လည်း ချာနေးနှင့်အတူ လိုက်ပါလာခဲ့ကြသည်။

ရဲစခန်းသို့ရောက်၍ ဒု-လုံခြုံရေးမှူး ပရိုက်စ်က အကျိုးအကြောင်း စစ်ဆေးမေးမြန်းကြည့်ရှုရာမှ သူတို့သုံးယောက်သည် "လောင်းဒေးလ်" မြို့ကလေးတွင် ဖြစ်ပွားခဲ့သည့် "မီးရှို့မှုနှင့် ရိုက်မှုများ" အတွက် ပထာမ လာရောက်စုံစမ်းကြသည့် ပြည်သူ့အခွင့်အရေး ကော်မီတီဝင်များ ဖြစ်ကြောင်း သိရသည်။

ဤတွင် ဒု-လုံခြုံရေးမှူး ပရိုက်စ်သည် ကားမောင်းသူ ချာနေးနှင့်တကွ ကားပေါ်တွင်ပါလာသော ရှဝါးနားနှင့် အင်ဒရူးလ်တို့နှစ်ယောက်ကိုပါ အချုပ်ခန်းထဲ သွင်းလိုက်ပြီး အချုပ်ခန်းအစောင့်ရဲသားအား ချာနေးကို မေးငေါ့ပြကာ "သူ့ကို မိုင်ပိုမောင်းမှုနဲ့ အမှုဖွင့်လိုက်ကွာ၊ ဟိုနှစ်ယောက်တော့ စစ်စရာရှိသေးလို့ ခဏ ချုပ်ထားလိုက်ဟေ့" ဟူ၍ ပြောလိုက်သည်။

အချုပ်ခန်းထဲသို့ မဝင်မီ ရှဝါးနားသည် ဒု-လုံခြုံရေးမှူး ပရိုက်စ်အား တယ်လီဖုန်းပြောခွင့်ပြုရန် မေတ္တာရပ်ခံရာ ပရိုက်စ်က "ရပါတယ်





ခဏစောင့်ပါဦး" ဟု ပြန်ပြောလိုက်သည်။ သို့သော် ရှဝါးနားတို့လူသိုက်ကို အချုပ်ခန်းထဲသို့သွင်း၍ အပြင်မှ သော့ခတ်ပြီးသည်နှင့် တစ်ပြိုင်နက် ပရိုက်စ်သည် ဘာမပြော ညာမပြောနှင့် ရဲစခန်းအပြင်သို့ ထွက်သွားတော့သည်။

ခဏအကြာတွင် ရှဝါးနားသည် အချုပ်ခန်းစောင့် ရဲသား တားရင်းအား တယ်လီဖုန်းဆက်ခွင့်ပြုရန် ထပ်မံပြောကြည့်ပြန်ရာ ရဲသားက "အချုပ်ခန်းအပြင်ဘက်ကို ထွက်လို့ မဖြစ်ဘူး။ အဲဒီတော့ ဘယ်ကို ဆက်ချင်တာလဲ၊ ကျွန်တော် တစ်ဆင့် ဆက်ပေးမယ်" ဟုဆိုသည်။ သို့သော် ရှဝါးနားသည် "ဒီလိုဆိုလဲ နေပါစေ" ဟုဆိုကာ ဖုန်းမဆက်တော့ဘဲ နေလိုက်သည်။ သူ့စိတ်ထဲတွင်လည်း ဤကိစ္စသည် အရေးမကြီး။ မိုင်ပိုမောင်းမှုမှာ အသေးအဖွဲ့ အမှုမျိုးဖြစ်သဖြင့် စစ်ဆေးမေးမြန်းပြီး ပြန်လွှတ်လိမ့်မည်၊ အလွန်ဆုံး ချာနေးတစ်ယောက်သာ ဒဏ်ငွေအရိုက်ခံရရုံရှိသည်ဟု ပေါ့ပေါ့ဆဆ တွေးမိ၍ ဖုန်းဆက်ရန် ထပ်မကြိုးစားတော့ဘဲ နေလိုက်ခြင်းဖြစ်သည်။

အချိန်တန်၍ ညနေ ၄ နာရီထိုးပြီးသည်အထိ ရှဝါးနားတို့ လူသိုက် ပြန်မရောက်ဘဲဖြစ်နေရာ၊ မဲရီဒီယန်မြို့မှ ပြည်သူ့အခွင့်အရေး ကော်မတီရုံးခန်းတွင် ကျန်ရစ်ခဲ့သည့် ရဲဘော်သည် ရှဝါးနား၏ မှာထားချက်အရ ဤသတင်းကို ဂျက်ဆင်မြို့ရှိ ဌာနချုပ်သို့ တယ်လီဖုန်းဖြင့်လှမ်း၍ အကြောင်းကြားလိုက်သည်။ ထိုအချိန်မှာ ညနေ ၄ နာရီ ၄၅ မိနစ်ဖြစ်သည်။

ဂျက်ဆင်မြို့မှာ မဲရီဒီယန်မြို့နှင့် မိုင် ၈၀ ကျော်မျှ ကွာဝေး၍ မစ်စီစစ်ပီပြည်နယ်၏ မြို့တော်ဖြစ်သည်။

ရှဝါးနားနှင့် အခြားရဲဘော် ၂ ယောက် "လောင်းဒေးလ်" မြို့ကလေးသို့ "တာဝန်" ဖြင့် သွားရောက်ခဲ့ကြရာမှ အချိန်မီပြန် ဘဲ ဖြစ်နေကြောင်း ကြားသိရသောအခါ ဂျက်ဆင်မြို့ ပြည်သူ့အခွင့်



www.burmeseclassic.com

www.burmeseclassic.com



ကော်မတီ ဌာနချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များက "သူတို့လူသိုက်လမ်းတွင် တားဆွတ်နေလေသလော။ သို့မဟုတ် အရေးပေါ်ကိစ္စတစ်ခုဖြင့် တစ်နေရာဝင်နေသလား" ဟု တွေးတောကာ "ခေတ္တစောင့်ကြည့်ရန်" မဲရီဒီယန်မြို့သို့ အကြောင်းပြန်ခဲ့သည်။

သို့သော် ညနေ ၅ နာရီ မိနစ် ၃၀ အထိ ပြန်ရောက်မလာကြဘဲ မှောင်စပျိုးလာပြီဖြစ်ရာ ဂျက်ဆင်မြို့ဌာနချုပ်မှ ခေါင်းဆောင်များမှာ ရှဝါးနားတို့ လူသိုက်အတွက် အတော်ကလေး စိတ်ပူလာကြသည်။

နောက်တစ်နာရီနှစ်နာရီအတွင်း ထိုဒေသတစ်ဝိုက်ရှိ ရဲစခန်းများတွင် တယ်လီဖုန်းသံ တဂွမ်ဂွမ်ကြားနေရသည်။ ဂျက်ဆင်မြို့မှ ခေါင်းဆောင်များသည် ရှဝါးနားတို့နှင့် ပတ်သက်၍ သတင်းအစအန ရလိုရငြား အနီးအနားမြို့များသို့ ဖုန်းဆက်မေးကြည့်ကြသည်။ သူတို့ဖုန်းဆက်ကြသည့်အထဲတွင် နီရှိုဘားခရိုင် လုံခြုံရေးမှူး ရိန်းနေးလည်း အပါအဝင်ဖြစ်သည်။ သို့သော် ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သဖြင့် နီရှိုဘားရဲစခန်းတွင် တာဝန်ခံပုဂ္ဂိုလ်တစ်ယောက်မှမရှိဟူ၍ ရဲသားတစ်ယောက်က အကြောင်းပြန်ကြားသည်။

တစ်ဖန် ရှဝါးနားတို့အား ချုပ်နှောင်ထားသည့် ဖီလာဒဲလ်ဖီးယားရဲစခန်းကလည်း ထိုနေ့အဖို့ရာ၌ "ဘာမှုမှမရှိ၊ ထိုလူသုံးယောက် သတင်းကိုလည်း ဘာမှမကြား" ဟူ၍ "ဘူး" ခံလိုက်သည်။

သို့နှင့်ပင် ရှဝါးနားတို့ ၃ယောက်မှာ ထူးထူးခြားခြား ပျောက်ချက်သား ကောင်းနေခဲ့သည်။

ယင်းသို့ ရှဝါးနားတို့နှင့် ပတ်သက်၍ ဂျက်ဆင်နှင့် မဲရီဒီယန်မြို့များမှ ပြည်သူ့အခွင့်အရေး ကော်မတီဝင်များအနေဖြင့် ဘာတစ်ခုမှ သတင်းအစအနမရဘဲ ဖြစ်နေကြသော်လည်း သူတို့ ၃ ယောက်၏သတင်းကို မရုံစမ်းဘဲ အလိုလို သတင်းရနေကြသူများ ရှိသည်။ ထိုသူများမှာ အခြားသူမဟုတ်၊ ကေသုံးလုံးအဖွဲ့ဝင်များပင်တည်း။



F - 1



ရှဝါးနားတို့ ၃ ယောက်အား အချုပ်ခန်းထဲသို့ထည့်၍ အပြင်မှသော့ခတ်ပြီးနောက် တစ်နာရီအတွင်းမှာပင် ဤသတင်းသည် ကေသုံးလုံးအဖွဲ့ဝင်များထံ ရောက်လာခဲ့သည်။ "အဲဒီအချုပ်ခန်းထဲ ရောက်နေတဲ့ ၃ ယောက်ထဲမှာ ဆိတ်သိုးဆိုတဲ့ အကောင်လည်း ပါသတဲ့" ဟူသော သတင်းကြောင့် ကေသုံးလုံးအဖွဲ့ဝင်များမှာ ဝမ်းအသာကြီးသာသွားကြသည်။ "ခွေးသား ဒီတစ်ခါတော့ အကြောင်းသိရရောပေါ့ကွာ"

ထိုညက ၁၀ နာရီလောက်တွင် ဒု-လုံခြုံရေးမှူး ပရိုက်စ်သည် ရဲစခန်းသို့ ပြန်ရောက်လာသည်။ သူက ရပ်ရွာအေးချမ်းရေးဘက်ဆိုင်ရာ တရားသူကြီးတစ်ယောက်နှင့် မိမိ တွေ့ခဲ့ပြီဖြစ်ကြောင်း၊ မိုင်ပိုမောင်းမှုဖြင့် ချုပ်ထားသော လူ ၃ ယောက်ကို ဒေါ်လာ ၂၀ ပေးဆောင်ပါက အချုပ်မှ လွှတ်လိုက်ရန် တရားသူကြီးက အမိန့်ပေးလိုက်ကြောင်း စသည်ဖြင့် အချုပ်ခန်းထဲမှ လူငယ် ၃ ယောက်အား ပြောပြသည်။

ဤတွင် ရှဝါးနားက ချာနေးကိုယ်စား ဒေါ်လာ ၂၀ ဆောင်လိုက်ရာ ပရိုက်စ်သည် သူတို့သုံးယောက်စလုံးကို အချုပ်မှလွှတ်၍ သိမ်းထားသော အသေးအဖွဲ့ပစ္စည်းများ၊ စာရွက်စာတမ်း စာအုပ်များကို ပြန်ပေးလိုက်သည်။ ထို့နောက် ပရိုက်စ်က သူတို့အား ကားရပ်ထားသည့်နေရာသို့ လိုက်ပို့ရင်း ယခုညတွင်းချင်းပင် ဤမြို့မှ ထွက်ခွာသွားကြရန် သတိပေး ပြောကြားခဲ့သည်။

သို့နှင့်ပင် သူတို့သည် ဒုလုံခြုံရေးမှူး ပရိုက်စ်အား နှုတ်ဆက်၍ ကားပေါ်သို့တက်ကာ ထွက်ခွာလာခဲ့ကြသည်။ အလာတုန်းကကဲ့သို့ပင် ဂရိုးကလေး ချာနေးကပင် ကားကိုမောင်းလာခဲ့သည်။ ၁၀ နာရီခွဲ၍ ညဉ့်နက်စပြုပြီဖြစ်ရာ ဤဒေသတစ်ဝိုက်တွင် ချာနေးတစ်ယောက်သာ လမ်းခရီး ကျွမ်းကျင်သည် မဟုတ်ပါလော။

တိမ်လွှာများအကြားမှ လရောင်သည် မှုန်မှိုင်းမှုန်မွှား စီးဆင်းသဲ့



www.burmeseclassic.com

www.burmeseclassic.com



တဝါ မသာချင့်သာချင်ဖြင့် မြေပြင်သို့ ဝိုးတဝါးကျရောက်လျက် ရှိနေသည်။

စတေးရှင်ဝက်ဂွန်းကားကလေးတစ်စီးသည် ဖီလာဒဲလ်ဖီးယားမြို့မှ ခဲရိုနီထန်မြို့သို့ သွားသည့် အမှတ် ၁၉ အဝေးပြေးလမ်းမကြီး၏ နက်မှောင်နေသည့် ကတ္တရာစေးကြောင်းကြီးအတိုင်း မှုန်ဝါးလှသည့် လရောင်ကို ထော်ပြုကာ ရှေ့ရှုမောင်းနှင်လျက် ရှိသည်။ ပူနွေးသော လေထုကြီးသည် ဝတ်ဝန်းကျင် တစ်ခုလုံးကို ဖုံးအုပ်လျက်ရှိနေပြီး ဖေးလံသီခေါင်လှသည့် မိုးထုတ်စက်ဝိုင်းဆီမှ တစ်ချက်တစ်ချက် လျှပ်စီးလက်သည်ကို ဝင်းခနဲ လက်ခနဲ လှမ်းမြင်နေကြရသည်။

ရှဝါးနာ၊ အင်ဒရူးနှင့် ချာနေးတို့သည် "ဒီတစ်ညတော့ သုံးယောက်စလုံး အချုပ်ခန်းထဲမှာ ဂျပိုးစာဖြစ်ကရော" ဟု အောက်မေ့နေကြရမှ ယခုကဲ့သို့ မမျှော်လင့်ဘဲ "လွတ်လပ်ရေး" ရလာခဲ့ကြသဖြင့် စိတ်ရောကိုယ်ပါ လွတ်လပ်လျက် ကားပေါ်တွင် အေးအေးဆေးဆေး အတွေးကိုယ်စီဖြင့် လိုက်ပါလာခဲ့ကြသည်။

သို့သော် သူတို့သုံးယောက်စလုံး၏ "လွတ်လပ်ရေးနှင့်အတွေး" များသည် ခဏအကြာတွင် လေထဲက ဘူးပေါင်းများ ပေါက်ကွဲသလို ပေါက်ကွဲပျက်စီးသွားခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ကားမောင်းလာသော ချာနေးသည် နောက်ကြည့်မှန်ထဲမှတစ်ဆင့် မိမိတို့ကားနောက်သို့ ခပ်လှမ်းလှမ်းမှ ဒလကြမ်းမောင်း၍ လိုက်လာကြသော မော်တော်ကား မီးရောင်များကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသောကြောင့်တည်း။

အချိန်ကလည်း ညဉ့်နက်လှပြီဖြစ်သည့်ပြင် ဤဒေသမှလူများ အကြောင်းကို ,ကောင်းကောင်းကြီး သိထားသော ချာနေးသည် နောက်ကားမှ မီးရောင်များကို ကြည့်၍ အန္တရာယ်တစ်ခုခုဖြစ်ပြီဟု နားလည်ကာ လီဗာကို တအားနင်း၍ စက်ကုန်ဖွင့်လိုက်သည်။ မိမိရှေ့ရှိ မိုင်နှုန်းပြသော စက်ဝိုင်းကလေးထဲမှ လက်တံသည် တစ်နာရီ မိုင် ၁၀၀ အထိ ညွှန်ပြ





နေသည်ကို မီးရောင်တွင် မြင်နေရသည်။ သို့သော် မိမိတို့ကားနောက်မှ မီးရောင်များအနက် ရှေ့ဆုံးကားမှမီးရောင်သည် မိမိတို့နှင့် တစ်စတစ်စ ပို၍ နီးလာနေသည်ကို တွေ့ရသည်။

ခဏအကြာတွင် လရောင်အောက်၌ အလု အယက် အပြေးအလွှား မောင်းနေသည့် စတေးရှင်ဝက်ဂွန်ကလေးကို နောက်ကားတစ်စင်းက မီလုမီဆဲဖြစ်လာသည်ကို တွေ့ရသည်။

မတတ်သာသည့်အဆုံး၌ ချာနေးသည် ဘရိတ်ကို မသိမသာ ဖော့၍တစ်ချက် နင်းလိုက်ပြီး စတီယာရင်ကို ဆွဲလှည့်ကာ ကားကို ကတ္တရာစေးလမ်းပေါ်မှ ဘေးသို့ တစ်ဆစ်ချိုးကွေ့ မောင်းချလိုက်သည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။ ထိုနေရာမှာပင် နောက်ကားကမီလာပြီး သူ့လိုပင် လမ်းဘေးသို့ကွေ့ကာ ချိုင့်တစ်ခုကို ဝှန်းခနဲမြည်အောင် ဖြတ်ကျော်၍ ရှေ့မှ ပိတ်ဆို့ထားခြင်းကို ခံလိုက်ရသည်။ ချာနေးသည် ဘရိတ်ကို တအားနင်း၍ စက်ရပ်ပစ်လိုက်သည်။

ထိုညက ရှဝါးနားနှင့် အင်ဒရူးတို့ လိုက်ပါလာ၍ ချာနေးမောင်းလာသည့် မော်တော်ကားနောက်မှ အမီလိုက်လာကြသူများသည် မည်သူမည်ဝါများ ဖြစ်ကြသည်ကို ထိုနေရာတစ်ဝိုက်မှ သက်မဲ့အရာဝတ္ထုများ ဖြစ်ကြသော ချိုင့်များ၊ ကမူများနှင့် မဟာပထဝီမြေကြီးသာလျှင် သက်သေအဖြစ် ရှိနေပေတော့သည်။

သို့သော် ဖီလာဒဲလ်ဖီးယားမြို့ တောင်ဘက် ရှစ်မိုင်ခန့်အကွာတွင် နေထိုင်လျက်ရှိကြသော ဂျူဒ်ဂျ်နှင့် ဟာရင်တန်ဆိုသူ နှစ်ဦးသည် ထိုည[illegible] ၁၁ နာရီခန့်လောက်တွင် မလှမ်းမကမ်းမှ သေနတ်သံများကို အသေအချာ[illegible] လိုက်ကြရသည်။ ဟာရင်တန်သည် အဆက်မပြတ် ထွက်ပေါ်[illegible] သေနတ်သံများ ငြိမ်အသွားတွင် အိပ်ရာထဲမှထကာ အသံ[illegible] သေနတ်သံများကြားရာဘက်သို့ သူ့ကားဖြင့် မောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုနေရာတစ်ပိုက်တွင် ဘာတစ်ခုမှ တစ်စုံတစ်ရာ ထူးထူးခြားခြား မမြင်မတွေ့ရသဖြင့် အိမ်သို့ပြန်မောင်းလာခဲ့ရသည်။

"အရက်မူးသမားတွေ အချောက်တိုက် ကမြင်းကြောထပြီး လက်ဆော့သွားကြတာနေမှာပါတော်..."

အိမ်ပြန်အရောက်တွင် ဟာရင်တန်းအား သူ့ဇနီးက အထက်ပါအတိုင်း ထင်ကြေးပြောသဖြင့် လင်မယားနှစ်ယောက် စိတ်ချလက်ချဖြင့် အိပ်ရာထဲဝင်ခဲ့ကြသည်။

xxxxx

နောက်တစ်နေ့ နံနက် "မဲရီဒီယန်မြို့မှ ပြည်သူ့အခွင့်အရေးကော်မတီအဖွဲ့ဝင် လူငယ်သုံးယောက် ယမန်နေ့ညက အိမ်ပြန်ရောက် မလာဘဲ တစ်စုံတစ်ရာ စုံစမ်းမရအောင် ပျောက်ဆုံးနေသည်" ဟူသော သတင်းသည် မဲရီဒီယန်မြို့ကလေးမှတစ်ဆင့် ဝါရှင်တန်မြို့တော် ပင်စစ်လ်ဗေးနီးယားလမ်းနှင့် အမှတ် ၉ လမ်းမကြီးထောင့်ရှိ အက်ဖ်ဘီအိုင်ဌာနချုပ်သို့ ချက်ချင်းရောက်ရှိလာခဲ့သည်။ သို့နှင့်ပင် မကြာမီ အမေရိကန် ပြည်ထောင်စုတစ်ဝှမ်းလုံး တုန်လှုပ်ချောက်ချားခဲ့၍ နောင်အခါ၌ အက်ဖ်ဘီအိုင်ဌာနချုပ်၏သမိုင်းဝင် မှုခင်းကြီးတစ်ခုဖြစ်လာမည့် "လူငယ်သုံးယောက်ပျောက်ဆုံးမှု" ကို အက်ဖ်ဘီအိုင်စုံထောက်များ စတင်၍ "ကိုင်"ခဲ့ကြရတော့သည်။

ဌာနချုပ်မှ ညွှန်ကြားရေးဝန်ချုပ် အင်္ဂါဟူးဗားသည် မဲရီဒီယန်မြို့ရှိ အက်ဖ်ဘီအိုင်ဌာနခွဲမှ စုံထောက်အရာရှိများအား လိုအပ်သော ပထာမစုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ကြရန် တယ်လီဖုန်းဖြင့် တိုက်ရိုက်ညွှန်ကြားလိုက်သည်။





ရှေးဦးစွာ အက်ဖ်ဘီအိုင် စုံထောက်များသည် ရှဝဲနား၊ အင်ဒရူးနှင့် ချာနေးတို့ ၃ ယောက် ထိုနေ့ (ဇွန်လ ၂၁ ရက်၊ ၁၉၆၄) ညနေက လောင်းဒေးမြို့ကလေးသို့ သွားရောက်ခဲ့ကြပြီး အပြန်တွင် ဖီလာဒဲလ်ဖီးယားမြို့၌ မော်တော်ကား "မိုင်ပိုမောင်းမှု" ဖြင့် အချုပ်ခံခဲ့ရကြောင်း စုံစမ်းသိရှိခဲ့ကြရသည်။

"အဲဒီ မိုင်ပိုမောင်းတဲ့ကားကို ချာနေးမောင်းလာတာဆိုတော့ သူတစ်ယောက်တည်း ဖမ်းမချုပ်ဘဲ ဘာဖြစ်လို့ ရှဝဲနားနဲ့ အင်ဒရူးတို့ကိုပါ အချုပ်ထဲ ထည့်ရတာလဲ"

မဲရီဒီယန်မှ အက်ဖ်ဘီအိုင် စုံထောက်က အမှုနှင့်စပ်လျဉ်း၍ ပထမဆုံးသော မရိုးသားမှုကို ဒု-လုံခြုံရေးမှူး ပရိုက်စ်အား မေးခွန်းထုတ်ကြည့်သည်။

"ဒါကတော့ သူတို့ဟာ အဲဒီနေ့က တစ်နေ့လုံး လောင်းဒေးလ်မြို့ကိုသွားပြီး ဘုရားရှိခိုးကျောင်း မီးရှို့မှုအတွက် စုံစမ်းလာခဲ့တယ်လို့ ပြောတာနဲ့ အဲဒီမီးရှို့မှုအတွက် သူတို့ဆီက ဘာများသိရမလဲဆိုပြီး မေးချင်မြန်းချင်လို့ ခဏ ခေါ်ထားတာပါ"

ရဲအရာရှိ ဒု-လုံခြုံရေးမှူး ပရိုက်စ်က ယုတ္တိရှိရှိပင် ပြန်လည်ဖြေကြားသည်။ သူက ထို"မိုင်ပို" မောင်းမှုအတွက် ဒဏ်ငွေရိုက်ပြီး ည ၁၀ နာရီလောက်တွင် ပြန်လွှတ်လိုက်ကြောင်း ပြောပြသည်။ "သူတို့ကို အဲဒီအချိန်မှာ ကျုပ်တော် နောက်ဆုံးတွေ့လိုက်ရတာပါပဲ"

မဲရီဒီယန်မှ စုံထောက်အရာရှိများသည် သူတို့စုံစမ်း၍ ရသမျှ ပထာမထောက်လှမ်းချက်များကို ဝါရှင်တန်မြို့တော်သို့ ချက်ချင်း အစီရင်ခံစာပို့လိုက်ကြသည်။

မကြာမီ ထိုနေ့ညနေပိုင်းလောက်တွင် အဘက်ဘက်က ရှုပ်ထွေးကြသော သတင်းများနှင့် အစီရင်ခံစာများအရ ဤအမှုတွင် "သက်ဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသည့်အေသမှုရဲနှင့် လုံခြုံရေးအရာရှိများသည် ပျောက်ဆုံးနေသော လူငယ် ၃ ယောက်အား စိတ်ပါ လက်ပါ ဂရုတစိုက် ရှာဖွေထောက်လှမ်းခြင်းမပြုဘဲ ဝတ်ကျေတန်းကျေ လုပ်နေကြကြောင်း" အခိုင်အမာ သိကြရသည်။

သို့နှင့်ပင် နိုင်ငံတော် တရားဝန်ကြီးချုပ်* ရောဘတ်ကနေဒီသည် အမှုသွား အမှုလာကိုကြည့်၍ အရေးကြီးသည့် မှုခင်းတစ်ခုဖြစ်သည်ဟု နားလည်သဘောပေါက်ကာ ထိုနေ့ညနေ ၆ နာရီ မိနစ် ၂၀ တိတိတွင် "ဤလူပျောက်မှုသည် အခိုက်အတန့်တွင် ရာဇဝတ်မှုမကင်းဟု ယူဆသဖြင့်* ပြည်ထောင်စု အစိုးရကိုယ်တိုင် တာဝန်ယူ၍ စုံစမ်းထောက်လှမ်းမည် ဖြစ်ကြောင်း" တိုင်းပြည်သို့ ကြေညာခဲ့သည်။

နောက်တစ်နေ့ (အင်္ဂါနေ့) တွင် လူ့ဝစ်စီယာနား ပြည်နယ် အော်လီးန်မြို့တော်မှ အက်ဖ်ဘီအိုင် စုံထောက် အရာရှိများသည် အမှုဖြစ်ပွားရာ ဖီလာဒဲလ်ဖီးယားမြို့သို့ "တပ်အုံ" ရောက်ရှိလာကြသည်။ "တပ်ကုံ" ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ရောက်ရှိလာကြသည့် စုံထောက်များမှာ အရေအတွက်အားဖြင့် စုစုပေါင်း ၁၅၀ တိတိရှိခဲ့သောကြောင့်တည်း။

---

* ၁၉၆၃ ခု၊ နိုဝင်ဘာလ ၂၂ ရက်နေ့က လုပ်ကြံခြင်းခံရသည့် သမ္မတ ကနေဒီ၏ညီအရင်းဖြစ်သည်။ ဤရောဘတ် ကနေဒီကိုယ်တိုင်လည်း ၁၉၆၈ ခု၊ ဇွန်လ ၆ ရက်နေ့က ထပ်မံ၍လုပ်ကြံခံရပြန်သည်။

စာရေးသူ

× အမေရိကန်ပြည်ထောင်စု၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတွင် ပြည်နယ်အလိုက် အုပ်ချုပ်စီရင်ပိုင်ခွင့်များ သီးခြားပေးထားသည်၊ ရံဖန် ရံခါ အရေးကြီးသည့် အမှုကိစ္စများတွင်မှ ပြည်ထောင်စုအစိုးရက လွှဲပြောင်းကိုင်တွယ်၍ ဖြေရှင်းလေ့ရှိသည်။ စာရေးသူ





နောက်ထပ် ရောက်လာကြသော စုံထောက်များသည် ကြာကြာဆိုင်းမနေဘဲ ချက်ချင်းပင် လူစုခွဲကာ ထူးဆန်းစွာပျောက်ဆုံးနေသည့် လူငယ် ၃ ယောက်အမှုအတွက် "ကွင်းဆင်း" ၍ တစ်စုံတစ်ရာ ထင်ရှားသည့် သဲလွန်စများကို ရှာဖွေထောက်လှမ်းကြသည်။

သူတို့၏ ကြိုးပမ်းချက်ကြောင့် ထိုနေ့ညနေပိုင်း အချိန်တွင် ပျောက်ဆုံးနေသည့် ရှဝါးနားတို့လူသိုက် စီးသွားသော စတေရှင်ဝက်ဂွန်ကားကလေးကို တစ်စင်းလုံး မီးလောင်ကျွမ်းလျက်သား သွားတွေ့ကြသည်။ သို့သော် ထိုကားကို တွေ့ရသည့်နေရာမှာ ဖီလာဒဲလ်ဖီးယားမြို့ တောင်ဘက် မဲရီဒီယန်မြို့သို့ သွားသည့် လမ်းမကြီးပေါ်နှင့် အနီးအနားတစ်ဝိုက်တွင် မဟုတ်မူ၍ ဖီလာဒီလ်ဖီးယားမြို့ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာ ရွှံ့ဗွက် တောကြီးအနီးတွင် ဖြစ်နေသည်ကို ထူးဆန်းစွာတွေ့ရသည်။

ကားတစ်စင်းလုံးမှာ ရစရာမရှိအောင် မီးလောင်ထား၍ အထဲမှ ကူရှင်များပါမကျန် ပြာကျနေသည်ကို တွေ့ရသည်။

ဤအချိန် ဤအခါမှာ အမေရိကန် ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် အသားအရောင် မခွဲခြားရေး၊ လူမည်းများ မဲဆန္ဒပေးနိုင်ရေးနှင့် အခြေခံပြည်သူ့အခွင့်အရေးအတွက် တစ်နိုင်ငံလုံး အုံကြွလှုပ်ရှားလျက်ရှိရာ သတင်းစာ ရေဒီယိုနှင့် ရုပ်မြင်သံကြား တယ်လီဗွီးရှင်းများမှတစ်ဆင့် "ပြည်သူ့အခွင့်အရေး တိုက်ပွဲဝင် လူငယ် ၃ယောက်တို့ အသားအရောင်ခွဲခြားရေး စိတ်ဓာတ်ပြင်းထန်လှသည့် တောင်ပိုင်းမစ်စီစစ်ပီပြည်နယ်အတွင်း ထူးဆန်းစွာ ပျောက်ဆုံးနေသော" အဖြစ်အပျက်များကို စာလုံးမည်းကြီးများ အထူးအစီအစဉ်များဖြင့် ရေးသားထုတ်လွှင့်ခဲ့ကြသည်။ ထို့ပြင် ဤအမှုကို သက်ဆိုင်ရာ ပြည်နယ်အာဏာပိုင်များလက်မှ ပြည်ထောင်စုအစိုးရ၏ တရားဝန်ကြီးချုပ် ရောဘတ်ကနေဒီကိုယ်တိုင် လွှဲပြောင်းယူလိုက်သည်ဖြစ်ရာ ဤအမှုအကြောင်းကို တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ပြောမဆုံးအောင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသျှက်ရှိနေကြသည်။

ထိုနေ့ညနေပိုင်းတွင် ဝါရှင်တန်မြို့ အိမ်ဖြူတော်၏ တစ်ခုသော ခန်းဆောင်အတွင်း၌ အမေရိကန်သမ္မတ ဂျွန်ဆင်သည် ဗီလာဒီလ်ဖီးယား မြို့မှ ယခုပင် ပေးပို့ရောက်ရှိလာသည့် နောက်ဆုံးသတင်း အစီရင်ခံချက် တစ်ခုကို ဖတ်နေသည်။ ထိုသတင်းမှာ အခြားမဟုတ်၊ ယခုတိုင် ပျောက်ဆုံးနေဆဲဖြစ်သော လူငယ် သုံးယောက် စီးသွားကြသည့် မော်တော်ကား အလေးကို မီးများကျွမ်းလျက် တွေ့ရှိရသည်ဆိုသော သတင်းပင်ဖြစ်သည်။

ထိုအခိုက် အခန်းတံခါးပွင့်လာပြီး သေသေသပ်သပ် ဝတ်ဆင်ထားကြသည့် အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားတစ်ယောက် အခန်းထဲသို့ တရိုတသေ ဝင်လာကြသည် တွေ့ရသည်။

သမ္မတဂျွန်ဆင်သည် သတင်းအစီရင်ခံစာကို ဖတ်နေရာမှ ထိုင်ရာက ထ၍ ဝင်လာသူများအား ခရီးဦးကြိုပြုလိုက်သည်။

သမ္မတဂျွန်ဆင်၏ အခန်းထဲသို့ ဝင်လာကြသည့် ပုဂ္ဂိုလ်များကား အခြားသူများ မဟုတ်၊ ပျောက်ဆုံးနေဆဲဖြစ်သော နယူးယောက်မြို့တော်မှ လူငယ်တက္ကသိုလ်ကျောင်းသား အင်ဒရူး၏ မိဘနှစ်ပါးနှင့် အခြားတစ်ယောက်ဖြစ်သော ပြည်သူ့အခွင့်အရေး တိုက်ပွဲကော်မတီဝင် လူငယ်ခေါင်းဆောင် နယူးယောက်မြို့သား ရှဝါးနား၏ဖခင်တို့ပင် ဖြစ်သတည်း။

သူတို့သည် ထူးထူးဆန်းဆန်း ပျောက်ဆုံးနေသည့် သူတို့၏ သားများအတွက် စိုးရိမ်ပူပန်သောစိတ်ဖြင့် နယူးယောက်မြို့တော်မှ ဝါရှင်တန်မြို့တော်သို့ လေကြောင်းမှ ရေးကြီးသုတ်ပျာ လာရောက်ကာ ဤအမှုအတွက် စုံစမ်းပေးရန် သမ္မတအား တွေ့ဆုံမေတ္တာရပ်ခံကြခြင်း ဖြစ်သည်။

သမ္မတဂျွန်ဆင်သည် မရှောင်မလွှဲသာဘဲ သူတို့အား "ဝင်ဝင်ချင်းဆောက်နဲ့ထွင်း" သလို ဆိုးဝါးလှသည့် နောက်ဆုံးသတင်းကို ပြောပြရတော့သည်။ မီးလောင်ကျွမ်းနေသော မော်တော်ကားကို တွေ့ရပြီဖြစ်သော်





လည်း သူတို့သားများမှာ ယခုထက်တိုင် ရှာမတွေ့သေးဘဲရှိနေကြောင်း စိတ်မချမ်းမသာဖြင့် ပြောပြရသည်။ ဤသတင်းသည် မိဘများအတွက် စိတ်မကောင်းစရာပင် ဖြစ်သည်။ သို့သော် ဤသတင်းကို မိမိကမပြောဘဲ နေမည်ဆိုပါက နေနိုင်သော်လည်း နောက်တစ်နေ့နံနက် သတင်းစာများ သို့မဟုတ် ယနေ့ည ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများက ရေးသား အသံလွှင့်ကြတော့မည် မဟုတ်ပါလော။

အင်ဒရူးနှင့် ရှဝါးနားတို့၏မိဘများသည် သမ္မတ ဂျွန်ဆင်နှင့် မိနစ် ၂၀ ကြာမျှ စကားပြော၍ မသာယာသော မျက်နှာများဖြင့် ပြန်လည်ထွက်ခွာသွားရကြသည်။ ပြန်ကာနီးတွင် သမ္မတက ပျောက်ဆုံးနေသော သူတို့သားများကို အစွမ်းကုန် ကြိုးစားရှာဖွေမည်ဖြစ်ကြောင်း ထပ်လောင်း ကတိပြုလိုက်သည်။

သမ္မတဂျွန်ဆင်၏ ကတိစကားသည် နောက်တစ်နေ့တွင် သက်တွေ့ လုပ်ငန်းဖြစ်လာသည်။ ထိုနေ့က အက်ဖ်ဘီအိုင် စုံထောက် ၁၅၀ အပြင်၊ အနီးအနားရှိ အမေရိကန် ရေတပ်တစ်တပ်မှ သင်္ဘောသား ၁၀၀ ကျော်တို့ပါ ပါဝင်၍ လူပျောက်ရှာသည့် လုပ်ငန်းကြီးကို စတင်ခဲ့ကြသည်။ ဤသင်္ဘောသားများနှင့် စုံထောက်များအပြင် မစ်စီစစ်ပီမြို့ အစေးမြေ မော်တော်ယာဉ်ရဲအဖွဲ့မှ ရဲသားများပါ ပူးပေါင်းပါဝင်ခဲ့ကြရာ အဆိုပါ လူပျောက် ရှာဖွေရေးအဖွဲ့ကြီးတွင် စုစုပေါင်း လူ ၄၀၀ ကျော် အင်အားတိုက် ပါဝင်ခဲ့ကြသည်။

ရှာဖွေရေးအဖွဲ့ဝင်များသည် အသုတ်လိုက် လူစုခွဲ၍ သစ်တောများနှင့် ရွှံ့ဗွက် ရေအိုင်များကို တစ်ယောက်နှင့် တစ်ယောက် လက်ချင်းဆက်ကာ တောနင်းရှာဖွေခဲ့ကြသည်။ ထိုနေရာတစ်ဝိုက်ရှိ အပေါ်မြှုပ်ဘဲ ပစ်ထားသည့် ရေတွင်းဟောင်းများနှင့် လူမနေတော့သည့် အဆောက်အဦ ပျက်များကိုပါ မကျန် အပင်ပန်းခံ၍ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်မှ ရှာဖွေနေခိုက် အက်ဖ်ဘီအိုင် စုံထောက်နှစ်ယောက်က ကောင်းကင်မှ ရှာတော်ယာဉ်ဖြင့် အနိမ့်ပျံသန်းကာ လိုအပ်သလို ညွှန်ကြားခဲ့သေးသည်။ ထို့ပြင် မစ်စီစစ်ပီမြို့ အပျော်တမ်း ငါးဖမ်းအသင်းကြီးမှ ငှားရမ်းလာသည့် မော်တော်ဘုတ် လေးစင်းဖြင့်လည်း မလှမ်းမကမ်းမှ ပုလဲမြစ်အတွင်း "တာကာယ်ပင်ပိုက်စိပ်တိုက်" ကာ ရေအောက်တွင် အလောင်းများကို တွေ့လို တွေ့ငြား ကြိုးစားရှာဖွေခဲ့ကြသည်။

သို့သော် တစ်နေကုန် တစ်နေခမ်း၍ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာခဲ့သည်။ ပျောက်ဆုံးနေသည့် လူငယ်များကို လုံးဝရှာမတွေ့ရုံမျှမက သူတို့နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထူးခြားထင်ရှားသည့် သဲလွန်စဟူ၍ ဘာတစ်ခုမှ မတွေ့ရဘဲ ဖြစ်ခဲ့သည်။

ထိုသို့ တောထဲတွင် တောနင်း၍လည်းကောင်း၊ မြစ်ထဲတွင် ပိုက်စိပ်တိုက်၍လည်းကောင်း အင်တိုက်အားတိုက် ရှာဖွေနေခိုက် အခြားသော စုံထောက်များသည် နီရှိုဘားခရိုင်အတွင်း ဤအမှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ မသင်္ကာဖွယ်ရာလူများ၊ သတင်းအစအန ပေးနိုင်မည့်သူများနှင့် သဲလွန်စ ရနိုင်မည့်သူများကို တစ်ယောက်မကျန် တစ်အိမ်တက်ဆင်းလိုက်လံတွေ့ဆုံ၍ စုံစမ်းထောက်လှမ်းခဲ့ကြသည်။

သို့သော် ထူးဆန်းသလောက် ဆိုးဝါးလှသည့် အဖြစ်မှာ လူ ၃ ယောက်စလုံး ပျောက်ဆုံးနေသည့် ဤအမှုကြီးတွင် မည်သူတစ်ဦးတစ်ယောက်ကမှ ထင်မြင်ချက်ပေးခြင်း၊ သဲလွန်စနှင့် သတင်းအစအန ပေးခြင်းများ မရှိကြဘဲ၊ အားလုံး "ရေငုံနှုတ်ပိတ်၍" တစ်ယောက်မကျန် "ဘူး" ခံနေကြခြင်းပင်ဖြစ်သည်။ ထိုမျှမက ထိုအရပ်မှ လူဖြူများကိုယ်တိုင်က အက်ဖ်ဘီအိုင်များအား မြင်မြင်ထင်ထင် လက်မခံဝံ့ကြဘဲ ဖြစ်နေသည်။ လူမည်း နီဂရိုးခမျာများမှာလည်း မှန်ရာပြောလျှင် ခချက်ချင်းပင် အသတ်ခံရတော့မလောက် အကြောက်ကြီး ကြောက်နေရှာကြသည်။





ဤအတွင်း တစ်နေ့၌ အက်ဖ်ဘီအိုင် စုံထောက်တစ်ယောက်သည် ဈေးဆိုင်ပိုင်ရှင် တစ်ယောက်နှင့် အမှတ်မထင် စကားလက်ဆုံကျမိရာမှ ဤအမှုအကြောင်း "မသိမသာ" ရောက်သွားကြသည်။ ထိုသူက စုံထောက်အရာရှိအား "ကျုပ်သာ ခင်ဗျားနေရာမျိုးမှာဆိုရင် ဒီအမှုမှာ လုံခြုံရေးမှူးကို အရင်ဆုံး စစ်မှာပဲ" ဟူ၍ အမှတ်မထင် ပြောလိုက်သည်။

သို့သော် ထိုအချိန်တွင် စုံထောက်များသည် ဤအမှုနှင့် ပတ်သက်၍ အရေးကြီးသည်ဟု ယူဆရသော ရဲစခန်းလုံခြုံရေးမှူး ရိန်းနေးနှင့် ဒု-လုံခြုံရေးမှူး ပရိုက်စ်တို့ကို အစောကြီးကပင် စစ်ဆေးမေးမြန်းပြီးခဲ့ကြပြီးဖြစ်သည်။

လုံခြုံရေးမှူး ရိန်းနေးက အဆိုပါ အချင်းဖြစ်ပွားသည့် ဇွန်လ ၂၁ ရက်နေ့ညက သူသည် မဲရီဒီယန်မြို့တွင် ဆေးရုံတက်၍ ခွဲစိတ်ကုသနေရသော သူ့ဇနီးရှိရာသို့ သွားရောက်နေခဲ့သည်ဟု စုံထောက်များအား အစစ်ခံခဲ့သည်။ သို့သော် ဒု-လုံခြုံရေးမှူး ပရိုက်စ်နှင့်ပတ်သက်၍မူ သူ့ ထွက်ဆိုချက်များမှာ မခိုင်လုံဘဲ ရှိနေသည်။ ပရိုက်စ်က သူသည် ထိုညက ဖီလာဒဲဖီးယားမြို့တွင် ရှိနေပါသည်ဟုဆိုသည်။ သို့သော် ထိုညက အလွန်အလွန် အရေးကြီးလှသည်ဟု ယူဆရသော ည ၁၀နာရီ မိနစ် ၄၀ မှ ၁၁ နာရီ မိနစ် ၃၀ အချိန်အတွင်း ဖီလာဒဲလ်ဖီးယားမြို့တွင် ဒု-လုံခြုံရေးမှူး ပရိုက်စ် ရှိနေသည်ဆိုခြင်းကို မည်သူတစ်ဦးတစ်ယောက်မှ အခိုင်အမာ သက်သေ မခံနိုင်ဘဲဖြစ်နေသည်။

ရှဝ်းနား၊ အင်ဒရူးနှင့် ချာနေးတို့သည် ထိုညက ဤအချိန်အတွင်းမှာပင် ခြေရာပျောက်သွားခဲ့ကြခြင်းဖြစ်ရာ ဤမိနစ် ၅၀ မျှသော အချိန်အတောအတွင်း ဒု-လုံခြုံရေးမှူး ပရိုက်စ်သည် မည်သည့်နေရာသို့ ရောက်ရှိနေ၍ မည်သို့သော အလုပ်များကို လုပ်ကိုင်နေခဲ့ပါသနည်း ?

ဤသည်ပင်လျှင် အက်ဖ်ဘီအိုင် စုံထောက်များအတွက် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံး စုံစမ်းထောက်လှမ်းရမည့် အချက်ဖြစ်လာသည်။

အဆိုပါ လူငယ် ၃ ယောက်ပျောက်သွားသည့်အမှုကြီး မဖြစ်မီ ၁၉၆၃ ခု မတ်၊ ဧပြီ၊ မေနှင့် ဇွန်လ များအတွင်းက ပူလောင် အိုက်စပ်လှသည့် နွေရာသီညများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ကာလက ဖြစ်ပွားခဲ့သည့်အတိုင်း ကူကလပ်ကလန်ခေါ် ကေသုံးလုံးအဖွဲ့ဝင်များ အပြင်းအထန် လှုပ်ရှားထကြွသည့်ညများ ဖြစ်ခဲ့သည်။ ထိုရက်များအတွင်းက အမေရိကန် ပြည်ထောင်စု တစ်ဝှမ်းလုံးမှ ပြည်နယ်များ၏ ဘုရားရှိခိုးကျောင်းများသည် ညစဉ် ညတိုင်း မီးတင်ရှို့ခြင်းခံခဲ့ကြရသည်။ ထိုအချိန် ထိုကာလက ညအချိန်၌ မီးတောက်မီးလျှံများ တဟုန်းဟုန်း တောက်လောင်ကာ ကောင်းကင်တွင် နီရဲနေရသည်ကို မတွေ့မမြင်ရသည့် နွေတစ်ညဟူ၍ မရှိသလောက် ဖြစ်ခဲ့ရသည်။ တစ်ချိန်တည်းတွင် ညအချိန်မတော် အချိန်တော် နီဂရိုးများ၏ နေအိမ်သို့ အိမ်ရှေ့မှ ကားဖြင့် ဖြတ်မောင်းကာ သေနတ်ဖြင့် အိမ်ထဲသို့ လှမ်းပစ်ပြေးကြသည့် အဖြစ်များမှာလည်း မရေမတွက်နိုင်အောင်ရှိခဲ့သည်။ ပြည်သူ့အခွင့်အရေးတိုက်ပွဲများတွင် တက်ကြွစွာ ခေါင်းဆောင်ပါဝင်ခဲ့ကြသည့် နီဂရိုးအမျိုးသား၏ အချို့သော နေအိမ်များမှာမူ လက်ပစ်ဗုံးများ ဒိုင်းနမိုက် ယမ်းဘီလူးများဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းခံရသည်အထိ သောင်းကျန်းခဲ့သည်။ အသားရောင်နှင့် လူမျိုးမခွဲခြားသည့်ဝါဒကို ဆန့်ကျင်သည့်အနေဖြင့် ညအချိန် လမ်းဆုံလမ်းခွများ၌ လက်ဝါးကပ်တိုင်များ စိုက်ထူကာ မီးတင်ရှို့ကြသည့် ဆန္ဒပြမှုများမှာလည်း နေရာအနှံ့တွင် တွေ့မြင်နေကြရသည်။

နောက်ဆုံး ဇွန်လ ၂၂ ရက်နေ့ အထက်ဖော်ပြပါ လူငယ် ၃ ယောက် ထူးဆန်းစွာပျောက်ဆုံးသွားသည့် အမှုကြီးဖြစ်ပွားလာသောအခါ ဤသတင်းသည် အားလုံးအပေါ်တွင် သရဖူဆောင်းကာ အထွဋ်အထိပ်သို့ ရောက်သွားခဲ့ရသည်။





ပျောက်ဆုံးသွားသည့် လူငယ် ၃ယောက်ကို ၁၀ ရက်ခန့်အကြာအထိ ရှာဖွေသော်လည်း မတွေ့ဘဲရှိနေခဲ့ရာ နောက်ဆုံး ဇူလိုင်လ ၂ ရက်နေ့တွင် သမ္မတဂျွန်ဆင်သည် တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်ကာ အက်ဖ်ဘီအိုင် ဌာနချုပ်မှ ညွှန်ကြားရေးဝန်ချုပ် အဂ္ဂါဟူးဗားအား အိမ်ဖြူတော်သို့ ခေါ်ယူတွေ့ဆုံခဲ့သည်။

ဟူးဗားနှင့် နှစ်ယောက်ချင်း အချိန်အတော်ကြာအောင် တိုင်ပင်ဆွေးနွေးပြီးနောက် ဂျွန်ဆင်က ဟူးဗားအား "ကဲ အဲဒီတော့ ခင်ဗျားအနေနဲ့ ကေသုံးလုံးအဖွဲ့ကြီးကို ဖိဖိစီးစီးနှိမ်နှင်းမှုဖြစ်လိမ့်မယ်၊ ခရိုင်တိုင်းမှာရှိနေတဲ့ အဲဒီအဖွဲ့တွေအကြောင်း သေသေချာချာ လေ့လာစုံစမ်းစေချင်တယ်၊ ဒီလူတွေရဲ့ လှုပ်ရှားမှုတွေအားလုံးကို တိတိကျကျ သတင်းရအောင်လုပ်ဖို့ အက်ဖ်ဘီအိုင်ကပဲ တာဝန်ယူပြီး ဆောင်ရွက်ပါ" ဟူ၍ အတိအလင်း အမိန့်ပေးလိုက်သည်။

သမ္မတဂျွန်ဆင်၏ တိကျသည့်အမိန့်အရ ဟူးဗားသည် မစ်စစ်စပီ ပြည်နယ်တစ်ခုလုံးတွင် ကေသုံးလုံး နှိမ်နင်းရေးကို ပြတ်ပြတ်သားသား လုပ်ဆောင်ရန် အစီအစဉ်များ ချက်ချင်းရေးဆွဲ၍ အရေးပေါ် ညွှန်ကြားလွှာများ တစ်ခုပြီးတစ်ခု ထုတ်ပြန်ခဲ့သည်။

ကေသုံးလုံးအဖွဲ့ကြီး၏ အသားအရောင်ခွဲခြားရေး အကြမ်းဖက်လှုပ်ရှားမှုများကို တကယ်တမ်း နှိမ်နင်းရာ၌ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေအုပ်စိုးရေးအတွက် တာဝန်ယူနေရသည့် ရဲနှင့်လုံခြုံရေးအရာရှိများသည် အသိဉာဏ်ရှိသည့် ပြည်သူလူထုကြီး၏ အကူအညီကို ထိထိရောက်ရောက် ရယူမှုဖြစ်မည်ဟု ဟူးဗားက သဘောပေါက်နားလည်ထားသည်။ ရပ်ရွာအေးချမ်းရေးနှင့် လုံခြုံရေးအတွက် တာဝန်ရှိနေသည့် ပုဂ္ဂိုလ်များကိုယ်တိုင်က အကြမ်းဖက်သမားများအား လျစ်လျူရှုထားခြင်း သွယ်ဝိုက်၍ ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ အားပေးခြင်းများ ပြုလုပ်နေပါက



www.burmeseclassic.com

www.burmeseclassic.com



အရပ်သားရွာမှာ မည်သို့မျှ မတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေကြရုံသာ ရှိသည်။

သို့ဖြစ်ရာ ဟူးဗားသည် ကေသုံးလုံး နှိမ်နင်းရေးအတွက် ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်ရန် အစွမ်းကုန် လုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် ပြည်ထောင်စုအစိုးရကို ကိုယ်စားပြုသည့် မိမိတို့ အက်ဖ်ဘီအိုင်အဖွဲ့ကြီးနှင့် မစ်စီစစ်ပီပြည်နယ်မှ အဝေးပြေးမော်တော်ယာဉ်ရဲအဖွဲ့ဝင်များ အဖက်ဖက်က လက်တွဲဆောင်ရွက်ရန်နှင့် ဖြစ်နိုင်သည့်နေရာများ၌ ဒေသဆိုင်ရာ လုံခြုံရေးအရာရှိများ၏ အကူအညီကိုပါ ရအောင်ကြိုးစားခဲ့သည်။

ဇူလိုင်လ ၁၀ ရက်နေ့တွင်မူ အက်ဖ်ဘီအိုင် ညွှန်ကြားရေး ဝန်ချုပ် ဟူးဗားသည် မစ်စီစစ်ပီပြည်နယ် မြို့တော်ဖြစ်သော ဂျက်ဆင်မြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာခဲ့သည်။ သူသည် ခရီးရောက်မဆိုက်ပင် ပြည်နယ်ဘုရင်ခံချုပ် ပေါလ်ဂျွန်ဆင်နှင့် တွေ့ဆုံ၍ ဤပြည်နယ်မှ ကေသုံးလုံး အဖွဲ့ဝင်များ၏ သောင်းကျန်းမှုများကို အသေးစိတ် လေ့လာစုံစမ်း မေးမြန်းခဲ့သည်။ ပေါလ်ဂျွန်ဆင်ကလည်း သူသိထားသလောက် အချက်အလက်များကို ဟူးဗားအား ပြောပြ၍ ဤကိစ္စတွင် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ရန် လက်ခံသဘောတူခဲ့သည်။

သို့နှင့်ပင် ထိုနေ့ညနေပိုင်းတွင် အက်ဖ်ဘီအိုင် ညွှန်ကြားရေး ဝန်ချုပ်နှင့် ပြည်နယ်ဘုရင်ခံချုပ်တို့သည် ပြည်နယ်အရာရှိများ၊ အာဏာပိုင်များကို ခေါ်ယူတွေ့ဆုံကာ ဂျက်ဆင်မြို့တွင် အက်ဖ်ဘီအိုင်ဌာနခွဲ အသစ်တစ်ခုကို အမြန်ဆုံး ဖွင့်လှစ်တည်ထောင်လိုက်ကြသည်။

ထိုညက ဟူးဗား၏ အကူအညီအဖြစ် လိုက်ပါလာသော ဒီလုတ်ချ်အမည်ရှိ စုံထောက်အရာရှိသည် သန်းခေါင် အချိန်လောက်တွင် သူတည်းခိုသည့် ဟော်တယ်၌ တယ်လီဖုန်းခေါ်သံကြားရသဖြင့် အိပ်ရာထဲ





မှထ၍ နားထောင်ရသည်။

"နက်ဖြန်မနက် ၈ နာရီမှာ မီမစ် ဖမစ်တဲ့ ဟူးဗားနဲ့မင်းတို့ကောင်တွေအားလုံး အခန်းထဲက ထွက်လာတာနဲ့တစ်ပြိုင်နက် သေဖို့သာ ပြင်ပေတော့"

"အေးပေါ့ကွာ၊ ကြည့်သေးတာပေါ့၊ တို့ကလည်း မင်းတို့လိုကောင်မျိုးနဲ့ တွေ့ချင်နေတာဟေ့..."

တယ်လီဖုန်းထဲမှ တစ်ဘက်က "အမည်မသိ" ခြိမ်းခြောက်သူကို စုံထောက်အရာရှိ ဒီလုတ်ချ်ကလည်း မခံချင်အောင်ပြန်၍ ဟိန်းဟောက်ခဲ့သည်။ တစ်ဘက်က ဘာမှပြန်မပြောတော့ဘဲ ဖုန်းကို ချသွားသည်။

နောက် သန်းခေါင်ကျော် ၂ နာရီလောက်တွင် တယ်လီဖုန်းလာပြန်သည်။ သို့သော် ဒီလုတ်ချ်သည် သည်တစ်ခါ၌ "ခွေးဟောင်တိုင်း ထနေရလျှင် အိပ်ရေးပျက်မည်" စိုးသဖြင့် အိပ်ရာထဲက မထဘဲနေလိုက်သည်။

နောက်တစ်နေ့ နံနက်တွင် ဟူးဗားသည် သူနှင့်ပါလာသော စုံထောက်အရာရှိများနှင့်အတူ ဝါရှင်တန်မြို့သို့ ပြန်ကြရန် ဂျက်ဆင်မြို့တွင်းမှ လေဆိပ်သို့ ကားဖြင့် ထွက်လာခဲ့ကြသည်။ ညက ခြိမ်းခြောက်မှုမှာ ဘာမှ အရာမထင်ဘဲ သူတို့အားလုံး ဝါရှင်တန်သို့ ချောချောမောမော ပြန်ရောက်သွားခဲ့ကြသည်။

ဟူးဗားပြန်သွားပြီးနောက် မစ်စီစစ်ပီပြည်နယ် တစ်ခုလုံးတွင် ကေသုံးလုံး နှိမ်နင်းရေးများသည် အပြင်းအထန် ပေါ်ပေါက်လာခဲ့သည်။ အက်ဖ်ဘီအိုင်များသည် ကေသုံးလုံး အဖွဲ့ဝင်များအား နှိမ်နင်းရာ၌ တထောင့်ပြောက်ကျားစစ်ပွဲကြီးတစ်ခုပမာ အဖက်ဖက်က သေနက်များနှင့် နည်းပရိယာယ်များကို လိမ္မာကျွမ်းကျင်စွာ အသုံးပြုခဲ့ရသည်။

"ဒါဟာ ငါတို့ ကေသုံးလုံးအဖွဲ့ကြီးနဲ့ အက်ဖ်ဘီအိုင်ရဲ့ စစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ထစ်ငွဲ့ပဲ ဒီစစ်ပွဲမှာ ထုံးစံအတိုင်း တစ်ဘက်ဘက်ကတော့ ကျဆုံးရမှာ သေချာတယ်…"

ဤရက်များအတွင်း ပြည်နယ်လုံးဆိုင်ရာ ကေသုံးလုံးအဖွဲ့ချုပ်ကြီး၏ လျှို့ဝှက်အစည်းအဝေးတစ်ခု၌ ခေါင်းဆောင်ဖြစ်သူ ဆမ်ဘောင်းဝါးက အထက်ပါအတိုင်း မှတ်ချက်ချခဲ့သည်။

မှန်သည်။ ကေသုံးလုံးနှင့် အက်ဖ်ဘီအိုင်တို့ အကြိတ်အနယ် ဆင်နွှဲနေကြသည့် ဤ"စစ်ပွဲကြီး"၌ နောက်ဆုံးတစ်နေ့တွင် တစ်ဘက်ဘက်က လုံးဝကျဆုံးရမည်မှာ ဓမ္မတာဖြစ်သည်။ ထိုသို့ကျဆုံးရှုံးနိမ့်မည်သူသည် မည်သူဖြစ်သည်ကိုမူ စောင့်ကြည့်ကြရမည် ဖြစ်သည်။

×××××

အက်ဖ်ဘီအိုင်အဖွဲ့ကြီး၏ "ပြောက်ကျားစစ်ပွဲ" ကို စနစ်တကျ ခုခံရန်အတွက် ကေသုံးလုံးအဖွဲ့ချုပ်ကြီးသည် အဖွဲ့ဝင်များအား "တစ်ပတ်ရိုက်" လှည့်စားသည့်နည်းပရိယာယ်များကို ညွှန်ကြားခဲ့သည်။ အထူးသဖြင့် စုံထောက်များ "မျက်စိလည်"အောင် နေရာအနှံ့အပြားတွင် အဖျက်လုပ်ငန်းများလုပ်ရန် လှုံ့ဆော်ခဲ့သည်။ ညွှန်ကြားလွှာတစ်စောင် "ရန်သူများ ဒုက္ခရောက်၍ ကိုးယို့ကားယားဖြစ်အောင် လုပ်ဆောင်ရာတွင် လူအများရှေ့၌ ရယ်စရာဖြစ်အောင် အမြဲတမ်းကြိုးပမ်းကြရမည်။ နည်းအမျိုးမျိုးဖြင့် အပက်ပက်က လှည့်စား၍ စိတ်ညစ်အောင် လုပ်ဆောင်ကြရမည်" ဟူ၍ ဖော်ပြပါရှိခဲ့သည်။

ထိုသို့ စုံထောက်များ ကိုးယို့ကားယားဖြင့် ဒုက္ခများပြီး လှူရယ်စရာဖြစ်အောင် လုပ်သည့်နည်းများမှာ လူမရှိဘဲရပ်ထားသည့် မော်တော်ကားဘီးများကို အလစ်တွင် လေလျှော့ထားခြင်း၊ သံချောင်းထောင်၍ ဘီးပေါက်အောင်လုပ်ခြင်း၊ ဓာတ်ဆီတိုင်ကီထဲသို့ ဆားများ၊ သကြားများ ထည့်





၍ ကားစက်နိုးမှုရအောင် ပြုလုပ်ခြင်းများမှအစ မြွေများကိုဖမ်းလာပြီး ကားပေါ်သို့ အလစ်တင်ထားခဲ့ခြင်း၊ မျက်ရည်ယိုဗုံးများနှင့် အနံ့အသက် ဆိုးသည့်ဗုံးများကို ကားပေါ်သို့ ပစ်တင်ပေးခြင်း စသည်များအထိ မတော်တရော်လုပ်ကြခြင်းများဖြစ်သည်။ ဤနည်းဖြင့် သူတို့သည် စုံထောက်များအား စိတ်ညစ်အောင်၊ ဒုက္ခရောက်အောင်၊ လှူရယ်စရာဖြစ်အောင် လုပ်ကြသည်။

စုံထောက်များကို သူတို့က စိတ်ညစ်၍ ဒုက္ခရောက်အောင် လုပ်ကြသလို စုံထောက်များကလည်း သူတို့ကို ဒုက္ခရောက်၍ စိတ်ညစ်အောင် တန်ပြန်လုပ်ခဲ့ကြသည်။ သို့ဖြင့် ကေသုံးလုံးအဖွဲ့ဝင် တစ်ယောက်မှာ စုံထောက်များ၏ တန်ပြန်လုပ်ဆောင်မှုကြောင့် အကြီးအကျယ် စိတ်ညစ်၍ ဒုက္ခရောက်ခဲ့ရသည်။

ဖြစ်ပုံမှာ ထိုသူသည် ကေသုံးလုံး လုပ်ငန်းများတွင် တစ်နည်းတစ်လမ်းအားဖြင့် ပါဝင်ပတ်သက်နေသူဖြစ်ရာ ထိုအကြောင်းကို သတင်းရထားသည့် စုံထောက်တစ်ယောက်သည် ထိုလူကို "အစ်" ကြည့်ရန်အတွက် လမ်းတွင်နှုတ်ဆက်၍ မိတ်ဖွဲ့ရန် ကြိုးစားသည်။ သို့သော် ထိုလူက လုံးဝလက်မခံရုံမျှမက စုံထောက်အား စကားပင် အပက်လုပ်မပြောဘဲ ခပ်တည်တည် လှည့်ထွက်သွားသည်။

ဤတွင် ကသိကအောက် ဖြစ်သွားသော စုံထောက်အရာရှိသည် ထိုနေ့ညသန်းခေါင်လောက်တွင် ထိုလူနေထိုင်သည့် လမ်းကြားကလေး ထဲသို့ ကားဖြင့်ရောက်လာပြီး အိမ်နှင့်မလှမ်းမကမ်း တစ်နေရာ၌ ကားကို ထိုးရပ်လိုက်သည်။ ထို့နောက် ကားရှေ့မီးများကို ပိတ်လိုက်ပြီး ကားထဲသို့ ဝင်ကာ တစ်နာရီကျော် နှစ်နာရီလောက် မှောင်ကြီးမဲမဲကားပေါ်တွင် ထိုင်တည်လုံအိပ်နေလိုက်သည်။ ညသန်းခေါင်ကျော် ၂ နာရီလောက်တွင်မှ ထဲ ရာကထ၍ ကားမီးများကို ဖွင့်ကာ လမ်းမကြီးဘက်သို့ ပြန်မောင်းပြီး ထို



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ထွက်လာခဲ့သည်။

ထိုညက စုံထောက်စီးလာသော မော်တော်ကားသည် ထိုလမ်းကြားထဲ၌ မီးထိုက်၍မှောင်ထဲတွင် ရပ်ထားသော်လည်း ကားနောက်ပိုင်းမှ အမိုးပေါ်တွင် ထောင်လျက်သားရှိနေသည့် ရေဒီယိုဝိုင်ယာလက် အသံဖမ်းတိုင်ကလေးမှာ အဝေးကပင် မြင်နေရသဖြင့် ဤကားသည် အက်ဖ်ဘီအိုင်စုံထောက်အဖွဲ့မှ ကားဖြစ်ကြောင်း သိနိုင်ကြသည်။

ထိုညလွန်မြောက်၍ နောက်လေးငါးရက်ခန့်အကြာတွင် အဆိုပါ ကေသုံးလုံးအဖွဲ့ဝင် ထိုသူသည် လမ်းပေါ်၌ မတော်တဆတွေ့သည့် အဆိုပါ စုံထောက်အရာရှိအား ယခင်တစ်ခါလို အဖက်မလုပ်ဘဲ မနေတော့ရုံမျှမက သူကိုယ်တိုင်ကပင် စတင်နှုတ်ဆက်၍ "သူ့ဒုက္ခ" ကို ပြောပြတော့သည်။

"ဟိုညက သန်းခေါင်လောက် ကျုပ်အိမ်ရှေ့နားမှာ ခင်ဗျားကား ရပ်ထားတာ တွေ့ရလို့ ကျုပ်လူတွေက ကျုပ်အိမ်ထဲမှာ ခင်ဗျားနဲ့ကျုပ်နဲ့ စကားပြောနေကြတယ်လို့ စွပ်စွဲနေကြတယ်။ အဲဒါ ဘယ်လိုမှရှင်းပြလို့လဲ မရဘူးဗျာ၊ ကျုပ်တော့ အကြီးအကျယ် ချောက်ပါပဲ" ဟူ၍ ထိုလူက ညည်းရှာသည်။ စုံထောက်အရာရှိ၏ ကိုးယို့ကားယားဖြစ်အောင် တန်ပြန် "လှည့်စားချက်" ကလေးမှာ ထိုလူအတွက် အတော်ကလေး "ထိ" သွားခဲ့သည်ဟု ဆိုရမည်။

ဤသို့ဖြင့် အက်ဖ်ဘီအိုင်စုံထောက်များသည် ကေသုံးလုံးအဖွဲ့ဝင်များကို နည်းအမျိုးမျိုးဖြင့် ထောက်လှမ်းခဲ့ကြရာ တနင်္ဂနွေသုံးပတ်အတွင်း အဖွဲ့ဝင် ၂၀၀ ကျော်ကို စာရင်းနှင့်တကွ သိရှိခဲ့ကြ၍ တစ်ယောက်မကျန် ခေါ်ယူစစ်ဆေးနိုင်ခဲ့သည်။

အက်ဖ်ဘီအိုင်စုံထောက်များ၏ ထိုသို့သော "နည်းပရိယာယ်များ" ကြောင့် အထိတ်တလန့်ဖြင့် မလုံမလဲဖြစ်လာသော ကေသုံးလုံးအဖွဲ့ကြီးသည် အဖွဲ့ဝင်များ အချင်းချင်း နာမည်ဖော်မပြောရ၊ ထိုသို့ ဖော်ကောင်





လုပ်သူအား အဖွဲ့ကြီးက "သစ္စာဖောက်" အဖြစ် သတ်မှတ်၍ သေဒဏ်ပေးမည်ဟူ၍ပင် အမိန့်ထုတ်လာရတော့သည်။

သို့သော် အက်ဖ်ဘီအိုင် စုံထောက်များ၏ လိမ္မာပါးနပ်မှု ဝရိယာယ်ကြွယ်ဝမှုနှင့် ၎င်းကောင်းမှုများကြောင့် ကေသုံးလုံးအဖွဲ့ဝင်များမှာ အချင်းချင်းဖော်ကောင်များ ဖြစ်မှန်းမသိ ဖြစ်လာသည်နှင့် နောက်ဆုံး၌ ဇွန်လ ၂၁ ရက်နေ့ညက ထူးဆန်းစွာ ပျောက်ဆုံးသွားသည့် လူငယ်သုံးယောက်နှင့်ပတ်သက်၍ အလွန့်အလွန်အရေးကြီးလှသည့် သဲလွန်စသတင်းတစ်ခုကို အတိအကျ ရရှိလာခဲ့တော့သည်။

ဂူလိုင်လကုန်ခါနီးလောက်တွင် လူတစ်ယောက်သည် အက်ဖ်ဘီအိုင် စုံထောက်အရာရှိ ဂျိုးဆက်ဆိုသူ တည်းခိုနေသည့် မဲရီဒီယန်မြို့မှ ဟော်တယ်တစ်ခု၏ တည်းခိုခန်းထဲသို့ အမှတ်မထင်ဝင်လာသည်။ ပထမတွင် ထိုသူသည် စုံထောက်အရာရှိအား ကေသုံးလုံးအဖွဲ့နှင့် ပတ်သက်၍ ကောလဟာလ အရပ်သတင်းများကို ပြောပြခဲ့သည်။ သို့သော် သူ့စကား "အသွား အလာ" ကို နားထောင်ရခြင်းအားဖြင့် သူသည် ကေသုံးလုံးအကြောင်းကို သည့်ထက်ပို၍ အတွင်းကျကျ သိထားသူတစ်ယောက်ဖြစ်ကြောင်း စုံထောက်အရာရှိ ဂျိုးဆက်က ရိပ်စားမိလိုက်သည်။

ဂျိုးဆက်သည် ဝါရင့်သည့် စုံထောက်တစ်ဦးဖြစ်၍ စိတ်ရှည်သူတစ်ဦးလည်းဖြစ်ရာ ထိုသူအား တစ်ထိုင်တည်းဖြင့် သိလိုသမျှကို မမေးသေးဘဲ အရိပ်အခြေကို ကြည့်နေခဲ့သည်။

ထိုသူသည် ပထမတစ်ခေါက် ပြန်သွားပြီး တစ်ရက်နှစ်ရက်အကြာတွင် နောက်တစ်ခေါက် ထပ်လာပြန်သည်။ သို့နှင့်ပင် ဂျိုးဆက်နှင့် အတော်ကလေး အကျွမ်းတဝင်ဖြစ်သွားကြရာမှ တစ်နေ့တွင် သူသည် ပျောက်ဆုံးသွားသည့် လူငယ်သုံးယောက်နှင့် ပတ်သက်၍ [illegible] အလုံးစုံကို အကုန်အစင် "ရင်ဖွင့်" လာတော့သည်။

www.burmeseclassic.com



ထိုနေ့မှာ ဇူလိုင်လ ၃၁ ရက်နေ့ဖြစ်သည်။

သူက လွန်ခဲ့သည့် ဇွန်လ ၂၁ ရက်နေ့ညက ရှဝ်းနား၊ အင်ဒရူး နှင့် ချာနေးတို့အား ကေသုံးလုံးအဖွဲ့ဝင်များက ကားဖြင့်လိုက်၍ မိအောင် ဖမ်းပြီး သုံးယောက်စလုံးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း။ ထို့ကြောင့် မိမိကြားရသလောက်ဆိုလျှင် အဆိုပါ လူငယ်သုံးယောက်အလောင်းများကို ဖီလာဒဲလ်ဖီးယားမြို့ အနောက်တောင်ဘက် ၆ မိုင်ခန့်အကွာ ရေကာတာ တစ်ခုအတွင်း၌ မြှုပ်နှံထားသည်ဟုသိရှိရကြောင်း စသည်များကို စုံထောက် အရာရှိ ဂျိုးဆက်အား ဖွင့်ပြောခဲ့သည်။

"အဲဒီ ရေကာတာက ဘယ်သူပိုင်တာလဲ..."

"အိုလန်ဆိုတဲ့ လယ်သမားတစ်ယောက်ပိုင်တယ်..."

ဂျိုးဆက်၏ မေးခွန်းတိုကလေးကို* ထိုသူက ခပ်တိုတိုပင် ပြန် ဖြေသည်။ နောက်ထပ်၍လည်း ဘာမှမပြောတော့...။

ထိုနေ့ညတွင် ဂျိုးဆက်သည် သူ့လက်အောက်ရှိ စုံထောက် ၅ ယောက်တို့အား "နောက်တစ်နေ့ နံနက်စောစောတစ်ရောသို့ သွား၍ "တူး ဖော်ရေး လုပ်ငန်းတစ်ခု" လုပ်စရာရှိသဖြင့် နံနက် ၅ နာရီတွင် အသင့် ဖြစ်နေကြရန်" မှာခဲ့ထားလိုက်သည်။

နောက်တစ်နေ့နံနက် အရုဏ်တက်ပြီးစ မိုးမလင်းတလင်းအချိန် လောက်တွင်မူ သူတို့အဖွဲ့ကလေးသည် မဲရီဒီယန်မြို့မှ ဖီလာဒဲလ်ဖီးယား မြို့ဆီသို့ အမှတ်တမဲ့ ထွက်လာခဲ့ကြသည်။ သတင်းတစ်စုံတစ်ရာ ပေါက် ကြားသွားမည်စိုးသဖြင့် သူတို့သည် ဖီလာဒဲလ်ဖီးယားမြို့တွင်းသို့ မဝင်ဘဲ

* အက်ဖ်ဘီအိုင် ဌာနချုပ်သည် ဤလူသတ်မှုကြီးကို မှတ်တမ်းတင် ရာတွင် ထိုသူ၏အမည်ကို ဖုံးဝဖော်မပြထားဘဲ "အမည်မဖော်လို သူတစ်ယောက်" ဟူ၍သာ ရေးသားထားရာ ယနေ့ထက်တိုင် ထို သူ၏အမည်မှန်ကို မသိကြရဘဲ ရှိနေခဲ့သည်။ စာရေးသူ။





မြို့အပြင်ဘက် မြို့ပတ်လမ်းမှတစ်ဆင့် အနောက်တောင်ဘက်ဆီသို့ ဦး တည်လာခဲ့ကြသည်။

ဖီလာဒဲလ်ဖီးယားမြို့မှ ၆ မိုင်ခန့် အကွာသို့ ရောက်သောအခါ သူတို့သည် လမ်းဘေးတွင် ကားကို ရပ်ထားခဲ့ကြပြီးနောက် ချိုင့်ကလေး များ၊ ကုန်းကလေးများဖြင့် မညီမညာဖြစ်နေသည့် မြေပြင်အတိုင်း တော စပ်သို့ ခြေလျင်လျှောက်လာခဲ့ကြသည်။

ခဏအကြာတွင် ကောင်းကင်ယံမှ ရဟတ်ယာဉ်တစ်စင်း၏ အသံကို ကြားကြရသည်။ ထိုရဟတ်ယာဉ်မှာ စုံထောက်အရာရှိ ဂျိုးဆက် ၏ အစီအစဉ်အရ "ရေကာတာ"ရှိရာနေရာကို ကူညီရှာဖွေရန် လိုက်ပါ လာခြင်းဖြစ်သည်။

"ရေကာတာကို တွေ့ပြီဗျို့။ အခု ခင်ဗျားတို့ ရောက်နေတဲ့နေရာ ရဲ့ တောင်ဘက် ကိုက် ၄၀၀ လောက်မှာ မြင်နေရတယ်..."

ရဟတ်ယာဉ်ပေါ်မှ ဝိုင်ယာလက် အသေးစားကလေးဖြင့် သ တင်းပို့လိုက်သည်။

ဂျိုးဆက်တို့သည် ရေကာတာရှိရာသို့ မိနစ်ပိုင်းအတွင်းမှာပင် ရောက်သွားကြသည်။

ရေကာတာမှာ မျှော်လင့်ထားသည်ထက် ကြီးနေသည်ကို တွေ့ ရသည်။ တောင်ကမူကလေးနှစ်ခုကြားရှိ ကွက်လပ်ကိုပိတ်၍ မြေကြီးများ ဖို့ထားပြီး၊ တစ်ဘက်တွင် တောင်ကုန်းများနှင့် အလယ်၌ ရေအိုင်တစ်ခု ရှိသည်။ မြေကြီးများကို သယ်ယူရာ၌ မြေညှိစက်ဖြင့် သယ်၍ ဖို့ထားခြင်း ဖြစ်ကြောင်း တွေ့ရသည်။

မြေဖို့ထားသည့် ရေကာတာ၏ တောင်ဘက် ကမူနှင့်မှာ တစ် ခုနှင့်တစ်ခု ၅၄၇ ပေတိတိ ကွာဝေး၍ ရေကာတာ၏ အမြင့်မှာ အမြင့်ဆုံး နေရာတွင် ပေ ၂၀ အထိရှိသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်အရာရှိ ဂျိုးဆက်သည် အသေးစိတ် တိုင်းထွာမှုများကို ပြုလုပ်ပြီးနောက်၊ အလောင်းများကို စတင်ရှာဖွေခဲ့သည်။

ထိုနေ့မှာ ဩဂုတ်လ ၄ ရက်နေ့ဖြစ်သည်။

မြေတူးမည့် အလုပ်သမားများသည် ဘူလ်ဒိုဇာခေါ် မြေတူးစက်ကြီးနှင့် မြေကြီးများကို သယ်မည့် ရောမင်္ဂါပြားကြီးကို တပ်ဆင်နေခိုက် စုံထောက်အရာရှိများသည် မည်သည့်နေရာမှ စတင်၍ မည်သို့မည်ပုံ တူးဖော်သင့်သည်ကို တိုင်ပင်နေကြသည်။

စုံထောက်အရာရှိ ကိုချိရန်က ငှားလာသည့် မြေတူးစက်ပိုင်ရှင်အား မိမိတို့ ရှာဖွေတူးဖော်မည့် အရာဝတ္ထုများမှာ ရေကာတာ၏ အမြင့်ဆုံးနေရာမှ အောက်ဘက် ၁၄ ပေနှင့် ၁၂ ပေအကြားတွင်ရှိမည်ဟု ခန့်မှန်းရကြောင်း ပြောပြလျက်ရှိသည်။

"အဲဒီတော့ ကျွန်တော်တို့ ဘယ်နေရာက စတူးရင် ကောင်းမလဲ"

ကိုချိရန်ကမေးလိုက်ရာ မြေတူးစက်ပိုင်ရှင်သည် ရေကာတာ၏ အနေအထားကို အသေအချာ စစ်ဆေးကြည့်ရှုပြီးနောက်၊ အနောက်ဘက်အစပ်မှ ကိုက် ၅၀ ခန့်အကွာ ဖို့ထားသည့် မြေသားထုကြီး တစ်နေရာကို တုတ်တစ်ခုဖြင့် ထိုးပြရင်းက "ကျွန်တော်တော့ ဒီနေရာက စတူးသင့်တယ်ထင်တာပဲ" ဟု အဖြေပေးလိုက်သည်။

ခဏအကြာတွင် အင်ဂျင်စက်သံများ ကြားကြရပြီးနောက် ထူးခြားဆန်းကြယ်၍ ထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းလှသည့် တူးဖော်ရေးလုပ်ငန်းကြီးကို စတင်ကြတော့သည်။

ဆူညံနေသော စက်သံနှင့်အတူ မြေတူးစက်ကြီးမှ ဂေါ်ပြားကြီးသည် ရေကာတာ၏ အမြင့်ဆုံးနေရာမှ မြေကြီးများကို ထိုးဆွ၍ ဖြိုချလျက်ရှိသည်။ တစ်ချိန်တည်းတွင် မြေသယ်သည့် သံခွက်ကြီးဖြင့် ဖြိုကျလာ





သော မြေကြီးများကို တခေါက်ပြီးတခေါက် သယ်ယူလျက်ရှိရာ နောက်တစ်ခေါက်မသယ်မီ မြေစိုင် မြေခဲများကို စုံထောက်အရာရှိများကိုယ်တိုင် ထိုးဆွ၍ တစ်စုံတစ်ရာ ထူးထူးခြားခြား တွေ့လိုတွေ့ငြား ရှာဖွေကြည့်ကြသည်။ ဘာမှ မတွေ့ရ၍ စိတ်ကျေနပ်ပြီဆိုမှ ထိုမြေကြီးများကို တစ်နေရာသို့ သယ်သွားစေခဲ့သည်။

တဖြည်းဖြည်း နေမြင့်လာသည်နှင့် အပူရှိန်မှာလည်း တစတစ ပြင်းလာခဲ့ရာ မွန်းတည့်လောက်တွင် ဒီဂရီ ၁၀၀ ကျော်ထိအောင် ဖြစ်လာခဲ့သည်။

နေပူထဲတွင် အလုပ်သမားရော၊ စုံထောက်များပါ ချွေးတလုံးလုံးဖြင့် ဆက်လက်တူးဖော်လာခဲ့ကြရာ မွန်းလွဲပိုင်းသို့ပင် ရောက်လာခဲ့ပြီ ဖြစ်သော်လည်း တစ်စုံတစ်ရာ ထူးခြားချက် မတွေ့ရသေးဘဲ ရှိနေသည်။

ထိုအခိုက် ရေကာတာအနီးတွင် ရပ်၍ကြည့်နေသည့် စုံထောက်တစ်ယောက်က "ခဏရပ်လိုက်စမ်း" ဟူ၍ ရုတ်တရက် အော်လိုက်ရာ အားလုံးထိပ်လန့်တကြား ဖြစ်သွားမိကြသည်။

သူအော်လိုက်သည်မှာ အရာဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့မြင်လိုက်ရ၍မဟုတ် တူးဆွ၍ ဖြိုချနေသည့် မြေစိုင် မြေခဲများထဲမှ စိမ်းရွှေရွှေ စူးဝါးဝါး အနံ့ကြီးတစ်ခုကို ရှူရှိုက်လိုက်မိသောကြောင့် ဖြစ်သည်။

သူပြောသည့်အတိုင်း ထိုဆိုးဝါးလှသည့် စိမ်းရွှေရွှေအနံ့ကြီးသည် လောလောဆယ် ရောက်ရှိတူးဖော်နေသည့် မြေကြီးထဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည်ကို အားလုံးကပင် တွေ့ရှိကြသဖြင့် ထိုနေရာတွင် ခပ်ဖြေးဖြေး တူးဆွကြည့်ကြသည်။ မြေကြီးများကို တစတစ တူးဆွဖယ်ရှားလိုက်သည်နှင့်အမျှ အော်ကလီဆန်၍ အန်ချင်စရာကောင်းလှသည့် အပုပ်နံ့ကြီးသည် မြေကြီးထဲမှ ထောင်းခနဲ ထောင်းခနဲ ထွက်ပေါ်လာခဲ့သည်။

ဤနေရာတွင် တူးဖော်ရေးလုပ်နေကြသည့် အက်ဖ်ဘီအိုင်



www.burmeseclassic.com

www.burmeseclassic.com



ထောက်များထဲမှ အချို့မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းနှင့် ကိုးရီးယားစစ်ပွဲအတွင်းက အလောင်းချင်းထပ်နေသည့် စစ်မြေပြင်များတွင် အတွေ့အကြုံရှိခဲ့သူများဖြစ်ရာ ဤအနံ့ကြီးသည် ပုတ်သိုးဆွေးမြေ့နေသည့် လူသေအလောင်းများမှ ထွက်သည့် အပုတ်နံ့ကြီးဖြစ်ကြောင်း ကောင်းကောင်းကြီးသိနေကြသည်။

ပို၍ သေချာသည်မှာ ချက်ခြင်းဆိုသလိုပင် ဤနေရာသို့ ယင်များတဖြည်းဖြည်း စုပြုံရောက်ရှိလာကြခြင်းပင် ဖြစ်သည်။ ခဏအတွင်းမှာပင် ထိုမြေစိုင်မြေခဲများပေါ်သို့ အစိမ်းစိုအော်မည်ကာ ယင်မဲကြီးများသည် စုပြုံအုံခဲလာသည်ကို တွေ့ကြရသည်။

အခြေအနေမှာ သေချာသလောက် ရှိပြီဖြစ်ရာ မြေတူးသမားများသည် မြေကြီးကို အရမ်းမဆွဘဲ ခပ်ပါးပါး ခပ်ဖြည်းဖြည်းဆွ၍ ဖြိုချကြရသည်။

ညနေ ၃နာရီတိတိအချိန်တွင်မူ မြေတူးစက်မှ ဂေါ်ပြားကြီးသည် တစ်စုံတစ်ရာ အမာခံပစ္စည်းတစ်ခုခုကို တွေ့ထိမိသည့် အနေဖြင့် "ဒုတ်"ခနဲ အသံ ကြားလိုက်ရသည်။ ခဏခြင်းမှာပင် အနက်ရောင်သားရေ ဖိနပ်ရှည်တစ်ရံသည် မြေစိုင်မြေခဲများထဲမှ တစတစ ပေါ်လာသည်။ ထိုအချိန်တွင် စုံထောက်များကိုယ်တိုင် လက်ကိုင်ဂေါ်ပြားများဖြင့် ဂရုတစိုက် မြေကြီးများကို ဘေးသို့ တဖြည်းဖြည်းယက်၍ချလိုက်ကြရာ နောက်ဆုံး၌ အလယ်တည့်တည့်တွင် မှောက်လျက်လဲနေသည့် လူတစ်ယောက်၏ အလောင်းသည် မြေစိုင်မြေခဲများအတွင်းမှ ထင်းထင်းကြီး ပေါ်လာတော့သည်။

စုံထောက်များသည် ယင်တလောင်းလောင်း အပုတ်နံ့တထောင်းထောင်းဖြင့် ပုတ်အလူးလူးဖြစ်နေသော ထိုအလောင်းကို မရွံ့မရှာ အသေအချာ စစ်ဆေးကြည့်ကြသည်။ အလောင်းမှာ မျက်နှာအောက်စိုက်၍ မှောက်လျက်သားရှိနေပြီး လက်နှစ်ဖက်မှာ ဦးခေါင်းပေါ်တွင် ဆန့်တန်းနေ





သည်ကို တွေ့ရသည်။ ခန္ဓာကိုယ်ကို စစ်ဆေးကြည့်ကြရာ၌ လက်ထောက်ဂျိုင်းအောက်တစ်နေရာတွင် သေနတ်ကျည်ဆံရာနှင့်တူသော အပေါက်တစ်ပေါက်ကို တွေ့မြင်ကြရသည်။

စုံထောက်တစ်ယောက်သည် အလောင်း၏အောက်ပိုင်း ဘောင်းဘီအိတ်ထဲမှ တစ်စုံတစ်ခုကို တွေ့ရသဖြင့် ဆွဲထုတ်လိုက်ရာ ထိုအရာဝတ္ထုမှာ သားရေပိုက်ဆံအိတ်ကလေးတစ်ခု ဖြစ်နေသည်။ တစ်ဖန် ထိုသားရေအိတ်ကလေးထဲမှ ကပ်ပြားကလေးတစ်ခု တွေ့ရပြန်သည်။ ထိုကပ်ပြားကလေးမှာ အခြားမဟုတ် "ပြည်သူ့အခွင့်အရေး ကော်မတီမှတ်ပုံတင်" ကပ်ပြားကလေးဖြစ်နေ၍ ထိုကပ်ပြားတွင် ရေးသားထားသည့် အမည်မှာ "မိုက်ကယ် ဟင်နရီရှဝါးနား" ဟူ၍ပင် ဖြစ်သတည်း။

ရက်စက်ဆိုးဝါးလှသည့် လူသတ်မှုကြီးပါတကား။

ညနေ ၃နာရီကျော်ကျော်ရှိနေပြီ ဖြစ်သော်လည်း နေမှာ ကျွမ်းဖြစ်၍ စောစောကထက် ပို၍ပင် အပူရှိန်ပြင်းလာသည်ဖြစ်ရာ စုံထောက်များသည် အရိပ်ရရန်အတွက် အဆိုပါ အလောင်းများဖော်နေသည့် နေရာတစ်ဝိုက်ကို အပေါ်မှ တာရပတ်ရှက်ထည်ကြီးတစ်ခုဖြင့် ယာယီအမိုးတစ်ခု မိုးလိုက်ကြရသည်။

ပထမဆုံး အလောင်းကို တွေ့ကြရပြီဖြစ်သည့်ပြင် အပေါ်မှ မိုးကာကြောင့် အရိပ်ရပြီး အပူသက်သာလာပြီဖြစ်သဖြင့် စုံထောက်များနှင့် အလုပ်သမားများသည် စိတ်ပါဝင်စားစွာဖြင့် ဖို့ထားသည့်မြေကြီးများကို ခပ်မှန်မှန် ဂရုတစိုက် တူးလာခဲ့ကြသည်။

ညနေ ၅နာရီ ၇မိနစ်တိတိအချိန်တွင် နောက်ထပ် အလောင်းတစ်လောင်းကို တူးဖော်မိကြသည်။ ဤအလောင်းမှာမူ အင်ဒရူး၏ အလောင်းဖြစ်သည်။ ရှဝါးနားကဲ့သို့ပင် အင်ဒရူးမှာလည်း မြေပုံကြီးအတွင်း မှောက်လျက်သား ခေါင်းပေါ်သို့ လက်နှစ်ဖက်ဆန့်တန်းနေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဒရူး၏ လက်ဝဲဘက်လက်မှာ လက်သီးတင်းကြပ်စွာ ဆုပ်ထားသည်ကို တွေ့ရ၍ လက်ကို ဖြေကြည့်ကြရာ လက်ဖဝါးထဲတွင် မြေကြီးခဲတခဲကို တွေ့ရသည်။

နောက်မိနစ် အနည်းငယ်အကြာတွင် အင်ဒရူး၏ အလောင်းနှင့် သားချင်းယှဉ်၍ နီဂရိုးကလေးချာနေး၏ အလောင်းကို တွေ့ရပြန်သည်။ ချာနေးအလောင်းမှာမူ မှောက်လျက်မဟုတ်ဘဲ ပက်လက်ဖြစ်နေသည်။

အလောင်းများအားလုံး တွေ့ရပြီဖြစ်၍ တူးဖော်ရေးလုပ်ငန်းကို ရုပ်သိမ်းကာ ထိုနေ့ည ညတွင်းချင်းပင် ဤသတင်းကို ဝါရှင်တန် အက်ဖ်ဘီအိုင်ဌာနချုပ်သို့ တယ်လီဖုန်းဖြင့် ပေးပို့အစီရင်ခံလိုက်ကြသည်။ နောက်တစ်နေ့ နံနက်တွင် သမ္မတဂျွန်ဆင်၏ အိမ်ဖြူတော်မှ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ဤ"အမင်္ဂလာသတင်းကြီး"ကို နယူးယောက်မြို့ရှိ ရှဝါးနားနှင့် အင်ဒရူးတို့၏ မိဘများထံသို့လည်းကောင်း၊ မဲရီဒီယန်မြို့ရှိ ချာနေး၏ ဇနီးထံသို့လည်းကောင်း အကြောင်းကြားလိုက်ကြသည်။

ထူးထူးခြားခြား ရက်စက်ဆိုးဝါးလှသည့် ဤလူသတ်မှုကြီးအကြောင်းနှင့် တာရိုးအတွင်းမှ အလောင်းများ တူးဖော်တွေ့ရှိကြရသည့် သတင်းကို ထိုနေ့မှာပင် သက်ဆိုင်ရာအာဏာပိုင်များက တိုင်းပြည်သို့ ထုတ်ပြန်ကြေညာခဲ့ရာ ကြားရသူတိုင်းမှာ တုန်လှုပ်ချောက်ခြားသွားခဲ့ကြသည်။

လူလူချင်း တစ်ယောက်နှင့်တစ်ယောက် တစ်စုံတစ်ရာ ခိုက်ရန်ဒေါသဖြစ်ပွားခဲ့ခြင်းမရှိ၊ ဘယ်သောအခါကမှ ငြိုးသူရန်ဘက်များလည်း မဟုတ်ကြပါဘဲလျက် "အသားအရောင် ကွဲပြားရုံကလေးမျှ"နှင့် ကြက်ကလေး ငှက်ကလေးများပမာ ရက်ရက်စက်စက် သတ်ဖြတ်၍ ရေကာတာတစ်ခု၏ တာရိုးတွင် အလောင်းများကို မြေဖို့ကာ "စတေး" ခဲ့ကြသည့်အဖြစ်မှာ အဖက်ဖက်က တိုးတက်လှပါသည်၊ ယဉ်ကျေးလှပါသည်၊ အသိဉာဏ် မြင့်မားလှပါသည်ဆိုသော ၂၀ ရာစုနှစ် အမေရိကန်ပြည်





ထောင်စုကြီးအတွက် ရှက်ဖွယ်လိလိ ဖြစ်ခဲ့ရပြီ မဟုတ်ပါလော...?

×××××

အက်ဖ်ဘီအိုင် စုံထောက်များသည် တူးဖော်ရရှိသည့် လူငယ်သုံးယောက်၏အလောင်းများကို ဖီလာဒဲလ်ဖီးယား ဆေးရုံသို့ သယ်ဆောင်လာခဲ့ကြပြီး၊ အသေးစိတ် ထပ်မံစစ်ဆေးကြည့်ရှုကြပြန်သည်။

ရှဝါးနား၏ အလောင်းကို ခွဲစိတ်ကြည့်ကြရာ၌ အဆုတ်၏ လက်ဝဲဘက် အခြမ်းထဲသို့ ရှုးဝင်နေသည့် ပွိုင့် ၃၈ ခြောက်လုံးပြူး ကျည်ဆံထိပ်ဖူးတစ်ခုကို တွေ့ကြရသည်။ ထိုမှတစ်ပါး အခြားသေနတ်ဒဏ်ရာများ လုံးဝ မတွေ့ရသဖြင့် ရှဝါးနားမှာ ဤသေနတ်ဒဏ်ရာတစ်ချက်တည်းဖြင့် "ပွဲချင်းပြီး" သေဆုံးခဲ့ရရှာဟန် တူသည်။

အလားတူပင် အင်ဒရူး၏ ကိုယ်ပေါ်တွင်လည်း သေနတ်ဒဏ်ရာတစ်ခုတည်းသာ တွေ့ရသည်။ သို့သော် အသားမည်းနီဂရိုးကလေး ချာနေးမှာမူ ကျောတွင်တစ်ချက်၊ ဦးခေါင်းတွင်တစ်ချက်၊ ဝမ်းဗိုက်တွင်တစ်ချက်၊ စုစုပေါင်း သေနတ်ဒဏ်ရာ သုံးချက်တိတိ တွေ့ကြရသည်။ နီဂရိုး အသားမည်းကလေးအား ပို၍ "သဲသဲမဲမဲ" ပစ်ခတ်သတ်ဖြတ်ခဲ့ကြဟန် တူသည်။

အလောင်းသုံးလောင်းစလုံးမှာ ပုပ်ပွ၍ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီဖြစ်ရာ သူတို့သုံးယောက်သည် မသေမီက ရိုက်နှက်ထိုးကြိတ်ခြင်းများ ခံခဲ့ရသည်။ မခံခဲ့ရသည်ကို ဒဏ်ရာ ဒဏ်ချက်များ စစ်ဆေး၍မရလောက်အောင် ဖြစ်နေခဲ့သည်။

အက်ဖ်ဘီအိုင်စုံထောက်များသည် နောက်တစ်နေ့တွင် [illegible] တာရှိရာသို့ ထပ်မံလာရောက်ကြ၍ အလောင်းများ တွေ့ရသည့် [illegible] အောက်ဘက်သို့ နောက်ထပ် ၃ ပေခန့် ဆက်လက်တူး[illegible] သေးသည်။ ဤသည်မှာ တစ်စုံတစ်ရာ သဲလွန်စနှင့် သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရလိုကြောင်းဖြစ်သည်။ သို့သော် ထူးထူးခြားခြား ဘာပစ္စည်းတစ်ခုမှ မတွေ့ရဘဲ ရှိသည်။

တစ်ချိန်တည်းတွင် အခြားစုံထောက်အရာရှိများသည် အဆိုပါ ရေတာတာ၏ ပတ်ပတ်လည်အရှေ့ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာသို့ ပခုံးချင်းဖက်၊ လက်ချင်းမဆက်ရုံ တစ်မယ် လူစုလူဝေးဖြင့် တောနင်းကြည့်ကြသည်။ သို့သော် တစ်မိုင်ပတ်လည်အတွင်း တစ်စုံတစ်ရာ သဲလွန်စဟူ၍ ဘာတစ်ခုမှ မတွေ့ရဘဲ ရှိနေပြန်သည်။

ဤအတောအတွင်း မစ်စီစစ်ပီပြည်နယ် နီရှိုဘားခရိုင်အတွင်း၌ စောစောကဖြစ်ပွားခဲ့သည့် ကောလဟာလသတင်းတစ်ခုမှာ တစ်စတစ်စ ပျက်ပြယ်လာခဲ့သည်။ အသတ်ခံရသည့် လူငယ်သုံးယောက်၏ အလောင်းများ မတွေ့ရမီ စောစောပိုင်းက ဤနယ်တစ်ဝိုက်တွင် ကေသုံးလုံးအဖွဲ့ဝင်များ၏ ဝါဒဖြန့်မှုကြောင့် ကောလဟာလတစ်ခု ထွက်ပေါ်လာခဲ့ရာ ယင်းမှာ အခြားမဟုတ် ဤလူငယ်သုံးယောက် ပျောက်ဆုံးနေသော သတင်းသည် မဟုတ်မမှန် လုပ်ကြံသည့်သတင်းဖြစ်သည်။ စီအိုအက်ဖ်အိုခေါ် ပြည်နယ်လုံးဆိုင်ရာ ပြည်သူ့အခွင့်အရေး အဖွဲ့အစည်းများကောင်စီက၊ ၎င်းတို့၏ လှုပ်ရှားမှုကို လူအများ စိတ်ဝင်စားလာစေရန်နှင့် ရံပုံငွေကောက်ခံရာ၌ ပိုမိုရရှိစေရန် ဤ"လံကြုပ်" သတင်းကို လွှင့်ခဲ့ခြင်းဖြစ်သည်ဟူသော ကောလဟာလပင်ဖြစ်သည်။ မူလကပင် အသားအရောင် ခွဲခြားရေးစိတ်ဓာတ် အခြေခံရှိနေ၍ ကေသုံးလုံးအဖွဲ့ကြီး၏ ဩဇာအာဏာသက်ရောက်သည့် နယ်မြေဒေသဖြစ်ရာ အဆိုပါ ကောလဟာလမှာ လူထုအတွင်း ပျံ့နှံ့နေပြီး လူငယ်သုံးယောက် ပျောက်ဆုံးနေသည့်သတင်းကို စောစောပိုင်းက လုံးဝ မယုံကြည်သူများနှင့် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသူများရှိနေခဲ့သည်။

သို့သော် ယခုအခါတွင်မူ အလောင်းများကို အက်ဖ်ဘီအိုင် စုံထောက်များက တူးဖော်တွေ့ရှိခဲ့ရပြီ ဖြစ်သည့်ပြင် ဤလူငယ်သုံးယောက်





စလုံး ရက်ရက်စက်စက် အသတ်ခံရပြီး တာရိုးအတွင်း မြေမြှုပ်ထား အလောင်းများကို "လက်စတုံး" ဖျောက်ဖျက်ထားခဲ့ကြသည်အထိ ရက်စက် ဆိုးဝါးလှသည့် လူသတ်မှုကြီးဖြစ်ကြောင်း အတိအလင်းသိလာကြရပြီဖြစ်သည်။ ဤတွင် စောစောပိုင်းက ကေသုံးလုံးများ တီးတိုးဝါဒ ဖြန့်ခဲ့ကြသည့် ကောလဟာလသတင်းမှာ တစ်စတစ်စ ပျောက်ကွယ်သွားခဲ့ပြီး ရိုးရိုးသားသားဖြင့် အေးချမ်းစွာနေထိုင်လိုကြသည့် သာမန်မြို့သူမြို့သား အရပ်သူအရပ်သားများသည် အသတ်ခံခဲ့ရရှာသည့် လူငယ်များအပေါ် ကရုဏာသက်လာမိကြသည်။ တစ်ချိန်တည်းတွင် ကေသုံးလုံးအဖွဲ့ဝင် လူသတ်သမားများ၏ လူမဆန်သော ရက်စက်မှုကိုလည်း ပြစ်တင်ရှုတ်ချလာကြသည်။

သို့သော် အသားမည်း နီဂရိုး အမျိုးသားများမှာမူ အက်ဖ်ဘီအိုင် စုံထောက်များကို အားကိုးလိုကြသော်လည်း အနှစ်နှစ်အလလ ဖွတ်ဖွတ်ကြေအောင် ခံလာခဲ့ရသည့် အဖြစ်များကြောင့် "နီးရာဓား"ကို မှီ၍ ကြောက်နေကြဆဲပင်ဖြစ်သည်။

သူတို့တတွေကို "ကြောက်လွန်လွန်း" လှသကောဟူ၍ အပြစ်တင်စော၍လည်း မဖြစ်၊ ကြောက်သင့် ကြောက်ထိုက်၍သာ ကြောက်နေကြရခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤလူငယ်သုံးယောက် အသတ်ခံရသည့် အမှုကြီးကို စုံစမ်းထောက်လှမ်းနေဆဲ ၃ လတာမျှကာလ အတွင်းမှာပင် ကေသုံးလုံးအဖွဲ့ဝင်များ၏ အကြမ်းဖက်မှုများကို နေ့စဉ်နှင့်အမျှ ခံခဲ့ကြရသောကြောင့်ဖြစ်သည်။ ဤရက်ပိုင်းလပိုင်းအတွင်း နီဂရိုးများ ဝတ်ပြုသည့် ဘုရားရှိခိုးကျောင်းပေါင်း ၂၇ ကျောင်းမှာ မီးလောင်ကျွမ်းခဲ့ရသည်။ အသားမည်းနီဂရိုးများ၏ နေအိမ်များမှာလည်း ဒိုင်းနမိုက်ယမ်းဘီလူးများဖြင့် ပစ်ခတ်ဖောက်ခွဲခြင်း ခံခဲ့ကြရ၍ ပြည်သူ့အခွင့်အရေး ဆော်မတီဝင် နီဂရိုးများမှာလည်း မကြာခဏ နှိပ်စက်ရိုက်နှက်ခြင်း ခံခဲ့ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါတွင် လူမျိုးခွဲခြားမှု ဆန့်ကျင်ရေးလုပ်ငန်းများကို တစ်စွန်းတစ်စ ဦးဆောင်ကာ စကားပြောမိသည့် မြို့တော်ဝန်တစ်ယောက်မှာ ညအချိန် အိမ်ထဲ၌ ရုပ်မြင်သံကြားကြည့်နေစဉ် အပြင်မှ လက်ပစ်ဗုံးဖြင့် အပစ်ခံခဲ့ရ ရှာသည်။

ဩဂုတ်လ ၄ ရက်နေ့တွင် လူငယ်သုံးယောက်၏ အလောင်းများ ကို တူးဖော်ရရှိခဲ့ကြပြီးနောက် စက်တင်ဘာလဆန်းတွင် နီရိုးဘားခရိုင်တွင်းမှ အက်ဖ်ဘီအိုင် စုံထောက်များသည် ဝါရှင်တန်ရှိတရားဌာနသို့ အမှုနှင့် စပ်လျဉ်း၍ အဖြစ်အပျက်များနှင့် အချက်အလက်များ အပြည့်အစုံ ဖော်ပြပါရှိသည့် အစီရင်ခံစာကြီး တစ်စောင်ကို ပေးပို့လိုက်ကြသည်။ ယင်း အစီရင်ခံစာကြီးတွင် ဤအမှုနှင့်စပ်လျဉ်း၍ မသင်္ကာဖွယ်ရာ လူဖြူများနှင့် အမှုဖြစ်ပွားပုံကို တစ်စုံတစ်ရာ အချက်အလက် အခြေအနေများ သိရှိ ထားကြသည့် လူမည်းများထံမှ စုံစမ်းမေးမြန်း ရရှိခဲ့သမျှတို့ကို စုပေါင်း ဖော်ပြထားသည်။ ထို့ပြင် "အမည်မသိ" ပုဂ္ဂိုလ်တစ်ဦး၏ သတင်းပေးချက် အရ ရေကာတာတစ်ခု၏ တာရိုးအတွင်းမှ အလောင်းများတူးဖော်ရရှိပုံများ ကိုပါ အသေးစိတ်ပါရှိခဲ့ရာ အဆိုပါအစီရင်ခံစာကြီးမှာ စာမျက်နှာပေါင်း ၂၆၇၃ မျက်နှာတိတိရှိခဲ့သည်။

ထိုမျှလောက် "ရှည်လျားထွေပြား" လှသည့် အစီရင်ခံစာကြီး၏ တစ်နေရာတွင် အရေးကြီးသည့် "အခန်း" တစ်ခန်း ပါဝင်ခဲ့သည်။ ထို "အခန်း" မှာ နီရိုးဘားခရိုင်အတွင်းမှ ခရိုင်ရဲအဖွဲ့ လုံခြုံရေးအရာရှိများ ကိုယ်တိုင်က အသားအရောင် ခွဲခြားရေး စိတ်ဓာတ်များ ပြင်းပြင်းထန်ထန် ရှိနေပုံများကို အတိအလင်း အစီရင်ခံထားသည့် "အခန်း" ပင်ဖြစ်သည်။ ဤလုံခြုံရေး ရဲအရာရှိများသည် အာဏာကို အလွဲသုံးစားလုပ်၍ လူဖြူများ ကို "ဘက်" လိုက်ကာ လူမည်းများအား ဖိနှိပ်ပုံ၊ မတော်တဆ ခိုက်ရန် ဖြစ်ပွားမှုများနှင့် အသေးအဖွဲ ခိုးမှုကလေးများဖြင့် အချုပ်ထဲသို့ ရောက်





လာကြသည့် လူမည်းများအား ရက်ရက်စက်စက် ရိုက်နက်စစ်ဆေးပုံများ နှင့်တကွ ယခုဖြစ်ပွားသည့် လူသတ်မှုကြီးတွင် တာဝန်ခံ လုံခြုံရေးအရာရှိ ဒု-လုံခြုံရေးမှူးတို့ကိုယ်တိုင် သင်္ကာမကင်းဖြစ်စရာ တွေ့နေရပုံများတို့ပါ အသေးစိတ်ဖော်ပြထားသည်။

စုံထောက် အရာရှိများသည် အထက်ပါအတိုင်း အစီရင်ခံစာကြီး ကို တရားဌာနသို့ ပေးပို့ခဲ့ကြပြီးနောက် လူသတ်မှုနှင့် စပ်လျဉ်း၍ ဆက် လက် စုံစမ်းထောက်လှမ်းမှုများကို ပြုလုပ်ခဲ့ကြသည်။ ဤအမှုတွင် အလောင်းများကိုပင် ခဲခဲယဉ်းယဉ်း တူးဖော်တွေ့ရှိခဲ့ကြပြီဖြစ်ရာ မကြာမီ "အရိုးတွန်" ၍ လူသတ်တရားခံများသည် ဥပဒေစက်ကွင်းသို့ သက်ဆင်း ကျရောက်တော့မည် မဟုတ်ပါလော?

မှန်သည်။ လူသတ်မှုများတွင် အသတ်ခံရသည့် အလောင်းများ "အရိုးတွန်" သဖြင့် နောက်ဆုံး၌ လူသတ်သမားများ ဘွားဘွားကြီးပေါ် လာတတ်သည်ဟူသော "ရှေးယောင်းအယူအဆ" တစ်ခုမှာ အတော် အတန်မှန်သည်ဟု ဆိုနိုင်သည်။

မဲရီဒီယန်ရဲအဖွဲ့တွင် မစ်လားဆိုသည့် ရဲကြပ်တစ်ဦးရှိသည်။ သူ သည် အသားမည်း နီဂရိုးများကို ရွံရှာမုန်းတီးခဲ့သူတစ်ဦး ဖြစ်၍ ၁၉၆၄ ခု နှစ်ဆန်းစလောက်ကပင် ကေသုံးလုံးအဖွဲ့သို့ လျှို့ဝှက်စွာ ဝင်ရောက်ခဲ့သည်။

ရဲကြပ်မစ်လားသည် နီဂရိုးများကို ခါးခါးသီးသီးမုန်းတီးသူ တစ် ယောက်ဖြစ်သော်လည်း ယခုဖြစ်ပွားသည့် လူသတ်မှုကြီးအကြောင်းကို အပြည့်အစုံ ကြားသိလိုက်ရသောအခါတွင်မူ အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားမိသည်။ အသတ်ခံရသည့် လူငယ်သုံးယောက်အပေါ် ၌ တာသက်မိသည်နှင့်အမျှ မိမိတို့ ကေသုံးလုံးအဖွဲ့ကြီး၏ လူသတ်ကောင် ရက်စက်ဆိုးဝါးလှပုံများကို စက်ဆုပ်ရွံရှာလာမိသည်။ ထို့ပြင် တစ်ချိန် တကယ် ကိုယ့်ကိုယ်ပြန်၍ မေးခွန်းထုတ်ကြည့်လိုက်သောအခါ အလွန်



www.burmeseclassic.com

www.burmeseclassic.com



မည်း နီဂရိုးများအပေါ် မိမိတို့ထားရှိခဲ့သည့် ခါးသီးသောမုန်းတီးမှုမှာ ဘာတစ်ခုမှ မယ်မယ်ရရအခြေခံမရှိဘဲ၊ အကြောင်းမဲ့ အချောက်တိုက် မုန်းတီးခြင်းဖြစ်သည်ကို အလေးအနက် တွေ့မြင်လာမိသည်။

နောက်ဆုံး၌ အမြင်မှန်ရလာသောအခါ ရဲကြပ်ကြီးမစ်လားသည် စစ်တင်ဘာလေ ဒုတိယအပတ်အတွင်း အက်ဖ်ဘီအိုင် စုံထောက်များထံ သွားရောက်တွေ့ခဲ့ကာ သူ့ဘာဝနှင့် သူ့အဖြစ်ကို အမှန်အတိုင်း ဖွင့်ဟပြောကြားခဲ့သည်။ သို့ပြောကြားရာ၌ အသားမည်းနီဂရိုးများအပေါ် သူသဘောထား လွဲမှားခဲ့ပုံများသာမက ကေသုံးလုံးအဖွဲ့သို့ လျှို့ဝှက်ဝင်ရောက်ခဲ့ပုံများနှင့် ၎င်းအဖွဲ့ကြီး၏ လုပ်ငန်းများကို သူသိသလောက် မခြွင်းမချန်ဖွင့်အံခဲ့သည်။

"အခုတော့ ကျုပ်မှားမှန်းသိပါပြီ…၊ ရှေ့လျှောက်လည်း ဒီကေသုံးလုံးနဲ့ မဆက်တော့ပါဘူး…၊ အခုလို မတရားတဲ့ အကြမ်းဖက်မှုတွေလည်း ရွံလာပါပြီဗျာ…"

တကယ် "အကျတ်" တရားရနေပြီဖြစ်သော ရဲကြပ်ကြီး မစ်လားက စုံထောက်များရှေ့တွင် အထက်ပါအတိုင်း ပြောရှာသည်။

သို့သော် ၎င်းသည်မှာ အက်ဖ်ဘီအိုင် စုံထောက်များအတွက် "ချက်ကောင်း" ပင် ဖြစ်သည်။

"ဒါပေမယ့် ဒီကိစ္စမှာ ဒီလိုရှိတယ်ဗျ၊ ခင်ဗျားအနေနဲ့ ဒီမတရားတဲ့အကြမ်းဖက်မှုတွေကို ကိုယ်တိုင်ပါဝင် လုပ်ကိုင်ခဲ့ဖူးလို့၊ ဒီအဖွဲ့ကြီးကို ရွံမုန်းပြီး အဆက်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်တာ ကောင်းလည်း ကောင်းပါတယ်…မှန်လည်းမှန်ပါတယ်…ဒါပေမယ့်"

စုံထောက်အရာရှိသည် လေးနက်တည်ကြည်သော အမူအယာဖြင့် ပြောကြားနေရာမှ ခေတ္တရပ်ကာ မစ်လား၏မျက်နှာကို တစ်ချက်စိုက်၍ ကြည့်လိုက်သည်။ ပြီးမှ…





"ဒါပေမယ့်…ဒီအဖွဲ့ကြီးက ခင်ဗျား ထွက်သွားပေမယ့် ကျန်တဲ့လူတွေကတော့ ခင်ဗျားလိုနောင်တမရဘဲ…ဒီအကြမ်းဖက်မှုတွေနဲ့ မတရားမှုတွေကို ဆက်လုပ်နေကြဦးမှာပဲ…အဲဒီတော့…အဲ…ခင်ဗျားအနေနဲ့ ဒီမတရား အကြမ်းဖက်မှုတွေကို တကယ် လက်စသိမ်းသွားအောင် ခင်ဗျားတတ်နိုင်တဲ့ဘက်က ကြိုးစားရင် ပိုပြီးမကောင်းဘူးလား…"

"ဒါတော့လဲ…ဟုတ်…ဟုတ်ပါတယ်၊ ဒါပေမယ့်…ကျုပ်အနေနဲ့ ဘယ်လိုကြိုးစားရမလဲဆိုတာ…"

ရိုးရိုးသားသားဖြင့် မသိမနားလည်ဘဲ ဖြစ်နေရှာသည့် မစ်လားသည် သူ့စကားကို လက်စမသတ်နိုင်ဘဲ တစ်ပိုင်းတစ်စဖြစ်နေလေရာ… ၎င်းတွင်မှ စုံထောက်အရာရှိက လိုရင်းကို ရှင်းရှင်းပြောရတော့သည်။

"ဒီလိုပါ…ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့နဲ့ အတူတွဲပြီး ဆောင်ရွက်ဖို့ပါပဲ၊ ဆောင်ရွက်တဲ့နေရာမှာလည်း ခင်ဗျား ဒီအဖွဲ့ကြီးထဲက မထွက်ဘဲ ဟန်မပျက်ဆက်နေပြီး ကျွန်တော်တို့ကို အကူညီပေးစေချင်ပါတယ်၊ ဒါဟာ…တိုင်းပြည်အတွက်ရော ခင်ဗျားတို့ မစ်စီစစ်ပီပြည်နယ်အတွက်ပါ ခင်ဗျားထမ်းရွက်သင့်တဲ့ တာဝန်တစ်ရပ်လို့ ကျွန်တော် ထင်ပါတယ်…ဘယ့်နယ်လဲ…?

နှစ်ယောက်သား နာရီဝက်ခန့် ဆွေးနွေးကြပြီးနောက်၊ ရဲကြပ်ကြီး မစ်လားနှင့် စုံထောက်အရာရှိတို့သည် နှစ်ဦးသဘောတူညီချက် ရသွားခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ မစ်လားသည် ကေသုံးလုံးအဖွဲ့ကြီးမှ မထွက်ဘဲ ဆက်နေပြီး ရသမျှအတွင်းသတင်းများကို အက်ဖ်ဘီအိုင်သို့ သတင်းပို့ရမည်၊ ၎င်းအတောအတွင်း မစ်လား၏အသက်အန္တရာယ်ကို အက်ဖ်ဘီအိုင်က အစွမ်းကုန် ကာကွယ်စောင့်ရှောက်ရုံမျှမက သင့်တော်သော ထောက်ပံ့ကြေးများပင် ပေးထားဦးမည်ဖြစ်သည်။

၎င်းသည်မှာ ဓားပြဂိုဏ်းသားများ၊ လူသတ်သမားများနှင့် ဓား



www.burmeseclassic.com

www.burmeseclassic.com



အောက်လှုဆိုများအား စုံစမ်းထောက်လှမ်းရာ၌ အက်ဖ်ဘီအိုင်အဖွဲ့ကြီးက အသုံးပြုနေတဲ့ "ငါးကြင်းဆီဖြင့် ငါးကြင်းပြန်ကြော်" သည့် အစဉ်အလာ လုပ်နည်းတစ်နည်းပင်ဖြစ်သည်။

သို့နှင့်ပင် စုံထောက်များသည် မစ်လား၏ "သတင်းပေးချက်" အရ ကေသုံးလုံးအဖွဲ့ကြီး၏ ခေါင်းဆောင်ဘောင်းဝါးနှင့်တကွ အဖွဲ့ဝင်များ၏ လျှို့ဝှက်လှုပ်ရှားမှုများကို အနိုင်အမာသိလာခဲ့သည်။ ထို့ပြင် ဤနည်းကို အသုံးပြု၍ ကေသုံးလုံးထဲမှ အခြားအဖွဲ့ဝင်များကိုလည်း "လက်သပ်မွေး" ၍ အတွင်းရေးသတင်းများကို စုဆောင်းလာခဲ့သည်။ သို့သော် ထုံးစံအတိုင်း စုံထောက်များသည် "အင်ဖော်မာ" ခေါ် သတင်းပေးသူများ အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် မသိစေရဘဲ အထူးပင်လျှို့ဝှက်ထားခဲ့သည်။

ဤသတင်း ပေးများထံမှ ရရှိသည့် အချက်အလက်များအရ အောက်တိုဘာလကုန်လောက်သို့ ရောက်သောအခါ ကေသုံးလုံး အဖွဲ့ကြီး တစ်ခုလုံး၏ အဖွဲ့ဝင်များစာရင်းနှင့် ၎င်းတို့၏ လှုပ်ရှားမှုများအပြင် လူငယ် သုံးယောက် အသတ်ခံခဲ့ရသည့် အမှုနှင့် စပ်လျဉ်း၍ မည်သူမည်ဝါ ပါဝင် ကျူးလွန်ခဲ့ကြသည်ကိုပါ သတင်း အတိအကျရရှိခဲ့ကြသည်။

ထိုသတင်းများအရ ဤအမှုတွင် ကိုယ်ထိလက်ရောက်ပါဝင် ကျူးလွန်ခဲ့သည်ဟု သိရှိရသော ဘားနက်ဆိုသူ၏နောက်သို့ ခြေရာခံ၍ လိုက်ကြသည်။

ဘားနက်မှာ အသက် ၂၉ နှစ်ခန့်ရှိ၍ မော်တော်ကား အပိုပစ္စည်း များရောင်းသူတစ်ယောက် ဖြစ်သည်။

သို့သော် စုံထောက်များခြေရာခံ၍ လိုက်ကြသည့်အချိန်တွင် ဘားနက်မှာ မဲရီဒီယန်မြို့တွင် မရှိတော့ဘဲဖြစ်နေသည်။ သူသည် အသတ်ခံရ သည့် လူငယ်သုံးယောက်၏အလောင်းများကို တွေ့ရပြီးနောက် ၃ ရက် အကြာတွင် သူ့ဇနီးကိုပါ အပါခေါ်၍ ဤမြို့မှ "လစ်"သွားပြီဖြစ်ကြောင်း သိ





ရသည်။

ဤလူသတ်မှုအတွက် အရေးကြီးသည့် အခြားတရားခံတစ် ယောက်ဟူ၍ ယူဆရသူမှာ အသက် ၃၈ နှစ်ခန့်ရှိ ဂျော်ဒန်ဆိုသူဖြစ်သည်။ သို့သော် ထိုသူမှာလည်း လုံးဝအစအနရှာမရဘဲ "ခြေရာ" ပျောက်နေပြန် သည်။

သို့သော် ပျောက်ဆုံးနေသည့် ထိုနှစ်ယောက်၏ ရုပ်လက္ခဏာ များနှင့် ပုံပန်းသဏ္ဌာန်များကို အတိအကျ သိထားကြပြီဖြစ်သော စုံထောက် များသည် နောက် ၇ ရက်ခန့်အကြာတွင် ဂျော်ဒန်ဆိုသူအား မစ်စီစစ်ပီ ပြည်နယ်အတွင်းမှာပင် ဂတ်ဖ်ပို့မြို့ကလေး၌ အဆောက်အဦ ဆောက်လုပ် ရေး ကုမ္ပဏီတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသည် တွေ့ရသဖြင့် ချက် ချင်းပင် ဖမ်းဆီးခဲ့သည်။

ပထမတွင် ဂျော်ဒန်သည် ဤ ၃ လောင်းပြိုင်လူသတ်မှုနှင့် စပ် လျဉ်း၍ ဘာမှမသိကြောင်း "ဘူးကွယ်"နေခဲ့သည်။ သို့သော် သူ့အား ၄ ကြိမ်မြောက် စစ်ဆေးရာတွင်မှ စုံထောက်များ၏ ကြိုတင် သိရှိထားကြ သည့် အချက်အလက်များကြောင့် မည်သို့မှ မငြင်းနိုင်တော့ဘဲ အမှန်ကို ဖွင့်ဟဝန်ခံခဲ့ရသည်။

တစ်ဖန် နိုဝင်ဘာလထဲတွင် လူးဝစ်စီယားနားပြည်နယ်အတွင်း၌ နောက်တစ်ယောက်ဖြစ်သော ဘားနက်အား တွေ့ရှိဖမ်းဆီးမိခဲ့ကြပြန်သည်။ ထုံးစံအတိုင်း သူကလည်း ပထမတွင် ခပ်တည်တည်ငြင်းသေးသည်။ သို့ သော် စုံထောက်များက သတင်းပေးများထံမှ ရရှိထားသည့် အထောက် အထားများကို အခိုင်အမာ ပြောပြလိုက်သည်တွင် ဘယ်လိုမှ "တင်းမခံ နိုင်တော့ဘဲ ဟုတ်တိုင်းမှန်ရာ ဖြောင့်ချက်ပေးရတော့သည်။

စုံထောက်များသည် ဂျော်ဒန်နှင့် ဘားနက်တို့၏ ဖြောင့်ချက် များကို တရားဝင်ဖြစ်စေရန် ကာယကံရှင်များကိုယ်တိုင် လက်မှတ်ရေးထိုး



www.burmeseclassic.com

www.burmeseclassic.com



စခဲ့သည်။ သူတို့နှစ်ယောက်၏ ဖြောင့်ချက်များနှင့် အခြားကေသုံးလုံး သတင်းဆောင်များထံမှ မှုလက် ရရှိထားခဲ့ကြသည့် အချက်အလက်များကို ဆက်စပ်ကြည့်လိုက်သောအခါ အဆိုပါ လူငယ် ၃ ယောက် အသတ်ခံခဲ့ကြရသည့် ဇွန်လ ၂၁ ရက်နေ့ညက အဖြစ်အပျက်များမှာ "ဟိုနေရာတစ်ကွက် သည်နေရာတစ်ကွက် ရိုက်ကူးထားပြီးနောက် သူနေရာနှင့်သူ အံဝင်ဂွင်ကျဖြစ်အောင် ကားဆက်၍ ရုံတင်ပြသသည့် ရုပ်ရှင်ဇာတ်ကားတစ်ကားပမာ" ဇာတ်လမ်းအပြည့်အစုံ ပေါ်ထွက်လာခဲ့သည်။

ဝမ်းနည်းကြေကွဲဖွယ်ရာ၊ ရင်နာစရာကောင်းလှသည့် ထိုညက ထိုဇာတ်လမ်း အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

xxxxx

နီရှိုဘားခရိုင်မှ လုံခြုံရေးမှူး ပရိုက်စ်သည် ရှဝါးနား အင်ဒရူးနှင့် ချာနေးတို့ ထိုနေ့ နေ့လယ်ပိုင်းက လောင်းဒေးလ်မြို့ကလေးသို့ ရောက်ရှိလာကြပြီး မီးရှို့ခံရသော ဘုရားရှိခိုးကျောင်း အမှုကို စုံစမ်းမေးမြန်းနေကြကြောင်း ခပ်စောစောကပင် သတင်းရရှိထားခဲ့သည်။ သို့ဖြင့် သူသည် ညနေပိုင်းတွင် လူငယ် ၃ ယောက် လောင်းဒေးလ်မှအပြန် လမ်းခုလပ်တွင် စောင့်ကြို၍ "မိုင်ပိုမောင်းမှု"ဖြင့် ဖမ်းဆီးကာ ဖီလာဒဲလ်ဖီးယား ရဲစခန်းသို့ ခေါ်ဆောင်လာခဲ့သည်။

လူငယ် ၃ ယောက်ကို အချုပ်ခန်းထဲသို့ သွင်းပြီးသည်နှင့် တစ်ပြိုင်နက် ပရိုက်စ်သည် မြို့တွင်းရှိ ကေသုံးလုံးအဖွဲ့ဝင်များထံ သွားရောက်ကာ "တို့လိုချင်တဲ့ကောင်တွေ မိထားပြီ" ဟူ၍ သတင်းပို့ခဲ့သည်။ ထို့နောက် ပရိုက်စ်နှင့် ကေသုံးလုံးအဖွဲ့ဝင်များသည် ထိုလူငယ် ၃ ယောက်ကို "အပျောက်" ရှင်းပစ်ကြရန် အသေးစိတ်တိုင်ပင်ခဲ့ကြသည်။ သို့နှင့်ပင် ရဲစခန်းသို့ ပရိုက်စ်ပြန်သွားပြီး ည ၁၀ နာရီ မိနစ် ၃၀ တိတိတွင် လူငယ်





၃ ယောက်ကို အချုပ်မှ လွှတ်လိုက်ရာ ထိုအချိန်၌ ကေသုံးလုံးအဖွဲ့ဝင်များသည် ယုတ်မာပက်စက်လှသည့် ဤလူသတ်မှုကြီးကို ကျူးလွန်ကြရန် တစ်နေရာမှ ကားနှစ်စီးဖြင့် အသင့်စောင့်လျက်သား ရှိနေကြပြီဖြစ်သည်။ သို့စောင့်နေကြရင်းက လူငယ် ၃ ယောက်ကို သတ်ပစ်ပြီးလျှင် အလောင်းများကို ဘယ်လိုလုပ်ဖျောက်ဖျက်ပစ်ကြမည်ကို တိုင်ပင် ဆွေးနွေးကြရာ တစ်ယောက်က "ဒီကိစ္စက အလွယ်ကလေးပါ၊ ဒီကောင်တွေအလောင်းကို မြှုပ်ပစ်ဖို့နေရာ ကျုပ်တွေ့ထားပြီးပါပြီ..." ဟူ၍ ခပ်လွယ်လွယ်ပင် အဖြေပေးလိုက်သည်။

ဒု-လုံခြုံရေးမှူး ပရိုက်စ်သည် လူငယ် ၃ယောက်အား အချုပ်မှ လွှတ်လိုက်ပြီးနောက် သူတို့စီးလာကြသည့် စတေရှင်ဝက်ဂွန်ကားကလေး ရှိရာသို့ လိုက်ပို့လိုက်သေးသည်။ ထို့နောက် သူတို့ ၃ ယောက်အား ယခု ညတွင်းချင်း ဤမြို့မှထွက်ခွာသွားကြရန် စေတနာကောင်းဖြင့် သတိပေးသလိုလို ပြောကြားကာ ရဲစခန်းသို့ ပြန်လာခဲ့သည်။

ထိုအချိန်က ရဲစခန်းတွင် အခြားရဲအရာရှိတစ်ယောက်ရှိနေသည်။ ပရိုက်စ်သည် ထိုရဲအရာရှိ ထွက်သွားသည်အထိ ခေတ္တမျှ စောင့်ကာ သူ ထွက်သွားလျှင်သွားခြင်း ရဲစခန်းမှ တကြော ပြန်ထွက်လာခဲ့ပြီး မြို့တောင်ဘက်တွင် ကား ၂ စီးဖြင့် အဆင်သင့်စောင့်နေကြသည့် ကေသုံးလုံး အဖွဲ့ဝင်များရှိရာသို့ ကတိုက်ကရိုက်ရောက်လာခဲ့သည်။

ထို့နောက် သူကိုယ်တိုင် ခေါင်းဆောင်ကာ မှန်မှန်သည့် လရောင်အောက်၌ အမှတ် ၁၉ အဝေးပြေးလမ်းမကြီးပေါ်တွင် ရှေ့မှမောင်းသွားသည့် ရှဝါးနားတို့ ကားနောက်သို့ ဒလကြမ်းလိုက်ခဲ့သည်။

သူတို့လူသိုက်မှာ ကား ၃ စီးဖြင့်ဖြစ်သည်။ ရှေ့ဆုံးမှကားမှာ ပရိုက်စ်ကိုယ်တိုင် မောင်းသည့် ရဲဝိုင်ယာလက်ကားဖြစ်သည်။ ထို့နောက်တွင် ဖို့ဒ်ကားဖြစ်၍ ဘားနက်ဆိုသူက မောင်းသည်။ နောက်ဆုံးကားမှာ



www.burmeseclassic.com

www.burmeseclassic.com



သော ချက်ပလက်အနီကလေးကိုမူ ပေါ်စီဆိုသူက မောင်းသည်။ ပေါ်စီမှာ အသက် ၂၅ နှစ်ခန့်ရှိပြီဖြစ်၍ မော်တော်ကား အလုပ်ရုံတစ်ခုတွင် အလုပ်သမားတစ်ဦးဖြစ်သည်။

မြို့မှထွက်လျှင်ထွက်ခြင်း နောက်ဆုံးမှ ပေါ်စီမောင်းလာသည့် ချက်ပလက်ကားကလေးမှာ ရုတ်တရက် စက်ချို့ယွင်း၍ ထိုးရပ်သွားခဲ့သဖြင့် ဆက်မလိုက်နိုင်ဘဲ ထိုနေရာတွင်ပင် ကျန်ရစ်ခဲ့သည်။ သို့သော် ဒုတိယကားကို မောင်းလာသည့် ဘားနက်သည် မိမိရှေ့မှ စက်ကုန်ဖွင့်၍ ရှဝါးနားတို့ကို ဒလကြမ်းလိုက်နေသော ပရိုက်စ်၏ကားကို အမှီလိုက်လာနိုင်ခဲ့သည်။

တကယ့်သေပြေး ရှင်ပြေး ရှေ့မှ တအားမောင်း၍ ပြေးလာခဲ့သော နီဂရိုးကလေး ချာနေသည် ဘယ်လိုမှ ပြေးမလွတ်တော့ဘဲ နောက်ကားက မီလုမီခင်ဖြစ်လာသဖြင့် သူ့ကားကို လမ်းဘေးသို့မောင်းချပြီး တောထဲသို့ မောင်းပြေးရန် ကြိုးစားသေးသည်။ သို့သော် ထိုအချိန်မှာပင် ပရိုက်စ်၏ ကားကမီလာ၍ မပြေးသာတော့ဘဲ ထိုးရပ်ပေးလိုက်ရသည်။

ပရိုက်စ်သည် ရဲကားပေါ်မှ စိတ်ဆိုးမာန်ဆိုးဖြင့် ဆင်းလာပြီး ရပ်ထားသော ကားပေါ်မှ လူငယ် ၃ ယောက်အား လှမ်းဟောက်လိုက်သည်။

"ဟေ့ . . . ဒါဘာလုပ်တာလဲ၊ မင်းတို့မြို့ထဲကို ပြန်လှည့်မောင်းမလို့မဟုတ်လား"

"သူနိုးက လူလူ" ဟစ်လိုက်ခြင်းပင်ဖြစ်သည်။

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ ရှေ့ဆက်မောင်းနေတာပါ"

ချာနေသည် မောပန်းနေသည့်အကြားမှ ကြောက်လန့်တကြား ပြောလိုက်ရသည်။

"မင်း ကားကို နောက်ပြန်လှည့်ဖို့ကွေ့လိုက်တာ ငါကိုယ်တိုင် အသေအချာ မြင်လိုက်ရဲသားနဲ့ . . . ကဲ စကားများမနေနဲ့ကွာ ကားပေါ်က





အားလုံးဆင်းကြ"

ပရိုက်စ်သည် ပြောပြောဆိုဆိုဖြင့် စတေရှင်ဝက်ဂွန် ရှေ့ခန်းမှ တံခါးကို ဆွဲဖွင့်ကာ ချာနေအားကားပေါ်မှ အောက်သို့ခေါင့်ဆွဲချလိုက်သည်။ ရှဝါးနားနှင့် အင်ဒရူးတို့မှာလည်း သူတို့ကားပေါ်မှ ဆင်းကာ ရဲကားပေါ်သို့ တက်ကြသည်။ ချာနေသည် ရဲကားပေါ်သို့အတက်တွင် နောက်မှပရိုက်စ်က သူ့လက်ထဲတွင် အသင့်ပါလာသည့် မော်တော်ကားထောက်သည့် "ဂျိုက်"နှင့် ခေါင်းတစ်ချက် အရိုက်ခံလိုက်ရသေးသည်။

ထို့နောက် ပရိုက်စ်၏ အမိန့်အရ ကေသုံးလုံးအဖွဲ့ဝင် တစ်ယောက်က ချာနေတို့စီးလာသည့် မော်တော်ကားကို တက်မောင်းခဲ့ပြီး ကားသုံးစီးတန်း၍ ထိုနေရာမှ ထွက်လာခဲ့ကြသည်။ သူတို့အားလုံး ဖီလာဒဲလ်ဖီးယားမြို့ဆီသို့ ဦးတည်၍ ပြန်မောင်းလာခဲ့ကြရာ ထိုအချိန်အထိ ရှဝါးနားတို့သည် မိမိတို့အပေါ် ကျရောက်လာမည့် ကြမ္မာဆိုးကြီးကို မရိပ်မိကြသေးဘဲ မိမိတို့အား မြို့ထဲသို့ပြန်ခေါ်လာပြီး အချုပ်ထဲ ပြန်ထည့်ထားလိမ့်မည်ဟု ယူဆနေခဲ့ကြဟန်တူသည်။

ကားသုံးစီး ရှေ့နောက်တန်း၍ မောင်းလာခဲ့ကြရာမှ ခပ်စောစောက အလာတွင် ကားပျက်၍ ကျန်ရစ်နေခဲ့သည့် ချက်ပလက်ကားအနီကလေးကို ယခင်နေရာမှာပင် တွေ့ကြရသည်။ ကားမှာ စက်နှိုးရသဖြင့် နေရာမရွေ့သေးဘဲ ရှိနေသည်။ ထိုချက်ပလက်ကားနှင့်အတူ ရှိနေကြသော ကေသုံးလုံးအဖွဲ့ဝင်များနက် တစ်ယောက်မှာ ရေဘတ်ဆိုသူဖြစ်၍ အသက် ၂၆ နှစ်ခန့်ရှိ အရောင်းစျေးသည်တစ်ဦး ဖြစ်သည်။ ရေဘတ်သည် အခြား ၂ ယောက်နှင့်အတူ ဘားနက်မောင်းသည့် ထိုကားကြီးပေါ်သို့ ထိုင်ရန် တက်လိုက်လာခဲ့သည်။

သို့ဖြင့် ဆက်လက်မောင်းလာခဲ့ကြရာ ခဏအကြာတွင် ရှေ့ဆုံးမှ ခေါင်းဆောင်၍ ရဲကားကိုမောင်းလာသည့် ပရိုက်စ်သည် လမ်းချိုးမှ



www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲဘက်သို့ချိုးကွေ့လိုက်သည်။ သူသည် ကတ္တရာစေးလမ်းခွဲမှကာ မြေလမ်းကလေးအတိုင်း ဆင်း၍ မောင်းလာခဲ့ပြီး မကြာမီ တစ်နေရာ၌ ကားကို ထိုးရပ်လိုက်သည်။ ရှေ့ဆုံးမှ ကားရပ်လိုက်သဖြင့် နောက်ကား နှစ်စီးပါ ရပ်လိုက်ကြသည်။

ဤနေရာအရောက်တွင် ဇာတ်လမ်းမှာ နှစ်မျိုးဖြစ်သွားသည်။ ကျော်ဒန်နှင့် ဘားနက်တို့၏ ဖြောင့်ချက်များ၌ ဤနေရာတွင် တစ်ယောက်နှင့်တစ်ယောက် မတူဘဲ ကွဲလွဲနေသည်ကို တွေ့ရသည်။

ကျော်ဒန်ပေးသည့် ဖြောင့်ချက်တွင် ကတ္တရာစေးလမ်းမကြီးမှ မြေလမ်းကလေးအတိုင်း လမ်းခွဲ၍ ကားများမောင်းသွားကြစဉ် သူသည် နောက်မှ လိုက်ပါလာမည့် ချက်ပလက်ကားကို စောင့်ကြိုရန်အတွက် ထိုနေရာတွင် ကားပေါ်မှ ဆင်းနေရစ်ခဲ့သည်ဟု ဆိုသည်။ ထိုသို့ လမ်းဆုံ၌ ဆင်းနေရစ်ခဲ့စဉ် ကားများသည် မြေလမ်းကလေးအတိုင်း ဆက်မောင်းသွားကြ၍ ခဏအကြာ၌ ကားရပ်သံများကိုကြားရပြီး နောက်ထပ် သေနတ်သံများပါ ဆက်တိုက်ကြားရသည်ဟု ဆိုသည်။ သို့နှင့်ပင် ကားများရှိသည့်နေရာသို့ ဆက်လိုက်သွားရာ ထိုနေရာသို့ သူရောက်သွားသည့်အခါ လူငယ် သုံးယောက်စလုံးမှာ သေဆုံးနေပြီဖြစ်သည်ဟု အစစ်ခံခဲ့သည်။

သို့သော် ဘားနက်၏ အစစ်ခံချက်မှာ ဤနေရာ၌ တစ်မျိုးတစ်ဖုံ ဖြစ်နေသည်။ ဘားနက်က လူငယ်သုံးယောက်အား သေနတ်ဖြင့် ပစ်သတ်ကြစဉ်က ထိုနေရာတွင် ကျော်ဒန်ရှိနေသည်ဟု ဆိုသည်။

"အဲဒီနေရာရောက်တော့ ကျွန်တော် ကားပေါ်က မဆင်းခင်မှာတဲ ရောဘတ်ဟာ ကျွန်တော့်ကားဘေးနားဖြတ်ပြီး ပရိုက်ရဲ့ကားရှိရာကို ပြေးသွားပါတယ်၊ ကားနားရောက်တော့ လက်ဝဲဘက်က ကားတံခါးကိုဖွင့်ပြီး ရှဝါးနားကို ကားပေါ်ကဆွဲချလိုက်ပါတယ်။ ပြီးတော့ ရှဝါးနားကို သူနဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်လိုက်ပြီး "မေညီးတွေအတွက် အကျိုး





တော်ဆောင် လုပ်နေတာ မင်းလားကွ" လို့ မေးပါတယ်။ ရှဝါးနားက "ခင်ဗျားတို့စိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော် နားလည် ပါတယ်" လို့ ပြန်ပြောပါတယ်။ ဒီလိုပြောတုန်းမှာပဲ ရောဘတ်က သူ့လက် ထဲမှာ ကိုင်ထားတဲ့ ပစ္စတိုသေနတ်နဲ့ ရှဝါးနားကို တေ့ပြီးပစ်ချလိုက်တာပါ ပဲ။ အဲဒီလို ပစ်ချလိုက်ပြီးတဲ့နောက် ပရိုက်စ်ရဲ့ ကားရှိရာကို ပြန်သွားပြီး တစ်ခါ အင်းဒရူးကို ကားပေါ်ကဆွဲချလိုက်ပြန်ပါတယ်။ အင်ဒရူးကိုလည်း ကားလမ်းရဲ့ လက်ဝဲဘက်ကို ဆွဲခေါ်သွားပြီး အဲဒီနေရာမှာပဲ ပစ်သတ် လိုက်ပြန်ပါတယ်။ အဲဒီအချိန်မှာ ကျော်ဒန်က "ဟေ့ ငါ့အတွက်လည်း တစ်ယောက်ချန်ပါဦးကွ" လို့ လှမ်းအော်ရင်းနဲ့ ပရိုက်စ်ရဲ့ကားရှိရာ ပြေး သွားပြီး ချာနေးကို ကားပေါ်ကဆွဲချပါတယ်။ ကျွန်တော်မှတ်မိသလောက်ဆို ရင် ချာနေးဟာ ကားပေါ်က အောက်ရောက်တော့ လမ်းဘက်ကို မျက်နှာ လှည့်ပြီး ကျော်ဒန်ကို ကျောပေးရပ်နေပါတယ်။ အဲဒီအချိန်မှာပဲ ကျော်ဒန် ဟာ လမ်းလယ်ခေါင်ကရပ်ပြီး ချာနေးကို ပစ်သတ်လိုက်တာပါပဲ။ နောက် ပြီးတော့ ကျော်ဒန်က ရောဘတ်ကို လှမ်းပြောပါသေးတယ်၊ "မင်းက ငါ့ အတွက် မေညီးတစ်ကောင်ပဲ ချန်ထားတော့ ကျန်တဲ့မေညီးကိုပဲ ငါက ဖြောင်လိုက်ရတာပေါ့" လို့ လှမ်းပြောပါသေးတယ်"

ဤလူသတ်မှုတွင် ကာယကံမြောက် ကျူးလွန်ရာ၌ ဗိုင်ပါဝင်ခြင်း မရှိပါဟု ကျော်ဒန်က ထွက်ဆိုခဲ့သော်လည်း ဘားနက်၏ အထက်ပါအစစ် ခံချက်အရ ကျော်ဒန်သည် ချာနေးအား ကိုယ်တိုင်ပစ်သတ်ခဲ့ကြောင်း တွေ့ နေရသည်။

မည်သို့ပင်ဖြစ်စေ၊ ဤကွဲပြားနေသည့် "ဝိဝါဒ" ကို ရှင်းလင်းရာ အမှန်အတိုင်း ဖော်ထုတ်ခဲ့သည်။

အက်ဗ်ဘီအိုင် ဌာနချုပ်မှ ကျည်ဆံပါရဂူများ၏ [illegible] ရှဝါးနားနှင့် အင်ဒရူးတို့၏ခန္ဓာကိုယ်ထဲမှ တွေ့ရှိရသည့် ကျည်ဆံများ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုသည်လည်းကောင်း၊ ချာနေး၏ နောက်ကျောတွင် တွေ့ရှိရသည့် ကျည်ဆံထိပ်ဖူးတစ်ခုသည်လည်းကောင်း၊ ဤထိပ်ဖူး ၃ ခုစလုံးသည် သေနတ်တစ်လက်တည်းမှ ပစ်လိုက်သည့် ကျည်ဆံထိပ်ဖူးများဖြစ်ကြောင်း ထင်ရှားနေသည်။ သို့သော် ချာနေး၏ အခြားဒဏ်ရာတစ်ခုဖြစ်သော ဝမ်းဗိုက်အတွင်းမှ ကျည်ဆံထိပ်ဖူးမှာမူ အခြားသေနတ်တစ်လက်မှ ပစ်လိုက်သည့် ကျည်ဆံတစ်ခုဖြစ်သည်ကို စစ်ဆေးတွေ့ရှိရပြန်သည်။ ဤအချက်ကို ထောက်ရှု၍လည်းကောင်း၊ နောက်ထပ်ရရှိသည့် သက်သေထွက်ချက်များကို ထောက်ရှု၍လည်းကောင်း၊ ချာနေးအား ပစ်သတ်ရာတွင် ,ရော်ဒန်ပါဝင်ခဲ့ကြောင်း ထင်ရှားနေသည်။

ဇာတ်လမ်းမှာ မပြီးဆုံးသေး၊ ဆက်ရန်ရှိသေးသည်။

လူငယ် ၃ ယောက်စလုံးကို အတုံးအရုံးပစ်သတ်ခဲ့ကြပြီးနောက် ပေါ်စီဆိုသူက "ကဲ ကိစ္စပြီးရင် ဒီကောင်တွေကို သူတို့ကားပေါ်တင်ပြီး "ဟိုနေရာ" ကို သွားကြစို့" ဟု နှိုးဆော်လိုက်သည်။

"ဟိုနေရာ" ဆိုသည်မှာ လူငယ် ၃ ယောက်အား မြှုပ်နှံပစ်ကြမည့် ရေကာတာရှိသည့်နေရာကို ဆိုလိုခြင်းဖြစ်သည်။

ထိုအချိန်က ရေကာတာမှာ မြေများဖို့ကာစဖြစ်နေ၍ သိပ်မမြင့်သေးဘဲ ရှိနေသည်။

လူသတ်သမား ကေသုံးလုံးအဖွဲ့ဝင်များသည် ထိုနေရာသို့ ရောက်လျှင် အလောင်းများကို ဖို့လက်စ ရေကာတာပေါ်သို့ ပစ်တင်လိုက်ကြသည်။ ထို့နောက် အနားတွင် အသင့်ရှိနေသော မြေညှိစက် ဘူလ်ဒိုဇာကြီးကို မောင်းလာပြီး အလောင်းများကို မြေများဖို့၍ "စတေး" လိုက်ကြသည်။ မိနစ်ပိုင်းအတွင်းမှာပင် ကိစ္စအားလုံးပြီးသွားသည်။

သူတို့သည် တစ်စုံတစ်ယောက်က ဤအလောင်းများ တွေ့သွားမည်ကို လုံးဝစိုးရိမ်စရာမလိုဟု "အပိုင်" တွက်ထားကြသည်။ အဘယ့်





ကြောင့်ဆိုသော် နောက်တစ်နေ့တွင် ဤရေကာတာ ဆောက်လုပ်သည့် အလုပ်သမားများ ရောက်လာပြီး သူတို့မြှုပ်ထားသည့် အလောင်းများပေါ်မှ သည့်ထက်သည် ထုထည်ကြီးမားသည့် မြေစိုင်မြေခဲများကို အမြင့်ပေ ၂၀ ထိအောင် ထပ်မံဖို့ပစ်ကြဦးမည်ဖြစ်သည်။

သို့ဖြစ်ရာ ဤအလောင်းများသည် ဘယ်သောအခါမှ ပြန်ပေါ်လာစရာ မရှိတော့ဘဲ လက်စတုံး ပျောက်ကွယ်သွားလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်နေကြသည်။

ထို့နောက် သူတို့သည် နောက်ဆုံးလက်ကျန် အလုပ်တစ်ခုကို ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။ ထိုအလုပ်မှာ လူငယ် ၃ ယောက်စီးလာကြသည့် စတေရှင်ဝက်ဂွန်းကားကလေးကို မြို့၏အရှေ့မြောက်ဘက် ဆယ်မိုင်ကျော်အကွာသို့ မောင်းသွားပြီး ထိုနေရာတွင်ပင် ဓာတ်ဆီလောင်း မီးရှို့လိုက်ခြင်းပင် ဖြစ်သည်။

ဤသို့ဖြင့် မစ်စီစစ်ပီပြည်နယ်ရှိ နီဂရိုးများ၏ အခြေခံအခွင့်အရေးအတွက် ရှေ့တန်းမှ ဆောင်ရွက်နေကြသည့် လူငယ်သုံးယောက်သည် ပြည်နယ်လုံးဆိုင်ရာ ကေသုံးလုံးအဖွဲ့ကြီး၏ ခေါင်းဆောင် ဆမ်ဘောင်ဒါး၏ အမိန့်အရ ရက်စက်စွာ အသတ်ခံခဲ့ရရုံမျှမက အလောင်းများကိုပါ လက်စတုံးအောင် ဖျောက်ဖျက်ပစ်ခြင်း ခံခဲ့ကြရသည်။

ဤသည်ပင်လျှင် ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ညက တုန်လှုပ်ချောက်ချားဖွယ်ရာ ဆိုးဆိုးဝါးဝါး ဖြစ်ပွားခဲ့သည့် လူသတ်မှုကြီး၏ ဇာတ်လမ်းဇာတ်ကွက် အပြည့်အစုံ အကုန်အစင်ပင်ဖြစ်သည်။

×××××

ဒီဇင်ဘာလ ၃ ရက်နေ့ညဖြစ်သည်။

ထိုညတွင် မဲရီဒီယန်မြို့ အက်ဖ်ဘီအိုင်ရုံးခန်းမှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်သန်းခေါင်အထိ တွေ့မြင်နေရသည်။ ဤမီးရောင်များအောက်တွင် ခုထောက်အရာရှိများသည် လွန်ခဲ့သည့် ၆ လခန့်က ဖြစ်ပွားခဲ့သည့် ၃ ယောင်းဗြိုင် လူသတ်မှုကြီးနှင့် စပ်လျဉ်း၍ ကာယကံမြောက် ကိုယ်တိုင်ပါဝင်ကျူးလွန်ခဲ့ကြသူများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်း၊ ဤအမှုကြီးတွင် အားပေးအားမြောက် ပြုလုပ်ခဲ့ကြသည်ဟု ယူဆရသော လူပေါင်း ၂၁ ယောက်တို့အား နောက်တစ်နေ့နံနက်တွင် တစ်ပြိုင်တည်း တစ်ချိန်တည်း ဖမ်းဆီးကြရန် အသေးစိတ် ပြင်ဆင်စီစဉ်လျက်ရှိနေကြသည်။

အဆိုပါ လူပေါင်း ၂၁ ယောက်အနက် ၁၉ ယောက်တို့မှာ အမှုနှင့် တိုက်ရိုက်ပါဝင် ပတ်သက်နေကြသူများဖြစ်၍ ကျန်နှစ်ယောက်မှာမူ ဤရာဇဝတ်မှုကြီးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အာဏာပိုင်များအား အဖြစ်မှန်ကို မတိုင်ကြားဘဲ ထိန်ချန်ထားသူများဖြစ်ကြသည်။

နောက်တစ်နေ့နံနက်လင်းလျှင် လင်းခြင်း လူဖမ်းပွဲကြီးကို စတင်ခဲ့သည်။ အဖမ်းခံရသူများထဲတွင် ရဲလုံခြုံရေးမှူး ရိန်းနေးနှင့် ဒု-လုံခြုံရေးမှူး ပရိုက်စ်တို့ ပါဝင်ခဲ့ကြသည်။

ထို့နောက် ဤအမှုကြီးကို ဒီဇင်ဘာလ ၁၀ ရက်နေ့မှစတင်၍ ရုံးသို့ တရားစွဲဆို တင်ပို့ခဲ့သည်။

သုံးလောင်းဗြိုင် လူသတ်မှုကြီးကို အက်ဖ်ဘီအိုင်အဖွဲ့ကြီးက ယခုကဲ့သို့ ကြိုးကြိုးပမ်းပမ်း ထောက်လှမ်း၍ လက်သည်တရားခံများအား ဖမ်းဆီးနိုင်ခဲ့သည်ကို သတင်းစာများနှင့် အများပြည်သူတို့က ချီးကျူးသြဘာ ပေးနေကြ ပြုခဲ့ကြသည်။ သို့သော် အသတ်ခံရသည့် ရှဝါးနား၏ ဇနီးဖြစ်သူ မှဆိုးမကလေး ရီတာကမူ ဒီအမှုမှာ တရားခံလူသတ်သမားတွေကို ထိုက်တန်တဲ့ အပြစ်ရအောင် မလုပ်နိုင်ရင်တော့ အခုလိုဖမ်းမိတယ်ဆိုတာဟာ အလကားနေမှာပါပဲ" ဟူ၍ မှတ်ချက်ချခဲ့သည်။





သူမ၏မှတ်ချက်မှာ အလွန်လေးနက်သည်ဟု ဆိုရမည်ဖြစ်သည်။ အကြောင်းသော်မူ တရားဥပဒေဟူသည် "မျှော့ကြိုးပမာ" ဆွဲချင်တိုင်း ဆွဲ ဆန့်ချင်တိုင်း ဆန့်၍ရသည့် အရာဝတ္ထုတစ်ခု ဖြစ်သည့်ပြင်၊ အမေရိကန်ပြည်ထောင်စုကဲ့သို့ အရင်းရှင်စနစ် အထွတ်အထိပ်ရောက်နေပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စများတွင် အမျိုးမျိုးအဖုံဖုံကွဲပြား ခြားနားမှုများ ရှိနေသည့် နိုင်ငံကြီးတစ်နိုင်ငံ၌ ဤလူသတ်မှုကြီးမှာ လပေါင်းများစွာ ကြာညောင်းသည့်တိုင်အောင် စစ်ဆေး၍ မပြီးနိုင်သောကြောင့် ဖြစ်သည်။

နောက်ဆုံး လပေါင်း ၃၆ လ၊ (၃ နှစ်ကျော်) မျှ ကြာညောင်းခဲ့ပြီး ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်မှ ဤလူသတ်မှုကြီးနှင့် စပ်လျဉ်း၍ အပြီးသတ်စီရင်ချက်ကို ချမှတ်နိုင်ခဲ့ကြသည်။

သို့တိုင်အောင် အမေရိကန်ပြည်ထောင်စု၏ *ထူးခြားဆန်းကြယ်လှသည့် တရားစီရင်ရေးအစဉ်အလာအရ လူငယ် ၃ယောက်အား ကာယကံမြောက် သေနတ်ဖြင့် ပစ်သတ်ခဲ့သည့် ရောဘတ်နှင့် ကေသုံးလုံးအဖွဲ့ခေါင်းဆောင် ဆမ်ဘောင်းဝါးတို့နှစ်ဦးမှာ ထောင်ဒဏ်ဆယ်နှစ်စီသာ အပြစ်ပေးခံခြင်းခံခဲ့ကြရပြီး၊ အခြားလူသတ်သမား တရားခံတစ်ဦးဖြစ်သူ ရော်ဒန်မှာ ထောင်ဒဏ် လေးနှစ်သာ အပြစ်ပေးခံခဲ့ရသည်။ လူသတ်မှုတွင် အရေးပါ အရောက်သည့် ဒု-လုံခြုံရေးမှူး ပရိုက်စ်မှာလည်း အခြားတရားခံတစ်ဦးဖြစ်သူ ပေါ်စီနှင့်အတူ ထောင်ဒဏ် ၆ နှစ် အပြစ်ပေးခြင်းခံခဲ့ကြရသည်။ အချင်းဖြစ်ပွားစဉ်က ပါဝင်ခဲ့သော်လည်း ကာယကံမြောက် ကျူးလွန်ခြင်း

---

* အမေရိကန်ပြည်ထောင်စု ဗဟိုအစိုးရအဖွဲ့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးအရ ပြည်နယ်များတွင် ဖြစ်ပွားသော လူသတ်မှုများတွင် နိုင်ငံသားအခွင့်အရေးဆိုင်ရာ ပုဒ်မများ ဆုံးရှုံးနစ်နာခြင်းမရှိပါက တရားခံများကို လူသတ်မှုအရ တရားစွဲဆိုခြင်းမပြုနိုင်ဘဲ၊ ပြည်သူ့အခွင့်အရေးများ ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ဖျက်ဆီးသည့်ပြစ်မှုဖြင့်သာ တရားစွဲဆိုနိုင်ခွင့်ရှိသည် ဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ခရှိခဲ့သည့် ဘားနက်မှာမူ ထောင်ဒဏ် ၃ နှစ်ကျခံရ၍ ခရိုင်လုံခြုံရေး အရာရှိရုံးနေအားကိုမူ ရုံးတော်က တရားသေလွှတ်ပစ်ခဲ့သည်။

သို့ဖြင့် တစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချား၍ သမ္မတ ဂျွန်ဆင် ကိုယ်တိုင် အရေးယူခဲ့ရသည့် ဤလူသတ်မှုကြီးသည် အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကြီး၏ ရာဇဝတ်မှုသမိုင်းတွင် အထင်အရှား အမှတ်အသား ပြုခဲ့ရသည့် မှုခင်းကြီးတစ်ခု ဖြစ်လာခဲ့သည်။

စင်စစ် ဤလူသတ်မှုကြီးသည် အက်ဖ်ဘီအိုင်၏ မှတ်တမ်းဝင် မှုခင်းအဖြစ်သာမကဘဲ အမေရိကန်ပြည်ထောင်စုကြီးအတွက် အထူးပင် ရှက်ဖွယ်ကောင်းလှသည့် အမှုကြီးတစ်ခုအဖြစ် ကျန်ရှိနေပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် မယုံကြည်နိုင်လောက်အောင် တိုးတက်လာနေသည့် သိပ္ပံအတတ်ပညာများကို အစွမ်းကုန်အသုံးပြုကာ လကမ္ဘာ၏မျက်နှာ ပြင်ပေါ်တွင် အကြိမ်ကြိမ် ခြေချနိုင်ခဲ့ကြခြင်းဖြင့် ရှေးပဝေသဏီက ဘိုးဘွားဘီဘင်များ၏ "ဒဏ္ဍာရီအိပ်မက်" ကို လက်တွေ့အကောင်အထည် ဖြစ်အောင် အံ့မခန်း စွမ်းဆောင်နိုင်ခဲ့ကြသည့် အမရိကန်ပြည်သူများ၏ မဟာပထဝီမြေကြီးပေါ်၌ ပခုံးနှစ်ဖက်အကြားမှ ဦးခေါင်းပေါက်သည့် လူသားအချင်းချင်း အသားအရောင် ကွဲပြားမှုတစ်ခုတည်းကို အခြေပြု၍ ကျူးလွန်ခဲ့သော ရက်စက်ဆိုးဝါး တုန်လှုပ်ချောက်ချားဖွယ်ရာ ကောင်းလှသည့် ဤလူသတ်မှုကြီးသည် အမေရိကန်ပြည်ထောင်စုကြီး၏ အနာဂတ် သမိုင်းအဆက်ဆက်တွင် ထာဝရ ဖျောက်ဖျက်မရသည့် အမည်းစွက်ကြီး တစ်ခု ဖြစ်နေသောကြောင့်တည်း။

×××××





## "စိတ်မနှံ့သည့်အရူး" တစ်ယောက်နှင့် လေယာဉ်အပိုင်စီးမှုတစ်ခု

ကောင်းကင်ယံတွင် ပျံသန်းနေသည့် လေယာဉ်များကို လက်နက်ဖြင့် ခြိမ်းခြောက်ကာ အပိုင်စီးသည့် အမှုများမှာ ယခု ၁၉၇၀-၇၁ ခုနှစ်များတွင် အာရှတိုက်မှ အိန္ဒိယအပါအဝင် နိုင်ငံအတော်များများ၌ မကြာခဏဖြစ်ပွားနေကြသဖြင့် ရိုးနေပြီဖြစ်၏။ သို့သော် လွန်ခဲ့သည့် ၁၀ နှစ် (၁၉၆၁-ခုနှစ်)က ဒေါ်လာ ၅ သန်းကျော်တန် ဂျက်လေယာဉ်ကြီးတစ်စင်းကို အမေရိကန်ပြည်မှ ကျူးဘားပြည်သို့ အပိုင်စီးပြေးရန်ကြံစည်ခဲ့သည့် ဤအမှုကြီးမှာ အဆန်းတကြယ်ဖြစ်ခဲ့၏။ သည့်နောက်ပိုင်းတွင် ထိုသို့အမေရိကန်ပြည်ထောင်စုမှ ကျူးဘားပြည်သို့ လေယာဉ်အပိုင်စီးပြေးကြသည့် အဖြစ်အပျက်များမှာ မရေမတွက်နိုင်အောင် ဖြစ်ပွားခဲ့လာခဲ့ရာ ယခု၁၉၇၁ ခု ဇန်နဝါရီလနှင့် ဖေဖော်ဝါရီ ၂လတွင်းမှာပင် လေယာဉ်၄စင်း အပိုင်စီးခံခဲ့ရပြီဖြစ်၏။ ယင်းသို့ ၁၉၇၁ခုနှစ်တွင် "သာမန်ရိုးရိုး" အမှုများဖြစ်နေသော်လည်း ၁၉၆၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဤလေယာဉ်အပိုင်စီးမှုမှာ အက်ဖ်ဘီအိုင် အတွက် ရောမဆန်းကြယ်သည့် မှုခင်းကြီးတစ်ခုဖြစ်ခဲ့ရုံမျှမက ဤအမှုကို ကျူးလွန်ခဲ့သည့် တရားခံမှာ "စိတ်မနှံ့သည့် အရူးတစ်ယောက်ဖြစ်သည်"ဟူ၍ အချို့က စွပ်စွဲခဲ့ကြပြန်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ပြည်ထောင်စု အာရီဇိုးနားနှင့် ကာလီဖိုးနီးယား ပြည်နယ်များမှ လုပ်သက်အတော်ရ၍ "ဆားဗစ်" ရင့်နေသည့် ရဲအဖွဲ့ဝင်များသည် လီယွန်ဘဲယားဒင်းဆိုသူအကြောင်းကို စကားစပ်မိ၍ ပြောကြသည့်အခါတိုင်း "ဒီလူကတော့ ထောင်ထဲသွားနေတာပဲ အေးပါတယ်" ဟု၍ မှတ်ချက်ချလေ့ရှိကြသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ၁၉၄၁ ခုနှစ်က အာရီဇိုးနားပြည်နယ် ဂရေဟမ်ခရိုင်တွင် ခိုးမှုတစ်ခုဖြင့် ထောင်တစ်နှစ်ကျခဲ့ဖူး၍ ၁၉၄၂ ခုနှစ်က မာရီကိုပါခရိုင်တွင် ဖောက်ထွင်းမှုတစ်ခုကျူးလွန်ခဲ့၍ ထောင်သုံးနှစ်ကျခံခဲ့ရသည့်ပြင်၊ တစ်ဖန် ၁၉၅၇ ခုနှစ်တွင် ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ် ခရိုင်တွင် လက်နက်ကိုင်လုယက်မှုတစ်ခုကြောင့် ထောင်ဒဏ် ငါးနှစ် အပြစ်ပေးခြင်းခံခဲ့ရဖူးသောကြောင့် ဖြစ်သည်။

သူသည် အသက် ၃၇နှစ်အရွယ်ရှိပြီဖြစ်၍ သားသမီး ၄ ယောက်





၏ ဖခင်တစ်ဦးဖြစ်သည်။ တစ်ခါက အာရီဇိုးနားပြည်နယ် ကူးလစ်ဖြို့၌ သူ့ဇနီး သားသမီးများနှင့်အတူ နေထိုင်၍ မော်တော်ကား အရောင်းအဝယ်ပွဲစားလုပ်ခဲ့ဖူးသည်။

ကုန်ဈေးနှုန်းမြင့်မား၍ လူနေမှုစရိတ် တစ်နေ့တခြား ကြီးထွားလာနေသည့် ယခုလိုခေတ် သမယမျိုးတွင် ချောက်တီးချောက်ချက် ကားပွဲစား အလုပ်ကလေးဖြင့် ဇနီးနှင့် သားသမီး ၄ ယောက်ကို ထမင်းဝအောင် မကျွေးနိုင်သည့် ဘဲယားဒင်းသည် "မလုပ်ရန်းရီး မရှိခိုးနီး" ဆိုသည့်အတိုင်း ခိုးမှုတစ်ခုကို အမှတ်မထင် စတင်ကျူးလွန်လိုက်မိသည်။ မရှိ၍ ခိုးရသော်လည်း "ခိုးချင်လိုက်တာလဲ ပျာလို့ လက်နေးလိုက်တာလဲ ချာလို့" ဟူသော ဆိုရိုးစကားမှာ ဘဲယားဒင်းအတွက် ဖြစ်ဟန်တူသည်။ မလည်မဝယ်မသေမသပ် မခိုးတတ် ခိုးတတ်ဖြင့် ခိုးခဲ့ခြင်းဖြစ်ရာ ခိုးထုတ်ခိုးထည်ဖြင့် ပက်ပင်းပါမိ၍ ထောင်တစ်နှစ်ကျသွားခဲ့သည်။

ထိုမှတစ်ဖန် ထောင်မှလွတ်လာပြီး "ပေါက်တဲ့နဖူး မထူးတော့" ဟူ၍ သဘောထားကာ ဘဲယားဒင်းသည် ဖောက်ထွင်းမှုတစ်ခုကို ထပ်မံကျူးလွန်ခဲ့ပြန်သည်။ ဤတွင်လည်း ပိပိရိရိမရှိသဖြင့် နောက်တစ်ကြိမ် "လူမိတာနဲ့တယ်ကွာ" ဟူ၍ဆိုကာ ထောင်သုံးနှစ်ကျပြီး "လက်ကောက်" အဝရောက်ခဲ့ပြန်သည်။

နောက်ဆုံးအကြိမ်တွင်မှ ထောင်ကထွက်လာသော ဘဲယားဒင်းသည် ထောင်တွင်းမှ "ရဲဘက်များ" ၏ သြဝါဒနှင့် နည်းနိသျှအဝဝကို ခံယူ၍ "သင်တန်း" ဆင်းလာသူပီပီ သည်တစ်ချီတော့ "မြက်မြက်" တလေးစားရအောင် ကြံမည်ဟုဆိုကာ လက်နက်ကိုင်လုယက်မှုကြီးကိုပင် ဖော်၍ ကျူးလွန်လိုက်သည်။ သို့သော် ဘဲယားဒင်းခမျာ "လက်တွေ့နှင့်သဘောတရားကို" အံဝင်ဂွင်ကျဖြစ်အောင် ပေါင်းစပ်ခြင်း မပြုနိုင်သော မြင်းမြက်ကလေး မစားလိုက်ရဘဲ "နဲကြီးတက်နင်းမိပြီး" ထောင်ငါးနှစ်တင်



www.burmeseclassic.com

www.burmeseclassic.com



ကူသွားခဲ့ရပြန်သည်။

"ရာဇဝတ်မှုသည် ကောင်းကျိုးမပေး" ဟူသော တရားဥပဒေသမားတို့၏ လက်သုံးစကားကို အပြန်အလှန် စဉ်းစားရင်း ဘဲယားဒင်သည် ဗိုလ်ဆွမ် အကျဉ်းထောင်ကြီး၌ "ကိုယ့်ကိုဝေဖန်ရေး" ပြန်လုပ်မိခဲ့သည်။ သူ့အတွက် စားဝတ်နေရေး မဖူလုံရှိမှုမက အနာဂတ်ကောင်းစားရေးအတွက် ဘာတစ်ခုမှ အာမခံချက်မပေးနိုင်သည့် အမေရိကန်ပြည်ထောင်စုကြီးကိုလည်းကောင်း၊ အမေရိကန်အစိုးရကိုလည်းကောင်း၊ အမေရိကန်ပြည်သူများကိုလည်းကောင်း၊ "တွေးမိတိုင်း စိတ်နာ၍ မအိပ်တာလေးည" မက၊ လေးနှစ်နီးပါးပင် ကြာခဲ့သည်။ နောက်ဆုံး၌ သူသည် နိုင်ငံရေးကို နကန်းတစ်လုံးမှ မသိနားမလည်သော်လည်း ဘဝကပေးသည့် အသိတရားဖြင့်၊ ဆိုးဝါးဖောက်ပြန်လှသည့် အမေရိကန်လူနေမှုစနစ်နှင့် အမေရိကန် လူ့အဖွဲ့အစည်းကြီးကို တွေးမိတိုင်း စိတ်နာရုံမျှမက "တွေးမိတိုင်း အရိုးနာ၍ အမျိုးပါဆဲချင်" လောက်အောင် ဖြစ်ခဲ့ပြီး၊ ထောင်ကျနေစဉ်အတွင်းမှာပင် အမေရိကန် အမျိုးသားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်၍ ရာသက်ပန် "နှုတ်ထွက်" လိုက်တော့သည်။

အမေရိကန် အမျိုးသားအဖြစ်မှ ယင်းသို့စွန့်လွှတ်ရာ၌ သူ၏ "နှုတ်ထွက်စာ" တွင် အမေရိကန်ပြည်ထောင်စုကြီးကို "စိတ်ကုန်" ၍ နိုင်ငံရပ်ခြား တိုင်းတပါးသို့ သွားရောက်နေထိုင်ရန် ကြံရွယ်ထားကြောင်းများကို အတိအလင်းရေးသားဖော်ပြခဲ့သည်။

သို့ဖြင့် ဗိုလ်ဆွမ်ထောင်ကြီးတွင် လုယက်မှုဖြင့် ထောင်ငါးနှစ်ကျနေရာမှ ဘဲယားဒင်သည် ၃ နှစ်ကျော်မျှနေခဲ့ရပြီး ကိုယ်တိုင်ခံဝန်ချုပ်ဖြင့် ၁၉၆၀ ခုနှစ် ဇူလိုင်လတွင် ထောင်မှ လွတ်လာခဲ့သည်။

ဘဲယားဒင်သည် ထောင်မှလွတ်လာပြီး ဖြစ်သလိုလုပ်ကိုင်စားသောက်နေခဲ့ရင်း ၁၉၆၁ ခု၊ ဩဂုတ်လ ၃ ရက်နေ့ည သန်းခေါင်





ကျော်အချိန်တွင် ကွန်တီနင်တယ် လေကြောင်းဗွာနပိုင် ဂျက်လေယာဉ်ကြီးတစ်စီးပေါ်၌ ခရီးသည်အဖြစ် လိုက်ပါလာခဲ့သည်။

အဆိုပါ ဂျက်လေယာဉ်ကြီးမှာ ဘိုးအင်း ၇၀၇ ဂိုလ်ဒင်းဂျက်လေယာဉ်ကြီးဖြစ်၍ လေယာဉ်ပျံသန်းမှု ခရီးစဉ်အမှတ် ၅၄ အရ လော့စ်အိန်ဂျဲလီးစ်မြို့မှ ဟောက်စ်တန်မြို့သို့ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခရီးသည်တင် ဘိုးအင်း ဂျက်လေယာဉ်ကြီးသည် ဟောက်စ်တန်မြို့သို့ မရောက်မီ ခါတိုင်းကဲ့သို့ပင် လမ်းခုလပ်တွင် အရီဇိုးနားပြည်နယ် ဖီးနစ်မြို့လေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ ဘဲယားဒင်သည် ထိုလေဆိပ်မှ တက်ရောက်လိုက်ပါခဲ့ခြင်းဖြစ်သည်။

ဘဲယားဒင်သည် သူတစ်ယောက်တည်းမဟုတ်၊ သူနှင့်အတူ သူ၏သားဖြစ်သူ ကိုဒီဘဲယားဒင်းပါ လေယာဉ်ပေါ်တွင် ပါလာခဲ့သည်။ ဘဲယားဒင်း၏သား ကိုဒီမှာ အသက် ၁၆ နှစ်မျှသာရှိသေး၍ မျက်လုံးနီကြောင်ကြောင် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးဖြင့် ဂုလန်ကလားနိုင်လှသည့် လူငယ်တစ်ယောက်ဖြစ်သည်။ သူသည် ကိုးတန်းအောင်ပြီး "အခြေအနေအရ" ကျောင်းမှထွက်ခဲ့ရသူ ဖြစ်သည်။

ဘဲယားဒင်းတို့ သားအဖသည် လေယာဉ်ပေါ်၌ ထိုင်ခုံအမှတ် အီးဘီနှင့် အီးစီတို့တွင် ထိုင်၍လိုက်ပါ လာခဲ့ကြသည်။

ဘိုးအင်း ၇၀၇ ဂျက်လေယာဉ်ကြီးသည် ဖီးနစ်မြို့လေဆိပ်တွင် ခေတ္တခဏ ရပ်နားပြီး၊ နောက်တစ်ကြိမ် ဆိုက်ကပ်ရပ်နားရမည့် တက္ကဆပ်စ်ပြည်နယ်မှ အဲလ်ပါဆိုမြို့ဆီသို့ ဦးတည်ပျံသန်းလာခဲ့သည်။

ညသန်းခေါင်ကျော် အချိန်ဖြစ်သည့်အပြင် အမြင့်ပေ ၂၇,၀၀၀ မှ တစ်နာရီလျှင် မိုင် ၅၀၀ နှုန်းဖြင့် တိမ်ညိုတိမ်မဲများအကြားတွင် ပျံသန်းလာခဲ့သည်ဖြစ်ရာ လေယာဉ်ကြီးပေါ်တွင် လိုက်ပါလာကြသည့် ခရီးသည်ပေါင်း ၇၃ ယောက် အနက် အားလုံးလိုပင် ကိုယ့်ထိုင်ခုံများပေါ်တွင် ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်း မှက်စိမှိတ်ကာ အိပ်ငိုက်၍ပါလာကြသည်။

အဲလ်ပါဆိုမြို့သို့ ရောက်ရန် မိနစ်အနည်းငယ်မျှသာ လိုတော့၍ မဏ္ဍလေးတိုက်ပြည်နယ်ကိုလံဘတ်စ်မြို့ပေါ် ၌ ဖြတ်ကျော်ပျံသန်းနေစဉ် ယိုင်ခုံအမှတ် အီဘီနှင့် အီးစီတို့တွင် ထိုင်နေသော ခရီးသည်နှစ်ယောက်သည် လေယာဉ်မယ်အား မသိမသာ ခေါ်ငြိတ်ခေါ်လိုက်သည်။ ထိုခရီးသည် နှစ်ယောက်မှာ ဘဲယားဒင်းတို့ သားအဖပင် ဖြစ်သည်။

ခရီးသည်များ ထိုင်သည့် ထိုင်ခုံများနှင့် မျက်နှာချင်းဆိုင် ထိပ်နားတွင် ရပ်နေသော လေယာဉ်မယ်တစ်ဦးသည် ဘဲယားဒင်းတို့ သားအဖရှိရာသို့ ကိုယ်ဟန်ကြော့ကြော့ဖြင့် လျှောက်လာသည်။

ဤလေယာဉ်မယ်ကလေးမှာ လွိုက်စ်ကာနင်္ဂီဆိုသူဖြစ်၍ ငါးရံ့ကိုယ်လုံးကလေးဖြင့် မျက်နှာသွယ်သွယ်၊ မျက်တောင်ကော့ကော့နှင့် ချစ်စဖွယ်လေးပင် ဖြစ်သည်။ သူမသည် လော့စ်အိန်ဂျဲလီးစ်မြို့သူကလေးဖြစ်၍ အသက် ၂၁ နှစ်ရှိပြီဖြစ်သည်။

"ဟုတ်ကဲ့...ပြောပါရှင်...ကျွန်မ ရှင်တို့အတွက် ဘာများလုပ်ပေးရပါမလဲ..."

ထုံးစံအတိုင်း လေယာဉ်မယ်များ၏ ကြော့ရှင်းသည့်ဟန်နှင့် "ချိုမြိန်" သည့်အသံကို "အပြည့်သုံးကာ" လေယာဉ်မယ်ကလေး ကာနင်္ဂီက ဘဲယားဒင်းတို့ သားအဖအား မှုပိုပိုဖြင့် စကားဆိုလိုက်သည်။

လေယာဉ်မယ်၏ ဟန်နှင့်အသံသည် ထုံးစံအတိုင်းပင် ဖြစ်သော်လည်း ခရီးသည်၏အပြုအမူမှာ ထုံးစံအတိုင်းမဟုတ်ဘဲ ဖြစ်နေသည်ကို တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် လေယာဉ်မယ် ကာနင်္ဂီသည် လေယာဉ်စက်သံကြောင့် ခရီးသည်ဘဲယားဒင်း ပြန်ပြောသည့်စကားကို ရုတ်တရက် မကြားနိုင်ဘဲ ဖြစ်နေရာမှ သူမ၏ခါးပိုင်းတစ်နေရာတွင် တစ်စုံတစ်ခု ခပ်မာမာအရာဝတ္ထုဖြင့် ထိတွေ့နေရ၍ အမှတ်မထင် ငုံ့ကြည့်လိုက်ရာ





ထိုင်ခုံပေါ်တွင် ထိုင်နေသော ဘဲယားဒင်းက မိမိခါးကို ခြောက်လုံးပြူးပြောင်းဝဖြင့် ထောက်ထားသည်ကို အထိတ်တလန့် တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

"ရှေ့က စက်ခန်းထဲကို သွားစုမ်း၊ မင်းနောက်က တို့ကပ်လိုက်လာခဲ့မယ်၊ ရိုးတီးယားတားတော့ လုပ်မယ်မကြံနဲ့နော်...ကြားလား"

ဘဲယားဒင်းသည် သူ့လက်မှပွိုင့် ၃၈ ခြောက်လုံးပြူးပြောင်းဝကို လေယာဉ်မယ် ကာနင်္ဂီ၏ ခါးသို့တစ်ချက်ဖိ၍ ထောက်လိုက်ရင်း လေသံခပ်တင်းတင်းဖြင့် အမိန့်ပေးလိုက်သည်။

ဖြုန်းခနဲ အထိတ်တလန့်ဖြစ်သွားရသော ကာနင်္ဂီသည် စကားတစ်လုံးမှ ပြန်မပြောဝံ့တော့ဘဲ မျက်လုံးကလေးအကြောင်သားဖြင့် အိပ်မွေ့ချခံထားရသည့်ပမာ လေယာဉ်မောင်းသမားရှိရာ ဦးပိုင်းစက်ခန်းဆီသို့ လျှောက်လာခဲ့မိသည်။ ဘဲယားဒင်းတို့ သားအဖသည် ဣန္ဒြေမပျက် သူမနောက်မှကပ်၍ လိုက်ပါလာကြသည်။

စက်ခန်းသို့ မရောက်မီ ထိုင်ခုံအကြား လူသွားလမ်းတွင် ကာနင်္ဂီသည် အခြားလေယာဉ်မယ် တစ်ဦးဖြစ်သူ ဘက်ဆက်နှင့် သွားတိုးမိသည်။ အသက် ၂၂ ခန့်ရှိ၍ ရုပ်ရည်ချောမော လှသော ဘက်ဆက်သည် ရှေ့ဆုံးမှ မျက်စိမျက်နှာပျက်နေသော ကာနင်္ဂီနှင့် နောက်မှ ပါလာသည့် ဘဲယားဒင်းတို့သားအဖကို ကြည့်ကာ တစ်ခုခုတော့ ဖြစ်ပြီဟု ရိပ်မိလိုက်သည်။

"ဟိတ်...သူတို့မှာ သေနတ်တွေနဲ့..."

ဘက်ဆက်က ဘာမှမပြောမီ ကာနင်္ဂီက ခပ်တိုးတိုးကလေး ပြောလိုက်သည်။ ဤတွင် လေယာဉ်မယ်နှစ်ဦး၏ အခြေအနေကို အကဲခတ်မိဟန်တူသော ဘဲယားဒင်းက "ဘာစကားများနေတာလဲ၊ ရှေ့ဆက်သွားစမ်း နှစ်ယောက်စလုံး သွားကြ၊ စက်ခန်းထဲကို" ဟု လေသံခပ်မာမာ ဆိုလိုက်သည်။ သို့ဖြင့် သူတို့ ၄ ယောက်သည် စက်ခန်းရှိရာသို့ ဆက်၍



www.burmeseclassic.com

www.burmeseclassic.com



လှေ့ထွက်လာခဲ့ကြသည်။

သက်ခန်းရှိရာသို့ ရောက်လာသောအခါ ကာနဂ္ဂီသည် တံခါးကို အသာအယာ ဆွဲဖွင့်လိုက်ပြီး အထဲသို့ တန်းဝင်လိုက်သည်။ ဘဲယားဒင်းသည် ပထမတွင် ဘက်ဆက်အား စက်ခန်းထဲသို့ တွန်းပို့လိုက်ပြီးနောက်၊ စက်ခန်းနှင့် ကပ်နေသည့် အခန်းကလေးထဲသို့ ဝင်နေရန် အမိန့်ပေးလိုက်သည်။ စက်ခန်းတံခါးကို ဖွင့်ထားပါက ကပ်နေသည့် အဆိုပါအခန်းကလေးကို စက်ခန်းထဲမှ လှမ်းမြင်နေရသည်။

"ဟိုက်…ဒါက ဘယ်လိုဖြစ်တာလဲ"

စက်ခန်းထဲတွင် အသံဖမ်းစက်ကို စမ်းသပ်နေသော လေယာဉ်မှူး ကပ္ပတိန်ရစ်ကဒ်သည် လေယာဉ်မယ် ကာနဂ္ဂီ၏နောက်မှကပ်၍ ပွိုင့် ၃၈ နှင့် ပွိုင့် ၄၅ ခြောက်လုံးပြူးသေနတ်များကို အသင့်ကိုင်ကာ ဝင်လာကြသော ဘဲယားဒင်းတို့ သားအဖအား မြင်လိုက်ရသည်တွင် ပါးစပ်မှ လွှတ်ခနဲ အသံထွက်သွားမိသည်။

"သူတို့လူ…လူ ၄ ယောက်ပါတယ်၊ အားလုံး သေနတ်တွေနဲ့ချည်းပဲ"

ကာနဂ္ဂီသည် ကတုန်ကယင် ကြောက်အားလန့်အားဖြင့် ပြောမိပြောရာ ပြောလိုက်မိသည်။

စက်ခန်းထဲတွင် ထိုအချိန်က လေယာဉ်ကို တာဝန်ယူ၍ မောင်းနေသည့် အခြားလေယာဉ်မှူးတစ်ဦးဖြစ်သူ ဝဂ္ဂနာသည် ပခုံးပေါ်မှကျော်၍ နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။ သူသည် အခြေအနေနှင့် အဖြစ်အပျက်ကို ရိပ်မိလိုက်သည်။ သို့သော် ဣန္ဒြေမပျက် ရှေ့ဘက်သို့ ပြန်လှည့်ပြီး လေယာဉ်ကို မောင်းမြဲဆက်မောင်းနေလိုက်သည်။

စက်ခန်းထဲတွင် အခြားတစ်ယောက် ရှိနေသေးသည်။ ထိုသူမှာ ဒုတိယအရာရှိ ဆိုင်မွန်ဆိုသူပင် ဖြစ်သည်။ ဆိုင်မွန်သည် ပထမတွင်





တစ်ခုခုတစ်စုံတစ်ရာ ပြောတော့မလို ဟန်ပြင်လိုက်သေးသည်။ သို့သော် "ဘာမှမပြောဘဲ နေတာဟာ အကောင်းဆုံးပဲ" ဟု သဘောပေါက်ကာ ငြိမ်နေလိုက်သည်။

"အဟမ်း…ကဲ…ကပ္ပတိန်၊ လေယာဉ်ကို ၄၅ ဒီဂရီ ညာဘက်ကွေ့လိုက်ပါ"

ဘဲယားဒင်းသည် သူ့လက်ထဲက သေနတ်ကို ဆ၍ဆ၍ချိန်ထားရင်းက လေယာဉ်မှူးကို ပြောလိုက်သည်။

"ညာဘက်ကို ၄၅ ဒီဂရီကွေ့လိုက်ပါ။ ကျုပ်တို့* မွန်တာရေးကို သွားချင်တယ်"

"မွန်တာရေးကို…ဟုတ်လား"

ကပ္ပတိန်ရစ်ကဒ်သည် အလန့်တကြား အော်လိုက်ပြီးမှ "အဲဒီသွားဖို့ ကျွန်တော်တို့မှာ ဓာတ်ဆီလုံလောက်အောင် မပါဘူး" ဟူ၍ လေသံကို ခပ်မှန်မှန်ထားကာ ပြန်ပြောလိုက်သည်။ သို့သော် ဘဲယားဒင်းသည် ကပ္ပတိန်၏စကားကို လုံးဝဂရုမစိုက်။

"ညာဘက်ကို ကွေ့ပါလို့ ကျုပ်ပြောနေတယ် ကပ္ပတိန်၊ ကျုပ်တို့ အခု မက္ကဆီကိုကို သွားကြမယ်" ဟူ၍ အသံခပ်မာမာဖြင့်ပင် ထပ်ပြောလိုက်သည်။

"ခဏနေပါဦး…"

ဒုတိယအရာရှိ ဆိုင်မွန်၏အသံဖြစ်သည်။

"ဒီမှာ…ဓာတ်ဆီပြတဲ့ မီတာကိုလည်း လာကြည့်ပါဦး။ ဓာတ်ဆီတိုင်ကီမှာ နည်းနည်းလေးပဲ ကျန်တော့တယ်၊ ဒါနဲ့ဆိုရင် ကျွန်တော်တို့ အဲလ်ပါဆိုကလွဲလို့ တခြားဘယ်မှ မောင်းသွားလို့ မဖြစ်ဘူး ပြီးတော့ ကျွန်

* မွန်တာရေးမှာ အမေရိကန်ပြည်ထောင်စု၏ တောင်ဘက် [illegible] နိုင်ငံမှ ညှို့မိုလီယွန်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တို့ အခုပဲ အဲဒီတွင်းပေါ်လည်း ရောက်နေပြီ"

ဆိုင်စွန်က ဓာတ်ဆီအခြေအနေပြသည့် မီတာခွက်ကို ဘဲယားခင်အား ထောင်ပြလိုက်သည်။

ဤတွင် ဘဲယားခင်သည် မီတာခွက်ကို ခပ်သွက်သွက်ကလေး မြတ်ခနဲ လှမ်းကြည့်လိုက်ပြီး တအောင့်လောက် ခပ်တွေတွေကလေး ဖြစ်သွားသည်။ ပြီးမှ…၊

"ကောင်းပြီ…ဒီလိုဆိုရင်လည်း အဲလ်ပါဆိုမှာ ဆင်းမယ်၊ အဲဒီမှာ ဓာတ်ဆီ လုံလောက်အောင် ထည့်ပြီး ကျူးဘားကို သွားမယ်။ ကျုပ်တို့ သွားချင်တဲ့နေရာက အဲဒီနေရာပဲ။ ဒါပေမယ့် ဘယ်သူမှ ရှိုးတိုးယားတား မလုပ်ကြနဲ့နော်၊ ငြိမ်ငြိမ်ကလေးနေရင် ဘယ်သူမှ ဘာမှမဖြစ်ဘူး"

ကပ္ပတိန်ရစ်ကဒ်သည် ဘဲယားခင်၏ စကားမဆုံးမီပင် အားလုံးအသင့်ရှိနေပြီဖြစ်သည်။ ချက်ချင်းပင် သူသည် မြေပြင်မှ အဲလ်ပါဆို လေဆိပ်ရှိ မျှော်စင်နှင့် ဝိုင်ယာလက်အဆက်အသွယ် ရယူလိုက်သည်။ အဲလ်ပါဆိုလေဆိပ် မျှော်စင်မှ ထိန်းသိမ်းရေး တာဝန်ခံများက လေယာဉ် ဆင်းသက်ရန် လိုသည့်အချက်များကို မိမိထံ လှမ်းမေးသည်ကို ကြားလိုက်ရသည်။

"ကျွန်တော် ဒီမှာဆင်းဖို့ လေဆိပ်ကို လှမ်းပြီး ခွင့်တောင်းရလိမ့်ဦးမယ်။ ဒါဟာ စည်းကမ်းအရ မလုပ်ရင်မဖြစ်ဘူး"

"အရေးထဲ ဒီသောက်စည်းကမ်းတွေက ရှုပ်နေသေးတယ်၊ ကဲ အားလုံးကောင်းပါတယ်လို့သာ ပြောလိုက်…"

ဘဲယားခင်သည် စိတ်မရှည်ဟန်ဖြင့် ရစ်ကဒ်အား အမိန့်ပေးလိုက်ရာ ရစ်ကဒ်က သူပြောသည့်အတိုင်း လေယာဉ်ဆင်းရန်အတွက် အားလုံး "အိုကေ" ဖြစ်နေကြောင်း မြေပြင်သို့ လှမ်းပြောလိုက်ရသည်။

ဤတွင် လေယာဉ်မောင်းနေသည့် ဝဂ္ဂနာက "အဲလ်ပါဆိုလေ





ဆိပ်မှ တာဝန်ခံများအား မိမိတို့၏အဖြစ်အပျက်ကို အမှန်အတိုင်း [illegible] ၍ လေဆိပ်တွင် ရဲများရှိ၊မရှိ လှမ်းမေးကြည့်သင့်ကြောင်း။ အကယ်၍ ရဲ များရှိနေပါက တစ်စုံတစ်ခုဖြစ်မှာ စိုးရကြောင်း" ဖြင့် ဘဲယားခင်အား ပြော ပြမြန်သည်။

"ကောင်းပြီလေ…ဒီလိုဆိုရင်လည်း မြန်မြန်လုပ်၊ ဒါပေမယ့် ခင်ဗျားတို့အားလုံး သတိထားနော်၊ ကိုယ့်ဖာသာကိုယ် ဘာမှ လုပ်မယ် မကြံ ကြနဲ့"

ဘဲယားခင်သည် ကြာကြာစဉ်းစားနေချိန် မရသဲ၊ လေယာဉ် မောင်းနေသည့် ဝဂ္ဂနာ၏ အကြံဉာဏ်ပေးချက်အတိုင်း ခွင့်ပြုလိုက်သည်။ "ကျုပ်က ခရီးသည်တွေ တစ်ခုခုဖြစ်မှာစိုးလို့ ခင်ဗျားတို့ကို ယုံယုံကြည် ကြည်နဲ့ ပြောနေတာနော်…ကြားလား။ တကယ်လို့ တစ်ယောက်ယောက် က ရဲကိုခေါ်ရင်တော့ ခရီးသည်တွေအားလုံး ဒုက္ခရောက်ကုန်မယ်မှတ်"

ဘဲယားခင်၏ ခြောက်လုံးလှန့်လုံးအရ ဝဂ္ဂနာသည် ရေဒီယို ဝိုင် ယာလက်ဖြင့် အဲလ်ပါဆိုလေဆိပ်မျှော်စင်သို့ "မိမိတို့လေယာဉ်မှာ သေနတ် ကိုင်လူ ၄ ယောက် (တကယ်က နှစ်ယောက်သာ ဖြစ်သည်၊ သို့သော် လေယာဉ်မယ် ကာနက်ဂ္ဂီ၏အပြောအရ ၄ ယောက်ဟု ထင်နေမိသည်) ၏ အပိုင်စီးထားခြင်းခံနေရကြောင်း။ ၎င်းတို့၏ အမိန့်အရ မိမိတို့သည် အဲလ် ပါဆို လေဆိပ်တွင် ဓာတ်ဆီဖြည့်ရန် ယခုခေတ္တဆင်းကြမည်ဖြစ်ကြောင်း" ကို အမှန်အတိုင်းသတင်းပို့လိုက်သည်။

"သူတို့က လေဆိပ်မှာ ရဲအဖွဲ့ဝင်တွေမရှိအောင် လုပ်ထားဖို့ [illegible] နေတယ်၊ အဲဒီမှာ တစ်ခုခုဖြစ်ရင် ခရီးသည်တွေ အားလုံး [illegible] ကုန်လိမ့်မယ်လို့ ပြောပါတယ်…၊ အဲဒီတော့ သူတို့ပြောတဲ့အတိုင်း [illegible] ပေးစေချင်ပါတယ်"

ဝဂ္ဂနာက အဲလ်ပါဆိုလေဆိပ်မှ တာဝန်ခံများသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



အချက်ကို ကြိုတင်သိထားလျှင် သူတို့နည်း သူတို့ဟန်နှင့် အခြေအနေကိုကြည့်၍ တစ်ခုခုလုပ်မည်ဆိုက လုပ်နိုင်ရန် "အကွက်"ဆင်လိုက်ခြင်းဖြစ်သည်။

သို့နှင့်ပင် ဒေါ်လာ ၅ သန်း ၄ သိန်းကျော်တန်သည့် ဂျက်လေယာဉ်ကြီးသည် ခရီးသည် ၇၃ ယောက်၏အသက်ကို "ဖက်နှင့်ထုပ်ကာ" ညသန်းခေါင်ကျော် ၂ နာရီ ၁၀ မိနစ်တိတိတွင် ရှုးရှုပြင်းထန်လှသည့် စက်သံများဖြင့် အပြည်ပြည်ဆိုင်ရာ အဲလ်ပါဆိုလေဆိပ်သို့ ဆင်းသက်လာခဲ့သည်။

လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ ဘီးများကျ၍ အရှိန်ဖြင့် ပြေးဆင်းလာခိုက် ဝဂ္ဂနာက မိမိတို့လေယာဉ်သည် ဓာတ်ဆီဖြည့်မည်ဆိုပါက ဓာတ်ဆီကားများရှိရာ သွားရမည်ဖြစ်ကြောင်း ဘဲယားခင်းအား ပြောပြရသည်။

"သွားပါလေ ···သွားမှာသာ သွားစမ်းပါ၊ ဒါပေမယ့် သတိတော့ထားနော် ကျုပ်ခင်ဗျားတို့အပေါ်မှာ ယုံကြည်စိတ်ချထားတယ်ဆိုတာ မမေ့နဲ့"

ဘဲယားခင်းက လေသံခပ်မှန်မှန်ဖြင့် ပြောလိုက်သည်။

မှန်သည်။ ဘဲယားခင်းအတွက် မိမိတို့သေနတ်ပြောင်းအောက်တွင်ရှိနေကြသည့် လေယာဉ်အရာရှိများကို ဘာမှမယုံကြည်စရာ မရှိ၊ ဘာမှစိတ်မချစရာမရှိ၊ အားလုံး ယုံကြည်စိတ်ချရပြီဖြစ်သည်။

သို့သော် စိတ်မချရသူများမှာ အဲလ်ပါဆိုလေဆိပ် မျှော်စင်ပေါ်မှ ထိန်းသိမ်းရေးတာဝန်များပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လေဆိပ်မျှော်စင်မှ တာဝန်ခံများသည် မိမိတို့ လေယာဉ်ကွင်းပေါ်မှ ဂျက်လေယာဉ်ကြီးအား လက်နက်ကိုင် "လူ ၄ ယောက်"က အပိုင်စီးထားကြကြောင်း သိရလျှင်ရခြင်း ဤသတင်းကို အဲလ်ပါဆိုမြို့တွင်ရှိ အက်ဖ်ဘီအိုင်စုံထောက်





ဌာနခွဲသို့ ချက်ချင်း တယ်လီဖုန်းဖြင့် သတင်းပို့ပြီးခဲ့ကြပြီဖြစ်သောကြောင့်တည်း။

သို့ဖြစ်ရာ အဲလ်ပါဆိုလေဆိပ်တွင် အဆိုပါ အပိုင်စီးထားခြင်းခံရသည့် လေယာဉ်ကြီး ဓာတ်ဆီများဖြည့်နေစဉ် ကွန်တီနင်တယ် လေကြောင်းဌာန ရုံးခန်းများအတွင်း၌ မျက်နှာထားတင်းတင်းဖြင့် အရပ်ဝတ်အရပ်စား ဝတ်ထားကြသူများသည် တစ်ယောက်ပြီးတစ်ယောက်၊ တစ်သုတ်ပြီးတစ်သုတ် စုဝေးရောက်ရှိလာခဲ့ကြပြီဖြစ်သည်။ ၎င်းတို့မှာ အက်ဖ်ဘီအိုင် အထူးစုံထောက်အရာရှိချုပ် ခရေ့စ်ဘီနှင့် သူ၏အဖွဲ့ဝင် စုံထောက်များ၊ အဲလ်ပါဆိုရဲအဖွဲ့ဝင်များ၊ နယ်ခြားဒေသ ကင်းစောင့်တပ်ဖွဲ့ဝင်များ၊ အဲလ်ပါဆိုခရိုင် လုံခြုံရေးအရာရှိများ၊ တက္ကဆပ်ပြည်နယ် ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များ၊ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့မှ အထူးစုံထောက်များ၊ လူဝင်လူထွက်ကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနမှ အရာရှိများ စသည်ဖြင့် လူစုံတက်စုံ ပါဝင်ကြသည်။

ထိုအချိန်တွင် ဂျက်လေယာဉ်ကြီးပေါ်မှ လေယာဉ်အရာရှိများသည် နည်းအမျိုးမျိုးဖြင့် တစ်ခုပြီးတစ်ခု အကြောင်းပြကာ အချိန်မကြာကြာအောင် လုပ်နေကြသည်။

လေယာဉ်မောင်းသမား ဝဂ္ဂနာက မိမိတို့လေယာဉ်အရာရှိများအားလုံးသည် ကျူးဘားပြည်သို့ တစ်ခါတစ်ခေါက်မှ မောင်းနှင်ပျံသန်းဖူးခြင်းမရှိသဖြင့် မည်သို့မည်ပုံ ပျံသန်းရမည်ကို မသိဘဲဖြစ်နေကြောင်း ဘဲယားခင်းအား ပြောပြသည်။

"အဲဒီတော့ ကျွန်တော်တို့ မြေပုံတစ်ခုတော့ရမှဖြစ်မယ်၊ မြေပုံမဟုတ်ရင်လဲ ဘယ်ဘက်ကို ဦးတည်ပြီးပျံရမယ်၊ ဘယ်လောက် ကြာကြာပျံရမယ်ဆိုတာ လေဆိပ်ကို လှမ်းမေးဦးမှ ဖြစ်မယ်"

"ကဲ ဒီလိုဆိုရင်လဲ မြန်မြန်မေး···ကြာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘဲယားအင်းသည် စိတ်မရှည်ဟန်ဖြင့် ဝဋ္ဋနာအား အမိန့်ပေးလိုက်သည်။ သူသားဖြစ်သူ ကိုဒီကလည်း "မြေပုံကို မြန်မြန်ကြည့်ပြီး မြန်မြန်အကြောင်းပြန်နိုင်းဗျာ…၊ သိပ်ကြာမနေစေနဲ့" ဟူ၍ တစ်ခွန်းဝင်ပြောလိုက်သည်။ ကိုဒီသည် တစ်ချိန်လုံးစကားမပြောဘဲနေခဲ့ရာမှ ပထမဆုံးပြောလိုက်ခြင်းဖြစ်ရာ သူ့အသံမှာ ထိတ်ထိတ်လန့်လန့် ဖြစ်နေပုံရသည်။ ရန်သည်၊ အသက် ၁၆ နှစ်မျှသာရှိသေးသည့် "ချာတိတ်" တစ်ယောက်အတွက် ခရီးသည်တင် ရောမဂျက်လေယာဉ်ကြီးကို အပိုင်စီးသည့်အလုပ်မှာ မနိုင်ဝန်ထမ်းရသလို လူနှင့်အလုပ် မမျှအောင် ဖြစ်နေသည် မဟုတ်ပါလော…?

ဝဋ္ဋနာသည် ဗိုင်ယာလက်စကားပြောခွက်ကို ကောက်တပ်ကာ လေဆိပ်အတွင်းရှိ ကွန်တီနင်တယ် လေကြောင်းဌာနရုံးခန်းသို့ လှမ်းဆက်၍ ကျူးဘားပြည်သို့အရောက် မိုင်မည်မျှ ပျံသန်းရမည်ကိုလည်းကောင်း၊ ဓာတ်ဆီမည်မျှလိုသည်ကိုလည်းကောင်း စသည့် မေးခွန်းနှစ်ခု သုံးခုကို မေးလိုက်သည်။

"ဘာတဲ့လဲ၊ ဓာတ်ဆီဘယ်လောက် ထည့်ရမှာလဲ? ဘယ်လောက်ကြာအောင် ထည့်ရမှာတဲ့လဲ?"

ဘဲယားအင်းသည် ဝဋ္ဋနာထံမှ ပြန်အပြောကိုပင် မစောင့်နိုင်မအောင့်နိုင်ဘဲ အလောသုံးဆယ် ပျာပျာသလဲ မေးလိုက်သည်။ ဝဋ္ဋနာက ဓာတ်ဆီပေါင်ချိန် ၉၀,၀၀၀ ခန့် ထည့်ရမည်ဖြစ်၍ ဓာတ်ဆီထည့်ရာတွင် တစ်နာရီလောက်အချိန်ကြာမည်ဖြစ်ကြောင်း အကြောင်းပြန်လိုက်သည်။

"ဒီလိုဆိုလဲ မြန်မြန်ထည့်ဗျာ… အချိန်သိပ်မရှိဘူး" ဘဲယားအင်းသည် ကတိုက်ကရိုက် ပြန်ပြောရင်းက အခန်းထဲရှိ လူအားလုံးကို တစ်ပြိုင်နက်တည်း လှမ်းကြည့်လိုက်ပြီး "ဒီမယ်…ခရီးသည်တွေအားလုံး ကိုယ့်ထိုင်ခုံပေါ်က ဘယ်သူမှ မထကြစေနဲ့နော်၊ တံခါးတွေလည်း တစ်ခုမှ မဖွင့်





ကြစေနဲ့ကြားလား၊ ပြီးတော့ လေဆိပ်ကလူတွေလည်း ဒီလေယာဉ်ပျံနားကို ဘယ်သူမှ မကပ်ကြစေနဲ့၊ ဒီလေယာဉ်ပျံနဲ့ပါတဲ့လူတွေအားလုံး ကျူးဘားကို လိုက်ခဲ့ရမယ်" ဟူ၍ အော်ပြောလိုက်သည်။

အဲလ်ပါဆိုလေဆိပ်အတွင်း၌ စုံထောက်များနှင့် လုံခြုံရေးအဖွဲ့ဝင်များ စုရုံးရောက်ရှိနေကြ၍ လေယာဉ်ကွင်းအတွင်းရှိ ဂျက်လေယာဉ်ကြီးပေါ် ၌လည်း ထိုသို့ "သေရေးရှင်ရေး" ဖြစ်နေကြစဉ် ဝါရှင်တန်မြို့တော် အက်ဖ်ဘီအိုင်အဖွဲ့ကြီး၏ ညွှန်ကြားရေးဝန်ချုပ် အဂ္ဂါဟူးဗားမှာလည်း သန်းခေါင်ကျော်လင်းအားကြီး အိပ်ကောင်းနေသည့် အချိန်တွင် ဌာနချုပ်မှ တယ်လီဖုန်းသံကြောင့် အိပ်ရာမှ ကမန်းကတန်းထ နားထောင်လိုက်ရာ "လေယာဉ်အပိုင်စီးမှု" သတင်းကို ကြားလိုက်ရ၍ မျက်လုံးကျယ်သွားသည်။ ဖြစ်ပုံပျက်ပုံ အလုံးစုံကို သိရပြီးနောက်၊ ဤအမှုကြီးသည် ဖြည်းနယ်တစ်နယ်တည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် အကြုံးဝင် ပတ်သက်နေကြောင်း ချက်ချင်းသတိပြုလိုက်မိသည်။

ဟူးဗားသည် အိပ်ခန်းထဲမှပင် တမဟုတ်ခြင်း ညွှန်ကြားချက်များကို "နှုတ်မိန့်" ဖြင့် ပေးလိုက်သည်။

"ကောင်းပြီ…၊ ဒီလိုဆိုရင် အဲလ်ပါဆိုကို အခုပြောတဲ့ အမိန့်တွေ အမြန်ဆုံးပို့ပါ။ အစိုးရက လေယာဉ် အပိုင်စီးတဲ့ လူတွေပါတဲ့လေယာဉ်မှန်သမျှ ဘယ်လေယာဉ်ကိုမှ ဒီနိုင်ငံက ထွက်သွားခွင့် မပေးနိုင်ဘူးဆိုတာ ဒီကောင်တွေကိုပြောပါ…၊ သူတို့အတွက်လည်း ငါတို့က ဘယ်လို အာမခံချက် ကတိမျိုးကိုမှ မပေးနိုင်ဘူး၊ အခုဖြစ်ပျက်တဲ့ ကိစ္စတွေနှင့် ... တရားဥပဒေအရ အရေးယူရလိမ့်မယ်ဆိုလည်း ပြောပြပါ။ အခု ... ရင် သူတို့လုပ်ပုံဟာ ဥပဒေဘောင်အပြင်ဘက် ရောက်နေ ... ဒီကောင်တွေကို ပြောပြပါ၊ ပြီးတော့ တကယ်လို့ လေယာဉ် ...



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်တွေထဲက တစ်ယောက်ယောက် တစ်ခုခုဖြစ်သွားရင် သူတို့တာ ဝန်ခဲဆိုတာ ရှင်းပြီပါ"

တူးဟားက အထက်ပါအတိုင်း လေယာဉ်ပေါ်မှ ခရီးသည်များကို အဓိကထား၍ ဝါရှင်တန်မြို့တော်မှ ညွှန်ကြားခဲ့သလို အပိုင်စီးခံနေရသည့် ဂျက်လေယာဉ်ကြီး၏ ရေပိုင်းစက်ခန်းထဲတွင် ရှိနေသော လေယာဉ်မယ် ကလေး ကာနဂ္ဂီမှာလည်း သူမ၏ခရီးသည် ၇၃ ယောက်အတွက် ရတက် မအေးနိုင်ရှာတဲ့ ဖြစ်နေသည်။

"သူတို့စိတ်ထဲမှာ ဘာများဖြစ်နေပါလိမ့်ဆိုပြီး စိတ်ပူနေကြပါ လိမ့်မယ်…၊ အကျိုးအကြောင်းကို တစ်ယောက်ယောက်က သွားပြီး ရှင်းပြဖို့ကောင်းတယ် ထင်ပါတယ်…၊ ဒီလိုမှမဟုတ်ရင် ပိုပြီးထိတ်လန့် တကြားဖြစ်နေမှာ စိုးရတယ်ရှင့်…"

ကာနဂ္ဂီက တကယ်စိုးရိမ်ပူပန်စိတ်ဖြင့် ဘဲယားဒင်အား တောင်း တောင်းပန်ပန် ပြောလိုက်သည်။

ဘဲယားဒင်သည် စိတ်အိုက်သွားဟန်ဖြင့် ခေတ္တမျှ စဉ်းစားနေပြီ သည်။ ပြီးမှ "ကောင်းပြီ…ဒီလိုဆိုရင်လည်း မင်းကိုယ်တိုင် ခရီးသည်ခန်း ထဲကို သွားပြီး ငြိမ်ငြိမ်ဆိမ်ဆိမ်ဖြစ်အောင် သွားပြောပါ၊ ပြောတာကတော့ မင်းသဘောနဲ့မင်း ကောင်းအောင်ကြည့်ပြောခဲ့ပေါ့၊ ဒါပေမယ့် စောင့်တော့ ကြည့်ဦးနော်၊ ငါက ဘယ်သူ့မှ ဒုက္ခမရောက်စေချင်ဘူး၊ ဒါပေမယ့် ဒုက္ခ ရောက်ရင်လည်း ငါ့တာဝန်မဟုတ်ဘူး" ဟူ၍ ပြောပြောဆိုဆို ကာနဂ္ဂီအား စက်ခန်းထဲမှ ထွက်သွားခွင့်ပြုလိုက်သည်။

ကာနဂ္ဂီသည် ခရီးသည်ခန်းထဲသို့ရောက်၍ သတိထားကြည့် လိုက်ရာ ခရီးသည်အားလုံးသည် ထိုင်ရာမထ ကိုယ့်ထိုင်ခုံပေါ်တွင် ကိုယ် ရှိနေကြသည်ကို တွေ့မြင်ရသည်။ သို့သော် မျက်စိမျက်နှာပျက်ကာ တစ် ယောက်နှင့်တစ်ယောက် တိုးတိုးတိတ်တိတ် ကြိတ်၍ မေးနေကြသည့်





အသံများကိုမူ မသဲမကွဲ ကြားနေရသည်။

သူမသည် ထိုင်ခုံများအကြားမှ ဖြတ်၍ ဟန်မပျက် လျှောက်လာ ခဲ့ရာ၊ သူမအား တစ်ယောက်တစ်ခွန်း လှမ်း၍ မေးကြမြန်းကြသည့် အသံ များသည် နားထဲသို့ စုပြုံဝင်လာကြသည်။

"ဘယ်လိုဖြစ်တာလဲ"

"စက်ပျက်နေလို့လား ဟုတ်လား"

"ဘာဖြစ်လို့များ ဒါလောက်ကြာနေရတာလဲ…"

ကာနဂ္ဂီသည် ဆူညံနေသော အသံဗလံများကို ဂရုမစိုက်ဟန်ဖြင့် နားထောင်ရင်း၊ ငြိမ်ငြိမ်နေကြရန် အထိမ်းမှတ်ဖြင့် သူမ၏လက်ကို မသိ မသာ မြှောက်ကာ ပြလာပြီးမှ အမျိုးသမီးတစ်ယောက်၏ ထိုင်ခုံတစ်ခု အနီးသို့ အရောက်တွင် ရပ်လိုက်သည်။

ဤအမျိုးသမီးမှာ ခရီးသည် ယောက်ျား၊ မိန်းမ ၇၃ ယောက်တို့ အနက်မှ ကိုယ်ဝန်နှင့်ပါလာသည့် တစ်ယောက်တည်းသော အမျိုးသမီးဖြစ် ရာ ကာနဂ္ဂီသည် ဤအမျိုးသမီးအား ခပ်စောစောကပင် သတိထားလာခဲ့ မိသည်။

ကာနဂ္ဂီသည် သူမ၏ခါးကလေးကို မသိမသာကုန်း၍ ထိုကိုယ် ဝန်ဆောင်အမျိုးသမီးနှင့် အနားမှ သူ့ယောက်ျားဖြစ်သူအား လောလောဆယ် ဤဂျက်လေယာဉ်ကြီးပေါ်တွင် ဖြစ်ပျက်နေပုံများကို အတိုချုံး၍ ခပ်တိုးတိုး ပြောပြလိုက်သည်။ ဤတွင် နဂိုကပင် ထိတ်လန့်အားငယ်တတ်သူ တစ် ယောက်ဖြစ်ဟန်တူသော ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ရုတ်တရက် ခေါက်ခနဲ သတိလစ်သလို ဖြစ်သွားရာမှာ လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကို အုပ်ကာ ရှိုက်ကြီးငင်ကြီး ငိုပါလေတော့သည်။

"တဆိတ် သူ့ကို အားမငယ်အောင် ကြည့်ပြောပါရှင်…အား လုံး ချောချောမောမော ဖြစ်အောင် ကျွန်မတို့ အစွမ်းကုန်ကြိုးစားပါမယ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ဘာမှမဖြစ်စေရပါဘူး…"

ကာနက္ဂီသည် ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ယောကျ်ားဖြစ်သူအား လွှတ်၍ အကူအညီတောင်းရင်း အခြေအနေကို ထိန်းသိမ်းရသည်။

သို့သော် သူတို့နှစ်ယောက်အား ပြောပြလိုက်သည့် အဖြစ်အပျက်ကို အနီးအနားရှိ ခရီးသည်များ ကြားသွားရာမှ တစ်ယောက်နှင့်တစ်ယောက် တစ်ဆင့်တစ်ဆင့် ပြောကြားခဲ့ကြ၍ ခရီးသည်အားလုံး သိရှိသွားကြရာ ခပ်စောစောကထက် ပို၍ အသံဗလံများ ဆူညံလာပြီး အခြေအနေမှာ ရုတ်ရုတ်သဲသဲ ဖြစ်လာသည်။ တစ်နေရာမှ ခရီးသည် ယောကျ်ားတစ်ယောက်၏ ရေရွတ်ကျိန်ဆဲသံနှင့်အတူ အမျိုးသမီးများ၏ သံသေး သံကြောင်များလည်း တစ်ခန်းလုံး လျှံထွက်လာခဲ့သည်။

"အဲဒါမှ ဒုက္ခပဲ…ဘယ့်နှယ်လုပ်ကြမလဲ…"

"အားလုံးသေကုန်ကြတော့မှာပါပဲတော်…"

သို့သော် ခရီးသည်များ အားလုံးသည် ကိုယ့်နေရာမှ ကိုယ်မထကြဘဲ တစ်ယောက်တစ်ခွန်း တိုးတိုးတိတ်တိတ် ကြိတ်ပြောနေကြသဖြင့် အခြေအနေမှာ ထိန်းမနိုင် သိမ်းမရလောက်အောင် မဆိုးဝါးလှသေးဟု ကာနက္ဂီက တွေးမိသည်။

"ကဲပါရှင်…ဖြစ်လာမှတော့ ခေါင်းအေးအေးထားကြပါ။ ကျွန်မ စက်ခန်းထဲပြန်သွားပြီး တစ်ခုခု စီစဉ်ကြည့်ပါဦးမယ်၊ ခဏနေကြပါဦး။ ကျွန်မ ချက်ချင်းပြန်လာပါ့မယ်…"

သူမသည် တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်ကာ ခရီးသည်ခန်းထဲမှ စက်ခန်းဆီသို့ လာလမ်းအတိုင်း ခပ်သွက်သွက်ကလေး ပြန်လျှောက်လာခဲ့သည်။

စက်ခန်းထဲသို့ရောက်သောအခါ သူမသည် ခြောက်လုံးပြူး တကိုင်ကိုင်ဖြင့် ကြောင်တောင်တောင် ဖြစ်နေသည့် ဘဲယားဒင်းအား ကိုယ်





ဝန်ဆောင်မိန်းမအကြောင်းကို ပြောပြလိုက်သည်။

"ဒီအတိုင်းဆိုရင် အဲဒီအမျိုးသမီးအနေနဲ့ အကြောက်လွန်ပြီး တစ်ခုခုဖြစ်သွားမှာ စိုးရတယ်။ ကျွန်မ သဘောကတော့ အဲဒီအမျိုးသမီးကို လေယာဉ်ပေါ်က ဆင်းသွားခွင့်ပေးလိုက်ရင် ကောင်းမယ်ထင်တယ်"

လေယာဉ်မယ်ကလေး ကာနက္ဂီက အရဲစွန့်၍ ပြောလိုက်သည်။

"ခဏနေပါဦးလေ…ခဏနေပါဦး"

ဘဲယားဒင်းသည် သူ့လက်ထဲမှ ခြောက်လုံးပြူးကို လှုပ်ရမ်းကာ ကာနက္ဂီအား ငြိမ်ငြိမ်နေရန် အချက်ပြလိုက်သည်။ သူသည် အတော်ကလေး ကြာကြာပင် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေပြီး သူ့အပေါ်နှုတ်ခမ်းကို မသိမသာကိုက်ကာ တွေနေမိသည်။ နောက်ဆုံးတွင်မှ "ကဲ … ကောင်းပြီ၊ အဲဒီမိန်းမကို ဆင်းသွားခွင့်ပေးမယ်၊ သူ့ယောကျ်ားကိုလည်း တစ်ခါတည်း ထည့်လိုက်မယ်။ ကဲပါလေ…မထူးတော့ပါဘူး ခရီးသည်တွေ အားလုံး ဆင်းခွင့်ပေးလိုက်ပါ့မယ်။ ဒါပေမယ့် အဲဒီထဲက ခရီးသည် လေးယောက်တော့ ဓားစာခံအဖြစ် နေရစ်ခဲ့ရမယ်၊ ပြီးတော့ လေယာဉ်အမှုထမ်းတွေအားလုံး နေရစ်ခဲ့ရမယ်။ ကဲ…ဒါပဲ၊ အဲဒီဓားစာခံလေးယောက်ကိုတော့ မင်းပဲတာဝန်ယူပြီး ခေါ်ထားလိုက်။ ကဲ…ကြာတယ် သူတို့ကို မြန်မြန်သွားပြောချေ"

ဘဲယားဒင်းသည် "လေယာဉ်ပျံကလေး" တစ်စင်း အပိုင်စီးခဲ့ခြင်းမှ အထစ်ထစ် အငေါ့ငေါ့ဖြင့် "ပြဿနာတွေ"တစ်ခုပြီး တစ်ခု တက်လာသည်ကို စိတ်မရှည်တော့သည့်ဟန်ဖြင့် "ဖြစ်ချင်ရာဖြစ်" ဟု သဘောထားကာ စောစောက သူ့ "အမိန့်"ကို နောက်ဆက်တွဲ "ဖြင်ဆင်ချက်"များ ထုတ်လိုက်သည်။

ကာနက္ဂီသည် ဘဲယားဒင်းထံမှ "လွှတ်ပေး" ဟူသော "ယောင်္ကျားလွှတ်အမိန့်" ကိုရလျှင်ရခြင်း သူ့စိတ်ပြောင်းပြီး နောက်ထပ် "ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



တည့်၍ အမိန့်ထုတ်ခြင်းကို စိုးသည့်အလား ချာခနဲလှည့်ကာ စက်ခန်းထဲမှ ထွက်လာခဲ့သည်။

ခရီးသည်ခန်းထဲသို့ ရောက်သောအခါ လေကြောင်းဌာနမှ ခရီးသည်များ ပြုစုစောင့်ရှောက်ရေးတွင် အကြီးဆုံး တာဝန်ခံဖြစ်သော ဖင့်ချ်ဆိုသူသည် ထိတ်လန့်တကြား ဖြစ်နေသည့် ခရီးသည်များအား စိတ်အားမငယ်စေရန် ပြောကြားအားပေးနေသည်ကို ကာနဂ္ဂီလှမ်းမြင်ရသည်။

ကာနဂ္ဂီသည် တာဝန်ခံဖင့်ချ်အနားသို့သွား၍ ဘဲယားဒင်း၏ "နောက်ဆုံးအမိန့်" ကို ပြောပြလိုက်ရာ ဖင့်ချ်၏မျက်နှာပေါ်တွင် ဝမ်းသာသည့် အရိပ်အရောင်များ ဝင်းခနဲထွက်ပေါ်လာသည်ကို တွေ့လိုက်သည်။

ဖင့်ချ်သည် ကြာကြာဆိုင်းမနေဘဲ ခရီးသည်များအား မဂ်လာသံတောင်းကြီးကို ချက်ချင်းကြေညာလိုက်သည်။

"ကဲ…ကဲ…အားလုံး တခဲစိတ်နားထောင်ကြပါ။ ခင်ဗျားတို့ကို လေယာဉ်ပေါ်က ဆင်းသွားခွင့်ပေးလိုက်ပါပြီ…"

"အင်း…" ဟူသော သက်ပြင်းချသံကြီးသည် ခရီးသည်အားလုံးထံမှ တစ်ပြိုင်နက်ထွက်ပေါ်လာသည်။ မျက်နှာအားလုံး ရွှင်သွားကြသည်။

"ဒါပေမယ့် ခင်ဗျားတို့ထဲက ဓားစာခံအဖြစ်နဲ့ ၄ ယောက်နေရစ်ခဲ့ရမယ်လို့ ပြောပါတယ်။ အဲ…အဲ…ဒီတော့ ဘယ်သူနေရစ်ကြမလဲ၊ စေတနာ့ဝန်ထမ်း ဗော်လံတီယာ ပေါ့ဗျာ…"

မီးကိုရေနှင့် သတ်လိုက်သလို အားလုံးရုတ်တရက် ငြိမ်ကျသွားသည်။ သို့သော် သိပ်မကြာလိုက်၊ ထိုင်ခုံများအကြားမှ လူသွားလမ်းကလေးရှိရာသို့ "ဗော်လံတီယာ ၄ ယောက်" အလျှိုအလျို ထွက်လာကြပါသည်။

အဆိုပါဗော်လံတီယာ သူရဲကောင်းလေးဦးမှာ အောက်ပါပုဂ္ဂိုလ်များပင်ဖြစ်သည်။





ရဲဘော်ထရူးမင်း။ ။ သူသည် အသက် ၁၉ နှစ်ရှိ စစ်သားကလေးဖြစ်သည်။ ကလိဖ်လင်းဇာတိဖြစ်၍ ယခုအခါ သူ့တပ်သည် ဖို့ထ်ဘာလစ်မြို့တွင် စခန်းချတပ်စွဲလျက်ရှိသည်။

ဂျွန်ကာဘီ။ ။ ပေါက်စ်တန် မြို့သားတစ်ဦးဖြစ်၍ အသက် ၂၄ နှစ်ရှိပြီဖြစ်သည်။ ကွန်တီနင်တယ် လေကြောင်းဌာန ခရီးသည်များ သယ်ယူပို့ဆောင်ရေးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဖြစ်သည်။

လူးဝစ္စအားရိုက်။ ။ အသက် ၂၃ နှစ်ရှိ မက္ကဆီကို နယ်သားတစ်ဦးဖြစ်၍ လော့စ်လော့စ်ဆယ် လော့စ်အိန်ဂျယ်လီးမြို့တွင် နေထိုင်လျက်ရှိသည်။

ဂီလ်မန်။ ။ အသက် ၄၃ နှစ်ရှိပြီဖြစ်၍ လူဝင်လူထွက် ကြီးကြပ်ရေးဌာနမှ လက်ထောက်တိုင်းမင်းကြီး တစ်ဦးဖြစ်သည်။

အထက်ပါ ဓားစာခံ "သူရဲကောင်း လေးယောက်" မှ တစ်ပါးကျန်ခရီးသည်များသည် ကိုယ့်အထုတ် ကိုယ်ဆွဲကာ ငြိမ်သက်စွာ တန်းစီ၍ လျှောက်လာကြပြီး လေယာဉ်ခါးပိုင်းရှိ တံခါးပေါက်ကြီးမှ တစ်ယောက်ပြီးတစ်ယောက် ဆင်းသွားကြသည်။ ထို့နောက် လေယာဉ်တံခါးပေါက်မှာ ပြန်ပိတ်သွားသည်။

ထိုအချိန်အထိ လေဆိပ်ရုံးခန်းများထဲမှ အက်ဖ်ဘီအိုင်စုံထောက်များနှင့် ရဲများလုံခြုံရေးအရာရှိများသည် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှု မလုပ်သေးဘဲ အခြေအနေကို စောင့်ကြည့်နေကြဆဲဖြစ်သည်။ သူတို့သည် အဓိကအားဖြင့် လေယာဉ်ပေါ်တွင် ရှိနေကြသည့် ခရီးသည်များနှင့် လေယာဉ် အမှုထမ်းများ၏အသက်ကို တစ်စုံတစ်ရာ အန္တရာယ်မဖြစ်စေဘဲ တစ်နည်းနည်းဖြင့် အခြေအနေ ဖန်တီးလာလိမ့်မည်ဟု မျှော်လင့်ကာ အောင့်ခံနေကြခြင်းဖြစ်သည်။

လေယာဉ်အပိုင်စီးသူများက လေယာဉ်ကို ဆောက်ခွဲမျှော်သီးခံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့သည်ဆိုပါက ဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေရုံမျှသာ ရှိသည်။ သို့သော် ထိုသို့မဟုတ်ဘဲ ဤလေဆိပ်မှ လေယာဉ်ထွက်ခွာသွားမည်ဆိုပါက လေယာဉ်ဘီးများကို သေနတ်ဖြင့် ပစ်၍ဖောက်ကာ တားဆီးပိတ်ဆို့ရန် စီစဉ်ထားကြပြီး ဖြစ်သည်။ ယင်းသို့ လေယာဉ်ဘီးများကို ရိုင်ဖယ်သေနတ်ဖြင့် ပစ်ဖောက်ရန်အတွက် လေဆိပ်မှ ထွက်ခွာသည့် လေယာဉ်ပြေးလမ်းကြောင်းတစ်နေရာမှ အဆောက်အဦတစ်ခု၏ အကွယ်တွင် ကား ဂုစီးဖြင့် ရိုင်ဖယ်သေနတ်ကိုင် တပ်သားများ အသင့်စောင့်လျက်ရှိနေကြပြီးဖြစ်သည်။

ဤသည်မှာ အက်ဖ်ဘီအိုင် ညွှန်ကြားရေးဝန်ချုပ် ဟူးဗားထံမှ ညွှန်ကြားချက်အမိန့်အရ ဖြစ်သည်။ ဟူးဗားက "လေယာဉ်ကို အဲလ်ပါဆို လေဆိပ်က ထွက်ခွာခွင့်မပေးနဲ့၊ ခရီးသည်တွေရဲ့ အသက်ကိုပါ ကာကွယ်ပါ။ လေယာဉ်အပိုင်စီးတဲ့ ကောင်တွေကို အချုပ်ထဲဖမ်းထည့်ပါ" ဟူ၍ ပြတ်ပြတ်သားသား အမိန့်ပေးခဲ့သည်။ "အမိန့်"ဆိုသည်မှာ ထုတ်ပြန်သူအတွက် ဘာမှခဲယဉ်းသည်မဟုတ်၊ ပါးစပ်မှဖြစ်စေ စာရွက်ပေါ်တွင်ဖြစ်စေ တစ်ခွန်းနှစ်ခွန်း ပြော၍ တစ်ကြောင်းနှစ်ကြောင်း ခြစ်လိုက်ရုံသာရှိသည်။ သို့သော် လိုက်နာရသူများအတွက်မှု တကယ်မလွယ်သည့် အလုပ်ပင် ဖြစ်သည်။ ယခုပင်ကြည့်ပါ။

လေယာဉ်ပေါ်မှ ခရီးသည်များကို "မောင်မင်းကြီးသား" ဘဲယားခင်က စိတ်ညစ်ညစ်ဖြင့် ပြန်လွှတ်လိုက်၍ သူတို့အသက်မှာ စိုးရိမ်စရာမလိုတော့၊ အကယ်၍လေဆိပ်မှ လေယာဉ်ကြီးပြန်ထွက်သွားလျှင်လည်း လေယာဉ်ဘီးကို သေနတ်ဖြင့် ဖောက်၍ တားဆီးနိုင်သည်ထားဦးတော့။ လေယာဉ်အပိုင်စီးသည့် ဘဲယားခင်တို့ သားအဖကို အချုပ်ခန်းထဲ ဖမ်းထည့်ရန်မှာ ကြက်ကလေး ငှက်ကလေးများ မဟုတ်သဖြင့် တကယ့်တကယ်တွင် မလွယ်သည့်အလုပ်ဖြစ်သည်။ ထို့အပြင် သူတို့သားအဖ နှစ်ယောက်စလုံးမှာ ခြောက်လုံးပြူးကိုယ်စီနှင့်ဖြစ်ရာ ဤသေနတ်များကို ကိုင်





ထားပြီးမှ အချုပ်ခန်းထဲသို့ လွယ်လွယ်နှင့် တန်းဝင်သွားကြမည်တဲ့ [illegible] လျှင် ထိုသူကို "စိတ္တဇ" ဆေးရုံသို့ပို့ရန်သာ ရှိတော့သည်။

သန်းခေါင်ကျော် ၂ နာရီ ၁၀မိနစ်တွင် အဲလ်ပါဆို လေဆိပ်သို့ ဆင်းသက်လာခဲ့သော အပိုင်စီးခံထားရသည့် ဂျက်လေယာဉ်ကြီးသည် ထိုသို့ အမျိုးမျိုးအထွေထွေ ပြဿနာ "ပွေ" နေခဲ့ရာ တတ်ဆီဖြည့်ပြီးချိန်လောက်တွင် အရှေ့မိုးကုတ် စက်ဝိုင်းဆီမှ အရုဏ်လာတော့မည့်ဟန်ဖြင့် ရောင်နီများ ပျို့အန်လာနေသည်ကို တွေ့ရသည်။

ဤတွင် လေယာဉ် အမှုထမ်းများသည် ဘဲယားခင်တို့ သားအဖအား နောက်ထပ်အချိန်ဆွဲသည့် နည်းဗျူဟာတစ်ခုကို ကျင့်သုံးလာကြပြန်သည်။

သည်တစ်ချီတွင်မူ သူတို့၏ နည်းဗျူဟာမှာ ပို၍ ထိရောက်သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့က "ကျူးဘားဖြည့် ဟာဗားနားလေဆိပ်မှာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မဟုတ်ဘဲ ဒုတိယတန်းစား လေဆိပ်ဖြစ်သဖြင့် ဂျက်လေယာဉ်ကြီးများ လုံးဝမဆင်းနိုင်" ဟု ပြောလိုက်ကြသောကြောင့် ဖြစ်သည်။

ဘဲယားခင်မှာ သူတို့စကားကြောင့် "ဟိုဒင်းပဲ စားရတော့မလို စိန်လက်စွပ်ဗဲ ဝတ်ရတော့မလို" ဖြစ်သွားသည်။

"တစ်ခါက ဂျက်လေယာဉ်တစ်စင်း ဟာဗားနားမှာ ဆင်း[illegible] ကြားလိုက်ပါတယ်..."

ဖခင်ဖြစ်သူ အကြပ်ရိုက်နေသည်ကို မကြည့်ရက်နိုင်သော [illegible] က လေယာဉ်အရာရှိများကို ပြောသလိုလို၊ သူ့ဖခင် ဘဲယားခင်အား [illegible] ပေးသလိုလိုဖြင့် တစ်ခွန်းဝင်ပြောလိုက်သည်။

သို့သော် ဘဲယားခင်မှာ ကမ္ဘာပေါ်တွင် "ခေတ်အဆန်း [illegible] ၇၀၇ ဘိုးအင်းဂျက်လေယာဉ်ကြီးကို ဒုပိုင်စီးမယ့်သာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သူ့အသိဉာဏ်နှင့် အတွေ့ထွေ့ဗဟုသုတမှာ "ခေတ်မမီ" ရုံမျှမက ခေတ်နောက်ကျနေလှသည်။ ကျူးဘားပြည် ဟာဗားနားမြို့တော်လေဆိပ်တွင် ဂျက်လေယာဉ်ဆင်းနိုင်၊ မဆင်းနိုင်ဆိုသည်ကိုပင် သေသေချာချာ မသိ၊ ဇဝေဇဝါဖြစ်နေမိသည်။

နေရင်းထိုင်ရင်း ပြဿနာတွေ တစ်ခုပြီးတစ်ခု တက်ကာ ယခုထက်တိုင် လေယာဉ်မထွက်နိုင်သေးဘဲ အထစ်ထစ်အငေါ့ငေါ့ဖြစ်၍ အကြပ်ရိုက်နေသော ဘဲယားဒင်သည် လူပေါင်းဆယ်ယောက်နီးပါးမျှ စုပြုံနေသည့် စက်ခန်းကလေးထဲတွင် "အကျဉ်းကျ"ကာ မျက်နှာတွင် ချွေးသီးချွေးပေါက်များပင် ရွှဲလာခဲ့သည်။

စောစောပိုင်းက လေယာဉ်မှူးများ ရှုပြောသမျှကို ယုံကြည်စိတ်ချခဲ့သော်လည်း ယခုသော်မူ သူတို့စကားကို မယုံကြည် စိတ်မချတော့ရုံမျှမက မိမိတို့အပေါ် တစ်ဘက်လှည့်ဖြင့် တစ်ပတ်ရိုက်၍ "အချိန်ဆွဲ"နိုင်သမျှ ဆွဲနေသည်ကို တစ်စတစ်စ ရိပ်မိလာခဲ့ပြီဖြစ်သည်။ သို့သော် ခရီးသည်များအားလုံးလိုလို ပြန်လွှတ်လိုက်မိသည့်ပြင် မိမိကိုယ်တိုင်ကလည်း လူကဲခတ်ညံ့၍ ဗဟုသုတ ခေါင်းပါးလှသည်ဖြစ်ရာ သူတို့ပြောသမျှ ယုံရမလိုဖြစ်ကာ ရှေ့လျှောက်ဘာဆက်လုပ်ရမှန်းမသိတဲ့ "တန်းလန်းကြီး" ဖြစ်နေသည်။

ထိုသို့ ဘဲယားဒင်တစ်ယောက် "အကြပ်ရိုက်ကာ အကျဉ်းကျ"နေစဉ်တွင် မသိဆိုးဝါး နားမလည်သည့် သားဖြစ်သူ ကိုဒီသည် အရေးထဲ အရာပေါ်လာလိုက်သေးသည်။

"အဖေ ကျွန်တော် နောက်ဖေးသွားချင်လို့"

ဘဲယားဒင်သည် အကြီးအကျယ် စိတ်ညစ်နေရာမှ အကြီးအကျယ် ဒေါသထွက်သွားမိသည်။ သို့သော် မတတ်နိုင်···။

"ကဲ···သွားရင် မြန်မြန်သွားကွာ···ပေး မင်းလက်ထဲက သေ





နတ် ငါ့ပေးထားခဲ့"

ဂလန်ဂလားနိုင်လှသည့် "လံဘား" ကိုဒီသည် သူ့ထက်ထဲမှ ငွေ ၄၅ ပစ္စတိုကို ဘဲယားဒင်းလက်သို့ ပေးအပ်ပြီးနောက် အိမ်သာခန်းရှိရာသို့ ပျာယီးပျာယာ ထွက်သွားသည်။

ခဏအကြာတွင် ဘဲယားဒင်သည် အခြေအနေကို သည်းမခံနိုင်တော့သည့်ဟန်ဖြင့် တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည်။ ချက်ချင်းပင် သူသည် သေနတ်ကို ကြမ်းပေါ်သို့ စိုက်ကာ "နိုင်း" ခနဲ တစ်ချက်ပစ်လိုက်သည်။

"မင်းတို့ကို ကျောင်းမှန်း ကန်မှန်းသိအောင်တော့ ပြရဦးမှာပေါ့ကွာ···ဟုတ်လား? ကိုင်း ဘာမှ သောက်စကားများမနေကြနဲ့၊ အခု ချက်ချင်း လေယာဉ်ထွက်မယ် ဒါပဲ···"

ရုတ်တရက် မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့် သေနတ်သံကြောင့်တစ်ကြောင်း၊ "စိတ်ထ" လာသည့် ဘဲယားဒင်း၏ အမူအရာကို ကြည့်ကာ တကယ်"ရမ်း"တော့မည်ကို သိလာကြသဖြင့် တစ်ကြောင်း၊ လေယာဉ်မှူးများသည် သည်တစ်ခါ ဘယ်လိုနည်းဖျူးဟာမှ မတတ်နိုင်တော့ဘဲ လေယာဉ်ထွက်ရန် စီစဉ်ရတော့သည်။

လေယာဉ်မှူး ဝက္ကနာသည် လေဆိပ်အဆောက်အဦထဲမှ မျှော်စင်သို့ စကားပြောခွက်ဖြင့် လှမ်းပြောလိုက်သည်။

"တစ်ခုခုတော့ လုပ်မှဖြစ်လိမ့်မယ်၊ ဒီလိုမှမဟုတ်ရင် တစ်ယောက်ယောက်တော့ ထိလိမ့်မယ်၊ အဲဒီတော့ ကျွန်တော်တို့ လေယာဉ်ထွက်ရဖြစ်မယ်···"

"မထွက်ပါနဲ့···"

လေဆိပ်မှ လှမ်း၍တားသည်။ သို့သော် သည်မှာ[illegible]နေသည်ကို သူတို့မသိ။



www.burmeseclassic.com

www.burmeseclassic.com



"မထွက်လို့ မဖြစ်ဘူး၊ တခြားလုပ်စရာမရှိတော့ဘူး ထွက်မှပဲ ဖြစ်မယ်"

ဝဂ္ဂနာ၏ နောက်ဆုံးစကား ပြန်ကြားပြီးနောက်၊ ကပ္ပတိန်ရစ်ကာဒ်သည် လေဆိပ်မျှော်စင်သို့ လှမ်း၍ လမ်းရှင်းကြောင်း အချက်ပေးရန် တောင်းဆိုလိုက်သည်။ လေယာဉ်ကြီးအောက်တွင် ရပ်ထားကြသည့် မာတ်ဆီတင်ကား ၂ စင်းသည်လည်း ထွက်ခွာသွားကြရသည်။ မကြာမီ ဂျက် အင်ဂျင်စက်နှိုးသံသည် မိုးချုန်းသည့်ပမာ တဝုန်းဝုန်းမြည်ဟီးလာတော့သည်။

ထိုအချိန်မှာ နံနက် ၆ နာရီ ၃၅ မိနစ်ရှိပြီဖြစ်၍ မိုးလင်းစပင် ပြုနေပြီဖြစ်သည်။

လေယာဉ်လမ်းကြောင်းအတိုင်း ဘီးများလိမ့်၍ စတင်ထွက်ခွာလာစဉ် လေဆိပ်မျှော်စင်ပေါ်မှ တာဝန်ခံအရာရှိက ဤလေယာဉ်ကြီးပေါ်တွင် ပါသွားကြသည့် ခရီးသည် ၄ ယောက်၏ အမည်များကို မည်သူ မည်ဝါဖြစ်ကြောင်း ပြောကြားခဲ့ပါရန် တောင်းပန်သည့်အနေဖြင့် လှမ်းမေးလိုက်သည်။ လေယာဉ်ထွက်လာသည့် နောက်ဆုံးအချိန်အထိ ကသိကအောက်အနှောင့်အယှက် ဖြစ်အောင် လုပ်နေသဖြင့် ဘဲယားဒင်သည် စိတ်မရှည်သည်းမခံနိုင်တော့ဘဲ စကားပြောခွက်ကို သူကိုယ်တိုင်ကိုင်၍ သူ့ ပါးစပ်တွင်တေ့ကာ တအားကုန်လှမ်းအော်ပစ်လိုက်သည်။

"အမေရိကန်အစိုးရနဲ့ တိုင်းသူပြည်သားတွေရဲ့ အကျိုးအတွက် တို့ကောင်းကင်ပေါ် ရောက်ရောက်ခြင်း ကြေညာချက်တစ်စောင် ထုတ်လိုက်မယ်ဟေ့"

လေယာဉ်ဘီးများသည် တဖြည်းဖြည်း တစ်စတစ်စပို၍ မြန်လာသည်။ သို့ဖြင့် ဂျက်လေယာဉ်ကြီးသည် ကိုက်တစ်ရာကျော်လောက်အရောက်တွင် တဒိုင်းဒိုင်းထွက်ပေါ်လာသည့် သေနတ်သံများနှင့်အတူ လေယာဉ်ဘီးများ တအုံးအုံးမည်ဟီးပေါက်ကွဲသွားခဲ့သည်။ အခြေအနေကို





ရိပ်မိသည့် ဝဂ္ဂနာသည် အင်ဂျင်စက်ကို တစ်ခါတည်းရပ်ပစ်လိုက်သည်။

ဘဲယားဒင်သည် သေနတ်သံများနှင့် ဘီးပေါက်သံများကြောင့် ထိတ်လန့်တကြား ဖြစ်သွားရာက ချက်ချင်းစိတ်ကို ပြန်ထိန်းလိုက်ပြီး သူ့အနားတွင် ရှိနေသည့် လေယာဉ်မယ် ကာနဂ္ဂီ၏ဦးခေါင်းကို သေနတ်ပြောင်းဖြင့် တေ့ထားလိုက်သည်။ သို့သော် လန့်သွားသည့်အရှိန် မပြေသေးသည့်ပြင် ရုတ်တရက် ဘာလုပ်ရမည်မသိသဖြင့် လက်ကလည်း သေနတ်မောင်းကို ခလုတ်မဖြုတ်၊ ပါးစပ်ကလည်း ဘာမှမပြောနိုင်ဘဲ "ကြောင်" နေမိသည်။

ကာနဂ္ဂီမှာ သည်တစ်ခါတော့ ကိစ္စချောပြီဟု ထင်ကာ တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်နေရှာ၍ လေယာဉ်အမှုထမ်းများမှာလည်း အားလုံးမလှုပ်မယှက် ကြက်သေသေနေကြသည်။ သူတို့အားလုံး သည်လိုဖြစ်နေကြသည်မှာ ၆ မိနစ်တိတိပင် ကြာသည်။

နောက်မှ ဘဲယားဒင်သည် သေနတ်ပြောင်းဝကို ကာနဂ္ဂီ၏ခေါင်းမှ ဖယ်လိုက်ရာ လေယာဉ်မယ်မှာ အရုပ်ကြိုးပြတ်သလို ပုံလဲကျသွားလုနီးနီးဖြစ်သွားရှာသည်။ ပြီးမှ သတိထား၍ စိတ်ကို ပြန်ထိန်းကာ လေယာဉ်ကိုယ်ထည်နံရံကိုမှီ၍ ခွေနေလိုက်ရသည်။

ဤအချိန်တွင် လက်နက်ကိုင်စုံထောက်များနှင့် လုံခြုံရေးအရာရှိများသည် ဘီးပေါက်၍ ထိုးရပ်နေသည့် လေယာဉ်ကြီးကို လေးဘက်လေးတန် ဝိုင်းမိကြပြီဖြစ်သည်။ လေယာဉ်ကြီးကို ဤလေဆိပ်မှ ထွက်ခွာမသွားနိုင်အောင် ဘီးများကို သေနတ်ဖြင့် ပစ်ဖောက်၍ တားဆီးနိုင်ပြီဖြစ်ရာ၊ သူတို့တာဝန်မှာ တစ်ပိုင်းတစ်စ တာဝန်ကျေပြီဟု ဆိုနိုင်သည်။ သို့သော် လေယာဉ်အပိုင်စီးသူများကို အချုပ်ခန်းထဲပစ်ထိုရန် အခက်အခဲဆုံးနှင့် နောက်ဆုံးတာဝန်တစ်ရပ် ကျန်နေသေးသည်။

ချက်ချင်းဆိုသလိုပင် အက်ဖ်ဘီအိုင် စုံထောက်အရာရှိချုပ် ခရေ့စ်ဘီသည် "မြေပြင်ဆက်သွယ်ရေးစနစ်" ဖြင့် လေဆိပ်ရုံးခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



၍ လေယာဉ်ထဲတွင်ရှိနေသည့် လေယာဉ်အပိုင်စီးသူများကို အဆက် အသွယ်လုပ်ကြည့်သည်။

"မင်းဘယ်သူလဲ…"

အသံဖမ်းစက်ထဲသို့ အသံတစ်သံ ဝင်လာသဖြင့် ဘဲယားဒင်းက ထောင်၍ မေးလိုက်သည်။

"အက်ဖ်ဘီအိုင် စုံထောက် ခရော့စ်ဘီပါ…"

"ကောင်းပြီ ဒါဖြင့်နေဦး။ ငါ စကားပြောချင်တော့မှ ထပ်ခေါ် လိုက်မယ်"

သည်လိုနှင့်ပင် အခြေအနေမှာ နောက်ထပ် ဘာမှမထူးခြားဘဲ ရှိနေပြန်သည်။

အရှေ့ကောင်းကင်မှ တစ်စတစ်စ နေလုံးကြီး မြင့်တက်လာသည်နှင့်အမျှ အပူရှိန်မှာ တဖြည်းဖြည်းများလာသည်။ အအေးစက်ပျက်သွားပြီဖြစ်သဖြင့် လေယာဉ်စက်ခန်းထဲမှ ဘဲယားဒင်းတို့ သားအဖအပါအဝင် လူအားလုံးမှာ ချွေးတလုံးလုံး ဖြစ်နေကြသည်။

ဘဲယားဒင်းမှာ ဘာမှမလုပ်တတ်တော့ဘဲ အကြံကုန်သလောက်ဖြစ်နေပြီး၊ သူ့သား ကိုဒီမှာလည်း "ယောင်တောင် ကြောင်တက်တက် မောင်းချောက်မှန်သည့်ကြက်" လို ဣန္ဒြေမရ ဖြစ်နေသည်။

သို့နှင့်ပင် နံနက် ၉၀ နာရီထို၍ "နေထန်းတဖျား" အချိန်ရောက်လာသည်။

စုံထောက်အရာရှိ ခရော့စ်ဘီသည် လေယာဉ်စက်ခန်းသို့ နောက်တစ်ကြိမ် ထပ်မံဆက်သွယ်ကာ ဘဲယားဒင်းအား ယခုကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်အစိုးရ၏ သဘောထားကို ပြတ်ပြတ်သားသားတင်ပြခဲ့သည်။ "ဤဂျက်လေယာဉ်ကြီးကို အဲလ်ပါဆိုလေဆိပ်မှ လုံးဝထွက်ခွာခွင့်ပြုမည်မဟုတ်။ ၎င်းတို့သားအဖကို ရာဇဝတ်မှုဖြင့် ဖမ်းဆီးအရေးယူမည်။ ရာဇ





ဝတ်မှုကျူးလွန်သူများ ဖြစ်နေပြီဖြစ်သဖြင့် မည်သည့်စေ့စပ်ရေးကိုမှ လက်မခံနိုင်" ဟူသည်တို့ဖြစ်သည်။

နာရီဝက်လောက်ကြာသည်အထိ ဘဲယားဒင်းထံမှ အကြောင်းမပြန်ဘဲ ငြိမ်ချက်သားကောင်းနေခဲ့သည်။

ဤတွင် ခရော့ဘီသည် တစ်မျိုးတစ်ဖုံ ဉာဏ်ဆင်ကာ ဘဲယားဒင်းအား ထပ်မံဆက်သွယ်၍ "ဤကိစ္စကို အေးအေးဆေးဆေး ဆွေးနွေးကြရန်" အတွက် မိမိအား လေယာဉ်ပေါ်သို့ တက်ခွင့်ပြုပါရန် မေတ္တာရပ်ခံလိုက်သည်။

"ကောင်းပြီ အဲဒီလိုဆိုရင် လေယာဉ်ပေါ်ကို လာခဲ့ပါ"

ခရော့စ်ဘီသည် အရဲစွန့်၍ လေယာဉ်ပေါ်သို့ တက်လာခဲ့သည်။ ဘဲယားဒင်းတို့ သားအဖ ၂ ယောက်တွင် သေနတ်ကိုယ်စီ ရှိနေကြရာ ခံစရာရှိလျှင် မိမိသာခံရမည်ကိုသိပြီး သို့သော် လေယာဉ်ပေါ်ရောက်လျှင် တစ်နည်းနည်းဖြင့် မိမိအတွက် အခွင့်အလမ်းသာစရာရှိလိမ့်မည်ဟု ယူဆကာ စွန့်လိုက်ခြင်းပင် ဖြစ်သည်။

လေယာဉ်ပေါ်သို့ ခရော့စ်ဘီ ရောက်မလာမီ ဘဲယားဒင်းသည် လေယာဉ်မှူး ဝဂ္ဂနာနှင့် ကပ္ပတိန်ရစ်ကာဒ်တို့နှစ်ယောက်ကို ရှေ့ဆုံးမှ စက်ခန်းထဲတွင် ချန်ထားခဲ့ပြီး သူတို့သားအဖနှင့်အတူ လေယာဉ်အရာရှိ ဆိုင်မွန်နှင့် စားစာခံတစ်ဦးဖြစ်သည့် ဂစ်လ်မန်တို့အား အလယ်မှ ခရီးသည်ခန်းထဲသို့ ခေါ်လာခဲ့သည်။ ကျန်လေယာဉ်အမှုထမ်းများနှင့် စားစာခံများကိုမူ လေယာဉ်နောက်ဘက် (အမြီး) ပိုင်းတွင် သွားနေကြရန် အမိန့်ပေးလိုက်သည်။

ဤတွင် လေယာဉ်ပေါ်သို့ ခရော့စ်ဘီ တက်လာသည့် အခိုက်အတန့် ဘဲယားဒင်းတို့ သားအဖ အလုပ်များနေချိန်ကလေးတွင် အသက် ငယ် ကာနဂ္ဂီသည် လေယာဉ်နောက်ပိုင်းမှ တံခါးပေါက်ကိုဖွင့်၍ ချက်ချ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးခဲ့ရာ ထိုနေရာတွင် ရှိနေကြသည့် ဓားစာခံ ၃ ဦးနှင့် လေယာဉ်အမှုထမ်းများသည် ထိုအပေါက်မှပင် ခုန်ဆင်း၍ အားလုံးလွတ်မြောက်ကြသည်။

လေယာဉ်ပေါ်သို့ ခရော့စ်ဘီရောက်သွား၍ အတွင်းသို့ ဝင်လိုက်သောအခါ လေယာဉ်မှူး ဆိုင်မွန်နှင့် ဓားစာခံဂစ်လ်မန်တို့သည် ခရီးသည်အခန်းထဲမှ လူသွားလမ်းကလေးတွင် မတ်တပ်ရပ်နေကြပြီး ဘဲယားဒင်းမှာ စက်ခန်းဘက်သို့ မျက်နှာမူ၍ အတွင်းဘက်မှ ခရီးသည် ထိုင်ခုံတစ်ခုံတွင် ထိုင်နေသည်ကို တွေ့ရသည်။ သူ့သားကိုဒီကိုမူ သူ့ဖခင်၏နောက်တန်းမှ ပြတင်းပေါက်နှင့် ကပ်နေသော အခြားထိုင်ခုံတစ်ခုံပေါ်တွင် တွေ့ရသည်။

စုံထောက်အရာရှိ ခရော့စ်ဘီသည် ဘဲယားဒင်းနှင့် မျက်စောင်းထိုးမှ ထိုင်ခုံတစ်ခုံပေါ်တွင် ထိုင်ကာ ဘဲယားဒင်းဘက်သို့ ကိုယ်တစ်ပိုင်းလှည့်ရင်း "ဆွေးနွေးပွဲ" ကို စလိုက်သည်။

"ခင်ဗျားအတွက် ပြေးပေါက်မရှိတော့ပါဘူး။ လက်နက်ချ အညံ့ခံတာကလွဲလို့ တခြား ဘာမှ လုပ်လို့မဖြစ်တော့ပါဘူး။ ဘယ်မှလဲ သွားလို့မရတော့ဘူး"

ခရော့စ်ဘီသည် လေသံခပ်အေးအေးဖြင့် ပြောသော်လည်း သူ့စကားမှာ "ပြတ်" သည်၊ "ရှင်း" သည်။

"ကျုပ်တို့ ကျူးဘားကို သွားချင်တယ်၊ အဲဒီသွားမှုကို ဖြစ်မယ်"

"ဘာဖြစ်လို့လဲ၊ ဒီကိုသွားဖို့ ဘယ်သူကတိုက်တွန်းတာလဲ"

လေယာဉ်ဘီးပေါက်၍ သူ့အကြံအထမမြောက်တော့သည့် တိုင်အောင် ဘဲယားဒင်းသည် "ကျူးဘားသွားမည်" တကဲကဲဖြစ်နေသေးပြန်ရာ ဒါကို ခရော့စ်ဘီက နိုင်ငံရေးပယောဂပါလေသလားဟု စုံစမ်းကြည့်ခြင်း ဖြစ်သည်။

"ကျုပ်သဘောနဲ့ ကျုပ်သွားဖို့ စီစဉ်တာပါ။ ဒီကိစ္စမှာ ကျူးဘား





အစိုးရနဲ့ ဘာမှ မပတ်သက်ပါဘူး။ ကျုပ်နဲ့ ကျုပ်မိသားစုအားလုံး ကျုပ်တို့ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ကျူးဘားကို သွားချင်တာပါ။ ကျုပ် ဘယ်သူ့ကိုမှလဲ ရန်မရှာချင်ပါဘူး။ ဒါပေမယ့် ကျူးဘားကို သွားရမှုကို ဖြစ်မယ်။ ကျူးဘားမှာရှိတဲ့ အစိုးရနဲ့ အဲဒီမှာ နေရထိုင်ရတဲ့ဘဝကို ကျုပ်သဘောကျလို့ သွားချင်တာပဲ"

"ဒါဖြင့်ရင်လဲ ခင်ဗျားအိမ်သားတွေအားလုံး ကျူးဘားကို မိုင်းခရီးသည်တင်တဲ့ လေယာဉ်ပျံနဲ့ ဘာလို့မသွားတာလဲ"

"ပိုက်ဆံမရှိလို့ပေါ့။ ကျုပ်လက်ထဲမှာ စုစုပေါင်း ဒေါ်လာ အစိတ်ပဲရှိတယ်"

ဘဲယားဒင်းက ရိုးရိုးနှင့် ရှင်းရှင်းဖြေလိုက်ရာ ခရော့စ်ဘီသည် သူ့အဖြေကြောင့် သနားရမလိုလို၊ ဒေါသထွက်ရမလိုလို ဖြစ်သွားမိသည်။

ဤသို့ လေယာဉ်အပိုင်စီးသူ ဘဲယားဒင်းနှင့် သူ့အား လက်ရဖမ်းဆီးရန်လာသည့် ခရော့စ်ဘီတို့ "ကထိန်အမေးအဖြေ" လုပ်သလို အပြန်အလှန် မေးကြဖြေကြလုပ်နေကြစဉ် အပြင်ဘက်မှ ပိုင်းထားကြသည့် စုံထောက်များနှင့် ရဲအဖွဲ့ဝင်များသည် လေယာဉ်စက်ခန်းမှ ခရီးသည်ခန်းအကြားရှိ တံခါးပေါက်မှ ပိတ်ထားလျက်ရှိကြောင်း သိရသည်။ ဤတွင် အက်ဖ်ဘီအိုင်စုံထောက်တစ်ယောက်နှင့် နယ်ခြားကင်းတပ်ဖွဲ့မှ ရဲအဖွဲ့ဝင်တစ်ယောက်သည် လှေကားတစ်ခုကို ထောင်ကာ လေယာဉ်စက်ခန်းဘေးရှိ မလွယ်ပေါက်မှတစ်ဆင့် စက်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။ ထိုအချိန်မှာ နံနက် ၉ နာရီ မိနစ် ၅၀ တိတိဖြစ်သည်။

ထို့နောက် အက်ဖ်ဘီအိုင်စုံထောက်သည် စက်ခန်းထဲမှ ခရီးသည်ခန်းထဲသို့ သွားသည့် တံခါးကို အသာကလေးခေါက်၍ အသံပေးလိုက်ရာ မလှမ်းမကမ်းမှ ထိုအသံကိုကြားရသည့် လေယာဉ်မှူး ဆိုင်မွန်သည် တံခါးအနီးသို့ ကပ်သွားပြီး တံခါးကို မသိမသာဖွင့်လိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်ချင်ချင်းပင် ပြန်ပိတ်လိုက်သည်။ အပြင်မှ "မိမိတို့လူ"နှစ်ယောက် စတ်ခန်းထဲသို့ ရောက်နေကြောင်း သိလိုက်ရသည်။

ဆိုင်ခွန်၏ အမူအရာကိုကြည့်၍ မိမိတို့ဘက်မှ "စစ်ကူ" ရောက်လာပြီကို ရိပ်မိလိုက်ကြသော ခရော့စ်ဘီနှင့် ဂစ်လ်မန်တို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြကာ "ဖိုင်တင်" ခန်းကို စကြတော့သည်။

တေးစာခံအဖြစ် တစ်ယောက်တည်း ကျန်နေရစ်သည့် ဂစ်လ်မန်သည် သူရပ်နေသည့်နေရာမှ တဟုန်ထိုးပြေးသွားကာ သူတစ်ကိုယ်လုံးတွင်ရှိသည့် အင်အားကို ညာဘက်လက်ပေါ်သို့ စုပြုံအားယူ၍ ထိုင်ခုံပေါ်တွင် အမှုမဲ့အမှတ်မဲ့ ထိုင်နေသော ဘဲယားဒင်း၏နားထင်သို့ လက်သီးတစ်လုံး အားရပါးရ "ကြဲ" လိုက်သည်။ "ဂေါက်"ခနဲ မြည်သံနှင့်အတူ သူ့လက်ခေါက်မှာ ကျင်သွားပြီး ဘဲယားဒင်းမှာလည်း ထိုင်ခုံများအကြားတွင် ကားယားကြီး ကျသွားသည်။ သူ့လက်မှ ခြောက်လုံးပြူးသေနတ်မှာလည်း လွင့်ထွက်သွားသည်။

တစ်ချိန်တည်းတွင် ခရော့စ်ဘီကလည်း ထိုင်ရာမှ ဝုန်းခနဲထ၍ ဘဲယားဒင်း၏နောက်ခုံတွင် ထိုင်နေသော ကိုဒီအား ကိုယ်လုံးနှင့်ပစ်၍ ခုန်အုပ်လိုက်ပြီး မလှုပ်နိုင်အောင် ချုပ်ထားလိုက်သည်။

ခရီးသည်အခန်းထဲတွင် "လုပ်ငန်း" စနေပြီဖြစ်ကြောင်း သိရသည်နှင့်တစ်ပြိုင်နက် စက်ခန်းထဲမှ အက်ဖ်ဘီအိုင် စုံထောက်နှင့် နယ်ခြားကင်းတပ်မှ ရဲအဖွဲ့ဝင်တို့သည် စက်ခန်းတံခါးကို တအားဖွင့်၍ ခရီးသည်ခန်းထဲသို့ ပြေးဝင်လာခဲ့ကြသည်။ သို့သော် သူတို့မှာ အလာနောက်ကျနေသဖြင့် လက်စွမ်းမပြလိုက်ရဘဲ ဖြစ်သွားသည်။ သူတို့နှစ်ယောက် ပြေးဝင်လာကြသည့်အချိန်တွင် ဘဲယားဒင်းတို့ သားအဖမှာ မရှုမလှခံခဲ့ကြရ၍ မလှုပ်အယှက်နိုင်ကြတော့ဘဲ အားလုံးကိစ္စပြီးသွားခဲ့ပြီဖြစ်သည်။





နောက် ၂ နာရီမျှကြာသောအခါ ဘဲယားဒင်းနှင့်သားဖြစ်သူ ကိုဒီတို့သည် အဲလ်ပါဆိုမြို့ တိုင်းမင်းကြီးရုံးခန်းသို့ လက်ထိပ်တန်းလန်းဖြင့် ရောက်လာကြသည်။ သူတို့သားအဖ နှစ်ယောက်အား ခေါ်ဆောင်လာသည့် အက်ဖ်ဘီအိုင်စုံထောက်အရာရှိချုပ် ခရော့စ်ဘီက "လေယာဉ်ပျံ တစ်စင်းကို ခိုးယူ၍ ပြည်နယ်တစ်ခုမှ တစ်ခုသို့ ယူဆောင်လာမှု" နှင့် "လေယာဉ်အမှုထမ်းများနှင့် ခရီးသည် ၄ ယောက်အား ပြန်ပေးဆွဲမှု" တို့ဖြင့် ပုဒ်မတပ်ကာ ရမန်ယူသွားခဲ့သည်။

"မောင်မင်း ဒီအမှုတွေကို ကျူးလွန်နေတုန်း လက်ပူးလက်ကြပ်မိတယ်ဆိုတာ ဟုတ်သလား" ဟု တိုင်းမင်းကြီးက မေးလိုက်ရာ...ဘဲယားဒင်းက မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။

"ဟုတ်ပါတယ်၊ သိပ်ဟုတ်တာပေါ့"

သို့ဖြင့် တစ်ခါက ခိုးမှုဖြင့်လည်းကောင်း၊ နောက်တစ်ကြိမ် ဖောက်ထွင်းမှုဖြင့်လည်းကောင်း၊ နောက်တစ်ဖန် လုယက်မှုဖြင့်လည်းကောင်း ထောင် ၃ ကြိမ်ကျခဲ့ဖူးသော ဘဲယားဒင်းသည် ယခုနောက်ဆုံးအကြိမ်၌ ယခင်အမှုများထက် "ပိုမိုကြီးမား"၍ "ပိုမိုအဆင့်မြင့်"သည့် လေယာဉ်အပိုင်စီးမှုဖြင့် စတုတ္ထအကြိမ်မြောက် ထောင်ထဲသို့ ရောက်ရှိခဲ့ရပြန်သည်။ မှန်သည်။ ၎င်းအမှုသည် ရောမဂျက်လေယာဉ်ကြီးကို အပိုင်စီးရန် ကြိုးစားခဲ့ခြင်းဖြစ်ရာ၊ ယခင်အမှုများထက် "ပိုမိုကြီးမား"၍ မြေပြင်မှ အထက် ကောင်းကင် ပေပေါင်း ၂၇,၀၀၀ အမြင့်တွင် ကျူးလွန်ခဲ့ခြင်းကြောင့် ယခင်အမှုများထက် "ပိုမိုအဆင့်မြင့်" သည် မဟုတ်ပါလော။

ထိုမျှမက ယခုတစ်ကြိမ် ဘဲယားဒင်း ကျူးလွန်ခဲ့သည့်အမှုသည် မူလကြံစည်ကျူးလွန်ခဲ့စဉ်က လေယာဉ်အပိုင်စီးမှုတစ်ခုသာဖြစ်သော်လည်း အမှုသွား အမှုလာနှင့် စာမျက်နှာများသလောက် ပုဒ်မတွေများလှသည့် တရားဥပဒေ၏ "စာအုပ်ကြီးအတိုင်း" ခရီးသည်များနှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်အမှုထမ်းများကို ပြန်ပေးဆွဲမှု၊ "ခိုးရာပါ" လေယာဉ်ကြီးကို ပြည်နယ်တစ်ခုမှတစ်ခုသို့ ပျံသန်းလာမှုနှင့် ပြည်နယ်အချင်းချင်း ကူးသန်းသွားလာမှုတို့ ငြိစွန်းခြောက်၍ နှောင့်ယှက်ဟန့်တားမှု စသည်ဖြင့် "တစ်ချက်ခုတ် သုံးချက်ပြတ်" ဆိုသလို တစ်မှုတည်း ကျူးလွန်ရင်း သုံးမှုအတွက် တရားခံဖြစ်ခဲ့ရသည်။

ဤအမှုသုံးမှုကို ရုံးတော်မှ စီရင်ချက်ချခဲ့ရာ၌ ပထမအမှုအတွက် ထောင်ဒဏ်တစ်သက်၊ ဒုတိယအမှုအတွက် ထောင်ဒဏ် ၅ နှစ်နှင့် တတိယအမှုအတွက် ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ သို့သော် အထက်ရုံးသို့ အယူခံဝင်ခဲ့ရာ ပထမနှင့် ဒုတိယအပြစ်ဒဏ်များကို ပယ်ဖျက်၍ တတိယပြစ်မှုဖြစ်သော ထောင်ဒဏ် အနှစ် ၂၀ ကို တည်မြဲခဲ့သည်။

ဘဲယားဒင်း၏ သားဖြစ်သူ ကိုဒီကိုမှု အမှုက ကြီးကျယ်သလောက် အသက်ကငယ်၍ အမှုနှင့်လူနှင့်မမျှသည့်ပြင် မသိနားမလည်သူဖြစ်သဖြင့် သက်ညှာသောအားဖြင့် ထောင်ဒဏ် ၄ နှစ်အပြစ်ပေးခဲ့သည်။

ယခု ၁၉၇၀-၇၁ ခုနှစ်များတွင် လေယာဉ်အပိုင်စီးမှုများမှာ ကမ္ဘာအရပ်ရပ်တွင် နိုင်ငံတကာ၌လိုလို မကြာခဏ ဖြစ်ပွားနေပြီဖြစ်သဖြင့် ရိုးနေပြီဖြစ်သော်လည်း လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကမူ ဤအမှုမျိုးမှာ ရှားရှားပါးပါးပင် ရှိနေသေးသည်။ သို့ဖြစ်ရာ ထိုစဉ် (၁၉၆၁ ခုနှစ်)က ဖြစ်ပွားခဲ့သည့် ဘဲယားဒင်းတို့ မအူမလည် သားအဖ၏ အထမမြောက်သော လေယာဉ်အပိုင်စီးမှုကြီးသည် အက်ဖ်ဘီအိုင်အဖွဲ့ကြီး၏ မှတ်တမ်းဝင်မှုခင်းတစ်ခု ဖြစ်လာခဲ့သည်။

ဤအမှုနှင့်စပ်လျဉ်း၍ ဖြစ်ပျက်ခဲ့သမျှ အလုံးစုံကို အကုန်အစင်တင်ပြပြီးဖြစ်၍ နိဂုံးချုပ်ရန်သာရှိတော့သည်။

သို့သော်... "ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်" မိသလို မလယ်





မဝယ်ဖြင့် ဂျက်လေယာဉ်ကြီးတစ်စင်းလုံးကို အပိုင်စီးရန် ကြံခဲ့သည့် ဘဲယားဒင်းနှင့် ပတ်သက်၍ပြောရန် တစ်ခုကျန်နေသေးသည်။

ဘဲယားဒင်းအား ဖမ်းဆီးချုပ်နှောင်၍ အမှုစစ်ဆေးနေစဉ်အတွင်း သူ၏အမူအရာ အပြောအဆိုများသည် "အူကြောင်ကြောင်" နိုင်လှသည်ဟု ဆိုကာ အချို့က သူ့အား "ဦးနှောက်ချောင်" နေသည်ဟူ၍ စွပ်စွဲခဲ့ကြသည်။

အထူးသဖြင့် အမှုအတောအတွင်း သူသည် ၁၉၆၁ ခု၊ အောက်တိုဘာလ ၉ ရက် နေ့စွဲဖြင့် ရုံးတော်သို့ လျှောက်လွှာတစ်စောင်ရေးသားတင်သွင်းခဲ့ရာ ထိုစာထဲ၌ "သူ့အမှုကို အမေရိကန်ပြည်ထောင်စုတွင် မစစ်ဆေးဘဲ "ကြားနေနိုင်ငံ" တစ်ခုခုတွင် စစ်ဆေးရန် လွှဲပြောင်းပေးပါမည့်အကြောင်း" ဖော်ပြပါရှိသဖြင့် သူ့အား "စိတ်မနှံ့သူ" တစ်ယောက်ဟူ၍ မှတ်ချက်ချခဲ့ကြသည်။ သူရေးသားတင်သွင်းခဲ့သည့် အဆိုပါလျှောက်လွှာထဲ၌ ပါရှိသည့် အကြောင်းပြချက်များတွင် တစ်နေရာ၌ ယခုကဲ့သို့ သူ့အမှုကို အမေရိကန်ပြည်ထောင်စုတွင် မစစ်ဆေးဘဲ ကြားနေနိုင်ငံတစ်ခုခုတွင် စစ်ဆေးရန် တောင်းဆိုရခြင်းမှာ...

"အမေရိကန် ပြည်ထောင်စုအတွင်း၌သာ ဤအမှုကို ကြားနာ စစ်ဆေးမည်ဆိုပါက မပြည့်စုံ မနိုင်လုံဘဲ၊ တရားမျှတမှု ရရှိရန်လည်း ခဲယဉ်းလှသောကြောင့် ဖြစ်ပါသည်။ ဤအမှုတွင် တရားခံအဖြစ် ခုခံလျှောက်လဲသူသည် ဘာသာမရှိသည့် ဆိုရှယ်လစ်တစ်ယောက်ဖြစ်သည့်ပြင်၊ အမေရိကန် အမျိုးသားတစ်ယောက် မဟုတ်တော့သည်ကိုလည်း ရုံးတော်သို့ အစီရင်ခံထိုပါသည်။ ဤခုခံလျှောက်လဲသူသည် အမေရိကန် [illegible] အကြားတွင် နှစ်ပေါင်း ၃၈ နှစ်တိုင်တိုင် နေထိုင်[illegible] ခဲ့ပြီးနောက်၊ ဤအမေရိကန် အမျိုးသားများသည် [illegible] လုံးနှင့်ချီ၍ စိတ်ဓာတ်မတည်ငြိမ်မှု အာယာတ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနှင့် သူတော်ကောင်းဟန် ဆောင်မှုများရှိနေကြသည်ဟု ယုံကြည်လျက်ရှိပါသည်...”

စသည်ဖြင့် အတိအလင်းရေးသားဖော်ပြခဲ့သည်။

ဤသို့သော အကြောင်းအကြောင်းများကြောင့် ဘဲယားဒင်းအား “ဦးနောက်ချောင်၍ ရူးကြောင်ကြောင်” ဖြစ်နေသည်ဟု ယူဆကာ ဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီးများဖြင့် စမ်းသပ်စစ်ဆေးခြင်းများပင် ပြုလုပ်ခဲ့ကြသေးသည်။ သို့သော် ဆရာဝန်ကြီးများက “ဦးနှောက်တစ်စုံတစ်ရာ ချို့ယွင်းခြင်းမရှိ၊ လူကောင်းပကတိဖြစ်သည်” ဟူ၍ မှတ်ချက်ချခဲ့ကြသည်

မည်သို့ပင်ဖြစ်စေ ၎င်းတို့စွပ်စွဲသည့်အတိုင်း ဘဲယားဒင်းအား ဦးနှောက်ချောင်ကာ စိတ်မနှံ့သည့် “အရူး” တစ်ယောက်ဟူ၍ ယူဆကာ သူပြောခဲ့သမျှကိုလည်း “အရူးစကား” ဟူ၍ သဘောထားလိုက ထားနိုင်ကြသည်။ အကြောင်းသော်မူ သူပြောခဲ့သည့် စကားများတွင် “အရူးဆယ်ခွန်းပြောလျှင် တစ်ခွန်းမှန်တတ်သည်” ဆိုသကဲ့သို့ “အမှန်” တရားများပါရှိနေသောကြောင့်တည်း။

×××××





## လက်ပြောင်းလက်လွှဲများခဲ့ရသော ဆယ့်ငါးသိန်းတန် စိန်ကြီးတစ်လုံး

ဤအမှုသည် အက်ဖ်ဘီအိုင် စုံထောက်များအတွက် “လက်ဝင်”လှသော မှုခင်းများတွင် စံတင်ခဲ့ရသည့်အမှုကြီးဖြစ်၏။ ဤအမှုတွင် လုဆိုးများလက်သို့ ပါသွားသည့် ပစ္စည်းမှာ ဒေါ်လာ ၃သိန်း(မြန်မာငွေကျပ် ၁၅ သိန်းခန့်) တန် စိန်ကြီးတစ်လုံး ဖြစ်နေသည့်ပြင် ကြုံရာပါ တရားခံများမှာလည်း ကြေးတန်းစား ဂေါက်သီးရိုက်သမား၊ ဘိုင်ကျနေသည့် အလုပ်လက်မဲ့ ရာဇဝင်လူဆိုး၊ ကုန်စိမ်းသည်၊ စိန်ပွဲစားစသည်ဖြင့် လူမျိုးစုံပါဝင်ပတ်သက်နေသည့် အမှုကြီးဖြစ်၏။ အက်ဖ်ဘီအိုင် စုံထောက်များသည် ဤအမှုတွင် တရားခံများကိုဖမ်းဆီးရမိနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စု၏ အရှေ့ဘက်ကမ်းခြေမှ ထော့အိန်ဂျယ်လီးစ်မြို့၊ အနောက်ဘက်ကမ်းခြေမှ နယူးယောက်နှင့် တောင်ဘက်ကမ်းခြေမှ မိုင်ယာမီစသည်ဖြင့် ဤဗိုခနောက်ဆိုင်မြို့ကြီးသုံးမြို့အတွင်းရှိ ပြည်ထောင်စုတစ်ဝှမ်းလုံးမှ မြို့ကြီးများသို့ အနှံ့အပြား ခြေရာခံ၍ လိုက်လံစုံစမ်းထောက်လှမ်းခဲ့ကြရ၏။ ဤမျှလောက် ရှုပ်ရှုပ်ထွေးထွေးဖြင့် ရှည်လျားထွေပြားလှသည့် ဤအမှုကြီး၏ဖြစ်ပုံပျက်ပုံအလုံးစုံတို့မှာ ...



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ဗီရာကာရပ်သည် လပ်စ်ဗေးဂစ်စ်မြို့၏ အနောက်တောင်ဘက် ၂၆ မိုင်ကွာအရပ်တွင် နေထိုင်လျက်ရှိသော်လည်း လူဦးရေ တစ်သိန်းနီးပါး မျှရှိသည့် ထိုမြို့ပေါ်တွင် သူမအား မသိသူမရှိသလောက် ဖြစ်ခဲ့သည်။ လပ်စ်ဗေးဂပ်စ်မြို့သူမြို့သားများသာမက ထိုမြို့သို့ ရံဖန်ရံခါ ကိစ္စဝိစ္စဖြင့်ဖြစ်စေ၊ အလည်အပတ် ဖြစ်စေ ရောက်ရှိလာတတ်ကြသည့် နီဗားဒါးပြည်နယ် တစ်ဝှမ်းလုံးမှ နယ်သူနယ်သားများပင်လျှင် မစ္စက်ဗီရာကာရပ်၏ အမည်နာမကို ကြားဖူးနားဝရှိကြသည်အထိ ထင်ရှားသူတစ်ဦးဖြစ်သည်။

ယင်းသို့ "ပေါ်လေးတကျိုး ဟိုးလေးတကျော်" ဖြစ်ရလောက်အောင် ထင်ရှားကျော်ကြားနေသည့် မစ္စက်ဗီရာကာရပ်တွင် ယင်းကျော်ကြားမှု၏ အခြေခံအကြောင်းသုံးရပ်ရှိခဲ့သည်။

ပထမအကြောင်းရင်းမှာ သူမသည် ကမ္ဘာ့အရင်းရှင်လောကတွင် အထူးပင် နာမည်ကြီးလှသည့် ဂျာမန်စက်မှုအရင်းရှင်ကြီး အဲလ်ဖ်ဖရက်





ကာရပ်၏ ဇနီးဟောင်းဖြစ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ အဲလ်ဖ်ဖရက်ကာရပ်မှာ နယ်နယ်ရရ မဟုတ်၊ ဂျာမဏီတွင် မျိုးနှင့်ရိုးနှင့်ချီ၍ ဘိုးစဉ်ဘောင်ဆက် ကျိုကျိုတက် ချမ်းသာခဲ့ကြသည့် "ကာရပ်မိသားစု" တွင် စာရင်းဝင်တစ်ဦး ဖြစ်သည်။ ဂျာမဏီတွင် သံမဏိလုပ်ငန်းကို ပထမဦးဆုံး စတင်လုပ်ကိုင်လာခဲ့ကြရာမှ ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီကရော၊ စစ်ပွဲကြီးနှစ်ပွဲအတွင်းကပါ ဂျာမန်စစ်တပ်ကြီးအတွက် ရိုင်ဖယ်မှအစ လေယာဉ်ပစ် အမြောက်ကြီးများအထိ လိုအပ်သမျှ စစ်လက်နက်ပစ္စည်း အသုံးအဆောင်များကို မရေမတွက်နိုင်လောက်အောင် ထုတ်လုပ်ပေးခဲ့ကြသူများမှာ ဤ "ကာရပ်မိသားစု" များပင်ဖြစ်သည်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီ ဂျာမဏီတွင် ဟစ်တလာ အာဏာရလာခဲ့ပြီးနောက် ဂျာမန်ဒီဗီဇံတပ်မကြီးများနှင့် မုန်တိုင်းတပ်ကြီးများအား နောက်ဆုံးပေါ် ခေတ်မီလက်နက်များ တပ်ဆင်ခဲ့ရာ၌ ဟစ်တလာအလိုကျ လုပ်ဆောင်ပေးခဲ့သည့် "ဂုဏ်တပ်ကာရပ်" ဆိုသူမှာ ယခုမစ္စက်ဗီရာကာရပ်၏ ခင်ပွန်းဟောင်း အဲလ်ဖရက်ကာရပ်၏ ဖခင် အရင်းခေါက်ခေါက်ကြီးပင် ဖြစ်သည်။

"ဘမျိုးဘိုးတူ ကျိုကလေးတကားကားနဲ့" ဆိုသည့် စကားအတိုင်း ဒုတိယကမ္ဘာစစ်ကြီးအပြီး အရှေ့နှင့်အနောက်ဟူ၍ ဂျာမဏီနှစ်ပိုင်းကွဲသွားခဲ့ရာ၌ အနောက်ဂျာမဏီတွင် ကမ္ဘာက မျက်လုံးပြူးရလောက်အောင် စက်မှုလုပ်ငန်းကြီးများကို နေ့ချင်း ညချင်း ထူထောင်လုပ်ကိုင်လာခဲ့သည့် ပုဂ္ဂိုလ်မှာလည်း ယခု မစ္စက်ဗီရာ၏ လင်ယောကျ်ား "အရင်းခေါက်ခေါက်ကြီး" ဖြစ်သော အဲလ်ဖရက်ကာရပ်ပင် ဖြစ်သည်။

အမေရိကန်သူ မစ္စဗီရာသည် အဆိုပါကုဋေကုဋာကြွယ်[illegible] ဂျာမန် "စက်မှုလုပ်ငန်းဘုရင်" အဲလ်ဖရက်ကာရပ်နှင့် "ကံဆုံ[illegible] မစ္စက်ဗီရာကာရပ်ဟူ၍ "ကင်ပွန်း" တပ်ခံခဲ့ရာမှ မကြာမီ အဲ[illegible] နှင့် "ကံကုန်၍သွား" သဖြင့် လင်မယားကွဲခဲ့သော်လည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



လပ် သုဌေးကြီးအဖြစ် "အဝေးကပင်မြင်နိုင်" ကြသေးသည်။ လက်ဝတ်လက်စားနှင့် တိုက်တာ နေအိမ် စသည့်အတွင်းပစ္စည်း အပြင်ပစ္စည်းများကိုထားဘိဦး၊ လပ်စ်ဗေးဂပ်စ်မြို့မှ ၂၆ မိုင်ကွာ ယခုသူမနေထိုင်ရာအရပ်၌ သူပိုင်ဆိုင်သည့် မြေကေပေါင်း ၂ သိန်း ၆ သောင်း ၃ ထောင်နှင့် ဤမြေကွက်ကြီးတွင် မွေးမြူထားသည့် မရေမတွက်နိုင်သော ကျွဲနွားကောင်ရေများကပင်လျှင် သူမအတွက် ဆယ်သက်စား၍ မကုန်နိုင်သည့်ဥစ္စာပစ္စည်းများဖြစ်နေပြီ မဟုတ်ပါလား?

ဤသည်မှာ နာမည်သတင်းကြီးလှသည့် မစ္စက်ဗီရာကရပ်အား "လူထုက သိကုန်ကြပြီ" ဆိုသည့် ပထမအခြေခံ အကြောင်းတစ်ရပ်ဖြစ်သည်။ နောက် ဒုတိယအခြေခံ အကြောင်းရင်းမှာ သူမ၏ ရုပ်ရေရှုပကာနှင့် ပတ်သက်သည့် "ကောင်းသတင်း" များပင် ဖြစ်သည်။

"အသားတော် နုဖတ်ဖတ်၊ တစ်ခုလပ်ရုပ်ရည်" ဟူသော စာဆိုနှင့်အညီ၊ အသက် ၄၀ အရွယ်မျှသာ ရှိရာသေးသည့် တစ်လင်ကွာ တစ်ခုလပ်မကလေး မစ္စက်ကရပ်သည် သိပ္ပံနည်းကျ ဖော်စပ်ထားသော နောက်ဆုံးပေါ် မှုန့်နံ့သာ မိတ်ကပ်များကို ခြယ်သကာ၊ ဆံပင်မှအစ မျက်ခုံး မျက်တောင်များနှင့်တကွ နှုတ်ခမ်းများ၊ ပါးများ၊ လက်သည်း ခြေသည်းများပါမကျန် အမေရိကန် အမျိုးသမီးများ၏ လုပ်နည်းလုပ်ဟန်အတိုင်း တစ်ကိုယ်လုံး "ဆိုးဆေးတွေ" သုံးထားလိုက်ပြန်ရာ သူမမှာ "အိုတယ်သာဆိုအပျိုက ရှုံးရ" မလောက် အလှသွေးကြွနေဆဲပင် ရှိသေးသည်။

သို့မို့ကြောင့်ပင် သူမနှင့် ခင်မင်ရင်းနှီးသည့် "ဂေါ်မစ္စ" လူပျိုကြီးများနှင့် မုဆိုးဖိုကြီးများ အပါအဝင် အမေရိကန်အမျိုးသား ငနဲကြီးများကသူမအား "မစ္စက်ကရပ်တို့များ...လှလည်းလှ၊ ချောလည်းချောပါ့ဗျာ...၊ မြင်လိုက်ရမှဖြင့် ရင်ထဲကို အေးသွားတာပဲ" ဟူ၍ ချိတ်တိတ်တိတ် ရိပ်တိတ်တိတ် ပြောလေ့ရှိကြခြင်း ဖြစ်သည်။ သည်ကြားထဲက အိမ်နားနီးချင်း





မနူးမနပ် မတောက်တခေါက် လူပျို့ပေါက်ကလေးများကပင်လျှင်..."ဝေဗီရာက သိလှတာပဲနော်" ဟူ၍ ရိုးရိုးလား ဆန်းဆန်းလား မသိ၊ ရိတ်တိတိနှင့် မထိတထိ ပြောတတ်ကြရလောက်အောင် သူမ၏ "ကောင်းခြင်း ငါးဖြာ လက္ခဏာများ" သည် ထင်ရှားခဲ့သည်။ ကျော်ကြားခဲ့သည်။

မစ္စက်ကရပ်၏ အထက်ဖော်ပြပါ ထင်ရှားကျော်ကြားမှု အခြေခံအကြောင်းရင်းနှစ်ရပ်ကို ထပ်မံဖြည့်စွက်လိုက်သည့် တတိယ အကြောင်းရင်းမှာ အရွယ်အစား ပမာဏအားဖြင့် သေးငယ်လှသော်လည်း အတိုင်းအတာ ထုထည်အားဖြင့် ကြီးမားလှသည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းမှာ အခြားမဟုတ်၊ သူမ၏လက်ဝဲဘက် လက်သူကြွယ်တွင် သွားလေရာရာ ထာဝစဉ် ဝတ်ဆင်ထားသည့် ဒေါ်လာသုံးသိန်း (မြန်မာငွေ ကျပ်တစ်သန်းခွဲ) တန် စိန်လက်စွပ်ကြီးပင် ဖြစ်သတည်း။

မစ္စက်ကရပ်သည် ဤစိန်လက်စွပ်ကြီးကို အိပ်ရာတွင်ဖြစ်စေ၊ အဝေးအနီး ခရီးသွားရာတွင်ဖြစ်စေ အမြဲမပြတ် ဝတ်ဆင်ထားလေ့ရှိသည်။ ရံဖန်ရံခါ လပ်စ်ဗေးဂပ်စ်မြို့ထဲသို့ ပန်းနုရောင် လယ်ဟိုက်အကျီလက်ပြတ်ကလေးကို ဝတ်ကာ သူမပိုင် နောက်ဆုံးပေါ် လင်ကွန်းအမျိုးအစား မော်တော်ကားကြီးကို ကိုယ်တိုင်မောင်းလာသည့်အခါများ၌ မော်တော်ကား စတီယာရင်ကို ခပ်ဖွဖွ ခပ်ရွရွကလေးကိုင်ထားသည့် သူမ၏ လက်ဝဲဘက် လက်သူကြွယ်မှ သစ်ကြားစေ့အရွယ်မျှရှိသည့် စိန်လက်စွပ်ကြီးမှာ နေရောင်ထိုးလိုက်တိုင်း ပြိုးခနဲ ပျက်ခနဲ လက်ခနဲ ဝင်းခနဲ ဖြစ်သွားသည်ကို မြင်ကြတွေ့ကြရသည်။

ယင်းသို့ မြင်သူတကာ ပြောစမှတ်ဖြစ်ခဲ့ရသည့် ဤဒေါ်လာ[illegible] သိန်းတန် စိန်လက်စွပ်ကြီးကို အကြောင်းပြု၍ တစ်ခုသော [illegible] အက်ဖ်ဘီအိုင်စုံထောက်အဖွဲ့ကြီး၏ သမိုင်းဝင်မှုခင်းများတွင် [illegible] ထပ်မံဖြည့်စွက်စရာ ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှာ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ပင်ဖြစ်သည်။

မစွက်ကရပ်သည် ထိုနေ့ညကနေက သူမ၏မွေးမြူရေးလုပ်ငန်းကြီးမှ ကြီးကြပ်ရေးမှူးဖြစ်သူ ဟာရီးလ်နှင့်အတူ ထမင်းစားခန်းထဲ၌ ညစာစားအပြီး ကော်ဖီသောက်နေခဲ့ကြသည်။ သူမအား နေ့စဉ်လာရောက် ချက်ပြုတ်ကျွေးမွေးသည့် အိမ်စေမကလေးမှာ ညစာစားပွဲတည်ခင်း ကျွေးမွေးပြီး လုပ်ငန်းတာဝန် ကုန်ဆုံးပြီဖြစ်သဖြင့် အိမ်ပြန်သွားခဲ့ပြီဖြစ်ရာ၊ ထိုအချိန်တွင် မစွက်ကရပ်နှင့် ဟာရီးလ်မှတစ်ပါး ဤအိမ်ကြီးထဲတွင် မည်သူ တစ်ဦးတစ်ယောက်မှ မရှိကြဘဲ ဖြစ်နေသည်။

ထိုအခိုက် အိမ်ရှေ့ခန်းမကြီးမှ တံခါးခေါက်သံ ကြားလိုက်ရသည်။ မစွက်ကရပ်သည် အစစအရာရာ သတိရှိသည့် အမျိုးသမီးတစ်ယောက်ဖြစ်ရာ ရုတ်တရက် ချက်ချင်း တံခါးကို သွားဖွင့်မပေးသေးဘဲ . . . "ဘယ်သူလဲ" ဟူ၍ မေးလိုက်သည်။

"မော်တော်ကားလမ်းပြင်ဖို့ကိစ္စအတွက် လာတာပါ"

အပြင်မှ လူတစ်ယောက်၏ အသံကိုကြားရသည်။

မစွက်ကရပ်သည် သူမ၏ အိမ်ရှေ့မှ မွေးမြူရေးခြံဝသို့ သွားသည့် ကိုယ်ပိုင်မော်တော်ကားလမ်းကလေးကို ကတ္တရာစေး ပြန်ခင်းရန် လမ်းပြင်ကန်ထရိုက်တာ တစ်ယောက်အား မကြာမီကမှာထားခဲ့သည်။ ယခုအပြင်မှ တံခါးခေါက်သူမှာ သူမမှာ ထားသည့် ကန်ထရိုက်တာပင် ဖြစ်သည်ဟု ယူဆကာ ထမင်းစားခန်းထဲမှ ထွက်လာခဲ့ပြီး အိမ်ရှေ့တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။

အရပ်မနိမ့်မမြင့်၊ ဆံပင်ခပ်တွန့်တွန့်နှင့် ဘောင်းဘီခပ်ပွပွ ဂျာကင်အင်္ကျီဝတ်ထားသည့် လူတစ်ယောက်သည် အိမ်ထဲသို့ ဝင်လာသည်။

"လမ်းပြင်ဖို့အတွက် ကုန်ကျမယ့်စရိတ် အသေးစိတ်စာရင်း ကျွန်တော် ယူလာခဲ့ပါတယ် . . ."



အခန်းထဲရောက်လျှင် ရောက်ခြင်း ထိုသူသည် အထက်ပါအတိုင်း ပြောပြောဆိုဆိုဖြင့် သူ့ဘောင်းဘီအိတ်ကို လက်နှိုက်လိုက်သည်။ ထိုအခိုက်မှာပင် ဖွင့်နေဆဲဖြစ်သော တံခါးမကြီးမှ အခြားလူနှစ်ယောက် မြန်းခနဲ ထပ်ဝင်လာကြသည်ကို တွေ့လိုက်ရသဖြင့် မစွပ်ကရပ်သည် အခြေအနေကို ရိပ်မိလိုက်သည်။

သို့သော် နောက်ကျသွားပြီဖြစ်သည်။

ကန်ထရိုက်တာ ဟန်ဆောင်ကာ ပထမဆုံး ဝင်လာသူ၏ ဘောင်းဘီအိတ်ထဲမှ "အသေးစိတ်စာရင်း" ထွက်မလာဘဲ ခြောက်လုံးပြူး တစ်လက် ထွက်လာပြီး၊ နောက်ထပ်ဝင်လာသူ နှစ်ယောက်အနက်မှ တစ်ယောက်ကလည်း သေနတ်တစ်လက်ကို ဆွဲထုတ်၍ နှစ်ယောက်သား မစွက်ကရပ်အား ပြိုင်တူချိန်ထားခဲ့ကြပြီး ဖြစ်သည်။

"ဘာမှ စိတ်မပူပါနဲ့ . . . ဗီရာ၊ ကျုပ်တို့ပြောသလိုသာ လုပ်ပါ ဘာမှမဖြစ်စေရပါဘူး . . ."

သေနတ်ကိုင်ထားသည့် ဒုတိယလူက မစွက်ကရပ်အား ပြောလိုက်သည်။ ထိုလူမှာ အရပ်ရှည်ရှည် အသက် ၃၀ ကျော်ခန့်ရှိပြီဖြစ်၍ သူ့စကားပြောပုံမှာ တောင်ပိုင်းသားများ၏ လေသံမျိုးဖြစ်သည်။

ထို့နောက် ထိုလူသည် ဧည့်ခန်းမကြီးထဲမှ အဖြစ်အပျက်တို့ကို လုံးဝမသိဘဲ ထမင်းစားခန်းထဲတွင် အေးအေးဆေးဆေး ထိုင်နေသော ဟာရီးလ်ရှိရာသို့ မြန်းခနဲပြေးဝင်သွားသည်။ သူသည် ကြက်သေ သေနေသော ဟာရီးလ်အား သေနတ်ဖြင့် ချိန်ကာ သံချေးများပင်တက်နေပြီဖြစ်သော လက်ထိပ်တစ်ခုဖြင့် ခပ်လိုက်ပြီး ဧည့်ခန်းမကြီးထဲသို့ ခေါ်လာသည်။

လူဆိုး ၃ ယောက်သည် ဧည့်ခန်းမကြီးထဲတွင် မစွက်ကရပ်နှင့် ဟာရီးလ်တို့အား တစ်ယောက်နှင့် တစ်ယောက် ကျောချင်းကပ်ပြီး

www.burmeseclassic.com



ဓာတ်မီးသွယ်ထားသည့် ဝိုင်ယာကြိုးများနှင့် နှစ်ယောက်စလုံးကိုပူး၍ ချည်ကြ တုတ်ကြသည်။ မျက်လုံးများကိုလည်း တိတ်ပြားများဖြင့်ပတ်၍ ကပ်လိုက်ကြသည်။ ပြီးလျှင် ကြမ်းပြင်ပေါ်သို့ လှဲချလိုက်ရာ၊ မစ္စက်ကရပ်နှင့်ဟာရီးလ်တို့မှာ ဘေးတိုက်တုံးလုံးလဲကျသွားကြသည်။

ထိုအခိုက်မှာပင် လူဆိုးတစ်ယောက်သည် ကြမ်းပေါ်၌ နှစ်ယောက်တွဲ လဲနေသော မစ္စက်ကရပ်ထံသို့သွားကာ လက်ဝဲဘက် လက်သူကြွယ်မှ စိန်လက်စွပ်ကြီးကို မရမက အတင်းချွတ်တော့သည်။ နှစ်ရှည်လများ သွားလာလေရာတွင် ဝတ်ဆင်ခဲ့သဖြင့် လက်စွပ်မှာကြပ်နေပြီး ရုတ်တရက် ချွတ်မရဘဲ ခဲခဲယင်းယင်း ဖြစ်နေသည်။ နောက်ဆုံးချွတ်၍ရသွားသည့်အခါ မစ္စက်ကရပ်၏ လက်သူကြွယ်မှာ သွေးများပင်ထွက်၍ ကျန်ရစ်ခဲ့သည်။

ထို့နောက် လူဆိုးများသည် အခြေအနေကို စိတ်မချသေးသည့်အနေဖြင့် ပို၍စိတ်ချရအောင် မီးလုံ့သည့် မီးဖိုမှမီးဆွသည့် သံချောင်းကြီးနှင့် မီးသွေးညှပ်သည့် ညှပ်ကြီးကို မစ္စက်ကရပ်တို့၏ ခန္ဓာကိုယ်များတွင်တွဲ၍ ဝိုင်ယာကြိုးများဖြင့် ကြက်ခြေခတ် အထပ်ထပ်တုတ်နှောင်ကြပြန်သည်။ ထိုမှတစ်ဖန် ကုလားထိုင်တစ်လုံးကို ထပ်ယူလာပြီး ထိုကုလားထိုင်နှင့် မစ္စက်ကရပ်တို့အား ဝိုင်ယာကြိုးများဖြင့် ကြက်ခြေခတ်သဏ္ဌာန်ချည်ကြ တုတ်ကြပြန်သည်။ အားလုံးပြီးမှ အပေါ်က စောင်ကြီးတစ်ထည်ဖြင့် မစ္စက်ကရပ်တို့နှစ်ယောက်ကို အုပ်လိုက်ကြသည်။

ခပ်စောစောက မစ္စက်ကရပ်အား သေနတ်ဖြင့် ချိန်ထားပြီး တောင်ပိုင်းသားလေသံဖြင့် စကားပြောခဲ့သူသည် မစ္စက်ဇီရာကရပ်၏ နာမည်ကို သိရုံမျှမက ဤအိမ်ကြီး၏ အနေအထားကိုလည်း သိဟန်တူသည်။ သူသည် အခြားလူဆိုးနှစ်ယောက်အား မစ္စက်ကရပ်၏ အိမ်ခန်းရှိရာသို့ ခေါ်ဆောင်သွားပြီး သုံးယောက်သား ပစ္စည်းများကို မွှေနှောက်လှန်လှော၍





ရှာဖွေကြသည်။

ထိုအခန်းထဲမှ သူတို့ရရှိခဲ့ကြသည့် ပစ္စည်းများမှာ ဒေါ်လာ တစ်သိန်းခွဲခန့်တန်သည့် လက်ဝတ်လက်စား ရတနာများ၊ ဒေါ်လာ ငွေစက္ကူ ၇၀၀ ခန့်နှင့် ပွိုင့် ၃၈ အမျိုးအစား ခြောက်လုံးပြူးတစ်လက်အပြင် ဓာတ်ပုံရိုက်သည့် ကင်မရာ အသေးစားကလေးတစ်လုံး စသည်တို့ဖြစ်သည်။

လူဆိုးသုံးယောက်သည် နာရီဝက်ခန့် ရှာဖွေမွှေနှောက်ပြီးမှ ထွက်သွားကြသည်။ သို့သော် သူတို့သည် ပျာယီပျာယာ ကတိုက်ကရိုက်ထွက်သွားရ၍ပဲလား၊ သို့မဟုတ် တစ်ယောက်ယောက်က ယူလာသည်ကိုထင်နေကြ၍လားမသိရ၊ မစ္စကရပ်၏ အိပ်ခန်းထဲမှ ဒေါ်လာတစ်သိန်းခွဲခန့်တန်သည့် လက်ဝတ်လက်စား ရတနာများမှာ ညှော့ခန်းထဲတွင် အထုပ်လိုက်ကျန်နေရစ်ခဲ့သည်။

မစ္စက်ကရပ်နှင့် ဟာရီးလ်တို့မှာ လူဆိုးများ ထွက်သွားကြပြီးနောက် တစ်နာရီနီးပါးမျှကြာမှ သူတို့ကိုယ်ပေါ်တွင် အထပ်ထပ်ရစ်ပတ်ချည်နှောင်ထားသည့် ကြိုးများကို ခဲခဲယဉ်းယဉ်းဖြင့် ဖြည်ယူရသည်။ ပြီးမှမိမိတို့နှစ်ယောက်အား ကုလားထိုင်၊ သံချောင်းနှင့် မီးညှပ်စသည်တို့ဖြင့် ပူး၍ ချည်ထားသည့်ကြိုးများကို တစ်ခုပြီးတစ်ခု စိတ်ရှည်လက်ရှည် ဖြည်ယူရသည်။ သို့သော် နှစ်ယောက်စလုံး ဘယ်လိုမှဖြည်မရသည့် အရာတစ်ခုကျန်သေးသည်၊ ယင်းမှာ ဟာရီးလ်၏လက်တွင် လူဆိုးများခတ်ထားခဲ့သည့် လက်ထိပ်ဖြစ်သည်။

ကြိုးများအားလုံး ဖြည်ပြီးလျှင်ပြီးခြင်း မစ္စက်ကရပ်သည် ဓာတ်လီဖုန်းကောက်ဆက်သည်။ သို့သော် လူဆိုးများက တယ်လီဖုန်း ပြောခွက်ကို ဖျက်ဆီးထားခဲ့ကြသည်ဖြစ်ရာ အနီးဆုံး တယ်လီ လပ်စ်ဗေးဂပ်စ်လေဆိပ်သို့ မော်တော်ကားဖြင့် သွားကြရန် ဤတွင်လည်း သူမ၏ လင်ကွန်း အမျိုးအစားကား



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးများက ဖြုတ်ယူသွားကြသဖြင့် အိမ်ဝင်းအတွင်း တစ်နေရာတွင် ရပ်ထားသည့် စတေရှင်ဝက်ဂွန်းကားကလေးရှိရာသို့ အပြေးအလွှား သွားကြသည်။ အရေးထဲတွင်မှ ဤကားမှာ ဓာတ်ဆီကုန်နေပြန်သဖြင့် အကြီးအကျယ် စိတ်ညစ်သွားမိကြသည်။

နောက်ဆုံး၌ မစ္စက်ကရပ်နှင့် လက်ထိပ်တန်းလန်းဖြစ်နေသော ဟာရိုးလ်တို့သည် ခပ်လှမ်းလှမ်းရှိ အလုပ်သမားတန်းလျားသို့ ပြေးကာ အလုပ်သမားများအား နိုင်းလွှဖြင့် ဟာရိုးလ်လက်မှ လက်ထိပ်ကို ဖြတ်နိုင်းကြရသည်။ ပြီးမှ ဓာတ်ဆီကို ပုံးတစ်ပုံးဖြင့် ဆွဲလာပြီး စတေရှင် ဝက်ဂွန်းကားကလေးကို ဓာတ်ဆီထည့်ကြသည်။

သူတို့နှစ်ယောက်သည် ကားကိုစက်နှိုး၍ ရလျှင်ရခြင်း လပ်စ်ဗေးဂပ်စ်လေဆိပ်သို့ စက်ကုန်ဖွင့်ကာ မောင်းလာခဲ့ကြသည်။ လေဆိပ်သို့ ရောက်သောအခါ မစ္စက်ကရပ်သည် ရဲစခန်းနှင့် သူမ၏ အာမခံကိုယ်စားလှယ်ထံသို့ အဖြစ်အပျက်ကို တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်သည်။

ညနေစောင်း နေဝင်ပြီးစ ၆ နာရီသာသာလောက်က ဖြစ်ပွားခဲ့သည့် ဤအနုကြမ်းစီးမှုကို ကာယကံရှင် မစ္စက်ကရပ်က ခရိုင်လုံခြုံရေးမှူးထံ ပထမဆုံး ပထာမတိုင်ချက်ပေးသည့်အခါ အချိန်မှာ ည ၁၁ နာရီ မိနစ် ၃၀ တိတိပင် ရှိနေပြီဖြစ်သည်။

အမှုဖြစ်ပွားသည့် နေရာနှင့် အနီးကပ်ဆုံးဖြစ်သော လပ်စ်ဗေးဂပ်စ်မြို့ကလေးမှာ နီဗားဒါးပြည်နယ်၏ တောင်ဘက်အစွန်းတွင် ရှိနေသည်ဖြစ်ရာ ဤမြို့ကလေးမှ ကားဖြင့် တစ်နာရီသာသာမျှ မောင်းရုံမျှနှင့် အနောက်ဘက်မှ ကာလီဖိုးနီးယားပြည်နယ်အတွင်းသို့လည်းကောင်း၊ တောင်ဘက်မှ အာရီဇိုးနားပြည်နယ်အတွင်းသို့လည်းကောင်း၊ အရှေ့ဘက်မှ အူတာပြည်နယ်အတွင်းသို့ လည်းကောင်း ရောက်သွားနိုင်သည်။ သို့ဖြစ်ရာ ဒေါ်လာ ၃ သိန်းတန် စိန်လက်စွပ်ကြီးကို အနုကြမ်းစီး၍ လုယက်သွားကြ





သော လူဆိုးများသည် နီဗားဒါးပြည်နယ်မှ အခြားပြည်နယ်တစ်ခုခုသို့ ထွက်ပြေး တိမ်းရှောင်သွားကြပြီဟု ယူဆရန်ရှိနေသည်။

ဤသို့ဖြင့် ဤအမှုသည် ပြည်နယ်တစ်နယ်အတွင်း၌သာ ဖြစ်ပွားသည့် အမှုမဟုတ်တော့ဘဲ ပြည်နယ်တစ်ခုနှင့် ဆက်သွယ် ကူးလူးနေသည်ဖြစ်ရာ၊ *ပြည်ထောင်စု တစ်ဝှမ်းလုံးအတွက် တာဝန်ရှိနေသည့် အက်ဖ်ဘီအိုင်အဖွဲ့ကြီးသည် ဤအမှုကို ဝင် "ကိုင်" ရတော့သည်။

ထိုစဉ်က လပ်စ်ဗေးဂပ်စ်မြို့ကလေးတွင် အက်ဖ်ဘီအိုင် ဌာနခွဲ မရှိသေးဘဲ ဆော့လိပ်မြို့တွင်သာ ရှိနေခဲ့သည်။ သို့ဖြစ်ရာ အဆိုပါ ဆော့လိပ်မြို့အက်ဖ်ဘီအိုင်ဌာနခွဲမှ တာဝန်ခံစုံထောက် အရာရှိသည် ထိုညက ဖြစ်ပွားခဲ့ပုံများကို ကြိုးမဲ့လက်နှိပ်စက်ဖြင့် ဝါရှင်တန်ဌာနချုပ်သို့ ချက်ချင်း သတင်းပို့ အစီရင်ခံလိုက်သည်။ တစ်ချိန်တည်းတွင် ဤအမှုအကြောင်းနှင့် စပ်လျဉ်း၍ အရေးကြီးသည့် အချက်အလက်များကို နယူးမက္ကဆီကို၊ ချီကာဂို၊ လော့စ်အိန်ဂျလီးစ်၊ ဒင်းဗား၊ မွန်းတားနား၊ မိုင်ယာမီ၊ ဩရီဂွန်၊ ပို့တ်လင်း၊ ဖိုးနစ်၊ အာရီဇိုးနား၊ နယူးယောက်၊ ဆန်ဖရန်စစ္စကို၊ စန်ဒီယာဂို စသည်ဖြင့် မြို့ပေါင်းမြောက်မြားစွာမှ အက်ဖ်ဘီအိုင်ဌာနခွဲများသို့လည်း အကြောင်းကြား မိတ္တူစာများ ပေးပို့ခဲ့သည်။

ရှေးဦးစွာ ဤအမှုတွင် အရေးအကြီးဆုံးဖြစ်သည့် စိန်လက်စွပ်ကြီးနှင့်ပတ်သက်၍ သိသင့်သိထိုက်သမျှ အချက်အလက်များကို စုံစမ်း

* အက်ဖ်ဘီအိုင်စုံထောက်အဖွဲ့ကြီးသည် ပြည်နယ်များ၌ ဖြစ်ပွားသည့် ရာဇဝတ်မှုတိုင်းကို ဝင်ရောက်စုံစမ်းထောက်လှမ်းအရေးယူနိုင်ခွင့်မရှိ။ ပြည်နယ်တစ်ခု အတွင်း၌ ဖြစ်ပွားသည့်အမှုမှန်သမျှ ပြည်နယ်ရဲအဖွဲ့နှင့် လုံခြုံရေးအဖွဲ့များသာ တာဝန်ယူရသည်။ ပြည်နယ်တစ်ခုအတွင်း၌သာမဟုတ်ဘဲ အခြားပြည်နယ်များနှင့်ပါ ဆက်စပ်ပတ်သက်လာသည့် အမှုမျိုးကျမှ အက်ဖ်ဘီအိုင်အဖွဲ့က စုံစမ်းထောက်လှမ်းနိုင်ခွင့်ရှိသည်။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းခဲ့ကြသည်။ မစ္စက်ကရပ်၏ ပြောပြချက်အရ ဤစိန်လက်စွပ်ကြီးကို နယူးယောက်မြို့ စိန်ရွှေရတနာဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့သည်ဟု သိရှိခဲ့ကြရာ နယူးယောက်မြို့မှ အက်ဖ်ဘီအိုင်စုံထောက်များသည် အဆိုပါရတနာဆိုင်သို့ သွားရောက်၍ ဤစိန်လက်စွပ်ကြီးအကြောင်းကို စုံစမ်းခဲ့ကြသည်။

ဆိုင်ရှင်က ဤစိန်လက်စွပ်ကြီးတွင် စိန်ကြီးတစ်လုံးနှင့် အရံစိန်ကလေးနှစ်လုံးပါ ပါရှိ၍ စိန်ကြီးမှာ "အရည်အသွေးကောင်းလှပြီး ၃၃ဒသမ ၆ နရတီရှိကြောင်း၊ အရွယ်အစားပမာဏမှာ အလျား ၂၂ မီလီမီတာ၊ အနံ ၁၉ မီလီမီတာ၊ အမြင့် ၁၀ ဒသမ ၃ မီလီမီတာရှိကြောင်း၊ ဤစိန်ကြီး၏ တစ်ဘက်တစ်ချက်တွင် ပလက်တီနံကွပ်ထားသည့် စိန်ကလေးနှစ်လုံး ပါရှိ၍ ထိုစိန်ကလေးများမှာ တစ်လုံးလျှင် ၁ ဒသမ ၇၃ ရတီစီ အသီးသီးရှိကြောင်း" စသည်ဖြင့် အသေးစိတ် ပြောပြခဲ့သည်။ ထို့ပြင် သူက ဤစိန်ကြီးကို အရောင်းအဝယ် လုပ်မည်ဆိုပါက လက်ရှိကာလပေါက်ဈေးအရ . . . "ဒေါ်လာ သုံးသိန်း (၃၀၀,၀၀၀) တော့ အေးအေးကလေး ရနိုင်ကြောင်း" ဖြင့်လည်း ဈေးဖြတ်လိုက်သေးသည်။

အက်ဖ်ဘီအိုင်စုံထောက်များသည် ပါသွားသည့် စိန်ကြီး၏ အရည်အသွေးနှင့် အရွယ်အစားကို သိကြပြီးနောက် အချင်းဖြစ်ပွားသည့် မစ္စက်ကရပ်၏နေအိမ်သို့ သွားရောက်ကာ ထမင်းစားခန်း၊ ဧည့်ခန်းနှင့် အိပ်ခန်းများအတွင်း လူဆိုးများ၏ လက်ဗွေပုံစံများကို ရှာကြည့်ကြသည်။ သို့သော် ထူးခြားထင်ရှားသည့် လက်ဗွေပုံစံဟူ၍ ဘာတစ်ခုမှ မတွေ့ကြရဘဲဖြစ်နေသည်။

တစ်ဖန် လူဆိုးများက မစ္စက်ကရပ်၏ လုပ်ငန်းကြီးကြပ်ရေးမှူး ဟာရီးလ်အား ခတ်ထားခဲ့သော လက်ထိပ်ကို စစ်ဆေးကြည့်ကြပြန်သည်။ ဤလက်ထပ်မှာလည်း သံချေးတက်နေသည့် လက်ထိပ်အဟောင်းကြီး





ဖြစ်သဖြင့် နံပါတ်အမှတ်အသားများ လုံးဝမပါဘဲဖြစ်နေသည်။ လပ်ဗေးဂပ်စ်မြို့တွင်း မြို့ပြင် ပတ်ဝန်းကျင်တစ်ဝိုက်မှ အပေါင်ဆိုင်များသို့ လိုက်လံစုံစမ်းကြည့်ကြရာတွင်လည်း ယခုရက်ပိုင်းအတွင်း လက်ထိပ်အဟောင်း ဝယ်သွားသူများ လုံးဝမရှိကြောင်း သိခဲ့ရသည်။

ထိုသို့ ခြေရာလက်ရာပျောက်၍ တစ်စုံတစ်ရာသဲလွန်စ ရှာမတွေ့ဘဲ ဖြစ်နေရာမှ ဟာရီးလ်၏ အစစ်ခံချက်အရ ကွင်းဆက်တစ်ခုကို ဘွားခနဲ သွားတွေ့ကြရသည်။

ဟာရီးလ်သည် အမှုဖြစ်ပွားသည့် ဧပြီလ ၁၀ ရက်နေ့ညက လူဆိုးများ စီးလာကြသည့် မော်တော်ကားကို အမှတ်မထင် ရိပ်ခနဲ မြင်လိုက်မိသည်ဟု ဆိုသည်။ သူပြောပြချက်အရ ထိုကားမှာ ကားနောက်မီးတွင် မီးလုံးအဝိုင်းကြီးများ တပ်ဆင်ထားပြီး၊ နောက်ဆုံးပေါ် ဖို့ဒ်မော်တော်ကားအမျိုးအစား ဖြစ်ကြောင်း သိရသည်။

သို့နှင့်ပင် စုံထောက်များသည် "ကားနောက်ပိုင်းတွင် မီးလုံးအဝိုင်းများ ပါရှိသည့် နောက်ဆုံးပေါ် ဖို့ဒ်မော်တော်ကားများ"ကို အထူးသတိပြု၍ လိုက်လံစစ်ဆေးကြည့်ခဲ့ကြရာ အမှုဖြစ်ပွားပြီး ရက်အတန်ငယ်ကြာသည့် နေ့တစ်နေ့တွင် မသင်္ကာဖွယ်ရာ အဆိုပါဖို့ဒ်ကားတစ်စီးကို လပ်စ်ဗေးဂပ်စ်မြို့ လေဆိပ်၌ အမှန်မထင် သွားတွေ့ကြသည်။ ထိုကားမှာ လေဆိပ်မှ မော်တော်ကားများရပ်သည့် ပလက်ဖောင်းဘေးတွင် ဆိုက်ထားပြီး ပိုင်ရှင်မရှိဘဲဖြစ်နေသည့်ပြင် ကားနောက်ဘက်၌ တပ်တင်ရမည့် လိုင်စင်ပလိပ်ပြားမှာလည်း ပျောက်ဆုံးနေသည်ကို တွေ့ကြရသည်။ တစ်ဖန် ကားနောက်ပိုင်းထိုင်ခုံပေါ်၌ ဗို့နှင့် ၃၈ အမျိုးအစား ခြောက်လုံးပြူးသေနတ်နှင့်အတူ ဝိုင်ယာကြိုးစတစ်ခုကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဤဝိုင်ယာကြိုးစမှာ လူဆိုးများက မစ္စက်ကရပ်တို့အား တုတ်နှောင်ခဲ့သည့် ဝိုင်ယာကြိုးစနှင့် တစ်မျိုးတစ်စားတည်းပင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဤကားသည် ထိုညက လူဆိုးများ အသုံးပြုခဲ့ကြသည့် ကားဖြစ်ကြောင်း ထင်ရှားနေသည်။ ပို၍ သေချာသည်မှာ…ထိုကားသည် နံနက်ကားမဟုတ်သေးဘဲ၊ ဧပြီလ ၅ ရက်နေ့ (အမှုမဖြစ်ပွားမီ ၅ ရက်ခန့်) က ဟော်တယ်တစ်ခုရှေ့၌ ပိုင်ရှင်ဖြစ်သူက ခေတ္တရပ်ထားခဲ့စဉ် ပျောက်ဆုံးသွားခဲ့သည့် "ခိုးရာပါ" ကားဖြစ်နေခြင်းပင်တည်း။

ထို့နောက် အက်ဖ်ဘီအိုင်စုံထောက်များသည် နီဗားဒါး၊ အာရီဇိုးနား၊ ကာလီဖိုးနီးယားနှင့် အူတာပြည်နယ်များမှ လုယက်မှု၊ ဓားပြမှုနှင့် အနုကြမ်းစီးမှုများတွင် ပါဝင်ကျူးလွန်ခဲ့ကြဖူးသည့် "စာရင်းဝင်လူဆိုး" ၆၀ ကျော်တို့၏ ဓာတ်ပုံများကို မစ္စက်ကာရမ်နှင့် ဟာရီးလ်တို့အား ပြသ၍ ထိုဓာတ်ပုံများထဲတွင် စိန်လက်စွပ်လုယူသွားကြသော လူဆိုး ၃ ယောက်နှင့် ရုပ်ချင်းဆင်သူများ ပါ,မပါ မေးမြန်းကြည့်ကြသည်။

ဤတွင် မစ္စက်ကာရမ်သည် လူဆိုးဓာတ်ပုံပေါင်း ၆၀ ကျော်ထဲမှ ဓာတ်ပုံ ၂ ပုံကို ရွေးထုတ်ပြခဲ့သည်။ သို့သော် သူမ ရွေးထုတ်ခဲ့သည့်ဓာတ်ပုံ ၂ ပုံအနက်မှ ဓာတ်ပုံတစ်ပုံ၏ပိုင်ရှင် လူဆိုးတစ်ဦးမှာ ဧပြီလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ အချုပ်ခန်းထဲတွင် အချုပ်ခံနေရသည်ဖြစ်ရာ အမှုဖြစ်ပွားသည့် ဧပြီလ ၁၀ ရက်နေ့က အပြင်တွင်မရှိသဖြင့် ထိုသူကို မသင်္ကာဖွယ်ရာစာရင်းမှ ပယ်လိုက်ကြရသည်။

နောက်တစ်ယောက်ဖြစ်သော ဓာတ်ပုံရှင်မှာ ဂျွန်ဟာကျင်ဆန် ဆိုသူဖြစ်၍ အသက် ၃၁ နှစ်ခန့်ရှိသူတစ်ဦးဖြစ်သည်။ ဤဓာတ်ပုံပိုင်ရှင်ကို မသင်္ကာဖွယ်ရာဖြစ်မည်ဆိုက ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ ဇနီးဖြစ်သူသည် လပ်စ်ဗေးဂပ်စ်မြို့တွင် အရက်မျိုးစုံရောင်းသည့် ဆိုင်တစ်ဆိုင်၌ အမျိုးသမီး စားပွဲထိုးအဖြစ် လုပ်ကိုင်ခဲ့ရာမှ သူတို့လင်မယား နှစ်ယောက်စလုံးသည် အခြားနာမည်တစ်မျိုးဖြင့် လော့အိမ်ဂျလီးစ်မြို့မှ မိုင်ယာမီမြို့သို့ ဧပြီလ ၁၃ရက်နေ့ညက လေယာဉ်ဖြင့် လိုက်ပါသွားကြကြောင်း



စုံစမ်းသိရှိရသောကြောင့် ဖြစ်သည်။

ထို့ထက်ပို၍ မသင်္ကာစရာနှင့် စွပ်စွဲဖွယ်ရာကောင်းသည့် အချက်မှာ အဆိုပါ ဓာတ်ပုံပိုင်ရှင် ဟာကျင်ဆန်သည် ဧပြီလ ၁ရက်နေ့က ကာလီဖိုးနီးယားပြည်နယ် ဘဲလ်အဲယားမြို့၌ အလားတူ "နည်းပရိယာယ်နှင့် လုပ်နည်း ကိုင်နည်းများ"ကို အသုံးပြုကာ ဒေါ်လာ ၂၈၀၀၀တန် စိန်ရွှေပစ္စည်းများနှင့် သားမွေးထည်များကို လုယက်သွားသည့်အမှုတွင် ပါဝင်နေသည့် တရားခံပြေးတစ်ဦး ဖြစ်နေခြင်းပင် ဖြစ်သည်။ ဤအတောအတွင်း ဟာကျင်ဆန်နှင့် နီးစပ်သိကျွမ်းသည့် ပုဂ္ဂိုလ်များက "ဟာချင်ဆန်သည် လပ်စ်ဗေးဂပ်စ်မြို့တွင် ရှိနေရာမှ အမှုဖြစ်ပွားသည့်ညက အမည်မသိ လူတချို့နှင့် မြို့ထဲမှ ထွက်သွားသည်ကို တွေ့မြင်လိုက်ကြရကြောင်း" အတိအကျ အစစ်ခံခဲ့ကြပြန်သည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ အကြောင်းချင်းရာများနှင့် အခြေအနေ အဖြစ်အပျက်များကို ထောက်ရှု၍ ဤစိန်လက်စွပ်လုယက်မှုကြီးတွင် ဟာကျင်ဆန်သည် မုချတရားခံတစ်ဦးဖြစ်ရမည်ဟူ၍ အက်ဖ်ဘီအိုင်စုံထောက်များက "ကိန်းသေ"တွက်လိုက်ကြသည်။ ဤတွက်ကိန်းအရ ဟာကျင်ဆန်နောက်သို့ ခြေရာခံလိုက်ကြတော့သည်။

အက်ဖ်ဘီအိုင်စုံထောက်များသည် အမေရိကန်ပြည်ထောင်စုကြီး၏ အနောက်ဖက်ကမ်းခြေရှိ လော့စ်အိန်ဂျလီးစ်မြို့မှ အရှေ့ဖက်ကမ်းခြေရှိ နယူးယောက်မြို့နှင့် တောင်ဖက်ကမ်းခြေရှိ မိုင်ယာမီမြို့များအပါအဝင် မြို့ကြီးသုံးမြို့အတွင်း ဖိုခနောက်ဆိုင် နိုင်ငံတဝှန်းလုံးမှ မြို့ကြီးမြို့ငယ်များသို့ ပိုက်ကွန်ဖြန့်သလိုဖြန့်ကာ ဟာကျင်ဆန်အား "ရှာပုံတော်"ဖွင့်ကြသည်။

ဟာကျင်ဆန်သည် အဆိုပါ လုယက်မှုကြီးဖြစ်ပွားပြီး [illegible] တွင် မိုင်ယာမီမြို့သို့ ရောက်ရှိလာကြောင်း အတိအကျ သိကြရသည်။ [illegible] မကြာမီကပင် စပရင်းနှင့် နယူးယောက်မြို့များတွင် ဟာကျင်ဆန်အား [illegible]



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ကြရကြောင်း သတင်းများ ထပ်မံရောက်ရှိလာပြန်သည်။ ထို့ပြင် ချီကာဂိုမြို့မှ အက်ဖ်ဘီအိုင် စုံထောက်တစ်ယောက်က "ဟာဂျင်ဆန်ဆိုသူအား ဝင်ဒီမြို့တွင်(ကာလီဖိုးနီးယား လုယက်မှုမှ ပစ္စည်းများဖြစ်သော)သားမွေးထည်များ ရောင်းချရန် လိုက်"စပ်"နေသည်ကို လူတစ်ယောက်က တွေ့မြင်လိုက်ရကြောင်း" ဖြင့် သတင်းပေးပို့ခဲ့ပြန်သည်။

ယင်းသို့ ပျောက်ဆုံးနေသော တရားခံဟု ယူဆရသည့် ဟာဂျင်ဆန်အား အမဲလိုက်သလို နေရာအနှံ့ အနံ့ခံ၍ လိုက်လံရှာဖွေနေကြစဉ် လပ်စ်ဗေးဂပ်စ်မြို့ရှိ စုံထောက်များသည် ဤအမှုနှင့် စပ်လျဉ်း၍ မသင်္ကာဖွယ်ရာ လူတစ်ယောက်ကို ထပ်မံတွေ့ရှိလာရပြန်သည်။

ထိုသူမှာ မာရီယန်ဘောင်းမန်းဆိုသူဖြစ်၍ သူသည် လုယက်မှုကြီး မတိုင်မီက အကြီးအကျယ်"ဘိုင်"ကျ၍ စိတ်ညစ်နေခဲ့ရာမှ တစ်နေ့တွင် သူ့မိတ်ဆွေများအား သူက "အကြီးအကျယ် ပွဲပေါက်တစ်ခု"တွေ့ထားကြောင်းဖြင့် ပြောကြားခဲ့သည်။ သူပြောသည့်အတိုင်း လုယက်မှုကြီးဖြစ်ပွားပြီးနောက်ပိုင်းတွင် ဘောင်းမန်းတစ်ယောက် ဘယ်လိုကဘယ်လိုရလာသည်မသိ၊ "ဂိုင်တောင့်"လာပြီး ငွေတွေအရမ်းဖြုန်းနေသည်ကို တွေ့ကြရကြောင်းဖြင့် စုံစမ်းသိရှိကြရသည်။

ဤသည်နှင့်တစ်ဆက်တည်းပင် တစ်နေ့တွင် ဆယ်ကျော်သက်အရွယ် ကျောင်းသားကလေး တစ်ယောက်သည် ကျောင်းသို့အသွား လပ်စ်ဗေးဂပ်စ်မြို့ပြင်ဘက် လမ်းဘေးတစ်နေရာ၌ ခြောက်လုံးပြူးတစ်လက်ကို ကောက်ရလာခဲ့၍ ရဲစခန်း လုံခြုံရေးမှူးထံ လာရောက်အပ်နှံခဲ့သည်။ ဤသတင်းကို ရလျှင်ရခြင်း အက်ဖ်ဘီအိုင်စုံထောက်တစ်ယောက်သည် ရဲစခန်းသို့ အပြေးအလွှား သွားရောက်၍ စုံစမ်းစစ်ဆေးကြည့်ရာ အဆိုပါ ကောက်ရသည့် ခြောက်လုံးပြူးသေနတ်မှာ မစ္စက်ကာရပ်၏ အိပ်ခန်းထဲမှ လူဆိုးများလက်သို့ ပါသွားသည့် သေနတ်ကလေးဖြစ်နေသည်ကို တွေ့ရသည်။



အခြေအနေမှာ တစ်နေ့ပြီးတစ်နေ့ ထူးခြားလာသည်နှင့်အမျှ သဲလွန်စများနှင့် သတင်းများမှာ တစ်ခုပြီးတစ်ခု ပေါ်ပေါက်ရရှိလာခဲ့သည်။

ဤအတောအတွင်း ပြည်နယ်အကျဉ်းထောင်ကြီးတွင် ကျရောက်နေသည့် အမည်မဖော်လိုသော အကျဉ်းသားတစ်ယောက်က မစ္စက်ကာရပ်၏ အသက်အိုးအိမ်နှင့် ဥစ္စာပစ္စည်းများကို အာမခံထားသည့် အမျိုးသားအာမခံဘုတ်အဖွဲ့ကြီးသို့ "အကယ်၍ ထိုက်တန်သည့် ဆုငွေတစ်စုံတစ်ရာ ချီးမြှင့်မည်ဆိုပါက မစ္စက်ကာရပ်အား အနုကြမ်းစီးသွားသည့် တရားခံများကို ဖမ်းဆီးရမိအောင် သတင်းပေးမည်" ဟူ၍ အကြောင်းကြားလာပြန်သည်။ ဤတွင် အာမခံဘုတ်အဖွဲ့ဝင်လူကြီးများသည် မစ္စက်ကာရပ်နှင့် တိုင်ပင်၍ တရားခံများအား ဖမ်းဆီးရမိအောင် သတင်းပေးနိုင်ပါက "ဆုတော်ငွေ ဒေါ်လာ ၂ သောင်း" ပေးမည်ဖြစ်ကြောင်း အဆိုပါအကျဉ်းသားထံ အကြောင်းပြန်ကြားလိုက်ကြသည်။

သို့နှင့်ပင် သတင်းပေးမည့်အကျဉ်းသားသည် နေရင်းထိုင်ရင်း "စိုင်ကော်၍ ချုံပေါ်ရောက်" ရသလို အာမခံဘုတ်အဖွဲ့ဝင် လူကြီးများနှင့် တွေ့ဆုံကာ "ရှေ့ သတင်း၊ ပေး ဒေါ်လာ ၂ သောင်း"ဟူ၍ "ရှေ့ပဏ္ဏာများ ရှေ့နဂါး" လုပ်ကြမည့်ဆဲဆဲ ထိုအကျဉ်းသားမှာ ပါးစပ်နားရောက်မှ ထမင်းလုပ် လွတ်ကျသည့်ပမာ ဒေါ်လာ ၂ သောင်းနှင့် အလွဲကြီးလွဲခဲ့ရသည်။ အကြောင်းမှုကား ထိုနေ့ထိုရက်မတိုင်မီကလေးမှာပင် လူးဝစ္စီးယားပြည်နယ် ဘော်စီယာမြို့မှ ရဲအဖွဲ့ဝင်များသည် ဤလုယက်မှုကြီးတွင် အဓိကတရားခံဟူ၍ ယူဆရသည့် ဟာဂျင်ဆန်အား မမျှော်လင့်ဘဲ ဖြုန်းခနဲ ဖမ်းမိလိုက်သောကြောင့်တည်း။

ဘော်စီယာမြို့မှ ရဲအဖွဲ့ဝင်များသည် ဟာဂျင်ဆန်တို့ ဖမ်းဆီးရမိကြရုံမျှမက ကြံရာပါများကိုပါ နောက်ဆက်တွဲ ဖမ်းဆီးရမိလိုက်ကြသည်။ ဖြစ်ပုံမှာ သတင်းအရ ဟိုတယ်တည်းခိုခန်းတစ်ခုတွင် တည်းခိုနေကြသည်

www.burmeseclassic.com



ဟာကျင်ဆန်နှင့် သူဇနီးတို့အား တက်ရောက်ဖမ်းဆီးကြရင်း သူတို့စုံတွဲနှင့် ထပ်နေသည့် အခန်းကိုပါ ရဲအဖွဲ့ဝင်များက လိုလိုမယ်မယ် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။ ဤတွင် အဆိုပါ အခန်းထဲ၌ ခပ်စောစောပိုင်း လုယက်မှုကြီးမတိုင်မီက အကြီးအကျယ် ဘိုင်ကျနေခဲ့ရာမှ လုယက်မှုကြီးအပြီးတွင် ငွေကို "ရေလို" သုံးခဲ့သည်ဆိုသော ဘောင်းမန်းနှင့်တကွ အခြားလင်မယားစုံတွဲကိုပါ တွေ့ရသည်။ အဆိုပါ လင်မယားစုံတွဲမှာ မစ္စတာနှင့် မစ္စက်ဒေးဗီးဆိုသူတို့ဖြစ်ကြ၍ ဇနီးဖြစ်သူ မစ္စက်ဒေးဗီး၏အိတ်ထဲမှ အရေးကြီးသော သက်သေခံပစ္စည်းတစ်ခုကိုပါ တွေ့ရှိကြရသည်။ ယင်းပစ္စည်းမှာ မစ္စက်ကာရပ်၏ အိပ်ခန်းအတွင်းမှ လူဆိုးများလက်သို့ ပါသွားသည့် ကင်မရာကလေးပင် ဖြစ်သည်။

ရဲအဖွဲ့ဝင်များသည် သူတို့အားလုံး ရဲဌာနသို့ စုပြုံခေါ်လာပြီး စစ်ဆေးမေးမြန်းကြသည်။ ဒေးဗီး၊ ဘောင်းမန်းနှင့်တကွ ဟာကျင်ဆန်ကပါ သူတို့ ၃ ယောက်စလုံး ဤလုယက်မှုကြီးနှင့် မည်သို့မျှပတ်သက်ခြင်း၊ ပါဝင်ကျူးလွန်ခြင်း မရှိကြောင်း အကြောက်အကန် ငြင်းကြသည်။ သို့သော် ဒေးဗီး၏အခန်းမှ တွေ့ရှိခဲ့သော သတင်းစာတစ်စောင်တွင် အဆိုပါ လုယက်မှုကြီးအကြောင်း ဖော်ပြပါရှိသည့် စာမျက်နှာနေရာ၌ စာရွက်ခေါက်ထားသည်ကို တွေ့ ကြရသည်။

မစ္စက်ဒေးဗီး၏ အိပ်တွင်းမှ တွေ့ရှိရသည့် ကင်မရာနှင့်ပတ်သက်၍မူ "ဤကင်မရာမှာ ဒွန်အီဗန်ဆိုသူ၏ ကင်မရာဖြစ်၍ သူဇနီး မစ္စက်အီဗန်ထံမှ ခေတ္တငှားထားခြင်းဖြစ်ကြောင်း၊ ဤကင်မရာနှင့် စပ်လျဉ်း၍ မိမိတို့ဘာမှ မသိရကြောင်း" စသည်ဖြင့် "ဘူး" ကွယ်ခဲ့ကြသည်။ ဤနေရာ၌ သူတို့၏ အစစ်ခံချက်သည် မည်မျှမှန်သည် မမှန်သည်ကို မသိရသော်လည်း သူတို့အား တက်ရောက်ဖမ်းဆီးခြင်းမပြုမီ မိနစ်ပိုင်းအတွင်းလောက်က ဒွန်အီဗန်ဆိုသူသည် ထိုမိုတယ်ပေါ်မှ ဆင်းသွားခဲ့ကြောင်း ရဲများ စုံစမ်းသိ





ရှိကြရသည်။ ထို့ပြင် အဆိုပါ ဒွန်အီဗန်သည် သူဇနီးနှင့်အတူ ၁၉၅၄ ခုနှစ် လုပ် ဖိုဒ်မော်တော်ကားကြီးကိုစီးကာ ဤမြို့သို့ မကြာမီက ရောက်ရှိလာခဲ့ကြောင်း၊ အဆိုပါ မော်တော်ကားကြီး၏ လိုင်စင်ပလိတ်ပြားပေါ်၌ ပိုင်ရှင်၏ အမည်ကို "ဂျိမ်းစ်ရိဗ်" ဟူ၍ ဖော်ပြထားသည်ကို တွေ့ရ၍ ထို "ဂျိမ်းစ်ရိဗ်" ဆိုသူမှာ အမေရိကန်ပြည် တောင်ပိုင်းနှင့် အနောက်ဘက်အလယ်ပိုင်းဒေသများ၌ ရာဇဝတ်မှုအမျိုးမျိုးဖြင့် အကြိမ်ကြိမ် ဖမ်းဆီးခြင်းခံရပြီး မကြာခဏ ထောင်ကျခဲ့ဖူးသည့် တကယ့်လူဆိုး "အကြီးစား" ကြီးဖြစ်ကြောင်း ထောက်လှမ်းသိရှိကြရသည်။

ဘောင်းမန်းဆိုသူမှာမူ အသက် ၃၀ နှစ်ခန့်ရှိပြီဖြစ်၍ ကြေးစားဂေါက်သီးရိုက်သမားတစ်ဦးဖြစ်သည့်ပြင် တစ်ခါက ခိုးမှုတစ်ခုဖြင့် အပြစ်ထင်ရှား၍ ထောင်လေးလကျခဲ့ဖူးသူတစ်ယောက် ဖြစ်သည်။

သို့သော် တရားဥပဒေဆိုသည်မှာ နက်နဲသိမ်မွေ့လှသည်နှင့်အမျှ ရှုပ်ထွေးပွေလီလှသည့်ပြင် ပုဂ္ဂလိက လွတ်လပ်ခွင့်ကို အစွမ်းကုန်ပေးထားသည့် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးအရ စုံထောက်များနှင့် ရဲအဖွဲ့ဝင်များသည် အထက်ဖော်ပြပါ မသင်္ကာဖွယ်ရာ လူများထဲမှ ဟာကျင်ဆန်တစ်ယောက်ကိုသာ ဖမ်းဆီးအရေးယူနိုင်ခဲ့၍ ကျန်အားလုံးကို "ခိုင်လုံသည့် သက်သေအထောက်အထား" မပြနိုင်သဖြင့် လွှတ်ပစ်ခဲ့ရသည်။

ဟာကျင်ဆန်ကိုမူ ဧပြီလ ၁၀ ရက်နေ့ညက မစ္စက်ကာရပ်ထံမှ ၃ သိန်းတန် စိန်လက်စွပ်ကြီးအပါအဝင် အခြားပစ္စည်းများကို လုယက်မှုဖြင့်လည်းကောင်း၊ အဆိုပါ လုယက်မှုကြီးကို ကျူးလွန်ခဲ့ပြီးနောက် "ပြည်နယ်တစ်ခုမှ တစ်ခုသို့" ထွက်ပြေး တိမ်းရှောင်မှုဖြင့်လည်းကောင်း၊ ဧပြီလ ၂၉ ရက်နေ့က အမှုဖွင့်ကာ အမှုအတောအတွင်း "ထောင်ကြီးချ" သို့ ပို့ထားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအတောအတွင်း အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေမှ မြို့ကြီးများတစ်ဝိုက်တွင် ပိုက်စိပ်တိုက်၍ စုံစမ်းထောက်လှမ်းနေခဲ့ကြသော အက်ဖ်ဘီအိုင်စုံထောက်များသည် ဤအမှုနှင့် စပ်လျဉ်း၍ နောက်ထပ်အရေးကြီးသည့် သဲလွန်စသတင်းများကို ရရှိခဲ့ကြသည်။

နယူးဂျာစီပြည်နယ် နယူးအာ့ခ်မြို့မှ စုံထောက်တစ်ယောက်သည် မှတ်ကရပ်ထံမှ လုယက်ရရှိခဲ့သည့် လက်စွပ်မှ စိန်ကြီးဟုယူဆရသော ရောမစိန်ကြီးတစ်လုံးကို ဂျူးလီယပ်စ်ဘာဂျားဆိုသူက အရောင်းအဝယ် လုပ်ရန် "ဈေးစနည်း" နာနေသည်ဟူသော သတင်းကို အတိအကျရရှိလာခဲ့သည်။ ဘာဂျားဆိုသူမှာ နယူးအာ့ခ်မြို့မှ လက်ကားကုန်စိမ်းသည်တစ်ဦးဖြစ်၍ အတော်အတန် ချမ်းသာသူဖြစ်သည်။

စုံထောက်များသည် ဘာဂျားအား ရက်တရက် ရှာမတွေ့ဘဲရှိနေခဲ့ပြီး မေလ ၂၃ ရက်နေ့ နံနက်စောစောတွင်မှ နယူးဂျာစီမြို့တွင်းတစ်နေရာ၌ ကားတစ်စီးဖြင့် ဘွားခနဲ သွားတွေ့ကြသည်။ စုံထောက်များသည် ဘာဂျားကို မတွေ့မီ သူ့ကားကို အရင်တွေ့ခဲ့ကြခြင်း ဖြစ်သည်။ သို့သော် လမ်းဘေးတစ်နေရာတွင် ဆိုက်ထားသည့် ထိုကားကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဘာဂျား၏ကားဖြစ်ကြောင်း ချက်ချင်းသိလိုက်ကြသည်။ စုံထောက်များသည် လူမရှိဘဲရပ်ထားသည့်ကားကို ခပ်လှမ်းလှမ်းမှ တစ်ညလုံး စောင့်ကြည့်နေခဲ့ကြရာ နံနက် ၅ နာရီခွဲလောက်တွင် ထိုကားရှိရာသို့ လူတစ်ယောက် ခပ်မှန်မှန် လျှောက်လာသည်ကို တွေ့ကြရသည်။ ထိုသူမှာ စုံထောက်များအလိုရှိနေသည့် ဘာဂျားပင်ဖြစ်သည်။

ဘာဂျားသည် အခြေအနေကို လုံးဝ မရိပ်မိသေးဘဲ ကားပေါ်သို့ တက်ကာ စက်နှိုး၍ ခပ်ဖြည်းဖြည်း မောင်းထွက်လာခဲ့သည်။ သို့သော် သူ့ကား အရှိန်မရမီမှာပင် စုံထောက် ၄ ယောက်က အခြားကားတစ်စီးဖြင့် ရှေ့မှပိတ်၍ သူ့ကားကို တားလိုက်သည်။





"ကျုပ်တို့ အက်ဖ်ဘီအိုင် စုံထောက်တွေပါ။ ခင်ဗျားနဲ့ စကား ပြောစရာရှိလို့"

ဘာဂျားသည် အဖြစ်မှန်ကို ချက်ချင်းရိပ်စားမိသဖြင့် ပခုံးနှစ်ဖက် မသိမသာ တွန့်လိုက်မိသည်။

"ဟုတ်ပါတယ်…ကျွန်တော် ဒီစိန်ကြီးကို ခဏလက်ခံထားခဲ့ပါ တယ်၊ အရောင်းအဝယ် ဖြစ်မလားလို့ပါပဲ…၊ ဒါပေမယ့် ကျွန်တော့် လက်ထဲမှာ ၅ နာရီလောက်ပဲ ကြာပါတယ်။ ဝယ်မယ့်လူ မတွေ့တာနဲ့ ပြန် ပေးလိုက်ပါတယ်။ ကျွန်တော် သိရသလောက်ဆိုရင် ဒီနေ့ပဲလား၊ ဒါမှ ဟုတ် တနင်္လာနေ့ပဲလားတော့ မသိဘူး။ ဒီစိန်ကြီးကို အရောင်းအဝယ် ဖြစ်မယ်လို့ ကြားရပါတယ်"

မငြင်းနိုင် မကွယ်နိုင်သည့်အဆုံး၌ ဘာဂျားသည် စုံထောက်များ အား အဖြစ်မှန်ကို ဖွင့်အံခဲ့သည်။ ယခု ဤစိန်ကြီးမှာ ဂျိမ်းစ်ရိုစ်ဆိုသူ၏ လက်တွင်ရှိနေကြောင်း၊ သူသည် ဖို့ဒ်မော်တော်ကား အသစ်တစ်စီးဖြင့် ယခု အခါ အဲလီဇဘက်မြို့မှ မိုတယ်တစ်ခုတွင် သူ့ဇနီးနှင့်အတူ တည်းခိုလျက် ရှိကြောင်း စသည် စသည်များကိုပါ တစ်ခုမကျန် ရင်ဖွင့်၍ အံခဲ့သည်။

ဂျိမ်းစ်ရိုစ်…။ စုံထောက်များသည် ဤအမည်ကို တစ်နေရာတွင် ကြားဖူး တွေ့ဖူးသလိုလို ရှိသဖြင့် စဉ်းစားကြည့်မိကြသည်။ နောက်မှ ဤ "ဂျိမ်းရိုစ်" ဆိုသူမှာ အခြားမဟုတ်၊ ဘော့စ်တန်မြို့တွင် ဟာဂျင်ဆန်တို့ ဖမ်းမိခဲ့ကြစဉ်က သူနှင့်အတူပါဝင်ခဲ့သည့် ဒွန်အီဗန်တို့လင်မယား စီးလာ သည့် ဖို့ဒ်မော်တော်ကားကြီး၏ "ပိုင်ရှင်" လူဆိုး "အကြီးစား" ကြီးဖြစ် ကြောင်း သတိရမိကြသည်။

စုံထောက်များသည် အဖြစ်မှန်ကို ဖြောင့်ချက်ပေးခဲ့ပြီး ဘာ ဂျားအား ခိုးရာပါပစ္စည်း လက်ခံမှုဖြင့် အရေးယူဖမ်းဆီးခဲ့ပြီးနောက် ရိုစ် တို့လင်မယား ရောက်ရှိနေသည်ဆိုသော အဲလီဇဘက်မြို့သို့ ချီ



www.burmeseclassic.com

www.burmeseclassic.com



ချင်းထွက်ခွာလာခဲ့ကြသည်။

အဲလီဇဘက်မြို့ကလေးမှာ နယူးဂျာစီနှင့် မိုင် ၄၀၀ ခန့်ကွာဝေး၍ မြောက်ကာရိုလိုင်းနားပြည်နယ်အတွင်းမှ မြို့တစ်မြို့ ဖြစ်သည်။ ခရီးလမ်းဖြင့် ဆက်သွယ်ရေးစနစ် ခေတ်မီကောင်းမွန်လှသည့် အမေရိကန်ပြည်ထောင်စုတွင် မိုင် ၄၀၀ ခရီးမှာ နာရီပိုင်းမျှသာ ရှိသည်။

အဲလီဇဘက်မြို့ အမှတ် ၁ လမ်းမကြီးပေါ်ရှိ ကာဒီလက်မိုတယ်သို့ ရောက်လျှင်ရောက်ခြင်း စုံထောက်များသည် မန်နေဂျာနှင့် တွေ့ဆုံကာ သူတို့အလိုရှိသည့် ဂျိမ်းစ်ရိုဗ်တို့ လင်မယား၏ အမည်နှင့် ပုံပန်းသဏ္ဌာန်ကို ပြောပြမေးကြည့်ကြသည်။ မန်နေဂျာက ဤတည်းခိုခန်းများတွင် ဂျိမ်းစ်ရိုဗ်ဟူသော အမည်ဖြင့် တည်းခိုနေသူတစ်ယောက်မှမရှိ၊ သို့သော် ဤပုံပန်းသဏ္ဌာန်ခပ်ဆင်ဆင် "ဒွန်ကူးပါး" အမည်ဖြင့် လင်မယား ၂ ယောက်ရှိကြောင်း ပြောပြသည်။

ခဏအကြာတွင် စုံထောက်များသည် "ဒွန်ကူးပါး" တို့ လင်မယားတည်းခိုနေကြသည့် အခန်းအမှတ် ၂၄ ရှေ့တွင်ရပ်ကာ တံခါးကို ခပ်ဆတ်ဆတ်ကလေး ခေါက်လိုက်သည်။

"ကျွန်တို့ အက်ဖ်ဘီအိုင် စုံထောက်တွေပါ…၊ ခင်ဗျားတို့ကို ဖမ်းဖို့ ဝရမ်းပါလာတယ်၊ တံခါးဖွင့်ပေးပါ"

သို့သော် အတော်ကြာသည်အထိ အတွင်းမှ ဘာသံမှမကြား၊ တံခါးကိုလည်း ဖွင့်မပေးသဖြင့် စုံထောက်များသည် တံခါးရွက်ကို ကိုယ်လုံးများဖြင့် တအားဆောင့်၍ဖွင့်ကြရသည်။ တံခါးပွင့်သွားလျှင် ပွင့်သွားခြင်း အတွင်း၌ "ဒွန်ကူးပါး" အမည်ခံ ဂျိမ်းစ်ရိုဗ်တို့ လင်မယားကို ဘွားခနဲ တွေ့ကြရသည်။

ဂျိမ်းစ်ရိုဗ်သည် ပြေးပေါက်မရှိ၍ ချောင်ပိတ်အမိခံလိုက်ရသော်လည်း မစ္စက်ကာရပ်အိမ်မှ လုယက်မှုအကြောင်းကိုသော်လည်းကောင်း၊





စိန်လက်စွပ်ကြီး အကြောင်းကိုသော်လည်းကောင်း၊ မိမိတို့ လုံးဝမသိ၊ ဤအမှုနှင့် ဘာတစ်ခုမှ ပတ်သက်ခြင်းလည်း မရှိဟူ၍ ခါးခါးသီးသီး ငြင်းကြကွယ်ကြသည်။ သို့သော် စုံထောက်များသည် တစ်ခန်းလုံး မွှေနှောက်ပြီး သူတို့လင်မယား နှစ်ယောက်ကိုပါ "နှိုက်နှိုက်ချွတ်ချွတ်" ရှာဖွေခဲ့ကြရာ နောက်ဆုံး၌ နံရံတွင်ချိတ်ထားသည့် ဂျိမ်းစ်ရိုဗ်၏ မီးခိုးရောင် သက္ကလပ်အင်္ကျီလက်ဝဲဘက် နောက်နှုတ်ခမ်းသားချုပ်ရိုးအတွင်း၌ ဝှက်ထားသည့် စိန်ကြီးတစ်လုံးကို သွားတွေ့ကြသည်။ ဤစိန်ကြီးကား မစ္စက်ကာရပ်၏ လက်စွပ်မှ ထုတ်ယူထားကြသည့် စိန်ကြီးပင်တည်း။

အမေရိကန်ပြည် တစ်ဝှမ်းလုံးရှိ မြို့ ကြီးပြကြီးများသို့ "ခရီးယာယီ"များခဲ့ရပြီး တစ်လက်မှ တစ်လက်သို့ ပြောင်းလဲကာ "လက်ပြောင်းလက်လွှဲ"များ ခဲ့ရသော ဒေါ်လာ ၃ သိန်းတန် စိန်ကြီးကို တွေ့ရှိန်တန်သဖြင့် ပြန်တွေ့ခဲ့ကြရပေပြီ။

စုံထောက်များသည် ဂျိမ်းစ်ရိုဗ်တို့ လင်မယားအား ဖမ်းမိသည့်မိုတယ်ရှေ့တွင် သူတို့စီးလာကြသည့် ၁၉၅၉ ခုနှစ်လုပ် ဗွိုက်မော်တော်ကားသစ်ကြီး တစ်စင်းကိုလည်း တွေ့ရှိကြရသည်။ ဤကားကြီးမှာ လွန်ခဲ့သည့်တစ်လလောက်က ဘော့စ်စီယာမြို့သို့ ဒွန်အီဗန်တို့ လင်မယား စီးလာကြသည့် ကားကြီးပင် ဖြစ်သည်။

အဆိုပါ မော်တော်ကားကြီးကို စစ်ဆေးကြည့်ကြရာ၌ ကားခေါင်တွင် တွေ့ရသည့် စာရွက်စာတမ်းများအရ ဂျိမ်းစ်ရိုဗ်သည် ဤကားကြီးကို ဇန်နဝါရီလ ၁၇ ရက်နေ့ (လုယက်မှုကြီး မဖြစ်ပွားမီ ၃ လလောက်) က အာရ်ကင်ဆပ်စ်ပြည်နယ်မှ ဝယ်ယူလာခဲ့ကြောင်း တွေ့ရှိရသည်။ ထင်ထိုကားရှေ့ခန်းမှ မိုင်နှုန်းပြ မီတာခွက်ကို စစ်ဆေးကြည့်ကြရာ ဤကားကြီးသည် ဤ ၃ လမျှသော ကာလအတောအတွင်း ခရီးပေါင်း ၂ သောင်း ၅ ထောင်ကျော် မောင်းနှင်ခဲ့ပြီးဖြစ်ကြောင်း အပြည့်အစုံ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြရပြန်သည်။ ထို့ပြင် ဤရွေ့ ဤမျှ မိုင်ပေါင်း ၂၅,၀၀၀ ကျော် မောင်းနှင်ခဲ့ပြီးဖြစ်သည့် ဤကားကြီး၏ပိုင်ရှင် ဂျိမ်းစ်ရိုဗ်သည် မရိုးသားသော ရောမလူဆိုးကြီးတစ်ယောက် ဖြစ်ကြောင်း ထင်ရှားသည့် အချက်တစ်ခုကိုလည်း စစ်ဆေးတွေ့ရှိကြရပြန်သေးသည်။ ယင်းမှာ အခြားမဟုတ် ဤကားကြီးတွင် ကားမောင်းသူသည် မိမိအား နောက်မှ တစ်စုံတစ်ယောက်က ကားဖြင့် အလကြမ်း အလိုက်ခံရပါက နောက်ကားများ လုံးဝမလိုက်နိုင်အောင် ကားနောက်ပိုင်းမှ မီးခိုးလုံးကြီးများ မှုတ်ထုတ်သည့် ခလုတ်တစ်ခု ရှေ့ဒရိုင်ဘာအခန်း၌ တပ်ဆင်ထားသည်ကို "ကမ္ဘာကျော် ဂျိမ်းစ်ဘွန်း ရုပ်ရှင်များထဲကအတိုင်း" တွေ့ ကြရခြင်းပင် ဖြစ်သည်။

အဖက်ဖက်က စုံစမ်းရရှိထားသည့် အချက်အလက်များနှင့် လက်တွေ့အားဖြင့် စိန်ကြီးကိုပါ တွေ့ခဲ့ကြပြီဖြစ်ရာ ဂျိမ်းစ်ရိုဗ်သည် "ဘူး" မကွယ်နိုင်တော့ဘဲ မေလ ၂၆ ရက်နေ့တွင် စုံထောက်များအား ဖြောင့်ချက်ပေးခဲ့ရသည်။ သူပေးသည့် ဖြောင့်ချက်စာရွက်ပေါ်တွင်လည်း မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခဲ့ရသည်။

လူပေါင်းစုံ ပါဝင်သလောက် ရှုပ်ထွေးပွေလီလှသည့် ဤလုယက်မှုကြီးနှင့် ပတ်သက်၍ "နတ်သံ" နောက်က ပြောပြခဲ့သည့် ဂျိမ်းစ်ရိုဗ်၏ "ဇာတ်လမ်းပမာ နားရှုပ်စရာ"ကား ဤသို့တည်း…။

၁၉၅၉ ခုနှစ်၊ မတ်လ ၂၉ရက်နေ့ (အမှုမဖြစ်ပွားမီ ၁၀ ရက်ခန့်) က အာရုံကင်ဆပ်စ်ပြည်နယ် ဟော့စပရင်းမြို့ကလေးတွင် နေထိုင်လျက်ရှိသည့် ဂျိမ်းစ်ရိုဗ်ထံသို့ ဒေးဗီးဆိုသူတစ်ယောက် ပေါက်လာသည်။ ဒေးဗီးက ဂျိမ်းစ်ရိုဗ်အား မိမိသည် "ကာလီ"ဆိုသည့် လူတစ်ယောက်နှင့် အကြီးအကျယ် "ပွဲပေါက်"တစ်ခု တွေ့ထားကြောင်း၊ ဤကိစ္စတွင် ဂျိမ်းစ်ရိုဗ်ကိုယ်တိုင် ပါဝင်မည်ဆိုပါက ပို၍ "အလုပ်ဖြစ်" စရာရှိကြောင်း ပြောပြသည်။ သို့နှင့်ပင် သူတို့နှစ်ယောက်သည် "အလုပ်ကိစ္စ" ဖြင့် လိပ်စ်ဗေးဂပ်စ်မြို့သို့





ထွက်ခွာလာခဲ့ကြပြီး ထိုမြို့သို့ ရောက်သောအခါ ခရီးသည် တည်းခိုခန်းတစ်ခုတွင် ခေတ္တတည်းခို၍ "ကာလီ" ဆိုသူနှင့် အဆက်အသွယ်ယူခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနှင့် အနောက်ဘက်အလယ်ပိုင်းတစ်ခွင် ပြုပြစ်နေသော "ရာဇဝင်လူဆိုး" ဂျိမ်းစ်သည် "ကာလီ" ဆိုသူကို တွေ့လျှင်တွေ့ခြင်း သူ့အမည်ရင်းမှာ "မာရီယန်ဘောင်းမန်း" ဖြစ်ကြောင်း သိလိုက်သည်။

သို့နှင့်ပင် ဤဇာတ်လမ်းတွင် အရေးပါအရာရောက်သော ဘောင်းမန်းက သူတို့လုပ်ကြမည့် "အလုပ်" ကိစ္စကို ပြောပြသည်။ ဤအလုပ်မှာ လပ်စ်ဗေးဂပ်စ်မြို့နှင့် ၂၅ မိုင်ကွာ မြေကွက်ကြီးတစ်ကွက်ပေါ်တွင် နေထိုင်လျက်ရှိသည့် တစ်ခုလပ် တစ်လင်ကွာ သူဌေးမ "ဒေါ် ဗီရာကရပ်" ၏ လက်မှ ဒေါ်လာ ၃ သိန်းတန် စိန်လက်စွပ်ကြီးကို တစ်နည်းနည်းဖြင့် "အပိုင်စီး" ကြရန်ပင် ဖြစ်သည်။ ထို့ပြင် ဘောင်းမန်းက ဤဇာတ်လမ်းတွင် မိမိသည် "ဇာတ်ညွှန်းခွဲသူ" တစ်ယောက်သာဖြစ်၍ မူလ "ဇာတ်ညွှန်းရေးသူ" မှာ "ဗွန်"ဆိုသူဖြစ်ကြောင်း၊ ယခု လောလောဆယ် "ဗွန်" သည် လော့စ်အိန်ဂျယ်လီမြို့တွင် ရောက်နေသော်လည်း မကြာမီ လပ်စ်ဗေးဂပ်စ်မြို့သို့ ပြန်လာမည်ဖြစ်ကြောင်းများကိုပါ ပြောပြသည်။

"ဒါပေမယ့် ကျုပ်ကိုယ်တိုင်လည်း အဲဒီမစ္စက်ကရပ်ဆိုတဲ့ မိန်းမကြီးရဲ့ အိမ်နားတစ်ဝိုက်ကို သွားပြီး လေ့လာထားပြီးပါပြီ။ အိမ်ရဲ့အခြေအနေလည်း အားလုံးသိထားပြီးပါပြီ"

ဘောင်းမန်းက ဤအလုပ်နှင့် ပတ်သက်၍ အဘက်ဘက်မှ "မီးသေ"ပြီးသား ဖြစ်ကြောင်း ဒေးဗီးနှင့်ဂျိမ်းစ်တို့အား ခပ်တည်တည်ပင် ပြောပြခဲ့သည်။

မကြာမီ ဧပြီလ ၃ ရက်နေ့တွင် "ဇာတ်ညွှန်းရေးဆရာကြီး ဗွန်" သည် လပ်စ်ဗေးဂပ်စ်မြို့သို့ ပြန်ရောက်လာသည်။ ဒေးဗီးနှင့် ဂျိမ်းစ်



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးမှန်သမျှ "ငါးမည်ရ ခြောက်မည်ရ" စသည်ဖြင့် နာမည်အမျိုးမျိုးဖြင့် ရာဇဝတ်မှုအမျိုးမျိုးကို နေရာအမျိုးမျိုးတွင် ကျူးလွန်လေ့ရှိကြသည့်အတိုင်း ခပ်စောစောက "ကာလီ" သည် "ဘောင်းမန်း" ဖြစ်နေသလို ယခု "ရွှန်" ဆိုသူမှာလည်း အခြားသူမဟုတ် "ဟာဂျင်ဆန်" ပင် ဖြစ်သတည်း။

သို့နှင့် ဂျိမ်းစ်၊ ဒေးဗီး၊ ဘောင်းမန်း၊ ဟာဂျင်ဆန် တို့သည် မစွက်ကရပ်အိမ်ကို အနုကြမ်းစီးရန်အတွက် လေးယောက်သား အသေးစိတ်လုပ်ငန်းစဉ်များ စီစဉ်ရေးဆွဲကြသည်။ ဤနေရာတွင် သူတို့သည် ဤလုပ်ငန်းမျိုး၌ "ဆားဗစ်" ရင့်၍ "လက်တွေ့" များလှသည့် အက်ဒွပ်ပေး ဆိုသူ တစ်ယောက်ကို ထပ်မံ "အားဖြည့်" ရန် တညီတညွတ်တည်း ကန့်ကွက်သူမရှိ အတည်ပြုခဲ့ကြသည်။ တက္ကဆပ်စ်ပြည်နယ်သို့ ရောက်နေသော ပေးအား သူ့အပေါင်းအသင်း ရောင်းရင်းများက တယ်လီဖုန်းဖြင့် ခေါ်ယူလိုက်ရာ ပေးသည် တက္ကဆပ်စ်မှ လပ်စ်ဗေးဂပ်စ်မြို့သို့ နေ့ချင်းရောက်အောင် ဒုန်းစိုင်း၍လာခဲ့သည်။ သို့ဖြင့် စောစောက ၄ ယောက်သာ ရှိနေခဲ့သော သူတို့လူစုတွင် ယခု နောက်တစ်ယောက် တိုးလာ၍ "ငါးဦးကော်မတီ" ဖြစ်လာခဲ့သည်။

သို့သော် နောက်ရောက်လာသော ပေးမှာ ကံဖယ်ချင်၍လားမသိ၊ သူရောက်ပြီး ၅ ရက်ခန့်အကြာတွင် နောက်ပိုင်းမှ မိန်းမ အသဲအသန်ဖြစ်၍ "အမြန်လာပါ" ဟူသော သံကြိုးစာကြောင့် "ငါးဦးကော်မတီ" မှ နုတ်ထွက်ကာ တက္ကဆပ်စ်ပြည်နယ်သို့ ကတိုက်ကရိုက် ပြန်သွားရရှာသည်။

နောက်ဆုံး၌ ကျန်ရစ်သူလေးယောက်သည် ပေးတစ်ယောက် ပြန်လာသည်အထိ မစောင့်တော့ဘဲ၊ ရှိသည့် "ကော်မတီဝင်များ" နှင့်ပင် "အလုပ်" စကြရန် ဆုံးဖြတ်လိုက်ကြသည်။

မူလစီစဉ်ထားသည့်အတိုင်း မစွက်ကရပ် အိမ်သို့ အနုကြမ်းစီး



ရန် သွားသည့်အခါ "ဇာတ်ညွှန်းဆရာကြီး" ဟာဂျင်ဆန်သည် လိုက်မပါ မသွားဘဲ လပ်စ်ဗေးဂပ်စ်မြို့ထဲတွင် ချန်နေရစ်၍ ဇာတ်ကောင်များဖြစ်ကြသော ဂျိမ်းစ်၊ ဘောင်းမန်းနှင့် ဒေးဗီးတို့သာ ပါလာကြသည်။

ထိုနေ့မှာ ဧပြီလ ၁၀ ရက်နေ့ပင် ဖြစ်သည်။

မစွက်ကရပ် အိမ်အရောက်တွင် လမ်းပြင်သည့် "ကန်ထရိုက်တာ" အဖြစ် သရုပ်ဆောင်ကာ အိမ်ထဲသို့ ပထမဆုံးဝင်ခဲ့သူမှာ ဘောင်းမန်းပင်ဖြစ်သည်။

အားလုံး "အလုပ်ကိစ္စ" ပြီး၍ ဒေါ်လာ ၃ သိန်းတန် စိန်လက်စွပ်ကြီးကို အပိုင်စီးခဲ့ကြပြီးနောက် သူတို့ ၃ ယောက်သည် မြို့ထဲတွင် အသင့်စောင့်နေသည့် ဟာဂျင်ဆန်၏ နေအိမ်သို့ ပြန်ရောက်လာကြသည်။ ထို့နောက် လောလောဆယ် ခြေရာဖျောက်ပစ်ကြရန်အတွက် လူစုခွဲအောနောက်တစ်ကြိမ် မိုင်ယာမီ အပန်းဖြေကမ်းခြေတွင် ထပ်မံတွေ့ဆုံ၍ "ရှေ့လုပ်ငန်းစဉ်" ကို ညှိနှိုင်းရေးဆွဲရန် ဆုံးဖြတ်ခဲ့ကြသည်။

လူစုခွဲရာတွင် အားလုံး၏သဘောတူညီချက်အရ စိန်လက်စွပ်ကြီးကို ဂျိမ်းနှင့် ဒေးဗီးတို့က ယူဆောင်လာခဲ့ကြရာ ဂျိမ်းစ်သည် သူ့ဘောင်းဘီရှည်၏ခါးမှ အနားပတ် ချုပ်ရိုးကြားတွင် ဝှက်၍ယူလာခဲ့သည်။

သူတို့နှစ်ယောက်သည် အူတာပြည်နယ် အော့ဒင်မြို့သို့ ထွက်လာခဲ့ကြသည်။ ထိုမှတစ်ဆင့် သူတို့၏ဇနီးများကို ခေါ်ဆောင်ကာ တင်နက်ဆီပြည်နယ် ဒါးလက်စ်မြို့သို့ ခရီးဆက်ခဲ့ကြသည်။ ဒါးလက်စ်မြို့တွင် ဂျိမ်းစ်သည် ခပ်စောစောက မိန်းမ မကျန်းမာသဖြင့် ကသိကအောက်ကြီး ကာ "ငါးဦးကော်မတီမှ" နုတ်ထွက်၍ ပြန်သွားရရှာသော ပေးထံသို့ တယ်လီဖုန်းဆက်ခဲ့သည်။ ဂျိမ်းစ်က တယ်လီဖုန်းထဲတွင် ပေးထံ "ကော်မတီဝင်များ" နှင့် လူးဝစ္စစီယားနားပြည်နယ် ဘေတွန်ရုဂျ်မြို့သို့ လာရောက် တွေ့ဆုံရန် ပေးအား မှာကြားခဲ့သည်။

www.burmeseclassic.com



ဟေးအား ဂျိမ်းစ်က ယင်းသို့မှာကြားခဲ့သည်မှာ အခြားကြောင့်မဟုတ်၊ ဟေးသည် ဤအလုပ်တွင် ကာယကံမြောက် မပါဝင်နိုင်ခဲ့သော်လည်း မူလကြံစည်ခဲ့စဉ်က "အဖွဲ့ဝင်လူကြီး" တစ်ယောက်ဖြစ်သဖြင့် မိမိတို့အသေမှ လူဆိုးဂိုဏ်းများ၏ အစဉ်အလာ "သစ္စာတရား" ကို စောင့်သိရိုသေသောအားဖြင့် ရသင့်ရထိုက်သည့် ဝေစုကို အချိုးကျ "ခွဲတမ်း" ချပေးရန်ပင်ဖြစ်သည်။ ထို့ပြင် "ကော်တီဝင်များ" ၏ အစဉ်အလာအတိုင်း မိမိအတွက် "ခွဲတမ်း" ရပြီးလျှင် ပူညံပူညံမလုပ်တော့ဘဲ (ဝါ) ရဲကို သတင်းမပေးတော့ဘဲ ငြိမ်နေမည်မှာ သေချာသည်မဟုတ်ပါလော?

မည်သို့ပင်ဖြစ်စေ ဟေးသည် လူဆိုးတို့၏ အစဉ်အလာ "သစ္စာတရား" ကြောင့်ပဲရရ "နှုတ်ပိတ်ခ" အဖြစ်ပင်ရရ၊ ရသလောက် "ခွဲတမ်း" ကို ယူရန်အတွက် ဘော့စီယာမြို့သို့ ချိန်းသည့်နေ့တွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ ထိုမှတစ်ဆင့် သူတို့သည် ယခင်သတ်မှတ်ထားသည့်အတိုင်း မိုင်ယာမီကမ်းခြေသို့ ဆက်လက်ထွက်ခွာလာခဲ့ရာ ဧပြီလ ၁၅ ရက်နေ့တွင် ရောက်ရှိလာခဲ့ကြသည်။

မိုင်ယာမီကမ်းခြေတွင် အပမ်းဖြေနေစာလုံ့ရင်း "ငါးဦးကော်မတီ" သည် သူတို့၏ရှေ့လုပ်ငန်းစဉ်ကို အသေးစိတ် ရေးဆွဲချမှတ်ကြရာ ဤ စိန်လက်စွပ်ကြီးကို စိန်ရွှေရတနာအရောင်းအဝယ် ပေါများလှသည့် ချီကာဂိုမြို့သို့ သွားရောက်ရောင်းချထုခွဲကြရန် အများသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ရောင်းချထုခွဲပြီးမှ ရသလောက်ကို အချိုးကျ ဝေစုယူကြရန် တစ်ပါတည်း "ခွဲတမ်း" ချခဲ့ကြသည်။

သို့သော် ချီကာဂိုမြို့သို့ ရောက်လာကြသော ဟာဂျင်ဆန်၊ ဂျိမ်းစ်နှင့် ဟေးတို့သည် "ထင်သာထင် မဝင်ဘူး" ဆိုသကဲ့သို့ မြို့ထဲတွင် သုံးရက်တိုင်တိုင် လည်"စပ်"သော်လည်း အပေါက်အလမ်းမတည့်ဘဲ ဖြစ်နေကြပြန်သည်။ ထိုမြို့တွင် ဤသို့"အလုပ်"မဖြစ်သဖြင့် သူတို့ ၃ယောက်





သည် စိန့်လူးဝစ္စမြို့သို့ ကူးလာခဲ့ကြသည်။ တစ်ဖန် စိန့်လူးဝစ္စမြို့တွင်လည်း နေရာမကျဘဲဖြစ်နေကြပြန်ရာ နောက်ဆုံး၌ သုံးဦးသဘောတူ စိန်လက်စွပ်ကြီးမှ အရံစိန်ကလေးနှစ်လုံးကို ဖြုတ်ကာ ဒေါ်လာ ၁၅၀ နှင့် ရောင်းပစ်လိုက်ကြသည်။ ထို့နောက် ထိုဒေါ်လာ ၁၅၀ ကို လောလောဆယ် ဟေး အား ပေးထားခဲ့ကြပြီး ဂျိမ်းစ်နှင့် ဟာဂျင်ဆန်တို့သည် အမြို့မြို့ အနယ်နယ်သို့ လှည့်လည်၍ ဒေါ်လာ ၃ သိန်းတန်စိန်ကြီးကို အစွန်ထုတ်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် ကုသိုလ်ကံအကျိုးပေးချိန်မတန်၍လား မသိ၊ သူတို့သည် ကိုင်ရို၊ အီလီနွိုက်၊ ကိပ်ဂီရာဒူနှင့် မစ်ဆူရီ စသည့်မြို့များတွင် တဝဲလည်လည်ဖြစ်နေကြပြီး ဘယ်မှာမှ မစွံဘဲဖြစ်နေခဲ့ကြသည်။

ထို့နောက် မစ်ဆူရီမြို့တွင် လူချင်းခွဲကြပြီး ဂျိမ်းစ်သည် မိုင်ယာမီမြို့သို့ ပြန်လာခဲ့သည်။ သူသည် ထိုမြို့မှ သူ့ဇနီးကိုလည်းကောင်း၊ ဟာဂျင်ဆန်၏ဇနီးကိုလည်းကောင်း၊ ဒေးဗီးနှင့် သူ့ဇနီးတို့ကိုလည်းကောင်း ခေါ်ဆောင်ကာ ဘော့စီယာမြို့သို့ ဆက်လက် ထွက်ခွာလာခဲ့သည်။ ဘော့စီယာမြို့သို့ ရောက်၍ မိုတယ်တစ်ခုတွင် တည်းခိုနေကြစဉ် ထိုနေ့ညမှာပင် ဟေးနှင့် ဟာဂျင်ဆန်တို့ ရောက်လာခဲ့ကြပြီး နောက်တစ်နေ့နံနက်တွင် ကျန်တစ်ယောက်ဖြစ်သော ဘောင်းမန်းထပ်မံရောက်ရှိလာပြန်ရာ "ငါးဦးကော်မတီ" ဝင်များအားလုံး စုံစုံညီညီ ဖြစ်လာကြပြန်သည်။

သို့သော် အရေးကြီးသည်မှာ စိန်ကြီးကို အမြန်ဆုံး အစွံထုတ်ရန်ပင်ဖြစ်သည်။ ဤစိန်ကြီးမှာ ဒေါ်လာ ၃ သိန်းတန်သည်ဟု အကြမ်းအားဖြင့် သိနေကြသော်လည်း လောလောဆယ် ထုခွဲ၍မရနိုင်သေးဘဲ ဖြစ်နေရာ ကိုက်စား၍မဖြစ်၊ လွှင့်၍လည်း မပစ်ရက်နိုင်ဘဲ အကြီးအကျယ်ဂျောက်ကျနေကြသည်။ သို့ဖြင့် အားလုံး၏ သဘောတူညီချက်အရ ဤစိန်ကြီးကို နောက်တစ်ကြိမ် ထပ်မံကြိုးစား၍ ထုခွဲရန် ဂျိမ်းစ်အား တာဝန်ပေးလိုက်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောင် သူ့နေ့နီးတို့သည် တာဝန်အရ စိန်ကြီးကို ထပ်မံအစွဲထုတ်ရန် ဘော့စီယာမြို့မှ ထွက်ခွာလာခဲ့သည်။ ဤသည်မှာ သူ့အတွက် ထီးပေါက်ဆယ် ကံကောင်းချင်၍ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့လင်မယား ထွက်သွားကြပြီး ဘာမှမကြာမီ တည်းခိုခန်းတွင် ကျန်ရစ်ခဲ့ကြသည့် ဟာဂျင်ဆန်၊ ဒေးဗီးနှင့် ဘောင်းမန်းတို့အားလုံးကို ရန်သူများနှင့်တကွ အက်ဖ်ဘီအိုင် စုံထောက်များက တက်ရောက်ဖမ်းဆီးခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုနေ့က ဧပြီလ ၂၇ ရက် (အမှုဖြစ်ပွားပြီး ၁၇ ရက်အကြာတွင်) ဖြစ်သည်။ သို့သော် အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အဖမ်းခံရသူများအနက် ဟာဂျင်ဆန်တစ်ယောက်သာ အရေးယူခံရပြီး ကျန်လူများမှာ "သက်သေခံ အထောက်အထား" မရှိသဖြင့် လွတ်လာခဲ့ကြသည်။

ဤအတောအတွင်း သီသီကလေး လွတ်သွားခဲ့သော ဂျိမ်းစ်သည် မစားနိုင် မပစ်ရက်သည့် စိန်ကြီးကို အမျိုးမျိုးဝှက်၍ သယ်ဆောင်ကာ ချီကာဂိုသို့ တစ်ပတ်ပြန်ရောက်လာခဲ့ပြန်သည်။ သို့သော် "ဂြိုဟ်စီးဂြိုဟ်နင်း" မလွတ်သေးသဖြင့် ဝယ်မည့်သူ မတွေ့ရသေးဘဲ ထိုမှတစ်ဆင့် ဟော့စပရင်းသို့ ရောက်လာခဲ့ပြန်သည်။ နောက်ဆုံး၌ အလုပ်မဖြစ်သဖြင့် စိတ်မောလူမောဖြစ်ကာ သူ့နေအိမ်ရှိရာ မစ်စီစစ်ပီပြည်နယ် ဂရင်းဝုမြို့ကလေးသို့ လင်မယားနှစ်ယောက် စိတ်ပျက်လက်ပျက်ဖြင့် တပ်ခေါက် ပြန်လာခဲ့ကြရသည်။

သို့သော် သူတို့လင်မယား အိမ်ပြန်ရောက်ပြီး နှစ်ရက်သုံးရက်အကြာတွင် သူ့မိတ်ဆွေတစ်ယောက်က "ဤစိန်ကြီးကို သေချာပေါက်အစွဲထုတ်ပေးနိုင်သည့် စိန်ပွဲစားတစ်ယောက် နယူးအော့ခ်မြို့တွင်ရှိကြောင်း၊ ထိုသူ၏ အမည်မှာ "ဂျူလီ" ဟုခေါ်၍ ကုန်စိမ်းလက်ကား ရောင်းသည့် "ပိုက်ဆံဝါလား" တစ်ဦးပင်ဖြစ်ကြောင်း" လာရောက်ပြောကြားသည်။ ဂျိမ်းစ်



တို့ လင်မယားမှာ "ဒီတစ်ခါတော့ သေချာပေါက်စွံပြီ" ဟူသော အတွေးဖြင့် စိန်ကြီးကို မုတ်ဆိတ်ရိပ်သည့် ဘူးကလေးထဲတွင်ဝှက်၍ ထည့်ကာ နယူးအော့ခ်မြို့သို့ အပြေးအလွှားလာခဲ့ကြသည်။

နယူးအော့ခ်မြို့တွင် သူ့မိတ်ဆွေ၏ဆက်သွယ်ပေးမှုဖြင့် အဆိုပါ "ဂျူလီ"ခေါ် ဂျူးလီယပ်စ်ဘာဂျားဆိုသူအား တွေ့ဆုံကာ စိန်ကြီးကို အစွဲထုတ်ပေးရန် ကြိုးစားကြည့်ခဲ့သည်။ သို့သော် ဤတစ်ကြိမ် ကြိုးစားခြင်းမှာ နောက်ဆုံးကြိုးစားခြင်းပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စိန်ပွဲစား ဘာဂျားမှာ စိန်ကြီးကို အစွဲမထုတ်နိုင်သည့်အပြင် သူက ဖော် ကောင်လုပ်သဖြင့် သူရော မိမိတို့လင်မယားပါ သုံးယောက်သား မေလ ၂၃ရက်နေ့တွင် အဖမ်းခံခဲ့ကြရသောကြောင့်တည်း။

ဧပြီလ ၁၀ ရက်နေ့က ဖြစ်ပွားခဲ့သည့် လုယက်မှုကြီး၏နောက်ပိုင်း ဖြစ်ပုံပျက်ပုံ အလုံးစုံတို့မှာ ဤသို့လျှင်လူပေါင်းစုံ ပါဝင်၍ မျက်စိနောက်စရာ ကောင်းလောက်အောင်ပင် ရှုပ်ထွေးပွေလီခဲ့သည်။

ဤမျှ ရှုပ်ထွေးပွေလီခဲ့သည့် အမှုကြီးမှာ အရေးကြီးဆုံးဖြစ်သော "စိန်ကြီးကို ပြန်လည်တွေ့ရှိပြီးနောက်မှာပင် မပြီးဆုံးသေးဘဲ" အရှုပ်တော်ပုံများ ဆက်လက်ဖြစ်ပွားခဲ့ပြန်သေးသည်။

ဤအမှုကြီးတွင် ပါဝင်သည့် ဇာတ်ကောင် ငါးဦးအနက်၊ စောစောပိုင်းက ဟာဂျင်ဆန်နှင့် ယခုဂျိမ်းစ်တို့ နှစ်ယောက်ကို မိထားပြီး ဖြစ်သော်လည်း ဒေးဗီးစ် ဘောင်းမန်းနှင့် ပေါးတို့မှာ အဖမ်းမခံကြရသေးဘဲ ရှိနေသေးသည်။ သို့သော် ဂျိမ်းစ်၏ ပြည့်စုံခိုင်လုံသော ဖြောင့်ချက်အရ ၎င်းတို့၏ အဆက်အသွယ် အသွားအလာများကို အသေးစိတ်သိရှိထားပြီးဖြစ်သော စုံထောက်များသည် မကြာမီအတွင်းမှာပင် ဒေးဗီးစ်၊ ဘောင်းမန်းနှင့် ပေါးတို့ ၃ယောက်စလုံးကို တက္ကဆပ်စ်ပြည်နယ်အတွင်း ဖမ်းဆီးနိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားခံအားလုံးကို မိထားသည့်နောက်မှာပင် ဤအမှုကြီး၏ "အခွပ်တော်ပုံ" မှာ ရှုပ်လက်စမကုန်သေးဘဲ ဖြစ်နေပြန်သေးသည်။ ရှုပ်ပုံမှာ ဝထမဆုံးဖမ်းမိသည့် ဟာဂျင်ဆန်အား ရုံးတော်သို့ တရားစွဲဆိုရန် တင်ပို့ပြီး ယခုအခါ စိန်လက်စွပ် လုယက်မှုကြီးအတွက် ဒေါ်လာ ၂၅,၀၀၀ တန် အာမခံတစ်ခု၊ ယခင်က ဘဲလ်အဲယားမြို့မှ စိန်ရွှေရတနာများနှင့် သားမွေးထည်များ လုယက်မှုကြီးအတွက် ဒေါ်လာ ၂၅,၀၀၀ တန် အာမခံတစ်ခု၊ စုစုပေါင်း ဒေါ်လာ ၅၀,၀၀၀ တန် အာမခံများဖြင့် ရုံးတော်က အမှုအတောအတွင်း အလွတ်ထုချေခွင့် ပြုလိုက်ပြန်သည်။

သို့ဖြင့် တရားခံဟာဂျင်ဆန်သည် လပ်စ်ဗေးဂပ်စ်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ရာမှ မည်သို့ စိတ်ကူးပေါက်၍ မည်မျှလောက် စိတ်ဒုက္ခရောက်သည်ဟူ၍ မသိရဘဲ ဇွန်လ ၁၆ ရက်နေ့တွင် ဟော်တယ်တစ်ခု၌ တည်းခိုနေစဉ် အိပ်ဆေးများ အလွန်အကျွံသောက်ကာ ကိုယ့်ကိုယ်ကို သေကြောင်း ကြံပါလေတော့သည်။ ဤတွင်မှ ဟာဂျင်ဆန်အတွက် အာမခံမိသည့် လော့အိမ်ဂျဲလီးစ်မြို့မှ မိတ်ဆွေသည် လပ်စ်ဗေးဂပ်စ်မြို့သို့ အပြေးအလွှားလိုက်လာကာ အာမခံကို ပြန်နုတ်သွားရာ ဟာဂျင်ဆန်ခမျာ အိပ်ဆေးများဒဏ်ကြောင့် သတိမရတစ်ချက် ရတစ်ချက်ဖြင့် ပြန်အဖမ်းခံရပြီး ဆေးရုံသို့ပို့လိုက်ကြရသည်။

ဒါတွင်ပဲလားဆိုတော့ မဟုတ်သေးပါ။ ဇူလိုင်လတစ်ရက်နေ့တွင် အက်ဖ်ဘီအိုင်စုံထောက်များသည် မစ္စက်ကရပ်၏ စိန်လက်စွပ်ကြီးမှ ဖြုတ်၍ ရောင်းခဲ့သည့် အရံစိန်ကလေးနှစ်လုံးကို ဝယ်ယူခဲ့သော စိန်ရှူးဝစ္စမြို့မှ စိန်ရွှေရတနာဆိုင်ပိုင်ရှင်အား ခိုးရာပါပစ္စည်း လက်ခံမှုဖြင့် သွားရောက်ဖမ်းဆီး၍ အချုပ်ထဲထည့်ခဲ့ကြပြန်သည်။ သို့သော် စိန်ရွှေရတနာဆိုင်ပိုင်ရှင်မှာ လုယက်မှုကြီးကို ကာယကံမြောက် ကျူးလွန်ခဲ့ကြသည့် တရားခံငါးယောက်နှင့်စာလျှင် အဖမ်းခံရကျိုးနပ်သည်ဟု ဆိုရမည်။ အဘယ့်ကြောင့်





ဆိုသော် သူသည် လုယက်မှုတွင် ပါဝင်သည့် အခိုပါစိန်ကလေး နှစ်လုံးကို ဒေါ်လာ ၁၅၀ နှင့်ဝယ်ပြီး ဒေါ်လာ ၆၀၀ ဖြင့် ပြန်ရောင်းစားခဲ့ရာ သာပဲဖြစ်ဖြစ် သူ့အတွက် ဒေါ်လာ ၄၅၀ တော့ အမြတ်ထွက်လိုက်သေးသောကြောင့်တည်း။

တရားခံများအားလုံးကို ဖမ်းမိပြီး လုံလောက်သည့် အထောက်အထားလည်း အပြည့်အစုံရရှိပြီးဖြစ်သဖြင့်၊ အက်ဖ်ဘီအိုင်အဖွဲ့ကြီးသည် ဤလုယက်မှုကို ပြည်ထောင်စုတရားရုံးသို့ တင်ပို့၍ တရားစွဲဆိုခဲ့ကြသည်။ ဤတွင်တစ်ဖန် ဤမျှရှုပ်ရှုပ်ပွေပွေဖြင့် ရှည်လျားထွေပြားလှသည့် အမှုကြီးတွင် နောက်တစ်ဖန် သံသရာရှည်စရာ ဖြစ်လာရပြန်သည်မှာ စိန်ကြီးနှင့်အတူ ဖမ်းမိခဲ့၍ အစအဆုံး တစ်လုံးမကျန် ဖြောင့်ချက်ပေးခဲ့သည့် သကောင့်သား ဂျိမ်းစ်က အမှုစတင်စစ်ဆေးသည့် ၁၉၅၉ ခု နိုဝင်ဘာလ ၂ရက်နေ့မှာပင် စောစောပိုင်းက အက်ဖ်ဘီအိုင် စုံထောက်များထံ မိမိပေးခဲ့သည့် ဖြောင့်ချက်မှာ မိမိဆန္ဒဖြင့် အလိုအလျောက်ပေးခဲ့ခြင်း မဟုတ်ပါ။ စုံထောက်များက မိမိအား ၃ ရက်နှင့် ၃ ညလုံးလုံး အိပ်ခွင့်မပေး နားခွင့်မပေးဘဲ ညှင်းပန်းနှိပ်စက်ပြီး အဆိုပါ "ဖြောင့်ချက်" တွင် အဓမ္မလက်မှတ်ရေးထိုးခိုင်းသဖြင့် ကြောက်ကြောက်လန့်လန့်နှင့် လက်မှတ်ရေးထိုးခဲ့ရခြင်း ဖြစ်ပါသည်…ဟူ၍ ရုံးတော်တွင် ထွက်ဆိုလိုက်ပြန်သောကြောင့်ဖြစ်သည်။

ဤတွင် အက်ဖ်ဘီအိုင် စုံထောက်များသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ဤဖြောင့်ချက်သည် ဂျိမ်းစ်ကိုယ်တိုင် သူ့သဘော သူ့ဆန္ဒအရ ထွက်ဆို၍ လက်မှတ်ရေးထိုးခဲ့သည့် တရားဝင်ဖြောင့်ချက် ဖြစ်ကြောင်းနှင့် ဤအမှုကြီးတွင် ဤတရားခံများအား ယခုကဲ့သို့ လက်[illegible] ဆီးနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းလုံးရှိ အက်[illegible] ဌာနခွဲများသည် သဲလွန်စများနှင့် သက်သေအထောက်အထား[illegible] မနေကြိုးစား စုံစမ်းထောက်လှမ်းခဲ့ကြရပုံများကို ရုံးတော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မြည်သို့ တင်ပြခဲ့ကြရသည်။

မှန်သည်။ ဤလုယက်မှုကြီးသည် အက်ဖ်ဘီအိုင် အဖွဲ့ကြီး အတွက် ဗှာနခွဲများနှင့် တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ၌ စံတင်လောက်သည့် သမိုင်းဝင်မှုခင်းကြီး ဖြစ်ခဲ့သည်။ ဥပမာအားဖြင့် ဆိုရ ပါမူ...။

လော့အိန်ဂျလီးစ်မြို့မှ အက်ဖ်ဘီအိုင် စုံထောက်များက ဤလု ယက်မှုကြီးမတိုင်မီက တရားခံတစ်ဦးဖြစ်သူ ဟာဂျင်ဆန်၏ သွားလာလှုပ်ရှား မှုများနှင့် အဆက်အသွယ်များကို အနိုင်အမာ စုံစမ်းပေးခဲ့သည်။

ဒါးလက်စ်မြို့ အက်ဖ်ဘီအိုင် စုံထောက်များက ဤလုယက်မှုကြီး ၏ တရားခံတစ်ဦးဖြစ်သူ ပေါ့သည် ပြေါလ စောစောပိုင်းက မိမိတို့မြို့တွင် မရှိဘဲ အခြားတစ်နေရာသို့ ရောက်ရှိနေကြောင်း အတိအကျ ထောက် လှမ်းပေးခဲ့သည်။

စိန်လူးဝစ္စမြို့မှ အက်ဖ်ဘီအိုင်စုံထောက်များသည် မိမိတို့မြို့သို့ ဟာဂျင်ဆန်၊ ဂျိမ်းစ်နှင့် ပေါ့တို့ရောက်လာကြပြီး စိန်ကြီးကို အရောင်း အဝယ်ဖြစ်အောင် မည်သို့မည်ပုံ ကြိုးစားခဲ့ကြ၍ မည်သူ မည်ဝါနှင့် ဆက် သွယ်ခဲ့ကြသည်ကို အသေအချာ သတင်းပေးနိုင်ခဲ့ကြသည်။

မိုင်ယာမီမြို့မှ အက်ဖ်ဘီအိုင် စုံထောက်များသည် ဤမြို့သို့ ဟာ ဂျင်ဆန်နှင့် သူ့ကိုယ်ထားသားများ မည်သို့ရောက်ရှိလာ၍ မည်သည့်နေရာတွင် တွေ့ဆုံခဲ့ကြသည်ကို လေကြောင်းဌာနများ ဟော်တယ်နှင့် မိုတယ်စသည် တို့၏ အကူအညီဖြင့် ခိုင်ခိုင်လုံလုံ အထောက်အထား ပြနိုင်ခဲ့ကြသည်။

စန်အန်တိုနီယိုမြို့မှ စုံထောက်များက ဘောင်းမန်းနှင့် ဒေးဗီးတို့ အား လက်ရဖမ်းဆီးပေးနိုင်ခဲ့ကြ၍ နယူးအော့ခ်မြို့မှ စုံထောက်များက ဂျိမ်းစ် နှင့် ဘာဂျားတို့အား အမိဖမ်းပေးနိုင်ခဲ့ကြသည်။ ဟောက်စတန်မြို့မှ စုံ ထောက်များကလည်း ပေါ့အား မလွတ်တမ်း ဖမ်းပေးခဲ့ကြသည်။





ချီကာဂိုနှင့် နယူးယောက်မြို့များမှ စုံထောက်များသည် မိမိတို့ မြို့အတွင်း၌ စိန်ကြီးကို ရောင်းချရန် တဝဲလည်လည်ဖြင့် လိုက်စပ်ခဲ့ကြ သော တရားခံများ၏ လှုပ်ရှားမှုအဝဝကို တစ်စမကျန် ဖော်ထုတ်ပေးနိုင်ခဲ့ ကြသည်။

ထိုသို့သော မြို့များအပြင် ဘော်စီယာ၊ ဖိုးနစ်၊ စဖရင်းဖီးလ်၊ ဘာ့ မင်ဂန်းစသည် စသည်ဖြင့် အခြားမြို့ပေါင်း အမြောက်အများမှ အက်ဖ်ဘီ အိုင်စုံထောက် အများအပြားကလည်း ဤလုယက်မှုကြီး၏ သဲလွန်စများ နှင့် ကွင်းဆက်များကို တစ်စစီ တစ်ခုစီ ပေါင်းစီးဆက်စပ် ပေးနိုင်ခဲ့ကြ သည်။

ဤသို့ဖြင့် နိဂုံးချုပ်လိုက်သောအခါ အက်ဖ်ဘီအိုင်စုံထောက်များ ၏ အနိုင်အမာအပြည့်အစုံ တင်ပြခဲ့သည့် အချက်အလက်နှင့် အထောက် အထားအရ "ငါးဦးကော်မတီ" တရားခံများမှာ ပြစ်မှုထင်ရှား၍ အပြစ်ဒဏ် အသီးသီး ရရှိသွားခဲ့ကြသည်။

"မောင်မင်းတို့သည် ဤလုယက်မှုကြီးကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားသည့်အပြင် လုယက်မှုမှ ရရှိခဲ့ကြသော ဒေါ်လာ ၃ သိန်းတန် စိန် ကြီးအား ပြည်နယ်တစ်ခုမှ တစ်ခုသို့ သယ်ဆောင်နိုးထုတ်သွားခဲ့ကြကြောင်း ထင်ရှားနေသဖြင့်..." ဟူ၍ အစရှိသည့် တရားသူကြီး၏ စီရင်ချက်အရ တရားခံဂျိမ်းစ်မှာ ထောင်ဒဏ် ၈ နှစ်၊ ကျန်တရားခံများဖြစ်သော ဘောင်း မန်း ဟာဂျင်ဆန်၊ ဒေးဗီးနှင့် ပေါ့တို့မှာ ထောင်ဒဏ် ၅ နှစ်စီ အသီးသီး အပြစ်ပေးခြင်း ခံခဲ့ကြရသည်။ ဤအမှုတွင် စိန်ကြီးကိုရောင်းရန် "လိုက် စပ်" ခဲ့သည့် ကုန်စိမ်းသည် စိန်ပွဲစားဘာဂျားမှာ၊ ၃ နှစ်အတွင်း ကောင်း မွန်စွာနေရန် ကိုယ်တိုင်ခံဝန်ချုပ်ဖြင့် လွတ်လာခဲ့သည်။

ခရိုးယာယီများသလောက် လက်ပြောင်း လက်လွှဲများခဲ့သော ဒေါ်လာ ၃ သိန်းခွဲတန် စိန်လက်စွပ် လုယက်မှုကြီး၏ ဇာတ်သိမ်းမှာ ဤ



www.burmeseclassic.com

www.burmeseclassic.com



တွင် "ပြီးပါပြီ"ဟု စာတမ်းထိုးရန်သာ ရှိတော့သည်။ သို့သော် "ရုပ်ရှင်လျှင် ရှုပ်ချင်ချင် ဖြစ်တတ်သည့် ဓမ္မတာအတိုင်း ဤအမှုကြီးတွင် လူနှစ်ယောက်မှာ "အပြီးသတ်မှ အမြီးခတ်" ခံခဲ့ကြရသေးသည်။

ပထမတစ်ယောက်မှာ ဤအမှုကြီးကို စစ်ဆေးနေသည့် ခရိုင်တရားသူကြီး လက်ရေးတို လက်နှိပ်စက်ရိုက်သည့် စာရေးဖြစ်သည်။ ဟာဂျင်ဆန် ဘောင်းမန်းနှင့် ပေးတို့အား စီရင်ချက်မချမီ တစ်ရက်က၊ အဆိုပါ ရုံးစာရေးသည် ရုံးမှအိမ်သို့ အပြန်လမ်းတွင် ကားတိုက်မှုဖြစ်၍ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ရသည်။ ဤကားတိုက်မှုသည် ဤလုယက်မှုကြီးနှင့် မည်သို့ပတ်သက်သည်ကိုလည်းကောင်း မတော်တဆ ဖြစ်ပွားသည် မဖြစ်ပွားသည်ကိုလည်းကောင်း၊ အတိအကျ မသိရသော်လည်း အဆိုပါလက်ရေးတို လက်နှိပ်စက်စာရေး သေဆုံးသွားသည်ကို အကြောင်းပြု၍ တရားခံ ဘောင်းမန်း၊ ဟာဂျင်ဆန်နှင့် ပေးတို့အရေးဆိုချက်အရ အမှုကို အစမှ ပြန်၍ စစ်ဆေးခဲ့ရသေးသည်။

"အပြီးသတ်၌ အမြီးခတ်" ခံရသူ အခြားတစ်ယောက်မှာ တရားခံ ပေးကိုယ်တိုင်ပင်ဖြစ်သည်။ ပေးသည် အောက်ရုံးမှပေးသည့် အပြစ်ဒဏ်ကို မကျေနပ်သဖြင့် အထက်ရုံးသို့အယူခံခဲ့ရာ အယူခံနိုင်၍ အာမခံဖြင့် ထောင်မှ လွတ်လာခဲ့သည်။ သို့သော် သူအဖို့ ထောင်မှလွတ်ခြင်းသည် ကောင်းသောလွတ်ခြင်း မဟုတ်၊ အကြောင်းမူ ထိုသို့လွတ်ပြီး ၆ကြာမီ ၁၉၆၀ ခု ဇူလိုင်လအတွင်း တက္ကဆပ်မြို့၌ သူ့ဇနီးဖြစ်သူက သူ့အား သေနတ်ဖြင့် အသေပစ်သတ်သောကြောင့်တည်း…

သို့နှင့်ပင် လုယက်မှုကြီးသည် နောက်ဆုံး၌ ရုပ်ထွေးပွေလီလှ၍ ရှည်လျားထွေပြားလှသည့် မှုခင်းကြီးတစ်ခုအဖြစ် အက်ဖ်ဘီအိုင် မှုခင်းမှိုင်တွဲတွင် မှတ်တမ်းတင်ခံရခြင်းဖြင့် ပြီးဆုံးခဲ့သည်။ သို့သော် အခြားတစ်ဘက်မှ ကြည့်လျှင် ဤအမှုသည် "ရာဇဝတ်မှုဟူသည် ကောင်းကျိုး





မပေး" ဟူသော ဆောင်ပုဒ်ကို အလေးအနက်ဖော်ထုတ်ပြသခဲ့သည့် အမှုကြီးအဖြစ် သင်ခန်းစာ ယူဖွယ်ရာပင် ဖြစ်သည်။

မှန်သည်၊ "ရာဇဝတ်မှုဟူသည် ကောင်းကျိုးမပေးဆိုရာ၌" ဓားပြအတွက်လည်း ကောင်းကျိုးမပေး၊ သူတစ်ပါးအတွက်လည်း ကောင်းကျိုးမပေး၊ တိုင်းပြည်နှင့် လူမျိုးအတွက်ပါ ကောင်းကျိုးမပေးပါတကား…။

×××××



www.burmeseclassic.com

www.burmeseclassic.com



## "စက်သေနတ်ကယ်လီ" နှင့် "ဂျီမင်း" ဟူသောအမည်

၁၉၃၀ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စုကြီးသည် သေနတ်ကိုင်လူသတ်သမား ဓားပြလူဆိုးနှင့် ပြန်ပေးမှုများကြီးစိုးသည့် နိုင်ငံကြီးဖြစ်ခဲ့၏။ ဤအမှုကြီးမှာ ထိုအချိန်ထိုအခါက ကမ္ဘာကျော်လူဆိုးကြီး ဒီလင်ဂျာနှင့် ခေတ်ပြိုင်ကျော်ကြားခဲ့သည့် "စက်သေနတ်ကယ်လီ"အမည်ရှိ လူဆိုးတစ်ယောက်ကျူးလွန်ခဲ့သည့် ပြန်ပေးဆွဲမှုကြီးပင်ဖြစ်၏။ ဤအမှုကြီးတွင် အက်ဖ်ဘီအိုင်စုံထောက်များ၏ စုံစမ်းထောက်လှမ်းရေးအတတ်ပညာမှာ စိတ်ပါဝင်စားဖွယ်ရာပင်ဖြစ်၏။ သို့သော် ဤအမှုကိုအက်ဖ်ဘီအိုင်အဖွဲ့ကြီး၏ သမိုင်းဝင်မှုခင်းတစ်ခုအဖြစ် မှတ်တမ်းတင်ခဲ့ကြရာ၌ အထက်ပါအကြောင်း အချက်အပြင်၊ အက်ဖ်ဘီအိုင်စုံထောက်များအား "ဂျီမင်း" ဟူ၍ အမည်တွင်ရစ်အောင် ဖြစ်ပွားခဲ့သော အကြောင်းအချက်လည်းပါဝင်၏။ အဆိုပါ "ဂျီမင်း" ဟူသော အမည်၏အဓိပ္ပါယ်နှင့် ထိုအမည်ကို အက်ဖ်ဘီအိုင်စုံထောက်များ အမှတ်မထင်ရရှိခဲ့ပုံများမှာ . . .





နာရီနှင့်အမျှ စက္ကန့်နှင့်အမျှ ဖြစ်ပွားနေသော ရာဇဝတ်မှုထူပြောလှသည့် ၂၀ ရာစုနှစ် အမေရိကန်ပြည်ထောင်စုကြီးတွင် ယနေ့ ယခုအချိန်အခါ၌ တော်ရုံတန်ရုံ ဆိုးသွမ်းရုံမျှနှင့် "နာမည်တစ်လုံး" ရရန် ခဲယဉ်းလှသည်။ အထူးသဖြင့် အဖက်ဖက်က တိုးတက်လာနေသည့် သိပ္ပံပညာ ရူပဗေဒ ဓာတ်ခွဲပညာများနှင့် မှုခင်းထောက်လှမ်းရေးဆိုင်ရာ အတတ်ပညာ စသည်များကြောင့် ဆိုးသွမ်းလှပါသည် ဆိုသော လူဆိုး သူဆိုးများမှာ "နာမည်တစ်လုံး"မရမီ "သက်ဆိုး"မရှည်ကြဘဲ တရားဥပဒေ ထောင်တွင်းအတွင်းသို့ သက်ဆင်းကျရောက်ခဲ့ကြသည်က များခဲ့သည်။

သို့သော် အမေရိကန်ပြည်ထောင်စု၏ ရာဇဝတ်မှုသမိုင်းတွင် [illegible] သွမ်းလှသည့် ၃၀ ခုနှစ်များ ဟူ၍ တင်စားခေါ်ဝေါ်ခြင်း ခံခဲ့ကြရသော [illegible] ခုနှစ်မှ ၁၉၃၉ ခုနှစ်များ အတွင်းကမူ လူသတ်သမားများ [illegible] ခေါင်းဆောင်များ ထောင်ထွက် ဝရမ်းပြေး လူဆိုးများနှင့် [illegible]

www.burmeseclassic.com



များသည် တရားဥပဒေကို တိတိလင်းလင်း အာခံခဲ့ကြသည်နှင့်အမျှ "နာမည်တစ်လုံး"ကို ထိုက်ထိုက်တန်တန်ရရှိခဲ့ကြသည်။ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် သူတို့၏ဘဝမှာလည်း သက်ဆိုးရှည်ခဲ့ကြသည်။

ထိုစဉ် ထိုအချိန်က တရားဥပဒေကို စောင့်ကြပ်၍ ရပ်ရွာအေးချမ်းသာယာရေးကို တာဝန်ယူစောင့်ရှောက်ခဲ့ကြရသည့် "မာရှယ်"၊ "ရှာရစ်"သည့် ရဲအရာရှိများနှင့် လုံခြုံရေးမှူးများမှာလည်း အထက်အဆိုပါလူဆိုးများနှင့် အခွင့်အရေးချင်း "တန်းတူရည်တူ"ဖြစ်နေကြရသည်။

"မာရှယ်များနှင့် ရှာရစ်များ"တွင် သေနတ်တစ်လက်နှင့် မြင်းတစ်ကောင်စီသာရှိခဲ့ကြသလို၊ ထိုခေတ်က လူဆိုးများတွင်လည်း သေနတ်ကိုယ်စီ မြင်းကိုယ်စီဖြင့် ရှိနေခဲ့ကြသည်။ ဤနေရာတွင် မြင်းစီးရာ၌ ကျွမ်းကျင်၍ သေနတ်ပစ်ရာ၌ လက်ဖြောင့်သူ လက်မြန်သူက "အသာ"ရစမြဲဖြစ်ခဲ့သည်။ သေနတ်ကိုယ်စီ မြင်းကိုယ်စီဖြင့် တန်းတူရည်တူ "သူမသာ ကိုယ်မသာ"ရှိနေကြရာမှ ရဲအရာရှိကသော်လည်းကောင်း၊ လူဆိုးကသော် လည်းကောင်း၊ ပို၍ မြင်းစီးကျွမ်းကျင်ပြီး ပို၍ လက်ဖြောင့်ပါက တစ်ယောက်ယောက်မှာ "မသာ"ဖြစ်ဖို့ သေချာနေပေသည်။ တစ်ခါတစ်ရံတွင်မူ ရဲရောလူဆိုးပါ နှစ်ဦးစလုံး မြင်းစီးကျွမ်းကျင်၍ နှစ်ယောက်စလုံး လက်ဖြောင့်သူ၊ လက်မြန်သူများဖြစ်နေကြပါက ထိုနေရာတွင်ပင် နှစ်ယောက်စလုံး အသက်ဆုံးရှုံး၍ တကယ့်"သူမသာ ကိုယ်မသာ" အစစ် ဖြစ်သွားခဲ့ကြရသည်များလည်း ကြုံရတတ်သည်။

သို့သော် အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း သိပ္ပံပညာများ၊ ဓါတုဗေဒနှင့် ရူပဗေဒပညာများ၊ မှုခင်း ထောက်လှမ်းစုံစမ်းရေးဆိုင်ရာ အတတ်ပညာများ အဘက်ဘက်က တိုးတက်လာသည့်နောက်ပိုင်း အချိန်များတွင်မူ၊ လူဆိုးသူဆိုးများမှာ "သိပ်မစားသာ"တော့ဘဲ ဖြစ်လာကြသည်။ အထူးသဖြင့် အထက်ပါ ခေတ်မီပညာရပ်များကို စနစ်တကျ လေ့လာ





ဆည်းပူးကြသည့် ပညာဘက်လူရွယ်လူလတ်များကိုယ်တိုင် "ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေ အုပ်စိုးရေး" ဟူသော ကြွေးကြော်သံကို နာခံ၍ ပြည်ထောင်စု စုံစမ်းထောက်လှမ်းရေးအဖွဲ့ကြီး (ဝါ) အက်ဖ်ဘီအိုင်အဖွဲ့ကြီးသို့ ဝင်ရောက်အမှုထမ်းခဲ့ကြပြီးနောက် "သေနတ်ကိုယ်စီ မြင်းကိုယ်စီ" ဖြင့် ရဲနှင့် လူဆိုး "စီးချင်းထိုး" ခဲ့ရသည့်ခေတ်မှာ လုံးဝကုန်ဆုံးသွားခဲ့သည်။ "နာမည်တစ်လုံး"ဖြင့် လူတစ်လုံး သူတစ်လုံး နေလာခဲ့ကြသော လူဆိုးများလည်း သက်ဆိုးမရှည်ကြတော့ဘဲ နာမည်တုံး၍ ဘဝဆုံးကာ လူလုံးမလှဖြစ်ခဲ့ကြရသည်။

ကျိုးကြောင်း ဆက်စပ်ဆင်ခြင်မှုနှင့် တွေးခေါ်မျှော်မြင်မှုဆိုင်ရာ ယုတ္တိဗေဒနှင့် ဒဿနိကပညာများကို နက်နက်နဲနဲ သင်ကြားတတ်မြောက်လာကြသည့် ပညာတတ်ပုဂ္ဂိုလ်များ ကိုယ်တိုင် အက်ဖ်ဘီအိုင် စုံထောက်များ ဖြစ်လာခဲ့ကြပြီဖြစ်ရာ ဟိုယခင်က "ဆိုးသွမ်းလှသည့် ရာဇဝတ်ကောင်များ" နှင့်လုံးဝမတူတော့ဘဲ လူဆိုးသူဆိုး လူသတ်သမား ဓားပြများကိုပါ ဖမ်းဆီးရာ၌ လက်ထဲမှ "သေနတ်" ထက် ဦးခေါင်းထဲမှ "ဦးနှောက်" ကို ပို၍ အသုံးပြုလာခဲ့ကြသည်။

ထိုမှတစ်ပါး ဝါရှင်တန်မြို့တော်မှ အက်ဖ်ဘီအိုင် ဌာနချုပ်တွင်လည်း လူသန်းပေါင်း ၂၀၀ ခန့်၏ လက်ဗွေပုံစံများ၊ လူတစ်ယောက်၏ ဦးခေါင်းမှ ဆံပင်တစ်ပင်ကို ကြည့်ခြင်းအားဖြင့် မိန်းမယောက်ျားခွဲခြား၍ အသက်အပိုင်းအခြားကိုပါ "ဒက်ထိ" ပြောနိုင်သည့် မှန်ဘီလူးကြီးများနှင့် စမ်းသပ်ရေးကိရိယာများ၊ သွေးစက်တစ်စက်နှင့် ဖုံမှုန့်တစ်မှုန့်ကို လေ့လာစူးစမ်းခြင်းအားဖြင့် လျှို့ဝှက်ဆန်းကြယ်လှသည့် လူသတ်မှုကြီး၏ အဖြေဆက်များကို အစအဆုံး ဖော်ထုတ်တင်ပြနိုင်သည့် ဓာတုဗေဒ ဓာတ်ခွဲခန်းများ စသည့်စသည့်အားဖြင့် နောက်ဆုံးပေါ် သိပ္ပံပညာဆိုင်ရာ ကြိယာ ဆန်းဆာပလာများကို အဘက်ဘက်က အသုံးပြုလျက်ရှိခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ယခုအခါ လူသတ်သမားများနှင့် လူ့အဖွဲ့အစည်း၏ ရန်သူလူဆိုးများကို ဖော်ထုတ်ဖမ်းဆီးရာ၌ လက်ထိပ်နှင့် သေနတ်ကို ကိုင်ထားသော စုံထောက်များထက် ဖန်ပြောင်းနှင့် မှန်ဘီလူးကို ကိုင်နေကြသည့် ဓါတ်ခွဲခန်းပါရဂူများက တစ်နေ့တခြား ပို၍အရေးပါအရာရောက်လာခဲ့ကြသည်။ နောက်နောင်အခါများ၌မူ နိုင်ငံတကာသို့ လှည့်လည် ပြေးရှောင်လုပ်ရှားသွားလာ၍ ရာဇဝတ်မှုများ ကျူးလွန်နေသည့် "ကမ္ဘာ့ဒုစရိုက်ကောင်ကြီးများ" ကို ဖမ်းဆီးရာ၌ ကမ္ဘာကိုလှည့်ပတ်နေကြသည့် ဂြိုဟ်တုများနှင့် အာကာသယာဥ်များသည် မချွတ်ကင်းအထောက်အကူ ဖြစ်လာဖွယ်ရာပင်ရှိနေသည်။

သို့သော် ထိုအခြေအနေသို့ရောက်ရန် ယခုကပင် အပတ်တကုတ်အားထုတ်ကြရမည် ဖြစ်သည်။ အပြန်အလှန်အားဖြင့် ဤအခြေအနေသို့ ရောက်ရန်အတွက်သည်း ယခင်အခါများက အစွမ်းကုန်ကြိုးစားခဲ့ကြရသည် မဟုတ်ပါလော။

မှန်သည်၊ အက်ဖ်ဘီအိုင် အဖွဲ့ကြီးသည် ဤအခြေအနေသို့ ရောက်ရန် အစွမ်းကုန် ကြိုးစားခဲ့ရသည်။ အပတ်တကုတ် အားထုတ်ခဲ့ရသည်။ ထိုစဉ်က အက်ဖ်ဘီအိုင် အဖွဲ့ကြီး၏ ကြိုးစားအားထုတ်မှုများကြောင့် "နာမည်တစ်လုံး" ရရှိထားကြသည့် လူဆိုးသူခိုးများမှာ မိုက်လက်စ တုံးခဲ့ကြ၍ သူတို့နေရာတွင် အက်ဖ်ဘီအိုင်အဖွဲ့ကြီးက "နာမည်တစ်လုံး" ရလာခဲ့သည်။

ဤသည်မှာ အမှန်ပင်ဖြစ်သည်။ တစ်ခါက အက်ဖ်ဘီအိုင် အဖွဲ့ဝင်များအား လူသတ်ကောင် ပြန်ပေး လူဆိုးတစ်ယောက်က "နာမည်တစ်လုံး" ရအောင်လုပ်ခဲ့သည်။ "နာမည်တစ်လုံး" ပေးခဲ့သည်။ သူပေးသည့် နာမည်မှာ "ဂျီမင်း" ဟူ၍ဖြစ်သည်။ ယခုအခါ အက်ဖ်ဘီအိုင် စုံထောက်များအား အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းလုံးက "ဂျီမင်း" ဟူ၍ ခေါ်ဝေါ်





နေကြရာ ထိုအမည်မှာ ထိုလူသတ်ကောင် ပြန်ပေးလူဆိုးတစ်ယောက်က ပေးခဲ့သည့် အမည်ပင်ဖြစ်ပါသည်။

"ဂျီမင်း" ဟူသော အမည်သည် မည်သို့အဓိပ္ပါယ်ရပါသနည်း?

ဤနာမည်ကို ပေးခဲ့သူ လူဆိုးသည် မည်သူမည်ဝါဖြစ်သနည်း။ မည်သည့်အခါက မည်သို့သောအကြောင်းကြောင့် ဤနာမည်ကို ပေးခဲ့ပါသနည်း?

အဖြေကား အောက်ပါအတိုင်းတည်း…။

×××××

အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကြီးတွင် ဗွန်အင်ဂါ ဟူးဗားဆိုသည့် ပုဂ္ဂိုလ်ကြီး ညွှန်ကြားရေးဝန်ချုပ်အဖြစ် တာဝန်ယူကာ ပြန်လည် ဖွဲ့စည်းရေးများ ပြုလုပ်ခဲ့ပြီးသည့်နောက် ၉နှစ်မျှကြာခဲ့၍ ၁၉၃၃ ခု ဇူလိုင်လ ၂၂ ရက်နေ့ ညဉ့်ဦးယံအချိန်ပင် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုကြီး၏ တောင်ပိုင်း အလယ်ဗဟိုဒေသမှ ဥက္ကလာဟိုမာမြို့တွင် မစ္စတာအားရဲလ်အမည်ရှိသည့် မြို့မျက်နှာစုံး ပုဂ္ဂိုလ်ကြီးသည် သူ၏နေအိမ်မှာပင် ညစာစားအပြီး မိတ်ဆွေအချို့နှင့် အပြင်းပြေဖဲကစားလျက်ရှိသည်။ အားရဲလ်သည် ဥက္ကလာဟိုမာမြို့နှင့်တကွ ပြည်နယ်တစ်ခုလုံးတွင်ပါ ထင်ရှားကျော်ကြားသည့် ရေနံတွင်းပိုင်ရှင် သူဌေးတစ်ဦးဖြစ်၍ သူပိုင်ပစ္စည်းဥစ္စာများ၏ တန်ဖိုးမှာ ထိုခေတ် ထိုအခါကပင် ဒေါ်လာ သန်း ၇ လုံးအထိ ရှိသူတစ်ဦးဖြစ်သည်။

အားရဲလ်တို့ ဇနီးမောင်နှံသည် မိတ်ဆွေရင်းချာများ ဖြစ်ကြသော ဝေါ်လ်ဘာဂျာရက်တို့ ဇနီးမောင်နှံနှင့် ၄ ယောက်သား အပြင်းပြေ ဖဲကစားနေခိုက် လိုက်ကာ ကာထားသည့် တံခါးသည် ဖြုန်းခနဲပွင့်လာပြီး "မှောင်လင့်သော ညှို့သည်" နှစ်ယောက် ဝင်လာကြသည်။ သူတို့နှစ်ယောက်အနက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က စက်သေနတ်တစ်လက်ကို ကိုင်ထား၍ တခြားတစ်ယောက်ထမှ ဗန္ဒတိုသေနတ်တစ်လက်ကို အသင့်ကိုင်ထားလျက်ရှိသည်။

"ခင်ဗျားတို့အထဲက အားရှဲလ်ဆိုတာ ဘယ်သူလဲ"

စက်သေနတ်ကိုင် လူဆိုးက ကျားဟိန်းသည့်အသံမျိုးဖြင့် မေးလိုက်ရာ အားရှဲလ်နှင့်ဂျာရက်တို့ နှစ်စုံတွဲမှာ အသံရောအူပါ တုန်သွားမိကြသည်။ သို့သော် ၄ ယောက်စလုံး ဘယ်သူမှပြန်မဖြေဘဲ ငြိမ်းချက်သားကောင်းနေမိကြသည်။

"ကဲ . . . ဒီလိုဆိုရင်လည်း ကောင်းပြီ . . . ခင်ဗျားတို့နှစ်ယောက်စလုံး လိုက်ခဲ့ကြ . . ."

စိတ်မြန် ကိုယ်မြန်ရှိကြဟန်တူသော လူဆိုးများသည် ယောကျ်ားသားများဖြစ်ကြသော အားရှဲလ်နှင့်ဂျာရက်တို့ နှစ်ယောက်သား သေနတ်တကားကားဖြင့် ချိန်ကာ အပြင်သို့ ခေါ်ထုတ်သွားကြသည်။ မိန်းမသားနှစ်ယောက်မှာ တုပ်တုပ်မျှမလှုပ်ရဲဘဲ ကြက်သေသေ၍ ကျန်ရစ်ခဲ့ကြသည်။

လူဆိုးနှစ်ယောက်သည် အားရှဲလ်နှင့် ဂျာရက်တို့အား အိမ်နောက်ဘေး လမ်းမပေါ်တွင် အသင့်ဆိုက်ထားသည့် ချက်ပလက်ကားကြီး၏ နောက်ခန်းထဲသို့ မောင်းသွင်းကာ ကားတံခါးကို ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်သည်။

မကြာမီ ဥက္ကလာဟိုမာလမ်းမကြီးအတိုင်း ချက်ပလက်ကားနက်ကြီးတစ်စင်းသည် စက်ကုန်ဖွင့်၍ မောင်းနှင်ကာ အမှောင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန် ထိုအခါသမယမှာ အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းလုံးတွင် လူသတ်သမားနှင့် ပြန်ပေးဓားပြများ မီးကုန် ယမ်းကုန် သောင်းကျန်း ကြီးစိုးနေသည့် အခါကာလပင်ဖြစ်သည်။ အထူးသဖြင့် ပိုက်ဆံချမ်းသာသူများနှင့် သူတို့၏သားသမီးများအား အလစ်တွင် ပြန်ပေးဆွဲ၍ ငွေ



တောင်းသည့်အမှုများမှာ နေ့စဉ်နေ့တိုင်း အမြို့မြို့အရွာရွာတွင် စီခနဲ ညီခနဲ ဖြစ်ပွားလျက်ရှိသည်။ ယင်းသို့ပြန်ပေးမှုများ ထကြွသောင်းကျန်းလွန်းအားကြီးလှသဖြင့် အက်ဖ်ဘီအိုင် အဖွဲ့ကြီး၏ ညွှန်ကြားရေးဝန်ချုပ် အက္ဂါဟူးဗားကိုယ်တိုင်က "ပြန်ပေးဆွဲမှုများ ဖြစ်ပွားလျှင် ဖြစ်ပွားခြင်း မိမိထံသို့ တယ်လီဖုန်းဖြင့် တိုက်ရိုက်အကြောင်းကြား တိုင်ကြားပါရန်" တစ်နိုင်ငံလုံးရှိ ပြည်သူများအား ညွှန်ကြားချက်ထုတ်ပြန်ခဲ့ရသည်အထိ ဆိုးဝါးလျက် ရှိနေခဲ့သည်။

အဆိုပါညွှန်ကြားချက်အရ ထိုညက ပြန်ပေးဆွဲမှုကြီး ဖြစ်ပွားခဲ့ပြီး ပြန်ပေးဆွဲခံရသည့် ရေနံတွင်းသူဌေး အားရှဲလ်၏ဇနီး မစ္စက်အားရှဲလ်သည် အမှုဖြစ်ပွားရာ ဥက္ကလာဟိုမာမြို့မှ မိုင်ပေါင်း ၂၀၀၀ ခန့်ဝေးကွာသည့် ဝါရှင်တန်မြို့ အက်ဖ်ဘီအိုင်ဌာနချုပ်သို့ တိုက်ရိုက်တယ်လီဖုန်းဆက်၍ အကြောင်းကြား တိုင်တန်းလိုက်သည်။ အက်ဖ်ဘီအိုင်ဌာနချုပ် ရုံးခန်းမှတစ်ဆင့် ညွှန်ကြားရေးဝန်ချုပ် အက္ဂါဟူးဗား၏နေအိမ်သို့ တယ်လီဖုန်း "လိုင်း" ပြောင်းပေးလိုက်သောအခါ ဟူးဗားသည် အချိန်မတော် ညဉ့်သန်းကောင်ကျော် အိပ်ကောင်းနေဆဲ အိပ်ရာမှထ၍ စကားပြောခွက်ကို ကောက်ကိုင်ရသည်။

ဟူးဗားသည် "မိမိ၏ညွှန်ကြားချက်အတိုင်း ဂရုတစိုက်လိုက်နာ၍ ပြန်ပေးဆွဲမှုကို ယခုကဲ့သို့ အမြန်ဆုံး တိုက်ရိုက်တိုင်ကြားသည့်အတွက် မစ္စက်အားရှဲလ်အား ကျေးဇူးတင်ပါကြောင်း၊ အက်ဖ်ဘီအိုင် စုံထောက်များအား ဤအမှုကို ယခုချက်ချင်း အရေးယူဆောင်ရွက်ရန် အမိန့်ပေးလိုက်မည်ဖြစ်ကြောင်းနှင့် ဤအတောအတွင်း အတတ်နိုင်ဆုံး စိတ်အေးအေးထား၍ နေပါရန်" အကြောင်းပြန်ကြားခဲ့ပြီးနောက် စကားပြောခွက်ကို ပြန်ချလိုက်သည်။

ထို့နောက် ဟူးဗားသည် ချက်ချင်းပင် စကားပြောခွက်ကို ပြန်

www.burmeseclassic.com



တောက်တိုင်၍ ဥက္ကလာပကိုမာမြို့တွင် တာဝန်ကျနေသည့် အက်ဖ်ဘီအိုင် စုံထောက်အရာရှိချုပ်ထံ ဖုန်းပြန်ဆက်လိုက်သည်။ ဥက္ကလာပကိုမာမြို့ အက်ဖ်ဘီအိုင် ဌာနခွဲရုံးခန်းမှ စုံထောက်အရာရှိချုပ်သည် ညဉ့်သန်းခေါင်ကျော် အချိန်တွင် ဟူးဗားအံ့၏အသံကို တယ်လီဖုန်းမှ ပီပီသသကြီး ကြားနေရသည်။

"အမှုဖြစ်တဲ့နေရာကို ချက်ချင်းလိုက်သွားပါ။ အဲဒီမြို့က ရဲအဖွဲ့နဲ့ပေါင်းပြီး ဆောင်ရွက်ဖို့လည်း မမေ့နဲ့၊ နောက်ပြီးတော့ ပြန်ပေးဆွဲခံရတဲ့ လူတွေရဲ့ အသက်အန္တရာယ်ကို လုံးဝမထိခိုက်အောင် သတိထားပါ။ သေသေသပ်သပ်နဲ့ တတ်နိုင်သမျှ လျှို့ဝှက်ပြီး စုံစမ်းပါ၊ ပြန်ပေးဆွဲသွားတဲ့လူတွေက လန့်ဖြန့်ပြီး တစ်ယောက်ယောက်ကို ရန်ရှာတဲ့အဖြစ်မျိုး မရောက်အောင် ကြပ်ကြပ် သတိထားပြီးလုပ်ပါ"

ထို့နောက်တစ်ဖန် ဟူးဗားသည် ဌာနချုပ်သို့ သူ့လက်အောက်ရှိ လက်ထောက်ညွှန်ကြားရေးဝန် ဟာရီးလ်နသန်အား အမှုဖြစ်ပွားရာ ဥက္ကလာပကိုမာမြို့သို့ မီးရထားလေကြောင်းခရီးဖြင့် အမြန်ဆုံးလိုက်သွားရန် ညတွင်းချင်းပင် အမိန့်ပေးလိုက်သည်။ ဟာရီးလ်နသန်မှာ ၁၉၂၅ ခုနှစ်မှစ၍ ဟူးဗားလက်အောက်တွင် ပထမဆုံး လက်ထောက်ညွှန်ကြားရေးဝန်အဖြစ် ဆောင်ရွက်လာခဲ့သူဖြစ်သည်။

ပြန်ပေးဆွဲမှုကြီး ဖြစ်ပွားပြီးနောက် ၂ နာရီခန့်အကြာ သန်းခေါင်ကျော်အချိန် ဇူလိုင်လ ၂၃ ရက်နေ့နံနက် ၁ နာရီတွင် အားရှဲလ်နှင့်အတူ လူဆိုးများလက်သို့ ပါသွားသည့် ဝေါ်ဘာဂျာရက်သည် တုန်တုန်ရင်ရင်ဖြင့် အားရှဲလ်၏နေအိမ်သို့ ပြန်ရောက်လာခဲ့သည်။ ဂျာရက်က ပြန်ပေးများသည် မြို့မြောက်ဘက် ဆင်ခြေဖုံးရပ်ကွက်မှ ၁၂ မိုင်ခန့်အကွာသို့ ကားကိုမောင်းပြေးကြ၍ ထိုနေရာအရောက် မိမိအိတ်ထဲတွင် ပါလာသည့် ဒေါ်လာ ၅၀ ကို နှိုက်ယူထားလိုက်ပြီး မိမိအား ပြန်လွှတ်လိုက်ကြောင်းဖြင့် ပြောပြသည်။

ထို့နောက် နံနက် ၂ နာရီခန့်တွင် အက်ဖ်ဘီအိုင် စုံထောက်များ





သည် ပြန်ပေးဆွဲခံရသည့် အားရှဲလ်၏နေအိမ်သို့ ရောက်ရှိလာကြပြီး လိုအပ်သော ပဏာမစုံစမ်းမှုများကို ပြုလုပ်ခဲ့ကြသည်။ စုံထောက်များက ဝါရှင်တန်မှ ဟူးဗား၏ညွှန်ကြားချက်အရ ပြန်ပေးဆွဲမှုတွင် မိမိတို့စုံထောက်များ၏ အဓိကရည်မှန်းချက်မှာ ပြန်ပေးဆွဲခံရသည့် မစ္စတာအားရှဲလ်၏ အသက်အန္တရာယ် မထိခိုက်စေရေးပင် ဖြစ်ကြောင်း။ သို့ဖြစ်၍ မစ္စတာအားရှဲလ် ပြန်လည်လွတ်မြောက်ရေးအတွက် လူဆိုးများအား ငွေပေး၍ရွေးမည်ဆိုပါက မိမိအနေဖြင့် တစ်စုံတစ်ရာ ဟန့်တားပိတ်ပင်ရန် မရှိကြောင်းစသည်များကို မစ္စတာအားရှဲလ်၏ ဇနီးအား ရှင်းလင်းပြောပြကြသည်။

"ကျွန်မအနေနဲ့တော့ သူတို့တောင်းရင် ပေးဖို့ အဆင်သင့်ပါပဲရှင်၊ ကျွန်မ ယောက်ျား အိမ်ပြန်ရောက်ဖို့ပဲ အရေးကြီးပါတယ်" ဟူ၍ မစ္စက်အားရှဲလ်က စုံထောက်များအား မျက်ရည်စက်လက်ဖြင့် ပြောရှာသည်။

ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့ပြီး နောက်တစ်နေ့မှစ၍ လေးရက်တိုင်တိုင် တစ်စုံတစ်ရာ ထူးခြားမှုမရှိဘဲ ငြိမ်ချက်သားကောင်းနေခဲ့သည်။ ထို့နောက် လေးရက်မြောက်သည့် ဇူလိုင်လ ၂၆ ရက်နေ့တွင် အားရှဲလ်၏ မိတ်ဆွေဟောင်းကြီး တစ်ယောက်ဖြစ်သော တူလ်ဆာမြို့မှ ကက်တလက်ဆိုသူထံသို့ စာတိုက်မှ စာ ၄ စောင်ပါသည့် စာအိတ်တစ်အိတ် ရောက်လာခဲ့သည်။ ပထမစာမှာ အားရှဲလ်က သူ့မိတ်ဆွေ ကက်တလက်အား ဤအမှုတွင် "အပေးအယူ" လုပ်ရာ၌ "ကြားလူ"အဖြစ် ဝင်ရောက်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံသည့်စာဖြစ်သည်။ ဒုတိယစာမှာမူ အားရှဲလ်က သူ့ဇနီးထံရေးသည့်စာဖြစ်သည်၊ တတိယစာမှာမူ ကက်တလက်အား တူလ်ဆာမြို့မှ ဥက္ကလာပကိုမာမြို့သို့ အမြန်ဆုံးသွားရောက်၍ အားရှဲလ်၏ဇနီးနှင့်တွေ့ဆုံရန် ညွှန်ကြားသည့်စာ ဖြစ်သည်။ နောက်ဆုံးစတုတ္ထစာမှာမူ ဥက္ကလာပကိုမာမြို့မှ အားရှဲလ်၏ အခြားမိတ်ဆွေရင်း တစ်ယောက်ဖြစ်သော ကပ်ပက်ကတ်ဆိုသူထံ ရေးသားထားသည့်စာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ နောက်ဆုံးဖြစ်သော စာတွဲစာတွင် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ကြရသည်။

"ဒီစာနဲ့အတူ ထည့်ပေးလိုက်တဲ့ အားရှဲလ်ရဲ့လက်ရေးနဲ့ အားရှဲလ်ရဲ့ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို ကြည့်လိုက်ရုံနဲ့ ကျုပ်တို့ဟာ အားရှဲလ်ကို ပြန်ပေးဆွဲသွားတဲ့ လူတွေဆိုတာ ခင်ဗျားသိပါလိမ့်မယ်"

"ဒီစာကို ရရခြင်း သက်ဆိုင်တဲ့လူတွေဆီက ခင်ဗျားကိုယ်တိုင် ဒေါ်လာ နှစ်သိန်း (၂၀၀,၀၀၀) တိတိ သွားတောင်းပါ။ ဒီလိုတောင်းတဲ့ အခါမှာ သုံးပြီးသား ငွေစက္ကူတစ်ပတ်နွမ်းတွေကိုသာ ယူခဲ့ပါ။ နောက်ပြီးတော့ ဒီငွေစက္ကူတွေအားလုံးဟာ နှစ်ဆယ်တန် (၂၀တန်)စက္ကူတွေသာ ဖြစ်ပါစေ။

"အဲဒီငွေစက္ကူတွေကို နံပါတ်စဉ်မှတ်ဖို့နဲ့ တစ်ခုခုအမှတ်အသား လုပ်ဖို့ လုံးဝစိတ်မကူးပါနဲ့။ ငွေပေးတဲ့အချိန်မှာ အနှောင့်အယှက်မတွေ့ရဘဲ ဒီငွေကို သေသေချာချာ စစ်ဆေးပြီးတဲ့အချိန်အထိ အားရှဲလ်ဟာ ကျုပ်တို့ လက်ထဲမှာ ရှိနေဦးမယ်ဆိုတာ သတိပြုပါ။ ဒီအတောအတွင်းမှာ တစ်ပတ်ရိုက်ပြီး လှည့်စားဖို့ ကြံမယ်ဆိုရင်တော့ အားရှဲလ်ပဲ ဒုက္ခရောက်မယ်ဆိုတာ ကြပ်ကြပ်ကြီး သတိထားပါ။

"ဒီစာကို သေသေချာချာ ဂရုစိုက်ဖတ်ပါ။ ပြီးရင်···နောက်တစ်ကြိမ်ဖတ်ပါ။ ဖတ်ပြီးလို့ အပေးအယူလုပ်ချင်တယ်ဆိုရင် ဥက္ကလာဟိုမန်း သတင်းစာထဲက "ခြံမြေနှင့် လယ်ယာမြေ ရောင်းရန်ရှိသည်" ဆိုတဲ့ ကြော်ငြာစာမျက်နှာမှာ ကြော်ငြာတစ်ခုကို မထင်မရှား ထည့်ပေးပါ။ အဲဒီကြော်ငြာပါလာရင် ခင်ဗျားတို့အနေနဲ့ "အလုပ်"ဖြစ်ဖို့ အဆင်သင့်ရှိနေပြီဆိုတာ ကျုပ်တို့သိပါလိမ့်မယ်။ အဲဒီလိုဆိုရင် နောက်ထပ်လုပ်ဖို့ လိုတာတွေကို သတင်းစာ ကြော်ငြာထဲမှာပါတဲ့ စာတိုက်သေတ္တာကတစ်ဆင့် အကြောင်းကြားလိုက်မယ်။ အရင်က ကျုပ်တို့ဂျာရက်နဲ့ မှာလိုက်တာတွေကို ဂရု





မစိုက်တဲ့အပြင် ပုလိပ်ကို အကြောင်းကြားတယ်ဆိုတာ သိရတယ်။ ဒါကြောင့် ကျုပ်တို့နောက်ထပ်ပြီး သည်းမခံနိုင်တော့ဘူး။ တရှည်ရှည်ရေးဖို့ အချိန်လည်းမရှိဘူး···၊ ဒါဟာ ကျုပ်တို့ ခင်ဗျားနဲ့ နောက်ဆုံးဆက်သွယ်တာဖြစ်တဲ့အတွက် ဒီအစီအစဉ်ကို ဘယ်သူ့မှမပြောဘဲ အတတ်နိုင်ဆုံး လျှို့ဝှက်ထားပါ။

"အောက်မှာ ရေးပြထားတဲ့အတိုင်း ဥက္ကလာဟိုမန်း သတင်းစာထဲမှ တနင်္ဂနွေတစ်ပတ်တိတိ ကြော်ငြာထည့်ပါ။

ရောင်းရန်ရှိသည်။ ဧက ၁၆၀ မြေကွက်တစ်ခု၊ ငါးခန်းပါ အိမ်အကောင်းတစ်လုံးနှင့် ရေတွင်းတစ်ခုပါရှိသည်။ ကျွဲနွားများ၊ လယ်လုပ်ကိရိယာတန်ဆာပလာများ၊ လယ်ထွန်စက်တစ်ခု၊ ပြောင်းနှင့် ကောက်ရိုးများအပါအဝင် အားလုံး ဒေါ်လာ ၃၇၅၀ ဖြင့် အမြန်ရောင်းမည်။ အလိုရှိသူများ စာတိုက်သေတ္တာအမှတ် ၈၀၇ သို့ ဆက်သွယ်ပါ။

"ဒီကြော်ငြာပါပြီး သင့်တော်တဲ့အချိန်မှာ ခင်ဗျားဆီကို ကျုပ်တို့ အမြန်ဆုံးအကြောင်းကြားမယ်···"

ပြန်ပေးများထံမှ အထက်ပါစာအရ ကက်တလက်သည် မစ္စတာအားရှဲနှင့် ကက်ပက်ထရစ်တို့အား တိုင်ပင်၍ ထိုနေ့မှာပင် ဥက္ကလာဟိုမန်း သတင်းစာထဲ၌ "ရောင်းရန်ရှိသည်"ဟူသော ကြော်ငြာကို ထည့်လိုက်သည်။

နောက်နှစ်ရက်အကြာတွင် ဥက္ကလာဟိုမန်သတင်းစာမှ တစ်ဆင့် စာတိုက်သေတ္တာအမှတ် ၈၀၇ သို့ စာတစ်စောင်ရောက်လာသည်။ ထိုစာ[illegible] ဥက္ကလာဟိုမာပြည်နယ်နှင့် ကပ်နေသည့် မစ်ဆူရီပြည်နယ်သို့ [illegible] [illegible]စာတိုက် တံဆိပ်ဖြင့် လေကြောင်းမှရောက်ရှိလာခြင်းဖြစ်သည်။ ထိုစာထဲတွင် လူဆိုးများက အားရှဲလ်အား ပြန်ရွေးရန်အတွက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မည်ပုံ ပေးရမည်ကို အားရှဲလ်၏ မိတ်ဆွေ ကပ်ပက်ထရစ်အား အသေးစိတ်ညွှန်ကြားထားသည်။ စာထဲတွင်ပါဝင်သည့် ညွှန်ကြားချက်အရ အဆိုပါကပ်ပက်ထရစ်သည် ဒေါ်လာ ၂သိန်းကို "သင့်တော်သော သားရေအိတ် အရောင်ဖျော့ဖျော့တစ်ခုဖြင့်" ထည့်လာရမည်ဖြစ်သည်။ ထို့နောက် သူသည် နောက်တစ်နေ့ညမှာပင် ကင်းဆပ်စ်မြို့သို့ ည ၁၀ နာရီ ၁၀ မိနစ် ရထားဖြင့် လိုက်ရမည်။ ရထားပေါ်တွင် ရထားတွဲ၏ အပြင်ဘက် လက်ျာဘက်စကြံ့မှနေ၍ ရထားလမ်းဘေးတစ်လျှောက်တွင် "မီးပုံ"များကို သတိထားပြီး ကြည့်လာရမည်။ ပထမ"မီးပုံ"တစ်ခုကို တွေ့လျှင် အဆင်သင့်ပြင်ထားပြီး ဒုတိယ"မီးပုံ" ကို မြင်ရသည်နှင့် တစ်ပြိုင်နက် ရထားပေါ်မှ ငွေအိတ်ကို ပစ်ချခဲ့ရမည်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ခုသော အကြောင်းကြောင်းကြောင့် ဤအစီအစဉ်မဖြစ်မြောက်ပါက ကပ်ပက်ထရစ်သည် ကင်းဆပ်စ်မြို့သို့ ခရီးဆက်သွားပြီး ထိုမြို့မှ မြူးလ်ဘက်ဟော်တယ်တွင် ကင်းကိတ်ဟူသော အမည်ဖြင့် တည်းခိုရင်း ပြန်ပေးများထံမှ နောက်ထပ် အဆက်အသွယ်ကို စောင့်ရမည်ဖြစ်သည်။

အထက်ပါ အသေးစိပ်ညွှန်ကြားချက်များအပြင် ထိုစာထဲ၌ အောက်ပါအတိုင်း သတိပေးရေးသားထားသည်ကို တွေ့ရသေးသည်။

"အားရှဲလ်ရဲ့ မိသားစုနဲ့ အင်မတန်ရင်းနှီးပြီး အင်မတန် ခင်မင်တဲ့လူတစ်ယောက်ကို ကျုပ်တို့လူအဖြစ်နဲ့ လွှတ်ထားပြီး စောင့်ကြည့်ခိုင်းထားတယ်။ ဒါကြောင့် ရဲတွေနဲ့ တစ်ပတ်ရိုက်ပြီး လှည့်စားဖို့ကြံရင်တော့ ခင်ဗျားတို့ အားရှဲလ်ရဲ့အလောင်းကိုပဲ တွေ့ပြီး တစ်ခါကနှစ်ခါ ဝမ်းနည်းစရာဖြစ်ရလိမ့်မယ်၊ အဲဒါကို ကြပ်ကြပ်သတိပြုပါ"

အက်ဖ်ဘီအိုင် စုံထောက်များသည် ပြန်ပေးဆွဲခံနေရသည့် အားရှဲလ်၏ အသက်အန္တရာယ်မဖြစ်ရေးကို အဓိက ဦးတည်ချက်ထားနေသဖြင့် ဤအမှုတွင် ယခုအချိန်အထိ တစ်စုံတစ်ရာ ထိထိရောက်ရောက် မဆောင်





ရွက်သေးဘဲ အခြေအနေနှင့် အဖြစ်အပျက်များကိုသာ စောင့်၍လေ့လာနေခဲ့ကြရသည်။ ယုတ်စွာအဆုံး လူဆိုးများထံမှ ရောက်လာသည့် စာများကိုပင် တစ်စုံတစ်ရာ အသေးစိတ် စူးစမ်းထောက်လှမ်းခြင်း မပြုသေးဘဲ စာထဲတွင် ပါရှိသည့် အချက်များကိုသာ ဖတ်ရှုမှတ်သား၍ မျက်ခြေမပြတ် စောင့်ကြပ်နေခဲ့ကြသည်။

သို့သော် လူဆိုးများထံပေးမည့် ဒေါ်လာ ၂ သိန်းတိတိရှိသည့် ၂၀ တန် ငွေစက္ကူများကိုမူ နံပါတ်များ မှတ်သားထားခဲ့ကြသည်။

ထို့ပြင် လူဆိုးများ၏ ညွှန်ကြားချက်အတိုင်း ငွေ ၂သိန်းကို သယ်ဆောင်၍ မီးရထားစီးသွားခိုက်၊ လမ်းခုလပ်တွင် "သူခိုးလက်က သူခုက်လု" ဆိုသကဲ့သို့ မမျှော်လင့်ဘဲ တစ်စုံတစ်ယောက်က ကြားဖြတ်ဝင်လုသွားမည်စိုးသဖြင့် စုံထောက်များက ကြိုတင်ကာကွယ်မှုများကို စီစဉ်ပြုလုပ်ပေးခဲ့ကြသည်။

ယင်းအစီအစဉ်အရ လူဆိုးများထံမှ နောက်ဆုံးစာရပြီး နောက်တစ်နေ့ စနေနေ့ညတွင် ကပ်ပက်ထရစ်သည် ၁၀ နာရီ ၁၀ မိနစ်ရထားဖြင့် ထွက်ခွာလာခဲ့ရာ၌ သူနှင့်အတူ အရွယ်အစားရော အရောင်နှင့် အမျိုးအစားပါ တူညီသည့် သားရေအိတ်ဆင်တူနှစ်ခုကို ယူဆောင်လာခဲ့သည်။ အဆိုပါသားရေအိတ်နှစ်ခုအနက် တစ်ခုမှာမူ အထဲတွင် မဂ္ဂဇင်းစာအုပ်အဟောင်းများကို ထည့်လာခဲ့သည်။ စုံထောက်များ၏ အကြံပေးချက်အရ အကယ်၍ မီးရထားပေါ်တွင် ဓါတ်သိ စုံထောက်တစ်ယောက်က ကြားဖြတ်ပြီး ဝင်လုမည်ဆိုပါက ကပ်ပက်ထရစ်သည် တကယ့်ငွေစက္ကူများ ထည့်ထားသည့် သားရေအိတ်အစား၊ မဂ္ဂဇင်းအဟောင်းများ ထည့်ထားသည့် သားရေအိတ်ကို ထိုးပေးလိုက်ရန်ပင်ဖြစ်သည်။

သို့သော် ထိုညက ကပ်ပက်ထရစ်သည် လမ်းခုလပ်တွင် ကြားဖြတ် အာပိုင်ဝင်စီးမည့်သူကို မတွေ့ရှုံမှုမက လူဆိုးများပြောသည့် မီး



www.burmeseclassic.com

www.burmeseclassic.com



များကိုပါ လုံးဝမတွေ့ရတဲ့ဖြစ်ခဲ့ရသည်။ ကပ်ပက်ထရစ်သည် ရထားပေါ်တွင် ထိုင်ထားစဉ်လျှောက်လုံး လက်ဥာဘက်စကြံမှနေ၍ မီးပုံများကို တွေ့နိုးနိုးဖြင့် ရှင်တာထိတ်ထိတ်၊ စိတ်တထင့်ထင့် လိုက်ပါလာခဲ့ရာ နောက်ဆုံးနံနက်လင်း၌ ကင်းဆပ်စ်မြို့သို့ ရထားဆိုက်သည်အထိ ဘာတစ်ခုမှ မထူးခြားဘဲရှိခဲ့သည်။

ထို့နောက် လူဆိုးများ၏ ညွှန်ကြားချက်အရ မြို့လယ်ဘက် ဟော်တယ်သို့ တန်းလာခဲ့ပြီး မစ္စတာကင်းကိတ်ဟူသော အမည်ဖြင့် တည်းခိုရင်း အခြေအနေကို စောင့်ကြည့်နေခဲ့သည်။ သူမျှော်လင့်သည့်အတိုင်း နောက်တစ်နေ့တွင် တူလ်ဆာမြို့မှ ကြေးနန်းတစ်စောင်ရောက်လာသည်။ ထိုကြေးနန်းမှာ "မရောင်မလွဲသာသည့် ကိစ္စတစ်ခုကြောင့် ချိန်းထားသည်များ ဖျက်ကွက်ခဲ့ရသည်။ ညနေ ၆ နာရီတွင် ဖုန်းထပ်ဆက်မည်" ဟူ၍ ပါရှိပြီး အောက်မှ "စီ-အိပ်ချ်-မိုး" ဟု အမည်တပ်ထားသည်။

ထိုကြေးနန်းအရ ညနေ ၅ နာရီ မိနစ် ၃၀ သာသာလောက်တွင် "ကင်းကိတ်" အမည်ခံ ကပ်ပက်ထရစ်ထံသို့ တယ်လီဖုန်းခေါ်သံ ရောက်လာသည်။

"အခုပြောတာ မစ္စတာကင်းကိတ်လား"

"ဟုတ်ပါတယ်. . .ကျွန်တော် မစ္စတာကင်းကိတ်ပါ"

တစ်ဘက်မှစ၍မေးသည်ကို ကင်းကိတ်သည် အသံမှန်အောင် အတော်ကလေး သတိထားဖြေလိုက်သည်။

"အခု မိုးစကားပြောနေပါတယ်၊ ငွေအိတ်ကိုယူပြီး အငှားကားတစ်စီးနဲ့ လာဆေးလ်ဟော်တယ်ကို သွားပါ၊ ဟော်တယ်ရှေ့ရောက်ရင် ကားပေါ်ကဆင်းပြီး အနောက်ဘက်အတိုင်း တစ်လမ်းနှစ်လမ်းလောက် လျှောက်လာခဲ့ပါ"

ဒါပဲပြော၍ တစ်ဘက်မှ တယ်လီဖုန်းချသွားသည်။





ဘာပဲဖြစ်ဖြစ် ဤအသံမှာ လူဆိုးတစ်ယောက်ယောက်၏ အသံပင်ဖြစ်ရမည်ဟု တစ်ထစ်ချယုံကြည်ကာ ကပ်ပက်ထရစ်သည် ငွေ ၂သိန်း ထည့်ထားသည့် သားရေအိတ်ကို ဆွဲ၍ ကားတစ်စီးဖြင့် လာဆေးလ် ဟော်တယ်ရှိရာသို့ ချက်ချင်းပင် ထွက်လာခဲ့သည်။

တယ်လီဖုန်းထဲက အမိန့်အတိုင်း ကပ်ပက်ထရစ်သည် လာဆေးလ်ဟော်တယ်ရှေ့တွင် ကားကိုရပ်နိုင်းပြီး ငွေအိတ်ကိုဆွဲကာ အနောက်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။ ဟော်တယ်မှ ခပ်လှမ်းလှမ်းအရောက်တွင် မျက်နှာချင်းဆိုင်မှ လူတစ်ယောက်လျှောက်လာသည်ကို တွေ့မြင်ရသည်။

"မစ္စတာကင်းကိတ်လား. . .သားရေအိတ် ကျွန်တော့်ပေးလေ"

အနားသို့ရောက်လာသည်နှင့် ထိုသူက ပြောပြောဆိုဆို လက်လှမ်းလိုက်ရာ ကပ်ပက်ထရစ်မှာ ကြခြေမပျက်အောင် မနည်းကြီး သတိထား၍ သူ့လက်ထဲမှ သားရေအိတ်ကို ထိုသူအား လှမ်းပေးလိုက်ရသည်။

"ကျွန်တော် ဒါပြီးတော့ ဘာဆက်လုပ်ရဦးမှာလဲ၊ ကျွန်တော့်ဆီက သတင်းကို စောင့်နေကြတဲ့လူတွေရှိတယ်. . .။ အဲဒီလူတွေစိတ်ပူနေမှာစိုးလို့ သူတို့ဆီ တယ်လီဖုန်းဆက်ချင်သေးတယ်"

ကပ်ပက်ထရစ်သည် လူဆိုးများက အားရုံလ်အား မည်သည့်အချိန်ပြန်လွှတ်မည်ကို သိလိုသဖြင့် သွယ်ဝိုက်ကာ အရဲစွန့်၍ မေးလိုက်သည်။ ဒါကို ရိပ်မိဟန်တူသော ထိုလူကလည်း "ဟော်တယ်ကိုသာ ပြန်သွားပါ၊ ခြံအရောင်းအဝယ်ကိစ္စအတွက် စာချုပ်တွေကို နောက် ၁၂ နာရီ အတွင်းပို့လိုက်ပါ့မယ်" ဟူ၍ ပြန်ပြောကာ ငွေအိတ်ကို ဆွဲ၍ ခပ်သွက်သွက် တည်ထွက်သွားသည်။

ထိုအချိန်မှာ ညနေ ၆ နာရီသာသာခန့်ဖြစ်သည်။

ထိုနေ့ည သန်းခေါင်မတိုင်မီ ၁၁ နာရီ မိနစ် ၃၀ ထိုးထိုးချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးဆွဲခံရသော မစ္စတာအာရှဲလ်သည် လူဆိုးများလက်မှ လွတ်၍ အိမ်ပြန်ရောက်လာသည်။ လူဆိုးများသည် သူ့အား နော်မန်မြို့ကလေးနှင့် မလှမ်းမကမ်းတစ်နေရာသို့ ကားဖြင့် ခေါ်လာပြီး ထိုနေရာမှာပင် ဆယ်ဒေါ်လာတန် တစ်ရွက်ပေးကာ ကားပေါ်မှ ချထားခဲ့သည်။ အာရှဲလ်သည် ထိုငွေတစ်ဆယ်ဖြင့် အငှားကားတစ်စီးကို ငှားကာ အိမ်အရောက်ပြန်လာခဲ့ခြင်းဖြစ်သည်။

လူဆိုးများလက်မှ အာရှဲလ် လွတ်လာသည်အထိ စောင့်နေခဲ့ကြရသော အက်ဖ်ဘီအိုင်စုံထောက်များသည် သူ လွတ်လာသည်နှင့် တစ်ပြိုင်နက် "လုပ်ငန်း" စကြသည်။ လူဆိုးများလက်သို့ ပါသွားသည့် အချိန်မှစ၍ ပြန်လွတ်လာသည့်အချိန်အထိ ဖြစ်ခဲ့ ပျက်ခဲ့ ကြားခဲ့ တွေ့ခဲ့ရသမျှကို အာရှဲလ်အား စုံထောက်များက အသေးစိတ်မေးမြန်းခဲ့ကြသည်။ အာရှဲလ်ထံမှ တစ်စွန်းတစ်စရသည့် သဲလွန်စများကို ခြေရာခံ၍ လူဆိုးများနောက်သို့ လိုက်ကြရမည် မဟုတ်ပါလော။

သို့သော် စုံထောက်များကိုယ်တိုင် အံ့ဩယူရလောက်အောင် အာရှဲလ်သည် သူ့အားလူဆိုးများက မျက်နှာပိတ်၍ ဖမ်းဆီးခေါ်ဆောင်သွားကြသည့်တိုင်အောင် မျက်စိဖြင့် မမြင်ခဲ့ရသော်လည်း သူကြားသမျှ ကြုံသမျှ တွေ့သမျှတို့ကို အသေးစိတ်ပြောပြနိုင်ခဲ့သည်။ အစစအရာရာ မှတ်ဉာဏ်ကောင်းလှသော အာရှဲလ်သည် စုံထောက်များ မျှော်လင့်ထားသည်ထက် အရေးပါအရာရောက်သည့် သဲလွန်စများနှင့် အမှတ်အသားများကို ခရေစေ့တွင်းကျ ပြန်လည်ပြောပြနိုင်ခဲ့သည်။

လူဆိုးများသည် အာရှဲလ်မျက်နှာကို ဝါဂွမ်းများ ပတ်တီးစများဖြင့် စီးကာ ပလပ်စတာ တိပ်ပြားဖြင့်ပတ်၍ ခေါ်ဆောင်သွားခဲ့ကြသည်။ သို့သော် အာရှဲလ်သည် ဘာမှမမြင်ရသည့်အထဲက နားနှင့်ဦးနှောက်ကို အသုံးပြုကာ အသေးစိတ်မှတ်သားလာနိုင်ခဲ့သည်။ သူ့အား ထိုသို့ မျက်နှာ





ကို ပတ်တီးမစီးမီ သူနောက်ဆုံးရောက်ရှိနေသော နေရာမှာ တာရား [illegible] အားပေးစက်ရုံကြီးအနီးတွင် ဖြစ်သည်ကို သူသတိထားလိုက်မိသည်။ အဆိုပါ ဓါတ်အားပေးစက်ရုံကြီးများ ဥက္ကလာဟိုမာမြို့၏ အရှေ့ဘက် မိုင် ၂၀ ကွာလောက်တွင် ရှိသည်။

ထိုနေရာမှ လူဆိုးများနှင့်အတူ ကားဖြင့်ထွက်ခွာလာခဲ့ပြီးနာရီပေါင်း အတော်ကြာ၍ နောက်တစ်နေ့နံနက် မိုးလင်းချိန်လောက်တွင် မိမိတို့စီးလာသည့် ကားသည် တစ်နေရာတွင် ခေတ္တရပ်လိုက်ရာ ကားမှူဝင်းတံခါးတစ်ခု ဖွင့်သံ ကြားလိုက်ရသည်။ ထိုမှတစ်ဖန် နောက်ထပ် ၃ မိနစ်ခန့် ဆက်မောင်းလာခဲ့ရာ ကားရပ်ပြီးနောက်ထပ်ဝင်းတံခါးတစ်ခု ဖွင့်သံကို ထပ်မံကြားလိုက်ရပြန်သည်။

ထို့နောက် လူဆိုးများသည် ကားကိုမော်တော်ကားပြင်ရုံလိုလိုဂိုဒေါင်လိုလို အဆောက်အဦတစ်ခုအတွင်းသို့ မောင်းသွင်းလာခဲ့ကြသည်။ ထိုရုံကြီးထဲတွင် သူတို့လုပ်ကိုင်လှုပ်ရှားနေကြသည့် အသံများကို ထောက်၍ ကားလိုင်စင်နံပါတ်များကို ကားတစ်စီးနှင့် တစ်စီး ပြောင်းတပ်နေကြကြောင်း အာရှဲလ်စိတ်ထဲက သိလိုက်ရသည်။

အာရှဲလ်သည် ထိုနေရာမှာပင် လူဆိုးများ၏အစီအစဉ်အရ ကား ပြောင်း၍စီးလာခဲ့ရသည်။ နောက်ထပ် ပြောင်း၍စီးရသည့်ကားမှာ ထရင်ချက်ပလက်ကားထက်ကြီးပြီး လူ ၇ ယောက်ခန့်ဆံ့သည့် "ကာဒီလက်" သို့မဟုတ် "ဗြူ" အမျိုးအစား ကားကြီးတစ်စီးဖြစ်သည်ကို သတိထားမိသည်။ ထို့နောက် ၃ နာရီခန့် မောင်းလာခဲ့ပြီး တစ်နေရာတွင် ဓါတ်ဆီဆိုင်တစ်ဆိုင်၌ ဓါတ်ဆီဝင်ထည့်ကြရာ ဘာမှမမြင်နိုင်သော အာရှဲလ်သည် နားနှင့်ဦးနှောက်ကိုသာ အစွမ်းကုန်အသုံးပြု၍ လေ့လာမှတ်သားခဲ့သည်။ အထူးသဖြင့် ထိုဓါတ်ဆီဆိုင်တွင် မိမိအား ပြန်ပေးဆွဲလာကြသည့် လူဆိုးများနှင့် ဓါတ်ဆိုင်မှ ဖြစ်ပာန်တူသည့် မိန်းမတစ်ယောက်၏ [illegible]



www.burmeseclassic.com

www.burmeseclassic.com



များကို ဂရုတစိုက် မှတ်ထားလိုက်မိသည်။

"ဒီနားက ပြောင်းခင်းတွေ ဘယ့်နှယ့်နေသလဲ"

လူဆိုးများအနက်မှ ဖော်ဖော်ရွေရွေနှင့် စပ်စုတတ်ဟန်တူသော တစ်ယောက်က မေးလိုက်ရာ ဓါတ်ဆီဆိုင်မှ အမျိုးသမီးက "ပြောင်းတွေ ကတော့ သန်ချင်သားပါပဲရှင် . . . ဒါပေမယ့်ရာသီဥတုက ပြင်းလွန်းတော့ နေပူမိပြီး ခြောက်ကုန်ကြပြီ" ဟု ပြောသံကို ကြားလိုက်ရသည်။

ထိုနေရာမှတစ်ဖန် ဆက်၍ထွက်လာခဲ့ပြီး ကတ္တရာစေးခင်းထားဟန်မတူသည့် လမ်းခပ်ကြမ်းကြမ်းအတိုင်း မောင်းလာခဲ့ကြပြန်ရာ နံနက် ၉ နာရီ ၁၀ နာရီခန့်တွင် ဖြူန်းခနဲ သဲသဲမဲမဲဖြင့် မိုးရွာချလိုက်သည်ကို တွေ့ရသည်။ တစ်နေရာတွင်မူ လမ်းဆိုးလှသဖြင့် လူဆိုးတစ်ယောက်သည် ကားပေါ်မှ ဆင်းကာ ကားကို တွန်းခဲ့ရသေးသည်။ အားရှဲလ်သည် မိုးရွာသည့်အချိန်နှင့် ခရီးလမ်းပန်း အခြေအနေများကိုပါ စိတ်ထဲက အသေးစိတ် မှတ်သားလာခဲ့သည်။

ထို့နောက် အားရှဲလ်သည် အိမ်တစ်အိမ်သို့ ရောက်သွားပြီး ထိုအိမ်တွင် တစ်ညအိပ်ခဲ့ရသည်။ ဤအိမ်တွင်လည်း တတ်နိုင်သမျှ နားကို စွင့်၍ ဦးနှောက်ကို "ဖွင့်" ထားခဲ့ရာ သူအိပ်သည့်အခန်း၏ တစ်ဘက်မှ မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်၏ အသံကိုလည်းကောင်း၊ ခွေးဟောင်သံ၊ နွားမြည်သံများနှင့် အခြားကြက်ဝက်စသည့် တိရစ္ဆာန်များ၏ အသံကို ကြားနေရ၍ ဤအိမ်သည် လယ်တောထဲမှ အိမ်တစ်အိမ်ဖြစ်ကြောင်း သတိပြုမိသည်။

နောက်တစ်နေ့တွင် အားရှဲလ်သည် ထိုအိမ်မှ အခြားတစ်အိမ်သို့ ပြောင်းခဲ့ရပြန်သည်။ ဒုတိယအိမ်မှာ ပထမအိမ်နှင့် မိနစ် ၂၀ ခန့်ကားမောင်းရသည်ကို မှတ်သားမိသည့်အပြင် ဤအိမ်တွင်လည်း ကြက် ဝက် နွား စသည့် တိရစ္ဆာန်များ၏ အော်မြည်သံများကို ကြားရပြန်သဖြင့် လယ်တော





ထဲမှ အိမ်တစ်အိမ်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒုတိယအိမ်တွင် သူ အိပ်ခဲ့ရသည့် အခန်းမှာ ကြမ်းပေါ်တွင် ဘာမှခင်းမထားသည်ကိုလည်း သတိ ပြုမိသည်။

အဆိုပါအိမ်သို့ ရောက်ပြီးနောက် လူဆိုးတစ်ယောက်က အားရှဲလ်အား "ခွေးမသားအက်ဖ်ဘီအိုင်စုံထောက်များ" ၏ ရန်ကြောင့် ဥက္ကလာဟိုမာမြို့နှင့် ဝေးရာအရပ်သို့ ခေါ်လာရကြောင်းနှင့် တူလ်ဆာမြို့တွင် အားရှဲလ်၏ ရင်းနှီးသောမိတ်ဆွေတစ်ယောက်ယောက် ရှိမရှိ မေးလာသည်။ ဤတွင် အားရှဲလ်က သူ့မိတ်ဆွေကက်တလက်၏အမည်နှင့် နေရပ်လိပ်စာကို ပြောလိုက်သည်။

အားရှဲလ်မှာ ထိုအိမ်တွင် မျက်နှာကိုပတ်တီးစီးထား၍ လက်ထိပ်ခတ်ကာ လက်ထပ်မှသံကြိုးကို ကုလားထိုင်တစ်ခုတွင် ချည်ထားခြင်းခံရသည့်ပြင် နားနှစ်ဖက်ကိုပါ ဂွမ်းများဖြင့် ပိတ်ဆို့ထားခြင်းခံခဲ့ရသည်။ ထိုအိမ်သို့ရောက်ပြီး နောက်တစ်နေ့တွင် နားထဲမှ ဂွမ်းများကို ဖယ်ရှားပေးလိုက်ကြသည်။ ထို့နောက် ပြန်ပေးဆွဲလာသူများမဟုတ်ဘဲ အခြားလူစိမ်းနှစ်ယောက်က သူ့အားနောက်ထပ် အစောင့်များတို့၍ ချထားကြောင်း ပြောပြကြသည်။ သို့ပြောပြကြရာ၌ အသံများကို နားထောင်ရခြင်းအားဖြင့် တစ်ယောက်မှာ အသက်ခပ်ကြီးကြီး၊ အခြားတစ်ယောက်မှာ အသက် ခပ်ငယ်ငယ် ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ထိုအိမ်၌နေခဲ့ရစဉ်အတွင်း ရေ သောက်ရာ၌ ရေခွက်မှာ လက်ကိုင်ကိုင်းမရှိဘဲ ဖြစ်နေသည်ကိုလည်းကောင်း ရေမှာလည်း "ငန်ညီညီ" ဖြစ်နေသည်ကိုလည်းကောင်း သတိထားမိသည်။ ထို့မှုမက အိမ်အပြင်ရှိ ရေတွင်းမှ ရေခပ်သည့်အခါ ရေပုံးကြိုးမှ "ထေ့ကျွီ" မြည်သံကိုပါ အသေးစိတ်သတိပြုမိသည်။

အားရှဲလ်သည် သူကိုယ်တိုင်က ဝါရင့်နေသည့် [illegible] "ဦးစံရှား"ပမာ မျက်စိဖြင့် မမြင်ရဘဲ နားနှင့်ဦးနှောက် [illegible] ထိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွတ်သားလာခဲ့သည့်ပြင် သည့်ထက်ပို၍ အရေးကြီးသော အမှတ်အသား တစ်ခုကိုလည်း ဦးနှောက်ထဲတွင် ထည့်မိအောင် ထည့်လာလိုက်သေးသည်။ ယင်းမှာ အခြားမဟုတ် လူဆိုးများအား အချိန်နာရီကို မသိမသာ မေးမေးကြည့်ခြင်းပင် ဖြစ်သည်။ ယင်းသို့ အချိန်ကိုအမှတ်မထင် မေးကြည့်ခဲ့ခြင်းဖြင့် မိမိရောက်နေသည့် နေရာတစ်ဝိုက်သို့ နေ့စဉ် နံနက် ၉ နာရီ ၄၅ မိနစ်လောက်တွင် တစ်ကြိမ်၊ ညနေ ၅ နာရီ ၄၅ မိနစ်လောက်တွင် တစ်ကြိမ် ကောင်းကင်မှ လေယာဉ်တစ်စင်း အချိန်မှန် ပျံသန်းသွားလေ့ရှိသည်ကို အတိအကျ သတိထားခဲ့မိသည်။ သို့သော် ဇူလိုင်လ ၃၀ ရက် တနင်္ဂနွေနေ့ နံနက်တွင်မူ မိုးကြီး သည်းထန်စွာရွာသွန်းခဲ့ပြီး ထိုနေ့နံနက်က လေယာဉ်ပျံသံ မကြားရဘဲဖြစ်သည်ကိုပါ မှတ်သားထားမိသည်။

ဤမျှလောက် ဦးနှောက်ကောင်း၍ မှတ်ဉာဏ် ထက်သန်လှသည့် အားရှဲလ်၏ အမှတ်အသားများသည် အက်ဖ်ဘီအိုင်စုံထောက်များအတွက် "ရောမ" သဲလွန်စကြီးများဖြစ်ခဲ့သည်။ ဤသဲလွန်စကြီးများသည်ပင် လူဆိုးများ ရှိရာဒေသကို အသေအချာ ညွှန်ပြလိုက်သလို ဖြစ်ခဲ့ရသည်။

ရှေးဦးစွာ စုံထောက်များသည် ဥက္ကလာဟိုမာမြို့ကို ဗဟိုပြု၍ အရှေ့အနောက် တောင်မြောက် အချင်းမိုင် ၆၀၀ ခန့်ရှိသည့် နယ်မြေဒေသတစ်ဝိုက်တွင် ပျံသွားလာနေကြသည့် လေကြောင်းဌာနများမှ လေယာဉ်များ၏ အချိန်စာရင်းကို တောင်းယူကြည့်ကြသည်။ ထိုမှတစ်ဆက်တည်း ဤဒေသတစ်ဝိုက်မှ မိုးလေဝသရာသီဥတု အခြေအနေများကိုလည်း အမေရိကန်ပြည်ထောင်စု မိုးလေဝသ ဌာနသို့ စုံစမ်းမေးမြန်းခဲ့ကြသည်။

ဤတွင် လေကြောင်းဌာနမှ အချိန်စာရင်းအရ ဥက္ကလာဟိုမာပြည်နယ်၏ တောင်ဘက် ဖါးလက်စ်ပြည်နယ် ဖို့တ်ဝုါသ်မြို့မှ လေယာဉ်တစ်စင်းသည် နေ့စဉ် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထွက်ခွာလေ့ရှိ၍ အမ္မာရီလိုမြို့မှ လေယာဉ်တစ်စင်းသည် နေ့စဉ် ညနေ ၃ နာရီ မိနစ် ၃၀





တွင် ပျံသန်းလေ့ရှိကြောင်း တွေ့ရှိကြရသည်။ ထို့နောက် စုံထောက်များသည် တက္ကဆပ်ပြည်နယ်၏ မြေပုံကြီးကိုချ၍ လေကြောင်း ပျံသန်းမှုဆိုင်ရာ မိုင်နှုန်းနှင့် ပထဝီအနေအထားများကို တိုင်းထွာကြည့်ရာ ဖို့တ်ဝုါသ်မြို့မှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထွက်သောလေယာဉ်သည် ပါရာဒိုက်စ်အမည်ရှိ ရွာကလေး အနီးအနားတစ်ဝိုက်တွင် ၉ နာရီ မိနစ် ၄၀ နှင့် ၉ နာရီ ၄၅ မိနစ်လောက်တွင် ဖြတ်ကျော် ပျံသန်းလေ့ရှိသည်ကို တွေ့ရပြီး တဖန်အမ္မာရီလိုမြို့မှ ညနေ ၃ နာရီမိနစ် ၃၀ တွင် ပျံသန်းလာသည့် လေယာဉ်သည် အဆိုပါ ပါရာဒိုက်စ်ရွာကလေးပေါ်သို့ ညနေ ၅ နာရီ မိနစ် ၄၀ နှင့် ၅ နာရီ ၄၅ မိနစ်လောက်တွင် ဖြတ်ကျော်လေ့ရှိကြောင်း တွေ့ရှိရသည်။ ထို့ထက်ပို၍ သေချာလိုက်သည်မှာ မိုးလေဝသ ရာသီဥတု အခြေအနေ မှတ်တမ်းများတွင် ဇူလိုင်လ ၃၀ ရက် တနင်္ဂနွေနေ့ နံနက်က ထိုဒေသတစ်ဝိုက်တွင် မိုးသက်မုန်တိုင်း ကျရောက်သဖြင့် ဖို့ထ်ဝုါသ်မြို့မှ လေယာဉ်သည် ခါတိုင်းအချိန်တွင် မထွက်နိုင်ဘဲ ၁၁ နာရီ ၄၅ မိနစ်တွင် ထွက်လာခဲ့ရပြီး မိုးသက်မုန်တိုင်းကြောင့် ထိုဒေသတစ်ဝိုက်ကို ရှောင်ကွင်း၍ ပျံသန်းခဲ့ရကြောင်း အတိအကျ တွေ့ရှိနေကြရခြင်းပင် ဖြစ်သည်။

အားရှဲလ်၏နားနှင့် ဦးနှောက်ထဲမှ အမှတ်အသားများကို နောက်ထပ် "ဖြည့်စွက်အတည်ပြု" ခဲ့သည့် အချက်တစ်ချက်ကိုလည်း စုံထောက်များ လေ့လာတွေ့ရှိကြရပြန်သေးသည်။ ၎င်းမှာ အခြားမဟုတ်၊ မိုးလေဝသဌာနမှ ထုတ်ပြန်ချက်များအရ အဆိုပါ ပါရာဒိုက်စ်ရွာကလေး အဝါအဝင် နေရာဒေသတစ်ဝိုက်တွင် ထိုရက်များအတွင်းက မိုးခေါင်၍ ရာသီဥတု မှ ပြင်းလှသဖြင့် ဂုံ၊ မြောင်း စသည့် ကောက်ပဲသီးနှံများမှာ မအောင်မြင် အတော်များများ ပျက်စီးခဲ့ကြရသည်ဆိုသော အချက်ပင်ဖြစ်သည်။ ထိုဒေသတစ်ဝိုက်တွင် မေလ ၂၀ ရက်နေ့မှစ၍ မိုးမရွာဘဲ ခြောက်သွေ့သော ဒေါင် ကြောက်ခမန်းလိလိ အပူရှိန်ပြင်းထန်ခဲ့ရာမှ ဇူလိုင်လ ၃၀ ရက်



www.burmeseclassic.com

www.burmeseclassic.com



နေ့ရောက်မှ လေကြီးမိုးကြီး ကျကာ ရာသီဥတု ပြောင်းလဲလာခဲ့သည်ဟု မိုးလေဝသဌာနက အတိအကျ ဖော်ပြခဲ့သည်။ ဤဖော်ပြချက်သည် အား မှုလ်အား လူဆိုးများက ပြန်ပေးဆွဲသွားခဲ့ကြစဉ် (ဇူလိုင်လ ၂၂ ရက်နေ့) က လူဆိုးတစ်ယောက်နှင့် ဓါတ်ဆီဆိုင်မှ အမျိုးသမီး တစ်ယောက်၏ အမှတ်မထင် အပြန်အလှန် ပြောကြားခဲ့ကြသည့် စကားများနှင့် "တစ်သံတည်း" ဖြစ်နေသည် မဟုတ်ပါလော . . .

ယင်းသို့ အက်ဖ်ဘီအိုင် စုံထောက်အချုပ်က စားပွဲပေါ်တွင် မြေပုံကြီးများနှင့် မိုးလေဝသ ထုတ်ပြန်ကြေညာချက်များကို အသေးစိတ် တိုင်းထွာလေ့လာနေကြစဉ် အခြားစုံထောက်များသည် ဒါးလက်စ်ပြည်နယ် တစ်နယ်လုံးကို မိုက်စိပ်တိုက်ကာ လိုက်လံစုံစမ်းထောက်လှမ်းလျက် ရှိနေခဲ့ကြသည်။ သူတို့သည် ဤပြန်ပေးမှုကြီးနှင့် စပ်လျဉ်း၍ ရရှိထားခဲ့သည့် သဲလွန်စသတင်းများကို အခြေခံကာ ထိုနယ်တစ်ဝိုက်မှ ရဲအဖွဲ့ဝင်များ၊ အိမ်ခြေရာခြေ မရှိသည့် ဂျပိုးတောလေများ၊ လမ်းပေါ်မှ "သမီးပျိုများ" နှင့် အရပ်သူ အရပ်သားများအား တွေ့ဆုံကာ မေးမြန်းကြသည်။ "အစ်ကြအောက်ကြ" သည်။

ယင်းသို့ မေးမြန်းထောက်လှမ်းခဲ့ကြခြင်းအားဖြင့် ဤလူပြန်ပေးဆွဲမှုကြီးကို ကျူးလွန်သူသည် လူစုလူဝေးဖြင့် "ဂိုဏ်း" ဖွဲ့ကာ လုပ်ကိုင်ခဲ့ကြသည် မဟုတ်ဘဲ၊ တစ်စုံတစ်ယောက်က "လူစွမ်းကောင်း" လုပ်၍ ကြံစည်ကျူးလွန်ခြင်းဖြစ်ကြောင်း အတော်အတန် အထောက်အထားများ တွေ့လာရသည်။ နောက်ဆုံး၌ ဤအမှုကို လူစွမ်းကောင်းလုပ်၍ ကျူးလွန်ခဲ့သည့် "တစ်ကိုယ်တော် ပြန်ပေးမင်းသား" မှာ အခြားသူမဟုတ်၊ ဤဒေသတစ်ဝိုက်တွင် "စက်သေနတ် ကယ်လီ" ဟူ၍ နာမည်တစ်လုံးဖြင့် တစ်နယ်လုံး ဖိန့်ဖိန့်တုန်အောင် ကြောက်နေကြရသည့် လူသတ်သမား "ဂျော့ချ်ကယ်လီ" ပင် ဖြစ်နိုင်စရာရှိကြောင်း အသေအချာ တွက်မိကြသည်။





ဂျော့ချ်ကယ်လီသည် မင်ဖစ္စမြို့ လူမိုက်လူဆိုးများအကြားတွင် ကျက်စားလာခဲ့ရာမှ တဖြည်းဖြည်း နာမည်ကြီးလာသည့် ရာဇဝတ်လူဆိုး တစ်ဦးပင်ဖြစ်သည်။ အထူးသဖြင့် နောက်ပိုင်းတွင် သူသည် လုယက်မှု ဓားပြမှု၊ လူသတ်မှုများနှင့် ပြန်ပေးဆွဲမှုများကို ကျူးလွန်ရာ၌ သူ့လက်ထဲတွင် စက်သေနတ်တစ်လက်ကို အမြဲကိုင်ဆောင်ကာ လူသတ်ရန် ဝန်မလေးသလောက် လက်မနှေးသူတစ်ဦး ဖြစ်သဖြင့် "ဂျော့ချ်ကယ်လီ" ဟူသော နာမည်ရင်းပျောက်၍ "စက်သေနတ် ကယ်လီ" ဟူ၍ နာမည်တစ်လုံး ရရှိလာခဲ့သည်။

ယခု ဤပြန်ပေးဆွဲမှုကြီးတွင် "ဤစက်သေနတ် ကယ်လီ" အား တရားခံအဖြစ် တစ်ထစ်ချစွပ်စွဲရန် ရှိနေသည်မှာ အခြားကြောင့်မဟုတ်၊ စားပွဲပေါ်မှ မြေပုံများ၊ မိုးလေဝသကြေညာချက်များကို တိုင်းထွာ လေ့လာခဲ့ကြသည့် စုံထောက်များ၏ "တွေ့ရှိချက်" နှင့် လက်တွေ့လူထုကြားထဲသို့ ကွင်းဆင်း၍ ထောက်လှမ်းခဲ့ကြသည့် စုံထောက်များ၏ တွေ့ရှိချက်များသည် အထက်တွင် ဖော်ပြခဲ့သည့် ပါရာဒိုက်စ်ရွာကလေးတွင် သွား၍ "ဆုံစည်းပေါင်းစပ်" မိကြသောကြောင့် ဖြစ်သည်။ ယင်းသို့ ဆုံစည်းပေါင်းစပ်မိကြပုံမှာ "စက်သေနတ်ကယ်လီ" ၏ ယောက်ဖနှင့် ယောက္ခမကြီးသည် အဆိုပါ ပါရာဒိုက်စ်ရွာကလေးတွင် အခြေစိုက် နေထိုင်လျက်ရှိကြသောကြောင့် ဖြစ်သည်။

"စက်သေနတ်ကယ်လီ" ၏ ဇနီးမှာ ကက်သရင်းဖြစ်၍ သူ့ခမီးခင် (ကယ်လီ၏ယောက္ခမ)ဖြစ်သူ အိုရာသည် နောက်အိမ်ထောင်ဖြင့် အဆိုပါ ပါရာဒိုက်စ်ရွာကလေးအနီးရှိ လယ်တောတစ်ခုတွင် အိမ်ကလေး တစ်လုံးဖြင့် နေထိုင်လျက်ရှိသည်။ အိုရာ၏နောက်အိမ်ထောင်မှာ ရော့ဘတ် ရှန်နွန်ဆိုသူဖြစ်ရာ အိုရာအား မစ္စက်ရှန်နွန်ဟူသော အမည်ဖြင့် ထိုအနီး အနားတစ်ဝိုက်က သိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါရာဒိုက်စ် ရွာကလေးမှာ ဖို့တ်ဝါ့သ်မြို့၏ အနောက်ဘက် မလှမ်းမကမ်းတွင်ရှိ၍ လူဦးရေ ၃၀၀ ခန့် နေထိုင်လျက်ရှိကြသည်။ ဖို့တ်ဝါ့သ်မြို့မှ ထိုရွာကလေးသို့ သွားရာလမ်းမှာ နွေအခါတွင် ဖုတ်တထောင်းထောင်းထ၍ မိုးတွင်းတွင် ရွှံ့ဗွက်များ ထူထပ်လှသည်အထိ ဆိုးဝါးကြမ်းတမ်း လှသည်။

ကယ်လီ၏ယောက္ခမကြီး မစ္စက်ရှန်နွန်၏ နေအိမ်နှင့် မနီးမဝေး အခြားလယ်တောတစ်ခုတွင် သူ့သားဖြစ်သူ အာမွန်ဆိုသူ နေထိုင်လျက်ရှိသည်။ အာမွန်သည် ကယ်လီ၏ယောက်ဖ တစ်ဝမ်းကွဲဖြစ်သည်။

ဤသို့ မသင်္ကာစရာ နေရာကိုလည်းကောင်း၊ မသင်္ကာစရာ လူများကိုလည်းကောင်း၊ ခြေရာခံမိကြပြီးနောက် စုံထောက်များသည် လယ်ယာနှင့် ခြံမြေများ ဝယ်ယူလိုကြသည့် "မြေပိုင်ရှင် သူဌေးများ" အဖြစ် ဟန်ဆောင်ကာ အဆိုပါကယ်လီ၏ယောက်ဖ အာမွန်၏နေအိမ်သို့ အမှတ်မထင် ဝင်ရောက်စုံစမ်းကြည့်ကြသည်။ ဤတွင် "မြေကြီး လက်ခတ်မလွဲ" နိုင်လောက်သည့် အချက်အလက်များ အထောက်အထားများကို ထိုအိမ်၌ တပ်တပ်အပ်အပ် တွေ့မြင်ခဲ့ကြရသည်။ ယင်းတို့မှာ အခြားမဟုတ်၊ အသံမျိုးစုံဖြင့် အော်မြည်နေကြသည့် ကြက်၊ ဝက်၊ ဘဲ စသည့် တိရစ္ဆာန်များ။ ရေငင်ရာတွင် တကျွိကျွိမြည်နေသည့် ရေတွင်းတစ်တွင်းနှင့် လက်ကိုင်ကိုင်းမပါသည့် သောက်ရေခွက်တစ်ခွက် စသည်တို့ပင်တည်း။

အထောက်အထားများမှာ ပြည့်စုံနိုင်လုံနေပြီဖြစ်ရာ ဩဂုတ်လ ၁၂ ရက်နေ့ မိုးမလင်းတလင်း နံနက် ၅ နာရီလောက်တွင် အက်ဖ်ဘီအိုင် စုံထောက် လေးယောက်သည် ဒေသဆိုင်ရာ ရဲအဖွဲ့ဝင် ကိုးယောက်တို့နှင့်အတူ ပါရာဒိုက်စ်ရွာအနီး လယ်တောထဲမှ ကယ်လီ၏ယောက္ခမအိမ်ကို ဝိုင်းလိုက်ကြသည်။ အိပ်ရာထဲမှ အိပ်မှုံစုံမွှားဖြင့် ထလာရသော ကယ်လီ၏ယောက္ခမအထီးဖြစ်သူ ရောဘတ်ရှန်နွန်သည် ဘာမှမတတ်နိုင်တော့ဘဲ





အညံ့ခံလက်မြှောက်ခဲ့ရသည်။ စုံထောက်များနှင့် ရဲများသည် တစ်အိမ်လုံး အနှံ့အပြား မွှေနှောက်၍ ရှာဖွေကြရာ အိမ်နောက်ဘေး အမှိုက်ထဲတွင် အိပ်ရာတစ်ခုပေါ်၌ အိပ်ပျော်နေဆဲဖြစ်သည့် လူတစ်ယောက်ကို သွားတွေ့ကြသည်။

"ဟေ့ကောင်…လက်မြှောက်"

စုံထောက်တစ်ယောက်၏ ဟောက်သံကြောင့် စောင်ကို ခေါင်းမြီးခြုံကာ အိပ်ပျော်နေသူသည် အိပ်ရာမှ အလန့်တကြား နိုးလာ၍ ခေါင်းမြီးခြုံကို ဖွင့်လိုက်ရာ စုံထောက်များသည် ဤနေရာ၌ "ဆန်ခိုးမမိဘဲ ဖွဲခိုးမိ" ခဲ့ကြသည်။ အကြောင်းမူ ထိုသူမှာ ဘဏ်ဓားပြတိုက်မှုတစ်ခုဖြင့် ထောင် ၁၀ နှစ်မှ အနှစ် ၅၀ အထိ ကျနေစဉ် ကင်းဆပ်စ်ပြည်နယ် အကျဉ်းထောင်ကြီးမှ မကြာမီက ထွက်ပြေးသွားသည့် တရားခံထောင်ပြေး "ဟာဗေး" ဆိုသူဖြစ်နေသောကြောင့်တည်း။

စုံထောက်များနှင့် ရဲများအတွက် "ဖွဲသူခိုး" ဟာဗေးအား ယခုကဲ့သို့ မမျှော်လင့်ဘဲ မိလိုက်ကြသည်မှာ ဝမ်းသာစရာပင်ဖြစ်သည်။ သို့သော် ဟာဗေး၏ အိပ်ရာဘေးမှ ကျည်ဆံအသင့်ထည့်ထားသည့် မောင်းပြန် ရိုင်ဖယ်တစ်လက်၊ မောင်းပြန်ပစ္စတိုတစ်လက်နှင့် ကျည်ကပ်များကိုလည်းကောင်း၊ အဆိုပါအိမ်ထဲမှပင် နောက်ထပ် စက်သေနတ် အသေးစား တစ်လက်၊ မောင်းပြန်ပစ္စတိုနှစ်လက်၊ ပြောင်းတိုရိုင်ဖယ်နှစ်လက်နှင့် ပြောင်းရှည်ရိုင်ဖယ်တစ်လက်တို့ကိုလည်းကောင်း၊ ဆက်တိုက်ရှာဖွေ၍ တွေ့ကြရသောအခါ "သီသီကလေး" လိုတော့သည့် မိမိတို့အဖြစ်ကို စဉ်းစားမိ၍ အနှံ့လှုပ်ချောက်ချားသွားကြပြီး စောစောက ဝမ်းသာမိသည့် စိတ်များပင် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားခဲ့ကြသည်။

သို့သော် လောလောဆယ် မိမိတို့စုံစမ်း ထောက်လှမ်းနေကြသည့် ပြန်ပေးဆွဲမှုကြီးနှင့် ပတ်သက်၍မူ အရေးအကြီးဆုံးသော သက်သေပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များကို အချို့ပါဝင်ထွက် ဝရမ်းပြေး ဟာပေးထံမှ တွေ့ရှိခဲ့ကြရသည်။ ထိုငွေစက္ကူများမှာ ဒေါ်လာ ၂၀ တန် ငွေစက္ကူများပင်ဖြစ်သည်။ ဟာပေးထံမှ အားလုံးပေါင်း ဒေါ်လာ ၁,၂၀၀ တွေ့ရှိခဲ့ကြရာ ယင်းတို့အနက် ဒေါ်လာ ၇၀၀ ရှိသည့် ၂၀တန် ငွေစက္ကူများမှာ ပြန်ပေးအဆွဲခံရသည့် အားရဲလ်၏ ဇနီးက လူဆိုးများအား ပေးလိုက်သည့် ငွေစက္ကူများဖြစ်နေသည်။

ထို့ပြင် ဦးနှောက်ကောင်းသလောက် မှတ်ဉာဏ်ထက်လှသည့် အားရဲလ်က အိမ်၏ အနေအထားနှင့် ပစ္စည်းများကို ကြည့်၍ ဤအိမ်သည် မိမိအား လူဆိုးများက ခေါ်လာပြီး တစ်ညသိပ်ခဲ့သည့် အိမ်ဖြစ်ကြောင်း အသေအချာ ပြောပြနိုင်ခဲ့သည်။ တဖန် ဤအိမ်မှ ရေဘာတ်ရှန်နွန်၏အသံသည် မိမိအား စောင့်ကြပ်ခဲ့ကြသည့် လူနှစ်ယောက်အနက် "အသက်ခပ်ကြီးကြီး"လူ၏အသံနှင့် တထေရာတည်းဖြစ်ကြောင်း အခိုင်အမာ ပြောပြနိုင်ခဲ့သည်။

ထို့နောက် စုံထောက်များနှင့် ရဲများသည် မနီးမဝေးမှ ရေဘာတ်ရှန်နွန်၏သားဖြစ်သူ အာမွန်၏နေအိမ်ကို ထပ်မံဝိုင်းကြပြန်သည်။ ထိုအိမ်မှလည်း မိမိအား တနင်္ဂနွေတစ်ပတ်ခန့် လူဆိုးများက ဖမ်းဆီးချုပ်နှောင်ထားကြသည့် အိမ်ဖြစ်ကြောင်း အားရဲလ်က အတိအကျပြောနိုင်ခဲ့ပြန်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအိမ်တွင် အားရဲလ်အား လက်ထိပ်ခတ်၍ သံကြိုးဖြင့် ချည်ထားသည့် ကုလားထိုင်ကိုလည်းကောင်း သောက်လိုက်လျှင် "ငံညီညီ"ဖြင့် ဆားဓာတ်ပါနေသည့်ရေကိုလည်းကောင်း အထင်အရှား တွေ့ကြရသောကြောင့် ဖြစ်သည်။

စုံထောက်များနှင့် ရဲများက "လက်ဦး"နေပြီဖြစ်ရာ အာမွန်သည် တစ်စုံတစ်ရာ ငြင်းကွယ်မနေတော့ဘဲ အဖြစ်မှန်ကို အစစ်ခံရတော့သည်။ သူပြောပြချက်အရ "သူ့ယောက်ဖတစ်ဝမ်းကွဲ စက်သေနတ်ကယ်လီ"နှင့် အခြားလူဆိုးတစ်ယောက်ဖြစ်သော အဲလ်ဘတ်ဆိုသူတို့သည် လွန်ခဲ့သည့်





ဂျူလိုင်လ ၂၄ရက် တနင်္လာနေ့က အားရဲလ်အား ဖမ်းဆီး၍ ဤအိမ်သို့ ခေါ်ဆောင်လာခဲ့သည်ဟု သိရသည်။

"အဲဒီတုန်းက သူတို့ဟာ အားရဲလ်ကို မျက်နှာပိတ်စီးပြီး ခေါ်လာကြပါတယ်။ သူတို့ရောက်လာပြီး ကျွန်တော်ဟာ အိမ်ရဲ့ အနောက်တောင်ထောင့်က အခန်းလွတ်တစ်ခုထဲမှ ဖျာတစ်ချပ်ခင်းပေးရပါတယ်။ သူတို့က အားရဲလ်ကို အဲဒီအခန်းထဲမှာအိပ်ဖို့ ပြောပါတယ်"

အာမွန်သည် အထက်ပါအတိုင်း ဖြောင့်ချက်ပေးပြီးနောက် သူ့ရေ သူ့ဖခင်ရေဘာတ်ရှန်နွန်ပါ ဖြောင့်ချက်ကို တရားဝင်လက်မှတ် ရေးထိုးခဲ့ကြသည်။

ထိုသို့ ပြန်ပေးဆွဲမှုကြီးတွင် "အားပေးကူညီ"ခဲ့ကြသည့် ရှန်နွန်တို့သားအဖအား လက်ရဖမ်းမိခဲ့ကြပြီးနောက် တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့မှာပင် "ကိုယ်ထိလက်ရောက်ကျူးလွန်သူ"တရားခံတစ်ယောက်ကို တက္ကဆပ်ပြည်နယ်အတွင်း ဒင်းဗားမြို့တွင် အခြားစုံထောက်များက ဖမ်းမိခဲ့ကြသည်။ သို့သော် ထိုတရားခံမှာ"တစ်တရားခံ စက်သေနတ်ကယ်လီ"မဟုတ်သေးဘဲ "နှစ်တရားခံ"အဲလ်ဘတ်ပင် ဖြစ်သည်။ သူ့ကိုဖမ်းမိပြီး ရှာဖွေစစ်ဆေးကြည့်ကြရာ သူ့ပိုက်ဆံအိပ်ထဲ၌ အားရဲလ်၏ဇနီးကပေးလိုက်သည့် ဒေါ်လာ ၂၀ တန် ငွေစက္ကူ ၃၃ရွက်ကို နံပါတ်မလွဲဘဲ အတိအကျ တွေ့ရသည်။

စုံထောက်များသည် "နှစ်တရားခံ အဲလ်ဘတ်"အား ဉက္ကလာဟိုမာမြို့သို့ ခေါ်လာပြီး ရှန်နွန်တို့သားအဖနှင့်အတူ ချုပ်ထားခဲ့သည်။

ယခုတစ်ကြိမ်တွင်မူ စုံထောက်များသည် "တစ်တရားခံ စက်သေနတ်ကယ်လီ"နောက်သို့"မတိမ်းမစောင်း ဗိန်းမောင်း"လိုက်ကြရင်း ရှိတော့သည်။

သို့သော် စုံထောက်များ"ဗိန်းမောင်း"မလိုက်မီ အဲလ်ဘတ်ထောင်ထဲမှ"ချွတ်"နင်း၍ ထွက်ပြေးသွားခဲ့ရာ စုံထောက်များမှာ "[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှာတုကြွယ်"သွားခဲ့ကြသည်။

ဖြစ်ပုံမှာ"နှစ်တရားခံ"အဲလ်ဘတ်သည် ဒါးလက်စ်မြို့ ခရိုင်အကျဉ်းထောင်ကြီးတွင် ၁၀ထပ်မြင့်သည့် အလုံခန်းထဲ၌ အချုပ်ခံနေရစဉ် ဘယ်လိုတဘယ်လို "အကြံအဖန်"လုပ်လိုက်သည်မသိ၊ စက်တင်ဘာလ ၄ရက်နေ့တွင် သံတိုင် ၃ချောင်းကို ဒိုင်းလွှဖြင့်ဖြတ်ကာ ထောင်ဝါဒါများအား ခြောက်လုံးပြူးတလက်ဖြင့် ချိန်၍ စွန့်စွန့်စားစား ထွက်ပြေးသွားခြင်းပင်ဖြစ်သည်။

သို့သော် အဲလ်ဘတ်မှာ ယင်းသို့ အကြံအဖန်လုပ်ရကျိုးနှင့် စွန့်စားရကျိုးမနပ်ဘဲ ဖြစ်ခဲ့ရသည်။ "ရာဇဝတ်ဘေး ပြေးမလွတ်"ဆိုသည့် စကားအတိုင်း သူခမျာ ထောင်အပြင်တွင် တစ်ညပင် မအိပ်လိုက်ရဘဲ ထောင်မှထွက်ပြေးသည့် ညနေပိုင်းမှာပင် အတ်မိုးအမည်ရှိ မြို့ကလေးတွင် ပြန်မိသွား၍ ထိုညက ထောင်ထဲမှ အိပ်ရာဟောင်းမှာပင် ပြန်အိပ်ခဲ့ရသည်။

အဲလ်ဘတ်အား ပြန်မိခဲ့၍ စုံထောက်များမှာ သက်ပြင်းချကာ ခေါင်းအေးသွားကြပြီဖြစ်သော်လည်း ဤကိစ္စတွင်"ခေါင်းပူ"သွားကြရသူနှစ်ယောက် ပေါ်ပေါက်လာခဲ့ရသည်။ တစ်ယောက်မှာ ဒါးလက်စ်အကျဉ်းထောင်မှ ဒုတိယထောင်မှူး မင်နီယန်ဆိုသူနှင့် အခြားတစ်ယောက်မှာ ဘီဗစ်လ်ဆိုသူတို့ ဖြစ်ကြသည်။ အဲလ်ဘတ်ထောင်မှ ထွက်ပြေးသည့်အမှုတွင် ဘီဗစ်လ်ဆိုသူက ဒိုင်းလွှနှင့် ခြောက်လုံးပြူးတို့ကို ထောင်ထဲမှ အဲလ်ဘတ်ထံ နိုးသွင်းပေးခဲ့သူဖြစ်သည်။

သို့နှင့်ပင် တကယ့်"အရင်းခံ"ဖြစ်သော ပြန်ပေးမှုကြီးမှ တရားခံများ အပြစ်ပေးမခံရမီ အဲဘ်ဘတ်အား ထောင်မှထွက်ပြေးနိုင်အောင် ကူညီခဲ့ကြသည့် အဆိုပါထောင်မှူးမင်နီယန်နှင့် ဘီဗစ်လ်တို့မှာ"လက်အောက်ခံ"အမှုအတွက် တစ်ယောက်က ဒဏ်ငွေ ဒေါ်လာတစ်သောင်းနှင့် ထောင်ဒဏ် ၂နှစ်၊ နောက်တစ်ယောက်က ထောင်ဒဏ် ၁၄လ စသည်ဖြင့်





အသီးသီး "အခဆစ်"ပါသွားခဲ့ကြသည်။

ထို့နောက် တကယ့်"အရင်းခံ"ဖြစ်သော ပြန်ပေးမှုကြီး၏"တစ်တရားခံ"ကို မမိသေးသော်လည်း မိထားပြီးဖြစ်သည့် တရားခံများနှင့်ပင် ရုံးတင်စစ်ဆေးခဲ့ရာ ပြန်ပေးများလက်မှ အားရဲလ်လွတ်လာခဲ့သည့် နှစ်လတင်းတင်းပြည့်သော ၁၉၃၃ စက်တင်ဘာလ ၃၀ရက်နေ့မှာပင် "တရားခံအားလုံး အပြစ်ရှိသည်"ဟု ရုံးတော်မှ ဆုံးဖြတ်ချက်ချခဲ့သည်။ နောက်တနင်္ဂနွေ တစ်ပတ်ခန့်ကြာသောအခါ နှစ်တရားခံအဲလ်ဘတ်နှင့် ကြံရာပါများဖြစ်ကြသော ရောဘတ်ရှန်နွန်တို့ လင်မယားအပြင် အခြားလူဆိုးတစ်ယောက်ဖြစ်သော ဟာဗေးတို့မှာ"ထောင်ဒဏ်တသက်ကျခံစေ"ဟူ၍ စီရင်ချက်ချခြင်း ခံခဲ့ရသည်။ ရောဘတ်ရှန်နွန်၏သား အာမွန်မှာမူ ၁၀နှစ်အတွင်း ခံဝန်ချုပ်ဖြင့် ကောင်းမွန်စွာ နေစေဟူသော အမိန့်ဖြင့် လွတ်လာခဲ့သည်။

ဖထောင်ကျသူတွေ ကျကုန်ကြပြီဖြစ်သော်လည်း ဤအမှုကြီး၏ အဓိကရလက်သည် "တရားခံ"မှာ ယခုထက်တိုင် လွတ်နေဆဲပင် ရှိသေးသည်။ စုံထောက်များကလည်း သူ့နောက်သို့ အမဲလိုက်သလို အနံ့ခံ၍ လိုက်ဆဲပင်ရှိသေးသည်။

"စက်သေနတ်ကယ်လီ"သည် ဤအခဲ့တောအတွင်း အက်ဖ်ဘီအိုင်စုံထောက်များကို လွတ်အောင် ရှောင်ခဲ့သော်လည်း အချို့သော ပုဂ္ဂိုလ်များနှင့်မူ "စာအဆက်အသွယ်"မပြတ်ဘဲ ရှိနေခဲ့သည်။ သို့သော် ထိုစာများမှာ ရိုးရိုးစာများမဟုတ်ဘဲ "ခြိမ်းခြောက်"သည့်စာများ ဖြစ်သည်။

ပြန်ပေးမှုကြီးကို ရုံးတင်စစ်ဆေးနေစဉ် အတောအတွင်း ပြန်ပေး အဖွဲ့ခံခဲ့ရသည့် အားရဲလ်နှင့် ဥက္ကလာဟိုမန်သတင်းစာ အယ်ဒီတာတို့ပြင် အစိုးရရှေ့နေ မစ္စတာကျိုးဇက်ဆိုသူတို့သည် "စက်သေနတ်ကယ်လီ ထံမှ အထက်ပါ ခြိမ်းခြောက်စာများကို စာတိုက်မှ ရရှိခဲ့ကြသည်။ ယင်းစာများ အနက် ချကြီး မစ္စတာကျိုးဇက်"သည် ကယ်လီ၏ ဝန်ခံချက်သင်္ကေတ နိမိတ်မှ အစောင်



www.burmeseclassic.com

www.burmeseclassic.com



စောင်ကိုပါ ရရှိခဲ့ရာ ထိုစာထဲတွင် ကက်သရင်းက "ဤပြန်ပေးမှုတွင် သူ့မိခင်နှင့် ဖခင်(ပထွေး)တို့မှာ လုံးဝအပြစ်မရှိသူများဖြစ်ကြောင်း"ဖော်ပြလျှောက်လဲထားသည်ကို တွေ့ရသည်။

စုံထောက်များသည် ယင်းသို့ ကယ်လီထံမှ စာများကို ဖတ်ရသော်လည်း သူ့ကိုမူ အနံ့ခံ၍မရဘဲ ဖြစ်နေကြသည်။ ကယ်လီတို့လင်မယားနှင့် အဆက်အသွယ်ရှိသူများ၊ ပြန်ပေးဆွဲ၍ ရသည့်ငွေကို ရိုးရိုးသားသားဖြင့် လက်ပြောင်းလက်လွှဲ လုပ်ပေးခဲ့ကြသူများထံမှ သတင်းများအရ သူတို့လင်မယားသည် အမှုဖြစ်ပွားရာ ဥက္ကလာဟိုမားပြည်နယ်နှင့် အတော်ခပ်ဝေးဝေးတစ်နေရာသို့ ထွက်ပြေးရောက်ရှိနေကြသည်ဟု ခန့်မှန်းရသည်။

စုံထောက်များ၏ မနေမနားကြိုးစားယမ်းစား ထောက်လှမ်းမှုကြောင့် မကြာမီ "စက်သေနတ်ကယ်လီ"နှင့် ပတ်သက်၍ သတင်းအစအနတစ်ခုတစ်ခုကို ရလာခဲ့ကြသည်။ တစ်နေ့တွင် မမျှော်လင့်ဘဲ ကယ်လီတို့လင်မယားအား လမ်းခရီးတစ်နေရာတွင်"အခမဲ့"ကားမောင်း၍ ပို့ခဲ့ရသည့် ကားမောင်းသမားနှစ်ယောက်နှင့် တွေ့ဆုံမိကြရာမှ ကယ်လီသည် မင်းဖစ္စမြို့၌ "တစ်ချ်"ဆိုသူတစ်ယောက်၏ နေအိမ်တွင် ပုန်းအောင်းနေကြောင်း စုံထောက်များက သတင်းရခဲ့ကြသည်။

အနံ့ခံကောင်းသလောက် ခြေရာကောက်ကျွမ်းကျင်နေကြသည့် စုံထောက်များသည် မကြာမီ အဆိုပါ "တစ်ချ်"ဆိုသော လူသည် ဂျေစီတစ်ချိန်ဟူသောအမည်ဖြင့် မင်းဖစ္စမြို့အစွန်အဖျား၌ နေထိုင်လျက်ရှိ၍ ထိုအိမ်တွင် တရားခံဝရမ်းပြေး"စက်သေနတ်ကယ်လီ"နှင့် သူ့ဇနီးတို့ ပုန်းအောင်းနေကြကြောင်း အတိအကျ သိခဲ့ကြရသည်။

ချက်ချင်းဆိုသလိုပင် အက်ဖ်ဘီအိုင် စုံထောက်များသည် မင်းဖစ္စမြို့သို့ အပြေးအလွှားသွားရောက်၍ ထိုမြို့မှ ရဲအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းကာ မြို့အစွန်မှ တစ်ချိန်ဆိုသူ၏ နေအိမ်ကို တစ်ခုသော နံနက်ခင်းတွင်





လေးဘက်လေးတန်မှ ဝိုင်းထားလိုက်ကြသည်။

ထိုနေ့ထိုအချိန်မှာ ၁၉၃၃ ခု စက်တင်ဘာလ ၂၆ရက် နံနက်ဝေလီဝေလင်းအချိန်ပင် ဖြစ်သည်။

စုံထောက်များသည် အိမ်ကလေး၏ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ သစ်ပင်များ၊ အုတ်ခုံများနှင့် ဓာတ်တိုင်များကို အကာအကွယ်ယူကာ အိမ်ကလေးရှိရာသို့ စူးစိုက်သော မျက်လုံးအစုံတို့ဖြင့် မျက်ခြေမပြတ်ကြည့်ရင်း ချဉ်းကပ်လာခဲ့ကြသည်။

အိမ်ကလေးနှင့် ၁၀ကိုက် ၁၅ကိုက်အကွာသို့ အရောက်တွင် စုံထောက်နှစ်ယောက်သည် မြှားပစ်လိုက်သလို တဟုန်ထိုးလစ်ခနဲ ပြေးသွားကြပြီး ပိတ်ထားသည့် အိမ်ရှေ့တံခါးကို ခြေထောက်ဖြင့် တအားဆောင့်၍ ကန်လိုက်သည်။

"ဟေ့ အထဲကအကောင်တွေ အားလုံး လက်မြှောက်ထွက်ခဲ့ကြ၊ တို့အက်ဖ်ဘီအိုင် စုံထောက်တွေကွ။ မင်းတို့အိမ်ကို ဝိုင်းထားကြပြီ ကြားရဲ့လား ?"

စုံထောက်နှစ်ယောက်သည် ခြေထောက်မှ တံခါးရွက်များကို တဒုံးဒုံးမြည်အောင် ဆောင့်ကန်ရင်း ပါးစပ်မှလည်း အထက်ပါအတိုင်း အော်ဟစ်အမိန့်ပေးလိုက်ကြသည်။

အိမ်ရှေ့တံခါးရှိရာသို့ ရောက်နေကြသော အဆိုပါ စုံထောက်နှစ်ယောက်နှင့်အတူ အိမ်ပတ်ဝန်းကျင် လေးဘက်လေးတန်မှ အကာအကွယ်ယူ၍ ဝိုင်းထားကြသည့် စုံထောက်များနှင့် ရဲအဖွဲ့ဝင်အားလုံးတို့မှာ သော်ဂန်းခေါ် မောင်းပြန်သေနတ်များကိုလည်းကောင်း၊ ပြောင်းတိုရိုင်ဖယ် သေနတ်များကိုလည်းကောင်း မောင်းပြန်ပစ်စတိုသေနတ်များကိုလည်းကောင်း အသီးသီး "အသင့်"အနေအထားဖြင့် ကိုင်ဆောင်ထားလျက်ရှိကြသည်။ [illegible] တို့ ယခုမိအောင် ဖမ်းကြရမည့်သူမှာ ဤဒေသတစ်ဝိုက်တွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်လီ"ဟူ၍ "နှာမည်တစ်လုံး"ဖြင့် တစ်နယ်လုံးက ဗိမ့်ဗိမ့်တုန်အောင် ကျော်ကြားနေရသည့် လူသတ်ကောင် ဝရမ်းပြေး လူဆိုးကြီးတစ်ဦးဖြစ်သည့်ဖြင့် သွားလေရာရာ စက်သေနတ်ကို လက်ကမချဘဲ ကိုင်ထားသူတစ်ယောက်ဖြစ်ရာ မိုက်ကန်းကန်းဖြင့် အရမ်း"ဓွတ်ပစ်"ခဲ့သော မတော်တဆ အိမ်တို့မှာ ဗိုက်တွင် "အပေါက်ကလေးတွေ"နှင့် ဖြစ်ကုန်နိုင်သည် မဟုတ်ပါလော?"

သို့သော် သို့သော် ဤပြန်ပေးမှုကြီးကို ယထာဘူတကျကျ ကျိုးကြောင်းဆက်စပ်၍ ယုတ္တိဗေဒနည်းဖြင့် အဖြစ်ပျက် အခြေအနေများကို မလွဲအောင် သုံးသပ်အကဲခတ်နိုင်ခဲ့ကြသော အက်ဖ်ဘီအိုင် စုံထောက်များမှာ သည်တစ်ချီတွင် လူ့ကဲခတ်လွဲ၍ အရှက်တကွဲ အကျိုးနည်းအောင် ဖြစ်ခဲ့ကြရသည်။

အကြောင်းသော်ကား စက်သေနတ်တစ်လက်ကို သွားလေရာ လက်ကမချဘဲ ဆိုးလှသွမ်းလှ ကြမ်းလှရမ်းလှသဖြင့် "စက်သေနတ်ကယ်လီ"ဟူ၍ "နှာမည်တစ်လုံး"ရခဲ့သော သူကောင့်သား ကယ်လီသည် "တိမ်ကြားမင်းခေါင်အမည်ခံပြီး မြူမှုတ်ကြားထဲက ထွက်လာသည့်ပမာ" အိမ်ထဲမှ ကြောက်ကြောက်လန့်လန့်ဖြင့် အသံကုန်အော်၍ လက်နက်ချ အညံ့ခံခဲ့သောကြောင့်တည်း။

"မပစ်ကြပါနဲ့ဗျို့ . . ကျုပ်ကို မပစ်ကြပါနဲ့"

"စက်သေနတ်ကယ်လီ"သည် အိမ်ထဲမှ ယင်းသို့ ကြောက်အားလန့်အားဖြင့် အော်ဟစ်လက်နက်ချ အညံ့ခံခဲ့လေရာ အပြင်မှ ကယ်လီ၏ စက်သေနတ်ကျည်ဆံများကို အသည်းတထိတ်ထိတ်ဖြင့် ရင်တဖိုဖိုဖြင့် စောင့်စားရင်း အကာအကွယ်ယူ၍ နေခဲ့ကြရသော စုံထောက်များမှာ ရုတ်တရက်သော် ကြောင်နေမိကြသည်။ နောက်မှ "စက်သေနတ်ကယ်လီ"ဟူသော နှာမည်ကြီးကို အကြောင်းပြု၍ ခပ်စောစောက ခပ်ရှိန်းရှိန်း ခပ်ဖိန်း



ဖိန်းဖြစ်မိခဲ့ကြသည့် မိမိတို့၏ အဖြစ်မှန်ကို ယခုမှ ပြန်တွေးမိကြပြီး အိမ်ထဲမှ လက်နှစ်ဖက်စုံမြှောက်၍ ထွက်လာသော ကယ်လီအား ခပ်ရှက်ရှက် ခပ်ကြောင်ကြောင်နှင့်ပင် အသာအယာ "လက်ထိပ်စာ"ကျွေးလိုက်ကြရသည်။

"စက်သေနတ်ကယ်လီ"ဟူသော နှာမည်ကြီး"တစ်လုံး"ဖြင့် နေလာခဲ့ပြီးမှ ယခုကဲ့သို့ လမ်းကြိုလမ်းကြားမှ"တိန်းစား"တစ်ယောက်ပမာ လက်မြှောက်၍ အညံ့ခံခဲ့ရှာသည့် ကယ်လီအား စုံထောက်များက မည်သို့ သဘောထားသည်ကို မသိရသော်လည်း ထိုစဉ်က ထိုအိမ်ထဲတွင် သူနှင့် အတူရှိနေသည့် သူ့ဇနီး ကက်သရင်းကယ်လီကမူ"ရှင်ဟာ တကယ်တော့ ကြွက်စုတ်တစ်ကောင်လို အင်မတန် သတ္တိကြောင်တာပဲ၊ ရှင်ဒီလိုလုပ်လိုက်တာဟာ ကျွန်မတို့မိသားစုမျက်နှာကို အိုးမဲသုတ်တာနဲ့ အတူတူပဲ သိရဲ့လား"ဟူ၍ ဒေါသထွက်ကာ ကက်ကက်လန်အောင် ရန်တောင်ဖြစ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ကက်သရင်းသည် သူ့ယောကျ်ားကယ်လီနှင့် အတူပင် အဖမ်းခံခဲ့ရပြီး ပြစ်မှုထင်ရှားသဖြင့် ၁၉၃၃ ခု၊ အောက်တိုဘာလ ၁၂ရက်နေ့တွင် လင်မယားနှစ်ယောက်စလုံး"ထောင်ဒဏ်တစ်သက်"စီရင်ခြင်း ခံခဲ့ကြရသည်။

ဤအတောအတွင်း အက်ဖ်ဘီအိုင်စုံထောက်များသည် ဤပြန်ပေးမှုကြီးကို တရင်းပိတ်သည့်အနေဖြင့် တရားခံ ကယ်လီတို့အား [illegible] အားပေးခဲ့သူများကို မီးခိုးကြွက်လျှောက် လိုက်လံဖမ်းဆီးခဲ့ရာ ပြန်[illegible] လက်သို့ ပေးခဲ့ရသည့် ဒေါ်လာ ၂သိန်းအနက် စုစုပေါင်း ဒေါ်လာ [illegible] ကို ပြန်လည်ရရှိခဲ့သည်။ နောက်ဆုံး တရင်းပိတ်သည့်အနေ [illegible] ၌ ဤအမှုကြီးနှင့်ပတ်သက်၍ လူပေါင်း ၂၁ယောက်တိတိ [illegible] ယူအပြစ်ပေးခဲ့ရာ ၆ယောက်မှာ ထောင်ဒဏ်တစ်သက် [illegible]

www.burmeseclassic.com



၁၅ကျော်မှာ ၁နှစ်မှ ၈နှစ်အတွင်း အသီးသီး အပြစ်ရခဲ့ကြ၍ စုစုပေါင်း ထောင်ဒဏ် ၄၈နှစ် ၂လနှင့် ၃ရက်တိတိ ဖြစ်သည်။

ထောင်ဒဏ်တစ်သက် ကျခံနေကြရစဉ်အတွင်း ကယ်လီထက် ပို၍ ပညာအရည်အချင်းရှိဟန်တူသော သူ့ဇနီး ကက်သရင်းသည် ထောင်ထဲတွင် ထုတ်ဝေသည့် "အကျဉ်းသမားသတင်းစာ"၏ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သေးသည်။ သူမသည် ထိုသတင်းစာတွင် ခေါင်းကြီးများ ဆောင်းပါးများသာမက၊ ကဗျာများပင် စပ်ဆိုရေးသား ထည့်သွင်းခဲ့သည်။ ထို့ပြင် သူမသည် ကယ်လီနှင့်အတူနေ၍ ပြန်ပေးမှုများ ကျူးလွန်ခဲ့စဉ်က သတင်းစာများထဲမှ အချိန်းအချက်ပေးသည့်အနေဖြင့် "အလိုရှိသည်" "ရောင်းရန်ရှိသည်"ဟူသော ကြော်ငြာများကို သတိရမိ၍လား မသိ၊ တစ်ခါက "အကျဉ်းသားသတင်းစာ"တွင် "အလိုရှိသည်"ဟူသော ခေါင်းစဉ်ဖြင့် ရယ်ရွှင်ဖွယ်ကြော်ငြာတစ်ခုကို ရေးသားဖော်ပြခဲ့သည်။ အဆိုပါ "အလိုရှိသည်"ဟူသော ကြော်ငြာမှာ "စိတ်ဆင်းရဲစရာ ကောင်းလှသည့် အချိန်များကို စိတ်ချမ်းချမ်းသာသာဖြင့် ကုန်ဆုံးစေရန်အတွက် လော့အိန်ဂျလီးစ်မြို့မှ အလှပြုပြင်ရေး ဆိုင်တစ်ဆိုင်တွင် ငါးနှစ်လျှင်တစ်ကြိမ်ကျ တစ်ကြိမ် လျှင် ရက်ပေါင်းသုံးဆယ် အခမဲ့သွား၍ အပန်းဖြေရန် အကုန်အကျခံ၍ ပို့ပေးမည့်သူများ အလိုရှိသည်"ဟူ၍ ပါရှိခဲ့ရာ ထိုကြော်ငြာကို ဖတ်ရသည့် အမျိုးသမီးအကျဉ်းသားများမှာ တဟားဟားဖြင့် ပွဲကျမဆုံးအောင် ဖြစ်ခဲ့ကြရသည်။

ထို့နောက် ထောင်တွင်း အယ်ဒီတာ ကက်သလင်းသည် ထောင်ထဲတွင် ၂၅နှစ်တိုင်တိုင် နေခဲ့ရပြီး ၁၉၅၈ ခုနှစ်တွင် ဒေါ်လာတစ်သောင်းတန် အာမခံဖြင့် ထောင်မှ လွတ်လာခဲ့သည်။

သူမအတွက် ထောင်မှ ယင်းသို့လွတ်ရက်ရှိခဲ့သော်လည်း သူမ၏ ယောကျ်ားကယ်လီမှာမူ လုံးဝလွတ်ရက်မရှိတော့ဘဲ ဖြစ်ခဲ့ရသည်။ အကြောင်း





သော်မူ ကယ်လီသည် ၁၉၅၄ ခုနှစ် ဂျူလိုင်လ ၁၇ရက်နေ့ကပင် ထောင်ထဲ၌ နှလုံးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီ ဖြစ်သောကြောင့်တည်း။

ဤသို့ဖြင့် ဤပြန်ပေးမှုကြီး၏ တစ်တရားခံ ကယ်လီသည် ထောင်ထဲမှာပင် ဘဝဆုံးခဲ့ရ၍ "စက်သေနတ်ကယ်လီ"ဟူသော "နာမည် တစ်လုံး"မှာလည်း ဤနေရာတွင် နိဂုံးချုပ်ခဲ့ရသည်။

သူ့အတွက် ယင်းသို့ "စက်သေနတ်ကယ်လီ"ဟူသော "နာမည် တစ်လုံး"ဆုံးခဲ့ရသော်လည်း အက်ဖ်ဘီအိုင်အဖွဲ့ကြီးမှာမူ သူပေးခဲ့သည့် "နာမည်တစ်လုံး"ဖြင့် အမေရိကန်ပြည်ထောင်စု တဝှမ်းလုံးတွင် ထင်ပေါ်ကျော်ကြားလာခဲ့သည်။ ထိုနာမည်မှာ အခြားမဟုတ် ၁၉၃၃ ခု၊ စက်တင်ဘာလ ၂၆ရက်နေ့ နံနက်က သူ့အား စုံထောက်များ ဝိုင်းဖမ်းခဲ့ကြစဉ်က "မပစ်ကြပါနဲ့ ကျုပ်ကို မပစ်ကြပါနဲ့"ဟူ၍ ကြောက်လန့်တကြား ဟစ်အော်ခဲ့သည့်အထဲမှ "ဂျီမင်း"ဟူသော အမည်ပင်ဖြစ်သည်။

ထိုစဉ်က ကယ်လီသည် ကြောက်အားလန့်အားဖြင့် စုံထောက်များအား "ဂျီမင်း"(G-Men: Government Men) အတိုကောက် ခေါ်လိုက်မိရာက ထိုအချိန် ထိုအခါမှစ၍ အက်ဖ်ဘီအိုင် စုံထောက်များသည် ကယ်လီခေါ်ခဲ့သည့်အတိုင်း "ဂျီမင်း"ဟူ၍ နာမည်တွင် လာခဲ့ကြသည်။

ယခုအခါ အမေရိကန်ပြည်ထောင်စုတဝှမ်းလုံးမှ တနယ်ဝင်များတွင် ရေးသားကြရာ၌လည်းကောင်း၊ အမေရိကန် အမျိုးသားများနှုတ်မှ ပြောကြားရာ၌လည်းကောင်း "ဂျီမင်း"ဟူသော ဝေါဟာရသစ်တစ်လုံး ထွန်းနေပြီဖြစ်၍ အဆိုပါ "ဂျီမင်း"မှာ အခြားသူမဟုတ်၊ အက်ဖ်ဘီအိုင်စုံထောက်များကို ဆိုလိုကြောင်း၊ သွားများကျိုးနေသည့် အမေရိကန်[illegible] အဘွားကြီးများမှအစ စကားပြောတတ်ခါစ ကလေးသူငယ်များအထိ [illegible] နားလည်နေကြပြီ ဖြစ်သည်။

သို့ဖြစ်ရာ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀လောက်(၁၉၃၃ [illegible])က



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ္ဏလာဘတိုဓာမြို့မှ ရေနံတွင်း သူဌေးကြီး အားရှဲလ်အား "စက်သေနတ်ထယ်လီ" အမည်ရှိ လူဆိုးတစ်ယောက်က ပြန်ပေးဆွဲခဲ့သည့် အထက်ပါ အမှုကြီးသည် ယခုအခါ အက်ဖ်ဘီအိုင်စုံထောက်ဌာနချုပ်မှ မှုခင်းဖိုင်တွဲတွင် သမိုင်းဝင် မှုခင်းတစ်ခုအဖြစ် မှတ်တမ်းတင်ခဲ့ကြ၍ ယင်းမှတ်တမ်းနှင့်အတူ အက်ဖ်ဘီအိုင်စုံထောက်များသည် "ဂျီမင်း" ဟူသော သမိုင်းဝင် "နာမည်တစ်လုံး" ကို အမှတ်မထင် ရရှိလာခဲ့ကြသည် ဟူသတတ်။

*****





## မိုင်ပေါင်း ၂၅,၀၀၀ ဝေးအောင် အပြေးသန်လှသော "မိုးပျံဘတ်ဓားပြ"

သူ့နာမည်အရင်းမှာ ဖရင့်စပရင့်ဖြစ်၏။ သို့သော် သူ့ကို အမေရိကန်စာနယ်ဇင်းများနှင့် အက်ဖ်ဘီအိုင်စုံထောက်များက "မိုးပျံဘတ်ဓားပြ" ဟူ၍ရေးသားခေါ်ဝေါ်ကြ၏။ သူသည်လုယက်မှုတစ်ခုဖြင့် ထောင်ကျနေရာမှ ထောင်ဖောက်၍ ထွက်ပြေးခဲ့၏။ ထောင်မှ ထွက်ပြေးရာတွင် မော်တော်ကားများကို တစ်စီးပြီးတစ်စီး ခိုးမောင်း၍ ပြည်နယ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းပြေးလွှားရင်း နောက်ဆုံး ဘတ်တိုက်တစ်ခုကို ဝင်စီးကာ လေယာဉ်ပျံဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရာမှ "မိုးပျံဘတ်ဓားပြဟူ" ၍ နာမည်ရလာခဲ့၏။ တရားဥပဒေကို ကျော်နိုင်း၍ တိုင်းပြည်အနှံ့ တိမ်းရှောင်ပြေးလွှားခဲ့ရာ၌ သူသည် မော်တော်ကား ၂၉စီးကို ခိုး၍ မောင်းပြေးခဲ့ပြီး၊ လေယာဉ်ပျံသုံးစင်းကိုပါ တစ်စင်းပြီးတစ်စင်း မောင်းနှင်ထွက်ပြေးခဲ့၏။ နောက်ဆုံး၌ သူပြေးခဲ့သည့်ခရီးမှာ မိုင်ပေါင်း ၂၅,၀၀၀ကျော်၍ သူ့ကို မူလထောင်မှ ထွက်ပြေးသည့်နေရာနှင့် မိုင်ပေါင်း ၄၀၀၀ ခန့်ဝေးသည့် အရပ်၌ ဖမ်းမိခဲ့၏။ သို့ဖြင့်ပင် "မိုးပျံဘတ်ဓားပြ" ၏ အမှုသည် သမိုင်းဝင်တစ်ခု ဖြစ်လာခဲ့၏။ သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်သွားသွား၊ ကျွန်တော် သွားလေရာနောက်ကို အက်ဖ်ဘီအိုင်စုံထောက်တွေက လိုက်နေကြတယ်လို့ပဲ စိတ်ထဲက ထင်နေမိတယ်၊ အဲဒီလိုထင်မိလို့လည်း ဘာမှ ရည်ရွယ်ချက်မရှိဘဲ ခြေဦးတည့်ရာ လျှောက်ပြေးခဲ့တာပဲ၊ နောက်ဆုံး အက်ဖ်ဘီအိုင် စုံထောက်တွေမရှိတဲ့ နေရာရောက်ရင် ပြီးရောဆိုပြီး စွတ်ပြေးခဲ့တာ ဒါပေမဲ့…ဒါပေမဲ့…အဲဒီ နေရာမျိုးကို ရှာမတွေ့ခဲ့ပါဘူးဗျာ…"

လက်ထိပ်တန်းလန်းဖြင့် သူ့ကိုယ်သူ မကျေမချမ်းဖြစ်ကာ အထက်ပါအတိုင်း ညည်းညည်းညူညူ ပြောရှာသူမှာ ဖရင့်စပရင့်ဆိုသူပင် ဖြစ်သည်။

သူသည် အက်ဖ်ဘီအိုင်ဌာနချုပ်မှ* "အရေးတကြီး အလိုရှိသည်" ဟူ၍ မကြာခဏ ကြော်ငြာခဲ့ရသည့် ဝရမ်းပြေးလူဆိုး"ဆယ်ဦး" ဝင် စာရင်းများအနက် ရှေ့တန်းမှ ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ယင်းသို့ ထိပ်





တန်း"လူဆိုးဆယ်ဦး"တွင် စာရင်းဝင်ဖြစ်ခဲ့ပြီး သူကျူးလွန်ခဲ့သည့် ရာဇဝတ်ပြစ်မှုများကို အက်ဖ်ဘီအိုင် မှုခင်းသမိုင်းတွင် မှတ်တမ်းတင်ခဲ့ရသည့် ပြင်၊ အမေရိကန် စာနယ်ဇင်းများက သူ့အား "မိုးပျံဘဏ်ဓားပြ"ဟူသော "ဘွဲ့ထူး"ဖြင့် ချီးမြှင့်မြှောက်စားခြင်း ခံခဲ့ရသူတစ်ယောက်လည်း ဖြစ်သည်။

မှန်သည်။ ဖရင့်စပရင့်သည် "မိုးပျံဘဏ်ဓားပြ"ဟူသော ဘွဲ့ထူး ဂုဏ်ထူးဖြင့် ချီးကျူးခြင်းခံရလောက်အောင်ပင်၊ ဓားပြမှုများကို ကျူးလွန်၍ ထွက်ပြေးရာ၌ မော်တော်ကားများကို တစ်စင်းပြီးတစ်စင်းခိုး၍ တစ်ခါ ဝယ်၍တစ်လှည့် စီးခဲ့ရုံမကဘဲ ရေယာဉ်ပျံနှင့် လေယာဉ်ပျံများကိုပါ ခိုး၍ တစ်ဖုံ၊ ဝယ်၍တစ်နည်း အမျိုးမျိုးစီး၍ မိုင်ပေါင်းထောင်ပေါင်းများစွာ ပြေးလွှားတိမ်း ရှောင်ခဲ့သူ ဖြစ်သည်။

အက်ဖ်ဘီအိုင်စုံထောက်များ၏ ဘေးမှလွတ်အောင် ပြေးရင်း ခြေကုန်သုတ်ခဲ့ရသည့် "မာရသွန်အပြေးသမား"စပရင့်အား "တာလွှတ်"လိုက်သည့်အချိန်မှာ ၁၉၅၈ ခုနှစ်၊ ဧပြီလ ၁၆ရက်နေ့ နံနက်ဝေလီဝေလင်း အချိန်ပင် ဖြစ်သည်။ "တာလွှတ်"သည့်နေရာမှာမူ အမေရိကန် ပြည်ထောင်စုအရှေ့ပိုင်း အိုဟိုင်ယိုပြည်နယ် အက်ကရွန်ခရိုင်မျ အကျဉ်းထောင်ကြီး တွင် ဖြစ်သည်။

---

* အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းလုံးတွင် လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု မုဒိမ်းမှုစသည့် ရာဇဝတ်မှုကြီးများကို ကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေကြများအနက်မှ အမှုကြီးလျှင်ကြီးသလို ရွေးချယ်ကာ အက်ဖ်ဘီအိုင် ဌာနချုပ်မှ "အရေးတကြီး အလိုရှိသော လူဆိုးဆယ်ဦး"ဟူ၍ ၎င်းတို့ဓာတ်ပုံနှင့်တကွ ကြေညာချက် ထုတ်ပြန်လေ့ရှိသည်။ အကယ်၍ ဤဆယ်ဦးအနက် တစ်ယောက်ယောက်ကို ဖမ်းမိခဲ့ပါက အခြားနောက်တစ်ယောက်က အစားထိုး၍ ဤကြေညာချက်ကို အမြဲတမ်း ထုတ်ပြန်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုင် စားပြမှုတစ်ခုကို ကျူးလွန်ခဲ့ရာမှ ဖမ်းဆီးမိခဲ့ပြီး အမှုစစ်ဆေးနေစဉ်အတွင်း စပရင့်သည် အခဆိုပါ အကျဉ်းထောင်ကြီးမှ အဆိုပါနေ့ရက်တွင် ထောင်ဖောက်၍ ထွက်ပြေးခဲ့ခြင်း ဖြစ်သည်။

စပရင့်သည် ထောင်ထဲတွင် သူအိပ်သည့် သံခုတင်မှ အပိုင်းအစ တစ်ခုကို ချိုး၍ အရေကျိုပြီး သော့တူတစ်ခုကို ရအောင်ပုံလောင်းပြုလုပ်ခဲ့သည်။ ထို့နောက် သူသည် သော့ခလောက်နှစ်ခု ခတ်လော့ရှိသည့် ထောင်ကြပ်အား ထိုနေ့တွင်မှ မေ့လျော့သည့်ဟန်ဖြင့် သူ့အခန်းကို သော့ခလောက်တစ်ခုတည်းခပ်အောင် "စည်းရုံး၍" ကျန်သော့ခလောက်ကို သော့တူဖြင့် ဖွင့်သည်။ ထို့နောက် သူနှင့်အတူ အချုပ်ခန်းထဲမှ ကြံဖော်ကြံဖက်လေးယောက်တို့ပါ ထွက်လာကြသည်။ သူတို့သည် အခန်းထဲရှိ အခြားအကျဉ်းသားများကိုမူ ညည့်ဦးပိုင်းလောက်ကပင် ကော်ဖီပူပူခါးခါးကို အိပ်ဆေးများခတ်၍ တိုက်ထားခဲ့သဖြင့် "အားလုံးအတုံးအရုံး" အိပ်ပျော်လျက်ရှိနေကြသည်။

ထို့နောက် သူတို့ငါးယောက်သည် အိပ်ထောင်မှ ထောင်မှူးသုံးယောက်ကို အလစ်တွင် မလှုပ်နိုင်အောင် ခုန်အုပ်၍ ဖမ်းချုပ်ခဲ့ကြပြီး ၎င်းတို့ခါးကြားမှ ပွိုင့် ၃၈ ခြောက်လုံးပြူးနှစ်လက်နှင့် နံရံမှ ပြောင်းတိုရိုင်ဖယ်တစ်လက်ကို ဆွဲ၍ ထွက်လာခဲ့ကြသည်။ အိပ်ထောင်အပြင်ဘက်သို့ ရောက်သောအခါ အဆင်သင့်တွေ့ရသည့် ထောင်ကားနှစ်စီးပေါ်သို့တက်ကာ၊ ဘူးဝမှ ပိတ်ထားသောတံခါးကို ကားခေါင်းဖြင့် တအားမောင်း၍ ဆောင့်ဖွင့်ပြီး တချိုးတည်း လစ်ပြေးကြသည်။ ဤနောက်ပိုင်းတွင် သံချောင်းခေါက်၍ အချက်ပေးသံများနှင့်အတူ ထောက်လှန်းသည့် သေနတ်သံများသည် တစ်ထောင်လုံး ဆူညံ၍ ကျန်ရစ်ခဲ့သည်။

သို့သော် ယင်းသို့ "အကြံအဖန်"များဖြင့် သက်စွန့်ဆံဖျား ကြိုးစား၍ ထောင်ဖောက်ပြေးလာခဲ့ကြရပြီးမှ ၎င်းတို့ငါးယောက်တွင် "ကံဆိုးသူမောင်ရှင်"တစ်ယောက်မှာ နာရီပိုင်းအတွင်း ပြန်အဖမ်းခံခဲ့ရပြီး "ကံကုန်





သူမောင်ရှင်"တစ်ယောက်မှာမူ ရဲသားတစ်ယောက်လက်ချက်ဖြင့် အသေပစ်သတ်ခြင်း ခံခဲ့ရသည်။

အခြားကားတစ်စီးဖြင့် ထွက်ပြေးလာခဲ့ကြသည့် စပရင့်နှင့်အခြား အကျဉ်းသားနှစ်ယောက်သည် တစ်နေရာတွင် ၎င်းတို့စီးလာသည့် ထောင်ကားကို လမ်းဘေးတွင် ပစ်ထားခဲ့ကြပြီး အခြားကားတစ်စီးတိုနိုး၍ ဆက်လက်ထွက်ပြေးခဲ့ကြသည်။ "လူတစ်ကိုယ် ကားတစ်စီး"မျှမကဘဲ လူတစ်ယောက်လျှင် ကားသုံးလေးစီးရှိနေကြသည်အထိ မော်တော်ကားများ ပေါ်များလှသည့် အမေရိကန်ပြည်ထောင်စုကြီးတွင် မော်တော်ကားများကို တစ်စီးပြီးတစ်စီး "ရေလဲနှင့်"စီးကာ၊ ရာဇဝတ်ဘေးမှ လွတ်အောင်ပြေးခဲ့သည့် စပရင့်၏ ဇာတ်လမ်းသည် ဤနေရာမှ စတင်ခဲ့လေသည်။

စပရင့်နှင့် အခြားထောင်ပြေးနှစ်ယောက်တို့သည် ထိုသို့ ခိုးရာပါကားဖြင့် အက်ကရွန်မြို့နှင့် ၁၅မိုင်ခန့်ဝေးသည့် စတတ်မြို့မှ ကစားဝိုင်းတစ်ခုသို့ ရောက်သွားကြသည်။ ထိုနေရာတွင် သူတို့စီးလာသည့်ကားကိုထားပစ်ခဲ့ကြပြီး ကစားဝိုင်းအပြင်ဘက်တွင် ထိုးထားသည့် ကားတစ်စီးပေါ်မှလူကို သေနတ်ဖြင့်ချိန်ကာ ထိုကားကိုမောင်း၍ ထွက်ပြေးခဲ့ကြပြန်သည်။ ထိုမှတဖန် ဟာကျိုးနီးကားပြည်နယ်မှ ဘာလ်တီမိုးသို့ ရောက်လာခဲ့ကြရာ ဘာလ်တီမိုးမှ ရဲအဖွဲ့ဝင်များက မသင်္ကာသဖြင့် နောက်ယောင်ခံ၍ လိုက်ကြသည်။ စပရင့်သည် သူ့"ရဲဘက်"နှစ်ယောက်နှင့်အတူ လွတ်အောင်မောင်းပြေးရန် ကြိုးစားသေးသည်။ သို့သော် တစ်နေရာတွင် ရှေ့ပေါက်မရှိတော့ဘဲ ကားလမ်းဆုံးနေ၍ ချောင်ပိတ်မိနေကြသည်။ ဤတွင် စပရင့်နှင့် အကျဉ်းသားတစ်ယောက်သည် ကားပေါ်မှ ခုန်ချ၍ တကွဲတပြားစီ ထွက်ပြေးခဲ့ကြရပြီး ကျန်အကျဉ်းသားတစ်ယောက်မှာမူ မပြေးနိုင်တော့ဘဲ အမိခံလိုက်ရသည်။

တကွဲတပြားစီ ထွက်ပြေးလာခဲ့ကြသော ထောင်ပြေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



*

အနက် စပရင့်မှာ ခပ်လှမ်းလှမ်းတစ်နေရာမှ အိမ်တစ်အိမ်သို့ ရောက်သွားသည်။ သူသည် အိမ်ထဲသို့ ခပ်တည်တည်ဝင်သွားရာ ကံအားလျော်စွာ အိမ်သားတစ်ယောက်မှ မတွေ့ရဘဲ ဖြစ်နေသည်။ ဤတွင်မှ သုံးရက်လုံးလုံး ရေမချိုးဘဲ ဖြစ်နေသည့် စပရင့်သည် အိမ်ရှင်မတွေ့ရသော ထိုအိမ်ကို "ကိုယ့်အိမ်ကိုယ့်ယာမှတ်ကာ ရေချိုးခြင်း၊ မုတ်ဆိတ်ရိတ် ကျင်စွယ်များရိတ်ခြင်းစသည့် ကိုယ်လက်သန့်စင်ခြင်းအမှုကို ပြုနေလိုက်သေးသည်။ ထို့နောက် အိမ်ခန်းတွင်းရှိ ဗီရိုထဲမှ အဝတ်အစားများကိုလဲကာ အိမ်ရှင်ပြန်မရောက်မီ ခပ်တည်တည်ပြန်ထွက်လာခဲ့သည်။

စပရင့်သည် ထောင်မှ ထွက်ပြေးခဲ့ရာ၌ ခိုးရာပါမော်တော်ကားကို ပြည်နယ်တစ်ခုမှတစ်ခုသို့ မောင်းပြေးခဲ့သဖြင့် သူ့အမှုသည် ပြည်နယ်ရဲအဖွဲ့နှင့်သာ မပြီးတော့ဘဲ ပြည်ထောင်စု တစ်ဝန်းလုံးအတွက် တာဝန်ယူရသည့် အက်ဖ်ဘီအိုင်အဖွဲ့ကြီးလက်သို့ ရောက်ရှိလာခဲ့သည်။

စုံထောက်များသည် ထုံးစံအတိုင်း ထောင်ပြေးများအား နောက်ဆုံးတွေ့ရှိခဲ့ကြရသည့် နော်ဖော့မြို့ အနီးအနားတစ်ဝိုက်မှ လူပေါင်း ၅၀ ကျော်တို့ကို တစ်အိမ်တက်ဆင်း သွားရောက်တွေ့ဆုံ၍ စုံစမ်းမေးမြန်းခဲ့ကြသည်။ ဘတ်စ်ကားလမ်းဆုံများ၊ မီးရထား ဘူတာရုံများနှင့် လေဆိပ်များတွင်လည်း အစောင့်များ ချထားခဲ့ကြသည်။ နော်ဖော့မြို့တွင်းသို့ မော်တော်ကား အဝင်အထွက်မှန်သမျှကိုလည်း တားဆီးစစ်ဆေး၍ လမ်းတွင် ကားကြုံစီးသည့် ခရီးသည်များ တွေ့မတွေ့ မေးမြန်းကြည့်ကြသည်။

ဤအတောအတွင်း စုံထောက်များသည် သတင်းအတိအကျရခဲ့သဖြင့် အိုဟိုင်ယိုပြည်နယ် မြောက်ပိုင်းမျှတစ်ဆင့် မီချီဂန်ပြည်နယ် ဒက်ထရိုက်မြို့အထိ ခြေရာခံ၍လိုက်ခဲ့ကြရာ စပရင့်လောက် ဇွဲကောင်းဟန်မတူသည့် ထောင်ပြေး ရစ်ချတ်သည် ရှေ့ဆက်၍ မပြေးတော့ဘဲ ဒက်ထရိုက်မြို့မှာပင် လက်နက်ချ အဖမ်းခံခဲ့သည်။





နော်ဖော့မြို့ ရဲအဖွဲ့ဝင်များလက်မှ "လက်မတင်"ကလေး ထွက်ပြေးပြီးနောက် နှစ်လနီးပါးမျှ နောက်ထပ် ဘာသတင်းမှ မကြားရတော့ဘဲ စပရင့်တစ်ယောက် ပျောက်ချက်သားကောင်းနေခဲ့သည်။ သူ့သတင်းမှာ ငြိမ်ချက်သား ကောင်းနေခဲ့သည်။ ထို့နောက် ၁၉၅၈ ခု၊ ဂျွန်လ ၁၀ရက်နေ့တွင် ဝရမ်းပြေးကြီး စပရင့်သည် သူ့သားနှစ်ယောက်ရှိသည့်အနက် ၄လနှစ်အရွယ်ရှိ သားဖြစ်သူထံ "မွေးနေ့လက်ဆောင်ကတ်ပြား" တစ်ခု ပို့လိုက်သည်။ သူ့သားများမှာ မိခင်ဖြစ်သူနှင့်အတူ ကာလီဖလင်းမြို့တွင် နေထိုင်လျက်ရှိကြသည်။

မွေးနေ့ မွေးရက်များကို အမှတ်တရ အမြတ်တနိုးထားဟန်တူသော စပရင့်သည် မျှားမကြာမီ "မွေးနေ့လက်ဆောင်ကတ်" တစ်ခုကို အက်ကရွန်မြို့မှ မိမိ၏ကလေး မိတ်ဆွေတစ်ယောက်ထံ ပို့လိုက်ပြန်သည်။ သို့သော် ယခုပို့သည့် "မွေးနေ့လက်ဆောင်"မှာ ကွန်နက်တီကက်ပြည်နယ် ရှာဝွန်မြို့မှ ထည့်လိုက်ခြင်းဖြစ်သည်။

ထို့နောက် ၁၉၅၈ ခု၊ အောက်တိုဘာလ ၁၄ရက်နေ့တွင် မိန်းပြည်နယ် ပို့တ်လင်းမြို့ ရဲဌာနမှ အရာရှိတစ်ဦးသည် အပေါင်ဆိုင်တစ်ဆိုင်မှ မသင်္ကာဖွယ်ရာ ပစ္စည်းတစ်ခုကို တွေ့ရှိရသဖြင့် စုံစမ်းစစ်ဆေးကြည့်သည်။ ယင်းပစ္စည်းမှာ ဖွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်တစ်လက်ဖြစ်၍ ယင်းသေနတ်မှာ စပရင့်တို့လူစု ထောင်မှ ထွက်ပြေးခဲ့ကြစဉ်က ပါသွားသည့် သေနတ်ဖြစ်နေသည်ကို တွေ့ရသည်။ အပေါင်ဆိုင်ပိုင်ရှင်က "ဤခြောက်လုံးပြူးသေနတ်ကို ဧပြီလ နောက်ပိုင်းလောက်က လူတစ်ယောက်လာရောက်*ပေါင်နှံခဲ့ခြင်းဖြစ်၍ ထိုလူ၏ အမည်မှာ "ဟာနီဆယ်" [illegible]

* အမေရိကန်ပြည်ထောင်စုတွင် လက်နက်များကို အရွယ်ရောက်သူတိုင်း လွတ်လပ်စွာ ဝယ်ယူနိုင်ခွင့်ရှိကြ၍ ယင်းတို့ကို အပေါင်ဆိုင်များ၌ ပေါင်နှံခွင့်လည်းရှိကြသည်။

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ရဲနှင့် စုံထောက်များအား အစစ်ခံသည်။

တစ်နေ့တွင် အခြားတစ်နေရာမှ တစ်စုံတစ်ရာ ထူးခြားသည့် သတင်းတစ်ခု ရောက်လာသည် အောက်တိုဘာလ ၂၀ရက်နေ့တွင် စနီ တိုမစ်ခရိုင်မှ ရဲလုံခြုံရေးအရာရှိတစ်ယောက်က စုံထောက်များအား မသ င်္ကာစရာကောင်းသည့် "တော့စ်ကာနီ"အမည်ရှိ လူတစ်ယောက်အကြောင်း တို သတင်းပို့လာသည်။ ရဲအရာရှိ၏ ပြောပြချက်အရ အဆိုပါ တော့စကာ နီသည် မြေပိုင်ရှင် အမျိုးသမီးကြီးတစ်ယောက်ဖြစ်သော အဲလ်ဒါဝိုဆိုသူ ထံ မိတ်ဆွေအဖြစ် ဝင်ထွက်သွားလာနေရာမှ ရုတ်တရက် ပျောက်ကွယ် သွားခဲ့သည်။ သူပျောက်သွားပြီးနောက် မကြာမီ အဆိုပါမြေပိုင်ရှင် အမျိုး သမီးကြီး၏ သားဖြစ်သူထံ စာတိုက်မှ "မွေးနေ့လက်ဆောင်ကတ်"တစ်ခု ရောက်လာခဲ့သည်။ ထိုမွေးနေ့လက်ဆောင်ကပ်တွင်တော့ ကာစနီက "ရုတ် တရက် နှုတ်မဆက်ဘဲ ထွက်လာခဲ့ရတဲ့အတွက် ဝမ်းနည်းပါတယ်။ အခု လောက်ဆိုရင် ငါဘယ်သူဘယ်ဝါဆိုတာ သိရောပေါ့။ တကယ်လို့ မသိသေးဘူးဆိုရင်လည်း မင်းတို့အိမ်နဲ့ အနီးဆုံးစာတိုက်ရှိရာကို သွားကြည့်ပါ။ အဲဒီမှာ ငါ့ဓာတ်ပုံကို တွေ့လိမ့်မယ်"ဟူ၍ ရေးထည့်လိုက်သည်။ အဆိုပါ "မွေးနေ့လက်ဆောင်ကတ်"မှာ အောက်တိုဘာ ၅ရက်နေ့စွဲဖြင့် ကလီဖ်လင်း မြို့မှ ပို့လိုက်ခြင်း ဖြစ်သည်။

မြေပိုင်ရှင်အမျိုးသမီးကြီး၏ သားကလေးသည် မွေးနေ့ကတ်တွင် ရေးသားထားသည့် စာအရ သူတို့မြို့မှ စာတိုက်ရှိရာသို့ အပြေးအလွှားပင် သွားကြည့်သည်။ ဤတွင်မှ သူတို့အိမ်သို့ ဝင်ထွက်သွားလာနေခဲ့သည့် "တော့စ်ကာနီ"သည် အခြားလူမဟုတ် ထောင်ထွက်ဝရမ်းပြေး လူဆိုးကြီး "စပရင့်"ဖြစ်နေကြောင်း သိရတော့သည်။

စနီဟိုမစ်ခရိုင်မှ ရဲအရာရှိ၏ အထက်ပါသတင်းနှင့် စောစောပိုင်း က ရရှိထားကြသည့် သတင်းများအရ၊ ယခုအခါ"မွေးနေ့လက်ဆောင်ကတ်"





များသည် ထောင်ထွက်ဝရမ်းပြေး စပရင့်၏ အမှတ်တံဆိပ်များ ဖြစ်နေကြ သည်။

စပရင့်နှင့် ပတ်သက်၍ နောက်ထပ်"ခြေရာ"တစ်ခုကို ဆီးတဲလ် မြို့တွင် ထပ်မံတွေ့ကြရပြန်သည်။ စပရင့်သည် တော့စကာနီဟူသောအမည် ဖြင့်ပင် ဆီးတဲလ်မြို့ရှိ လူတစ်ယောက်ထံမှ မော်တော်ကားတစ်စီးဝယ်သွား ပြီး ကျသင့်ငွေကို ချက်လက်မှတ်တစ်စောင်ပေးထားခဲ့သည်။ သို့သော် ကားရောင်းလိုက်သူက နှစ်ရက်သုံးရက်အကြာ ဘဏ်တိုက်သို့သွား၍ ငွေ ထုတ်သောအခါ ဘဏ်တိုက်က ထိုချက်လက်မှတ်အတွက် ပေးရန်ငွေမရှိ ပါဟူ၍ ပြန်ကြားလိုက်သည်။ တော့စကာနီအမည်ခံ စပရင့်သည် အဆိုပါ ကားကို စက်တင်ဘာလ ၁၅ရက်နေ့တွင်ဝယ်ပြီး ၁၆ရက်နေ့မှာပင် ထိုမြို့ က ထွက်သွားခဲ့သည်။ သို့ထွက်သွားရာတွင်လည်း ရှုပ်သည်ထက်ရှုပ်အောင် သူဝယ်ထားသည့်ကားကို မော်တော်ကား အဟောင်းအရောင်းအဝယ်လုပ် သည့် ဌာနတစ်ခုသို့ ရောင်းထားခဲ့ပြီး အခြားလူတစ်ယောက်၏ ကားတစ်စီး ကို ခိုးပြေးခဲ့ပြန်သည်။

စုံထောက်များသည် ဆီးတဲလ်မြို့တွင် တော့စကာနီအမည်ဖြင့် နေထိုင်သွားခဲ့သည့် စပရင့်၏ လှုပ်ရှားသွားလာမှုများကို စုံစမ်းကြည့်ကြရာ သူ့အကြောင်းကို အတော်ကလေး သိလိုက်ကြရသည်။ စပရင့်သည် ဤ မြို့တွင် ကုန်ထုတ်လုပ်ငန်းတစ်ဦးထံ၌ လက်သမားအဖြစ် ဝင်ရောက်လုပ်ကိုင် သွားခဲ့၍ သူနှင့် နီးနီးကပ်ကပ် ပေါင်းသင်းခဲ့ကြသူများက သူ့အား စိတ် ကောင်းသဘောကောင်းရှိ၍ ဖော်ရွေသူတစ်ယောက်အဖြစ် အသိအမှတ်ပြု ခဲ့ကြသည်။ သို့သော် တစ်ခါတစ်ရံ သူ့အပြုအမူများမှာ ထူးဆန်းလှပေ ဆိုသည်။ သူ့ဦးခေါင်းမှ ဆံပင်များမှာ ပါးလာသည့်ပြင်၊ ကိုယ်တိုင်လည်း အကြည့်ရဆိုးနေသောကြောင့် သူ့ဆံပင်ကို လိမ္မော်ရောင်ဆိုးဆေး ဆိုး ထားလေ့ရှိသည်။ သည်အထဲက ကွက်တိကွက်ကြားဖြင့် ဆေးဆိုးထား၍



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆံပင်အတွက် စိတ်မလုံသော စပရင့်သည် ဦးထုပ်တစ်လုံးကို အမြဲ ဆောင်းထားလေ့ရှိရာ ပွတ်သဘင်ကရာနှင့် ရေကူးရာမှာပင် ဦးထုပ်မချွတ်ဘဲ နေလေ့ရှိသည်ဟုဆိုသည်။ ထိုပြင် သူသည် အားလပ်ချိန်များ၌ မိတ်ဆွေများနှင့် မကြာခဏ တောလိုက်ခြင်း သေနတ်ပစ်လေ့ကျင့်ခြင်းများကို ပြုလုပ်ခဲ့သည်ဟု သိရသည်။

စပရင့်သည် ဆီးတဲလ်မြို့၌ရှိစဉ် အခြားပညာရပ်တစ်ခုကိုလည်း သင်ကြားခဲ့သေးသည်၊ ထိုပညာမှာ လေယာဉ်မောင်းသည့် အတတ်ပညာပင်ဖြစ်သည်။ ထိုမြို့တွင် "ပိုက်ပါကလပ်"ခေါ် အပျော်ထမ်းလေယာဉ်မောင်း အတတ်သင်သည့် အသင်းတစ်သင်းရှိရာ စပရင့်သည် ထိုအသင်းသို့ အသင်းသားအဖြစ်သို့ ဝင်ရောက်၍ လေယာဉ်မောင်းသည့် အတတ်ကို အတော်စိတ်ပါလက်ပါ သင်ကြားခဲ့သည်ဟု သိရသည်။

"ဒါပေမယ့် သူလေယာဉ်မောင်း စပြီးသင်တုန်းကတော့ ကျွန်တော်ဖြင့် အသင်းက လေယာဉ်တွေအားလုံး ပျက်စီးကုန်တော့မှာဘဲလို့တောင် ထင်မိတယ်"ဟူ၍ "ပိုက်ပါကလပ်"ဝင်အသင်းသားတစ်ယောက်က စုံထောက်များအား ပြန်လည်ဖောက်သည်ချခဲ့သည်။

စုံထောက်များသည် ဆီးတဲလ်မြို့တွင် စပရင့်၏ သွားလာလှုပ်ရှားမှုများကို ယင်းသို့ အသေးစိပ် သိရှိခဲ့ကြရသည့်အပြင် ထိုမြို့သို့ မရောက်မီက သူသွားခဲ့လာခဲ့ နေထိုင်ခဲ့သည့် နေရာများကိုပါ "ခြေရာခံနောက်မိခဲ့"ကြသည်။ ဆီးတဲလ်မြို့တွင် စပရင့်နေထိုင်ခဲ့သည့် အခန်းမှ အပေါင်လက်မှတ်တစ်စောင်ကို တွေ့ကြရသည်။ ထိုအပေါင်လက်မှတ်မှာ ဧပြီလ ၁၂ ရက်နေ့စွဲဖြင့် နယူးယောက်မြို့မှ အပေါင်ဆိုင်တစ်ဆိုင်တွင် လက်စွပ်တစ်ကွင်း ပေါင်ခဲ့သည့်လက်မှတ်ဖြစ်သည်။ ထို့အပြင် မိန်းပြည်နယ်ပို့တ်လင်းမြို့ ဝိုင်အမ်စီအေအသင်းမှ အခန်းဌားသည့် ပြေစာဖြတ်ပိုင်းတစ်ခုကိုလည်း တွေ့ရသည်။ ထို့နောက် အခြားစာရွက် အတိုအစများနှင့် ပြေစာဖြတ်ပိုင်း





လက်မှတ်များကို ကြည့်ခြင်းအားဖြင့် စပရင့်သည် ပို့တလင်းမြို့မှ နော်ဖေး မြို့သို့ ရောက်လာခဲ့ပြီး ထိုမှတစ်ဖန် နီဘိုတာပြည်နယ်မှ ဒူးလုမြို့သို့ ခရီး ဆက်ခဲ့သည်။ ဒူးလုမြို့မှတစ်ဖန် အခြားမြို့များသို့ တစ်မြို့ပြီးတစ်မြို့ ကူး လာခဲ့ကြောင်း သိရသည်။

မှန်သည်။ ခြေဖဝါးတွင် ဗွေပါဟန်တူသော စပရင့်သည် နော်ဖော့ မြို့တွင် ရဲအဖွဲ့ဝင်များ မျက်စိအောက်၌ ကားပေါ်မှ ဆင်းပြေးခဲ့ရပြီးနောက် မြို့တကာစုံအောင် ရောက်ခဲ့သည်။ ယင်းသို့ မြို့တကာနယ်တကာ အရပ်ရပ် သို့ နှံ့နှံ့စပ်စပ်ရောက်အောင် ပြေးခဲ့၊ လွှားခဲ့ရာ၌ မော်တော်ကားများသည် သူ့အတွက် "ခြေနင်းစီကြာ"ပမာ ဖြစ်ခဲ့သည်။ သူသည် ဘာလ်တီမိုမြို့မှ ချက်ပလက်ကားတစ်စီးကို ခိုးလာပြီး မိန်းပြည်နယ်မှ နော်ဝေမြို့သို့ ရောက် လာခဲ့သည်။ နော်ဝေမြို့မှ ဇွန်လစောစောလောက်တွင် ထွက်လာခဲ့၍ ပို့ တလင်းမြို့တွင် ခေတ္တဝင်ကာ၊ ထိုမြို့မှ ခရီးသည်တစ်ယောက်၏ သားရေ သေတ္တာတစ်လုံးကို အလစ်တွင် ဝင်ဆွဲပြီး ဒူးလုမြို့သို့ ခရီးဆက်ခဲ့သည်။ ထိုမှတစ်ဖန် ဝစ္စကွန်ဆင်ပြည်နယ်မှ ရူပီးယားမြို့သို့ ရောက်လာပြီး ထိုမြို့တွင် ကားဟောင်းများ အရောင်းအဝယ်လုပ်သည့် ဌာန၌ သူခိုးလာသော ချက် ပလက်ကားကို ရောင်းပစ်ခဲ့သည်။ ထို့နောက် ထိုမြို့မှ လမ်းဘေးတစ်နေရာ တွင် ရပ်ထားသည့် မော်တော်ကားတစ်စီးကို ခိုးမောင်းလာခဲ့ပြီး ပင်ဆစ်လ် ဗေးနီးယားပြည်နယ်မှ အီရီမြို့သို့ ထွက်ပြေးခဲ့သည်။ သူတစ်ပါးကားကို ခိုး မောင်းလာပြီး တစ်နေရာတွင် ရောင်းသည့်အလုပ်မှာ လိုအရာခရီးသို့ ရောက် သည့်ပြင် ဝင်ငွေလည်း မှန်လှသဖြင့် စပရင့်သည် ရူပီးယားမြို့မှ ခိုးလာခဲ့ သည့်ကားကို အီရီမြို့တွင် ရောင်းပစ်ခဲ့ပြန်ပြီး၊ အီရီမြို့ပလက်ဖောင်းအနီး တွင် ဆိုက်ထားသည့် ၁၉၅၇ ခုနှစ်၊ လုပ်ချက်ပလက်ကားကြီးတစ်စီးကို ခပ်တည်တည်မောင်း၍ ထွက်လာခဲ့ပြန်သည်။

သည့်နောက်တွင် သူသည် မစ်ချီဂန်ပြည်နယ်မှ ဆော်ဂနော်မြို့သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ပြီး ဆင်ဂီနော့မှတစ်ဖန် ဆီးတဲလ်မြို့ ပြန်သွားခဲ့သေးသည်သို့ သွားရာ၌ ဆင်ဂီနော့မြို့သို့ မရောက်မီ လမ်းခုလပ်တွင် အိုင်ဒါဟိုပြည်နယ်အတွင်းရှိ ဒီအေလင်မြို့သို့ ခေတ္တဝင်၍ သူခိုးလာသည့် ၁၉၅၇ ခု၊ နှစ်လုပ်ချက်ပလက်ကားကို ရောင်းပစ်ခဲ့ပြန်သည်။ ထိုမှတစ်ဖန် ကားဟောင်းများရောင်းဝယ်သည့်ဒွာနမှ ၁၉၅၅ခုနှစ်လုပ် ပွန်တီယက်ကားတစ်စီးကို ထုံးစံအတိုင်း ခိုးမောင်းလာခဲ့ပြန်သည်။

ထို့နောက် သူသည် ဆီးတဲလ်မြို့သို့ ရောက်လာခဲ့ပြီး ထိုမြို့မှ လက်နက်များရောင်းသည့် ဆိုင်တစ်ဆိုင်တွင် သေနတ်မျိုးစုံတို့ကို ဝင်ဝယ်ခဲ့သည်။ ထိုဆိုင်မှ သူဝယ်သည့် လက်နက်များမှာ ပွိုင့် ၄၅ မောင်းပြန်ပစ္စတိုတစ်လက်၊ ပွိုင့် ၂၂ ကာလီဘာ ပစ္စတိုတစ်လက်နှင့် မဂ္ဂနမ်ရိုင်ဖယ်တစ်လက်တို့ ဖြစ်သည်။ ခြေမငြိမ်သလောက် လက်မငြိမ်သူတစ်ယောက်ဖြစ်သော စပရင့်သည် အဆိုပါ သေနတ်များကို ဆိုင်တစ်ဆိုင်မှ ဝယ်ခဲ့သည့်ပြင် အခြားဆိုင်တစ်ဆိုင်မှ ပွိုင့် ၄၅ ခြောက်လုံးပြူးတစ်လက်ကို ခိုးမိအောင်ခိုးလာခဲ့သေးသည်။

"ပိုက်ပါကလပ်"တွင် လေယာဉ်မောင်းသင်ခဲ့ဘူး၍ မတောက်တခေါက် တက်မြောက်လာခဲ့သော စပရင့်သည် သူတတ်ထားသည့်ပညာကို မကြာမီ လက်တွေ့အသုံးချတော့သည်။

၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ရက်နေ့ နံနက် ၁၀နာရီလောက်တွင် ဘာလ်တီမိုးမြို့အနီး ပက်တက်စင်ကို မြစ်အတွင်းသို့ စက်စနာအမျိုးအစား ရေယာဉ်ပျံတစ်စင်း ဆင်းသက်လာသည်ကို တွေ့ရသည်။ ထိုရေယာဉ်ကို မောင်းလာသူမှာ အခြားသူမဟုတ် စပရင့်ပင်ဖြစ်သည်။ စပရင့်သည် ရေယာဉ်ပေါ်မှဆင်းကာ အရပ်သားတစ်ယောက်၏ လှေတစ်စင်းဖြင့်ကမ်းသို့ကပ်ခဲ့ပြီး ပျော်ပွဲစားရုံတစ်ရုံအတွင်းသို့ ဝင်၍ ဘီယာဝင်စုပ်နေခဲ့သည်။ ထိုအခိုက် ပျော်ပွဲစားရုံထဲမှ အခြားလူများက မိမိတို့မြို့ကလေးသို့ ရေယာဉ်





ပျံဆိုက်၍ ခေတ္တဝင်လာသော စပရင့်အား လူထူး လူဆန်းတစ်ယောက်အဖြစ် ဝိုင်းအုံ၍ မေးကြမြန်းကြသည်။ စပရင့်ကလည်း မိမိသည် ဤရေယာဉ်ဖြင့် နယူးယောက်မှ ဖလော်ရစ်ဒါသို့ ထွက်လာခဲ့ ကြောင်း၊ သို့သော် စက်တစ်စုံတစ်ရာ ချို့ယွင်းလာသဖြင့် ယခုကဲ့သို့ ဤ မြို့ကလေးတွင် ခေတ္တဆင်းသက်လိုက်ရခြင်း ဖြစ်ကြောင်း ခပ်တည်တည် လိမ်နေခဲ့သည်။

ထိုအခိုက်အတန့်မှာပင် ပျော်ပွဲစားရုံထဲမှ လူတစ်ယောက်က ဤအဖြစ်အပျက်ကို အပြည့်အစုံရေးသား၍ သတင်းစာထဲ၌ ထည့်လိုက်ရလျှင် "သတင်းထူး"တစ်ခုဖြစ်စရာရှိကြောင်း ဝင်၍ ပြောလိုက်ရာ၊ ပိုင်းလော့ကြီးစပရင့်မှာ နောက်ထပ် ဘာတစ်လုံးမှ ဆက်မပြောတော့ဘဲ ဘီယာကိုကပျာကယာသောက်၍ ပိုက်ဆံရှင်းပြီး ဆိုင်ထဲမှ တစ်ချိုထဲ လစ်တော့သည်။ ဤတွင် သူလစ်ပုံလစ်နည်းမှာ ရေယာဉ်ပျံကိုပင် သည်အတိုင်းထားခဲ့ပြီး ခြေလျင်ကုန်းကြောင်းခရီးဖြင့် လစ်ပြေးခြင်းဖြစ်သည်။

သို့နှင့်ပင် မကြာမီ မြို့လူမြို့သားများ၏ အကြောင်းကြားချက်အရ ရဲများရောက်လာပြီး မြစ်ထဲတွင် ပိုင်ရှင်မရှိတော့ဘဲ "မျက်နှာငယ်"ဖြင့် ကျန်ရစ်ရှာသည့် ရေယာဉ်ပျံကို သွားရောက် စစ်ဆေးကြည့်ကြသည်။ ဤတွင် ရဲများသည် နိုးရာပါပစ္စည်းတစ်ခုကို သွားတွေ့ကြသည်။ အကြောင်းသော်မူ ဤရေယာဉ်ပျံသည် လွန်ခဲ့သည့် စက်တင်ဘာလ ၂၉ရက်နေ့ညက တိုရန်တိုမြို့လေဆိပ်မှ တစ်စုံတစ်ယောက်က ခိုး၍ မောင်းပြေးသဖြင့် ပျောက်ဆုံးနေသည့် ရေယာဉ်ဖြစ်သောကြောင့်တည်း။ အဆိုပါ"တစ်စုံတစ်ယောက်"သော ရေယာဉ်ပျံသူခိုးမှာ အခြားသူမဟုတ်၊ ခြေဖဝါး၌ ဗွေပါမန်တူသောထောင်ပြေး"စပရင့်"ပင် ဖြစ်သတည်း။

ရဲများသည် နိုးရာပါရေယာဉ်ပျံကို အသေးစိပ်စစ်ဆေးကြည့်ကြရာ ရေယာဉ်ကိုယ်ထည်အပေါ်မှ မူလနံပါတ် အမှတ်အသားများကို ဆေးရောင်တစ်မျိုးဖြင့် သုတ်၍ ဖျက်ထားပြီး အပေါ်မှ နံပါတ်အသစ်တစ်ခု ရေး



www.burmeseclassic.com

www.burmeseclassic.com



ခြယ်ထားသည်ကို တွေ့ကြရသည်။ ထို့ပြင် ရေယာဉ်ပျံအတွင်းမှ "တော့တောနီ"အရည်ဖြင့် ဖြတ်ပိုင်းလက်မှတ်တစ်ခုနှင့် ရေယာဉ်၏ လက်ျာဘက်အတောင်ပံပေါ်မှ လက်ဗွေပုံစံများကို တွေ့ရှိကြရသည်။ ထိုလက်ဗွေပုံစံများတို့ စနစ်တကျ ဓာတ်ပုံရိုက်ယူ၍ ဝါရှင်တန်မြို့တော်မှ အက်ဖ်ဘီအိုင်ဌာနချုပ် လက်ဗွေပုံစံများ၏ ပိုင်ရှင်သည် အများထင်ကြသည့်အတိုင်း စပရင့်၏ လက်ဗွေများဖြစ်နေသည်။

ဆီးတဲလ်မြို့တွင် စပရင့်၏ သွားလာလှုပ်ရှားမှုများနှင့် ခြေရာလက်ရာများကို စုံစမ်းတွေ့ရှိကြရပြီးနောက် စုံထောက်များသည် အချိန်အတော်ကြာအောင်ပင် သူ့အကြောင်းကို ထောက်လှမ်းမေးမြန်းမရကြတော့ဘဲ "ခြေရာလဲပျောက် ရေလဲနောက်"ဆိုသလို ဖြစ်နေကြသည်။ ထို့နောက် နိုဝင်ဘာလ ၅ရက်နေ့တွင် ဟိုလ်ကင်းမြို့ မော်တော်ကားများရပ်နားခွင့်ပေးထားသည့် နေရာ၌ ပိုင်ရှင်မဲ့ကားတစ်စင်းကို တွေ့ရတော့မှ ပျောက်နေသော စပရင့်ကို ခြေရာပြန်၍"ကောက်"မိကြပြန်သည်။ ထိုကားမှာ ၁၉၅၆ ခုနှစ် လုပ်ဖို့ဒ်အမျိုးအစားဖြစ်၍ ဆီးတဲလ်မြို့မှ စပရင့်ခိုးပြေးသည့်ကားဖြစ်သည်။

ထို့ပြင် ပို့တ်လင်းမြို့မှ ရဲအဖွဲ့၏ စုံစမ်းထောက်လှမ်းချက်အရ စပရင့်သည် ဤမြို့မှ အပေါင်ဆိုင်တစ်ဆိုင်တွင် သူ၏ ပွိုင့် ၂၂ပစ္စတိုသေနတ်တစ်လက်ကို ပေါင်သွားကြောင်း တွေ့ရှိကြရသည်။ ထို့နောက်တစ်ဖန် စက်တင်ဘာလ ၂၃ရက်နေ့က ပို့တ်လင်းမြို့မှ သူခိုးသွားသော ၁၉၅၆ ခုနှစ်လုပ် ချက်ပလက်ကားကြီးကိုလည်း အောက်တိုဘာလ ၂၈ရက်နေ့တွင် တိုရန်တိုမြို့ လမ်းဘေးတစ်နေရာ၌ ထိုးဆိုက်ထားသည်ကို တွေ့ကြရသည်။ ထိုနေရာမှာ လေယာဉ်ပျံကွင်းတစ်ခုနှင့် မနီးမဝေးတွင်ဖြစ်၍ မကြာမီက စက်စနှာအမျိုးအစား ရေယာဉ်ပျံတစ်စင်း အခိုးခံခဲ့ရသည်မှာလည်း ဤလေယာဉ်ကွင်းမှ ဖြစ်နေသည်ကို စုံစမ်းသိရှိကြရပြန်သည်။



မကြာမီ အက်ဖ်ဘီအိုင်ဌာနချုပ်မှ ထုတ်ပြန်ကြေညာသည့် "အလိုရှိသည်"ဟူသော ကြေညာစာရွက်များသည် အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပလူပျံအောင် ထွက်ပေါ်လာခဲ့သည်။ ရဲစခန်းများ၊ ဘူတာရုံများ၊ စာတိုက်များနှင့် အစိုးရရုံးအဆောက်အဦးများ၌ "အလိုရှိသည်"ဟူသော စာလုံးမဲကြီးများ၏ အောက်မှ စပရင့်၏ ဓာတ်ပုံကို ထင်းနေအောင် ဖော်ပြထားသည့် ကြော်ငြာစာများကို အဝေးကပင် မြင်နိုင်ကြသည်။

ယင်းသို့ "အလိုရှိသည်"ဟူသော ကြော်ငြာစာများသည် နောက် ၂လခန့်အကြာတွင် လက်တွေ့ အကျိုးသက်ရောက်မှု ဖြစ်လာခဲ့သည်။

စပရင့်နှင့် သူ့"ရဲဘက်"များ အက်ကာရွှန်မြို့ အကျဉ်းထောင်ကြီးမှ ထွက်ပြေးခဲ့ကြပြီးနောက် ၉လနှင့် ၁၁ရက်တိတိကြာခဲ့ပြီးနောက် ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်နေ့တွင် မက်ဆာချူးဆက်ပြည်နယ် စပရင်းဖီးလ်မြို့ကလေးမှ မော်တော်ကားအရောင်းအဝယ်လုပ်သည့် လူတစ်ယောက်က မိမိပိုင်"ကားဝင်းကြီး"ထဲမှ ၁၉၅၆ ခုနှစ်လုပ် ဖို့ဒ်မော်တော်ကားတစ်စီးကို တစ်စုံတစ်ယောက်က ခိုးသွားသည့်ပြင် အခြားကားတစ်စီးဖြစ်သော ၁၉၅၃ ခုနှစ်လုပ် ဖို့ဒ်ကားမှ လိုင်စင်နံပါတ်ပြားမှာလည်း လူခိုးခံရကြောင်း ရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့သည်။ ဤတိုင်ချက်ကို ရလျှင်ရခြင်း ရဲများနှင့် စုံထောက်များသည် "ကားသူခိုးဝိဇ္ဇာ"စပရင့်၏ "သူ့လက်ရာ"ဖြစ်ကြောင်း တစ်ထစ်ချ သိလိုက်ကြသည်။

သို့သော် ဤကားခိုးမှုတွင် ကားပိုင်ရှင်၏ တိုက်ချက်၌ အခြားအကြောင်းတစ်ရပ်ပါလာသည်။ ယင်းမှာ အခြားမဟုတ်၊ ယခု အခိုးခံရသည့်ကားမှာ ရောင်းပြီးသားကားဖြစ်၍ ကားဝယ်သူက ငွေမချေသေး၍ မယူသေးဘဲ ထားရာမှ ယခုကဲ့သို့ အခိုးခံရခြင်းဖြစ်ကြောင်း၊ ကားဝယ်သူမှာ ပို့တ်လင်းမြို့ သစ်တောရိပ်သာလမ်း၊ အိမ်အမှတ် ၇၀မှ မစ္စတာစီနီပိုလျှံ ဖြစ်ကြောင်း စသည့် တို့ဖြစ်သည်။ ဤတွင် စုံထောက်များက တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မသေကာသဖြင့် စပရင့်၏ ဓာတ်ပုံကို ကားရောင်းဝယ်သည့် ဌာနမှ အလုပ်သမားများအားထုတ်ပြရာ အဆိုပါ စီရီလိုဆိုသူသည် ဓာတ်ပုံထဲက စပရင့်နှင့် ခပ်ဆင်ဆင်တူကြောင်း ပြောပြကြသည်။ သို့ဖြစ်ရာ ထိုအိမ်သို့ အပြေးအလွှားသွားရောက်စုံစမ်းကြည့်သောအခါ "မစ္စတာစီရီလို"အား လုံးဝမတွေ့ရသော်လည်း အိမ်နားနီးချင်းများ၏ ပြောချက်အရ "စီရီလို"သည် စပရင့်မှတကယ့် "စပရင့်"အစစ်ဖြစ်နေကြောင်းကို တွေ့ကြရသည်။ တတ်လည်းတတ်နိုင်သူပါတကား။

ထို့ပြင် အဆိုပါ အိမ်နီးနားချင်းများထံမှ သတင်းပေးချက်အရ စပရင့်သည် ဝါသနာကို ဖျောက်နိုင်ပုံမရဘဲ ဤမြို့တွင်လည်း လေယာဉ်မောင်းသင်ခဲ့သေးသည်ဟု သိရသည်။ အထူးသဖြင့် သူသည် လေယာဉ်အတက်နှင့်အဆင်းကို အထူးဂရုစိုက်၍ သင်ကြားခဲ့သည်ဟု ဆိုသည်။

ယင်းသို့ လေယာဉ်အတက်အဆင်းနှင့် အမောင်းပညာများကို ကြိုးစားသင်ကြားခဲ့သည်မှာ စပရင့်တွင် ရည်ရွယ်ချက်တစ်ခုခု ရှိဟန်တူသည်ဟု စုံထောက်များက ယူဆခဲ့ကြသည်။ ဤယူဆချက်သည် မှားသည်ဟု မဆိုနိုင်ကြောင်း မကြာမီတွေ့ရသည်။

ဖေဖော်ဝါရီလ ၁၂ရက်နေ့ညတွင် စပရင့်သည် စကရင်တန်မြို့မှနေ၍ အာလင်တန်မြို့ရှိ သူ့အဆက် မြီးကောင်ပေါက်မလေးတစ်ယောက်ထံ တယ်လီဖုန်းဖြင့် အချိန်းအဆက်လုပ်လိုက်သည်။ သူက ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် စကရင်တန်မှ အာလင်တန်သို့ လေယာဉ်ဖြင့် ပျံသန်းလာခဲ့မည်ဖြစ်ရာ ထိုနေ့ ထိုရက်တွင် သူ့အား လေယာဉ်ကွင်းသို့ ကားဖြင့်ဆက်ဆက်လာကြိုပါဟူ၍ "သူ့အမျိုးသမီး"အား မှာလိုက်သည်။

စပရင့်သည် သူချိန်းထားသည့်အတိုင်း ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် စကရင်တန် လေယာဉ်ကွင်းမှ လေယာဉ်ပျံတစ်စင်းဖြင့် ကောင်းကင်ခရီးမှ မောင်းနှင်ပြီး လာခဲ့သည်။ သို့သော် သူမောင်းနှင်လာသည့် လေ





ယာဉ်ပျံမှာ ထုံးစံအတိုင်း သူပိုင်မဟုတ်၊ လေယာဉ်ကွင်းမှ အလစ်သုတ်လာခဲ့ခြင်း ဖြစ်သည်။

သို့သော် စပရင့်သည် ဘယ်လိုကဘယ်လို စိတ်ကူးရသည်မသိ။ သူ့ကောင်မလေးနှင့် ချိန်းထားသည့် အာလင်တန်မြို့ထိ မသွားတော့ဘဲ ရေယာဉ်ပျံကို ကလောက်ချက်စတာမြို့အနီးရှိ လေယာဉ်ကွင်းတစ်ခုတွင် ဆင်းလိုက်သည်။ အဆင်းတွင် ကျွမ်းကျင်မှုရှိဟန်မတူသေးသော စပရင့်သည် ယာဉ်ပြေးလမ်းကြောင်းမှ အရှိန်လွန်ပြီး ဆီးနှင်းပုံကြီးထဲ ရေယာဉ်ပျံစက်ခေါင်းစိုက်ဝင်သွားခဲ့သေးသည်။

ထို့နောက် သူသည် ရေယာဉ်ပျံပေါ်မှဆင်း၍ ကားလမ်းရှိရာသို့လာခဲ့သည်။ ကားလမ်းပေါ်တွင် ခေတ္တမျှ စောင့်နေပြီး ကုန်တင်ကားတစ်စင်းအလာတွင် လက်ပြ၍ "အခမဲ့"တက်စီးကာ အဲလ်ဘန်နီမြို့သို့ ခရီးဆက်ခဲ့သည်၊ ဤမြို့သို့ ရောက်သောအခါ မြို့ထဲတွင် မယောင်မလည်ဖြင့်လျှောက်ကြည့်ရင်း လမ်းဘေးတစ်နေရာမှ ကားတစ်စင်းကို အလစ်တွင်တက်မောင်းကာ ထွက်လာခဲ့ပြန်သည်။ မြို့ပြင်သို့ ရောက်လာခဲ့ပြီး ခဏအကြာတွင် နောက်မှ အချက်ပေးဥသြသံဖြင့် တအားမောင်း၍ လိုက်လာသော ရဲဝိုင်ယာလက်ကားကို မြင်ရသဖြင့် ကြောက်အားလန့်အားဖြင့် သူမောင်းလာသည့်ကားကို လမ်းဘေးသို့ ကွေ့ချလိုက်ရာ ကားမှာ မြောင်းထဲသို့ကျကာ စက်ရပ်သွားတော့သည်။ သို့သော် နောက်မှလိုက်ပါလာသည့် ရဲဝိုင်ယာလက်ကားမှာ သူ့နောက်သို့ လိုက်လာခြင်းမဟုတ်ဘဲ တစ်နေရာတွင် မော်တော်ကားတိုက်မှုတစ်ခုဖြစ်ပွားသဖြင့် ထိုနေရာသို့ အပြေးအလွှားသွားရောက်ခြင်းဖြစ်ရာ လမ်းဘေးမြောင်းထဲသို့ ထိုးကျ၍နေသော သူ့ကားကို ကျော်၍ ဆက်မောင်းသွားသည်ကို တွေ့ရသည်။

စပရင့်သည် ရဲဝိုင်ယာလက်ကား ကျော်သွားမှ အမြန်[illegible] ပြီး ကားလမ်းပေါ်သို့ တက်လာခဲ့ရသည်။ သို့သော် သူ့ကားမှာ မြောင်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တက်၍ မရတော့သဖြင့် သည်အတိုင်း ထားပစ်ခဲ့ပြီး ကြုံရာကားတစ်စီးကို လက်တားပြ၍စီးကာ ခရီးဆက်လာခဲ့ရာ ဗားမောင့်ပြည်နယ်မှ ဝီနူးစကီးမြို့သို့ ရောက်လာခဲ့သည်။ ထိုမြို့တွင်လည်း သူသည် တပတ်ရစ်ကားများ ရောင်းသည့် ဌာနသို့ သွားရောက်ကာ ကားတစ်စီးကို ဝယ်မည့်ဟန်ဖြင့် "ခေတ္တ မောင်းကြည့်ပါရစေ"ဟုဆိုကာ တက်မောင်းပြီး "တကျိုးတည်း"လစ်လာ ခဲ့ပြန်သည်။

ထိုသို့ တစ်မြို့ပြီးတစ်မြို့ ရောက်လေရာ မြို့တိုင်းတွင် ကားများကို နည်းအမျိုးမျိုးဖြင့် ခိုးကာ ခြေဦးတည်ရာ "စွပ်"သွားခဲ့ရာ စပရင့်သည် ဘင်နင်တန်၊ ပစ်ဖီးလ်၊ စံဖို့ဒ်၊ နယူးဟမ့်ရှိုင်းယား ပစ်ချ်ဘတ်စသည့် မြို့များသို့ ရောက်ခဲ့သည်။ နောက်ဆုံး၌ အိုဟိုင်ယိုပြည်နယ် ဟမ်မစ်လ်တန် မြို့အရောက်တွင် စပရင့်သည် ဘဏ်တိုက်တစ်ခုကို ဝင်စီး၍ အပွဲကြဲသွားခဲ့သည်။

ဟမ်မစ်လ်တန်မြို့မှ ဘဏ်တိုက်ကို ဝင်မစီးမီက စပရင့်သည် အာလန်တန်မြို့သို့ ရောက်ခဲ့သေးသည်။ ထိုမြို့မှ လူငယ်လူလယ်များ၏ ပြောပြချက်အရ စပရင့်သည် ဘဏ်တိုက်တစ်တိုက်ကို ဝင်စီးရန် ကြံရွယ် နေကြောင်းနှင့် အဆိုပါ လူငယ်များကို သူနှင့်အတူ "အလုပ်"လုပ်ရန် "ဆွယ်တရား"ဟောခဲ့သေးကြောင်း စုံထောက်များသိကြရသည်။ "ဘဏ်တိုက် ကို ဝင်စီးပြီး ငါ့လေယာဉ်ပျံနဲ့ ထွက်ပြေးကြတာပေါ့ကွာ"ဟူ၍ စပရင့်က လူငယ်များအား သိမ်းသွင်းခဲ့သည်ဟု သိရသည်။

အဆိုပါ လူငယ်များကို စည်းရုံးသိမ်းသွင်း၍ မရသောအခါ စပရင့်သည် ဘဏ်တိုက်ကို သူတစ်ယောက်တည်း ခပ်တည်တည်ဖြင့် ဝင်စီးခဲ့သည်။ ထိုနေ့မှာ ၁၉၅၉ ခု၊ မတ်လ ၂ရက်နေ့ နံနက်ခင်းဖြစ်၍ စပရင့်သည် တကယ့်လူကြီးလူကောင်းတစ်ယောက်ပမာ အဝတ်အစားများကို "ရှိုးကျကျ" ဝတ်လျက် ဟမ်မစ်လ်တန်မြို့ အမျိုးသား ဘဏ်တိုက်ကြီး





အတွင်းသို့ အေးအေးဆေးဆေး ဝင်လာခဲ့သည်။ သူ့လက်ထဲတွင်မူ စက္ကူ အိတ်တစ်ခုကို ကိုင်၍လာရာ ငွေထုတ်သည့်ကောင်တာသို့ အရောက်တွင် အဆိုပါ စက္ကူအိတ်ထဲမှ ပွိုင့် ၃၈ ခြောက်လုံးပြူးတစ်လက်ကို ခပ်တည် တည်ဆွဲထုတ်ပြီး ငွေကိုင်စာရေးမကို ချိန်လိုက်သည်။ ထို့နောက် အေးအေး ဆေးဆေး တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရဖြင့် စက္ကူအိတ်ထဲသို့ ၂၅,၉၅၅ ဒေါ်လာနှင့် ဆင့် ၂၀ကို အထပ်လိုက်ထည့်ကာ ဘဏ်တိုက်မှ ခပ်တည်တည် ပြန်ထွက်သွားခဲ့သည်။ ထိုသို့ ပြန်ထွက်မသွားမီ သူက အမှုထမ်းအားလုံး ကို ဦးညွှတ်၍ အရိုအသေပေးကာ "အခုလို ကူညီဆောင်ရွက်ပေးကြတဲ့ အတွက် အားလုံးကျေးဇူးတင်ပါတယ်"ဟူ၍ နှုတ်ဆက်သွားလိုက်သေးသည်။

ဘဏ်တိုက်ထဲတွင် ကျန်ရစ်ခဲ့ကြသည့် အမှုထမ်းများမှာ မိမိတို့ ဘဏ်မှ ဒေါ်လာ ၂သောင်းကျော်ပါသွားသည့်အတွက် ပြာပြာသလဲ ခြေမ ထိုင်မိ၊ လက်မကိုင်မိ ဖြစ်ကြရမည့်အစား ခေါင်းအေးအေးဖြင့် ယဉ်ယဉ် ကျေးကျေး "ဆက်ဆံ"သွားသော "ကိုလူချော"စပရင့်ကိုပင် ချီးကျူးနေမိ ကြသည်။ ဘဏ်စာရေးမတစ်ယောက်မှု "တော်တော် လူကြီးလူကောင်း ပီသတဲ့လူပဲ…"ဟူ၍ လိုက်လိုက်လှဲလှဲ ချီးမွမ်းခဲ့ပြီး ခေတ်ဆန်ဆန် ဘဏ် အရာရှိ အမျိုးသမီးတစ်ယောက်ကလည်း "စကားပြောပုံကိုက သိပ်ချိုတာ ပဲနော်"ဟူ၍ တဖွဖွ တသသ ဖြစ်နေခဲ့သည်။

"လူကြီးလူကောင်းပီသ၍ စကားပြောချို"လှသော စပရင့်သည် ဘဏ်တိုက်အပြင်သို့ ရောက်သည်နှင့်က တပြိုင်နက် အသင့်ရပ်ထားသည့် ချက်ပလက်ကားပေါ်သို့ ခပ်သွက်သွက်တက်ကာ ထိုနေရာမှ ခပ်မြန်မြန် မောင်းထွက်လာခဲ့သည်။ ခဏအကြာတွင် သူစီးလာသည့်ကားသည် တစ် မိုင်ထိတန်လေယာဉ်ကွင်းရှိရာသို့ အရှိန်ဖြင့် မောင်းဝင်လာခဲ့ပြီး တစ်နေရာ တွင် ထိုးရပ်လိုက်သည်။ ထို့နောက် စပရင့်သည် ကားပေါ်မှခုန်ဆင်းကာ လေယာဉ်ကွင်းထဲမှ အနီးဆုံးလေယာဉ်တစ်စင်းဖြစ်သော ဆက်စ်နာ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအစား လေယာဉ်ပေါ်သို့ ကသုတ်ကယက်တက်ကာ ရုတ်တရက် စတင်နှိုး၍ ကောင်းကင်သို့ ထိုးတက်ပျံသန်းလာခဲ့သည်။

"မိုးပျံဘဏ်ဓားပြ" စပရင့်သည် ကောင်းကင်တွင် ကြာကြာမနေဘဲ နာရီဝက်ခန့်အကြာတွင် ကိုရေးတန် မြို့ကလေးအနီးရှိ လေယာဉ်ကွင်းသို့ ဒယိမ်းဒယိုင်ဖြင့် ထိုးဆင်းလာခဲ့သည်။ ထို့နောက် သူသည် လေယာဉ်ပေါ်မှ ခပ်သုတ်သုတ်ဆင်းကာ အနီးရှိ လေယာဉ်များထားသည့် ရုံထဲသို့ အဝတ်အစားများလဲပြီး အငှားကားတစ်စီးဖြင့် ကိုရေးတန်မြို့သို့ လစ်လာခဲ့သည်။ မြို့ထဲသို့ ရောက်သောအခါ ဘဏ်တိုက်မှရလာခဲ့သည့် ဒေါ်လာ ၂ သောင်းကျော်ထဲမှ ၁၉၄၈ ခုနှစ်လုပ် ခရစ်စလာအမျိုးအစား ကားတစ်စီးကို တပတ်ရစ်ကားများရောင်းသည့်နေရာမှ ဝယ်၍ မောင်းထွက်လာခဲ့ပြန်သည်။

ဘဏ်တိုက်စီး၍ ရလာသည့်ငွေဖြင့် ဝယ်ခဲ့ရသော ခရစ်စလာကားဖြင့်ပင် စပရင့်သည် ကင်တုန်မြို့သို့ ရောက်လာခဲ့သည်။ ဤကင်တုန်မြို့မှာ သူမှုလဇာတိထောင်မှ ထွက်ပြေးခဲ့သည့် အက်ကရွန်မြို့နှင့် ၁၇မိုင်မျှသာ ကွာဝေးသည်။

စပရင့်သည် သူစီးလာသည့် ခရစ်စလာကားကို မြို့အဝင်လမ်းဘေးမှ မြောင်းထဲသို့ မောင်းချပစ်ထားခဲ့ပြီး မြို့ထဲအရောက်တွင် နောက်ထပ် ၁၉၅၁ ခုနှစ်လုပ် နက်ရှ်အမျိုးအစား ကားတစ်စီးကို ဝယ်၍ ထိုကားဖြင့် ခရီးဆက်ခဲ့ပြန်သည်။

ထုံးစံအတိုင်း စုံထောက်များသည် စပရင့်မရှိတော့မှ သူထွက်သွားသည့် နေရာသို့ ရောက်လာပြီး သူ့ခြေရာလက်ရာများကို စုံစမ်းထောက်လှမ်းကြရာ သူမြောင်းထဲသို့ ထိုးချပစ်ထားခဲ့သည့် ကားပေါ်မှ ပွိုင့် ၃၈ ခြောက်လုံးပြူးတစ်လက်ကို တွေ့ကြရသည်။ ထိုခြောက်လုံးပြူးမှာ ဟမ်မစ်လ်တန် ဘဏ်တိုက်ကို ဝင်စီးစဉ်က သူအသုံးပြုခဲ့သည့် သေနတ်ပင်ဖြစ်သည်။ ထို့ပြင် ထိုသေနတ်မှာ လွန်ခဲ့သည့် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က





ဒေတွန်မြို့ သေနတ်ဆိုင်တစ်ဆိုင်မှ အခိုးခံရသည့်သေနတ် ဖြစ်နေပြန်သည်။

စပရင့်နှင့် အက်ဖ်ဘီအိုင်စုံထောက်များ၏ "ပြေးတမ်းလိုက်တမ်း" ကစားခြင်းမှာ မပြီးနိုင်သေးဘဲ ဖြစ်နေသည်။ စုံထောက်များက ကင်တုန်မြို့ ပတ်ဝန်းကျင်တစ်ဝိုက် ပိုက်စိပ်တိုက်၍ ရှာဖွေထောက်လှမ်းနေကြစဉ် စပရင့်မှာ ယန်းဂ်တောင်းခေါ် မြို့ကလေးသို့ ရောက်နေလေပြီဖြစ်သည်။

သူသည် ထုံးစံအတိုင်းပင် ထိုမြို့မှ ပွန်တီယက်အမျိုးအစား ကားတစ်စင်းကို ခိုးမောင်းလာခဲ့ပြန်ပြီး နယူးကာစဲလ်မြို့အရောက်တွင် ပစ်ထားခဲ့ပြန်သည်။ ထို့နောက် နယူးကာစဲလ်မြို့မှ ဖို့အမျိုးအစား ကားတစ်စီးကို ဝယ်၍ အယ်လ်တူးနားမြို့သို့ ရောက်လာပြန်သည်။

အယ်လ်တူးနားမြို့တွင် ဟော်တယ်တစ်ခု၌ တည်းခိုနေစဉ် ဟော်တယ်ပိုင်ရှင်သည် စပရင့်၏ အိပ်ခန်းထဲမှ မျက်နှာသုတ်ပုဝါဖြင့် ထုပ်ထားသည့် ငွေစက္ကူထုပ် အသစ်များပတ်သည့် စက္ကူပတ်များကို တွေ့၍ မသင်္ကာသဖြင့် ရဲစခန်းသို့ သွားသတင်းပေးလိုက်သည်။ ထိုအခိုက်မှာပင် အပြင်မှ ပြန်ရောက်လာသည့် စပရင့်သည် မျက်နှာသုတ်ပုဝါထဲမှ ငွေစက္ကူပတ်များ မရှိတော့သည်ကို သိရသဖြင့် ဟော်တယ်ပေါ်မှ ဆင်း၍ ချက်ခြင်းပင် လစ်ပြေးသည်။ သူသည် မြို့ပတ်ပတ်လည်တွင် ချထားသည့် ရဲအစောင့်များကို ရှောင်တိမ်း၍ ထွက်ပြေးခဲ့ပြီး နောက်တစ်နေ့တွင် ကိုဗင်တန်မြို့သို့ ရောက်လာခဲ့သည်။

ခြေထောက်တွင် ဘီးတပ်ထားသလို ဖြစ်နေသော စပရင့်သည် ကိုဗင်တန်မှ မြောက်ပိုင်း ဒါကိုတာပြည်နယ် ဖာရိုးမြို့သို့ ရောက်လာခဲ့ရာ ထိုမြို့သို့ မရောက်မီ လမ်းတွင် မော်တော်ကား ၄စီးကို တစ်စီးပြီးတစ်စီး ဝယ်၍ "ထည်လဲ" နှင့် စီးလာခဲ့သည်။

ထိုသို့ မော်တော်ကားများကို ခိုးစီးလိုက်၊ ပြန်ရောင်းလိုက်၊ ဝယ်စီးလိုက်၊ ပြန်ရောင်းလိုက်ဖြင့် ခရီးစရိတ်မကုန်ဘဲ မြို့ပေါင်းများစွာကို



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးတိမ်းရှောင်လာခဲ့သော စပရင့်သည် ကာရင်တန်မြို့သို့ အရောက်တွင် မတ်လ ၁၄ရက်နေ့၌ လေယာဉ်ပျံတစ်စင်းကိုပင် ဝယ်ခဲ့ပြန်သည်။ ထိုလေယာဉ်မှာ အနီနှင့်အဖြူကျား အပျော်စီး လေယာဉ်ဖြစ်၍ ဒေါ်လာ ၂၈၀၀ ပေးရသည်။

စပရင့်သည် လေယာဉ်ကိုဝယ်ပြီး ချက်ချင်းဆိုသလိုပင် ကာရင်တန်မြို့မှ ဩရီဂွန်ပြည်နယ် နယူးပို့မြို့သို့ ပျံသန်းလာခဲ့သည်။ နယူးပို့မြို့တွင် တစ်စုံတစ်ခုကို ကြံစည်စိတ်ကူးရင်း တနင်္ဂနွေ ၂ပတ်မျှ နေထိုင်ခဲ့သည်။ ယခုတစ်ကြိမ်တွင် သူ့အကြံအစည်နှင့် သူ့စိတ်ကူးများမှာ ယခု သူဝယ်ထားသည့် လေယာဉ်ဖြင့် အမေရိကန်ပြည်ထောင်စုမှ တစ်ခါတည်း ထွက်ပြေး၍ မက္ကဆီကိုနိုင်ငံသို့ အရောက်သွားရန်ပင်ဖြစ်သည်။

၁၉၅၉ ခု၊ မတ်လ ၃၁ ရက်နေ့ နံနက်တွင် မက္ကဆီကို နိုင်ငံနှင့် နယ်စပ်ချင်းဆက်နေသည့် အမေရိကန်ပြည်ထောင်စု တက္ကဆပ်စ်ပြည်နယ်မှ ရေမွန်ဗီးလ်မြို့အနီးရှိ လေယာဉ်ကွင်းကလေးသို့ အနီနှင့်အဖြူကျား ကိုယ်ပိုင်လေယာဉ်ကလေး ဆင်းသက်လာသည်။ လေယာဉ်မှ လေယာဉ်မောင်းသမားကို လေယာဉ်ကွင်းမန်နေဂျာက အကျိုးအကြောင်း မေးကြည့်ရာ ဓာတ်ဆီကုန်သွားသဖြင့် ဓာတ်ဆီဖြည့်ရန် ဆင်းလာခြင်းဖြစ်သည်ဟု သိရသည်။ လေယာဉ်ကွင်းမန်နေဂျာသည် လေယာဉ်ကို ဓာတ်ဆီထည့်ပေးရင်း လေယာဉ်မောင်းသူကို မသင်္ကာဖြစ်မိသည်။ ဤလေယာဉ်မောင်းသူမှာ အက်ဖ်ဘီအိုင်မှ ထုတ်ပြန်ထားသည့် "အရေးတကြီး အလိုရှိသည်"ဟူသော ကြော်ငြာထဲမှ ထောင်ပြေးတရားခံ "မိုးပျံ ဘဏ်ဓားပြ" စပရင့် ခပ်ဆင်ဆင်တူသည်ဟု ထင်မိသည်။

ဓာတ်ဆီထည့်ပြီးနောက် ထိုလေယာဉ်ကလေး ပြန်လည်ထွက်ခွာသွားတော့မှ လေယာဉ်ကွင်းရှိ အခြားအမှုထမ်း ၃ယောက်တို့ကပါ လေယာဉ်မောင်းသမားကို အက်ဖ်ဘီအိုင်၏ ကြော်ငြာစာရွက်တွင် ပါသည့်





တရားခံနှင့် အလွန်တူကြောင်း ပြောကြသဖြင့် လေယာဉ်ကွင်းမန်နေဂျာသည် ဤအကြောင်းကို ရေမွန်ဗီးလ်မြို့ထဲမှ ရဲစခန်းသို့ အကြောင်းကြားလိုက်ရသည်။ ရဲစခန်း လုံခြုံရေးမှူးကလည်း အဖြစ်အပျက်ကို အက်ဖ်ဘီအိုင်ဌာနချုပ်နှင့် အနီးဆုံးဌာနခွဲသို့ အစီရင်ခံလိုက်သည်။

ထို့နောက်တွင်မှ အက်ဖ်ဘီအိုင်ဌာနချုပ်မှ အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးရှိ လေကြောင်းကိုယ်စားလှယ်များ အားလုံးထံသို့လည်းကောင်း၊ လေဆိပ်များနှင့် လေယာဉ်ကွင်းများသို့လည်းကောင်း၊ အဆိုပါ အဖြူနှင့်အနီကျား လေယာဉ်ကလေး၏ အရွယ်အစား အမှတ်အသားနှင့် လေယာဉ်မောင်းသမား စပရင့်၏ လက္ခဏာပုံသဏ္ဌာန်များကို ရေဒီယို အသံလွှင့်စက်ဖြင့် ချက်ခြင်းအကြောင်းကြား ပေးပို့လိုက်သည်။ ထို့ပြင် တောင်အမေရိကနှင့် မြောက်အမေရိကတိုက်များအကြားရှိ အလယ်ပိုင်း အမေရိကနှင့် မက္ကဆီကို နိုင်ငံများသို့ မောင်းနှင်ပျံသန်းနေကြသည့် လေယာဉ်မောင်းသမား ပိုင်းလော့များကိုလည်း အကျိုးအကြောင်းကို ဖော်ပြ၍ သတိပေးချက်များ ထုတ်ပြန်ထားခဲ့သည်။

အဆိုပါ အကြောင်းကြားချက်နှင့် သတိပေးချက်များသည် ထိရောက်ကြောင်း မကြာမီ တွေ့လာကြရသည်။

ဧပြီလ ၉ရက်နေ့တွင် အလယ်ပိုင်း အမေရိကတိုက်၊ ဟွန်ဒူးရပ်စ်နိုင်ငံမှ လေယာဉ်ဖြင့် ပျံသန်းရောက်ရှိလာသည့် လေယာဉ်မောင်းတစ်ဦးက အဲလ်ပါဆိုမြို့မှ အက်ဘီဖ်အိုင် စုံထောက်များအား သတင်းတစ်ခုပေးခဲ့သည်။ သူပေးသည့်သတင်းမှာ သူမောင်းလာသည့် လေယာဉ်သည် မက္ကဆီကိုနိုင်ငံ၊ ဗီယာကရုပ်ပြည်နယ်ပေါ်မှ ဖြတ်ကျော်ပျံသန်းလာခဲ့စဉ် စုံထောက်များအလိုရှိနေသော အနီနှင့်အဖြူကျား လေယာဉ်တစ်စင်းကို ကောင်းကင်တွင် တွေ့မြင်ခဲ့ရကြောင်း၊ ထိုလေယာဉ်မှာ မြေပြင်ပေါ်သို့ ဆင်းသက်တွင် တစ်စုံတစ်ရာနှင့် ထိခိုက်မိသည့်ဟန်ဖြင့် အတောင်ပံအောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အပျက်အစီးအချို့ တွေ့မြင်ခဲ့ရကြောင်း စသည်တို့ဖြစ်သည်။

အက်ဖ်ဘီအိုင် စုံထောက်များသည် မက္ကဆီကိုနိုင်ငံမှ အမျိုးသားလုံခြုံရေးအဖွဲ့ကြီးသို့ အကျိုးအကြောင်းကို ဖော်ပြ၍ မေးမြန်းကြည့်ရာ မက္ကဆီကို ရဲအရာရှိများက "အဆိုပါလေယာဉ်နှင့် လေယာဉ်မောင်းသူမှာ အက်ဖ်ဘီအိုင်က အလိုရှိနေသည့် လေယာဉ်နှင့် တရားခံပင်ဖြစ်ဟန်တူကြောင်း။ အဘယ်ကြောင့်ဆိုသော် လေယာဉ်မောင်းသမားကို မြင်လိုက်တွေ့လိုက်ကြရသည့် မက္ကဆီကို အမျိုးသားများအား အက်ဖ်ဘီအိုင် ထုတ်ပြန်သည့် ကြော်ငြာနှင့် စပရင့်၏ ဓာတ်ပုံကို ပြသကြည့်ရာ ၎င်းတို့က လေယာဉ်မောင်းသမားမှာ ဓာတ်ပုံထဲက လူပင်ဖြစ်သည်ဟု ထွက်ဆိုကြကြောင်း" စသည်ဖြင့် ပြန်ကြားခဲ့သည်။

မှန်သည်။ မက္ကဆီကို နိုင်ငံကောင်းကင်ယံတွင် တွေ့ခဲ့ရသည်ဆိုသော လေယာဉ်အနီနှင့်အဖြူကျားကလေး၏ လေယာဉ်မောင်းသမားမှာ "စပရင့်မှ စပရင့်ပင်" ဖြစ်သည်။ စပရင့်သည် မက္ကဆီကိုနိုင်ငံသို့ ထိုလေယာဉ်ကလေးဖြင့် ပျံသန်းရောက်ရှိလာခဲ့ပြီး မက္ကဆီကို အမျိုးသားတစ်ယောက်နှင့် ကလေးနှစ်ယောက်ကိုတင်ကာ ကောင်းကင်ယံတွင် လေအဟုန်စီး၍ အပျော်ခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။ သို့သော် ယခုအထိ လေယာဉ်အတက်အဆင်းကို နိုင်နင်းကျွမ်းကျင်ခြင်းမရှိသေးသည့် စပရင့်သည် မက္ကဆီကို သားအဖနှစ်ယောက်ကိုတင်၍ မြေပြင်မှ အတက်တွင် အတောင်ပံတစ်ဖက်မှာ သစ်ကိုင်းများနှင့် တိုက်မိပြီး ကျိုးပဲ့ပျက်စီးသွားခဲ့ရာ ကံကောင်းထောက်မသဖြင့် လေယာဉ်ပေါ်မှ လူများမှာ တစ်စုံတစ်ရာ အနာတရ မဖြစ်ဘဲ ရှိခဲ့ကြသည်။

မက္ကဆီကို ရဲအဖွဲ့၏ စုံစမ်းထောက်လှမ်းချက်အရ စပရင့်သည် မက္ကဆီကို သားအဖသုံးယောက်နှင့် လေယာဉ်အပျော်ခရီး ထွက်ခဲ့ပြီးနောက်တစ်နေ့တွင် ကိုနေရာမှ သူပိုင်လေယာဉ်ကလေးဖြင့် ပျံသန်းထွက်





ခွာသွားသည်ဟု သိရသည်။ မက္ကဆီကို ရဲအရာရှိများသည် မြေပြင်မှ ရဲကားများဖြင့်လည်းကောင်း၊ ကောင်းကင်မှ ခရီးသည်တင်လေယာဉ်တစ်စီးဖြင့်လည်းကောင်း၊ စပရင့်သွားရာနောက်သို့ "မြေပြင်ရော ဝေဟင်ပါ" ခြေရာခံ၍ လိုက်ကြရာ စပရင့်သည် မက္ကဆီကိုနိုင်ငံ အရှေ့မြောက် ကမ်းခြေမှ အလွန်၊ ကာရစ်ဘီယံ ပင်လယ်ထဲမှ ကိုဇူးမဲလ်အမည်ရှိ ကျွန်းကလေးပေါ်သို့ ရောက်ရှိနေကြောင်း အတိအကျ သိရှိကြရသည်။ အဆိုပါ ကိုဇူးမဲလ် အမည်ရှိသော ကျွန်းကလေးမှာ ကျူးဘားနိုင်ငံနှင့် မလှမ်းမကမ်းတွင် ရှိ၍ ထိုကျွန်းမှ သင်္ဘောဖြင့် နာရီပိုင်းလောက် ခုတ်မောင်းလိုက်လျှင် ကျူးဘားသို့ ရောက်နိုင်သည်။

စပရင့်မောင်းနှင်သည့် လေယာဉ်အနီနှင့် အဖြူကျားကလေးကို မက္ကဆီကိုနိုင်ငံပေါ်တွင် တွေ့မြင်ခဲ့ရကြောင်း အက်ဖ်ဘီအိုင် စုံထောက်များ သတင်းရရှိခဲ့ပြီးနောက်၊ ၅ရက်မျှအကြာ ၁၉၅၉ခု၊ ဧပြီလ ၁၄ ရက်နေ့တွင် ကာရစ်ဘီယံ ပင်လယ်တွင်းမှ ကိုဇူးမဲလ်ကျွန်းကလေးပေါ်ရှိ တစ်ခုသော တောလမ်းအတိုင်း အမေရိကန်အမျိုးသားတစ်ယောက် ခေါင်းငိုက်စိုက်ချကာ လျှောက်လာသည်ကို တွေ့ကြရသည်။ ခဏအကြာတွင် မျက်နှာချင်းဆိုင်မှ မောင်းလာသည့် ထရပ်ကားတစ်စင်းသည် အနီးသို့ ရောက်လာပြီး "ကျွီ" ခနဲ ဘရိတ်အုပ်၍ ကားကို ထိုးရပ်ကာ ယူနီဖောင်းဝတ် မက္ကဆီကို ရဲသားနှစ်ယောက်ကားပေါ်မှ ခုန်ဆင်းလာသည်။

လမ်းပေါ်မှ ခြေလျင်သမားသည် ရုတ်တရက် ကားပေါ်မှ ဆင်း၍ မိမိအား တစ်ဖက်တစ်ချက်စီ၊ လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်ကြသော မက္ကဆီကို ရဲသားများကို မည်သို့မျှ ခုခံချိန်မရလိုက်ဘဲ အဖိုင်မိခံလိုက်ရသည်။ တစ်ဖန် ရပ်ထားသော ထရပ်ကားပေါ်သို့ လှမ်းကြည့်လိုက်ရာ နင်ဖယ်သေနတ်နှင့် ခြောက်လုံးပြူးများ ကိုယ်စီကိုယ်ထားကြသည့် သက္ကဆီကို လေတပ်မှ စစ်သားများကို တွေ့မြင်နေရသည်။ ဒီတစ်ခါတော့ အာ



www.burmeseclassic.com

www.burmeseclassic.com



များတက်နိုင်ဦးမှာလဲ?

"ဟုတ်ပါတယ် စပရင့်ဆိုတာ ကျူပ်ပါပဲ"

ဘာမျှ မတတ်နိုင်တော့သည့်အဆုံး၌ ထောင်ပြေးတရားခံ "မိုးပျံဘဏ်ဓားပြ" စပရင့်သည် ထူးထူးထွေထွေ လေကုန်ခံမနေတော့ဘဲ အသာတကြည်ဖြင့် အဖမ်းခံခဲ့သည်။

မက္ကဆီကို ရဲများနှင့် စစ်သားများသည် စပရင့်က လမ်းပြသဖြင့် တောလမ်းကလေးမှ ခပ်လှမ်းလှမ်းတစ်နေရာရှိ သုပုန်းအောင်းနေသည့် သက်ငယ်တဲကလေးဆီသို့ လိုက်ပါသွားကြပြီး သူ့ပစ္စည်းများကို ရှာဖွေသိမ်းဆည်းခဲ့ကြသည်။ ဤသက်ငယ်တဲကလေးထဲမှ စပရင့်၏ လက်ဆွဲသရေအိတ် တစ်လုံးကို တွေ့ရ၍ ထိုသားရေအိတ်ထဲတွင် အမေရိကန်ငွေစက္ကူ ၁၀,၄၉၂ ဒေါ်လာနှင့် ၆၅ ဆင့်တိတိကို တွေ့ရှိခဲ့ကြသည်။ ဟမ်မစ်ဘန်မြို့မှ ဘဏ်တိုက်ကို စီးသွားခဲ့စဉ်က ၂၅,၉၅၅ ဒေါ်လာနှင့် ဆင့် ၂၀ ပါသွားခဲ့ရာ ထိုငွေမှ ၅၀၃၈ ဒေါ်လာနှင့် ဆင့် ၂၀မှာ၊ ပြေးရင်းလွှားရင်း မော်တော်ကား ၁၂စီးနှင့် လေယာဉ်ပျံတစ်စီး ဝယ်လိုက်သဖြင့် ကုန်ကျခဲ့ပါသည်ဟူ၍ စပရင့်က ရဲများအား သူ့အသုံးစရိတ်ကို တင်ပြခဲ့သည်။ ထို့ပြင် အဆိုပါ သက်ငယ်တဲကလေးအတွင်းမှ စပရင့်မြှတ်နှီးလှသည့် ပစ္စည်းများကိုလည်း တွေ့ကြရသေးသည်။ ယင်းပစ္စည်းများမှာ ပွိုင့် ၃၂နှင့် ပွိုင့် ၃၈ ခြောက်လုံးပြူးနှစ်လက်ပင်တည်း။

"ထောင်ပြေးတရားခံ မိုးပျံဘဏ်ဓားပြကြီး" ကို ဖမ်းဆီးနိုင်ရန်အတွက် မနေမနား ကြိုးစားပမ်းစားဖြင့် အမေရိကန်ပြည်ထောင်စုတစ်ခွင် ပြုံပြစင်အောင် လိုက်လံရှာဖွေခဲ့ကြရသော အက်ဖ်ဘီအိုင်စုံထောက်များမှာ တရားခံစပရင့်ကို လက်ရဖမ်းမိပြီးသည့်နောက် သည့်ထက်သည်မို၍ပင် နေ့ရောညပါ အလုပ်များပြီး၊ မအားအောင် ဖြစ်ခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် သူ့ကို ရုံးတင်စစ်ဆေးရာ၌ သူကျူးလွန်ခဲ့သည့် အမှုများကို "ပရိ





သတ်များသိပြီးဖြစ်တော်မူကြသည့်အတိုင်း" တသီတတန်းကြီး ဖြစ်နေသောကြောင့်တည်း။

စပရင့်အား သူကျူးလွန်ခဲ့သည့် အမှုများအတွက် ပြည်နယ်အသီးသီးမှ တရားရုံးများတွင် တစ်မြို့ပြီးတစ်မြို့ တစ်ရုံးပြီးတစ်ရုံး အမှုဆိုင်၍ ကြားနာစစ်ဆေးခဲ့ကြရသည်။ ၂လကျော်မျှ ယင်းသို့ စစ်ဆေးခဲ့ပြီးနောက် သူ့အတွက် တရားရုံးများက စီရင်ချက်များ "တသီတတန်းကြီး" ချမှတ်ခဲ့ရာ အောက်ပါတို့မှာ မိုးပျံဘဏ်ဓားပြ စပရင့်အတွက် "စီရင်ချက်တရင်းချုပ်" ပင်ဖြစ်သည်။

ဟမ်မစ်လ်တန်မြို့ အမျိုးသားဘဏ်တိုက်ကြီးကို ဝင်စီးမှုဖြင့် ပြည်ထောင်စု တရားဥပဒေအရ စင်စင်နက်တီခရိုင် ရာဇဝတ်တရားသူကြီးရုံးတော်မှ ထောင်ဒဏ် ၂၅နှစ်။

အထက်ပါ ဘဏ်တိုက်စီးမှုဖြင့် ပြည်နယ် တရားဥပဒေအရ ဘတ်တလာစီရင်စု တရားရုံးတော်မှ ထောင်ဒဏ်အနှစ် ၂၀။

မော်တော်ကားများကို ပြည်နယ်တစ်ခုမှတစ်ခုသို့ ခိုးယူထွက်ပြေးတိမ်းရှောင်သည့်အမှု ၃မှုအတွက် ပြည်ထောင်စု တရားရုံးတော်မှ တစ်မှုလျှင် ထောင်ဒဏ် ၅နှစ်စီ။

ရေယာဉ်ပျံနှစ်စင်းကို ပြည်နယ်တစ်ခုမှ တစ်ခုသို့ ခိုးယူမောင်းနှင်ပြေးသည့် အမှု ၂မှုအတွက် ပြည်ထောင်စု တရားရုံးတော်မှ တစ်မှုလျှင် ထောင်ဒဏ် ၅ နှစ်စီ။

ပြည်နယ်တစ်ခုအတွင်း ကျူးလွန်ခဲ့သည့် ခိုးမှုကြီးတစ်မှုအတွက် ပြည်နယ်တရားရုံးတော်မှ ထောင်ဒဏ် ၁နှစ်မှ ၇နှစ်။

ပြည်နယ်နှစ်ခုတွင် ကျူးလွန်သည့် လက်နက်ကိုင်[illegible] အတွက် အဆိုပါ ပြည်နယ်တရားရုံးတော်များမှ ထောင်ဒဏ် [illegible] နှစ်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ် ၃ခုတွင် ကျူးလွန်ခဲ့သည့် မော်တော်ကားခိုးမှု ၃မှုအတွက် သက်ဆိုင်ရာ ပြည်နယ်တရားရုံးများမှ တစ်မှုလျှင် ထောင်ဒဏ် ၁နှစ်မှ အနှစ် ၂၀။

ပြည်နယ်တစ်နယ်တွင် အကျဉ်းထောင်ကို ဖောက်၍ ထောင်မှ ထွက်ပြေးခဲ့သည့် အမှုအတွက် သက်ဆိုင်ရာ ပြည်နယ်တရားရုံးတော်မှ ထောင်ဒဏ် ၁နှစ်မှ ၅နှစ်။

ဤသို့ အမှုတွေ "တသီတတန်း"ကြီးအတွက် စီရင်ချက်တွေ "တသီတတန်း"ကြီး ချမှတ်ခြင်းခံခဲ့ရသည်ဖြစ်ရာ တစ်ခါက "မိုးပျံဘဏ်ဓားပြ"ဟူ၍ ဝေဟင်ခရီးတွင် လေယာဉ်စီးလာခဲ့သော စပရင့်မှာ ယခုအခါ ဝေဟင်တွင် လေယာဉ်မစီးနိုင်တော့ဘဲ မြေပြင်မှာပင် "ကိစ္စပြီး"ရန်သာ ရှိတော့သည်။

သို့သော် စပရင့်ကဲ့သို့ အမှုတွေဗလပွနှင့် ထောင်ဒဏ်တွေများလှသည့် ရာဇဝတ်သားကြီးများအတွက် သက်သာရာသက်သာကြောင်းအဖြစ် "တပေါင်းတည်းကျခံစေ"ဟူသော စီရင်ချက်ကြောင့် စပရင့်မှာ ထောင်ဒဏ်အများဆုံး ၂၅နှစ်သာလျှင် ကျခံရမည်ဖြစ်သည်။ သို့တိုင်အောင် ၁၉၅၉ ခုနှစ်က ထောင်ကျသွားခဲ့ခြင်းဖြစ်ရာ ယခု ၁၉၇၁ ခုနှစ်တွင် ထောင်သက် ၁၂နှစ်မျှသာရှိသေးသဖြင့် စပရင့်ခမျာ ယခုမှ ထောင်ထဲတွင် "နေလို့ထိုင်လို့ကောင်းတုံး"ဖြစ်နေပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ၊ အက်ဖ်ဘီအိုင်အဖွဲ့ကြီးအတွက်မူ "တတောရှင်း"သွားပြီဖြစ်၍ "မိုးပျံဘဏ်ဓားပြ"စပရင့်၏ အမှုများကို မှုခင်းဖိုင်တွဲတွင် မှတ်တမ်းတင်ခဲ့ပြီ ဖြစ်သည်။ ယင်းမှတ်တမ်းအရ အက်ဖ်ဘီအိုင်က ဤအမှုကြီးကို သမိုင်းဝင် မှုခင်းတစ်ခုအဖြစ် ဂုဏ်ယူ၍ မဆုံးနိုင်အောင် ရှိခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် စပရင့်သည် ၁၉၅၈ ခု၊ ဧပြီလ ၁၆ရက်နေ့တွင် ထောင်က ထွက်ပြေးခဲ့ပြီး ၁၉၅၉ ခုနှစ်၊ ဧပြီလ ၁၄ရက်နေ့တွင်မှ





ပြန်မိခဲ့ရာ တစ်နှစ်ပြည့်ရန် ၂ရက်မျှသာ လိုတော့သည်။ ယင်းသို့ တစ်နှစ်နီးပါးမျှ ရက်ပေါင်း ၃၆၃ရက်တိုင်တိုင် ထွက်ပြေးတိမ်းရှောင်ခဲ့ရာ၌ သူ့နာမည်ရင်း စပရင့်အပါအဝင် အခြားနည်မည်ပေါင်း ၃၅မျိုးထိအောင် အမျိုးမျိုးပြောင်းလွဲခဲ့၍ မော်တော်ကား ၂၉စီးနှင့် လေယာဉ်ပျံ ၃စင်းကို ခိုးယူမောင်းနှင်ထွက်ပြေးခဲ့သည်။ သို့ဖြင့် သူ့ကို ဖမ်းဆီးမိသောအခါ သူတိမ်းရှောင်ရင်း ပြေးခဲ့လွှားခဲ့ ပျံသန်းခဲ့သည့်ခရီးမှာ စုစုပေါင်း မိုင် ၂သောင်း ၅ထောင်မျှပင် ရှိခဲ့၍ သူ့ကို နောက်ဆုံးလက်ရဖမ်းမိသည့် နေရာမှာ မူလပထမ အမှုစတင်ဖြစ်ပွားသည့် အရပ်ဒေသနှင့် မိုင်ပေါင်း ၄၀၀၀ခန့် ကွာဝေးနေခဲ့သည်။

သို့ဖြစ်ရာ ဤမျှလောက် အမှုမျိုးစုံကို ကျူးလွန်၍ နာမည်အမျိုးမျိုးပြောင်းကာ မိုင်ပေါင်း ၂သောင်းကျော် ပြေးလွှားတိမ်းရှောင်ခဲ့သည့် "မိုးပျံဘဏ်ဓားပြ"စပရင့်၏ အမှုသည် အက်ဖ်ဘီအိုင်အဖွဲ့ကြီးအတွက် သမိုင်းဝင် မှုခင်းဖြစ်လာသည်မှာ ဘာများ"ဆန်း"ပါသေးသနည်း။

သို့သော် တစ်ခုတော့ ရှိသည်။ အမေရိကန်လူနေမှုစနစ်နှင့် အမေရိကန် လူ့အဖွဲ့အစည်းသည် အမျိုးမျိုးသော ရာဇဝတ်ပြစ်မှုများကို မဖြစ်ပွား မပေါ်ပေါက်ရလေအောင် အဖက်ဖက်မှ ကြိုတင်ကာကွယ်တားဆီးခြင်းအားဖြင့် ဂုဏ်ယူရမည့်အစား ရာဇဝတ်မှု ကျူးလွန်သည့် တရားခံများကို ကြိုးပမ်းထောက်လှမ်း ဖမ်းဆီးပြီးနောက် ဤရာဇဝတ်မှုကြီးများ၏ "ကြီးကျယ်ခမ်းနား ရက်စက်ဆိုးဝါးလှ"ပုံများကို အသားပေး မှတ်တမ်းတင်ခြင်းဖြင့် ဂုဏ်ယူမဆုံးအောင် ဖြစ်နေသည်မှာ "တလွဲတွင် ဆံပင်ကောင်း"သည့်ပမာ"ဆန်း"လှသည် မဟုတ်ပါလော။

×××××



www.burmeseclassic.com

www.burmeseclassic.com



## ကျဆုံးလေပြီးသော
## အက်ဖ်ဘီအိုင်“အာဇာနည်”များ

ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေအုပ်စိုးရေးတို့ကို တာဝန်ယူနေရသော အက်ဖ်ဘီအိုင်အဖွဲ့ဝင်စုံထောက်များသည် ရံဖန်ရံခါ တာဝန်ထမ်းဆောင်နေခိုက် လူသတ်သမားများ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ကြရ၏။ ယင်းသို့ တာဝန်ထမ်းဆောင်ရင်း လူဆိုးလူမိုက် လူသတ်သမားများ၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသည့် . . . “အက်ဖ်ဘီအိုင် အာဇာနည်”များအကြောင်းကို ဤအခန်းတွင် စုပေါင်းဖော်ပြထား၏။ ၁၉၆၅ ခုနှစ်အထိ ကျဆုံးလေပြီးသော အက်ဖ်ဘီအိုင် အာဇာနည် ၁၉ ဦးရှိကြောင်းဖြင့် အက်ဖ်ဘီအိုင်ဌာနချုပ်က မှတ်တမ်းတင်ထားခဲ့ရာ ဤဖြစ်ရပ် ဤမှတ်တမ်းများကို လေ့လာသုံးသပ်ဖတ်ရှုကြည့်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုကြီး၏ ဖောက်ပြန်သော လူနေမှုစနစ်၊ ဆိုးဝါးသော စီးပွားရေးစနစ်နှင့် လက်နက်အားကိုးလွှမ်းမိုးလိုသည့် စနစ်များ တိုးတက်ထွန်းကားနေသမျှ အက်ဖ်ဘီအိုင် အာဇာနည်များ၏ စာရင်းသည်လည်း တစ်နေ့တခြား ပိုမိုများပြားလာပေလိမ့်ဦးမည်ဟူ၍ . . .။





ယနေ့ မျက်မှောက်ကမ္ဘာတွင် အမေရိကန် ပြည်ထောင်စုကြီးသည် အရင်းရှင်နိုင်ငံများအနက် ရှေ့ဆုံးမှ ထိပ်တန်းအကျဆုံး နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်သည့်ပြင် ကမ္ဘာ့နိုင်ငံအားလုံးတွင် အဖက်ဖက်က ခေတ်အမီဆုံး၊ အတိုးတက်ဆုံးနှင့် အချမ်းသာဆုံး နိုင်ငံကြီးအဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုနေကြရသည်။

သို့သော် ယင်းသို့ အရင်းရှင်နိုင်ငံများအနက် ရှေ့ဆုံးမှ ထိပ်တန်းအကျဆုံး ဖြစ်နေသလို ရာဇဝတ်မှုများ ထူပြောပေါများရာတွင်လည်း အမေရိကန်ပြည်ထောင်စုကြီးသည် ရှေ့ဆုံးမှ ထိပ်တန်းအကျဆုံး ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများအားလုံးတွင် အဖက်ဖက်က “ခေတ်အမီဆုံး၊ အတိုးတက်ဆုံးနှင့် အချမ်းသာဆုံးနိုင်ငံကြီး ဖြစ်နေသော်လည်း အကျင့်စာရိတ္တ အပျက်ပြားဆုံး၊ ဒုစရိုက်မှုများ အပေါများဆုံးနှင့် [illegible] အရ အဖောက်ပြန်ဆုံး”နိုင်ငံတစ်နိုင်ငံ ဖြစ်နေသည်ကိုလည်း မည်မျှ [illegible] နိုင်အောင် ဖြစ်နေခဲ့ကြရသည်။

အမေရိကန်ပြည်ထောင်စုကြီးတွင် နေ့စဉ်နှင့်အမျှ ဘဏ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



မိနစ်တိုင်း စက္ကန့်တိုင်း ဖြစ်ပွားနေသည့် ရာဇဝတ်မှုများကြောင့် အုပ်ချုပ်ရေးဘက်ဆိုင်ရာ၊ ရဲဘက်ဆိုင်ရာ၊ ထောက်လှမ်းရေးဘက်ဆိုင်ရာ တာဝန်ခံများနှင့် တရားရေးဌာန တာဝန်ခံများသာမက၊ နိုင်ငံ၏ အကြီးအကဲဖြစ်သည့် သမ္မတကိုယ်တိုင် ရာဇဝတ်မှုများ တစ်နေ့တခြား ထူပြောပေါ်များလာနေသည့်အဖြစ်ကို မကြာခဏ ထုတ်ဖော်တင်ပြ၍ ဝန်ခံခဲ့ကြရသည်။

ယင်းပြဿနာသည် ၂၀ ရာစုနှစ်၏ နောက်ပိုင်း အမေရိကန်ပြည်ထောင်စုကြီး၏ သမ္မတများအဖြစ် တာဝန်ယူခဲ့ကြရသော သမ္မတ ကနေဒီ၊ သမ္မတ ဂျွန်ဆင်နှင့် ယခုလက်ရှိ သမ္မတ နစ်ကဆင်တို့ကိုယ်တိုင် ဦးနှောက်ခြောက်၍ အဖြေရှာမရလောက်အောင် ဖြစ်ခဲ့ကြရသည်။

အမေရိကန် သမ္မတများ ယင်းသို့ တစ်ယောက်ပြီးတစ်ယောက် ဦးနှောက်ခြောက်ရလောက်အောင် အမေရိကန်ပြည်ထောင်စုကြီး၏ ရာဇဝတ်မှု "အတိုးနှုန်းဇယား" မှာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်သည်ထက်မြင့်လာနေသည်ကို တွေ့ကြရသည်။

ဤအချက်ကို ကိန်းဂဏန်းအားဖြင့်အတိအကျဖော်ပြရမည်ဆိုပါက

အမေရိကန်ပြည်ထောင်စုကြီးတွင် ၁၉၆၆ ခုနှစ်က လူသတ်မှုပေါင်း ၁၀,၉၂၀ ဖြစ်ပွားခဲ့ရာမှ ၁၉၆၈ ခုနှစ်တွင် ၁၃,၅၃၀ မှုအထိ တိုးတက်ဖြစ်ပွားလာခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စုကြီးတွင် မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းသူပြည်သားများမှာ ၂၄ နာရီ(တစ်ရက်)လျှင် လူပေါင်း ၃၇ယောက်မျှ အသတ်ခံနေကြရသည်။ ဤသည်မှာ နေ့စဉ်နေ့တိုင်း မိနစ် ၄၀လျှင် လူသတ်မှုတစ်ခု ဖြစ်ပွားနေခြင်းပင် ဖြစ်သည်။

၁၉၆၆ ခုနှစ်က ဓားပြမှုပေါင်း ၁၅၃,၄၂၀ ဖြစ်ပွားခဲ့၍ ၁၉၆၈ ခုနှစ်တွင်မှု ဓားပြမှုပေါင်း ၂၅၁,၂၅၈မှုအထိ များပြားလာခဲ့သည်။ တစ်နည်းဆိုရလျှင် အမေရိကန်ပြည်ထောင်စုကြီးတွင် တစ်နေ့လျှင် ဓားပြမှုပေါင်း ၆၈၈ မှု ဖြစ်ပွားနေခဲ့၍ အမေရိကန်အမျိုးသားတစ်ယောက်သည် ၂မိနစ်





လျှင် တစ်ကြိမ်ကျ ဓားပြအတိုက်ခံနေရသည်။

၁၉၆၆ ခုနှစ်က မုဒိမ်းမှုပေါင်း ၂၅,၃၃၀ ဖြစ်ပွားခဲ့ပြီး ၁၉၆၈ ခုနှစ်တွင်မှု အမှုပေါင်း ၃၀,၃၈၀ ခန့်အထိများပြားလာခဲ့၍ တစ်နေ့လျှင် ၆၀ မှု ကျူးလွန်နေကြသည်။ ဤစာရင်းအရ အမေရိကန်အမျိုးသမီးများသည် ၄ မိနစ်လျှင် ၃ယောက်ကျ မုဒိမ်းကျင့်ခံနေရကြောင်း သိရသည်။

၁၉၆၆ ခုနှစ်က တစ်နိုင်ငံလုံးတွင် မော်တော်ကားခိုးမှုပေါင်း ၅၅၇,၀၀၀ ဖြစ်ပွားခဲ့ရာ ၁၉၆၈ ခုနှစ်တွင် အမှုပေါင်း ၅၉၇,၁၁၅ မှုအထိ များပြားလာခဲ့သည်။ ဤသို့ဖြင့် အမေရိကန်ပြည်ထောင်စုတွင် တစ်နေ့လျှင် မော်တော်ကားခိုးမှုပေါင်း ၁၆၃၈ မှုခန့် ဖြစ်ပွားခဲ့၍ ၅၃ စက္ကန့်လျှင် ကားတစ်စီးကျ အခိုးခံနေကြရသည်။

၁၉၆၆ ခုနှစ်တွင် ဖောက်ထွင်းမှုပေါင်း ၁,၃၇၀,၀၀၀ ဖြစ်ပွားခဲ့၍ ၁၉၆၈ ခုနှစ်တွင်မှု ဖောက်ထွင်းမှုပေါင်း ၁,၅၆၁,၈၀၀အထိ ဖြစ်ပွားလာခဲ့သည်။ ဤသည်မှာလည်း အမေရိကန်ပြည်ထောင်စုကြီးတွင် တစ်နေ့လျှင် ဖောက်ထွင်းမှုပေါင်း ၄၂၇၉ မှုခန့် ဖြစ်ပွားနေပြီး ပျမ်းမျှခြင်းအားဖြင့် စက္ကန့် ၂၀လျှင် အိမ်တစ်အိမ်ကျ ဖောက်ထွင်းခိုးယူခြင်း ခံနေရသည်။

အထက်ပါ အမေရိကန် ရာဇဝတ်မှုများ၏ "အတိုးနှုန်း" စာရင်းဇယားများမှာလည်း အခြားအခြားသော ဌာနများက ထုတ်ပြန်ခဲ့ခြင်း မဟုတ်မူ၍ ယင်းရာဇဝတ်မှုများကို ကိုယ်တိုင်ကိုယ်ကျ နေ့စဉ်နေ့တိုင်း နာရီ မိနစ် စက္ကန့်နှင့်အမျှ စုံစမ်းထောက်လှမ်း၍ စစ်ဆေးအရေးယူခဲ့ကြရသည့် အက်ဖ်ဘီအိုင်ခေါ် အမေရိကန်ပြည်ထောင်စု စုံစမ်းထောက်လှမ်းရေး အဖွဲ့ကြီးကပင် စနစ်တကျ တရားဝင်ထုတ်ပြန်ခဲ့သည့် စာရင်းဇယားများပင် [illegible]

သို့ဖြစ်ရာ တစ်နေ့လျှင် ၂၄နာရီ တစ်ပတ်ပြည့်အောင် [illegible] မလပ် ဖြစ်ပွားနေသည့် အဆိုပါ ထောင်သောင်းသိန်းသန်း[illegible] သော ရာဇဝတ်မှုကြီးငယ် ရှယ်လတ်တို့ကို မျက်ခြေမပြတ် စုံစမ်းထောက်



www.burmeseclassic.com

www.burmeseclassic.com



လုမ်း စစ်ဆေးအရေးယူနေကြရသည့် အက်ဖ်ဘီအိုင်အဖွဲ့ကြီးနှင့် အက်ဖ်ဘီအိုင် စုံထောက်များ၏ လုပ်ငန်းတာဝန်မှာ မည်မျှ ကြီးမားများပြားလှသည်ကို သိသာနိုင်သည်။

သူတို့အဖို့ နေ့စဉ် အိမ်မှထွက်သွားပြီး လုပ်ငန်းခွင်သို့ ဝင်လိုက်သည့် အချိန်မှစ၍ ညနေ အချိန်တန်၍ အိမ်ပြန်ရောက်သည်အထိ တစ်နေ့တာကာလပတ်လုံး အန္တရာယ်ကို "အဖော်လုပ်" ခဲ့ကြရသည်။ ရံဖန်ရံခါ "အရေးတကြီး အလိုရှိသည်" ဆိုသော လူသတ်သမား၊ ထောင်ထွက်၊ ဝရမ်းပြေး၊ ဓားပြ၊ လူဆိုးများကို သေရေးရှင်ရေး အပြေးအလွှား နေ့မအား ညမအား လိုက်လံထောက်လှမ်း ဖမ်းဆီးခဲ့ကြရသည့် အခါမျိုး၌မူ စုံထောက်များအတွက် နေ့စဉ်ရက်ဆက် အသက်ကို ဖက်နှင့်ထုပ်ထားကြရသည်။

ဤကြားထဲမှာပင် တစ်ခါတစ်ရံ ကံမကောင်း အကြောင်းမလှသဖြင့် မိမိတို့သည် နားရော၊ မျက်စိရော၊ "လက်ညှိုး" ပါ အင်္ဂါသုံးခုစလုံးသာနေသည့် လူဆိုးများနှင့် တွေ့ကြရသောအခါ အက်ဖ်ဘီအိုင်စုံထောက်များ၏ "ဖက်နှင့်ထုပ်" ထားသော အသက်မှာ လူဆိုးများ၏ သေနတ်ပြောင်းဝသို့ ပါသွားတတ်ကြသေးသည်။

အက်ဖ်ဘီအိုင်၏ သက်တမ်းတစ်လျှောက်၌ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှုနှင့် ပြန်ပေးဆွဲမှု စသော ရာဇဝတ်မှုကြီးများကို စုံစမ်းထောက်လှမ်းရင်း လူဆိုးများနှင့် မရှောင်မလွှဲသာ ရင်ဆိုင်တွေ့ကြရာမှ လူဆိုးများ၏ သေနတ်ပြောင်းဝတွင် အသက်ပါသွားခဲ့ကြရရှာသည့် အက်ဖ်ဘီအိုင် စုံထောက်များမှာ * ၁၉ယောက်တိတိ ရှိသွားခဲ့သည်။

အက်ဖ်ဘီအိုင်အဖွဲ့ကြီးသည် အမေရိကန် ရာဇဝတ်မှုသမိုင်းတွင် "ထင်ပေါ်ကျော်ကြား၍ ကြီးကျယ်ခမ်းနားလှသော" ရာဇဝတ်မှုများ၊ တစ်နည်းအားဖြင့် ဆိုရလျှင် "တုန်လှုပ်ချောက်ခြားဖွယ်ရာ ရက်စက်ဆိုးဝါး

* ဤစာရင်းမှာ ၁၉၆၅ ခုနှစ်အထိ စုဆောင်းရရှိသည့် အရေအတွက်ဖြစ်သည်။
စာရေးသူ





လှသော" ရာဇဝတ်မှုကြီးများကို စနစ်တကျ အသေးစိတ် မှတ်တမ်းတင်ခဲ့သည့်နည်းတူ လူဆိုးများ၏ လက်ချက်ဖြင့် တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြရရှာသော အက်ဖ်ဘီအိုင် "အာဇာနည် ၁၉ဦး" ၏ ဖြစ်ကြောင်းကုန်စင်ကိုလည်း သမိုင်းဝင်မှတ်တမ်းတင်ထားခဲ့ကြသည်။

သို့ဖြစ်ရာ အဆိုပါ အက်ဖ်ဘီအိုင် "အာဇာနည်" များ၏ အသက်နှင့်လဲသွားကြသော အဖြစ်အပျက်နှင့် လုပ်ဆောင်ချက်များကို မကျဉ်းမကျယ် စိတ်ဝင်စားဖွယ်ရာ ဖော်ပြရမည်ဆိုပါက…။

xxxxx

၁၉၂၅ ခု အောက်တိုဘာလ ၁၁ ရက်နေ့။

ဤနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။

ချီကာဂိုမြို့တွင်းမှ လူနေကြသည့် တစ်ခုသော ရပ်ကွက်တွင် ချီကာဂိုရဲအဖွဲ့ဝင်များနှင့် အက်ဖ်ဘီအိုင် စုံထောက်တစ်ယောက်သည် မော်တော်ကားပြင်သည့် ဂိုဒေါင်တစ်ခု၏ မလှမ်းမကမ်းမှ သစ်ပင်များနှင့် အဆောက်အဦးများကိုကွယ်ကာ တစ်စုံတစ်ယောက်ကို မသိမသာ ချောင်းနေကြသည်။

သူတို့ချောင်းနေကြသည့် အဆိုပါ "တစ်စုံတစ်ယောက်" မှာ မာတင်ဒါကင်အမည်ရှိ လူဆိုးတစ်ယောက် ဖြစ်သည်။ မာတင်ဒါကင်သည် သေနတ်ကိုင် လူဆိုးတစ်ဦးဖြစ်၍ ချီကာဂို တစ်ဝိုက်တွင် အလွန်နာမည်ကြီးနေသည့် "ကားသူခိုး" တစ်ယောက်လည်း ဖြစ်သည်။ သူသည် ကားခိုးမှုများကို ကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်ရင်း သူ့အား လိုက်လံဖမ်းဆီးရန်ကြိုးစားနေကြသည့် ရဲအရာရှိသုံးဦးအား ချီကာဂိုမြို့တွင်လည်းကောင်း၊ အခြားရဲအရာရှိတစ်ယောက်အား ကာလီဖိုးနီးယား ပြည်နယ်တွင်လည်းကောင်း သေနတ်ဖြင့်ပစ်၍ ထွက်ပြေးခဲ့သည်။

မကြာမီ သေနတ်သမား ကားသူခိုး မာတင်သည် မှော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com



တွင်သို့ ကားတစ်စင်းဖြင့် အမှတ်မထင် ရောက်ရှိလာခဲ့ပြီး သူသည် သုံစီး ထားသည့်ကားကို ကားပြင်သည့် ဂိုဒေါင်တစ်ခုတွင် လာ၍ အပ်နှံလိမ့်မည် ဟု စုံထောက်များနှင့် ရဲအရာရှိများက အတိအကျ သတင်းရရှိခဲ့ကြသည်။ သို့ဖြင့် ချီကာဂို အက်ဖ်ဘီအိုင်ဌာနခွဲမှ အထူးစုံထောက် အက်ဖွင့်ရှနာဟန် သည် ချီကာဂိုရဲများနှင့်ပူးပေါင်း၍ ကားသူခိုးမာတင်လာမည်ဟု သတင်းရ သည့် ကားပြင်ဂိုဒေါင်တစ်ဝိုက်တွင် မယောင်မလည် အကဲခပ်၍ စောင့်နေ ခဲ့ကြသည်။ ထိုနေ့မှာ အောက်တိုဘာလ ၁၁ ရက် တနင်္ဂနွေနေ့ပင်ဖြစ်သည်။

တစ်နေကုန် တစ်နေ့ခမ်း စောင့်သော်လည်း မာတင်၏ အရိပ် အယောင်ကို မတွေ့မမြင်ရကြဘဲ ဖြစ်နေသည်။ သို့ဖြင့် ညနေစောင်းလာ ခဲ့ရာ ရဲအဖွဲ့ဝင်များသည် ပျင်းရိငြီးငွေ့လာသည်က တစ်ကြောင်း၊ မိမိတို့ "ဂျူတီ" ကုန်ပြီဖြစ်သဖြင့်တစ်ကြောင်း၊ ရဲစခန်းသို့ပြန်ရန် စီစဉ်နေကြသည်။ ထို့နောက် ၅နာရီသာသာခန့်တွင် "ဂျူတီ" လဲမည့် ရဲများကို ချက်ခြင်းလွှတ် လိုက်မည်ဖြစ်ကြောင်း စုံထောက် ရှနာဟန်အားပြောကာ ထိုနေရာမှ ထွက် ခွာလာခဲ့ကြသည်။ ရှနာဟန်မှာ ဂိုဒေါင်အဝင်အဝမှ သစ်ပင်တစ်ပင်ကို ကွယ်၍ တစ်ယောက်တည်း စောင့်ကျန်ရစ်ခဲ့သည်။ သို့သော် သိပ်မကြာလိုက်...

ညနေ ၆နာရီသာသာကလေးလောက်တွင် ဂိုဒေါင်ရှိရာသို့ တန်း တန်းမတ်မတ် မောင်းလာနေသော ကားတစ်စီးကို လှမ်းမြင်လိုက်ရသည်။ စုံထောက် ရှနာဟန်သည် ဂိုဒေါင်အဝင်အဝနားသို့ မော်တော်ကားရောက် လာသည်နှင့်တပြိုင်နက် ကားပေါ်မှ ကားမောင်းလာသူသည် သေနတ်သမား ကားသူခိုး မာတင်ဖြစ်ကြောင်း ချက်ခြင်းသိလိုက်ရသည်။

"ဟေ့...လက်မြှောက်လိုက်"

စုံထောက် ရှနာဟန်သည် သစ်ပင်အကွယ်မှ ဖြုံးခနဲ ထွက်လာ ပြီး ကားပေါ်မှ မာတင်းအား ခြောက်လုံးပြူးဖြင့် ချိန်လိုက်သည်။ သို့သော် သူက နောက်ထပ်တစ်စုံတစ်ရာ မည်သို့မှ မလုပ်ရမီ ကားပေါ်မှ မာတင်





သည် အသင့်ပါလာသည့် မောင်းပြန်ပစ္စတိုကို ဆွဲထုတ်ကာ ရှနာဟန်အား "ဒိုင်း" ခနဲ တစ်ချက်လှမ်းပစ်လိုက်ပြီး ကားကို ဆက်မောင်းပြေးတော့သည်။ ရှနာဟန်သည် ရင်ဝမှ သေနတ်ဒဏ်ရာကို လက်ဖြင့်အုပ်ရင်း လမ်းပေါ်သို့ လဲကျသွားရာမှ ထွက်ပြေးသည့်ကားကို တစ်ချက်ပြန်၍ လှမ်းပစ်သေးသည်။ သို့သော် သူ့မျက်စိအောက်မှ မာတင်၏ကား ပျောက်ကွယ်သွားသည့်အချိန် တွင် စုံထောက် ရှနာဟန်မှာလည်း နေရာတွင်ပင် အသက်ပျောက်ခဲ့ရသည်။

ဤသို့ဖြင့် အထူးစုံထောက်အရာရှိ ရှနာဟန်သည် အက်ဖ်ဘီ အိုင်အဖွဲ့ကြီး၏ သက်တမ်းတစ်လျှောက်တွင် တာဝန်ထမ်းဆောင်နေစဉ် သေနတ်သမား၏ လက်ချက်ဖြင့် ပထမဆုံး ကျဆုံးခဲ့ရရှာသည့် အက်ဖ်ဘီ အိုင် အာဇာနည်တစ်ဦးဖြစ်ခဲ့ရသည်။

နောက်ထပ် ကျဆုံးခဲ့ရသည့် "အာဇာနည်" စုံထောက်၏ အမည် မှာ ရေးမွန်ကက်ဖရေးဆိုသူ ဖြစ်သည်။

၁၉၃၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့က အက်ဖ်ဘီအိုင် အထူးစုံ ထောက်အရာရှိ ကက်ဖရေးသည် သူ့အထက်မှ တာဝန်ခံစုံထောက်အရာ ရှိချုပ်နှင့်တကွ ရဲဘက်မှ စုံထောက်နှစ်ယောက်တို့နှင့်အတူ "အရေးကြီး သောတာဝန်" တစ်ခုဖြင့် ကင်းဆပ်စ်မြို့ ဘူတာရုံသို့ လိုက်ပါလာခဲ့သည်။ ဤအရေးကြီးသော တာဝန်မှာ အခြားမဟုတ်၊ ဥက္ကလာဟိုမာမြို့မှ ရောက် ရှိလာမည့် တရားခံ ဖရင့်နက်ရှ်ဆိုသူအား သွားရောက်ကြိုဆို၍ ခေါ်ဆောင် လာရန်ပင် ဖြစ်သည်။

ဖရင့်နက်ရှ်သည် ဤနယ်တစ်ဝိုက်တွင် နာမည်ဆိုးဖြင့် ကျော် ကြားနေသည့် ဓားပြလူဆိုးတစ်ဦး ဖြစ်သည်။ သူသည် ဘဏ်ဓားပြမှုတစ်ခု ဖြင့် အဖမ်းခံခဲ့ရပြီးနောက် ထောင်မှ ထွက်ပြေးကာ မြေအောက်လော အပေါင်းအသင်း ရောင်းရင်းများဖြင့် ဆက်လက်၍ သောင်းကျန်းဆို ခဲ့သည်။ ထိုသို့ သုံးနှစ်တိုင်တိုင် ဆိုးနိုးလုယက်တိုက်ခိုက်နေခဲ့သော ၁၉၃၃ ခု



www.burmeseclassic.com

www.burmeseclassic.com



ပွန်လ ၁၆ရက်နေ့ကမှ ဝရမ်းပြေးလူဆိုးကြီး နက်ရှိအား ယော့စ်စပရင်းမြို့တွင် ပြန်လည် ဖမ်းမိခဲ့သဖြင့် ကင်းဆပ်စ်မြို့သို့ အစောင့်အရှောက်များဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယော့စ်စပရင်းမြို့မှ ကြိုတင်သတင်းပေးပို့ချက်အရ တရားခံ ဝရမ်းပြေး နက်ရှိအား အက်ဖ်ဘီအိုင် စုံထောက်နှစ်ယောက်နှင့် ဥက္ကလာဟိုမာမြို့မှ ရဲအရာရှိချုပ် အော့တိုရီဒ်တို့ကိုယ်တိုင် စောင့်ကြပ်ခေါ်ဆောင်လာမည်ဖြစ်ကြောင်း သိရှိထားကြသည်။ အထူးစုံထောက်အရာရှိ ကက်ဖရေးသည် အခြားစုံထောက်များနှင့်အတူ ကင်းဆပ်စ်မြို့ ဘူတာရုံမှ စောင့်၍ တရားခံ နက်ရှိအား လွှဲပြောင်းလက်ခံကာ ထောင်ကြီးချုပ်သို့ ကားဖြင့်ပို့ရန် စီစဉ်ထားသည်။

နံနက် ၇နာရီသာသာကလေးလောက်တွင် တရားခံ နက်ရှိနှင့် အစောင့်များပါလာသည့် ရထားသည် ကင်းဆပ်စ်မြို့ ဘူတာရုံသို့ ကိုယ်ရှိန်သတ်၍ ဝင်လာခဲ့သည်။ ရထားဆိုက်ပြီးလျှင်ပြီးခြင်း စုံထောက်များနှင့် ရဲအရာရှိချုပ် အော့တိုရီဒ်တို့သည် လက်ထိပ်ခတ်ထားသည့် တရားခံနက်ရှိနှင့်အတူ ရထားတွဲပေါ်မှ ဆင်းကာ ဘူတာရုံအပြင်ဘက်တွင် ရပ်ထားသည့် စုံထောက်အရာရှိ ကပ်ဖရေး၏ ချက်ပလက်ကားကြီးရှိရာသို့ အေးအေးဆေးဆေးပင် လျှောက်လာခဲ့ကြသည်။

မီးရထား ဘူတာရုံ၏ အရှေ့ဘက်အပေါက်ဝအနီးတွင် ခေါင်းထိုး၍ ရပ်ထားသည့် ကားရှိရာသို့ ရောက်သောအခါ စုံထောက်နှစ်ယောက်သည် ကားရှေ့တံခါးကို ဆွဲဖွင့်လိုက်ပြီး တရားခံ နက်ရှိအား ရှေ့ခန်း၌ပင် မိမိတို့နှစ်ယောက်အကြားတွင် ထိုင်နိုင်း၍ တံခါးကို ပိတ်လိုက်သည်။ ရဲအရာရှိ အော့တိုရ်ဒ်မှာမူ ကားနောက်ခန်းတွင် တစ်ယောက်တည်း တက်ထိုင်လိုက်သည်။ လာကြိုနေသော စုံထောက်အရာရှိ ကပ်ဖရေးသည် မိမိကားပေါ်တွင် လူစုံပြီဖြစ်သဖြင့် ထောင်ကြီးသို့မောင်းရန် ရှေ့ခန်းရှိ အမောင်း





သမားထိုင်သည့်ဘက်မှ ကားတံခါးကို အသာအယာ ဆွဲဖွင့်လိုက်သည်။

ထိုအခိုက် အေးချမ်းသာယာလှသည့် ကင်းဆပ်စ် ဘူတာရုံ တစ်ဝိုက်၏ တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖောက်ထွင်း၍ သေနတ်သံများသည် ဆူညံစွာ ပေါ်ထွက်လာခဲ့သည်။ ပထမဦးစွာ ဒက် ဒက် ဒက်...ဟူသော စက်သေနတ်သံများနှင့် တဆက်တည်း ပစ္စတိုနှင့် ခြောက်လုံးပြူးသေနတ်သံများ တဒိုင်းဒိုင်းကြားလိုက်ရပြီး စုံထောက်အရာရှိ ကပ်ဖရေး၏ ကားပေါ်သို့ ကျည်ဆံများသည် မိုးသီးမိုးပေါက်ပမာ တဖျောက်ဖျောက် ကျလာကြသည်။ တိတ်လန့်ဖွယ်ရာ ရုတ်တရက် ဆူညံစွာ ထွက်ပေါ်လာသော သေနတ်သံများကြောင့် ဘူတာရုံအပြင်ဘက်တွင် ရှိနေကြသော ခရီးသည်များ လမ်းသွားလမ်းလာများမှာ ကြောက်အားလန့်အားဖြင့် နီးရာ အကာအကွယ်များတွင် ဝင်ပြေးကြသည်။ သို့သော် စုံထောက်အရာရှိ ကပ်ဖရေး၏ ကားပေါ်တွင်မူ သွေးချင်းချင်း နီသွားခဲ့ပေပြီ။

ဖြစ်ပုံမှာ ဝါးရမ်းပြေးတရားခံ နက်ရှိ၏ မြေအောက်ဂိုဏ်းဝင် လူဆိုးများသည် စုံထောက်များလက်မှ နက်ရှိအား လုယူရန်အတွက် ဘူတာအပြင်ဘက်တစ်နေရာမှ ချောင်းမြောင်း၍ စုံထောက်များအား အတင်းအလကြမ်း ပစ်ခတ်ကြခြင်းဖြစ်သည်။

သေနတ်သံများ စဲသွားသောအခါ စုံထောက်များ၏ ကားပေါ်တွင် ကားမောင်းသူ စုံထောက်အရာရှိ ကပ်ဖရေးနှင့် ရဲအရာရှိချုပ် အော့တိုရိဒ်တို့အပြင် အခြားရဲဘက်ဆိုင်ရာ စုံထောက်နှစ်ယောက်တို့မှာ ဆန်ကာပေါက်များပမာ ကျည်ဆံရာများဖြင့် နေရာတွင်ပင် ပွဲခြင်းပြီးသေဆုံးခဲ့ကြ၍ အခြားစုံထောက်နှစ်ယောက်တို့မှာလည်း ဒဏ်ရာအပြင်းအထန်ဖြင့် ကားပေါ်တွင် အတုံးအရုံး လဲကျနေကြသည်ကို တွေ့မြင်ကြရသည်။ လူဆိုးများသည် ကားပေါ်တွင် ရှိသမျှကို သူ့လူကိုယ့်လူ မခွဲခြားနိုင်တော့ဘဲ မည်
သမျှ လုမ်းပစ်ခဲ့ကြပြီးနောက် သူတို့အားလုံး ထွက်ပြေးလွတ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကားပေါ်မှ သူတို့အဖွဲ့ဝင် တရားခံနက်ရှိမှာမူ သူတို့လက်ချက်ဖြင့် အသက်ပျောက်၍ ကျန်ရစ်ခဲ့သည်။

နောက်တစ်နေ့ နံနက်တွင် အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံး ဝါရှင်တန်၊ နယူးယောက်၊ စန်ဖရန်စစ္စကို စသည့် မြို့ကြီးပြကြီးများမှ ထုတ်ဝေသည့် သတင်းစာအားလုံးတို့၌ "ကင်းဆပ်စ်မြို့မှ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီး" ဟူသော ခေါင်းစဉ်စာလုံးမဲကြီးများဖြင့် အဆိုပါသတင်းကို ဖတ်ရှုကြရသည်။ ဆိုးဝါးရက်စက်လှသည့် ဤရာဇဝတ်မှုကြီးကြောင့် တစ်နိုင်ငံလုံးမှာ တုန်လှုပ်ခြောက်ချားသွားခဲ့ရသည်။

အက်ဖ်ဘီအိုင်အဖွဲ့ကြီးသည် ချက်ခြင်းပင် မှုခင်းဖြစ်ပွားရာဒေသ တစ်ဝိုက်နှင့် ကင်းဆပ်စ်မြို့တစ်မြို့လုံးကို ပိုက်စိပ်တိုက်၍ လိုက်လံစုံစမ်းထောက်လှမ်းခဲ့ကြသည်။ မကြာမီ အဆိုပါ "ကင်းဆပ်စ်မြို့မှ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီး" ကို ရဲရဲဝံ့ဝံ့ မိုက်မိုက်ကန်းကန်း ကျူးလွန်ခဲ့ကြသူများမှာ ဖလွိုက်၊ မစ်လားနှင့် ရစ်ချက်တီအမည်ရှိ မြေအောက်ဂိုဏ်းသား လူဆိုး ၃ယောက်တို့ဖြစ်ကြောင်း အခိုင်အမာ သိခဲ့ကြရသည်။

အက်ဖ်ဘီအိုင် စုံထောက်များသည် မိမိတို့၏ "ရဲဘော်များ" အား ရက်ရက်စက်စက် ပစ်သတ်ခဲ့ကြသည့် လူသတ်ကောင်သေနတ်သမားများအား "တွေ့ရာသင်္ချိုင်း သေနတ်မဆိုင်း" ဘဲ ဌဲကောင်းကောင်းဖြင့် စိတ်ရှည်လက်ရှည် လိုက်လံရှာဖွေခဲ့ကြသည်။ ထို့နောက် အမှုဖြစ်ပွားပြီး တစ်နှစ်နှင့် လေးလကျော်မျှ အကြာ ၁၉၃၄ ခုနှစ် အောက်တိုဘာလ ၂၂ရက်နေ့တွင် အိုဟိုင်းယိုးပြည်နယ် လစ်ဗာပူမြို့တွင် အက်ဖ်ဘီအိုင်စုံထောက်တစ်ယောက်သည် လူသတ်ကောင် ဖလွိုက်နှင့် မမျှော်လင့်ဘဲ ပက်ပင်းပါတိုးမိကြရာ လက်နက်မချဘဲ ပြန်လည်ခုခံရန် ကြိုးစားသည့် ဖလွိုက်မှာ စုံထောက်၏လက်ချက်ဖြင့် အသေပစ်၍ ဖမ်းဆီးခြင်းခံလိုက်ရသည်။ ဤနေရာတွင်လည်း အဆိုပါစုံထောက်မှာ ကံကောင်းထောက်မသဖြင့် လူသတ်ကောင်





ဖလွိုက်၏ "ဆယ့်တစ်ယောက်မြောက်သားကောင်" မဖြစ်ဘဲ ရှိခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သေဆုံးသူ ဖလွိုက်၏ အလောင်းကို ရှာဖွေကြည့်ကြသောအခါ အိပ်ဆောင်နာရီတစ်လုံးနှင့်အတူ အပေါက်ဆယ်ပေါက် ဖောက်ထားသည့် ငွေဒင်္ဂါးဒေါ်လာပြားကို တွေ့ကြရသောကြောင့် ဖြစ်သည်။ ထိုငွေဒင်္ဂါးဒေါ်လာပြားမှ အပေါက်ဆယ်ပေါက်သည် အခြားမဟုတ်။ လူသတ်ကောင် ဖလွိုက်ကိုယ်တိုင် သူပစ်ခဲ့သည့် လူပေါင်းမှာ ဆယ်ယောက်တိတိ ရှိပြီဖြစ်ကြောင်း မှတ်သားထားသည့် အပေါက်ကလေးများ ဖြစ်သောကြောင့်တည်း။

အလားတူပင် အခြားလူသတ်ကောင်တစ်ဦးဖြစ်သော ရစ်ချက်တီကိုလည်း ဖလွိုက်အား အသေပစ်၍ ဖမ်းမမိမီ တစ်ရက်က ဝဲလ်စ်ဗီလ်မြို့တွင် ဒေသဆိုင်ရာ ရဲအဖွဲ့ဝင်များ၏ ကြိုးပမ်းမှုဖြင့် ဖမ်းဆီးရမိလိုက်သည်။ ရစ်ချက်တီသည် ရုတ်တရက် အဖမ်းမခံဘဲ သေနတ်ဖြင့် ခုခံရန် ကြံသေးသည်။ သို့သော် ရဲအရာရှိများက လက်ဦးခဲ့သဖြင့် ဘယ်လိုမှ မတတ်နိုင်တော့ဘဲ "လက်ထိပ်စာ" ဖြစ်ခဲ့ရသည်။

ထို့နောက် ရစ်ချက်တီအား "ကင်းဆပ်မြို့မှ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီး" အတွက် ရုံးတင်စစ်ဆေးခဲ့၍ သေဒဏ်ပေးခဲ့ပြီး ၁၉၃၈ ခုနှစ် အောက်တိုဘာလ ၇ရက်နေ့တွင် မစ္စူရီပြည်နယ် အကျဉ်းထောင်ကြီးအတွင်း၌ ဓာတ်ငွေ့ခန်းထဲတွင် အသက်ပျောက်ခဲ့ရသည်။

လူသတ်ကောင် သုံးယောက်အနက် မစ်လားဆိုသူမှာ ခင်စာ စောကပင် သူ့ကံကြမ္မာသူ ဖန်တီးသွားခဲ့ပြီးဖြစ်သည်။ မစ်လားသည် ကင်းဆပ်စ်လူသတ်မှုကြီး ဖြစ်ပွားပြီးနောက် ထွက်ပြေးတိမ်းရှောင်ရင်း ရှေ့ စားလူသတ်သမား" အဖြစ် နာမည်ကြီးလာခဲ့ရာမှ ၁၉၃၃ ခု နိုဝင်ဘာ နောက်ဆုံးအပတ်အတွင်း ဒက်ထရိုက်မြို့၏ ဆင်ခြေဖုံးတစ်နေရာ၌ အလောင်း တွေ့ရှိခဲ့ကြရသည်။ သို့သော် သူ့ကိုတွေ့ရသည်မှာ အရှင်မဟုတ် အလောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘဲ၊ အလောင်းကိုသာ တွေ့ရခြင်းဖြစ်၍ မည်သူမည်ဝါ၏ လက်ချက်ဟူ၍ မသိရဘဲ တစ်ကိုယ်လုံး ကျည်ဆံရာများ အပေါက်ပေါက်ဖြစ်နေသည်ကို တွေ့ကြရသည်။ အလိမ္မာယ်သမားသည် မြွေနှင့်ပင် အသက်ဆုံးရှုံးရ တတ်သကဲ့သို့ သေနတ်သမားသည် နောက်ဆုံးတစ်နေ့၌ သေနတ်ဖြင့်ပင် သေတတ်ကြရသည် မဟုတ်ပါလား....?။

ယင်းသို့ သေနတ်ကိုင်ဓားပြ လူသတ်သမား၏ လက်ချက်ဖြင့် အက်ဖ်ဘီအိုင် စုံထောက်များ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးလာခဲ့ ရာ ဥက္ကနိုင်ကြားရေးဝန်ချုပ် အဂ္ဂါဟူးဗားသည် ဤပြဿနာကို အသေးစိပ် လေ့လာ၍ လိုအပ်သလို ဆောင်ရွက်ခဲ့သည်။ သူ၏ ဆောင်ရွက်ချက်အရ ယခင်ယခင်က အက်ဖ်ဘီအိုင် စုံထောက်များ၊ ထိုသို့ တာဝန်ထမ်းဆောင်နေ ဆဲ အသတ်ခံရသည့်အမှုများကို ပြည်နယ်တရားဥပဒေများအရသာ ဖမ်းဆီး အရေးယူ အပြစ်ပေးခဲ့ရာမှ ပြည်ထောင်စု တရားဥပဒေအရ စစ်ဆေးအပြစ်ပေး နိုင်ခွင့်ရှိသည့် ဥပဒေကြမ်းတစ်ရပ်ကို ပြဋ္ဌာန်းလာခဲ့သည်။ ယင်းဥပဒေကျမ်းကို "ကွန်ဂရက်လွှတ်တော်မှ အတည်ပြုခဲ့၍ ၁၉၃၄ ခုနှစ် မေလတွင် သမ္မတ ရုစဗဲ့ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့ အမေရိကန် သမ္မတကိုယ်တိုင် လူဆိုးများလက်ချက်ဖြင့် ကျဆုံးခဲ့ကြရသော အက်ဖ်ဘီအိုင် စုံထောက်များအတွက် ပြည်ထောင်စု တရားဥပဒေအရ အရေးယူစစ်ဆေးနိုင်ခွင့်ရှိသည့် ဥပဒေကို ထုတ်ပြန် ကြေညာခြင်းမပြုမီ၊ တစ်လခန့်အလိုလောက်က အခြားစုံထောက်အရာရှိ နှစ်ဦးနှင့် အက်ဖ်ဘီအိုင်စစ်ဆေးရေး အရာရှိတစ်ယောက်မှာလည်း အခြား ဓားပြလူဆိုးတစ်ဦး၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရရှာသေးသည်။ အဆို ပါ ဓားပြလူဆိုးမှာ အခြားသူမဟုတ် အမေရိကန်ရာဇဝတ်မှုသမိုင်းတွင် အထင်အရှား အကျော်ကြားဆုံးဖြစ်ခဲ့သည့် လူဆိုးဗိုလ်ကြီး ဒီလင်ဂျာ၏ အဖွဲ့ဝင် မြေအောက်ဂိုဏ်းသား နယ်လ်ဆင်ဆိုသူပင် ဖြစ်သည်။





၁၉၃၄ ခုနှစ်၊ ဧပြီလ ၂၂ရက်နေ့တွင် အက်ဖ်ဘီအိုင် စုံထောက် များသည် ဒီလင်ဂျာနှင့် သူ့ဂိုဏ်းသားများ ရောက်ရှိနေကြသည့် နေရာတစ် နေရာကို အတိအကျ သတင်းရခဲ့ကြသည်။ ထိုနေရာမှာ ရိုင်းလင်းဒါးမြို့၏ မြောက်ဘက် မိုင် ၅၀အကွာမှ နွေရာသီအပန်းဖြေစခန်းကလေးတွင် "ဘိုဟီးမီးယားရိပ်သာ"အမည်ရှိ အိမ်ကလေးတစ်လုံးတွင် စုရုံးရောက်ရှိနေကြ ကြောင်း စုံထောက် အနိုင်အမာ သတင်းရခဲ့ကြသည်။

စိန်ပေါလ်နှင့် ချီကာဂိုမြို့များမှ အက်ဖ်ဘီအိုင် စုံထောက်များသည် အထက်ပါသတင်းကို ရလျှင်ရခြင်း ရိုင်းလင်းဒါးမြို့သို့ ထိုနေ့မှာပင်လေကြောင်း ခရီးဖြင့် ထွက်ခွာလာခဲ့ကြသည်။ ရိုင်းလင်းဒါးမြို့သို့ရောက်သောအခါ ကြာ ကြာဆိုင်းမနေဘဲ မြို့ထဲမှ မော်တော်ကားများကိုငှားရမ်းကာ ဒီလင်ဂျာနှင့်နယ်လ် ဆင်တို့ရှိရာ "ဘိုဟီးမီးယားရိပ်သာ"သို့ခပ်သွက်သွက်မောင်းထွက်လာခဲ့ကြသည်။

ရိုင်းလင်းဒါးမှ ညနေစောင်းတွင် ထွက်လာခဲ့ကြသော စုံထောက် များသည် နွေရာသီအပန်းဖြေ စခန်းအနီးသို့ ချဉ်းကပ်မိကြသောအခါ နေရောင် လုံးလုံးပျောက်၍ အမှောင်လွှမ်းကာ ညချမ်းအချိန်သို့ပင် ရောက်နေပြီဖြစ်သည်။

စုံထောက်များသည် "ဘိုဟီးမီးယားရိပ်သာ"အဆောက်အဦးနှင့် မလှမ်းမကမ်းအရောက်တွင် မော်တော်ကား ရှေ့မီးများကိုပိတ်ကာ မှောင် ကြီးမဲကြီးထဲတွင် မော်တော်ကားစက်သံကို တတ်နိုင်သမျှ မကြားရအောင် ခပ်ဖြေးဖြေးမောင်းလာခဲ့ကြသည်။ သို့သော် သူတို့အတွက် အခြေအလှ အောင် ဖြစ်သွားရသည်မှာ ဒီလင်ဂျာနှင့် နယ်လ်ဆင်တို့ရှိနေသည့် အ ဆောက်အဦးရှိရာသို့ မရောက်မီ၊ မှောင်နှင့်မည်းမည်းတွင် ခွေးများက ထိုး ဟောင်လိုက်ကြခြင်း ဖြစ်သည်။

ဤတွင် တည်းခိုရိပ်သာကလေးမှ ဒီလင်ဂျာနှင့် နယ်လ်ဆင်နှင့် ဆောင်သောလူဆိုးများသည် စုံထောက်များကို သိကြ၍ စက်သေနတ်များဖြင့် ပစ်ကြခ်ရင်းထိုအဆောက်အဦးထဲမှထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၂ နာရီခန့်အကြာတွင် အထူးစုံထောက်အရာရှိ ဘမ်းသည် အခြားစုံထောက်တစ်ယောက်၊ ရဲသားတစ်ယောက်တို့နှင့်အတူ အပန်းဖြေစခန်းမှ ၂မိုင်ခန့်အကွာ၊ ကားလမ်းပေါ်တွင် ကားနှစ်စီးရပ်ထားသည်ကို တွေ့ရသဖြင့် စစ်ဆေးမေးမြန်းရန် မိမိတို့ စီးလာကြသောကားကို ထိုနေရာတွင် ထိုးရပ်လိုက်သည်။ ဤတွင် ရဲသားက လမ်းပေါ်မှ ကားနှစ်စီးအနက် တစ်စီးမှာ သူတို့ ရှိုင်းလင်းဒါးမြို့မှ ကားဖြစ်ကြောင်း သိလိုက်ရသော်လည်း အခြားကားတစ်စီးပေါ်မှ လူ ၄ယောက်မှာ လူဆိုးနယ်လ်ဆင်နှင့် သူ့မြိမ်းခြောက်ဖမ်းဆီးထားသည့် ဓားစာခံ ၃ယောက်ဖြစ်ကြောင်းကိုမူ ရဲသားရော စုံထောက်များပါ မသိဘဲ ရှိခဲ့သည်။

သို့ဖြစ်ရာ နယ်လ်ဆင်သည် သူ့ကားအနီးသို့ စုံထောက်များ ရောက်လာကြသည်နှင့်တပြိုင်နက် ကားပေါ်မှ ခုန်ဆင်းလိုက်ပြီး စုံထောက်များအား သေနတ်ဖြင့်ချိန်ကာ ကားပေါ်မှ ဆင်းရန် အမိန့်ပေးလိုက်သည်။ စုံထောက်များမှာ ရုတ်တရက် အငိုက်မိခံလိုက်ကြရသဖြင့် မည်သို့မျှမတတ်နိုင်တော့ဘဲ ကားပေါ်မှ ဆင်းပေးရန် ဟန်ပြင်လိုက်ကြသည်။ သို့သော် စိတ်မြန်လက်မြန်ရှိလှသော နယ်လ်ဆင်သည် စုံထောက်များ ကားပေါ်မှ ဆင်းသည်အထိပင် စောင့်မနေတော့ဘဲ သူ့လက်မှ ခြောက်လုံးပြူးဖြင့် ကားပေါ်သို့ ရှိသမျှ ကျည်ဆံကုန်အောင် ဆက်တိုက်ပစ်သွင်းလိုက်ပြီး သူ့ကားပေါ်သို့ ခုန်တက်ကာ မောင်းပြေးတော့သည်။ ကားပေါ်တွင် ပါလာသည့် ၃ ယောက်အနက်၊ ရဲသားမှာ ဒဏ်ရာပြင်းထန်စွာရခဲ့ပြီး စုံထောက်တစ်ယောက်မှာမူ ဦးခေါင်းကို ရှပ်မှန်ကာ လဲကျသွားခဲ့သည်။ တခြားတစ်ယောက်ဖြစ်သော စုံထောက်အရာရှိ ဘမ်းမှာမူ သွေးအိုင်ထဲတွင်လဲကျကာ ကားပေါ်မှာပင် အသက်ပျောက်သွားရှာခဲ့သည်။

ဤသို့ဖြင့် အထူးစုံထောက်အရာရှိကာတာဘမ်းသည် တိုက်ပွဲတွင် ကျဆုံးခဲ့ရှာ၍ အက်ဖ်ဘီအိုင်အဖွဲ့ကြီး၏ အာဇာနည်တစ်ဦးအဖြစ် မော်ကွန်း





ထိုးခြင်း ခံခဲ့ရပြန်သည်။

စုံထောက်ဘမ်းကို ပစ်သတ်ခဲ့ပြီးနောက် နယ်လ်ဆင်သည် ကျန်ရှိသော သေနတ်များဖြင့် ဆက်လက် သောင်းကျန်းဆိုးသွမ်းနေခဲ့ရာမှ နောက် ၇လမျှကြာသောအခါ သူ့လက်ချက်ဖြင့် အခြားစုံထောက်တစ်ယောက်နှင့် စစ်ဆေးရေး စုံထောက်အရာရှိတစ်ယောက်တို့ ထပ်မံကျဆုံးခဲ့ကြရပြန်သည်။

ထိုစဉ်က အဆိုပါ စုံထောက်အရာရှိနှစ်ယောက်သည် နယ်လ်ဆင်နှင့်ပတ်သက်၍ သတင်းအနံ့ရထားသည့်အလျောက် ခြေရာခံ၍ လိုက်ခဲ့ကြခြင်းဖြစ်သည်။ ထိုနေ့က လူသတ်သမား ဝရမ်းပြေး နယ်လ်ဆင်အား ကိုမိုရေကန်ကြီးအနီးတွင် တွေ့မြင်ခဲ့ရကြောင်း တစ်စုံတစ်ယောက်က လာရောက်သတင်းပေးသည်။ ဤသတင်းအရ စုံထောက်စစ်ဆေးရေးအရာရှိ ကောင်လေသည်။ ကိုမိုကန်တော်ကြီးရှိရာသို့ အပြေးအလွှား လာခဲ့သည်။ သူနှင့်အတူ စုံထောက်များ ရဲများ ပါဝင်သည့်အဖွဲ့တစ်ဖွဲ့ ပါလာခဲ့သည်။

သို့ဖြင့် နယ်လ်ဆင်ရှိရာသို့ ထွက်ခွာလာကြရင်း သူတို့အဖွဲ့သည် ဘာရင်တန်မြို့အနီးသို့ အရောက်တွင် ဖို့ဒ်ကားတစ်စီးကို အမှတ်မထင် ဖြတ်ကျော်လာခဲ့ကြရာမှ ထိုကားပေါ်တွင် နယ်လ်ဆင်နှင့်တူသူတစ်ယောက်အား မြင်လိုက်မိသည်ကို လွန်လာပြီးမှ သတိပြုမိကြသည်။ ဤတွင်မှ စုံထောက်အရာရှိနှစ်ယောက်သည် သူတို့ကားကို ပြန်လှည့်ကာ ခုနက ဖြတ်ကျော်လာခဲ့သည့် ကားရှိရာသို့ မောင်းလာခဲ့သည်။

သူတို့ထင်သည့်အတိုင်း ထိုကားပေါ်တွင် နယ်လ်ဆင်ပါလာရုံမက သူ့ဇနီးနှင့် အခြားဘဏ်ဓားပြ ဝရမ်းပြေးတစ်ဦးဖြစ်သည့် [illegible] သူပါ လိုက်ပါလာခဲ့သည်။

နယ်လ်ဆင်သည် မိမိတို့ကို ကျော်တက်သွားပြီးမှ [illegible] သော စုံထောက်များကို မြင်ရသည်နှင့် အခြေအနေကို [illegible] လည်း သူ့ကားကို နောက်ကြောင်းပြန်၍ တအားမောင်းပြေးသွားသည်။ ဤ



www.burmeseclassic.com

www.burmeseclassic.com



တွင် နယ်လ်ဆင်နှင့် စုံထောက်များမှာ စက်ကုန်ဖွင့်၍ မိုင်ကုန်မောင်းကာ ပြေးသူက တအားပြေးသလို လိုက်သူလည်း တအားမောင်း၍ လိုက်ခဲ့သည်။ ထိုအခိုက် တစ်နေရာတွင် ရုတ်တရက် မမျှော်လင့်ဘဲ ရှေ့မှပြေးနေသည့် နယ်လ်ဆင်၏ကားသည် စက်ချို့ယွင်းကာ မြန်းခနဲ လမ်းဘေးထိုးရပ်သွားခဲ့သည်။ ဤသည်ကို နောက်မှပါလာသည့် စုံထောက်များ၏ ကားမှာ အရှိန်မသတ်နိုင်ဘဲ လမ်းဘေးထိုးရပ်သွားသည့် နယ်လ်ဆင်တို့၏ကားကို ကျော်သွားပြီး နောက်မှ ဘရိတ်ကို တအားစောင့်၍ ရပ်လိုက်ရသည်။ သို့သော် ဤစက္ကန့်ပိုင်းအချိန်ကလေးအတွင်းမှာပင် နယ်လ်ဆင်တို့ကားဆီမှ သေနတ်ကျည်ဆံများသည် စုံထောက်များကားရှိရာသို့ စုပြုံဝင်လာကြတော့သည်။

ကားပေါ်တွင် ပါလာကြသည့် စုံထောက်အရာရှိ ကောင်လေနှင့် ဟောလစ္စတို့သည် တရှိန်ရှိန်လာနေသည့် ကျည်ဆံများကို ရှောင်ရင်းတိမ်းရင်း နယ်လ်ဆင်တို့အား သေနတ်များဖြင့် ဆက်တိုက်ပြန်ပစ်ကာ ကားပေါ်မှ လမ်းဘေးမြောင်းထဲသို့ ခုန်ချလိုက်ကြသည်။ သို့သော် နောက်ကျသွားခဲ့ပေပြီ။

နယ်လ်ဆင်သည် လက်ထဲမှ စက်သေနတ်ပြောင်းခကို စုံထောက်များရှိရာသို့ အပြင်းအထန် ဆွဲချလိုက်သည်။ အဆက်မပြတ် ထွက်ပေါ်လာသည့် စက်သေနတ်သံများနှင့်အတူ စုံထောက်ကောင်လေမှာ တစ်ကိုယ်လုံး ဒဏ်ရာများနှင့် မြောင်းထဲတွင် ခွေလဲကျသွားရှာသည်။ အခြားတစ်ယောက်ဖြစ်သော ဟောလစ္စမှာလည်း နယ်လ်ဆင်၏ စက်သေနတ်ကျည်ဆံတစ်တောင့် ဦးခေါင်းထဲသို့ ဝင်သွားရာမှ တစ်ခေါင်းလုံး သွေးများဖြာ၍ အရုပ်ကြိုးပြတ် ဖြစ်သွားခဲ့ရှာသည်။

တိုက်ပွဲမှာ စက္ကန့်ပိုင်းအတွင်းမှာပင် ပြီးဆုံးသွားခဲ့သည်။ စုံထောက်နှစ်ယောက်မှာလည်း နေရာတွင်ပင် ပွဲချင်းပြီး အသက်ဆုံးခဲ့ကြသည်။ သို့သော် သူတို့၏ အသက်သည် အလဟဿ ဆုံးရှုံးခြင်း မဖြစ်ခဲ့။ အဘယ့်ကြောင့်ဆိုသော် သူတို့ပစ်လိုက်သည့် သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေ





သော နယ်လ်ဆင်၏ အလောင်းကို နောက်တစ်နေ့၌ ထိုနေရာ မိုင် ၂၀ ခန့်အကွာ လမ်းဘေးမြောင်းထဲမှာပင် တွေ့ကြရသောကြောင့်တည်း။

ဤသို့ဖြင့် ၁၉၃၄ ခု မေလတွင် ကွန်ဂရက်လွှတ်တော်မှ ပြဋ္ဌာန်း အတည်ပြုလိုက်သည့် ဥပဒေကြမ်းအရ တာဝန်ထမ်းဆောင်နေခိုက် ကျဆုံးခဲ့ကြရသော အက်ဘီအိုင်စုံထောက်များ၏အမှုများကို ပြည်ထောင်စုတရားဥပဒေများဖြင့် ရှေးဦးပေါက် စစ်ဆေးလာခဲ့ကြပြီဖြစ်ရာ ယင်းဥပဒေဖြင့် ရှေးဦးပေါက်စစ်ဆေးအပြစ်ပေးခံခဲ့ရသူမှာ ဂျော့ချ်ဘားရက်အမည်ရှိ ကားသူခိုး တစ်ယောက်ဖြစ်သည်။ သို့သော် ဘားရက်သည် နောက်ပိုင်း၌ ကားခိုးမှုများသာမဟုတ်တော့ဘဲ အက်ဖ်ဘီအိုင် စုံထောက်တစ်ယောက်အား ပစ်သတ်မှုဖြင့် ပြည်ထောင်စုတရားဥပဒေအရ ပထမဆုံးသေဒဏ်အပေးခံရသူဖြစ်လာခဲ့သည်။

ကားသူခိုး ဘားရက်၏လက်ချက်ဖြင့် ကျဆုံးခဲ့ရသည့် စုံထောက်အရာရှိမှာ နယ်လ်ဆင်ကလိန်းဆိုသူဖြစ်သည်။

စုံထောက်အရာရှိ ကလိန်းသည် အခြားစုံထောက်တစ်ဦးနှင့်အတူ ကားသူခိုး ဘားရက်အား ခြေရာခံရင်း ဘားရက်သည် အိုဟိုင်းယိုးနှင့် အင်ဒီးယားနားပြည်နယ်များအကြားရှိ ရွာကလေးတစ်ရွာသို့ ရောက်ရှိနေကြောင်း သိရှိခဲ့ရသည်။ ဘားရက်သည် ထိုရွာကလေးတွင် နေထိုင်လျက်ရှိသည့် သူ့အစ်ကိုဖြစ်သူ၏ အိမ်တွင် တိတ်တဆိတ် ပုန်းအောင်းနေကြောင်း စုံထောက်များက သတင်းရထားခဲ့ကြသည်။

၁၉၃၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် စုံထောက်ကလိန်းသည် အဖော်စုံထောက်တစ်ယောက်နှင့်အတူ အဆိုပါ ရွာကလေးသို့ ရောက်လာခဲ့ကြပြီး ဘားရက် ပုန်းအောင်းနေသည့် အိမ်ကလေးရှိရာသို့ တန်းသွားကြသည်။ ထို့နောက် အိမ်ရှေ့မှနေ၍ ဘားရက်အား လက်မြှောက်၍ ထွက်ခဲ့ရန် ဟစ်အော်အမိန့်ပေးလိုက်သည်။ သို့သော် ဘားရက်သည် လက်နက်မချဘဲ အိမ်ထဲမှ ရုတ်တရက်ထွက်ပြေးကာ သစ်ပင်ပင်တို အတော



www.burmeseclassic.com

www.burmeseclassic.com



အကွယ်ယူ၍ စုံထောက်များအား သေနတ်ဖြင့် လှမ်းပစ်တော့သည်။ ရုတ်တရက် မမျှော်လင့်ဘဲ ပစ်လိုက်သည့် ဘားရက်၏လက်ချက်ဖြင့် စုံထောက်ကလိန်းမှာ ဒဏ်ရာအကြီးအကျယ် ရသွားခဲ့သည်။ ကလိန်းသည် ဒဏ်ရာအပြင်းအထန် ရထားသည့်အကြားမှ ပြန်လှန်ပစ်ခတ်ရာ ဘားရက်မှာလည်း ခြေထောက်နှစ်ဖက်စလုံးတွင် ဒဏ်ရာများ ရသွားခဲ့သည်။

ထို့နောက် စုံထောက်ကလိန်းမှာ ဘားရက်ပစ်လိုက်သည့် ဒဏ်ရာများဖြင့်ပင် အနိစ္စရောက်ခဲ့ရ၍ ခြေထောက်တွင် ဒဏ်ရာရသွားခဲ့သော ဘားရက်မှာလည်း မကြာမီ အခြားတစ်နေရာတွင် ဖမ်းမိခဲ့သည်။ ဘားရက်၏ ပြောပြချက်အရ မိမိပုန်းအောင်းနေသည့် အိမ်ကလေးရှိရာသို့ စုံထောက်များ မကြာမီ ရောက်လာမည်ကို မိမိတပည့်တစ်ယောက်က သတင်းပေးသဖြင့် ကြိုတင်သိနေခဲ့ကြောင်း။ သို့ဖြစ်၍ စုံထောက်များ ရောက်လာချိန်တွင် အဖမ်းမခံဘဲ ပြန်လည်ခုခံရန် လက်နက်ကို အသင့်ပြင်ဆင်ထားကြောင်း စသည်ဖြင့် ဖွင့်ဟဝန်ခံခဲ့သည်။

ကျဆုံးလေပြီးသော အက်ဖ်ဘီအိုင် စုံထောက်များအနက် ဘောကာဆိုသူမှာ ဆယ်ယောက်မြောက် အာဇာနည်တစ်ဦးပင် ဖြစ်သည်။

၁၉၆၃ ခု၊ ဧပြီလ ၁၆ ရက်နေ့တွင် စုံထောက်ဘောကာသည် အခြားစုံထောက်တစ်ယောက်နှင့်အတူ ကင်းဆပ်စ်ပြည်နယ် တိုပက်ကာမြို့မှ စာတိုက်သို့“အထူးတာဝန်”တစ်ခုဖြင့် လာခဲ့ကြသည်။ ယင်း“အထူးတာဝန်”မှာ နယူးယောက်ဘဏ်ကို ဝင်စီးခဲ့ကြပြီးနောက် ထွက်ပြေးတိမ်းရှောင်နေကြသည့် အက်ပဲလ်ဂီတ်နှင့် ရောဘတ်ဆူပေးအမည်ရှိ ဝရမ်းပြေး နှစ်ယောက်အား သတင်းအရ သွားရောက်ဖမ်းဆီးရန်ပင် ဖြစ်သည်။

အဆိုပါ ဝရမ်းပြေးနှစ်ယောက်အနက် အက်ဂဲလ်ဂီတ်ဆိုသူမှာ “ရာဇဝင်နှင့်”ဖြစ်သည်။ သူသည် နယူးယောက်မြို့တော်တစ်ဝိုက်တွင် လူဆိုး လူမိုက်တစ်ယောက်အဖြစ် တဖြည်းဖြည်း နာမည်ကြီးလာရာမှ ဓားပြ





မှုတစ်ခုဖြင့် ဂရိတ်မဲဒိုးအကျဉ်းထောင်ကြီးထဲသို့ ရောက်လာခဲ့သည်။ သို့သော် အက်ပဲလ်ဂီတ်သည် အကျဉ်းထောင်ထဲမှနေ၍ မိမိသည် အမေရိကန်အမျိုးသားတစ်ဦးမဟုတ်ဘဲ ဗြိတိသျှအမျိုးသားတစ်ယောက်ဖြစ်ကြောင်း မိမိအမည်ရင်းမှာ အဲလ်ဖရက်ပေါင်ဝါ ဖြစ်ကြောင်း စသည်ဖြင့် အမျိုးသားမှတ်ပုံတင်ကဒ်ပြား၊ နိုင်ငံကူးလက်မှတ်များကို အထောက်အထား အခိုင်အမာအဖြစ် တင်ပြကာ မိမိအား ထောင်ထဲမှ ကိုယ်တိုင်ခံဝန်ချုပ်ဖြင့် လွှတ်၍ အင်္ဂလန်သို့ ပြန်ခွင့်ပြုပါရန် သက်ဆိုင်ရာအာဏာပိုင်များအား အသနားခံစာတစ်စောင် တင်သွင်းခဲ့သည်။

နယူးယောက်မြို့တော်မှ အာဏာပိုင်များသည် အက်ပဲလ်ဂီတ်ခေါ် “အဲလ်ဖရက် ပေါင်ဝါ”၏ အထောက်အထား စာရွက်စာတမ်းများကို တကယ်အမှန်ဟူ၍ ယုံကြည်ယူဆကာ ၁၉၃၆ ခု၊ နိုဝင်ဘာလတွင် သူ့အား ထောင်မှလွှတ်ကာ ပြည်နှင်ဒဏ်ပေး၍ အင်္ဂလန်သို့ ပြန်ပို့ခဲ့သည်။

သို့သော် “သည်ယုံမြင်၍ သည်ချုံထွင်”ခဲ့သော အက်ပဲလ်ဂီတ်သည် အင်္ဂလန်သို့ ပြန်လည်ရောက်ရှိ၍ တနင်္ဂနွေနှစ်ပတ်ခန့်သာနေပြီး အနားယူနေသော သင်္ဘောသားတစ်ယောက်၏ နိုင်ငံကူးလက်မှတ်များကို ခိုးကာ အဆိုပါ သင်္ဘောသားဟန်ဆောင်၍ အမေရိကန်ပြည်ထောင်စုသို့ ပြန်ရောက်လာခဲ့ပြန်သည်။ ထို့နောက် သူသည် နယူးယောက်မြို့တော်ပတ်ဝန်းကျင် မြေအောက်လောကတွင် ကျင်လည်ကျက်စားရင်း ဆူပေးဆိုသူနှင့်တွေ့ကာ နယူးယောက်ဘဏ်ကို ဝင်စီးခဲ့ကြခြင်းဖြစ်သည်။

အက်ပဲလ်ဂီတ်နှင့် ဆူပေးတို့သည် နယူးယောက်ဘဏ်ကို ဝင်စီးခဲ့ကြပြီးနောက် အမေရိကန်ပြည်ထောင်စုအလယ်ပိုင်း ကင်းဆပ်စ်ပြည်နယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ သို့ဖြင့် တစ်နေ့သ၌ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကင်းဆပ်စ်ပြည်နယ် တိုပတ်ကာမြို့ပေါ်မှ စာတိုက်တွင် ယခုပင် သူတို့နှစ်ယောက်အား တွေ့မြင်ခဲ့ရပါသည်ဟူ၍ တစ်စုံတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



သတင်းပေးသဖြင့် အက်ဖ်ဘီအိုင် စုံထောက်ဘောကာနှင့် အခြားတစ်ယောက်သည် ချက်ခြင်းသွားရောက် ဖမ်းဆီးရန် ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

စုံထောက် ဘောကာသည် စာတိုက်သို့ရောက်လျှင်ရောက်ခြင်း စာတိုက်ထဲတွင် အက်ပဲလ်ဂိတ်ကို ဖြုန်းခနဲ လှမ်းမြင်လိုက်သည်။ သို့သော် ထိုအချိန်က စာတိုက်အတွင်းရှိ လူအုပ်ထဲတွင် အခြားဝရမ်းပြေး လူဆိုးတစ်ယောက်ဖြစ်သော ဆူပေးကို မမြင်လိုက်မိသော စုံထောက်ဘောကာသည် အက်ပဲလ်ဂိတ်ရှိရာသို့ တန်းသွားပြီး အခြားစုံထောက်တစ်ယောက်၏ အကူအညီဖြင့် လက်မောင်းနှစ်ဖက်ကို တစ်ယောက်တစ်ဖက်စီ ဖမ်းချုပ်လိုက်ကြသည်။ သို့ဖြင့် စုံထောက်နှစ်ယောက်သည် အက်ပဲလ်ဂိတ်အား နှစ်ဖက်ညှပ်၍ စာတိုက်ထဲမှ ခေါ်ထုတ်လာရန် ဟန်ပြင်နေဆဲမှာပင် လူအုပ်ထဲမှ ဆူပေးသည် ဘာမပြော ညာမပြောဘဲ စုံထောက်ဘောကာအား နောက်မှနေ၍ သေနတ်ဖြင့် လှမ်းပစ်တော့သည်။

နောက်ကျောမှလာသည့် ကျည်ဆံများကြောင့် စုံထောက်ဘောကာမှာ မည်သို့မျှ ခုခံခွင့်မရတော့ဘဲ နေရာတွင်ပင် လဲကျသွားခဲ့သည်။ သို့သော် သူနှင့်ပါလာသည့် အဖော်စုံထောက်က ခြေမြန်လက်မြန်ဖြင့် ပြန်လည်ခုခံပစ်ခဲ့ရာ ဆူပေးမှာ လက်ကောက်ဝတ်တွင်ပတ်ထားသည့် လက်ပတ်နာရီကို ထိမှန်၍ ဒဏ်ရာရသွားခဲ့သည်။ သို့သော် ဆူပေးနှင့်တကွ စောစောက စုံထောက်များဖမ်းမိထားသည့် အက်ပဲလ်ဂိတ်တို့မှာ နှစ်ယောက်စလုံး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။

ဆူပေးနှင့် အက်ပဲလ်ဂိတ်တို့မှာ စာတိုက်မှ ထွက်ပြေးလွတ်မြောက်သွားကြပြီးနောက် အခြားတစ်နေရာမှ ဆရာဝန်တစ်ယောက်ထံ ဝင်ရောက်၍ ဆူပေး၏ လက်ကောက်ဝတ်မှ ဒဏ်ရာကို ဆေးထည့်ကြသည်။ ထို့နောက် သူတို့သည် ဆရာဝန်ထံမှ မော်တော်ကားကို ခြောက်လှန့်ပြီးဖြင့် ခြိမ်းခြောက်လုယူ၍ မောင်းပြေးခဲ့ကြသည်။ သို့သော် ဆရာဝန်၏ တယ်လီဖုန်းဖြင့်





သတင်းပေးချက်အရ စုံထောက်များနှင့် ရဲများသည် မော်တော်ကားနံပါတ်ကို မှတ်သားကာ အပူတပြင်း လိုက်လံရှာဖွေကြရာ ကင်းဆပ်ပြည်နယ်နှင့် ကပ်နေသော နီဘရာစကားပြည်နယ်အတွင်းမှ ပလတ်မောက်မြို့ကလေးတွင် ထိုနေ့ညမှာပင် နှစ်ယောက်စလုံးကို ပြန်လည် ဖမ်းဆီးရခဲ့ကြသည်။

အက်ပဲလ်ဂိတ်သည် ယခုတစ်ကြိမ် ဖမ်းမိရာတွင်လည်း မိမိသည် ဗြိတိသျှအမျိုးသား "အဲလ်ဖရက်ပေါင်ဝါ"ဖြစ်သည်ဟူ၍ ယခင်ဇာတ်ကြမ်းဟောင်းကြီးကို ပြန်"ဖွင့်"သေးသည်။ သို့သော် "တစ်ခါသေဘူး၍ ပျဉ်ဘိုး" နားလည်နေသော စုံထောက်များက လုံးဝလက်မခံ မယုံကြည်ဘဲရှိနေသဖြင့် နောက်ဆုံး၌ အက်ပဲလ်ဂိတ်သည် သူ၏ "လှည့်ကွက်"ကို အမှန်အတိုင်း ဝန်ခံခဲ့ရတော့သည်။ စင်စစ် မြေအောက်ဂိုဏ်းသား လူဆိုးလူမိုက်များအကြားတွင် "အဲလ်ဖရက်ပေါင်ဝါ"ဆိုသူ ဗြိတိသျှအမျိုးသားတစ်ယောက်ရှိသည်မှာ မှန်သည်။ သို့သော် အဆိုပါ "အဲလ်ဖရက်ပေါင်ဝါ"မှာ ကာလအတန်ကြာကပင် နယူးယောက်မြို့တွင် မထင်မရှား သေဆုံးခဲ့ပြီဖြစ်သည်။ ၎င်းသည်ကို အကွက်ကောင်းယူ၍ အက်ပဲလ်ဂိတ်သည် လူပြည်တွင် မရှိရတော့သည့် အဲလ်ဖရက်ပေါင်ဝါ၏ နိုင်ငံကူးလက်မှတ်များကို အသုံးပြုကာ နှစ်ကိုယ်ခွဲဇာတ်လမ်းကို ဖန်တီးခဲ့ခြင်းဖြစ်သည်။

အက်ပဲလ်ဂိတ်နှင့် ဆူပေးတို့မှာ အက်ဖ်ဘီအိုင် စုံထောက်ဘောကာသတ်မှုဖြင့် ၁၉၃၇ ခုနှစ်၊ ဇွန်လတွင် ကင်းဆပ်စ်ပြည်နယ် တိုဗက်ကာတရားရုံး၌ တရားစွဲဆိုခြင်း ခံခဲ့ရပြီး ပြည်ထောင်စု တရားဥပဒေအရ ပြစ်မှုထင်ရှားသဖြင့် နှစ်ယောက်စလုံး သေဒဏ်အပေးခံခဲ့ကြရသည်။

အက်ပဲလ်ဂိတ်သည် သူ့ကို ဖမ်းမိသည့်အခါတိုင်း လွတ်ရာလွတ်ကြောင်းအတွက် "အဲလ်ဖရက်ပေါင်ဝါ"ဟူသော အမည်ကို သုံးကာ စုံထောက်များအား "လှည့်စား"ရန် အနနည်းဖြင့် ကြံစည်ခဲ့သော်လည်း အမေရိကန်အစည်းရှိ ကားသူခိုးတစ်ယောက်ကမူ ထိုသို့မဟုတ်ဘဲ "အကြံကောင်း"ညဏ်ကြင်

www.burmeseclassic.com



ကြီးစားခဲ့သည်။ ထိုသို့အကြမ်းနည်းဖြင့် ကြိုးစားရာမှ အော့စ်ဘုန်း၏လက်ချက်ဖြင့် အက်ဖ်ဘီအိုင်စုံထောက် တစ်ယောက်မှာ ပွဲချင်းပြီး သေဆုံးခဲ့ရဖူးသည်။

အော့စ်ဘုန်းသည် "ကားသူခိုးဝိဇ္ဇာ" တစ်ဦးပင် ဖြစ်၍ ကားခိုးမှုတစ်ခုဖြင့် ဥက္ကလာဟိုမာပြည်နယ် ယူဖောလာမြို့တွင် ထောင်ကျနေခဲ့သည်။ ၁၉၃၇ နှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် အကျဉ်းသား အော့စ်ဘုန်းသည် ထောင်ပြတင်းပေါက်မှ သံတိုင်ကို ခိုးလွှပြင့်ဖြတ်၍ ထောင်မှထွက်ပြေးခဲ့သည်။

နောက် ၆လမျှကြာသောအခါ အက်ဖ်ဘီအိုင် အထူးစုံထောက် အရာရှိ ထရူးဟက်ဆိုသူသည် ထောင်ပြေးတရားခံ အော့စ်ဘုန်း၏ နေရာကို ခြေရာခံမိသည်။ အော့စ်ဘုန်းသည် နယူးမက္ကဆီကို ပြည်နယ်ဂေါလပ်မြို့အနီးရှိ သူ့ဆွေမျိုးသားချင်းတစ်ဦး၏ ခြံတစ်ခြံတွင် ပုန်းအောင်းနေကြောင်း သတင်းအတိအကျ ရထားခဲ့သည်။ သို့နှင့်ပင် စုံထောက် ထရူးဟက်သည် ရဲအရာရှိ ပရက်စလေနှင့်အတူ အော့စ်ဘုန်း ခိုအောင်းနေသည့် နေရာသို့ ထွက်ခွာလာခဲ့သည်။

ဂေါလပ်မြို့နှင့် မလှမ်းမကမ်းရှိ ခြံကြီးတစ်ခြံတွင် စုံထောက် ထရူးဟက်နှင့် ရဲအရာရှိ ပရက်စ်လေတို့က အလစ်တွင် ဝိုင်း၍ ဖမ်းဆီးကြရာ၊ အော့စ်ဘုန်းမှာ မပြေးသာတော့ဘဲ လက်မြှောက်အဖမ်းခံခဲ့ရသည်။ သို့ဖြင့် စုံထောက်ထရူးဟက်သည် အော့စ်ဘုန်းအား အနီးဆုံး ရဲဌာနသို့ ခေါ်ဆောင်မသွားမီ သူ့အင်္ကျီအဝတ်အစားအချို့နှင့် တိုလီမိုလီပစ္စည်းကလေးများကို ယူခွင့်ပြုလိုက်သည်။

ဤတွင် အော့စ်ဘုန်းသည် သူ့ပစ္စည်းအသေးအဖွဲ့များနှင့် အင်္ကျီ ဘောင်းဘီများကို သိမ်းဆည်းနေရာမှ ရုတ်တရက် ဘယ်နေရာ ဘယ်အထဲက ဆွဲထုတ်လိုက်သည်မသိ၊ ခြောက်လုံးပြူးတစ်လက်ကို ဆွဲထုတ်ကာ ထရူးဟက်အား တည့်တည့်ကြီးချိန်လိုက်တော့သည်။

"မလုပ်နဲ့…"





စုံထောက် ထရူးဟက်သည် အော့စ်ဘုန်း၏ အမိန့်အရ ကြောက်သေသေနေရာမှ အမှတ်မထင် သူ့လက်တစ်ဖက်သည် သူ့ခါးဆီသို့ ရောက်သွားသည်။ ဤတွင် အော့စ်ဘုန်းသည် နောက်ထပ် ဘာတစ်ခွန်းမှ မပြောတော့ဘဲ စုံထောက် ထရူးဟက်အား သေနတ်ဖြင့် အနီးကပ်ပစ်ချလိုက်ရာ ထရူးဟက်မှာ ရင်ဝမှ သေနတ်ဒဏ်ရာကို လက်ဖြင့်ဖိလျက်သား ရှေ့စိုက်ကျသွားခဲ့သည်။ လျှပ်တစ်ပြက်အတွင်းမှာပင် အနားတွင်ရှိနေသော ရဲအရာရှိ ပရက်စလေသည် အော့စ်ဘုန်းအား ခုန်အုပ်လိုက်သည်။ သို့သော် သူသည် လူသတ်သမား အော့စ်ဘုန်းအား ဖမ်းမမိလိုက်ရုံမျှမက သူပစ်လိုက်သည့် သေနတ်မှာလည်း ကျည်ဆံမထွက်ဘဲ "ဂျမ်း" ဖြစ်နေသဖြင့် အော့စ်ဘုန်းမှာ ထိုနေရာမှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

စုံထောက် ထရူးဟက်မှာ ရင်ဝမှ ဒဏ်ရာဖြင့် ဆေးရုံမရောက်မီ လမ်းခုလပ်မှာပင် သေဆုံးသွားရရှာသည်။

အက်ဖ်ဘီအိုင် စုံထောက်များနှင့် ရဲအဖွဲ့ဝင်များ၏ အပူတပြင်း ကြိုးစားမှုကြောင့် လူသတ်သမား အော့စ်ဘုန်းကို ထိုနှစ်ညနေမှာပင် ပြန်၍ ဖမ်းမိခဲ့သည်။ သူ့ကို ဖမ်းမိခဲ့ပြီး စစ်ဆေးရာတွင်…

"ကျုပ်က မလုပ်ပါနဲ့လို့ ပြောနေတဲ့အထဲက အဲဒီ ဂျီမကောင်းညာတ်များပြီး ကျုပ်ကို တပတ်ရိုက်မလို့ လုပ်တော့ ကျုပ်ကလည်း ပစ်ချလိုက်ရတာပေါ့" ဟူ၍ အော့စ်ဘုန်းက အေးတိအေးစက်ဖြင့် ပြန်ပြောခဲ့သည်။

အက်ဖ်ဘီအိုင် အာဇာနည် စုံထောက်များ၏ စာရင်းတွင် နောက်ထပ် ဖြည့်စွက်ရမည့်သူမှာ ဝီလျံရမ့်ခေးပင် ဖြစ်သည်။

အကယ်၍ တရားရုံးများမှ သက်ဆိုင်ရာ တရားသူကြီးများသည် တရားခံတစ်ယောက်အား မကြာခဏ ကိုယ်တိုင်ခံဝန်ချုပ်ဖြင့် လွယ်လွယ်ကူကူ လွှတ်ပစ်သည့် အစဉ်အလာသာ မရှိခဲ့ပါမူ စုံထောက် ရမ့်ခေးသည် တရားခံ ဝရမ်းပြေးတစ်ဦးဖြစ်သော အားလီးဝိုင်ဆိုသူ၏ လက်ချက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသက်ဆုံးရှုံးရမည် မဟုတ်ပေ။

အားလီးဝိုင်းသည် ဘဏ်ဖောက်ထွင်းမှုများတွင် နာမည်ကြီးသူ တစ်ယောက်ဖြစ်၍ အထူးသဖြင့် အာမခံသေတ္တာအမျိုးမျိုးကို အလွယ်တကူဖြင့် ဖျက်ဆီးဖောက်ထွင်းရာ၌ "ဆရာတစ်ဆူ ပါရဂူ"ပင် ဖြစ်သည်။

"ဖောက်ထွင်းဝိဇ္ဇာ"အားလီးဝိုင်းနှင့် စုံထောက်အရာရှိ ရမ္မဆေးတို့ ကြုံတွေ့ကြရသည့် ကွေ့တစ်ကွေ့မှာ ၁၉၃၈ ခုနှစ်၊ မေလ ၂ရက်နေ့က ပင်ဖြစ်သည်။ ထိုအချိန် ထိုအခါက အားလီးဝိုင်းနှင့် အခြားဖောက်ထွင်း ဂိုဏ်းဝင် နှစ်ယောက်တို့အား စုံထောက်များက အနီးခံလိုက်လံ ထောက် လှမ်းနေသည့်အခါ ဖြစ်သည်။

မကြာမီက အင်ဒီယားနားပြည်နယ် ကာမဲလ်မြို့ရှိ ပြည်နယ် ဘဏ်တိုက်ကြီးကို အားလီးဝိုင်းနှင့် သူ့အဖွဲ့ဝင်များက ဖောက်ထွင်းသွားခဲ့ ကြသည်။ သို့သော် သည်တချီတွင်မူ အားလီးဝိုင်းမှာ "နာမည်ကြီး ထမင်း ဝေ"ဖြစ်ခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ဘဏ်တိုက်အတွင်းမှ အာမခံ သေတ္တာတစ်လုံးကို ဖောက်ထွင်းနေစဉ် ရုတ်တရက် ဘဏ်အစောင့်များက သိသွားကြသဖြင့်၊ အာမခံသေတ္တာထဲက "ခြူးတစ်ပြား"မှ ရမသွားကြဘဲ ဘဏ်တိုက်အတွင်းရှိ အံဆွဲတစ်ခုမှ တွေ့သမျှငွေများကိုသာ ဆွဲယူခဲ့ကြပြီး "မနည်းကြီး"လွတ်အောင် ထွက်ပြေးခဲ့ကြရသည်။ ဘဏ်တိုက်ထဲမှ သူတို့ ယူလာကြသည့်ငွေမှာ စုစုပေါင်း ၅ဒေါ်လာနှင့် ၄၅ ဆင့်တိတိ ဖြစ်သတည်း။

အားလီးဝိုင်းနှင့် ဖောက်ထွင်းဝိဇ္ဇာ ဂိုဏ်းဝင်များသည် ပြည်နယ် ဘဏ်ကြီးမှ သူတို့ရလာခဲ့ကြသည့် ၅ ဒေါ်လာ ၄၅ ဆင့်နှင့် မကာမီအောင် ပင် သူတို့အသုံးပြုသည့် ဖောက်ထွင်းရေးကိရိယာ တန်ဆာပလာများမှာ ဘဏ်တိုက်အတွင်း ကျန်နေခဲ့သည်။ ယင်းကိရိယာများမှာ သံနှင့် သံမဏိ များ ဖြတ်ရာဆက်ရာ၌ အသုံးပြုသည့် "မီးကာမျက်မှန်"နှစ်လက်၊ အောက် ဆီဂျင် ဓာတ်ငွေ့ဖူးတစ်ဖူးနှင့် လေမှုတ်မီးပြွန်တစ်ခု ဖြစ်သည်။ သို့ဖြင့် ဘဏ်





တိုက်ကြီးတစ်ခုလုံး ဝင်ဖောက်ခဲ့ရပြီးမှ တွက်ခြေမကိုက်ဘဲ "အရင်းဆုံး ခဲ့ ရသည်ထက် ပို၍ဆိုးသည်မှာ ဤပစ္စည်းကိရိယာများကို ကြည့်ခြင်းအားဖြင့် ဤဖောက်ထွင်းမှုသည် အားလီးဝိုင်း၏"လက်ရာ"ဖြစ်ကြောင်း စုံထောက်များ က "ဒက်ခနဲ"အတတ်သိသွားခဲ့ကြခြင်းပင် ဖြစ်သည်။

သို့နှင့်ပင် ၁၉၃၈ ခုနှစ်၊ မေလ ၂ရက်နေ့ မွန်းလွဲသာသာလောက် တွင် စုံထောက်ရမ္မဆေးနှင့် ရဲအဖွဲ့ဝင်များသည် သတင်းအရ ပင်းဗီးလ်မြို့ အနီးရှိ အားလီးဝိုင်တို့ ပုန်းရှောင်းနေကြသည့် အိမ်ကလေးရှိရာသို့ ရှေ့ ရှုလာခဲ့ကြသည်။ ထိုအိမ်ကလေးသို့ မရောက်မီ လယ်တောထဲတွင် လူ တစ်ယောက် လယ်ထွန်နေသည်ကို တွေ့ကြရသည်။ သို့သော် ထိုလယ် သမားမှာ ရိုးရိုးလယ်သမားမဟုတ်ဘဲ ယခင်က ပြည်နယ်အကျဉ်းထောင် တွင် ကျခဲ့ဘူးသည့် ထောင်ထွက်တစ်ဦးဖြစ်ရုံမျှမက ၅ ဒေါ်လာနှင့် ၄၅ ဆင့်တိတိ သွားပါသည့်"ရောမ ဘဏ်ဖောက်ထွင်းမှုကြီး"တွင် ပါဝင်သူ တစ်ဦးဖြစ်ကြောင်း စုံထောက်များက ချက်ခြင်း သိလိုက်ကြသည်။

လယ်ကွက်ထဲက ဖောက်ထွင်းရေးဂိုဏ်းဝင်"လယ်သမားဦးကြီး" မှာ စုံထောက်များနှင့် ရဲများကို မည်သို့မျှ ပြေရှင်းငြင်းဆို၍ မရသည့်အဆုံး ၌ ထွန်စက်ပေါ်မှဆင်း၍ အသာတကြည် အဖမ်းခံခဲ့ရသည်။

ထို့နောက် သူ၏ အစီခံချက်အရ၊ စုံထောက် ရမ္မဆေးနှင့် အဖွဲ့ ဝင်များသည် အားလီးဝိုင်ရှိရာ လယ်တောထဲမှ အိမ်ကလေးဆီသို့ တအား ပြေးသွားခဲ့ကြသည်။ ထိုအခိုက် အားလီးဝိုင်သည် အသံများကြားသဖြင့် အိမ်ထဲမှ ထွက်လာရာ စုံထောက်များနှင့် ပက်ပင်းတိုးနေတော့သည်။ ဤ တွင် စုံထောက်များက အားလီးဝိုင်အား လက်နက်ချ အဖမ်းခံရန် လှမ်း ပြောလိုက်ရာ စကားမဆုံးမီ အားလီးဝိုင်၏ ပစ္စတိုသေနတ်ပြောင်းဝမှ မီး ပွားတန်းကလေးများနှင့်အတူ ကျည်ဆံများ ဆက်တိုက် ထွက်လာတော့သည်။

အားလီးဝိုင်သည် အဖမ်းခံရမည်စိုးသဖြင့် ကြောက်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်လန့်နှင့် အရမ်းစွတ်ပစ်ခြင်းဖြစ်ရာ စုံထောက်အရာရှိ ရမ္မဆေးကိုသာမက အိမ်ဝင်းထဲတွင် ရှိနေသည့် ဘူသားကလေးပါ သူ့လက်ချက်ဖြင့် ဒဏ်ရာ ရသွားခဲ့သည်။ ရမ္မဆေးသည် အားလီးဝိုင်၏ လက်ချက်ဖြင့် ရင်ဝတွင် ဒဏ်ရာရကာ ကျဆုံးခဲ့ရသည်။ သို့သော် ရမ္မဆေး၏ ခြေမြန်လက်မြန် လှမ်း ပစ်ခတ်မှုကြောင့် အားလီးဝိုင်မှာလည်း မကြာမီ "ကိစ္စချော" ၍ အနိစ္စသဘော သို့ ရောက်သွားခဲ့ရသည်။

အားလီးဝိုင်သည် မကြာခဏ ထောင်နှင့် အပြင်လောကကို အိမ်ဦးနှင့်ကြမ်းပြင်ပမာ အကြိမ်ကြိမ် အခါခါ အသွားအလာလုပ်နေခဲ့ရာမှ တစ်စတစ်စ အတင့်ရဲကာ နောက်ဆုံး၌ လူသတ်သမားအဖြစ်သို့ ရောက်ခဲ့ရ ခြင်းဖြစ်သည်။

×××××

ဆယ်ကျော်သက်များနှင့် နှစ်ဆယ်ပတ်ဝန်းကျင်ရှိ လူငယ်လူရွယ် များသည် အရာရာတွင် စွန့်စားလိုသည့် စိတ်ဓာတ်နှင့် "တုံးတိုက်တိုက် ကျားကိုက်ကိုက်"ဟူသော ရဲရင့်မှုများ ရှိကြသည်။ သို့သော် သူတို့တွင် ဆင်ခြင်တုံတရားနှင့် တွေးခေါ်မြော်မြင်မှုများ ကင်းမဲ့နေပါက ယင်းသို့သော စွန့်စားမှုစိတ်ဓာတ်များသည် "လူမိုက်နင်းတောတိုး"သလို ဖြစ်ခဲ့ကြ၍ "တုံး တိုက်တိုက် ကျားကိုက်ကိုက်"ဟူသော ရဲရင့်မှုများလည်း "အကန်းတစ္ဆေ" မကြောက်သည့်ပမာ ဖြစ်တတ်ရာကြသည်။

ဤအစဉ်အလာ ဓမ္မတာသဘောအရ အက်ဖ်ဘီအိုင် စုံထောက် တစ်ယောက်မှာ စစ်တပ်မှ ထွက်ပြေးခဲ့ကြသည့် လူငယ်တပ်ပြေးနှစ်ယောက် ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။ စုံထောက်အရာရှိ၏ အမည်မှာ ဟူးဗတ်ထရေစီဖြစ်၍ စစ်ပြေးလူငယ်နှစ်ယောက်၏ အမည်များမှာ လီဗက် နှင့် တက်စတာမင်တို့ ဖြစ်သည်။

၁၉၄၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ နံနက် ဝေလီဝေလင်းအချိန်





တွင် ကျော်ဂျီယာပြည်နယ် ဩဂတ်စတာသိုပီခံတပ် စစ်စခန်းမှ အသက် ၂၁ နှစ် ရှိ စစ်သားကလေး လီဗက်နှင့် အသက် ၂၂နှစ်အရွယ် တက်စတာမင်တို့ သည် စစ်တပ်မှ ထွက်ပြေးခဲ့ကြသည်။ သူတို့နှင့်အတူ စစ်တပ်မှ ပိုင်ဆိုင်သော ခြောက်လုံးပြူးသေနတ်များ ကိုယ်စီပါသွားခဲ့ရာ ဤသေနတ်များဖြင့်ချိန်၍ သူတို့နှစ်ယောက်သည် အငှားကားတစ်စီးပေါ်သို့ တက်ကာ ဒရိုင်ဘာအား ချက်တာနူးဂါးမြို့ကလေးသို့ အမောင်းခိုင်းခဲ့ကြသည်။

လူငယ်စစ်ပြေးနှစ်ယောက်သည် ချက်တာနူးဂါးမြို့သို့ ရောက်သော အခါ တက္ကစီ မောင်းသမားထံမှ ငွေ ၂၃ ဒေါ်လာကို လုယူထားလိုက်ကြပြီး ထိုမှတစ်ဖန် အခြားအငှားကားတစ်စီးဖြင့် ဆွိုဝါးတားမြို့သို့ရောက်လာခဲ့ကြသည်။

စစ်တပ်မှ ထွက်ပြေးရာ၌ ရိုးရိုးတပ်ပြေးများ အဖြစ်သာ မဟုတ် တော့ဘဲ လုယက်မှု၊ မော်တော်ကားခိုးမှု စသည်များပါ ဖြစ်ပွားလာသော အခါ ဤအမှုသည် အက်ဖ်ဘီအိုင် လက်သို့ ရောက်လာခဲ့ရသည်။

မကြာမီ အက်ဖ်ဘီအိုင် ဌာနချုပ်မှ ပေးပို့လိုက်သော တပ်ပြေး နှစ်ယောက်၏ ဓာတ်ပုံများနှင့် သူတို့၏ ရုပ်လက္ခဏာများ၊ နောက်ကြောင်း ကိုယ်ရေးရာဇဝင်များ ပါဝင်သောအကြောင်းကြားစာများသည် ဗာဂျီးနီးယားနှင့် ပင်ဆစ်လ်ဗေးနီးယား ပြည်နယ်ဌာနခွဲများသို့ အနှံ့အပြား ရောက်ရှိလာခဲ့ကြ သည်။ ဤအထဲတွင် ဗာဂျီးနီးယားပြည်နယ် အဘင်ဒန်မြို့မှ အက်ဖ်ဘီအိုင် ဌာနခွဲသို့လည်း အဆိုပါ တပ်ပြေးနှစ်ယောက်နှင့်ပတ်သက်သည့် သတင်းများ ရောက်ရှိလာခဲ့သည်။ ထို့အပြင် အဘင်ဒန်မြို့မှ စုံထောက်များသည် ဤမြို့ ကလေး၌တပ်ပြေးတစ်ဦးဖြစ်သူတက်စတာမင်၏ "မိန်းကလေး မိတ်ဆွေ" တစ် ယောက်ရှိသည်ဟူ၍ သတင်းရရှိထားကြသဖြင့်အထူးဂရုစိုက်နေခဲ့ကြရသည်။

တပ်ပြေးနှစ်ယောက် စစ်တပ်မှ ထွက်ပြေးခဲ့ကြပြီးနောက်၊ နှစ်ပတ် သုံးဆယ်ခန့်အကြာ ၁၉၄၂ ခု၊ မတ်လ ၁၃ ရက်နေ့ နံနက်ခင်းတွင် အဘင် ဒန်မြို့မှ စုံထောက်အရာရှိထရေစီသည်၊ အခြားစုံထောက်တစ်ယောက်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ဤမြို့ကလေးမှ ဝေါလမ်းမကြီးပေါ်တွင်ရှိသော လက်ဖက်ရည်ဆိုင် တစ်ဆိုင်ထဲသို့ အမှတ်မထင် ဝင်လာကြသည်။ ဤဆိုင်ကလေးထဲတွင် ဒေါင့်တစ်ဒေါင့်မှ စားပွဲတစ်ခုခွဲ ထိုင်နေသော လူငယ်နှစ်ယောက်ကို မြင်လိုက်ရသောအခါ စုံထောက်များသည် တပ်ပြေးနှစ်ယောက်နှင့် ရုပ်ခြင်း ခပ်ဆင်ဆင်ရှိသဖြင့် ထိုလူငယ်များရှိရာသို့ လျှောက်လာခဲ့ကြပြီး ၎င်းတို့၏အမည်၊ နေရပ်လိပ်စာနှင့် အလုပ်အကိုင်ကို စစ်ဆေးမေးမြန်းကြည့်ကြသည်။

စုံထောက်နှစ်ယောက်နှင့် လက်ဖက်ရည်ဆိုင်ထဲမှ လူငယ်နှစ်ယောက်တို့ အပြန်အလှန် အမေးအဖြေလုပ်နေကြစဉ် လူငယ်နှစ်ယောက်အနက်မှ တပ်ပြေးတစ်ဦးဖြစ်သော လိုဗက်သည် ရုတ်တရက် မမျှော်လင့်ဘဲ ဘောင်းဘီအိတ်ထဲမှ ပွိုင့် ၄၅ ခြောက်လုံးပြူးကို ဆွဲထုတ်၍ စုံထောက်များအား လေးငါးချက် ပစ်ချလိုက်သည်။ ဤတွင် စုံထောက် ထရေစီမှာ ဦးနှောက်ပွင့်၍ နေရာတွင် လဲကျသွားပြီး အခြားစုံထောက်တစ်ဦးမှာလည်း ရင်ဘတ်နှင့် လက်မောင်းတွင် အပြင်းအထန် ဒဏ်ရာရသွားခဲ့သည်။ အဖြစ်အပျက်မှာ လျင်မြန်လှ၍ ဆိုင်ထဲရှိ လူများအဖို့ ရုတ်တရက် ကြက်သေ သေနေမိကြစဉ် တပ်ပြေးနှစ်ယောက်သည် ဆိုင်ထဲမှ လစ်ခနဲ ထွက်ပြေးသွားကြတော့သည်။

ရင်ဘတ်နှင့် လက်မောင်းတွင် ဒဏ်ရာရသွားခဲ့သော စုံထောက်သည် ဒဏ်ရာများမှ သွေးများ မြင်မကောင်းအောင် စီးကျနေရင်းက သတိမလွတ်ဘဲ ဆိုင်အပြင်ဘက်လမ်းမပေါ်အထိ တပ်ပြေးများနောက်သို့ ထွက်လိုက်သေးသည်။ သို့သော် ဒဏ်ရာအရှိန်ကြောင့် ဆက်မလိုက်နိုင်တော့ဘဲ လမ်းပေါ်မှာပင် ခွေလဲကျသွားခဲ့ရှာသည်။

တခဏခြင်းမှာပင် စုံထောက်များနှင့် ရဲသားများ ရောက်လာကြပြီး ဒဏ်ရာများဖြင့် လဲကျသည့် စုံထောက်များအား ဆေးရုံသို့ ပို့လိုက်ကြရာ စုံထောက် ထရေစီမှာ လုံးဝမျှော်လင့်ချက် မရှိတော့ဘဲ ဆေးရုံရောက်လျှင်





ရောက်ခြင်း အသက်ပျောက်သွားခဲ့၍ အခြားစုံထောက်တစ်ယောက်မှာမူ ဆရာဝန်များ၏ ကြိုးစားမှုဖြင့် သေကံမရောက် သက်မပျောက်ဘဲ ဖြစ်ခဲ့ရသည်။

တပ်ပြေးနှစ်ယောက်သည် အဆိုပါ လက်ဖက်ရည်ဆိုင်ကလေးထဲမှ ထွက်ပြေးကြရာ နောက်မှ လူအုပ်နှင့်အတူ စုံထောက်များနှင့် ရဲများ ထပ်ချပ်မကွာ လိုက်လာကြသဖြင့် နီးရာလမ်းဘေးအိမ်ခန်းတစ်ခုသို့ ဝင်ပြေးကြသည်။ သူတို့နှစ်ယောက်သည် ထိုအိမ်ခန်းကလေးထဲမှနေ၍ လက်နက်မချဘဲ ခုခံပစ်ခတ်နေကြရာ စုံထောက်များနှင့် ရဲများကလည်း ပြန်လည်ပစ်ခတ်ကြသဖြင့် ထိုနေရာတစ်ဝိုက်မှာ တကယ့် တိုက်ပွဲကလေး တစ်ပွဲပမာ ဖြစ်ခဲ့ရသည်။ နောက်ဆုံး၌ စုံထောက်များနှင့် ရဲများသည် မျက်ရည်ယိုဗုံးများကို အိမ်ခန်းကလေးထဲသို့ ပစ်သွင်း၍ မီးခိုးလုံးများအကြားတွင် တပ်ပြေးနှစ်ယောက်အား အစောင်းဝင်ဖမ်းခဲ့ကြရသည်။

ထို့နောက် တရားခံ လူသတ်သမားတပ်ပြေးနှစ်ယောက်အား လူသတ်မှုဖြင့် ရုံးတင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြပြီး ပြစ်မှုထင်ရှားသဖြင့် နှစ်ယောက်စလုံး ထောင်ဒဏ်တစ်သက် အပြစ်ပေးခြင်း ခံခဲ့ကြရသည်။

×××××

"လူဆိုးလူမိုက် တစ်ယောက်သည် သူသွားရာလမ်းအတိုင်း သေမင်းရှိရာသို့ သွားရ၏။ သို့သော် သူသည် သူနှင့်အတူ လူတော်လူကောင်း တစ်ယောက်ကိုပါ "အခစ်" ခေါ်သွားခဲ့ပေပြီ"

တစ်ခါက အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေ မေရီလင်းပြည်နယ် ဘာလ်တီးမိုးမြို့တော်မှ သတင်းစာကြီးတစ်စောင်က အောက်ပါအတိုင်း "သတင်းနှင့် မှတ်ချက်" တစ်ခုကို ရေးသားဖော်ပြခဲ့ဖူးသည်။ ယင်းမှတ်ချက်၏ ရည်ညွှန်းရာဖြစ်သော ပုဂ္ဂိုလ်များကို အတိအကျ [illegible] မှု၊ သူသွားရာလမ်းအတိုင်း သေမင်းရှိရာသို့ သွားခဲ့ရသူ လူဆိုးလူမိုက်တစ်ယောက်မှာ ဗွန်ဆင်ဆိုသူပင် ဖြစ်၍ သူက သေရွာသို့ "အခစ်" ခေါ်သွား

www.burmeseclassic.com



သည့် လူဖော်လူ့ကောင်းတစ်ယောက်မှာ အက်ဖ်ဘီအိုင်စုံထောက် ဂျွန်မာ ဗီဆိုသူပင် ဖြစ်သည်။

လူ့ဆိုး လူမိုက် ဂျွန်ဆင်၏ "ဒုစရိုက်ကိုယ်ရေးရာဇဝင်"မှာ ၁၉၃၅ ခုနှစ်တပင် စတင်ခဲ့သည်။ ထိုစဉ်က သူသည် တောင်ပိုင်း ဒါကိုတာပြည် နယ်တွင် ခိုးမှုတစ်ခုကို ကျူးလွန်ခဲ့ရာမှ အပြစ်ပေးခြင်းခံခဲ့ရသည်။ သို့သော် အာမခံဖြင့် ထောင်မှ လွတ်လာခဲ့ပြီး ထို့နောက်တွင်မူ နှစ်ပေါင်း ၃၀ကျော်မျှ ကာလပတ်လုံး ဂျွန်ဆင်သည် မိုက်လက်စမဆုံးဘဲ မိုက်လုံးကြီးနေခဲ့သဖြင့် ဖောက်ထွင်းမှု လုယက်မှု ထောင်ဖောက်ပြေးမှု စသည့် အမှုပေါင်း ဆောင်းခြောက်ထောင်ဖြင့် "အုတ်နံ့ရုံလေးဘက်"အတွင်းသို့ မကြာခဏ အလည်ရောက်ခဲ့သည်။

သို့ဖြင့် ၁၉၅၃ ခု၊ မတ်လတွင် သူသည် ထောင်မှ လွတ်လာခဲ့ပြီး ခြေချုပ်၊ ခံဝန်ချုပ်များဖြင့် နေခဲ့ရသည်။ နောက် ၅လမျှ ကြာသောအခါ တစ်နေ့တွင် ဂျွန်ဆင်သည် ကာလီဖိုးနီးယားမြို့ ဟန်တင်တန်ပန်းခြံ အနီးတွင် အပေါင်းအသင်းတစ်ယောက်အား လည်ပင်းကိုညှစ်သတ်ပြီး ထိုလူ၏ကားကို မောင်း၍ ထွက်ပြေးခဲ့သည်။ ဂျွန်ဆင်လုပြေးသော မော်တော်ကားမှာ အနီရောင်ဖြစ်၍ မီသားစုခရီးထွက်ရာ၌ အသုံးပြုလေ့ရှိသည့် "အိမ်ထောင်သည်ကား"မျိုးဖြစ်ရာ အက်ဖ်ဘီအိုင်အဖွဲ့ကြီးသည် ဤအချက်ကို လက်အောက်ခံ ဌာနခွဲများအားလုံးသို့ သတင်းပို့ထားခဲ့သည်။

ဂျွန်ဆင်သည် ကာလီဖိုးနီးယားမှ အရှေ့ဘက်အရပ်သို့ ထွက်ပြေးခဲ့သည်။ သို့ဖြင့် စက်တင်ဘာလထဲတွင် သူသည် ဖလော်ရစ်ဒါ ပြည်နယ်သို့ ရောက်လာခဲ့ရာ သူ့ကိုဖမ်းရန် စောင့်နေကြသည့် စုံထောက်များနှင့် သီသီကလေးလွဲကာ ထိုနယ်မှ တစ်ဖန် ထွက်ပြေးခဲ့ပြန်သည်။ ထို့နောက် သူသည် အရှေ့ဖက်ကမ်းခြေမှ မေရီလင်းပြည်နယ်ထဲသို့ ရောက်လာခဲ့သည်။

၁၉၅၃ ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် လော့စ်အိန်ဂျလီးစ်





မြို့ အက်ဖ်ဘီအိုင် ဌာနခွဲသို့ တယ်လီဖုန်းသတင်းတစ်ခု မမျှော်လင့်သည့် ပုဂ္ဂိုလ်တစ်ဦးထံမှ ရရှိခဲ့ကြသည်။ လော့အိန်းဂျလီးစ်မြို့ အက်ဖ်ဘီအိုင်ဌာနခွဲတစ်ခုသို့ တယ်လီဖုန်းဖြင့် သတင်းပေးသူမှာ ဤမြို့မှ သတင်းစာအယ်ဒီတာတစ်ဦး ဖြစ်သည်။

ထိုအယ်ဒီတာ၏ ပြောပြချက်အရ သူသည် ဝရမ်းပြေးတရားခံ ဂျွန်ဆင်အား ၁၉၅၃ ခုနှစ်က အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုပေးရာမှ စတင်သိကျွမ်းခဲ့ရကြောင်း၊ ယခု ဂျွန်ဆင်သည် ဝရမ်းပြေးနေရာမှ သူ့အမှုကို ကာလီဖိုးနီးယား ရဲအဖွဲ့က မည်သည့်ပုဒ်မများတပ်ထားသည်ကို စုံစမ်းပေးရန် မိမိထံ ဘာလ်တီမိုးမြို့မှ လှမ်း၍ တယ်လီဖုန်းဖြင့် မေးနေကြောင်း၊ မိမိအား ဂျွန်ဆင်က ထိုသို့ တယ်လီဖုန်းဆက်၍ စုံစမ်းသည့် အချိန်မှာ ယခု ညနေ ၂ နာရီ မိနစ် ၃၀(ကာလီဖိုးနီးယားစံတော်ချိန်)ဖြစ်၍ နောက်တစ်နာရီခန့်ကြာလျှင် မိမိထံ ဘာလ်တီမိုးမြို့မှ တယ်လီဖုန်းဆက်ဆပ်မည်ဟု ပြောကြားခဲ့ကြောင်း စသည်ဖြင့် အယ်ဒီတာက သတင်းပေးခဲ့သည်။

ဤတွင် အမေရိကန်ပြည်ထောင်စုကြီး၏ ခေတ်မီကောင်းမွန်လှသော ဆက်သွယ်ရေးစနစ်ကို အခြေခံ၍ လော့အိန်ဂျလီးစ်မြို့မှ အက်ဖ်ဘီအိုင်တာဝန်ခံများသည် မိုင်ပေါင်း ၂၀၀၀ ကျော်ဝေးသည့် ဘာလ်တီမိုးမြို့မှ ဝါးရမ်းပြေးတရားခံ ဂျွန်ဆင်အား ယခုချက်ချင်း နာရီပိုင်းအတွင်း လက်ရဖမ်းဆီးရန် စိုင်းပြင်းကြတော့သည်။

ချက်ခြင်းပင် လော့စ်အိန်ဂျလီးစ်မြို့မှ အက်ဖ်ဘီအိုင် ဌာနခွဲသည် ဘာလ်တီမိုးမြို့ အက်ဖ်ဘီအိုင် ဌာနခွဲသို့ တယ်လီဖုန်းဖြင့် ဤသတင်းကို အကြောင်းကြားလိုက်ရာ ဘာလ်တီမိုးမှ စုံထောက်များသည် ရေဒီယိုပါ ယာလက်ကားဖြင့် တစ်မြို့လုံးရှိ အချက်အခြာနေရာများသို့ သွားရောက်၍ "အသင့်"စောင့်ဆိုင်းနေကြသည်။ ထို့နောက် ညနေ ၃နာရီ ၅၅ မိနစ်တွင် ဝရမ်းပြေး ဂျွန်ဆင်သည် ဘာလ်တီမိုးမြို့မှ နေ၍ လော့စ်အိန်ဂျလီးစ်မြို့



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာအယ်ဒီတာထံ နောက်တစ်ကြိမ် တယ်လီဖုန်းဆက်လိုက်ရာ အယ်ဒီတာက လော့စ်အိန်ဂျယ်လီးစ်မြို့ အက်ဖ်ဘီအိုင်ဌာနခွဲသို့ ချက်ခြင်း အကြောင်းကြားလိုက်ပြန်သည်။ တစ်ဖန် ဤသတင်းသည် ဘာလ်တီးမိုးမြို့မှ စုံထောက်များထံ မိနစ်ပိုင်းအတွင်း ရောက်ရှိသွားခဲ့ပြီး မြို့တွင်းရှိ နေရာအနှံ့အပြားမှ ဝိုင်ယာလက်ကားများဖြင့် စောင့်နေကြသော စုံထောက်များသည် တယ်လီဖုန်းဆက်သွယ်ရေးဌာန၏ အကူအညီဖြင့် ဂျွန်ဆင်ရှိရာကို လိုက်၍ ရှာကြသည်။ ဤတွင် ဂျွန်ဆင်သည် မြို့အောက်ပိုင်းတစ်နေရာရှိ ရုပ်ရှင်ရုံတစ်ရုံမှ အများသုံးတယ်လီဖုန်းဖြင့် ပြောကြားနေခြင်းဖြစ်ကြောင်း တပ်အပ်သိကြရသည်။

ဘာလ်တီမိုးမှ စုံထောက်အရာရှိ မာဗီနှင့် အခြားစုံထောက်တစ်ယောက်တို့သည် အဆိုပါ ရုပ်ရှင်ရုံသို့ အပြေးအလွှား ရောက်သွားကြသော အခါ ဝရမ်းပြေးတရားခံသည် ရုပ်ရှင်ရုံမှ တယ်လီဖုန်းဖြင့် လော့စ်အိန်ဂျယ်လီးစ်မြို့သို့ စကားပြောနေဆဲပင် ရှိသေးသည်ကို တွေ့ကြရသည်။

တယ်လီဖုန်းရုံကလေးထဲမှ ဂျွန်ဆင်ကို မြင်လိုက်လျှင် မြင်လိုက်ခြင်း စုံထောက်မာဗီသည် ချက်ခြင်းမှတ်မိလိုက်သည်။ အလားတူပင် ဂျွန်ဆင်ကလည်း မာဗီတို့ကို မြင်လျှင်မြင်ခြင်း သည်တစ်ချီတော့ မိမိမှာ ထောင်ချောက်ထဲ ကျနေပြီဟူ၍ ရိပ်စားမိလိုက်သည်။ ဤသို့ "မြွေမြွေချင်း ခြေမြင်"လိုက်ကြရာမှ ရုတ်တရက် စက္ကန့်ပိုင်းအတွင်းမှာပင် ဂျွန်ဆင်သည် မိမိရှိရာသို့ အပြေးအလွှား ချဉ်းကပ်လာကြသော စုံထောက်များအား တယ်လီဖုန်းရုံထဲမှနေ၍ သေနတ်ဖြင့် နှစ်ချက်ဆင့်ပစ်လိုက်သည်။ ဂျွန်ဆင်၏ သေနတ်ကျည်ဆံတစ်တောင့်သည် စုံထောက်မာဗီ၏ ဗိုက်ထဲသို့ တန်းဝင်သွား၍ အခြားကျည်ဆံတစ်တောင့်မှာ အခြား စုံထောက်တစ်ယောက်၏ ခါးကို ဖြတ်သွားပြီး နှစ်ယောက်စလုံး လဲကျသွားသည်။

သို့သော် မာဗီနှင့် သူ့"ရဲဘော်"သည် လဲရာမှ ပြန်၍ အားယူကာ





တယ်လီဖုန်းရုံထဲမှ ဂျွန်ဆင်ကို လှမ်းပစ်မိအောင် ပစ်လိုက်ကြသည်။ တစ်ချိန်တည်းမှာပင် သူတို့နှစ်ယောက်၏ နောက်မှ ကပ်ပါလာကြသော စုံထောက်နှစ်ယောက်ကလည်း ဂျွန်ဆင်ကို ဝိုင်း၍ပစ်ကြရာ စုံထောက် ၄ ယောက်၏ ကျည်ဆံများနှင့် ယမ်းငွေ့များအကြား တယ်လီဖုန်းရုံထဲတွင် ဗွမ်းပုံ၍ ကျသွားသော ဂျွန်ဆင်ကို လှမ်းမြင်လိုက်ကြရသည်။

ထို့နောက် ဒဏ်ရာရသွားသော စုံထောက်မာဗီနှင့် အခြားတစ်ယောက်ကို ပွေ့၍ ဆေးရုံသို့ အလျှင်အမြန် ခေါ်သွားကြသည်။ ဆေးရုံတွင် ဆရာဝန်များက အရေးတကြီးဖြင့် ဒဏ်ရာများကို ခွဲစိပ်ကုသကြရာ အခြား စုံထောက်တစ်ယောက်၏ အသက်ကို ကယ်တင်လိုက်နိုင်ကြသော်လည်း စုံထောက်မာဗီမှာမူ နောက်တစ်နေ့ စက်တင်ဘာလ ၂၆ရက် နံနက် ၄ နာရီအချိန်တွင် ဇနီးသည်နှင့် သားသမီးသုံးယောက်ကို ပစ်၍ ထွက်ဘဝသို့ စွန့်ခွာသွားခဲ့ရှာသည်။

×××××

ဝါရှင်တန်မြို့တော် အက်ဖ်ဘီအိုင် ဌာနချုပ်၏ တစ်ခုသော ခန်းမဆောင်ကြီးအတွင်း၌ အရောင်တဖိတ်ဖိတ်တောက်နေသည့် ကြေးပြားကြီးဖြင့် ကမ္ဗည်းထိုးထားသည့် ကျဆုံးလေပြီးသော အက်ဖ်ဘီအိုင်စုံထောက်"အာဇာနည် ၁၉ဦး"၏ အမည်များအနက် အောက်ဆုံးမှာ သူယောက်မြောက် "အာဇာနည်"၏ အမည်မှာ ရစ်ချတ်ယော်ရန်ပင် ဖြစ်သည်။

အထူးစုံထောက်အရာရှိ ယော်ရန်မှာ ဝရမ်းပြေး လူသတ်သမား တစ်ဦး၏ ခြောင်းမြောင်းလုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးခဲ့ခြင်း ဖြစ်၍ သူ့အား ပစ်သတ်ခဲ့သည့် တရားခံမှာ ကိုလာကောင်းစကီးဆိုသူ ဖြစ်သည်။

ကိုလာကောင်းစကီးသည် ဆယ်ကျော်သက်အရွယ်ကတည်းက အကျင့်စာရိတ္တ ပျက်ပြား၍ ခိုးဆိုးလုယက်လာသူ ဖြစ်သည်။ ထောင်အကြိမ်ကြိမ်ကျ၍ အာမခံများ ကိုယ်တိုင်ခံဝန်ချုပ်များဖြင့် တရားဥပဒေ သူ့အား

www.burmeseclassic.com



တွင် သက်ညှာခဲ့သော်လည်း ဤသက်ညှာမှုများမှာ သူ့အတွက် အလဟဿ အချိန်နှီးဖြစ်ခဲ့ရသည်။ ၁၉၃၄ ခုနှစ်မှစ၍ နှစ်ပေါင်း ၂၀ကျော်မျှ ကာလပတ်လုံး ကိုလာကောင်းစကီးသည် ခိုးမှုများ၊ လုယက်မှုများ၊ ဖောက်ထွင်းမှုများနှင့် ဓားပြမှုများကို ကျူးလွန်ရင်းဖြင့် သူ၏ "ဒုစရိုက်လမ်းစဉ်" အတိုင်း အဆက်မပြတ် "ချီတက်" လာခဲ့သည်။

၁၉၅၆ ခုနှစ် ဒီဇင်ဘာလတွင် သူသည် ကွန်နက်တီကပ်ပြည်နယ်တွင် အရွယ်မရောက်သေးသည့် လူမမယ်ကလေးတစ်ယောက်အား အဓမ္မပြုကျင့်မှုဖြင့် ဖမ်းဆီးအရေးယူခြင်း ခံခဲ့ရသည်။ အမှုတွင် ရုံးတော်က သူ့အား ဒေါ်လာ ၁၀,၀၀၀တန် အာမခံဖြင့် အချုပ်မှ လွှတ်ပေးခဲ့ရာ မကြာမီပင် သူသည် သူ့ဇနီးဖြစ်သူကို သတ်၍ ထွက်ပြေးတိမ်းရှောင်နေခဲ့သည်။ ဤအတောအတွင်း ဆပ်ဖီးလ်မြို့ အစိုးရအမှုထမ်းများ၏ လစာငွေ ၆၆,၅၇၃ ဒေါ်လာ ပါသွားသည့် ဓားပြမှုကြီး၌ ကိုလာကောင်းစကီး ပါဝင်နေကြောင်း ရဲများက သတင်းအတိအကျ ရခဲ့ကြသည်။ ဤသည်နှင့်တဆက်တည်း ကိုလာကောင်းစကီးသည် ဆပ်ဖီးလ်မြို့ အပြင်ဘက် ခပ်လှမ်းလှမ်းတစ်နေရာရှိ ဆေးခင်းတစ်ခုအတွင်း၌ အိမ်ကလေးတွင် ခေတ္တပုန်းအောင်းနေကြောင်း တစ်စုံတစ်ယောက်က အမိုင်အမာ သတင်းလာပေးခဲ့သည်။ ဤသတင်းများအရ အက်ဖ်ဘီအိုင် စုံထောက်များသည် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ထိုနေရာသို့ အပြေးအလွှား လာခဲ့ကြသည်။

အဆိုပါ ဆေးခင်းရှိရာသို့ ရောက်သောအခါ ဆေးခင်းထဲမှ အိမ်ကလေးမှာ လူတစ်ဦးတစ်ယောက်မှ ရှိပုံမရဘဲ တံခါးများနှင့် ပြူတင်းပေါက်များအားလုံးပိတ်၍ တိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့ကြရသည်။ တာဝန်ခံ အထူးစုံထောက်အရာရှိဖြစ်သော ရစ်ချတ်ဟော်ရန်သည် အိမ်ထဲ၌ တစ်စုံတစ်ယောက် ရှိ၊မရှိ အပြင်မှ အော်၍ မေးကြည့်သည်။ သို့သော် အထဲမှ ဘာသံမျှ မကြားရသဖြင့် သူနှင့်အတူပါလာသည့် စုံထောက်များ





အား နောက်ဖေးတံခါးကို ကိုယ်လုံးဖြင့် ဆောင့်၍ ဖွင့်နိုင်ပြီး အိမ်ထဲသို့ ဝင်ကြည့်ကြသည်။

ပြူတင်းပေါက်များနှင့် အိမ်ရှေ့တံခါးများအားလုံး ပိတ်ထားသဖြင့် အိမ်ထဲတွင် မှောင်နှင့်မည်းမည်း ဖြစ်နေသည်။ စုံထောက် ဟော်ရန်သည် အခြားစုံထောက်များအား အောက်ထပ်တွင် ရှာဖွေရန် ညွှန်ကြားလိုက်ပြီးနောက် သူကိုယ်တိုင်ကမူ မှောင်ထဲတွင် တွေ့ရသည့် လှေကားဖြင့် အပေါ်သို့ သတိထား၍ တက်လာခဲ့သည်။ သို့သော် လှေကားသုံးလေးထစ်အရောက်တွင် အပေါ်ထပ်မှောင်ထဲမှ အသင့်စောင့်နေသည့် ကိုလာကောင်းစကီး၏ ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်ပြောင်းဝမှ မီးပွင့်များနှင့်အတူ ကျည်ဆံများသည် စုံထောက်ဟော်ရန်၏ အဆုတ်ထဲသို့ စူးပြူဝင်ရောက်သွားကြ၍ လှေကားပေါ်မှ ဒလိမ့်ကောက်ကွေး ကျသွားခဲ့ရသည်။ လှေတား အောက်သို့ ရောက်သည့်အချိန်တွင် စုံထောက်ဟော်ရန်မှာ အသက်ပျောက်နေပြီဖြစ်သည်။

အိမ်ပေါ်ထပ်တွင် ပြေးပေါက်မရှိတော့ဘဲ ပိတ်မိနေသည့် လူသတ်သမား ကိုလာကောင်းစကီးသည် ခဏအကြာတွင် သူ့ကိုယ်သူ နား ထင်ကို ခြောက်လုံးပြူးပြောင်းဝဖြင့်တေ့ကာ ခလုပ်ဖြုတ်ပစ်လိုက်ခြင်းဖြင့် သူ့ဘဝကိုသူ ဇာတ်သိမ်းသွားခဲ့သည်။

ဤသို့ဖြင့် စုံထောက် ရစ်ချက်ဟော်ရန်သည် တရားဥပဒေစိုးမိုးရေး တိုက်ပွဲတွင် ကျဆုံးခဲ့ရသော ၁၉ ယောက်မြောက် အက်ဖ်ဘီအိုင် အာဏာနည်စာရင်းဝင်တစ်ယောက် ဖြစ်လာခဲ့သည်။

အက်ဖ်ဘီအိုင် အာဏာနည် ၁၉ဦးအနက် အထက်ဖော်ပြပါ အာဏာနည် ၁၄ ဦးတို့မှာ လူသတ်သမားများ၏ လက်ချက်ဖြင့် ကျဆုံးရခြင်းဖြစ်၍ ကျန်အာဏာနည် ၅ဦးမှာ တာဝန်ထမ်းဆောင်နေစဉ် မတော်တဆ ဖြစ်ပွားမှုများကြောင့် ကျဆုံးခဲ့ကြရခြင်း ဖြစ်သည်။ ယင်းတို့အနက်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သုံးဦးမှာ လေယာဉ်ပျက်ကျ၍ သေဆုံးခဲ့ရပြီး တစ်ဦးမှာ မော်တော်ကား မှောက်၍လည်းကောင်း၊ ကျန်တစ်ဦးမှာ လူဆိုးများနှင့် ပစ်ခတ်ရင်း မိမိတို့ စုံထောက်အချင်းချင်း "မှား"ပစ်မိသဖြင့်လည်းကောင်း အသက်ဆုံးရှုံးခဲ့ကြခြင်း ဖြစ်သည်။

ဤ အက်ဖ်ဘီအိုင် အာဇာနည် ၁၉ဦးတို့၏ စာရင်းမှာ ၁၉၆၅ ခုနှစ်အထိ မှတ်တမ်းတင်ခြင်း ခံရသည့် စာရင်းပင် ဖြစ်သည်။

စင်စစ်အားဖြင့် အမေရိကန် ပြည်ထောင်စုကြီးတွင် ဖောက်ပြန်နေသော လူနေမှုစနစ်ကြီး ဆက်လက်တွန်းကားနေသမျှ ဆိုးဝါးကြပ်တည်းလှသည့် စီးပွားရေး အခြေအနေများ ဆက်လက်ပေါ်ပေါက်နေသမျှ လက်နက်အားကိုးဖြင့် အမွေလွှမ်းမိုးလိုသည့် ဝါဒကြီး ဆက်လက်တည်မြဲနေသမျှ ကာလပတ်လုံး ရာဇဝတ်မှုကြီးများသည် ဆထက်ထမ်းပိုး တိုးတက်ဖြစ်ပွားနေဦးမည်ပင် ဖြစ်သည်။ တစ်ဖန် ယင်းသို့ ရာဇဝတ်မှုကြီးများ မရေမတွက်နိုင်လောက်အောင် ဆထက်ထမ်းပိုး တိုးတက်ဖြစ်ပွားနေသမျှ ကာလပတ်လုံး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ အုပ်စိုးရေးအတွက် တာဝန်ထမ်းရွက်နေကြရသော အက်ဖ်ဘီအိုင် "အာဇာနည်များ"၏ စာရင်းသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွား များပြားလာနေဦးမည်သာတည်း…။

×××××

သုခမစာပေတိုက်

www.burmeseclassic.com